URG

UNITED RIGHTS GROUP

# ကုထုံးမဲ့လူ့အခွင့်အရေးအနာများ ?

# Unhealed Wounds

Humanity Institute

Sha-it Social Development Foundation

SHINGNIP

KWAT

November 2015

# မာတိကာ

**အစီရင်ခံစာအနှစ်ချုပ်** **စာမျက်နှာ**

**ကချင်ပြည်နယ်ရှိမြို့နယ်များ၏လူ့အခွင့်အရေးချိုးဖောက်ခံရမှုအခြေအနေ**


| | |
|---|---|
| ချီဖွေမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၄ |
| ဖားကန့်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၆ |
| မံစီမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၈ |
| မိုးကောင်းမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၅၇ |
| မြစ်ကြီးနားမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၆၇ |
| မိုးမောက်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၈၀ |
| ဝိုင်းမော်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၉၉ |
| ပူတာအိုမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၂၂ |
| ဆော့လော်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၂၅ |


**ရှမ်းပြည်နယ်မြောက်ပိုင်းရှိမြို့နယ်များ၏လူ့အခွင့်အရေးချိုးဖောက်ခံရမှုအခြေအနေ**


| | |
|---|---|
| ကွတ်ခိုင်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၂၈ |
| လားရှိုးမြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၄၃ |
| မန်တုန်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၄၇ |
| မူဆယ်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၅၁ |
| ကွတ်ခိုင်မြို့နယ် လူ့အခွင့်အရေးချိုးဖောက်ခံရမှု အခြေအနေ | - ၁၅၇ |
| ၁၉၀၈ ခုနှစ်၊ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁) နှင့်ဖမ်းဆီးထိန်းသိမ်းခံရသူများ | - ၁၅၉ |




# အစီရင်ခံစာအနှစ်ချုပ်

ယခု အစီရင်ခံစာသည် ၂၀၁၁ ခုနှစ် - ၂၀၁၅ ခုနှစ်အတွင်း မြန်မာ့တပ်မတော်နှင့် တိုင်းရင်းသား လက်နက်ကိုင်အဖွဲ့များအကြား ဖြစ်ပွားခဲ့သော ပဋိပက္ခများကြောင့် လူ့အခွင့်အရေး ဆုံးရှုံးမှုများကို ကချင်ပြည်နယ်အခြေစိုက် United Rights Group(URG) မှ မှတ်တမ်းပြုစုရေးသားထားခြင်း ဖြစ်ပါသည်။ ဤအစီရင်ခံစာသည် မြေယာသိမ်းဆည်းမှုကဲ့သို့သောလူ့အခွင့်အရေး ချိုးဖောက်မှုများ ပါဝင်မှု မရှိပါ။ ထို့အပြင် လူ့အခွင့်အရေးချိုးဖောက်မှုများကို သုံးသပ်တင်ပြထားခြင်းမဟုတ်ပဲ အမှုများအားစုပေါင်းဖော်ပြခြင်းသာဖြစ်ပါသည်။ နောက်ဆက်တွဲအဖြင့် လူ့အခွင့်အရေးချိုးဖောက်မှုများကို ကဏ္ဍအလိုက် သုံးသပ်တင်ပြခြင်းများကို သီးခြား ပြုလုပ်သွားမည် ဖြစ်ပါသည်။

United Rights Group (URG) သည် လူထုအခြေပြု လူမှုအဖွဲ့အစည်း (၄)ဖွဲ့ဖြစ်သော Humanity Institute(HI), Kachin Women Association in Thailand(KWAT), Sha-it Social Development Foundation(SSDF), Shingnip Kachin Legal Aid Network တို့ဖြင့် ဖွဲ့စည်းထား၍၊ လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဥပဒေရေးရာ ကုစားမှု ရရှိရန်ကူညီခြင်း၊ လူ့အခွင့်အရေး ကာကွယ်မြှင့်တင်ရန်အတွက် လူထုလှုပ်ရှားမှုများ ပြုလုပ်ခြင်းတို့ကို စဉ်ဆက်မပြတ် ဆောင်ရွက်နေသော အဖွဲ့ဖြစ်ပါသည်။

URG မှ တရားဥပဒေစိုးမိုးရေး၊ လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်မပေါ်ပေါက်ရန်နှင့် ထိရောက်သော လူ့အခွင့်အရေး ကာကွယ်မှုယန္တရားများ ပေါ်ပေါက်လာရန်၊ ချိုးဖောက်ခံရသူများ ကုစားမှု၊ တရားမျှတမှု၊ အမှန်တရားများရရှိရန် ရည်ရွယ်လျက် တင်ပြရခြင်း ဖြစ်ပါသည်။ ၂၀၁၅ခုနှစ် အထွေထွေ ရွေးကောက်ပွဲအလွန် အသစ်တက်လာမည့် အစိုးရလက်ထက် အဆိုပါလူ့အခွင့်အရေး ကိစ္စများကို ကိုင်တွယ်ဖြေရှင်းနိုင်ရန်နှင့် ငြိမ်းချမ်းရေး လုပ်ငန်းစဉ်များတွင် လူ့အခွင့်အရေး ချိုးဖောက်မှုများ ဆက်လက်မပေါ်ပေါက်ရန်နှင့် ထိရောက်သော ကုစားမှုများရရှိရန် ရည်ရွယ်၍ မှတ်တမ်းပြုစု ထုတ်ဝေရခြင်း ဖြစ်ပါသည်။

ဤအစီရင်ခံစာတွင် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်း၌ ဖြစ်ပွားခဲ့သော လူ့အခွင့်အရေး ချိုးဖောက်မှုပေါင်း (၁၅၃)ခုကို မှတ်တမ်းတင် ပြုစုထားပါသည်။ URG အဖွဲ့ဝင်များ၊ တစ်ဖွဲ့ချင်းအလိုက် မှတ်တမ်းပြုစုထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ပေါင်းစည်းတင်ပြထားခြင်း ဖြစ်ပါသည်။ ယခုတင်ပြထားသော လူ့အခွင့်အရေး ချိုးဖောက်မှုများသည် ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ်မြောက်ပိုင်းတွင် ဖြစ်ပွားခဲ့သော ချိုးဖောက်မှုအားလုံးကို တင်ပြထားခြင်း မဟုတ်ပဲ၊ URG အဖွဲ့ဝင်များမှ လက်လှမ်းမှီသမျှ ပြုစုရေးသားထားခြင်း ဖြစ်ပါသည်။

လူ့အခွင့်အရေး ချိုးဖောက်ခံရသောသူအချို့သည် သမ္မတ၏ လွတ်ငြိမ်းချမ်းသာခွင့်ဖြင့် လွတ်မြောက်လာသူများ၊ မတရားပြစ်ဒဏ် ချခံရပြီးနောက် လွတ်မြောက်လာသူများ၊ ယခုထိတိုင် ပြစ်ဒဏ်ချခံနေရသူများ ပါဝင်ပါသည်။ အချို့သောတပ်မတော်မှ ဖမ်းဆီးခံရသူများသည် နေအိမ်သို့ ရောက်ရှိလာခြင်းမရှိ၊ ပျောက်ဆုံးနေဆဲဖြစ်သည်။ ဖမ်းဆီးခံရသော သူအချို့၏ ရုပ်အလောင်းများကို ပြန်လည်တူးဖော်ရရှိသော အမှုများလည်း ယခုအစီရင်ခံစာတွင် တင်ပြထားပါသည်။ တပ်မတော်သားမှ ကျူးလွန်သော လိင်ပိုင်းဆိုင်ရာ အဓမ္မပြုကျင့်မှု အချို့တွင် တပ်မတော်မှ ကျူးလွန်သူများကို တရားဥပဒေနည်းကျ အရေးယူဆောင်ရွက်ခဲ့သော အမှုများလည်း ပါဝင်ပါသည်။ အချို့သော အမှုများမှာ ယခုထိတိုင် တရားရင်ဆိုင်နေရဆဲ ဖြစ်သည်။

တိုင်းရင်းသား လက်နက်ကိုင်အင်အားစုများမှ ကျူးလွန်သော လူ့အခွင့်အရေး ချိုးဖောက်မှုများကို ဤအစီရင်ခံစာတွင် ဖော်ပြထားခြင်းမရှိပါ။ သို့သော်လည်း URG မှ နိုင်ငံတကာ လူ့အခွင့်အရေး ဥပဒေများကို ချိုးဖောက်သော၊ လိုက်နာရန်ပျက်ကွက်သော လက်နက်ကိုင် အင်အားစုများကို ဆက်လက်တွန်းအားပေး တောင်းဆိုသွားမည် ဖြစ်ပါသည်။

တွေ့ရှိချက်များကို အခြေခံ၍ URG မှ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ နိုင်ငံတကာအစိုးရနှင့် နိုင်ငံတကာ အဖွဲ့အစည်းများသို့ အကြံပြုချက်များကိုလည်း တင်ပြထားပါသည်။

# ချီဖွေမြို့နယ်၊ကချင်ပြည်နယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပမ်းနှိပ်စက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၆နှစ်။ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ခဖန(နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ။ |
| ဇနီး/ ခင်ပွန်းအမည် | - ဒေါ်**** |
| ဇနီးအသက် | - ၃၀နှစ်။ |
| သားသမီး | - ကျား(၁) ၊မ(၂) |
| နေရပ်လိပ်စာ | - ****ရွာ၊ ချီဖွေမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁ရက် ဇွန်လ ၂၀၁၂ခုနှစ်။ သောကြာနေ့။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ရွာ၊ ချီဖွေမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ရွာလူကြီး ဦးဘွန်ယန် လုဖေး နှင့် BGF စစ်သားများ။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

### အမှုဖြစ်စဉ်

### ဖမ်းဆီးသွားခြင်း

"ဇွန်တစ်ရက်နေ့ (၂၀၁၂ခုနှစ်) သောကြာနေ့မှာ ကျွန်တော့်ကိုလာဖမ်းကြတယ်။ အဲဒီနေ့ မိုးလည်းရွာတယ်။ ကျွန်တော်တို့ ****ရွာနှင့် ****ရွာကအုပ်စုတစ်စုပဲ။ ကျေးရွာသစ်ဖြစ်တယ်။"

"အဖေတို့နဲ့ အတူတူနေနေချိန် ကျွန်တော်တို့ ရွာကလူတစ်ယောက်ကို လွှတ်ပြီးလာခေါ်ခိုင်းတယ်။ ပြည်သူ့စစ်တွေ နယ်ခြားစောင့်စစ်သားတွေ ကျွန်တော်တို့ရွာမှာ ရောက်နေကြပြီ။ ကျွန်တော့်ကို ဖမ်းသွားကြတယ်။ မဖမ်းခင် ကျွန်တော့်ကိုမေးတယ်။ 'ဦး****ခင်ဗျားကို ကေအိုင်အေတွေ သေနတ် ပေးထားတယ်။ အဲဒီသေနတ်ထုတ် ပေးပါ' တဲ့။ မင်းကိုတစ်ပွင့်ရာထူး ပေးထားတယ်လို့လည်း ပြောကြတယ်။"

"ကျွန်တော်ကတော့ ဘာမှမယူထားဘူး။ ကေအိုင်အေတွေလည်း ကျွန်တော့်ကိုဘာမှ လာမအပ်ထားဘူး။ ကေအိုင်အေနဲ့ အဆက်အသွယ် ဘာမှမလုပ်ဘူး။ ကျွန်တော်ကရွာက အသင်းသူ အသင်းသားရွာသားတွေ လိုအပ်တာရှိရင် ကူညီတာပဲရှိတယ် လို့ပြောပြတယ်။ ဒါပေမဲ့သူတို့ ကျွန်တော့်ကို ကြိုးချည်ပြီးဖမ်းတယ်။ ပါးတစ်ချက်အရင်ရိုက်ပြီးမှ ကြိုးချည်တယ်။ ဖမ်းသွားပြီး လမ်းမှာကျေးရွာ အုပ်ချုပ်ရေးမှူးနှင့် တွေ့တယ်။ လမ်းမှာတွေ့တော့ သူကျွန်တော့်ကိုသေနတ်နဲ့ ရိုက်နက်တယ်။"

### ဒုက္ခသည်စခန်းမှာနေထိုင်စဉ်ကအဖြစ်

"ဇူလိုင်လ သုံးဆယ့်တစ်ရက်နေ့ (၂၀၁၂ခုနှစ်) တနင်္ဂနွေနေ့ ညနေပိုင်း လေးနာရီမှာတပ်ရင်းမှူး နှစ်ယောက် အချုပ်ကနေ ခေါ်ထုတ်သွားတယ်။ ဒီလိုပြောတယ်။ 'ဦး****ခင်ဗျားအကြောင်းကို ရွာသားတွေက သတင်းအများ လာပေးလို့ ကျွန်တော်တို့ နှစ်ယောက် လုပ်မိတာ။ ကျွန်တော်တို့နှစ်ယောက်ကို ခွင့်လွှတ်



ပေးပါ'တဲ့။"

"အဲသလိုပြောပြီး အခုညကနေစပြီး ရွာသားတွေနေတဲ့ (တပ်မှဖွင့်ထားသည့်ဒုက္ခသည်စခန်း) မှာသွားနေပါ။ အဲဒီ မှာဆုတောင်းပြီး နေနေကြပါလို့ပြောပြီး လွှတ်လိုက်တယ်။"

"အဲဒီစခန်းမှာ ကျွန်တော်တို့ (****) ရွာနှင့် ****ရွာကလူတွေ နေကြတယ်။ ကျွန်တော့်ကို အဲဒီမှာသွားနေခိုင်းတယ်။ အောက်တိုဘာလ (၂၀၁၂ခုနှစ်) အထိနေခဲ့တယ်။ ဒုက္ခသည်စခန်းမှာ နေတော့လည်း အုပ်ချုပ်ရေးမှူး ကပြန်နှိပ်စက်တယ်။ နှစ်ရက်တစ်ခါ လေးရက်တစ်ခါ လာလာပြီးရိုက်တယ်။ ခြိမ်းခြောက်တယ်။ သေနတ်တွေနဲ့ ရိုက်တယ်။"

"ဘယ်ကိုမှ သွားလို့မရဘူး။ အိမ်ပြင်ဘက် သုံးလံလောက် ကျော်ပြီးမှတောင် ထွက်ခွင့်မရှိဘူး။ အုပ်ချုပ်ရေးမှူးသူက ကျွန်တော်တို့ရွာက ယောကျ်ားသား ရှစ်ယောက်လောက်ကို ခေါင်းဆောင်ပြီး ဒုက္ခသည်စန်းကို စောင့်နေတယ်။"

"သစ်လုံးအစိမ်းနဲ့ လုပ်ထားတဲ့တုတ် အဲဒီတုတ်နဲ့ရိုက်ပြီး တစ်ညလုံးနှိပ်စက်ခံရတယ်။ အဲဒီညလည်းသေခါ နီးနီးပဲ။ နောက်မနက် အိပ်ယာထတော့ ရိုက်ခံရတဲ့နေရာတွေ အားလုံး ညိုမဲနေတယ်။ အိပ်ယာထဲမှာလှဲပြီး တစ်ညလုံး နာကျင်ကိုက်ခဲနေတယ်။"

"ပြီးတော့ကျွန်တော့်ကို ဆုမတောင်းခိုင်းဘူး။ ကျွန်တော် ဆုတောင်းနေတာတွေ့ရင် အုပ်ချုပ်ရေးမှူးကရိုက်တယ်။ သူရွာလည်ပြီး ညပြန်ရောက်လာတော့ ဒုက္ခသည်စခန်းက ရွာသားတွေ အာလုံးအိပ်နေပြီ။ သူဝင်လာချိန် ထလာတဲ့ လူတွေအာလုံးကိုရိုက်တယ်။ မင်းတို့ ငါ့ကို မလေးစားဘူးလား။ အဲသလိုပြောပြီး ခြိမ်းခြောက်တယ်။ ရိုက်တယ်။"

"အောက်တိုဘာလ နောက်ဆုံးပတ်မှာ ကျွန်တော် တစ်ညခွင့်တောင်းပြီး ကျွန်တော့် အိမ်ကိုပြန်တယ်။ ကျွန်တော့်ဇနီးကို ပြောပြတယ်။ ကျွန်တော့်ကို ဒုက္ခသည်စခန်းမှာ အကျယ်ချုပ် ပုံစံနဲ့ထားထားတယ်။ ငါလွှတ်လာဖို့ မင်းတို့ အိမ်ကလူတွေ သွားပြောမှရမယ်။ တပ်ရင်းမှူးကို သွားပြောပေးပါ။"

"ဘာဖြစ်လို့လည်းဆိုတော့ ညီလေးကိုလည်း ပြည်သူ့စစ်ခေါ်လုပ်ပြီ။ အဖေနဲ့အမေကလည်း အသက်ကြီးနေပြီ။ ညီလေးရဲ့ ဇနီးနဲ့သားသမီးတွေလည်း ခက်ခဲနေတယ်။ အဲသလို မင်းတို့ သွားတောင်းပန်မှ ရတော့မယ်လို့ ကျွန်တော့်ဇနီးကို ပြောပြတယ်။"

"အဲသလို ကျွန်တော့် ဇနီးလာတင်ပြပြီး ခွင့်တောင်းတော့ တပ်ရင်းမှူးကရတယ်။ အခုတော့ နေချင်တဲ့နေရာ နေလို့ရပြီလို့ ပြောပြီး လွှတ်လိုက်တယ်။ ကျွန်တော့် ဇနီးနဲ့အတူတူ အိမ်ပြန်သွားတယ်။"

### နှိပ်စက်ပုံ

"သူတို့ရဲ့ရွာအနီးမှာ ကားလမ်းတံတားတစ်ခု ရှိတယ်။ (အဲဒီတံတားကို KIA စစ်သားတွေ) မိုင်းလာခွဲ သွားတယ်။ အဲဒီမိုင်းခွဲသူဟာ ကျွန်တော်ဖြစ်တယ်လို့ စွပ်စွဲနေတယ်။ အဲဒီညနှိပ်စက်ကြတယ်။ ဗမာပိုလ်မှူးက ရင်ဘတ်မှာ ကန်ပေးတယ်။ မျက်နှာကို ကျွတ်ကျွတ်အိတ်နဲ့ အုပ်ထားပေးတယ်။ ဘာမှမမြင်ရတော့ဘူး။ အဲသလို ကြိုးချည် ထားပြီးမှ ကန်ကြထိုးကြတယ်။ ခေါင်းမှာရိုက်တာတော့ ဝါးလုံးလို့တော့ ထင်တယ်။ ဘာမှန်းတော့ သေချာမသိဘူး။ အဲဒါနဲ့ရိုက်ပေးတယ်။"

"စစ်သားတွေလည်း ဘယ်စစ်သားကရိုက်နေသလဲ ဆိုတာမမြင်ရဘူး။ တမံတလင်းမှာတော့ ကျောက်ခဲ သေးသေးလေးတွေ စီထားပြီး ဒူးထောက် ထားခိုင်းတယ်။ ခြေထောက်မှာ သစ်လုံးတင်ထားပြီး လူတွေပြန်တက် နင်းတယ်။ ရှေ့မှာ ဖြတ်လာတဲ့ လူတိုင်းတက်နင်းတယ်။ လာလာပြီးထိုးဆွပေးတယ်။ အဲဒီညသေခါနီးနီး နှိပ်စက် ကြတယ်။ သုံးညလုံးလုံး နှိပ်စက်ခံရတယ်။"

### နှိပ်စက်ခံရပြီးနောက်နောက်ဆက်တွဲကျန်းမာရေး

"၂၀၁၃ခုနှစ် ဝိုင်မော်မြို့သို့ ဆေးသွားကုတယ်။ နလုံး မကောင်းတော့ဘူးလို့ ဆရာဝန်ကပြောတယ်။ ဆိုင်ကယ် စီးရင် ဖြည်းဖြည်းလေးပဲ မောင်းပါလို့ ပြောတယ်။ မြစ်မွန် ဆေးခန်းမှာ သွားကုတယ်။ ဓါတ်မှန်ရိုက်တယ်။ ဆရာဝန်က အဆုတ်လည်း ထိသွားတယ်လို့ ပြောတယ်။"

## ဖားကန့်မြို့နယ်၊ကချင်ပြည်နယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** - **မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု**

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား၊မ - ကျား
အသက် - (၃၃)နှစ်
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - တောင်ယာ
နေရပ်လိပ်စာ - ကပ်မော်ကျေးရွာ၊ ကားမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေရာ - နမ်ယာကျေးရွာ၊ဖားကန့်မြို့နယ်။
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

ဦး****သည် ရွှေဝံထမင်းဆိုင်အတွက် အသား(၅)ပိဿာ၊ (၆)ပိဿာယူလာသည်ကို စစ်သားတွေတွေ့သွားသဖြင့် သူ့ကို "စားဖို့လား"ဟုမေးရာ သူက "ဟုတ်တယ်" ဟုပြန်ဖြေသဖြင့် မယုံသောကြောင့် "မိသားစုဘယ်နှစ်ယောက်ရှိသလဲ" ဟုပြန်မေးသည်။ (၃)ဦးဟုပြန်ဖြေသောကြောင့် ပို၍မယုံတော့ပါ။ ကေအိုင်အေတွေကိုသွားပေးမယ်ထင်ပြီး ဖမ်းလိုက်သည်။

ရွှေဝံထမင်းဆိုင်မှ ဒေါ်****သည် သူမယူခိုင်းလိုက်တာဟု ပြန်ပြောပြသည်။ စစ်သားတွေက "ဦး****က ဘယ်ကလဲ" ဟုမေးသဖြင့် "ကပ်မော်က" ဟုပြန်ဖြေသည်။ ဦး****ကိုမေးသောအခါ "နမ်ယာက" ဟုပြန်ဖြေသောအခါပို၍မယုံတော့ပါ။ သို့သော်နောက်ပိုင်းတွင် ကပ်မော်မှအုပ်ချုပ်ရေးမှူးကို သွားခေါ်ခိုင်းသည်ဟု သတင်းကြားသဖြင့် အုပ်ချုပ်ရေးမှူးဦး****သည် ခေါ်ယူဖို့သွားလိုက်သည်။

စစ်သားတွေဆီ ဝင်လာသောသတင်းသည် "ကေအိုင်အေစပိုင် (၂)ယောက်တက်လာပြီ" ဟုဆိုသောသတင်းဖြစ်သည်။ အင်္ကျီနဲ့ဘောင်းဘီအနက်၊ ဖုန်း(၂)လုံး၊ MP4(၁)လုံးပါသည်။ သူတို့နှစ်ယောက်နှင့် တစ်ပုံစံတည်းဖြစ်နေသည်ကို တွေ့သောအခါ မေးမြန်းခြင်းမရှိဘဲ ဖမ်းချုပ်ထားသည်။ "အုပ်ချုပ်ရေးမှူးဟုတ်တယ်"ဟု ပြောသော်လည်းမယုံပါ။ ချည်ထားပြီး သူတို့နှစ်ယောက်ကို ထိုး၊ ဖိနပ်တွေလွှင့်ပစ်ပေးလိုက်ကာ တံတားညီနောင်အထိခေါ်သွားသည်။ ထို့နောက်နှစ်ယောက်စလုံးကို ချည်ထားသည်။ နမ်ယာမှဦး****ဟုခေါ်သောသူနှင့် အုပ်ချုပ်ရေးမှူးတို့ပေါင်းပြီး ပြန်ခေါ်ယူသည်။ မည်သည့်တပ်မှဆိုတာမသိတော့ပါ။ ထိုနေရာတွင်ရောက်နေသော စစ်တပ်အလွှန်များသောကြောင့်မသိတော့ပါ။"

**လူ့အခွင့်အရေးချိုးဖောက်မှု** - **မြေမြှုပ်မိုင်း**

ချိုးဖောက်ခံရသူအမည် - မောင်****
ကျား၊မ - ကျား
အသက် - (၁၇) နှစ်
ပညာအရည်အချင်း - (၉) တန်း
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်



အလုပ်အကိုင် - ကျောင်းသား
အိမ်ထောင်ရှိ/ မရှိ - မရှိ
နေရပ်လိပ်စာ - ကားမိုင်းမြို့နယ်ခွဲ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၂လ၊ ၂၀၁၂ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

ကက်သလစ်ဘုရားကျောင်း၌ တနင်္ဂနွေဆုတောင်းဝတ်ပြု ပြီးသည့်နောက် ငရုတ်သီး ထောင်းစားရန် ဂဒီး(တောထွက်သဘာဝဟင်းတစ်မျိုး)လိုက်ရှာသည်။ သူတို့တောထဲသွားသည့်လူအားလုံးပေါင်း(၉)ယောက်ရှိသည်။ သူ့အရွယ်ရှိသည့် ကောင်လေး(၃)ယောက်နှင့် အဖွား(၆)ယောက်သွားလိုက်တယ်။ တောတွင် လမ်းလျှောက်နေစဉ် ခလုတ်တိုက်မိသဖြင့် လဲကျသွားတုန်း ဗုံးပေါက်ကွဲမှုဖြစ်ပွားခြင်းဖြစ်သည်။

အဲဒီအချိန် လီမွှောခြံပိုင်ရှင်ဦး**** တွေ့သွားကာ ထိုအဖွဲ့တွင်ပါသည့်ကလေးများ၏ အဝတ်များကို ချွတ်ခိုင်းပြီး အဝတ်များဖြင့်သူ့ကိုရစ်ပတ်ကာ ကားမိုင်းဆေးရုံသို့ ဆိုင်ကယ်ဖြင့်ခေါ်သွားသည်။ ထိုဖြစ်စဉ်တွင် ပါဝင်သောလူများသည်အလွန်လန့်သွားသောကြောင့်မေးခွန်းများမေးမြန်းသော်လည်းဖြေကြားနိုင်ခြင်းမရှိပါ။

"ကျွန်တော်ကစစ်ရှောင်တွေရဲ့ ဂိုဏ်းပေါင်းစုံ ဆုတောင်းအစီအစဉ်ကိုသွားတုန်း လမ်းမှာ မောင်****နဲ့ တွေ့တော့ သူကဦး****ကိုခေါ်ပြီး ဆေးရုံကိုလိုက်ခဲ့လို့ပြောတယ်။ ဦး****က မောင်****ရဲ့ဦးလေးဟုတ်တယ်။ ဦး****နဲ့ကျွန်တော်ဆေးရုံရောက်တော့ အသက်(၃၆/၃၇)လောက်ရှိတဲ့ ဦး****တောင်တွေ့တာနဲ့ လန့်ပြီးတက်သွားတယ်။ သူ့ရဲ့အင်္ဂါမှာတောင် တစ်လက်မလောက်ရှိတဲ့ မိုင်းစဝင်သွားတယ်။ ပါးစပ်ကနေရော အမြှုပ်တွေအရမ်းထွက်လာတယ်။ လာကြည့်တဲ့လူတွေအားလုံးလည်း ငိုကြတယ်။

"ကျွန်တော်က အဲဒီကဆရာမတွေကို မြစ်ကြီးနားသွားရမှာလား" လို့မေးတော့ "ဒါမျိုးကိစ္စတွေက ကျွန်မတို့မလုပ်နိုင်ဘူး။ မြစ်ကြီးနားပို့ရမယ်" လို့ပြောတယ်။ အဲဒါကြောင့်စခန်းမှူးက နာရေးကူညီမှု အသင်းရဲ့ကားကိုခေါ်ပေးပြီး မြစ်ကြီးနားသွားတယ်။ ဆေးတော့ကုလို့ရသွားပြီ။ ဆေးကုပြီးနောက် မြစ်ကြီးနားထ-(၅)ကျောင်းမှာ (၉)တန်းစာမေးပွဲ ဖြေခဲ့တယ်။ အခုတော့ခြေထောက်မှာ စတီးထည့်ထားလို့ ဂျိုင်းထောက်နဲ့သွားရတယ်။ ခုတော့ ထ-၅ ကျောင်းနံဘေးအိမ်မှာ နေနေတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** - **မြေမြှုပ်မိုင်း**

ချိုးဖောက်ခံရသူ - ဒေါ်****
အသက် - (၃၆)နှစ်
သားသမီး - (၂)ယောက်
မှတ်ပုံတင်နံပါတ် - ၈/စတရ(နိုင်) ******
ခင်ပွန်း - ဦး****
အသက် - (၂၀)နှစ်
အလုပ်အကိုင် - ကျောက်စိမ်းတူး/ ရေမဆေးကောက်
နေရပ်လိပ်စာ - ကံဆီးကျေးရွာ၊ ဖားကန့်မြို့နယ်၊ ကချင်ပြည်နယ်။
အဖအမည် - ဦး****
အမိအမည် - ဒေါ်****
အခင်းဖြစ်သည့်နေ့ - ၂၀ရက်၊ ၈လ၊ ၂၀၁၅ ခုနှစ်
အခင်းဖြစ်သည့်နေရာ - ဘော်ဆာဒီးရွာအနီး၊ ဖားကန့်မြို့နယ်။ ကချင်ပြည်နယ်။
အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ - ဦး****
မှတ်ပုံတင်နံပါတ် - ၁/မကန(နိုင်) ******

| | |
|---|---|
| အသက် | - (၆၃)နှစ် |
| ဇနီး | - ဒေါ်**** |
| သားသမီး | - သမီး(၃)ယောက်၊ သား(၁)ယောက်။ |
| အလုပ်အကိုင် | - ဈေးရောင်း |
| တော်စပ်ပုံ | - မြေး |
| ကျူးလွန်သူ | - အစိုးရစစ်တပ် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၈ရက်၊ ၉လ၊ ၂၀၁၅ ခုနှစ် |
| မှတ်တမ်းကောက်ယူသည့်အဖွဲ့ | - SSDF |

**အမှုဖြစ်စဉ်**

ဦး****၏ဇနီးဒေါ်****နှင့် ချွေးမဒေါ်****သည် ဘော်ဆာဒီးကျေးရွာအနီးတွင် ဒညင်းသီး သွားခူးသည်။ ထိုချိန်ကြက်ခြေခတ်လက္ခဏာကို တွေ့သောကြောင့် ယောက္ခမကို ခဏထိုင်ခိုင်းထားပြီး သူ(ချိုးဖောက်ခံရသူ) အရင်သွားကြည့်သည့်အချိန် မိုင်းနင်းမိသည်။ ယောက္ခမကိုတော့ မိုင်းမထိဘူး။ ယောက္ခမက ချွေးမမိုင်းနင်းမိတာနဲ့ ဘော်ဆာဒီးရွာကို တခါတည်းပြေးသွားပြီး ရွာသားများကို သွားပြောပြသည်။

ယောက္ခမသည် အချို့ရွာသားများနှင့်အတူ ကချင်နှစ်ချင်းခရစ်ယာန်အဖွဲ့မှ ကားဖြင့်ခေါ်ဆောင်လာခဲ့သည်။ ဒေါ်****သည် ကိုယ်တစ်ပိုင်းတော့ လှုပ်ရှား၍ရသေးသည်။ ညာဘက်ခြေထောက်တွင် သွေးအလွန်ထွက် လာသောကြောင့် သွေးတိပ်သွားအောင် သူ၏ထဘီကို ဆွဲဖြဲယူပြီး ညာဘက်ခြေတောက်၏ ပေါင်တွင် ချည်ထားလိုက်သည်။

"အခင်းဖြစ်သည့်နေရာသည်အိမ်နှင့် (၃)မိုင်အကွာ ဒညင်းခြံတွင်ဖြစ်သည်။ ညာဘက်ခြေတောက်က အရိုး တွေအားလုံးကြေမွသွားသည်။ ဘယ်ဘက်ခြေတောက်လည်း အရိုးကျိုးသွားတယ်။"

ရွာထဲသို့ရောက်လာသည့်ချိန်တွင် ကံဆီးဆိုင်းရာမှ ဗျူဟာမှူးသည် လုံးခင်းပြည်သူ့ဆေးရုံသို့ ပို့လိုက်သည်။ နောက်တစ်နေ့မနက် ၂၁ရက်၊ ၈လ၊ ၂၀၁၅ခုနှစ်တွင် လုံးခင်းနာရေးကူညီမှုကားနှင့် နာရေးကူညီမှု ဥက္ကဋ္ဌ လည်းပါပြီး မြစ်ကြီးနား တိုင်းဆေးရုံကြီး အဆောင် (၁) တွင် ပို့ဆောင်ထားလိုက်သည်။ "လုံးခင်းဆေးရုံထိ အမေလိုက်ပို့လိုက်တယ်။ အဖေကလုံးခင်းဆေးရုံမှာ သွားကြည့်တယ်။ ဒါပေမဲ့ မမီလိုက်ဘူး။

အဲဒီမိုင်းက အစိုးရတွေရဲ့မိုင်းထင်တယ်။ ဘာဖြစ်လို့ အစိုးရတွေရဲ့မိုင်းလို့ ထင်လည်းဆိုရင် မိုင်းနင်းမိပြီးရွာကိုရောက်တာနဲ့ ဗမာအစိုးရစစ်တပ်က ဗျူဟာမှူးကိုယ်တိုင် လုံးခင်းဆေးရုံကြီးကိုပို့လိုက်တယ်။" ဘော်ဆာဒီးကျေးရွာသည် ယခုအချိန်တွင် အစိုးရဧရိယာဖြစ်သည်။ သူတို့ဗမာစစ်တပ်မှ ကင်းလှည့်သည့် နေရာဖြစ်သည်။ "သူတို့(အစိုးရစစ်တပ်) ပုံးဖြစ်လို့ သူတို့တာဝန်ယူခြင်းဖြစ်တယ်လို့ပဲ မြင်တယ်။"

## မံစီမြို့နယ်၊ ကချင်ပြည်နယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၁၈နှစ်။ |
| ပညာအရည်အချင်း | - ၇ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |



| | |
|---|---|
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၁ ယောက်(၅လသားအရွယ်) |
| အဖအမည် | - ဦး **** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - လထော်ဖန့်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၇ ရက်၊ ၅လ၊၂၀၁၂ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ဆိုင်ရွာအဝင် |
| ချိုးဖောက်သူ | - တပ်မ (၉၉ ၊၈၈၊ ၇၇) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ် **** |
| အသက် | - (၂၆) နှစ် |
| နေရပ်လိပ်စာ | - လထော်ဖန့်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဦး**** နှင့် သူ၏ဇနီးဖြစ်သူ ဒေါ်****တို့သည် ဇနီးဖြစ်သူ၏ မွေးရပ်မြေဖြစ်သော မိုင်းဂျာရွာသို့ ဇနီး၏ညီမ သူတိုးသမီးအပ်နှင်းပွဲသို့ သွားရန်ဖြစ်သည်။ ပွဲနေ့ဖြစ်သော (၁၇)ရက်နေ့ (မေလ၊ ၂၀၁၂ခုနှစ်) နံနက် မိုးမောက်ဈေးသို့ပွဲအတွက် လိုအပ်သောပန်း၊ သစ်သီး၊ စက္ကူ၊ ဝက်သားနှင့် ငါးအနည်းငယ်ဝယ်ပြီးအပြန် နမ်ဆိုင်ရွာအဝင်တွင် အစိုးရစစ်သား (၃)ယောက် ချုံပုတ်မှရုတ်တစ်ရက် ထွက်လာကြပြီး သူတို့နှစ်ယောက်ကို ခြိမ်းခြောက်ကြသည်။

"ဘယ်ကပြန်လာကြသလဲ။ ဘာသွားလုပ်ကြတာလဲ။ဘယ်ရွာကလဲ။ နင်တို့နှစ်ယောက်က ဘာတော်ကြသလဲ။" ဟုမေးမြန်းကြသည့်မေးခွန်းများကို ကောင်းမွန်စွာဖြေပြီးသော်လည်း "မင်းတို့ နှစ်ယောက်ဆီမှာ ကြိုးမပါလာဘူးလား"ဟု ပြန်မေးကြသည်။ သူတို့နှစ်ယောက်လည်း ကြိုးမပါလာကြောင်းပြန်ဖြေသည်။ ထိုအချိန်တွင် ရုတ်တစ်ရက် သေနတ်ပစ်သံကြားရသဖြင့် စစ်သားများ အနည်းငယ်နားစွင့်နေကြစဉ် ဦး****က ဇနီးဖြစ်သူကို "ပြေးတော့"ဟုပြောလိုက်သည်နှင့် သူ့ဇနီးထွက်ပြေးသွားသည်။

ခင်ပွန်းကို စစ်သားများ ဖမ်းချုပ်ခေါ်သွားကြသည်။ ဇနီးဖြစ်သူ ထွက်ပြေးသွားသော လမ်းဘက်သို့သေနတ် (၃)ချက်လိုက်ပစ်ကြသည်။ သို့သော် ဇနီးသည်ထိခိုက်ဒဏ်ရာ မရဘဲနမ်ဆိုင်ရွာမှ မိုင်းဂျာအရောက် ထွက်ပြေးလွတ်မြောက်သွားခဲ့သည်။

သူတို့နှစ်ယောက် စီးလာသောဆိုင်ကယ်ကိုတော့နမ်ဆိုင်းစာသင်ကျောင်း၌ ထားပေးခဲ့ကြသည်။ ထိုဆိုင်ကယ်ကို ပြန်လည်ရရှိခဲ့ပြီး အခြားဟင်းသီးဟင်းရွက်များနှင့် ပစ္စည်းများကိုတော့ပြန်မရခဲ့ပါ။

ဦး****သည် အစိုးရစစ်သားများ ခေါ်သွားသောနေ့မှစ၍ သူတို့၏လက်ထဲတွင် ဖြစ်နေသေးသော ကြောင့်အင်မောက်ကျေးရွာ လူကြီးတစ်ဦးနှင့် ဆရာတစ်ဦးသည် ရဲစခန်းသို့ အကူအညီတောင်းပြီးစစ်သားများ ဖမ်းခေါ်သွားသော ဦး****သည် KIA စစ်သားမဟုတ်ကြောင်း၊ သာမာန်ပြည်သူတစ်ဦးသာ ဖြစ်ကြောင်းနှင့် သူ့ခယ်မ၏ သူတိုးသမီးအပ်နှင်းပွဲအတွက် လိုအပ်သောဟင်းသီးဟင်းရွက်များ သွားဝယ်သည်သာဖြစ်သည့်အကြောင်း၊ ထို့ကြောင့် ဦး**** ကို ကောင်းကောင်းမွန်မွန် လွှတ်ပေးပါရန် အခင်းဖြစ်ပွားပြီး (၃)ရက် အကြာတွင် မိုးမောက်အစိုးရ စစ်တပ်သို့ တောင်းဆိုကြသည်။

ထို့နောက်(၄)ရက်အကြာတွင် ဦး****ကို အစိုးရစစ်တပ်ဆီသို့ ကျေးရွာလူကြီးနှစ်ယောက်ကို ခဏလေးတွေ့ဆုံခွင့်ပေးသည်။ ဦး****ကို "စိတ်အားငယ်စရာမလိုပါဘူး။ ဘာမှမစိုးရိမ်ပါနဲ့။ ကျွန်တော်တို့ မင်းကိုဒီကနေလွှတ်ပေးဖို့တောင်းဆိုပေးမှာပါ"ဟုသာပြောခွင့်ရသေးသည့်အချိန် ရဲများက သူတို့နှစ်ယောက်ကို ခေါ်ထုတ်သွားလိုက်ကြသည်။

သူတို့နှစ်ယောက်ပြောပြချက်အရဦး****ကို ရဲများနှိပ်စက်မှုနှင့်ပတ်သက်ပြီး ကောင်းကောင်းမမေးရ

သေးကြောင်း သို့ပေမယ့် ဦး****ကို နိပ်စက် ရိုက်နက်ထားပုံပေါ်ကြောင်း၊ ခန္ဓာကိုယ်တစ်ခုလုံးချိန်နဲ့ကာ စကားပြောရာတွင်လည်း ချိန့်စွာပြောနေသည်ကို တွေ့နေရကြောင်း ပြောပြသည်။ ဦး****သည် တောင်ပေါ်ကျောင်းတွင်သာ ပညာသင်လာသည်ဖြစ်ရာ မြန်မာစကားကိုရေလည်အောင်မပြောတတ်ကြောင်းသူ၏မိသားစုဝင်များပြောပြသည်။

ထို့ကြောင့် သူ့ကိုမေးမြန်းစစ်ဆေးမှုပြုလုပ်သည့်အခါ ကြောက်စိတ်နှင့်ပြောမှားဆိုမှားပြောထွက်သွားမည်ကို မိသားစုများက စိုးရိမ်နေကြသည်။ အိမ်သားများက ထိုကျေးရွာလူကြီးနှစ်ဦးကို အကူအညီတောင်းပြီး မေလ (၂၇) ရက်နေ့ မိုးမောက်ရဲစခန်းသို့ တိုင်ကြားစာပေးပို့ခဲ့ကြသည်။ဦး****ကို တွေ့ဆုံခွင့်ပေးရန်တောင်းဆိုသော်လည်း တွေ့ခွင့်မပေးခဲ့ပေ။ စာတင်ပြီး နောက်တစ်နေ့တွင် ရဲစခန်းမှသူတို့တင်သောစာကို လက်မခံပေးနိုင်ကြောင်း ပြန်ပြောလာသည်။ အဘယ်ကြောင့်ဆိုသော် ဦး****ကို မေးမြန်းသောအခါဖြေသောအဖြေနှင့် စာပါအကြောင်းအရာများမှာ မတူသောကြောင့်ဖြစ်သည်ဟုဆိုသည်။

ဦး**** ဗန်းမော်ဘက်ရှိကြောင်းပြောပြသောကြောင့် ဗန်းမော်ရဲစခန်းသို့ သူ့အစ်ကိုကြီးနှင့် အစ်ကို့ဇနီးတို့ သွားကြည့်ကြသော် ဦး**** မရှိကြောင်းပြောသည်။ ထောက်လှမ်းရေးရုံးတွင် ရှိကြောင်းပြောပြန်သည်။ ထို့ကြောင့် ထောက်လှမ်းရေးရုံးကို သွားမေးကြပြန်သော်လည်း ထိုနေရာတွင် မရှိကြောင်းပြောပြန်သဖြင့် ခုချိန်ထိ အိမ်သားများနှင့်တွေ့ဆုံခွင့်မရသေးပေ။ ထို့ကြောင့် အိမ်သားများ အနေနှင့် ဦး**** ၏ အသက် အန္တရာယ်ကို စိုးရိမ်နေကြသည်ဟုပြောပြသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား၊မ | - ကျား |
| အသက် | - ၁၉ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| နေရပ်လိပ်စာ | - မန်ဝိန်း၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၁ ရက်၊ ၄ လ၊ ၂၀၁၄ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ခင်းလုံးတံတားအနီး |
| ချိုးဖောက်သူ | - တပ်မ (၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မောင်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

**မောင်၏****ပြောဆိုချက်**

ကျွန်တော်တို့ကို ဖမ်းတာတော့ခဏ လိုက်ခဲ့ပါဆို ပြီးခေါ်သွားတာပါ။ ကျွန်တော်တို့ကို လယ်ကွက်နားမှာ ရောက်တော့ ကြိုးတုတ်ပါတယ်။ ပြီးနောက်ခေါင်းကို အမဲရောင်ပိတ်စနဲ့ အုပ်ထားပေးတယ်။ ညမှာလည်းဒီအတိုင်းဘဲကြိုး တုတ်ပြီးအိပ်ခိုင်းပါတယ်။ ကျွန်တော်တို့ကို ဖမ်းမိပြီးခြင်းတစ်ရက်နှင့်နောက်တစ်ရက်ထိတော့ ထမင်း မကျွေးပါဘူး။ ကျွန်တော်တို့ကို မိုင်းခွဲတာမင်းတို့မလား ဆိုပြီး စစ်ဆေးတယ်။ ကျွန်တော့ကိုတော့ မရိုက်ပါဘူး။ ကျွန်တော်တို့ကို တစ်ယောက်တစ်နေရာခေါ်ပြီး စစ်တာပါ။



မင်းတို့ထဲကဘယ်သူအရင်သေမလဲ ဟိုတစ်ယောက်ပြောတော့မင်းကို အရင်သတ်လို့ပြောနေတယ်။ ကျွန်တော့ ကိုတော့ မရိုက်ပါဘူး။ ကျွန်တော်တို့ကိုနောက်တစ်ရက် ၂၂ရက်၊ ဧပြီလ ၂၀၁၄ခုနှစ် ညနေ ၆း၀၀ မှာပြန်လွှတ်ပေးပါတယ်။ ကျွန်တော်တို့ကိုထမင်း မကျွေးပါဘူး။ ပြန်ခါနီးမှ ခေါက်ဆွဲပြုတ်ကျွေးတာပါ။ ကျွန်တော်တို့ကို ကျန်သေးတဲ့ ခေါက်ဆွဲတွေကိုလည်း ပြန်ပေးလိုက်ပါတယ်။ ကျွန်တော်တို့ကို အမေလာခါနီးထိ ကြိုးတုတ်ထားပါတယ်။ ပြန်ခါနီးမှ ကြိုးဖြေပေးပြီး အဲဒီနားမှာ နားခိုင်းထားတယ်။

**မောင်၏**** ၏မိခင်ဒေါ်****ပြောပြချက်**

ကျွန်မတို့ကို အဲဒီညနေမှာ မောင်**** ကလာပြောတယ်လေ။ အဲဒီမှာသူတို့ ကြိုးနဲ့နောက်ပြန်လဲတုတ် ထားတယ်။ အဝတ်မဲနဲ့လဲဖုံးထားတယ်။ အဲဒီအချိန်မှာ ကျွန်မတို့ကလန့်ပြီးတော့ သွားကြည့်ပါတယ်။ ကျွန်မတို့က ကျွန်မတို့ဘာသာရေးခေါင်းဆောင်တွေ သွားပြီဆိုလို့ မလိုက်သွားပါဘူး။ ဒါပေမယ့် နောက်တစ်ရက်မှာတော့ စိတ်ပူလို့လိုက်သွားပါတယ်။ အဲဒီမှာဗိုလ်တစ်ယောက်ကဘာဖြစ်လို့ မနေ့ညနေကမလိုက်လာတာလဲ မင်းတို့က အပြစ်ရှိလို့လားလို့လာပြောတော့ ကျွန်မတို့လဲမဟုတ်ပါဘူး။ ကျွန်မတို့ ဖာသာတွေ လာပြီဆိုတော့ မလိုတော့ဘူးထင်လို့ပါလို့ပြောပြီး ဒီကလေးတွေကျောင်းသားတွေ ပါဆိုပြီး တော့ကျွန်မလဲကောင်းကောင်းပြန်ပြောတော့သူတို့ပြန်လွှတ်ပေးပါတယ်။ သူတို့တွေကို အရင်ရက်တော့ ထမင်းမကျွေးဘူးလို့ကြားတော့စိတ်ပူတယ်။ စိတ်ပူလို့လဲ အရဲစွန့်ပြီးလိုက်သွားတာပေါ့။ ကျွန်မသမီး မ****တို့ လဲ လိုက်လာတာပေါ့။ ကြားကြားခြင်းတော့စိတ်ပူတာပေါ့။ လန့်လဲ အရမ်းကိုလန့် သွားတာပေါ့။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား၊မ | - ကျား |
| အသက် | - ၁၉ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - မန်ဝိန်းကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၁ ရက်၊ ၄ လ၊ ၂၀၁၄ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ခင်းလုံးတံတားအနီး |
| ချိုးဖောက်သူ | - တပ်မ (၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မောင်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

**မောင်**** ၏ပြောဆိုချက်**

ထိုနေ့တွင် မန်ဝိန်းကျေးရွာအနီးလယ်ကွက်တွင် မိုင်းတစ်လုံးကွဲသည်။ ထိုနေ့ညနေတွင် ကျွန်တော်တို့ အခု နေတဲ့ဒီအိမ်နားမှာ ထိုင်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့ကိုလာခေါ်တာပါ။ ကျွန်တော်တို့ကို ခဏလေး ခေါ်သွားမယ်လို့ပြောပြီးလာခေါ်တာပါ။ ကျွန်တော်တို့ကို ဟိုမှာရောက်တာနဲ့

လက်နောက် ပြန်ကြိုးတုတ်တော့တာပါပဲ။ ကျွန်တော်တို့လေးယောက်ကို အတူဖမ်းသွားတာပါ။ ဒါပေမယ့် ကျွန်တော်တို့ ဟိုမှာရောက်တော့ ခြောက်ယောက်ပါ။ ကျွန်တော်တို့ကိုမျက်နှာမှာ အဝတ်နဲ့ဖုံးထားပေးတယ်။ ကျွန်တော်တို့ တစ်ယောက်နဲ့တစ်ယောက်လည်း မတွေ့ရပါဘူး။ အဲဒီအချိန်မှာ ကျွန်တော်တို့ကို တစ်ယောက် တစ်နေရာစီ ထားပြီးတော့မေးပါတယ်။

အဲဒီမှာမိုင်းခွဲတာဘယ်သူလဲတဲ့။ ကျွန်တော်တို့လည်း မသိလို့မသိပါဘူးလို့ဖြေတယ်။ အဲဒီအချိန်မှာ မင်းတို့ထဲက ဘယ်သူ့ကို အရင်သတ်မယ် ဆိုပြီးပြောကြတယ်။ ကျွန်တော်တို့ကို ပါး(၄)ချက်(၅)ချက် ရိုက်ပါတယ်။ ကျွန်တော့်မှာဆိုင်ကယ်ဘက်ထရီဘီးသော့လဲပါတော့ ကျွန်တော့်ကို "မိုင်းခွဲတာမင်းမလား"ဆိုပြီး စွပ်စွဲတယ်။ ကျွန်တော့်ကိုမင်းမိုင်းခွဲတာဆိုတော့ "ဓါးနဲ့သေမလား ဒုတ်နဲ့သေမလား"ဆိုပြီး ခြိမ်းခြောက်ပါတယ်။ "ကျွန်တော့်ကို နံရိုး ဘယ်လောက်မာသလဲ"ဆိုပြီး ခြိမ်းခြောက်ပါတယ်။

ကျွန်တော်တို့ကို နံနက် ၁၀း၀၀ နာရီလောက်မှာဖမ်းတယ်။ ထမင်းလည်းမကျွေးဘူး နောက်နေ့ညနေပိုင်း မှခေါက်ဆွဲပြုတ် ကျွေးတယ်။ ကျွန်တော်တို့ကို ဗဟိုအမိန့်ကြောင့်လုပ်ရတာဖြစ်တယ်ဆို ပြီးပြောတယ်။ နောက်ပိုင်းမှ ကျွန်တော်တို့ကကျောင်းသားဖြစ်တာကို သူတို့ယုံပြီး ပြန်လွှတ်ပေးတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| အသက် | - ၁၇ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| နေရပ်လိပ်စာ | - မန်ဝိန်း၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၀ ရက်၊ ၄ လ၊ ၂၀၁၄ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ခင်းလုံးတံတားအနီး |
| ချိုးဖောက်သူ | - တပ်မ (၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မောင်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

**မောင်**** ၏ပြောဆိုချက်**

ကျွန်တော့်တို့ကို အိမ်နားကနေဖမ်းသွားတယ်။ လယ်ကွက်နားရောက်တော့ ကြိုးနဲ့တုတ်ပြီးနောက် မိုင်းခွဲတယ် ဆိုပြီးစွပ်စွဲတယ်။ ကျွန်တော်တို့လဲမဟုတ်ကြောင်းပြောတယ်။ "မင်းတို့ကိုသတ်မယ် ဘယ်သူ့ကို အရင်သတ် မလဲ"ဆိုပြီးပြောတယ်။ ကျွန်တော်က "ဘယ်သူ့ကိုမှ မသတ်ပါနဲ့"လို့ပြောတယ်။ ကျွန်တော်လဲ ကြောက်လို့ငိုပါတယ်။ အဲဒီအချိန်မှာ သူတို့သေနတ်တစ်ချက်ပစ်ပြီးတော့ တစ်ယောက်တော့သတ်ပြီးသွားပြီ ဆိုပြီးခြိမ်းခြောက်တယ်။

ကျွန်တော့်ကိုတော့မရိုက်ဘူး။ ဓါးနဲ့လည်ပင်းမှာခြိမ်းခြောက်တာကလွဲလို့ပေါ့။ ကျွန်တော်နဲ့အတူ ဖမ်းတာကတော့ဦး**** ကျွန်တော့်အစ်ကို**** နဲ့ ကျွန်တော့်သူငယ်ချင်းမောင်****ဖြစ်တယ်။ ဒါပေမယ့်ဟိုမှာ ရောက်တော့ တရုတ်အဖိုးကြီးတစ်ဦးနဲ့ရှမ်းအဖိုးကြီး နှစ်ဦးကိုလဲဖမ်းထားတယ်။ သူတို့နှစ်ဦးကိုတော့ အသက်ကြီးပြီထင်လို့လားမသိပါဘူး စောစောပြန်လွှတ်ပေးလိုက်တယ်။

ကျွန်တော်တို့ကိုဖမ်းသွားတဲ့တစ်ရက်လုံး ဘာမှမကျွေးဘူး။ နောက်ရက် ညနေရောက်မှ



ကျွန်တော်တို့ကို ခေါက်ဆွဲပြုတ်ကျွေးတယ်။ ကျွန်တော့်ကိုတော့ မရိုက်ပါဘူး။ နောက်တစ်နေ့ညနေ ခြောက်နာရီလောက်မှာ ပြန်လွှတ်ပေးပါတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု - မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၆၂နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - (၆)ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ခရမ်၊ ကောင်လောဒ် ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၃၃) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - ၆၂နှစ် |
| နေရပ်လိပ်စာ | - ခရမ်၊ ကောင်လောဒ် ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၆ ရက်၊ ၁၂ လ၊ ၂၀၁၁ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI & KWAT |

**အမှုဖြစ်စဉ်**

အိမ်သားတွေအားလုံး တရုတ်ပြည်ဘက်ပြေးသွားပေမယ့် သူတို့ညီအကိုနှစ်ယောက်က နေ့ဘက် ဆိုရင်လယ်တောမှာလယ်လုပ်ငန်းလုပ် ညဘက်ကျရင် တောမှာအိပ်ပြီးနေကြတာဖြစ်တယ်။ သူတို့ညီအကိုနှစ်ယောက် နောင်တောင်းကုန်းဘက် စကားပြောစက်ဖွင့်နားထောင်ဖို့ တက်သွားတယ်။ ကျွန်မတို့ရွာမှာက တရုတ်ဖုန်းလိုင်း မရှိတော့ အာတီစက်ကိုပဲ ဆက်သွယ်ရေးအတွက် အသုံးပြုရတယ်။ သူတို့ (၂) ယောက် စက်နားထောင်နေတုန်း ဗမာစစ်တပ်တွေ ရောက်လာတာနဲ့ ကွက်တိဖြစ်ပြီး ပစ်လိုက်တာ ကျွန်မယောကျ်ားကို ခေါင်းမှာထိသွားတယ်။ သူ့ညီတော့ထွက်ပြေးလို့လွတ်သွားတယ်၊ နောက်သူ့ညီပြန်သွား ကြည့်တော့ မောက်လျက် ခေါင်းမှာ ကျည်ထိပြီးသေဆုံးနေတာတွေ့ရလို့ ကောက်ရိုးပုံပေါ်မှာ သွားထမ်း ထား တယ်။

ဒီဘက် (တရုတ်ပြည်ခြမ်း) ရောက်သွားလို့ကိုယ့်အတွက် မပူရလည်းအိမ်သားတွေရဲ့ သတင်းတွေ ကြောင့် စားမဝင်အိပ်မပျော်ဘူး၊ သတင်းကြားပြီးနောက် ထမင်းလည်းမစားဘူး၊ စားချင်စိတ်လည်းမရှိဘူး။ ဘာမှလည်း မပြော တတ်တော့ဘူး။ ( ဤဒေသတစ်လျှောက်သည် သစ်လုပ်ငန်း(မှောင်ခို) ဖြစ်ထွန်းသော ကြောင့်အိမ်တိုင်းလိုလို အာတီစက်များလက်ဝယ်ရှိပြီး ဆက်သွယ်ရေးအတွက် အသုံးပြုကြသည်။ အမေတို့ဆီ လာပစ်တာကတော့ တပ်မ( ၃၃) ကဟုတ်တယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |

| | |
|---|---|
| ကျား၊မ | - ကျား |
| အသက် | - ၇၁ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်ခါကျေးရွာ၊ မန်ဝိန်းကြီး၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ ရက်၊ ၁၁ လ၊ ၂၀၁၂ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ခမ်းတောင်ရှိ လွယ်လင်းပါကဦး****ရဲ့တောင်ယာ |
| ချိုးဖောက်သူ | - ခမရ (၅၀၅)၊ (၅၀၄) တပ်မ (၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မ**** |
| အသက် | - ၆၅နှစ် |
| မှတ်တမ်းကောက်သည့်နေ့ | - ၃ရက်၊ ၅လ၊ ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



ပုံ (၁) - ချိုးဖောက်ခံရသူဦး****



ပုံ (၂) - ဦး****၏ ပခုံးမှဒဏ်ရာ

## အမှုဖြစ်စဉ်

၂၇ရက်နေ့၊ ၁၁လ၊ ၂၀၁၁ခုနှစ်မှာ နမ့်ခမ်းဒေသမှာနေထိုင်ကြတဲ့ ဦး****၊ ဦး****၊ဒေါ်**** ၊ တို့ကစပါးရိတ်ရန်ကျန်နေသဖြင့် လွယ်လင်းပါ၌ သွားအိပ်နေသည်။အဲဒီညမှာဘဲ တပ်မ(၉၉) စစ်ကြောင်းမှ စစ်သား(၁၀၀) ကျော်လောက်တက်လာခဲ့တယ်။ အဲဒါကြောင့်ထွက်ပြေးခဲ့ရတယ်။စစ်သားတွေက လိုက်ပစ်တဲ့အချိန် ဦး**** ရဲ့ပခုံးမှာထိပြီးထွက်ပြေးခဲ့ရသည်။



## ဦး****ပြောကြားချက်

ဗမာစစ်သားတွေကကုန်းကနေပစ်ပြီးတော့ဆင်းလာခဲ့တယ်။ အဲဒါကြောင့်တစ်ညလုံးထွက်ပြေးခဲ့ရတယ်။ ဗမာစစ်သားတွေ တစ်ညလုံးကျွန်တော့်တောင်ယာမှာနေတယ်။ ကျွန်တော်တို့အစက (၄)ယောက်ဟုတ်တယ်။ အဒေါ်****က ဗမာစစ်သားတွေလို့ပြောပြီး ပြေးလာခဲ့တာနဲ့ထွက်ပြေးသွားကြတာ ကျွန်တော်ကတော့ထွက်ပြေးရင်းနဲ့ လက်မြှောက်လိုက်တဲ့ချိန်မှာ ပခုံးမှာထိသွားတယ်။ အဲဒါနဲ့ကျင်းဟောင်းထဲကို ဝင်ပုန်းနေလိုက်တယ်။ ပြီးတော့ကျွန်တော့် အပေါ်ကနေသူတို့ဖြတ်သွားကြတယ်။နေ့လယ် ၁၂း၀၀နာရီလောက်မှပဲအဒေါ်တို့နဲ့တွေ့ပြီးတော့ကချင်ဆေးရွက်ထည့်ပေးပြီးသွေးတိပ်အောင် လုပ်ပေးပြီးတော့ ရွှေလီဆေးရုံမှာ တစ်လလောက်နေပြီး ဆေးကုသခဲ့ရတယ်။ ဆေးကုတာတရုတ်ငွေယွမ်၁၈၀၀၀ (ကျပ်နှစ်သိန်း) ကုန်တယ်။ ပြီးတော့အခုတော့ ကျွန်တော့်လက်အပေါ်ကိုမြှောက်လို့မရတော့ဘူး။

## ဒေါ်****ပြောကြားချက်

ကျွန်မတို့ကတော့အောက်ဘက်မှာနေတယ်။ စစ်သားတွေကတော့ ကုန်းပေါ်ကနေလာခဲ့တယ်။ ညရှစ်နာရီ လောက်မှာ စပါးသွားရိတ်ဖို့ထမင်းချိုင့် တစ်ခုစီနဲ့သွားလိုက်ကြတယ်။ တနင်္ဂနွေနေ့ ဘုရားကျောင်းသွားရမှာမိုလို့ စနေနေ့ပြီးအောင် ရိတ်မယ်ဆိုပြီးသွားတာ။ အခင်းကိုရောက်တော့မနက် ၆း၀၀နာရီဟုတ်တယ်။ ဟိုမှာရောက် တာနဲ့ ပါလာတဲ့ထမင်းနဲ့စားဖို့အတွက် ဟင်းချက်ဖို့လုပ်နေတယ်။

အဲဒီချိန်မှာပဲ လမ်းလျှောက်တဲ့အသံကြားတာနဲ့ ကြည့်လိုက်တော့ဗမာစစ်သားတွေဖြစ်နေတာတွေ့တာနဲ့ ဗမာ ရောက်တယ်ဆိုပြီးတာ့ ကျွန်မသားနဲ့ဦး****ကိုခေါ်ပြီး သွားလိုက်တယ်။ အဲတာနဲ့ လိုက်ပစ်တော့တာပဲ အဲဒီ အချိန်မှာဦး****ရဲ့လက်မှာ ထိသွားတယ်။ ကျွန်မတို့သားအမိကိုတော့မထိဘူးအဲဒီတုန်းကအဖြစ်ကိုပြောရင် အရမ်းကြောက်တယ်ဝိညာဉ်တောင်မရှိတော့သလိုခံစားခဲ့ရတယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မိုင်းခေါင်စစ်ရှောင်စခန်းမှ အခန်းနံပါတ် *** |
| ချိုးဖောက်သူ | - တပ်ကြပ်ကြီး၊ အစိုးရစစ်တပ်။ |
| တပ်ရင်း | - ခမရ (၃၁၈) (တနိုင်းတပ်) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၈ရက်၊ ၇လ၊ ၂၀၁၄ခုနှစ်။ ညနေ ၅း၃၀ |
| အခင်းဖြစ်ပွားသည့်နေရာ | - မိုင်းခေါင် IDP Camp |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အလုပ်အကိုင် | - ဓမ္မဆရာ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ရွာ။ မံစီမြို့နယ်။ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

၈ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ် မိုင်းခေါင် IDP camp (KBC) အနီးတွင် တပ်စခန်းချထားသော တပ်ရင်း (၃၁၈)မှ လက်နက်ပစ်ခတ်လိုက်သောကြောင့် IDP campမှ အခန်းအနံပတ်(***)တွင် ထိမှန်ပေါက်ကွဲမှုဖြစ်ခဲ့သည်။ Camp အတွင်းရှိလူများ ရေချိုးသွားသောအချိန်နှင့် တိုက်ဆိုင်သွားသောကြောင့် လူများထိခိုက်မှုမရှိခဲ့ပါ။ "လက်နက် ကျကွဲချိန်တွင် ရေချိုးချိန်နှင့် တိုက်ဆိုင်သွားတယ်။ အားလုံးက ရေချိုးခန်းထဲ



ပုံ (၃) - မိုင်းခေါင် IDP Camp တွင်ကျသော လက်နက်ကြီးအပိုင်းအစ



ပုံ (၄) - မိုင်းခေါင် IDP Camp (၂) လက်နက်ကြီးကျသည့် Camp နေအိမ်



ပုံ (၅) - အစိုးရစစ်တပ်မှ ပေးအပ်သော ငွေ (၈) သိန်း

ရောက်နေကြတယ်။ (လက်နက်ကျကွဲသောဘေးနားတွင်) အမျိုးသမီး တစ်ယောက် ရပ်နေတယ်။ ဒါပေမဲ့ထိခိုက် မှုမရှိခဲ့ဘူး။”

“ဒုတပ်ရင်းမှူးပြောတာက “အရက်မူးပြီး ခလုပ်နှိပ်မှားသွားတယ်” လို့ပြောတယ်။ (၂)ပွင့်ဗိုလ်ကတော့ “ကျည်ရှင်းတယ်” လို့ပြောတယ်။ စခန်းမှူးက တန်းစီရန်ခေါ်သည့်အချိန်မှာ (ခလုပ်) နှိပ်မှားသွားတယ်လို့ ပြောတယ်။ သူတို့သုံးယောက်ရဲ့ ပြောဆိုမှုမှာ တစ်ယောက်တစ်မျိုး ကွဲလွဲနေတယ်။”

“လက်နက်ငယ်ဆိုရင်တော့ကျည်ရှင်းတယ်ဆိုတာဖြစ်နိုင်ပါတယ်။ ဒါပေမဲ့အခုကျွန်တော်တို့ဆီကိုပစ်လိုက်တဲ့ ကျည်ကလက်နက်ကြီး (၄၀ - မမ) ဖြစ်တယ်။ ဒီလက်နက်ကြီးက မောင်းတင်ပြီးနောက် ခလုတ်နှိပ်ပြီးပစ်ရတဲ့ လက်နက်အမျိုးအစား ဖြစ်တယ်။ သူတို့နေတဲ့တပ်စခန်းက ပစ်လိုက်ခြင်းဖြစ်တယ်။ (ကျည်စများ)ထရံကိုထိုးဖောက် ဝင်သွားတယ်။ အခုလိုဖြစ်သွားတဲ့ကိစ္စကို သူတို့ချက်ချင်း တောင်းပန်တယ်။ ......။ ......။

Campများကို ဆောက်လုပ်ပေးထားသော DRCမှဆရာကို သတင်းပို့သောအခါ ဓါတ်ပုံရိုက်ထားပြီးနောက်ပြန်ပြင်ခိုင်းရန် အကြောင်းကြားလာသည်။ ဓါတ်ပုံရိုက်ပြီးနောက် စခန်းမှူးကိုပြန်ပြင်နိုင်ပြီ ဖြစ်ကြောင်း ကိုပြောပြီး “အဲဒီနေ့ညနေပိုင်းတွင် ပြင်လိုက်ကြတယ်။ ပြန်ပြင်ရာတွင် (၄သိန်း)ကျော် ကုန်ကျတယ်။ အလှူငွေ(၄သိန်း)ကိုလည်း ပေးအပ်ခဲ့တယ်။ အားလုံးပေါင်း(၈သိန်း)ဖြစ်တယ်။ လက်နက်ကြီးပစ်သူကိုခေါ်သွားပြီး ထောင်ချမယ်လို့ ဒုတပ်ရင်းမှူးက ပြောတယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဂေါင်ရွှန်ကျေးရွာ။ |
| အခင်းဖြစ်သည့်နေ့ | - ၁၅ရက်၊ ဇွန်လ၊ ၂၀၁၁ခုနှစ် |
| ချိုးဖောက်သူ | - ခမရ (၃၁၉)တပ် လက်အောက်ခံအစိုးရစစ်တပ် - ခလရ (၁၂၁)၊ ခမရ (၆၀၁)၊ ခမရ (၆၀၂)၊ ခလရ (၂၇၆) တပ်များ အလှည့်ကျနေသည်။ |
| အမှုဖြစ်စဥ်ပြန်လည်ပြောပြသူအမည် | - ဦး **** |
| အသက် | - (၃၈) နှစ်။ |
| မှတ်ပုံတင်နံပါတ် | - ၁/မဆန(နိုင်) ****** |
| ပညာအရည်အချင်း | - (၁၀)တန်း။ |
| ဇနီး | - ဒေါ်**** |
| သား/သမီး | - (၃) သုံးယောက်။ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂေါင်ရွှန်ကျေးရွာ။ မံစီမြို့နယ်။ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၁ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |



**အမှုဖြစ်စဥ်**

မံစီမြို့နယ်တွင် ဂေါင်ရွှန်ကျေးရွာသည် အိမ်ခြေ(၁၀၀)ကျော်ရှိပြီး မူလွန်ကျောင်း(၇)တန်းထိရှိသည်။ ကေအိုင်အို/ကေအိုင်အေနှင့် အစိုးရနှစ်ဖက်စလုံးမှ အုပ်ချုပ်မှုအာဏာ တက်ရောက်သော ကျေးရွာဖြစ်သည်။ ၂၀၁၁ခုနှစ်(၁၅)ရက်မှစ၍ စစ်ဖြစ်လာသည့်အတွက် နိဝင်ဘာလတွင် ရွာသားများအားလုံးထွက်ပြေးတိမ်းရှောင် သွားကြသည်။

“အခုကျွန်မတို့ရွာဘက်ကလူတွေကကိုယ်ခံစားနေရတဲ့အကြောင်းတွေကိုထုတ်ဖော်ပြောဆိုဖို့မရဲဝင့်ကြတဲ့လူတွေ အများကြီးရှိသေးတယ်။ ရွာထိပ်ပိုင်းမှာ လာပစ်တဲ့အချိန် မ****ဆိုတဲ့ မိန်းကလေးတစ်ယောက်နဲ့ နွားတစ်ကောင်ကို ထိသွားတယ်။ အဲဒါက ပထမလာပစ်တဲ့ အချိန်ဖြစ်တယ်” (မ****ကို ကျည်စထိမှန်ပြီး၊ နွားကိုတော့ သေနတ်ကြီး ကျည်ဆံထိမှန်တယ်)

အစိုးရစစ်တပ်တွေက ရွာထဲကိုဝင်လာတယ်။ “သေနတ်နဲ့ ရွာအလယ်ကိုပစ်ထည့်ပြီး တွေ့တဲ့လူတွေအားလုံးကို မြန်မြန်ထွက်ခဲ့”ဆိုပြီး ကျောက်ခင်းလမ်းပေါ်မှာ မှောက်လျက်လှဲခိုင်းပြီး “ဘယ်သူမှမလှုပ်နဲ့ အားလုံးကို ပစ်သတ်လိုက်မယ်”လို့ခြိမ်းခြောက်တယ်။

“မြစ်ကြီးနားလမ်းဘက်မှာ နေတဲ့ရွာသားတွေလောက်တော့ ညှင်းပမ်းနှိပ်စက်တာတော့မရှိဘူး။ ဘာကြောင့် လဲဆိုတော့ ဗမာရွာနဲ့ရောပြီး နေတဲ့အတွက် နှိပ်စက်တာတော့ သက်သာတယ်” စစ်ပြင်းထန်လာသည့်အတွက် “ကေအိုင်အေဘက်ကိုသွားပြီး အခုကျွန်တော်တို့ စစ်မြေပြင်အလယ်မှာ ဖြစ်နေပြီ ကျွန်တော်တို့ ရှောင်ရင်ကောင်းမလား”ဆိုပြီးသွားမေးတဲ့အချိန် ‘မင်းတို့ဘာသာမင်းတို့ ဆုံးဖြတ်ကြ ကျွန်တော်တို့ကအကြံမပေးတတ်ဘူး’ဆိုပြီးပြောလိုက်တယ်။”

ဦး****သည် ရွာသားများကို စစ်ပြင်းထန်လာသည့်အချိန်မှ လယ်တောများထဲသို့ ထွက်ပြေးတိမ်းရှောင် နေရန်ပြောသည်။ သို့သော် ကေအိုင်အေစစ်သားများက ရွာထဲမှာလာနေပြီး အစိုးရစစ်သားများလည်း ရွာထဲကိုပစ်ထည့်နေသောကြောင့် ရွာထဲတွင် ရွာသားများနေထိုင်၍ မရတော့ပါ။ “ကျွန်တော်တို့ တကယ် စစ်ဖြစ်လာရင် လယ်တောထဲမှာ ရှောင်နေပြီး စစ်ငြိမ်သွားရင် ပြန်လာနေရအောင်” ဆိုပြီးပြောထားတယ်။

“အဲဒီချိန်မှာလည်း ကေအိုင်အေတွေ ရွာထဲမှာရှိနေတယ်။ ရွာလူကြီးများက “ဗိုလ်ကြီးရေ ကျွန်တော်တို့ရွာ မှာတော့ မလုပ်ပေးကြပါနဲ့”လို့ သွားပြောရင်လည်း ကေအိုင်အေများက ရွာထဲမှာဘဲနေနေတယ်။ “ဗမာတွေ လည်းတမင်သက်သက် ဆက်တိုက်ပစ်ခတ် နေတယ်”

“နောက်ဆုံး ကေအိုင်အေတွေ ထွက်သွားတော့မှ ဗမာတွေဝင်လာပြီး ကြက်၊ ဝက်တွေ သတ်စားလိုက်ကြပြီး သူတို့(အစိုးရစစ်တပ်)တွေ တပ်ချထားတဲ့နေရာရှိ လူမနေထိုင်တော့တဲ့ အိမ်တွေထဲမှ ပစ္စည်း အိုး၊ ခွက်၊ ပန်းကန်၊ ထင်းတွေကအစ ဘာတစ်ခုမှမကျန် အားလုံးသူတို့ယူသွားကုန်ကြတယ်”

“၂၀၁၁ခုနှစ် ရက်စွဲတော့ မမှတ်မိတော့ဘူး။ ဗမာတွေတစ်ခေါက် ဝင်လာတယ်။ အခုဘုဒ္ဓဇာမှာနေတဲ့ ဦး****(တရုတ်)နဲ့ဒေါ်****တို့ဇနီးမောင်နှံရဲ့ဆိုင်က ဆိုင်ကြီးဖြစ်တယ်။ အဲဒီမှာသူတို့နှစ်ယောက် (ဇနီးမောင်နှံ) လက်မှာ ကိုင်ထားတဲ့ပိုက်ဆံ ကျပ်ဆယ်သိန်း (၁၀,၀၀,၀၀၀)ကို စစ်သားတစ်ယောက်က ယူပေးလိုက်တယ်။”

“ဆိုးတာက မိန်းမထဘီပါတိတ် လှလှလေးတွေရယ်၊ ယောကျ်ားလုံချည်တွေ၊ ပြီးတော့ သူတို့ကြိုက်တဲ့ ပစ္စည်းတွေ အားလုံးယူလိုက်တယ်။ သူတို့မကြိုက်တဲ့ ပစ္စည်းတွေကိုတော့ အားလုံးဖျက်ဆီး ပစ်လိုက်တယ်။ စစ်တပ်တွေ နောက်ဆုံးဝင်လာတဲ့အချိန် ကျွန်တော်တို့ မီးဖိုချောင်ရှိ ကြောင်အိမ်ထဲမှ အိုး၊ ခွက်၊ ပန်းကန်တွေအားလုံးကို သူတို့ကြိုက်သလို မွှေနှောက် ဖျက်ဆီးလိုက်ကြတယ်။”

“အဖွားအိုတစ်ယောက်က သူကိုယ်တိုင် ကြည့်နေတဲ့အချိန် မလုပ်ပေးကြပါနဲ့လို့ ပြောရင်လည်း အဖွားအိုရဲ့ ရှေ့မှာဘဲ ဝက်တစ်ကောင်ကို ပစ်သတ်ပြီး ယူသွားကြတယ်။”

စစ်ဖြစ်သည့်နောက်ပိုင်း ရွာထဲတွင် အစိုးရစစ်တပ်များ တပ်စခန်းချထားသည်။ ဗမာ၊ ရှမ်းလူမျိုးများက ပြန်လာနေထိုင်ကြသော်လည်း ကချင်လူမျိုးများသည် ပြန်မလာရဲကြပါ။ “ဗမာ၊ ရှမ်းတွေလည်း အများစုက ပြန်မလာကြသေးပါ။ ကချင်အိမ်ထောင်စု (၄-၅)အိမ်တော့ ပြန်လာနေပြီ။ ကျွန်တော်တို့ ကချင်တွေ ကြောက်တယ်ဆိုတာက သူတို့(အစိုးရစစ်သား) ဗမာတွေ ကိုယ်တိုင်က (ရွာ)ထဲ ဝင်လာရင် “မင်းကချင်လား၊

ဗမာလား”ဆိုပြီး မေးတဲ့အတွက် ကြောက်ကြတယ်။ သူတို့အဲသလို ခွဲခြားဆက်ဆံလို့ ဘယ်အချိန်များ ဘာတွေလုပ်လာမလဲဆိုပြီးကြောက်လို့ ပြန်မလာခြင်းဖြစ်တယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၆၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်ယာ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - ဟင်ဘုတ် ခပရာကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁ ရက်၊ ၁၂ လ၊ ၂၀၁၁ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - လုံဘွမ် |
| ချိုးဖောက်သူ | - တပ်မ (၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အသက် | - ၄၀ နှစ် |
| နေရပ်လိပ်စာ | - ဟင်ဘုတ် ခပရာကျေးရွာ၊ မံစီမြို့နယ်၊ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI, KWAT |

**ဒေါ်****၏သားဦး****ပြောဆိုချက်**

ကျွန်တော်တို့အားလုံးလုံဘွမ်မှာစစ်ရှောင်ပြီးပုန်းနေချိန်မှာဒီဇင်ဘာ(၁၀)ရက် ၂၀၁၁နေ့ညနေပိုင်းမှာ ဗမာစစ်တပ် တွေရောက်လာပြီး ပစ်ခတ်လို့ကျွန်တော်လည်း ကျွန်တော်သိတဲ့ဘက် ( မျက်နှာမူရာဘက်) ကို ကိုယ်လွတ်ရုန်းပြီးပြေးတော့ အမေပါမပါကြည့်ဖို့ အချိန်မရလိုက်ဘူး။ နောက်တစ်နေ့မနက် ကျွန်တော်တို့ (၄) ယောက်က ဒီနှစ်တောင်ယာအစပ်နားမှာ ပြေးရင်းပါလာတဲ့ဆန်ကိုချက်စားပြီး၊ စားပြီးတာနဲ့ စမ်းချောင်ကလေးရဲ့ အစုန်ဘက်ကိုဆင်းသွားတဲ့အခါကျမှ ကျွန်တော့်ညီမာနော်(ဒုတိယသား)၊ အမေနဲ့ တစ်ခြား အဘွားအိုကိုပါအတူရပ်နေတာ တွေ့ရတယ်။

သူတို့ကိုထမင်းစားပြီးပြီလားမေးတော့ မစားရသေးဘူးဆိုတော့ ကျွန်တော်တို့ဆီမှာပါလာတဲ့ ထမင်းကျွေးတယ်။ စားပြီးလို့တောင်ယာတစ်လျှောက်ပြေးနေတုန်း၊ အသံတွေကြားလို့ထင်တယ်စစ်သားတွေ သေနတ်တွေနဲ့ စပစ်တယ်။ နောက်တော့ သေနတ်ကျည်ကအရမ်းနိမ့်လာလို့ ကျွန်တော်လည်းဝပ်တဲ့အခါဝပ် လိမ့်တဲ့အခါလိမ့်ပြီးတော့ (အကာအကွယ်ရနိုင်မဲ့) ကျောက်တုံးတွေပေါ်တဲ့ ဘက်ကိုပြေးသွားတယ်။

နောက် အမေမရောက်လာလို့ (၂/၃) ရက် ရှာလည်းမတွေ့တော့လို့သေလားရှင်လားတောင်မသိ တော့ဘူး။ အမေနဲ့ကလက်စွပ်(၁)ကွင်း၊ နံကပ်(၁) စုံ နဲ့ ငွေ(၂) သိန်းခွဲပါသွားတယ်။ဘာပစ္စည်းမှလည်းမယူ လိုက်ရဘူး၊ နောက်ပြီးကျန်ခဲ့တဲ့လယ်ယာခြံမြေ ၊ ကျွဲနွား တွေကိုတွေးမိပြီး နေလို့ထိုင်လို့လည်းမကောင်းဘူး။

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မပျောက်ပစ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |



| | |
|---|---|
| အသက် | - ၄၃ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၃ ယောက် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၃ရက်၊ ၁၂လ၊ ၂၀၁၂,ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မန်ဝိန်းမှ ၎င်းတို့၏ခြံသွားစဉ် |
| ချိုးဖောက်သူ | - ခလရ (၁၅)၊ ခမရ (၁၁၃) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ ရက်၊ ၈ လ၊ ၂၀၁၃ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

ဦး****အသက်(၄၃)နှစ်က ဒေါ်**** ရဲ့ယောက်ျားဖြစ်တယ်။ ကလေး(၃) ယောက်ရဲ့ဖခင်လည်း ဟုတ်တယ်။ ကလေးတွေကကျောင်းတက်နေတဲ့ ကလေးတွေဖြစ်တယ်။ သူကမန်ဝိန်းက ဦး****အိမ် မှာနေနေတဲ့သူဖြစ်တယ်။ ကြာလာတော့ပိုက်ဆံမရှိတော့ဘူး။ ကလေးတွေကကျောင်းတက်ရအုန်း မယ်ဆိုပြီး သူတို့သားအဖတွေရဲ့ခြံမှာ စိုက်ထားတဲ့အပင်တွေ ရောင်းစားလို့ရမရသွားကြည့်မယ်ဆိုပြီး ဦး****နဲ့အတူသွားလိုက်တယ်။

သူတို့နှစ်ယောက်သွားလိုက်ကတည်းကပြန်မလာလို့စခန်းကတာဝန်ရှိသူတွေနဲ့လိုက်ရှာကြည့်တော့ အဲဒီတုန်းက ခမရ(၁၅) နဲ့(၁၁၃)တွေ နားသွားတဲ့နေရာမှာ သူတို့နှစ်ယောက် ယူသွားတဲ့ဆန်၊ ဝတ်သွား တဲ့အင်္ကျီတွေ၊ ဖိနပ်တွေကိုပဲ သွားတွေ့တယ်။ အဲဒီတပ်တွေကို ပြန်သွားမေးကြည့်တော့ ဗိုလ်မှူးကျော်သူဝင်း ခမရ (၁၅) ကိုဦးဆောင်သူက ဒီအတောအတွင်း ဒီနေရာတွေမှာသွားနေတဲ့ လူတွေအားလုံး က ငါတို့တပ်နဲ့ ခမရ(၁၁၃)တွေဟုတ်တယ်။

အခုသူတို့ ပြန်လာရင်မေးကြည့်ရအောင်လို့ ပြောတယ်။ သူတို့ခေါ်သွားရင်လည်း ဘာမှမဖြစ်နိုင်ဘူး၊ လမ်းပြခိုင်းတာလောက်ဘဲ ဖြစ်နိုင်တယ်။ သူတို့ရောက်ရင် ပြန်ပြောပြမယ်ဆိုကတည်းက အခုချိန်ထိ ဘာသတင်းမှ မကြားရဘူး။ အခုဒီနေ့နဲ့ဆို(၈)လရှိသွားပြီ။ ကလေးတွေက ခုထိ “အဖေပြန်လာရင်ဆိုလာ ဝယ်ရအောင်နော်အမေ”ဆိုပြီး သူတို့အဖေ ပြန်လာမှာကို စောင့်နေကြတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မပျောက်ပစ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူ | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - (၂၂)နှစ်။ |
| လူမျိုး | - ကချင် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သား/သမီး | - မ(၁) |
| သမီးအသက် | - (၃)နှစ်။ |
| သမီးအမည် | - မ**** |
| အဖအမည် | - ဦး**** |

| | |
|---|---|
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ရွာ၊ မံစီမြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေ့ | - ၇ရက်၊ဒီဇင်ဘာလ၊၂၀၁၁ခုနှစ်(မနက်၇း၀၀နာရီ) |
| အခင်းဖြစ်သည့် နေရာ | - ဟင်ဘုတ်ခပကျေးရွာ။ မံစီမြို့နယ်။ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အစိုးရတပ်။ |
| အမှုဖြစ်စဥ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - အဖွား။ |
| အသက် | - (၇၃)နှစ်။ |
| လူမျိုး | - ကချင်။ |
| ခင်ပွန်းအမည် | - ဦး**** |
| သား/သမီး | - (၅)ယောက်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၀ရက်၊ ဩဂုတ်လ၊ ၂၀၁၄ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF၊ KWAT |

## အမှုဖြစ်စဥ်

ဒေါ်****သည် KIA/KIO အုပ်ချုပ်နယ်မြေ ဟင်ဘုတ်ခပရာရွာတွင်နေထိုင်သည်။ ရွာဘက်ကို အစိုးရစစ် သားများ တက်လာသောသတင်းကြားသည်။ ၎င်းတို့၏ရွာနှင့်သိပ်မဝေးသော ပရန်လွင်ရွာဘက်က သေနတ် သံကြားသည့်အတွက် ရွာသားများထွက်ပြေးနေသည့် အချိန်မှာ၊ အစိုးရစစ်သားများ ရောက်ရှိလာကြောင်းကို၊ ဒေါ်****၏ အဖွားဖြစ်သူကပြောသည်။ "ရွာ၏ဟိုဘက်ခြမ်းကို ထွက်ပြေးတယ်၊ ကျွန်မတို့ထွက်ပြေးတဲ့အချိန်မှာ ဗမာစစ်သားတွေကရောက်ရှိလာတယ်။ ကျွန်မတို့ကထွက်ပြေးနိုင်ပြီး သူတို့သားအမိက မထွက်ပြေးနိုင်တော့ဘူး။"

ဒေါ်****သည် (၂)နှစ်အရွယ်ရှိသော ကလေးနှင့် ထွက်ပြေးသည့်အချိန်တွင် အစိုးရစစ်သားများ နှင့်တွေ့ပြီး ယခုချိန်ထိပျောက်ဆုံးနေသည်။ ကလေးကိုထားခဲ့ပြီးမိခင်ကို ဖမ်းခေါ်သွားသည့်အကြောင်းကို ဒေါ်****၏ အဖွားဖြစ်သူ ကပြောသည်။ "သေသွားတဲ့သူက ကျွန်မမြေးပါ။ အခုမိုင်းခေါင်မှာ ကျောင်းတက် နေသူက သေသွားတဲ့မြေးရဲ့ သမီးလေးပါ။ ကျွန်မတို့အားလုံးက ထွက်ပြေးကုန်ပြီ သူတို့သားအမိလည်း ထွက်ပြေးမှာဘဲ။ ကလေးကသေနတ်သံကြားတဲ့အချိန်ငိုတဲ့ အခါကြတော့ ဗမာတွေတွေ့သွားတာပေါ့။ ကလေးကို အော်တိုခေါက်ဆွဲတစ်ထုပ်ပေးထားပြီး မိခင်ကိုတော့ ခေါ်သွားတယ်။ ကျွန်မမြေးက ခေါက်ဆွဲ ထုပ်ကိုင်ထားပြီး ငိုနေတယ်။ ကျွန်မတို့ထွက်ပြေးတဲ့ နေရာနဲ့လည်းသိပ်မဝေးဘူး။"

ကလေးငိုသံကြားသည့်အတွက် ကလေး၏အဖိုးသည် ကလေးကိုခေါ်ယူလာခဲ့သည်။ "အခုကလေးနဲ့ အတူရှိနေတဲ့ သူ့ရဲ့အဖိုးက ကလေးငိုသံကြားလို့ သွားချောင်းကြည့်တဲ့အခါ ကလေး တစ်ယောက်တည်း ငိုနေတယ်။ ကလေးကိုပွေ့ချီပြီး ခေါ်လာခဲ့တယ်။ (အဲဒီအချိန်) ကလေးက (၃)နှစ်မပြည့်သေးဘူး။ စကားတော့ပြောတတ်ပြီ။ ဗမာစစ်သားတွေပစ်တဲ့အချိန် သူ့အမေရဲ့ခြေထောက်မှာထိသွားသလား မသိဘူး။ မပီသပီနဲ့ကလေးပြောတာ ကတော့ "အမေဒီနားမှာ သွေးတွေ ထွက်နေတယ်။ အမေ့ကိုတော့ ဗမာစစ်သားတွေ ခေါ်သွားပြီ"ဆိုပြီး ပြောပြတယ်။

၆ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၁ခုနှစ်ညနေ(၅)နာရီခန့်တွင် ရွာနံဘေးမှ ယာယီပုန်းရှောင်တဲအိမ်ထဲတွင် အိမ်သားများနှင့်အတူ နေနေသည့်အချိန်၊ ဗမာစစ်သားများ ရောက်ရှိလာသောကြောင့် ထွက်ပြေးသည့် အချိန်တွင်၊ (၂)နှစ်ကျော်သမီး (****)နှင့် မိခင်ဖြစ်သူ ဒေါ်လရှီးလဗျတောင်ရာ (၂၂)နှစ်တို့သည် ထွက်မပြေးနိုင်သော ကြောင့်အစိုးရစစ်သားများနှင့် တွေ့ဆုံခဲ့သည်။ "နောက်မနက် ဒီဇင်ဘာ(၆) ရက်ညမှာတော့ ကျွန်မတို့ထွက် ပြေးချိန် ဆောက်လုပ်ထားခဲ့တဲ့ တဲထဲမှာအိပ်ပြီး နောက်မနက် ဒီဇင်ဘာ (၇) ရက်မှာတော့ ကလေးအမေကို ခေါ်သွားတယ်။ တဲမှာက ကလေးတစ်ယောက်ထဲ ငိုနေတယ်။"

ကလေး၏ အမေကိုသတ်လိုက်ပြီဆိုသည့် သတင်းကိုပြန်ကြားသည်။ "တဲကကျောက်ကမ်းပါး အောက်မှာလုပ်ထားတယ်။ အဲဒီတဲက ကျွန်မတို့ထွက်ပြေးတဲ့အချိန်မှာ ဆောက်ထားတာဖြစ်တယ်။ ဘယ်ဗမာ



စစ်တပ်ကလဲ ဆိုတာတော့မသိဘူး။ ကလေးအမေကို ခေါ်သွားကတည်းက အခုချိန်ထိ သတင်းမကြားဘူး။ နောက်မှ သတ်လိုက်ပြီဆိုပြီး "အဲဒီတပ်က စစ်သားတွေပြောတယ်"ဆိုပြီး မိုင်းခေါင်က ဦး****ရဲ့ဇနီး ပြောတယ်။"

အဲဒီချိန်က အစိုးရစစ်တပ်မှ ပစ်လိုက်သည့် သေနတ်ကျည်သည် ဤဖြစ်ရပ်ကိုပြောပြနေသော ဒေါ်****ကို ထိမှန်ကြောင်းကိုလည်း ပြောသည်။ "အဲဒီညက ဗမာတွေလာပစ်တဲ့ အချိန်မှာ ကျွန်မကိုလည်း ပေါင်မှာ ပစ်ပေးတယ်။ ဗမာတွေပစ်တဲ့အချိန်မှာ ထွက်ပြေးတယ်ဆိုတော့၊ ပစ်တာကအနည်းငယ်တော့ ကြာတယ်။ ၃မိနစ်လောက်တော့ကြာတယ်"

"ဆေးမကုသနိုင်ဘဲ ထွက်ပြေးတယ်ဆိုတော့ အနာတောင် (ပုပ်)နံသွားတယ်။ ဆေးမသောက်ဘဲ ထွက်ပြေးတာ(၁၀)ရက်တောင် ရှိသွားတယ်။ ဆေးရုံကို ၂၈ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၁ခုနှစ် ညနေပိုင်းမှာရောက်တယ်။ (IDP camp ရောဘတ်ဘုရားကျောင်းဝင်း) ဆေးခန်းမှာ ကုသပေးတယ်။ ဆေးရုံကြီးမှာ ကုလို့မရတော့ဘူး ဆိုပြီးတော့ ဒီမှာကုသသည်။ ပြဲသွားတာကို ချုပ်လို့မရတော့ဘူးဆိုပြီးတော့ (၂)ပတ်လောက်ကုသလိုက်ရတယ်"။ သေနတ်မှန်တဲ့နေရာမှာ နစ်လက်မခန့် ပြဲသွားသည်။ အရိုးမထိသဖြင့် သာလမ်းလျှောက်နိုင်သည်။ "သွေးထွက်ရင်းနဲ့ ထွက်ပြေးခဲ့ရတယ်" ဆိုပြီးပြောသည်။

၎င်းတို့တဲထိုး ထွက်ပြေးသည့်နေရာများတွင် KIAမရှိပါ။ ရွာသားများ၏ စကားပြောသံများကို ကြားသည့်အတွက် "KIAထင်ပြီး ပစ်လိုက်တယ်ထင်တယ်" ဟုပြောပြသည်။ ဤအခင်းဖြစ်သည့် နေ့တွင်ပင် ****၏ ဇနီးသည်လည်း ဒူးခေါင်းတွင်ကျောက်စထိသည်။ ****၏ ဇနီးသည်လည်း သတ်ဖြတ်ခြင်း ခံရ သည်။

## လူ့အခွင့်အရေးချိုးဖောက်မှု – အစပျောက်ပစ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူ | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၂၇)နှစ်။ |
| နိုင်ငံသားမှတ်ပုံတင် | - ၁/မဆန(နိုင်)****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန်။ |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| အဖအမည် | - ဦး**** |
| အသက် | - (၄၇)နှစ်။ |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - (၁၉)ရက်၊ နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ၂၃၃တပ် |
| အမှုဖြစ်စဥ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - ၄၇နှစ် |
| သား၊သမီး | - (၁)ဦး |
| အဖအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ခြင်း | - မိခင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

“ရွာကနေ ထွက်ပြေးပြီးနောက် (ရွာကိုပြန်ပြီး) ဖိနပ်နဲ့အဝတ်အစား သွားလဲတဲ့အချိန် သူပြန်လာတာနဲ့ ဗမာစစ်သားတွေက သူ့ကိုဝိုင်းထားလိုက်ပြီ။ သူအိမ်ပြန်သွားလို့ ကျွန်မပြန်လိုက်တာတဲ့အချိန် အဲဒီနေရာမှာ ဗမာစစ်သားတွေက သူ့ကိုဖမ်းဆီးထားပြီ။ “လူတစ်ယောက် ဖမ်းမိထားတယ် လာကြည့်အုံး။ မင်းသိသလား” ဆိုပြီးမေးလို့ ကျွန်မသွားကြည့်ပြီး“ကျွန်မသားဟုတ်တယ်ဆိုပြီးပြန်ပြောလိုက်တယ်”။

အဖမ်းခံရသည့် ကျွန်မသားသည်နမ်လိမ်းပါ စာသင်ကျောင်းဆောင်ဆောက်လုပ်သည့် အဖွဲ့တွင် ပါဝင်သည်။ ကျောင်းဆောင်ဆောက်လုပ်သည့် အဖွဲ့သားအချင်းချင်း အဆက်အသွယ်ရှိရန် စကားပြောစက် တစ်ခုပေး ကိုင်ထားသည်။ အစိုးရစစ်သားများက “စကားပြောစက်ဘာကြောင့် ကိုင်တာလဲ၊ စကားပြောစက်ကိုင်သည့်အတွက် မင်းမှာအပြစ်ရှိတယ်”ဆို၍ စွပ်စွဲသည်။

ဦး****ကို ဖမ်းဆီးသွားပြီး မိခင်ကိုပြောသွားသည်မှာ “(ဦး****) သူ့ကိုတော့ ကျွန်တော်တို့ ခေါ်သွားပြီနော် ခင်ဗျားတော့နေခဲ့ သူ့ကိုဘာမှမလုပ်ပါဘူး။ ခဏနေပြန်လွှတ်ပေးလိုက်မယ်” လို့ပြောတယ်။

သားကိုအစိုးရစစ်သားများ ဖမ်းဆီးခေါ်ဆောင်သွားသည်။ တွေ့ချင်လျှင် သူတို့နေသည့်နေရာ လမ်းမကြီး (စခန်း)သို့ သွားတွေ့နိုင်သည်ဟုပြောသည်။ သို့သော်လည်း ဦး****၏မိခင်သည် စစ်သားများသာရှိသော ထိုစခန်းသို့တစ်ယောက်တည်း မသွားရဲသောကြောင့် သူ၏သားကိုသွားတွေ့ဆုံခြင်း မရှိခဲ့ပါ။

ဖမ်းဆီးခေါ်ဆောင်သွားပြီး ရက်ပေါင်း(၂၀)ခန့် ဂျေခန်ကျေးရွာ တပ်စခန်းတွင်ရှိနေသည်။ ထိုနောက်ပိုင်းတွင် သတင်းအချက်အလက် တစ်စုံတစ်ရာမှမရရှိတော့ပါ။ ဂျေခန်မှ စစ်ဗိုလ်တစ်ဦးကိုတွေ့ သောအခါကျွန်မ သား****အကြောင်းကိုမေးမြန်းခဲ့တယ်။ “ဗိုလ်ကြီးရှင့် ကျွန်မချွေးမလည်း ကလေးမွေးခါနီးပြီး အခုကျွန်မတို့သားအမိလည်းအရမ်းခက်ခဲတယ် ကျွန်မရဲ့ သားလေးကဘယ်လိုနေလဲ၊ ဘာသတင်းမှ မကြားဘူးလို့မေးတဲ့အခါ၊ စစ်ဗိုလ်ပြောတာက “ဘာသတင်းမှ ကြားစရာမလိုဘူး မွေးနေပါစေပေါ့ အချိန်တန်ရင် ပြန်လာမှာပေါ့”လို့ပဲ ပြန်ပြောတယ်။

အဲဒီစကားပြောပြီးနောက် ခပ်တည်တည်ပဲလှည့်ထွက်သွားတယ်။ ဦး****၏ ဇနီးနှင့်မိခင်သည် ရွာထဲတွင်နှစ်လခန့်စောင့်ခဲ့သည်။ သို့သော် ပြန်ရောက်မလာသောကြောင့် ဗန်းမော် IDPs စခန်းသို့ ရွှေ့ပြောင်းနေထိုင်ခဲ့သည်။ ဦး****၏ခြေ၊ လက်ကျိုးထားသည့်အတွက် သိပ်မသန်စွမ်းသူလည်းဖြစ်သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မအနှောင့်ယှက်ပစ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၅၀နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်ခေါ်ယန်၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၇ရက်၊ ၁၁လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ခေါ်ယန်၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်ခေါ်ယန်၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



## ဦး****၏ဇနီးဒေါ်****ပြောဆိုချက်

အခုကကျွန်မယောကျာ်းကို သွားရှာမယ်ဆိုရင်လည်းရှာလို့မရ။ သူသေသွားတာကိုဆုတောင်း ပွဲလုပ်မယ်ဆိုရင်လည်း ဒီကသင်းအုပ်ဆရာက သူ့ရဲ့သေဆုံးတဲ့အစအနတစ်ခုတောင်မှမရရင်မလုပ် သင့်ဘူး။ ပြောလို့ဆုတောင်းလို့လည်းမရဘူးဖြစ်နေတယ်။ မသေသေးဘူးဆိုရင်လည်း သူ့ကိုမြန်မြန်တွေ့ အောင်ဆုတောင်းမယ်။ သေသွားပြီဆိုရင်လည်း သူ့အတွက် ဆုတောင်းပေးချင်ပါတယ်။

အဲဒီနေ့က ကျွန်မတို့ရွာမှာနံနက်စောစော ဗုံးတစ်ခါကွဲသေးတယ်။ အဲဒါကိုသူက ကျွန်မတို့ နွားထင်ပြီးတော့ သွားကြည့်မယ်ဆိုပြီးထွက်သွားတာ။ သူကခွန်အားလည်းသိပ်မရှိဘူး။ ဖျတ်ဖျတ် လတ်လတ်လည်းမရှိဘူး။ သူ့ရဲ့ရည်ရွယ်ချက်က ဗုံးပေါက်တဲ့နေရာကိုသွား ကြည့်ပြီးတော့ နွားခေါင်းသွား ကြည့်မယ်ဆိုတဲ့ရည်ရွယ်ချက်နဲ့ သွားတာဟုတ်တယ်။

အဲနေ့မနက်က သူ့ကိုတောင် ကျွန်မကမသွားဖို့ တားသေးတယ်။ ဒါပေမယ့် သူကသွားမယ်ဆိုပြီး ကျွန်မစကား ကိုနားမထောင်ဘဲနဲ့ သွားလိုက်တာဟုတ်တယ်။ သူသွားပြီးသိပ်မကြာခင်မှာဘဲ သေနတ် သံနှစ်ချက်သုံးချက်ကြားလိုက်တယ်။ ကျွန်မကနားသိပ်မကောင်းဘူးဆိုတော့ သေနတ်လို့ဘဲထင်တယ်။ အဲချိန်မှာ ကျွန်မက စပါးတွေကိုအိတ်ထဲထည့်နေတဲ့အချိန်ဟုတ်တယ်။ ကျွန်မလည်း သေနတ်သံကြားတာနဲ့ တောထဲကို တစ်ခါထဲထွက်ပြေးသွားပြီ။ ကျွန်မဆီမှာလည်းဘာမှမပါဘူး။ အဝတ်တစ်ထည် ကိုယ်တစ်ခုနဲ့ တောထဲမှာသုံးညလောက်တောင်မှအိပ်လိုက်ရတယ်။ အခုဗုံးပေါက်တဲ့နေရာနဲ့ ကျွန်မတို့ရဲ့အိမ်က တစ်မိုင်လောက်တော့ဝေးတယ်။

ကျွန်မယောကျ်ားက သူ့နွားဟုတ်မဟုတ် သွားကြည့်မယ်ဆိုပြီး သွားကြည့်နေတဲ့အချိန်မှာ ဗမာစစ်ကြောင်းတွေ တက်လာပြီး သူတို့ကိုခေါ်စစ်တယ်တဲ့။ အဲဒီခေါ်စစ်တဲ့အချိန်မှာ သူရယ်၊ မောင်****ရယ်၊ မောင်**** ရယ်သုံးယောက်ဟုတ်တယ်။ သူတို့ကိုစစ်နေတဲ့အချိန်မှာ ပေါက်ကွဲသွားတာဟုတ်တယ်။ အခုသူ ပျောက်နေတာကတစ်လကျော်ရှိသွားပြီ။ ဒါပေမယ့်အခုထိသေလားရှင်လားလည်း မသိသေးဘူး။ သူပျောက် သွားလို့စိတ်ညစ်တာတော့တော်တော်ကိုစိတ်ညစ်တယ်။ ပြောတောင်မပြောပြတတ်လောက်အောင် စိတ်ညစ် ပါတယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| သားသမီး | - တစ်ယောက် |
| နေရပ်လိပ်စာ | - မန်မောင် ပရန်ကောင်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၆ ရက်၊ ၁၂ လ၊ ၂၀၁၁ ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မန်မောင် ပရန်ကောင်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၁၀၅)ဆားမော်၊ ဗိုလ်မှူး မိုးကျော် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မောင်**** |
| အသက် | - ၁၂နှစ် |
| နေရပ်လိပ်စာ | - မန်မောင် ပရန်ကောင်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၇ ရက်၊ ၁၂ လ၊ ၂၀၁၁ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI & KWAT |



ပုံ (၆) - ချိုးဖောက်ခံရသူဒေါ်****၏ သားမောင်****မှဖြစ်စဉ်ကိုပြန်လည်ပြောပြနေစဉ်

## အမှုဖြစ်စဉ်

နိုဝင်ဘာလ၊ ၂၇ရက်၊ ၂၀၁၁ခုနှစ်မှာ ရွာသားတွေ အားလုံးနီးပါး ထွက်ပြေးကြပြီ။ ရွာမှာက အိမ်ခြေ (၂၇/၂၈) လောက်ရှိတယ်။ ဒါပေမယ့် အိမ်ထောင်(၄/၅)ခုတော့ ချန်ခဲ့သေးတယ်။ ပစ်ခတ်မှု စဖြစ်တာကတော့ နိုဝင်ဘာလ(၁၀)ရက်လောက်မှာပါ။ တစ်ခြားလူတွေ ပြေးကြလို့ပြေးရအောင်ပြောလည်း အမေကမပြေးဘူး။ ကျွန်တော်ပြေးဖို့ အဝတ်တွေထုပ်ထားရင်လည်း ပြန်ထုတ်ပစ်လိုက်တယ်။ သူကတစ်ခြားနဲ့မတူဘူး။ ဒီဇင်ဘာ(၁၆)ရက်နေ့ မနက်(၁၀)နာရီလောက်မှာ၊ ဗမာစစ်တပ်တွေ တက်လာလို့ ပြေးရအောင်ဆိုပြီးပြောတဲ့ အချိန်မှာ အမေကလမ်းပေါ်မှာရပ်နေတယ်။ ကျွန်တော်က သော့ပျောက်သွားလို့ သော့ရှာဖို့တက်သွားတုန်း စစ်သားတွေဝင်လာလို့ ကြံစိုက်ခင်းထဲပြေးဝင်သွားတယ်။ ကျွန်တော်က တစ်ခြား(၂)ယောက်( ဦး**** နဲ့ဦး****) တို့နဲ့တူကြံခင်းထဲမှာ ပုန်းနေတယ်။

ခွေးဟောင်သံ တွေကြားရတယ်၊ နောက်ပြီး သေနတ်သံ(၃)ချက် မြည်သံကြားလိုက်ရတယ်။ စစ်သားတွေပြန်သွားမသွားသိရအောင်သွားချောင်းကြည့်တဲ့အခါအမေ့ကို ( ဦး**** ရဲ့အိမ်) အိမ်ရဲ့ခြံဝတံခါးရှေ့မှာ ပက်လက်လှန်လှဲကျနေတာ တွေ့ရတယ်။ သူရပ်ခဲ့တဲ့နေရာမှာ သွေးဖတ်တွေတွေ့ရတယ်။ နောက်ပြီး ကျည်ဆံအခွံတွေလည်းတွေ့ရတယ်။ အမေကအပြာရောင်အကျႌ ဝတ်ထားတယ်။

ကျွန်တော်က လယ်တောထဲမှာငိုပြီးတော့ လယ်တောထဲက အဖိုး **** ကို လိုက်ရှာတယ် ဒါပေမဲ့ အဘိုးကိုမတွေ့တော့ အမေ့ဆီပြန်ပြေးလာပြီး လက်နဲ့ပွတ်ပြီးတော့ ငိုနေမိတယ်။ အမေသေနေလည်း အမေ့အလောင်းကို မသယ်ယူနိုင်ခဲ့ဘူး။ စစ်သားတွေပြန်လာမယ် ဆိုလို့ဝါးကြမ်းခင်းနဲ့ပဲအုပ်ထားခဲ့ရတယ်။ ညနေပိုင်း(၅)နာရီလောက်မှာစစ်သားတွေပြန်ဆင်းလာပြီးအမေ့ကိုအသစ်တူးထားတဲ့အိမ်သာကျင်းထဲထည့်ပြီးမြှုပ်ထားတယ်။ အမေ့ကို အဲသည်မှာ မြှုပ်ထားတဲ့ အကြောင်းကို ရှမ်းတွေ ပြောပြလို့သိရတယ်။ ဖြစ်တဲ့ရက်က ကြာသာပတေး ဖြစ်ပေမယ့် တနင်္ဂနွေနေ့ကျမှ လူ(၁၀)ယောက်လောက်နဲ့ အလောင်းကိုပြန်ထုတ်ယူတဲ့အခါ အလောင်းတောင်နည်းနည်းနံနေပြီ။ ပုန်ဆွေချောင်းရဲ့တစ်ဖက်ကမ်းမှာ ပြန်မြှုပ်လိုက်တယ်။ မြှုပ်တဲ့အခါတော့ ကချင်(၃)ယောက်၊ရှမ်း(၃)ယောက်က ကူပြီးမြှုပ်ပေးလိုက်ကြတယ်။ အဲဒီနောက်တော့ရွာကိုမပြန်ဖြစ်တော့ပဲ၊ လယ်တောထဲမှာပဲ ရှောင်တိမ်းရင်း နေနေတယ်။

အမေရှိတုန်းကတော့ ကျွန်တော်အဝေးကိုသွားပြီး ပြန်လာတဲ့အချိန် မောပြီးအိပ်နေတဲ့အခါဆိုရင် အမေကရေနွေးကျိုပြီး ခြေလက်မျက်နှာတွေ ဆေးပေးတယ်။ ကျွန်တော်လည်း တတ်နိုင်သလောက် အမေ့ကိုရှာဖွေ ကျွေးပါတယ်။ အမေလည်းလက်ဖက်တွေခူးပြီး၊ လက်ဖက်ရောင်းရတဲ့ငွေတွေကို ဆန်တွေဝယ်တယ်။ စပါးရိတ်ချိန်ဆိုရင် ကျွန်တော်လည်းသူများဆီမှာ လယ်ကူလီလိုက်လုပ်၊ မီးသွေးလည်း အငှားလိုက်ထမ်းပါတယ်။ သူလည်းဘယ်လောက်ပြောပြော စစ်တပ်ကုန်းဘက်မှာ



မိုင်းတွေမြှုပ်ထားတယ်ဆိုလည်း လက်ဖက်သွားခူးတယ်။ သည်လိုပဲသားအမိနှစ်ယောက် လုပ်ကိုင်စားသောက်ပြီးနေပါတယ်။

ကျောင်းတော့ သူငယ်တန်းကနေ ကျောင်းထွက် လိုက်ရတယ်။ လွယ်ဂျယ်မှာရှိတဲ့ အစ်မဝမ်းကွဲတို့ အိမ်မှာ နေပြီးကျောင်းတက်တာ ရှက်နက်တာ များလို့အိမ်ကို ပြန်လာတာ။ ကျောင်းမတက်တာ(၂)နှစ်ရှိပြီ။ အခုတော့ စခန်းမှာ အဒေါ် တို့နဲ့ နေနေတယ်။ ရှေ့ရေးအတွက်တော့ ကျောင်းဆက်တက်ချင်တယ်။

## လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၄၂ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သားသမီး | - ၂ ယောက် |
| နေရပ်လိပ်စာ | - ဟင်ဘုတ်၊ ခပရာ ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ ရက်၊ ၁၂ လ၊ ၂၀၁၁ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဟင်ဘုတ်၊ ခပရာ ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အသက် | - ၃၈ |
| နေရပ်လိပ်စာ | - ဟင်ဘုတ်၊ ခပရာ ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၈ ရက်၊ ၁၂ လ၊ ၂၀၁၁ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI & KWAT |

## အမှုဖြစ်စဉ်

ဟင်ဘုတ်ခပရာရွာဟာ တောင်ဇောင်းမှာရှိပြီး ကျွန်တော်တို့ ဟင်ဘုတ်အပိုင်းမှာတော့ အိမ်ခြေ(၇)ခုရှိတယ်။ ခပရာရွာကိုတော့ ကျွန်တော်တို့ရွာကနေ(၁၀)မိနစ်လောက် လမ်းလျှောက်ရပါတယ်။ ပစ်ခတ်မှုစဖြစ်တာကတော့ ဒီဇင်ဘာ (၄)ရက်နေ့(တနင်္ဂနွေ)က ကေအိုင်အေ အမှတ် (၁၂) တပ်ရင်းရှိတဲ့ပရန်လွေရွာဘက်မှာပါ။ အဲသည်နေ့မှာဘဲ လုန်ဘွမ်ဘက် ရှောင်ပြေးကြတယ်။ ခပရာရွာက ရွာသားတွေကတော့ ကျွန်တော်တို့ရဲ့ အောက်ဘက်မှာရှိတဲ့ စမားပရန် ဆိုတဲ့အရပ်မှာ ရှောင်ပြေးနေကြတယ်။ အဲသည်မှာက အိမ်လောက်ကြီးတဲ့ ကျောက်တုံးတွေရှိတယ်။

ဗမာစစ်သားတွေက တောင်ကနေပစ်ကြတယ်။ ကျွန်တော်က သေနတ်မြည်သံကြားလို့တဲကနေ အပြင်ကို ထွက်ကြည့်တော့ ကျွန်တော့်ကိုပစ်တယ်။ ကျွန်တော်ကိုင်လိုက်တဲ့ သစ်ကိုင်း(၂)ခုစလုံး သေနတ်မှန်ပြီးပြတ်ထွက်သွားတယ်။ သေနတ်သံနည်းနည်းတိတ်သွားတဲ့အထိ ဝပ်ပြီးနေနေတယ်၊ ပြီးတာနဲ့ ကျွန်တော့်သား မာတူး ကိုတော့ယောကျ်ားလေးဆိုတော့ တွေ့ရင်ချန်ထားမှာ မဟုတ်ဘူး ဆိုပြီး ပြေးပြီးသွားပွေ့ယူတယ်။ မိန်းမကိုလည်း ပြေးရအောင်လို့ပြောပြီး ကျွန်တော်ကလိမ့်ဆင်းသွားလိုက်တာ ချောက်ရဲ့ တစ်ဖက်ကမ်းရောက်တဲ့အထိ ပြေးသွားလိုက်တယ်။

ပစ်ခတ်မှုစတာကတော့ ညနေပိုင်း(၅)နာရီလောက်မှာပါ။ နောက်မနက် သွားကြည့်တော့ ကလေး(၂)ယောက်ငိုနေတာတွေ့ရတယ်။ ဒါပေမယ့် စစ်သားတွေ ထမင်းချက်စားနေကြလို့ စောင့်နေရတယ်။

ကျွန်တော်တို့ ပုန်းနေတုန်းမှာပဲ ထားထားလိုက်လို့(၄)နှစ်ကလေးရဲ့အမေကို ကချင်လိုပြောသံတွေနဲ့ ကလေးငိုသံတွေကြားရတယ်။ ကျွန်တော်တို့(၂)ယောက်လည်း တဖြည်းဖြည်း တိုးသွားလိုက်တယ်။ စစ်သားတွေ ထွက်သွားတာနဲ့ ပြေးသွားပြီး ကလေးကို သွား ပွေ့ယူလိုက်တယ်။

ကျွန်တော်က မိန်းမကိုအရင်တွေ့တယ် နောက်မှကလေးကို တစ်လံလောက်အကွာမှာ တွေ့ရတယ်။ ဘယ်လိုသေတာလဲလို့ အင်္ကျီကို လှန်ကြည့်တဲ့အခါ ဘယ်ဘက်နံရိုးက လက်သုံးချောင်းလောက်၊ ညာဘက်နံရိုးထိ ဓါးနဲ့ထိုးထားတဲ့ဒဏ်ရာကို တွေ့ရတယ်။ ညာဘက်လက်မောင်းတောင်ထိတယ်။ စစ်သားတွေနဲ့ သိပ်မဝေးသေးတာကြောင့် အလောင်းကိုတွေ့ရလည်း တောဘက်ကို ဆက်ပြေးသွားရတယ်။ ဒေါ်****ရဲ့(၄)နှစ်သမီး( မ****)ပြောပြ တာကတော့ (အမေ့ကိုတော့ ဆေးထိုးပေးတယ်၊ ဘွားလေးကိုတော့ ဓါးမြှောင် နဲ့ ထိုးတယ်)လို့ ပြောပြတယ်။ (၃)ရက်ကြာတဲ့နောက် ညနေပိုင်းကျမှ ကျွန်တော်တို့တဲနဲ့ သိပ်မဝေးတဲ့ နေရာမှာအလောင်းကိုတော့ အဝတ်နဲ့ပတ်လိုက်တယ် ပြီးတော့ကျင်းတူးပြီးမြှုပ်လိုက်တယ်။ မြှုပ်တဲ့အချိန်မှာ ကူတဲ့သူတွေကတော့ ဦး****၊ ဦး****၊ ဦး****၊ ဦး****၊ ဦး****နဲ့ ဦး**** တို့ဖြစ်တယ်။ အခုကျွန်တော်တို့ သားအဖ မြန်မာ ပြည်ခြံမှာ နေလို့ရနိုင်ပေမဲ့ ရှိသမျှစပါးတွေ အားလုံးမီးရှို့ခံလိုက်ရတော့ ဘာမှမကျန်တော့ဘူး၊ အဝတ်ဆိုလည်း ကိုယ်မှာ ကပ်တာပဲကျန်တော့ တယ်။ သမီးတော့ သူ့အမေကို မတွေ့ရတာ (၄) ပတ်လောက်ရှိပြီဆိုတော့အတော်လေးလွမ်းနေတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူ(၁) | - ဦးမရစ်ဂမ်ကျန် (သတ်ခံရ) |
| ကျား/မ | - ကျား |
| အသက် | - (၄၈)နှစ်။ |
| ပုံမှန်မဟုတ်ခြင်း | - နားမကြားခြင်း၊ တစ်ယောက်တည်း စကားပြောနေခြင်း။ |
| ချိုးဖောက်ခံရသူ(၂) | - ဦးလဗျလ (အသတ်ခံရ) |
| ကျား/မ | - ကျား |
| အသက် | - (၃၃)နှစ်။ |
| ပုံမှန်မဟုတ်ခြင်း | - စိတ်မနှံ့သူ၊ စကားမပြောတတ်။ |
| ချိုးဖောက်ခံရသူ(၃) | - ဦးအင်ခွမ် ဘရန်အောင် (အသတ်ခံရ) |
| ကျား/မ | - ကျား |
| အသက် | - (၃၆)နှစ်။ |
| ပုံမှန်မဟုတ်ခြင်း | - ဝက်ရူးပြန်ခြင်း။ |
| ချိုးဖောက်ခံရသူ(၄) | - ဦးလဖိုင်ဇော်နော် |
| ကျား/မ | - ကျား |
| အသက် | - (၇၀)နှစ်။ |
| ပုံမှန်မဟုတ်ခြင်း | - လမ်းမလျှောက်နိုင်။ |
| ချိုးဖောက်ခံရသူ(၅) | - ဦးအင်ဂွမ်နော် |
| ကျား/မ | - ကျား |
| ဇနီး | - **** |
| အသက် | - (၄၃)နှစ်။ |
| အလုပ်အကိုင် | - တောင်ယာ။ |
| ချိုးဖောက်သူ | - အစိုးရစစ်သား။ |



| | |
|---|---|
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်လိမ်းပါကျေးရွာ၊ မံစီမြို့နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အသက် | - (၃၇)ခုနှစ်။ |
| အလုပ်အကိုင် | - ခြံလုပ်ကိုင်ခြင်း။ |
| ပညာအရေအချင်း | - (၇)တန်း။ |
| ဇနီး | - ဒေါ်**** |
| သားသမီး | - မ(၃)/ကျား(၂) |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - နမ်လိမ်းပါကျေးရွာ၊ မံစီမြို့နယ်။ |
| လူမျိုး | - ကချင်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ရက်၊ ဩဂုတ်လ၊ ၂၀၁၄ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

၂၀၁၃ခုနှစ်၊ နိုဝင်ဘာလတွင် နမ်လိမ်းပါရွာထဲသို့ အစိုးရစစ်တပ် ဝင်ရောက်လာခဲ့သည်။ အစိုးရစစ်ကြောင်းများရုတ်တရက်ရွာထဲသို့ ဝင်ရောက်လာသည့်အခါ အချို့သောရွာသားများသည် ထွက်ပြေးနိုင်ခဲ့သည်။ သို့သော်ပုံမှန်မဟုတ်သည့် အခြေအနေရှိသူများသည် ထွက်ပြေးနိုင်ခြင်း မရှိခဲ့ပါ။ ထိုသူများကို အစိုးရစစ်တပ်မှ ဖမ်းဆီးချုပ်နှောင်ပြီး သတ်ဖြတ် ခဲ့ကြသည်။ "ဗမာစစ်ကြောင်း ဝင်လာပြီဗျို့ဆိုတဲ့ အသံကြားတာနဲ့ သာမန်လူများက စောစောထွက်ပြေးနိုင်ခဲ့တယ်။ သူတို့ကတော့ မထွက်ပြေးနိုင်တော့ဘူး။ မထင်မှတ်ဘဲ ဝင်ရောက်လာတဲ့အတွက်၊ သူတို့အဖမ်းခံလိုက်ရတယ်။"

**ထွက်မပြေးနိုင်ခဲ့သောပုံမှန်မဟုတ်သည့်သူများမှာ-**

၁။ ဦး****၊ အသက်(၄၈)နှစ် "သူကနားမကြားဘူး၊ လပြည့်ညတွေမှာ ကယောင်ချောက်ချားဖြစ်ပြီး တစ်ယောက်တည်း စကားပြောနေလေ့ရှိတယ်။ သူက (သူများစကားပြောရင်) ထူးလေ့မရှိဘူး။"

၂။ "ဦး**** သူကအရူးဖြစ်တယ်။ မသန်စွမ်းဘူး။ အပြေးလည်းမသန်ဘူး။ စကားမပြောတတ်ဘူး။ အသက်က ၃၃နှစ်လောက်ရှိတယ်။"

၃။ "ဦး****၊ အသက်(၃၆)နှစ်လောက်ရှိတယ်။ သူကဝက်ရူးပြန်တယ်။ သူ့ကို ကြည့်ရင်တော့ ထောင်ထောင်မောင်းမောင်းဘဲ။ သူ့ကိုကျွန်မတို့ သာမန်လို စကားပြောရင်တော့၊ ပြန်လည်ပြောဆိုတတ်တယ်။ ဒါပေမဲ့သူ့ဘက်ကနေ အရင်စကား ပြောလေ့မရှိဘူး။ အိမ်ထောင်မရှိဘူး။ သူလည်း ရူးတယ်။ ဆိုတော့ မထွက်ပြေးဘူး။ သူ့ကိုလည်း ဖမ်းခေါ်သွားတယ်။ ဘယ်အချိန် သတ်ခံလိုက်ရတာတော့ မသိလိုက်ဘူး"

၄။ "ဦး****၊ အသက်ကြီးပြီ (၇၀)နှစ်လောက်ရှိတယ်။ လမ်းသိပ်မလျှောက်နိုင်တော့ဘူး။ အသက်ကြီးလာတော့ ခွန်အားမရှိတော့ဘူး။ အသက်ကြီးရင်လည်း လူစင်မမီဘူး။ ထိုင်းတယ်။ စကားတော့ ပြောတတ်တယ်။ ဗမာစကားတော့ မပြောတတ်ဘူး။ ကချင်စကား လောက်ဘဲ ပြောတတ်တယ်။ အသက်သာကြီးပြီး အိမ်ထောင်မပြုဖူးဘူး။"

**အချို့သောသာမန်ရွာသားများလည်းသတ်ဖြတ်ခြင်းခံရသည်။**

၁။ "ဦး****က သူ့မိန်းမနဲ့ အတူနေတယ်။ သားသမီး မထွန်းကားဘူး။ တောဘက်က တောင်ယာ

မှာအနေများတဲ့အတွက် ဗမာစစ်တပ်ရောက်နေတာကို မသိလိုက်ဘူး။ ရွာကို ပြန်လာတော့ ခံသွားရတယ်။ သူ့ကိုသတ်လိုက်တာတော့သိပြီ။ အခုချိန်ထိ အလောင်း မတွေ့သေးဘူး။ အသက်က ၄၂-၄၃နှစ်လောက်ဘဲရှိတယ်။ သူတို့သတ်ထားတာ (၄)လောင်းဘဲတွေ့တယ်။”
၂။ “ဦး****က ကလေးပဲ အိမ်ထောင်ပြုတာ တစ်နှစ်ပဲ ရှိသေးတယ်။ သူ့ကိုလည်းမတွေ့မိ တော့ဘူး။” အစိုးရစစ်တပ်များရွာထဲမှ ထွက်ခွါသွားပြီးနောက် ရွာထဲတွင် လိုက်လံရှာဖွေကြည့်သည့်အခါ စိတ်မနှံ့ သောလူများ၏ အလောင်းသုံးလောင်းသာ တွေ့ရှိခဲ့သည်။ ဦး****၏ အလောင်းမှာ မတွေ့ရှိသေးပါ။ ရွာ သူရွာသားများ လိုက်လံရှာဖွေသောအခါ အပိုင်း(၃)ရွာလူကြီး၏ အိမ်ခြံဝင်းတွင် စိတ်မနှံ့သောလူများ၏ အလောင်း (၃)လောင်းကို တန်းစီပြီး မြုပ်ထားသည်ကို တွေ့ရှိရသည်။ **** ဆိုသောသူကို မြေမြုပ်ထားရာတွင် ဒူးခေါင်းလည်း ပေါ်နေသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်ခြင်း**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်ပေါင်ဆာနော်ဒင့် |
| ကျား/မ | - ကျား |
| အသက် | - ၁၆နှစ်။ |
| ပညာအရေအချင်း | - (၅)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား။ |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| မွေးစားမိဘ | - ဦး****နှင့် ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်လိမ်းပါကျေးရွာ၊ မံစီမြို့နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၈ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ် (မနက် ၁၀း၀၀ နာရီ) |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်လိမ်းပါကျေးရွာ၊ မန်စီမြို့နယ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - ၅၃နှစ်။ |
| ပညာအရည်အချင်း | - ၅တန်း။ |
| ကိုးကွယ်ယုံကြည်မှု | - ရိုမန်ကတ်သလစ်။ |
| ခင်ပွန်း | - ဦး**** |
| အသက် | - ၅၅နှစ်။ |
| ပညာအရည်အချင်း | - ၄တန်း |
| အလုပ်အကိုင် | - တောင်သူ။ |
| သား/သမီး | - (၂) ယောက်။ |
| အဖအမည် | - ဦး**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ခြင်း | - မွေးစားမိခင်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ဩဂုတ်လ၊ ၂၀၁၄ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့ အစည်း | - SSDF |



**အမှုဖြစ်စဉ်**

မောင်ပေါင်ဆာနော်ဒင့်နှင့် သူ၏အစ်မသည် စစ်သတင်းအခြေအနေကြောင့် ရွာထဲတွင်မအိပ်ဘဲ လယ်တော၌သာ သွားအိပ်ခဲ့သည်။ မိဘများကခြံထဲတွင်အိပ်သည်။မောင်ပေါင်ဆာနော်ဒင့်သည် နေမကောင်းသဖြင့် ဆေးထိုးရန် ရွာထဲသို့ပြန်လာချိန်တွင် ရွာထဲမှဆေးဆရာမများက ‘ဆေးထိုးရန် မလိုတော့ဘူး’ ဟုပြောဆို သောကြောင့် မောင်နှမ နှစ်ယောက်သည် အိမ်သို့ခဏပြန်လာခဲ့သည်။ မောင်နှမနှစ်ယောက် အိမ်အောက်ထပ်၌ရှိနေချိန် ၈ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ် နံနက်(၁၀း၀၀နာရီ) တွင် အစိုးရစစ်တပ်များသည် ရွာထဲသို့ရောက်လာကြသည်။ ထိုအချိန် အစိုးရစစ်တပ်များရွာထဲသို့ ဝင်လာသည်ကို မောင်နှမနှစ်ယောက် မတွေ့လိုက်ပါ။

အစိုးရစစ်တပ်များ ဝင်လာသည့်အချိန်တွင် မောင်ပေါင်ဆာနော်ဒင့်သည် အိမ်အောက်ထပ်တွင် ထိုင်နေခဲ့သည်။ အစ်မဖြစ်သူမှာ ဝက်စာကျွေးနေသည်။ အစိုးရစစ်ကြောင်းဝင်လာတာကို မောင်****က တွေ့လိုက် သည့်အတွက် သူ့အစ်မကို “အစ်မရယ် စစ်ကြောင်းဝင်လာပြီ”လို့ ပြောတဲ့အခါ အစ်မဖြစ်သူက “ထွက်ပြေး လို့မရရင်တော့ ဒီအတိုင်းပဲနေနေရအောင်” လို့ပြောတဲ့အချိန် မောင်ပေါင်ဆာနော်ဒင့်က “ကျနော်ကအဖမ်းတော့မခံနိုင်ဘူး။ ထွက်ပြေးမှာပဲ” ဆိုပြီးပြေးထွက်သွားတယ်။ ထွက်ပြေးချိန် သေနတ်ကျည်ဆံကနံဖူးမှာ ထိမှန်သွားတဲ့အတွက် ပွဲချင်းပြီး သေဆုံးသွားတယ်”

“သူ့အစ်မက အိမ်အောက်မှာ ဝပ်နေတယ်။ သူ့မောင်လေးကို အိမ်ဘေးမှာပစ်သတ်သွားခဲ့ပြီးဗမာ စစ်တပ်များက ရွာထဲကိုလက်နက်ကြီးများ ပစ်ချနေတယ်။ လက်နက်ကြီးပစ်သံများ ငြိမ်သွားပြီးနောက် အစ်မဖြစ်သူက ထွက်ပြေးသွားတယ်။ ရွာထဲကိုလက်နက်ကြီး အဆက်မပြက် ပစ်ခတ်သဖြင့် သူ့မောင် လေး၏ အလောင်းကိုတောင် ဗမာစစ်တပ်များ(ရွာထဲမှ) ထွက်သွားပြီးတဲ့ နောက်ပိုင်းမှသာ သဂြိုလ်နိုင်ခဲ့ ရတယ်”


မောင်ပေါင်ဆာနော်ဒင့်သည် ငယ်ရွယ်စဉ်ကတည်းက မိဘများဆုံးပါးသွား၍ ယခုဖြစ်စဉ် ကိုပြောပြသော ဒေါ်**** မိသားစုမှ ကျွေးမွေးပြုစု၊ စောင့်ရှောက်ခဲ့သည်။ အခင်းဖြစ်သည့် နေရာသည် ရွာအပိုင်း(၂) တွင်ဖြစ်ပြီး ထိုနေရာတွင် ကေအိုင်အေစစ်သားများလည်းမရှိပါ။ သို့သော် နမ်လိမ်းပါအပိုင်း(၁) ရွာဦးတောင်ဘက်တွင် ကေအိုင်အေ စစ်သားများရှိသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – သတ်ဖြတ်ခြင်း**

| | |
|---|---|
| ချိုးဖောက်ခံရသူနာမည် | - မခေါန်ဂျာ |
| ကျား/မ | - မ |
| အသက် | - ၉နှစ်။ |
| ပညာအရည်အချင်း | - စတုတ္ထတန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသူ။ |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ရပ်ကွက်***၊ ကောင်းလွန်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၇ရက်၊ နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်။ (ကြာသပတေးနေ့)။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ရပ်ကွက်***၊ ကောင်းလွန်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |

| | |
|---|---|
| အသက် | - ၃၈နှစ်။ |
| အလုပ်အကိုင် | - တောင်သူ။ |
| လက်ရှိနေရပ်လိပ်စာ | - IDP စခန်း၊ ****ဘုရားကျောင်း၊ ဗန်းမော်မြို့။ |
| ကျူးလွန်ခံရသူနှင့်တော်စပ်ပုံ | - မိခင်။ |
| မှတ်တမ်းကောက်သည့်နေ့ | - နိုဝင်ဘာလ၊ ၂၀၁၃ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |


ပုံ (၇) - ချိုးဖောက်ခံရသူမခေါန်ဂျာ


ပုံ (၈) - မခေါန်ဂျာ၏ တစ်လပြည့် သတိရအောက်မေ့ဆုတောင်းပွဲဖိတ်ကြားလွှာ

## အမှုဖြစ်စဉ်

၇ရက်/၁၁လ/၂၀၁၃ခုနှစ် ကြာသာပတေးနေ့ မနက် ၉း၀၀နာရီအချိန်တွင်အစိုးရစစ်တပ်နှင့်ကေအိုင်အေတပ်ရင်း(၁၂)တို့ တိုက်ပွဲဖြစ်ပွားသည်။ တိုက်ပွဲဖြစ်တဲ့အချိန် "သေနတ်သံကြားလို့ ကျွန်မသမီးနဲ့အတူဝပ်နေ တဲ့အချိန်လက်နက်ကြီးကျည်ဆံကျလာတယ်။ပြီးတော့ကျည်ဆံပေါက်ကွဲသွားတယ်။ ပေါက်ကွဲလာတဲ့ ကျည်ဆံရဲ့ အပိုင်းအစတွေ ကျွန်မသမီးကို ထိသွားတယ်။" ဟု ဒေါ်****က ပြောသည်။

လက်နက်ကြီးအိမ်ရှေ့ တစက်မြိတ်မြောင်းနားမှာလာကျတယ်။ ကျကွဲလာတဲ့လက်နက်ကြီး ကျည်ဆံစတွေမခေါန်ဂျာကို ထိတယ်။နဖူးပေါ်မှာတစ်ခုထိသွားတယ်။ နဖူးအထဲကိုတော့မဝင်သွားဘူး။ နဖူးအရေပြားမှာညိုနေတယ်။ လည်ပင်းရင်း (ပခုံးရင်း) မှာ တစ်ခုစိုက်ဝင်ပြီးပေါက်ထွက်သွားတယ်။ မခေါန်ဂျာသည် ပွဲချင်းပြီးသေဆုံးသွားသည်။

"အဲဒီလက်နက်ကြီးကျလာတဲ့နေရာက၊လက်နက်ကြီးဖင် (ကျွန်မလည်း တွေ့တော့ မတွေ့လိုက်ဘူး။) ပန်ကာလို့ပြောတယ်။ ဟိုဦး****(ရွာလူကြီးတစ်ယောက်) ဆိုသူကတွေ့ပြီး လာထုတ်ယူသွားတယ်။ အဲဒီလက်နက်ကြီးဖင်က ပန်ကာကို ကြည့်ပြီး ဗမာစစ်သားတွေက သူတို့ပစ်တဲ့ လက်နက်စ (လက်နက်ကြီး) ဖြစ်တယ်လို့ သိကြတယ်။"

အစိုးရစစ်သားများမခေါန်ဂျာနှင့်မိခင်ဒေါ်**** သွားကြည့်နေစဉ် သေနတ်သံပြန်မြည်လာ၍ စပါးကျီ အောက်တွင်ဝင်ပုန်းခိုနေသည်။သေနတ်သံတိတ်သွားပြီဆိုပြီးဆရာဝန်တွေကိုသွားခေါ်ပေးဖို့ရန်စစ်သားများပြန်လာ ကြည့်သည့်အခါသေနတ်သံပြန်မြည်လာသည်။ထို့ကြောင့်ဒေါ်****သည်စပါးကျီအောက်သို့ ပြန်လည် ပုန်းခိုနေရသည်။ သေနတ်သံတွေ အားလုံးငြိမ်သွားပြီးနောက် ကြည့်လိုက်တော့ မခေါန်ဂျာသည် အသက်မရှိတော့ပေ။"ကျွန်မက မေ့မြောနေတယ်ထင်ပြီးနာခေါင်းကိုအသက်ရှူလာအောင်မှုတ်ပေးနေတယ်။ အသက် လည်းပြန်မရှူလာဘူး။ အမေလို့တောင် အသံမထွက်နိုင်တော့ပဲ သေသွားရရှာတယ်။"

သေဆုံးသွားတဲ့ကလေးကိုဆုတောင်းပေးဖို့ရန်အတွက် ပိုက်ဆံကျပ်တစ်သိန်း (၁၀၀,၀၀၀) ကို ဗမာစစ်တပ်တွေကပေးခဲ့သည်။ မခေါန်ဂျာရဲ့ အလောင်းကို ညမိုးချုပ်ခါနီးမှ ရွာလူကြီးများက သွားမြေမြုပ်သဂြိုလ်ကြသည်။ (မြေမြုပ်သဂြိုလ်ရာတွင် မခေါန်ဂျာ၏အမေလိုက်ပါခြင်း မရှိပါ။ ဆုတောင်းပေးမည့် ဘာသာရေးဆရာတွေလည်းမရှိသည့်အတွက် ဆုမတောင်းဘဲနဲ့ မြုပ်လိုက်ရသည်။)



အဲဒီအဖြစ်အပျက်ဖြစ်သည့်ညတွင် ရွာသားများအားလုံးကို ကောင်းလွန်ကျေးရွာကဘုန်းကြီးကျောင်း မှာ နေထားခိုင်းလိုက်သည်။၂၈ရက်၊ နိုဝင်ဘာလ၊၂၀၁၃ခုနှစ် (ကြာသာပတေးနေ့)တွင် ****အသင်းတော် ကျောင်းဝင်း ဗန်းမော်မြို့တွင် (တစ်လပြည့် သတိရအောက်မေ့ ဆုတောင်းပွဲ ပြုလုပ်ခဲ့သည်။

"အိမ်ပကပစ္စည်းတွေ တစ်ခုမှယူမလာခဲ့ဘူး။ ပစ္စည်းဥစ္စာထက် ပိုတန်ဖိုးရှိတဲ့ သမီးတောင်သေသွားပြီ။ သွေးချင်း နီးတဲ့ဆွေမျိုးလည်း မရှိဘူး။ ကျွန်မတို့ သားအမိ နှစ်ယောက်တည်းနေကြတာ"

rSwfcsuf / racgef*smonf tcifjzpfyGJf0ftcsdefwGifzcifaoqkdtGonfrS
2epSaus&Sjzpfonf rdifESifhelyDynmoif, aeaomausmifoljzpfonf

| လူ့အခွင့်အရေးချိုးဖောက်မှု | - မတရားသတ်ဖြတ်မှု |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၇၀ကျော်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်ယုံကြည်မှု | - ခရစ်ယာန်၊နှစ်ခြင်း။ |
| ပုံမှန်မဟုတ်ခြင်း | - နားမကြားခြင်း၊ စကားသိပ်မပြောနိုင်ခြင်း။ |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | -နမ့်လိမ်းပါကျေးရွာ။ မံစီမြို့နယ်။ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ်။ |
| အခင်းဖြစ်ပွားသည့် နေရာ | - နမ့်လိမ်းပါကျေးရွာ။ မံစီမြို့နယ်။ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - (၈၀)ကျော်။ |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ခြင်း | - မတ်။ |
| ခင်ပွန်းအမည် | - (ဦး****) |
| သား၊သမီး | - ၅ ယောက်။ |
| လက်ရှိနေရပ်လိပ်စာ | - ဗန်းမော် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၅ရက်၊ ဩဂုတ်လ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

ဦး****သည် အကြားအာရုံချို့ယွင်းသူဖြစ်သည်။ အသက်ရလာ၍ သွားများလည်းမရှိသဖြင့်စကားပြောရာတွင်လည်း ပီသခြင်းမရှိတော့ပါ။ ဦး****၏ မိခင်သည် ဤဖြစ်စဉ်ကိုပြောပြသူ ဒေါ်****၏ ယောက်ခမဖြစ်သည်။ ထို့ကြောင့် မရီးဖြစ်သူ ဒေါ်****၏ နေအိမ်တွင် နေထိုင်သည်မှာ အနှစ် (၂၀) ကျော်ရှိပြီဖြစ်သည်။

သူသည်လူစင်မမီသောကြောင့် အိမ်ထောင်ပြုခြင်းမရှိဘဲ ဆွေးမျိုးများ၏ အိမ်တွင်ခိုလှုံနေထိုင်သူဖြစ်သည်။ နမ့်လိမ်းပါကျေးရွာသို့ အစိုးရစစ်တပ်များ ဝင်ရောက်လာသည့်အခါ ရွာသားအားလုံး

ထွက်ပြေးကုန်ကြ သည်။ ထိုသို့ထွက်ပြေးချိန်တွင် ဦး****သည်အိမ်သားများနှင့် ကွဲသွားပြီးနောက် ပျောက်ဆုံးခဲ့သည်။

ဘယ်နေရာတွင် ဘယ်လိုဆုံးသွားသည်မှာ ယခုအချိန်ထိ စုံစမ်းနိုင်ခြင်းမရှိသေးပါ။ ရွာထဲသို့အစိုးရစစ်တပ်များ ဝင်ရောက်ချိန်တွင် အသတ်ခံရသော ရွာသားများလည်း ရှိသည်။ အစိုးရစစ်သားများ ရွာတွင်းမှ ထွက်ခွာသွားပြီးနောက် ရပ်ရွာသားများက ရွာတွင်ရှာဖွေစစ်ဆေးကြည့်ရာ အခြားသောရွာသားများ၏ အလောင်းများကိုသာ တွေ့ရှိခဲ့ပြီး ဦး**** ၏ အလောင်းကို ရှာဖွေတွေ့ရှိခြင်း မရှိခဲ့ပါ။ ဦး****၏ အစ်ကိုသည် အစိုးရစစ်သားအဖြစ် တာဝန်ထမ်းဆောင် သွားသည့်အချိန်မှစ၍ ယနေ့တိုင်အိမ်သားများနှင့် ပြန်လည်ဆက်သွယ်ခြင်း မရှိတော့ပါ။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်ဝဂျေမျိုးလီ(ခ)ဝဂျေခါး( Waje Myu Li) |
| ကျား/မ | - ကျား |
| အသက် | - (၁၇) နှစ်။ |
| ပညာအရည်အချင်း | - (၇)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| မောင်နှမ | - အစ်ကို(****) အစ်မ(****) ညီမ(****) |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်လိမ်းပါကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေရာ | - ကောင်းလွန်ကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေ့ | - ၉/၁၀ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - ၆၀နှစ်။ |
| ကိုးကွယ်ယုံကြည်မှု | - ခရစ်ယာန်(နှစ်ခြင်း) |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

၉ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ် (စနေနေ့)တွင် အစိုးရစစ်ကြောင်းသည် နမ်လိမ်းပါရွာသို့ ဝင်လာ ကြသည်။ အချို့ရွာသားများသည် အစိုးရစစ်ကြောင်းများ ရောက်မလာခင်ကတည်းက လယ်တောနှင့် တောင်ယာတို့တွင် တိမ်းရှောင်နေခဲ့သည်။ အစိုးရစစ်ကြောင်းများ ဝင်လာသည့်နေ့ ညနေပိုင်းအချိန်တွင် ရွာသားများ ထွက်ပြေးခဲ့ကြသည်။ အစိုးရစစ်ကြောင်းများသည် ကေအိုင်အေများနှင့် တနင်္ဂနွေနေ့တွင် စစ်ပွဲဖြစ်ခဲ့ကြသည်။ ထွက်မပြေးနိုင်ခဲ့သော ရွာသားများကို အစိုးရစစ်ကြောင်းများက ဖမ်းဆီးထားသည်။ အစိုးရစစ်ကြောင်းများသည် တနင်္ဂနွေနေ့နှင့် တနင်္လာနေ့တွင် ရွာထဲသို့သေနတ်ပစ်ခတ်ကြသည်။ အစိုးရစစ်ကြောင်းများသည် အင်္ဂါနေ့ နံနက်ပိုင်းတွင် ရွာထဲမှ ထွက်ခွာသွားကြသည်။

မောင်ဝဂျေမျိုးလီ(ခ)ဝဂျေခါးသည် KIAများကို ထမင်းသွားပို့ရန် ရွာလူကြီး ခေါ်သောကြောင့်



လိုက်သွား သည်။ နမ်လိမ်းပါရွာအထွက် ကောင်းလွန်ရွာသို့သွားသည့် လမ်းထောင့်တွင် အစိုးရစစ်ကြောင်းများ ပစ်သတ် လိုက်ကြသည်။

"ကျွန်မသားက ငယ်သေးတော့ သူများလာခေါ်ရင် ငြင်းလေ့မရှိဘူး။ သူများသားသမီးတွေ ငြင်းဆိုတတ် တယ်။ ဒါပေမဲ့ကျွန်မသားက မငြင်းဆိုဘဲလိုက်သွားတယ်။ ညသန်းခေါင် ထမင်းသွားပို့ချိန် ဖြစ်သွားတယ်။ ဖြစ်သွားတာက တနင်္ဂနွေနေ့မှာဖြစ်ခဲ့တယ်။ ဒါပေမဲ့ကျွန်မတို့က အင်္ဂါနေ့ကျမှ ကြားသိရတယ်။" "တကယ်ပါ ကျွန်မသားက အရပ်သား ပြည်သူဖြစ်တယ်။ သူတို့နှစ်ယောက်စလုံးကို ပစ်သတ်လိုက်ပြီး ရွာလူကြီးကိုတော့ (ကေအိုင်အေ) စစ်ဝတ်စုံဝတ်ထားပေးတယ်။ ကျွန်မသားကိုတော့ စစ်ဝတ်စုံ မဝတ်ထားပေးဘူး။ မြေကြီးမှာ မြှုပ်ထားပေးတယ်"

အစိုးရစစ်ကြောင်းများ ရွာထဲမှထွက်ခွာသွားပြီးနောက် ပြန်လည်တူးဖော်ယူပြီး "အဲဒီနေရာမှာပဲ သီးခြားစီ ပြန်မြှုပ်ခဲ့တယ်။ အစကတော့နှစ်ယောက် စလုံးကိုတစ်ကျင်းထဲ အတူတူမြှုပ်ထားတယ်"

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်မရူတန်ဘောင်နန်နော်(Maru Tangbau Nan Naw) |
| ကျား/မ | - ကျား |
| အသက် | - ၉နှစ်။ |
| ပညာအရေအချင်း | - (၃)တန်း။ |
| လူမျိုး - ကချင် | |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား။ |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| မောင်နှမ | - အစ် (၁)၊ ညီမ (၁) |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်လိမ်းပါကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၈ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ် (နံနက်ပိုင်း) |
| ချိုးဖောက်သူ | - အစိုးရစစ်တပ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| ချိုးဖောက်ခံရသူနှင့် တော်စပ်ပုံ | - အဖွား။ |
| အသက် | - ၇၄နှစ်။ |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန်(နှစ်ခြင်း) |
| ခင်ပွန်း | - ဦး**** |
| လက်ရှိနေရပ်လိပ်စာ | - ဗန်းမော်မြို့။ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၅ရက်၊ ဩဂုတ်လ၊ ၂၀၁၅ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

စစ်ဖြစ်မည့်အလားအလာ ရှိနေသည့်အတွက် မောင်မရူတန်ဘောင်နန်နော်သည် အဖွား၊ အမေ၊ အိမ်သား တွေနှင့် အတူလယ် တွင်ပုန်းအောင်းခိုလုံနေသည်။ ကျောင်းသွားရာတွင်လည်း ၎င်းတို့ ပုန်းအောင်းခိုလုံ နေသည့် နေရာမှသွား လေ့ရှိသည်။

စစ်ဖြစ်နေသည့်သတင်းလည်းသိပ်မကြားတော့သည့်အတွက်အိမ်ကိုပြန်ရန် စီစဉ်နေသည်။ ဆုံးသွားသောကလေး၏မိခင်သည် လယ်တောတွင်ဝှက်ထားသည့် ပစ္စည်းများကိုသွားရောက် ယူ‌ဝေ

ဆောင်ဖို့ရန်လယ်တောသို့သွားလိုက်သည်။ မောင်မရှုတန်ဘောင်နန်နော်သည် အဖွား၊ မောင်နမများနှင့် အတူအိမ်တွင်ရှိနေခဲ့သည်။ အဲဒီအချိန်မှာ အစိုးရစစ်သားများသည် ကောင်းလွန်ရွာဘက်မှ ရောက်ရှိလာသောကြောင့် ရွာသားတွေအားလုံး ထွက်ပြေးသွားသည်။

သူတို့မြေးအဖွားတွေလည်း ထွက်ပြေးလာပြီးတော့ သူတို့ရပ်ကွက်ထဲက ****တို့အိမ်ရောက်တဲ့ အချိန်မှာ အစိုးရစစ်တပ်တွေ ပစ်လိုက်သည့် သေနတ်ကျည်ဆံသည် မောင်မရှုတန်ဘောင်နန်နော်ကို ထိမှန်ပြီး သေဆုံးသွားခဲ့သည်။ မောင်ရှုတန်ဘောင်နန်နော် သေဆုံးသွားသည့်အချိန်မှာ ၈ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ်ဖြစ် သည်။

"ကျွန်မလည်း စပါးကျိတ်နေတော့ သေနတ်သံလည်း ပြန်မကြားဘူး။ သေနတ် သံကြားတာနဲ့ မြေးအဖွား၊ နော်(သေဆုံးသူ)၊ မာဂမ် တို့သည်ဥည့်ခန်းဘက်သို့ ပြေးဝင်သွားကြတယ်။ ဘယ်အချိန် အိမ်ပြင်ပြန်ထွက်သွားလည်း ဆိုတာမသိလိုက်ဘူး။ သူထွက်သွားပြီးနောက် သေနတ်ကြီးကျလာပြီး သူ့ကိုထိသွားတယ်။ ကျွန်မတို့ မြေးအဖွားတွေထွက်လာတဲ့ အချိန်ကြတော့ သူ၏ရင်ဘက်ထဲမှာထိသွားပြီ သူက 'အဖွား' လို့ ပြောလိုက်သေးတယ်။ သူထိသွား တာမသိလိုက်ဘူး။ အဖွားတို့နေတဲ့နေရာကို ပြန်သွားရအောင် ဆိုပြီးဆွဲတော့သူ့အစ်ကိုက "အဖွား 'နော်' မလှုပ်တော့ ဘူး" ဆိုပြီးပြောတော့၊ သူ့ကိုထားခဲ့လိုက်ရတယ်"

အဖွားဖြစ်သူက အခြားသောမြေးများကိုလည်း လုံခြုံသောနေရာသို့ ခေါ်သွားရမည်ဖြစ်သည့်အတွက် သေနတ်ထိမှန်ကာ သေဆုံးသွားသော မြေးလေး မောင်ရှုတန်ဘောင်နန်နောကို ၄င်းသေနတ် ထိမှန်ခဲ့သော နေရာတွင် သာချန် ထားခဲ့ရသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦးအင်ခွန်ဂမ် |
| ကျား/မ | - ကျား |
| အသက် | - ၆၄ နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - လယ်ယာ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၅ယောက် |
| နေရပ်လိပ်စာ | - ခနူယန်ရွာ၊ မံစီမြို့နယ်၊ ဗန်းမော်ခရိုင်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၇ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - လယ်တောမှာ |
| ချိုးဖောက်သူ | - တပ်မ (၃၃) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ၏ဇနီး |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၉ရက်၊ ၁လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

"ကျွန်မတို့ မိသားစုဟာ နမ်ခါးခရော့လို့ ခေါ်တဲ့နေရာမှာ လယ်စပါးရိတ်သိမ်းရင်း စစ်တိမ်းရှောင်နေတာပါ။ ဒီဇင်ဘာလ၊ ၁၇ရက်နေ့ မနက်၈နာရီလောက်မှာတော့ ကျွန်မတို့ လယ်တောနားကတောမှာ ဗမာစကား တီးတိုးတီးတိုးပြောသံတွေ ကြားရတော့၊ ကျွန်မတို့က ဗမာစစ်သားတွေများ ရောက်နေသလားဆိုပြီး ဒီနေရာကနေထွက်ပြေးရအောင်လို့ ပြောကြပြီး၊ ကျွန်မတို့သားအမိအရင် တခြားရွာကို ထွက်ပြေးသွားကြပါတယ်။"



"ကျွန်မအမျိုးသားကို ကျွန်မလှည့်ကြည့်တော့ လယ်တဲထဲသို့ဝင်သွားတာ တွေ့လိုက်ရတယ်။ ကျွန်မတို့ သားအမိ ပြေးသွားပြီးနောက် နာရီဝက်လောက် ကြာသော်လည်း ကျွန်မအမျိုးသား လိုက်မမီတော့ ကျွန်မစိတ်ပူမိတယ်။ အဲဒီနောက်မှာတော့ သေနတ်သံ (၆)ချက်မြည်သံ ကြားလိုက်ရတယ်။ ကျွန်မစိတ်ထဲကနေ ကျွန်မအမျိုးသား ဘာဖြစ်သွားပြီလဲလို့ စိတ်မကောင်းဖြစ်မိတယ်။ ဒါပေမယ့်လည်း ကျွန်မတို့သားအမိ ခရီးဆက်သွား လိုက်ကြပါတယ်။ အဲဒီညမှာတော့ မန်ဝိန်းကြီးက အမျိုးအိမ်မှာ အိပ်ခဲ့ပြီး နောက်တစ်နေ့ တရုတ်ပြည်ဖြစ်တဲ့ ငါးနောင်ပါကျေးရွာသို့ ရောက်ရှိသွားကြပါတယ်။ အဲဒီနေရာမှာ (၂) ရက်နေပြီးနောက်မှ ကျွန်မအမျိုးသားကို ဗမာစစ်သားတွေပစ်သတ်လိုက်ကြောင်း သတင်းရရှိတယ်။ ရွာသားတွေတွေ့တော့ ကျွန်မအမျိုးသားဟာ တဲရဲ့လှေကားနားမှာသေနေတာကိုတွေ့ကြတဲ့။ ခေါင်းတချက်ပေါက်အောင်ပစ်ခံရပြီး ဗိုက်မှာလည်း ပေါက်သွားကြောင်းသူတို့ပြောပြလို့ သိလိုက်ရတယ်။ ပြီးတော့ အလောင်းကို ကျွန်မတို့ရွာမှ ရွာသား (၅)ဦး မြေမြှုပ်သင်္ဂြိုလ်လိုက်ကြောင်း သူတို့ပြန်လာပြောပြလို့ သိရတယ်။ အလောင်းကိုမမြင်လိုက်ရဘူး။ အရမ်းကို ဝမ်းနည်းမိပါတယ်။ကျွန်မတို့သားအမိတွေကို လယ်လုပ်ပြီး ရှာကျွေးလုပ်ကျွေးနေတာပါ။ ဘာကြောင့် ဗမာစစ်သားတွေ ပစ်သတ်လိုက်သလဲဆိုတာကို ကျွန်မမစဉ်းစားတတ်ဘူး။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မြေမြှုပ်မိုင်း**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား၊မ | - ကျား |
| အသက် | - ၁၆ နှစ် |
| ပညာအရည်အချင်း | - ဆဌမတန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - လထော်ခပျာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၇ ရက်၊ ၁၁လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ခေါ်ယန် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| အသက် | - ၁၆ နှစ် |
| နေရပ်လိပ်စာ | - လထော်ခပျာ်၊ မံစီမြို့နယ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI, SSDF |

**ချိုးဖောက်ခံရသူ၏ပြောဆိုချက်**

"ဗုဒ္ဓဟူးနေ့၊ ညနေပိုင်းမှာကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းမောင်****ကကျောင်းဆင်းတဲ့ ညနေမှာ မုန်းဒင်ပါ ရွာကနေပြီး ဆိုင်ကယ်နဲ့ပြန်လာခဲ့တယ်။ ဆိုင်ကယ်အိတ်ဇော သွားယူရအောင်ဆိုပြီး သွားယူတာမိုးလည်းချုပ် လာပြီဆိုတော့ ကျွန်တော်တို့နှစ်ယောက်က နမ်ခေါ်ယန်ရွာမှာဘဲ ညအိပ်လိုက်တယ်။ နောက်နေ့မနက်ရောက် တော့အဲဒီရွာကနေ ဆင်းခါနီးမှာ ဗုံးတစ်လုံးပေါက်တယ်။ အဲဒီပေါက်တဲ့ဗုံးက နွားတက်နင်းမိပြီးတော့ ဖြစ်တာဆို တော့K.I.Aတွေကလည်း ဘာမှမဖြစ်ဘူး ဖြတ်လို့ရတယ်ဆိုပြီးတော့ ကျွန်တော်တို့လည်းဖြတ်သွားတာ။

အဲဒီနောက် နည်းနည်းဝေးတဲ့နေရာရောက်တော့ အစိုးရစစ်သားတွေက ကျွန်တော်တို့ကို

ရပ်ခိုင်းထားပြီးတော့ စစ်တဲ့အချိန်မှာ ဗုံးတစ်ခုပေါက်လာတယ်။ ဗုံးပေါက်တဲ့နေရာကတော့ နမ်ခေါ်ယန် ကျောင်းရှေ့မှာပေါက်တာ။ ပေါက်တဲ့အချိန်က နံနက်ဂုနာရီ ခွဲလောက်မှာ ဖြစ်မယ်ထင်တယ်။ ဗုံးကဘယ်သူ တွေရဲ့ဗုံးမှန်းလည်းမသိဘူး။

ကျွန်တော်တို့သုံးယောက် ကိုမျက်နှာချင်းဆိုင်ထိုင်ခိုင်းပြီးတော့ခေါ်စစ်တယ်။ ကျန်နေခဲ့တဲ့ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ကိုလည်းမတွေ့မိတော့ဘူး။ ကျွန်တော်လည်းဗုံးပေါက်တာနဲ့ လေထဲလွင့်သွားပြီးတော့နောက် ဘက်ကိုပက်လက်လန်သွားတယ်။ ကျွန်တော်ကပက်လက်လန်ပြီး မြေပေါ် ပြန်ကျတာနဲ့လှည့်တောင်မကြည့်ဘဲ တစ်ခါထဲထွက်ပြေးခဲ့တယ်။ ကျန်တဲ့သူနှစ်ယောက် ဘယ်လိုကျန်ခဲ့ပြီလဲ ကျွန်တော်လည်းမသိတော့ဘူး။ အဲဒီနေရာကနေထွက်ပြေးပြီး ကျွန်တော်လည်း နမ်ခေါ်ယန် လယ်တောထဲမှာ ရွာသားတွေနဲ့အတူ အဲညတစ်ညအိပ် လိုက်တယ်။ အဲမှာဆေးနည်းနည်း ပြန်ထည့်ပြီးတော့ နောက်နေ့မှာတော့ မုန်းဒိန်ပါလယ်တောမှာ တစ်ညပြန် အိပ်လိုက်တယ်။

ကျွန်တော့ရဲ့ ညာဘက်လက်မောင်း၊ ပုခုံးနဲ့ခေါင်းမှာ မှန်သွားတယ်။ ဗုံးထိပြီးသုံးရက်မြောက်နေ့မှာမှ မုန်းဒိန်ပါ လယ်တောကနေ မိုင်းခေါင်ရွာကို လမ်းလျှောက် ပြီးလာခဲ့တယ်။ မိုင်းခေါင်ကနေ ဗန်းမော်ကိုတော့ ကားနဲ့လိုက်ပို့ ပေးတယ်။ ဗန်းမော်ဆေးရုံကိုတော့ ဘယ်အချိန်ရောက်လည်း ကောင်းကောင်း မမှတ်မိတော့ဘူး။ ဒါပေမယ့် (၁၀)ရက်ကျော် တော့ဆေးရုံးမှာ ဆေးကုသမှုခံယူခဲ့ရတယ်။

ကျွန်တော့သူငယ်ချင်းနှစ်ယောက် သေလားရှင်၊လားလည်းမသိဘူး။ ဒါပေမဲ့ ကျွန်တော်သူငယ်ချင်း မောင်****ငိုက်ခနဲ ဖြစ်သွားတာတော့တွေ့လိုက်တယ်။ မိုင်းကတော့ မြေမြှုပ်မိုင်းဖြစ်တယ်။ ဒါပေမဲ့ ဘယ်သူတွေမြှုပ် ထားလည်းတော့မသိဘူး။

မုန်းဒိန်ပါကျောင်းကတော့ ကျွန်တော့်ကို အကူငွေတွေတော့ လာပေးပါတယ်။ အခုထိတော့ လက်ကောင်းကောင်းလှုပ်လို့မရသေးဘူး။အနာတွေကျက်သွားပြီးလေ့ကျင့်ခန်းများများလုပ်မယ်ဆိုရင်တော့ ပြန်ကောင်း လာမယ် လို့ထင်တယ်။ ဆရာဝန်တွေပြောတာကတော့ မိုင်းစအထဲမှာကျန်သေးတယ်လို့တော့ ပြောတယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု** **– အဓမ္မခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၁ နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်းအလုပ် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - မဂျီကုန်းရွာ၊ မံစီမြို့နယ်၊ ဗန်းမော်ခရိုင်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၃ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - စစ်ရှောင်စခန်းကနေ မဂျီကုန်းရွာအပြန်လမ်း |
| ချိုးဖောက်သူ | - တပ်မ (၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

(****ဒုကွသည်) “စခန်းကနေ ကျွန်တော်တို့ရွာ (မဂျီကုန်းကဘာရွာ)ပြန်ပြီး ပစ္စည်းတွေသိမ်းပြီး



ဒုကွသည် စခန်းကို ဆိုင်ကယ်နဲ့ပြန်လာတဲ့အချိန်မှာ လမ်းမှာဗမာစစ်သားတွေနဲ့တွေ့ပြီး အဖမ်းခံကြရတယ်။ အိမ်ပြန်ပြီးတော့ဖွက်ထားတဲ့ပစ္စည်းတွေ အိမ်မှာကျန်ခဲ့တဲ့ပစ္စည်းတွေကို သွားသိမ်းဆည်းတာပါ။ ကျွန်တော်တို့ အဖမ်းခံရတာက ဒီဇင်ဘာ(၂၃)ရက် နေ့လည်(၁၂)နာရီလောက်ကပါ။ သူတို့ကကျွန်တော်တို့ ဆိုင်ကယ်ကိုတားပြီး ကျွန်တော်တို့ကို ဆိုင်ကယ်ကနေဆင်းခိုင်းတယ်။ ဆိုင်ကယ်မှာပါလာတဲ့ အိတ်တွေကိုလည်း ဖြုတ်ခိုင်းပြီး ရှေ့ကိုဆွဲသွားတယ်။ ဆိုင်ကယ်ကိုတော့ လမ်းတစ်ဝက်ထိ တွန်းသွားခိုင်းပြီး တောမှာဖွက်ထားခိုင်းတယ်။ဆိုင်ကယ်ကိုတော့ အားလုံးဖျက်ဆီးလိုက်တယ်၊ ဆီပိုက်တွေကို ဓါးတွေနဲ့ ခုတ်ဖြတ်ပစ်လိုက်တယ်။ ပြီးတော့သူတို့ကြိုက်တဲ့ ပစ္စည်းတွေကိုလည်း အားလုံးထုတ်ယူကြတယ်။ ယူသွားတဲ့ ပစ္စည်းတွေတော့ များတယ်။ ရေဒီယို၊ အဝတ်အထည်တွေ၊ ဓါးတွေနဲ့ ကျွန်တော့်ရဲ့ တရုတ်ငွေ(၃၀၀)ကျော် လည်းယူသွားတယ်။”

“ကျွန်တော်နဲ့အတူ အဖမ်းခံရတဲ့သူတွေက (၄)ယောက်ဟုတ်တယ်။ တပ်မ(၉၉)ကနေ ဖမ်းခေါ် သွားတာပါ။ သူတို့ရဲ့အိတ်တွေ၊ ကျည်ဆံတွေ၊ ဗုံးတွေ၊ လက်နက်ကြီးကျည်ဆံတွေ၊ ဆန်တွေထမ်းခိုင်းတယ်။ ကျွန်တော်တို့ကို မိုင်းခေါင်ရွာထိခေါ်သွားတယ်။ (၂)ညအိပ်(၃)ရက်ကြာပါတယ်။ တောမှာ(၂)ည အိပ်ရတယ်။ ညရောက်တော့ ကျွန်တော့်ကို မချည်ထားပေမဲ့ ကျန်တဲ့သူတွေကိုတော့ ချည်ထားတယ်။ထမင်းလည်း အဝမကျွေးဘူး။ တစ်ခြား ရိုက်တာ၊ နက်တာတော့ မရှိဘူး။ ဒါပေမဲ့ ‘မပြေးနဲ့ ပြေးရင်တော့ ပစ်သတ်မယ်’ လို့ ပြောတယ်။ ကျွန်တော်တို့ကို အူမားရွာဟောင်းကနေ ဖမ်းခေါ်သွားတာပါ။ ဒီဇင်ဘာ (၂၅)ရက်နေ့ရောက်တော့ ပြန်တော့လို့ပြောတယ်။ နောက်ပြီး ‘မင်းတို့ ရွာကလူတွေကိုလည်း ရွာကိုပြန်ပြီးနေလို့ရတယ်။ ငါတို့ဘာမှမလုပ်ဘူး။’ ဆိုပြီးပြောတယ်။ မိုင်းခေါင်ရွာကနေ ပြန်ခိုင်းတယ်၊ မဂျီဘွမ်နဲ့ မိုင်းခေါင်ရွာက (၄) နာရီလောက် လမ်းလျှောက်ရတယ်။”

“ဒုကွသည်စခန်းကိုတော့ (၂၇)ရက် (အင်္ဂါနေ့)မှပြန်ရောက်တယ်။ ပေါ်တာထမ်းတဲ့အချိန်မှာ ဘယ်အချိန်မှာ ဘာဖြစ်မယ်ဆိုတာမသိတော့ အမြဲစိုးရိမ် ကြောက်လန့် နေရတယ်။ အစကတော့ လွှတ်လာတော့မယ်လို့တောင် မထင်ထားဘူး။ အဲဒါကြောင့် အခုလိုလွတ်လာတော့ အရမ်းပျော်သွားတယ်။ မှတ်ပုံတင်ကို သူတို့သိမ်းယူထားပြီး နောက်မှပြန်ပေးမယ်လို့ပြောပေမဲ့၊ ပြန်တဲ့အချိန် ပြန်မပေးတော့ဘူး။”

**လူ့အခွင့်အရေးချိုးဖောက်မှု** **– အဓမ္မခိုင်းစေမှု ( ပေါ်တာဆွဲခံရခြင်း )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၃ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်းအလုပ် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - မဂျီကုန်းရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၃ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - အူမားရွာဟောင်း |
| ချိုးဖောက်သူ | - တပ်မ(၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင်ပြောပြသည် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

### အမှုဖြစ်စဉ်

"ကျွန်တော်တို့ မဂျီကုံရွာကနေ အင်ဘာပါဘက်ကို တက်လာတဲ့အချိန်မှာ အူမားရွာဟောင်းမှာ အဖမ်းခံရတာပါ။ ဒီဇင်ဘာ (၂၃)ရက် နေ့လည် (၁၂)နာရီလောက်မှာ တပ်မ(၉၉)က ကျွန်တော်တို့ (၄)ယောက်ကို မိုင်းခေါင်ထိ ခေါ်သွားတယ်။ တစ်ခြားနှိပ်စက်တာတော့မရှိဘူး။ ချည်ထားပြီး သူတို့ပစ္စည်းတွေ ထမ်းခိုင်းတာပဲရှိတယ်။ ထမ်းရတဲ့ပစ္စည်းက တော်တော်လေးတယ် ကျည်တွေ/ဘာတွေလို့ထင်တယ်။

သူတို့ခေါ်သွားတာက လေးရက်သုံးည ကြာသွားတယ်။ ထမင်းတော့(၂)နပ်ကျွေးတယ်၊ ညကျရင်တော့သစ်ပင်မှာချည်ထားတော့ တစ်ညလုံးငုတ်တုတ်ထိုင်ရတယ်၊ စောင်တွေလည်းမပေးတော့ တော်တော်လည်းချမ်းပါတယ်။ မိုင်းခေါင်ရောက်တဲ့အခါ သူတို့ပြန်ခိုင်းလို့ ပြန်လာတာပါ။ သတင်းတွေ ကြားရတာကတော့ အခုလို ပေါ်တာဆွဲခံရရင်မလွတ်ဘူး/မပြန်လာနိုင်ဘူးဆိုတော့ အစကတော်တော်လေး စိတ်ဓါတ်ကျခဲ့တယ်၊ ဒါပေမဲ့ အခုလိုဘာမှ မဖြစ်ဘဲပြန်လွတ်လာတော့ ဘုရားသခင်ကိုလည်း ကျေးဇူးတင်ပါတယ်။"

### လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - နမ်ခေါ်ယန်၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂ ၃ရက်၊ ၁၀လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ခေါ်ယန်လယ်တော |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| အသက် | - ၄၅ နှစ် |
| နေရပ်လိပ်စာ | - နမ်ခေါ်ယန်၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

၂၃ရက်၊ အောက်တိုဘာလ၊ ၂၀၁၃ခုနှစ် ညနေပိုင်း လယ်တောထဲမှာ စပါးရိတ်ရင်း နားနေတဲ့အချိန်မှာ အစိုးရ စစ်ကြောင်းတွေ ရောက်လာပြီး ကျွန်တော့်ကို နမ်ခေါ်ယန်ကနေပြီး နမ်ဖူအထိလမ်းပြ ပေးဖို့ရန်အတွက် ခေါ်သွားတယ်။ လယ်တောထဲမှာက ကျွန်တော်တစ်ယောက်ထဲလည်း မဟုတ်ဘူး။ ကျွန်တော့်မိန်းမရယ်၊ သားသုံး ယောက်ကိုလည်း တစ်ခါထဲခေါ်သွားတယ်။ သားတွေကငယ်လည်း ငယ်သေးတယ်။ တစ်ယောက်က (၁၂)နှစ် လေးတန်းတက်နေတယ်။ တစ်ယောက်က (၃)နှစ်၊ နောက်တစ်ယောက်က တစ်နှစ်ဘဲရှိသေးတယ်။ သူတို့ကို လည်းနမ်ဖူအထိလမ်းပြဖို့အတွက် ခေါ်သွားရတယ်။ လမ်းပြခေါ်သွားတဲ့အချိန်မှာ ရိုက်နက်တာ တို့တော့မရှိဘူး။ တစ်နေ့နဲ့တစ်ညတိတိ ကျွန်တော်တို့မိသားစုကို ခေါ်သွားတယ်။

(၂၃)ရက်နေ့ညနေပိုင်း (၃)နာရီလောက်ကတည်းကနေ နောက်နေ့နံနက် မိုးလင်းတဲ့ အထိလမ်းပြခိုင်းတယ်။ နမ်ခေါ်ယန်နဲ့ နမ်ဖူက သုံးမိုင်လောက်ဘဲဝေးတယ်။ လမ်းမှာတော့ ကျွန်တော့်ကို စစ်သားတစ်ယောက်က သူ့ရဲ့ကျည်ခွံနဲ့ တစ်ခါတော့ရိုက်ပေးတယ်။ ဦး****ဆိုတဲ့လူတစ်ယောက်ကိုလည်း လမ်းမှာဖမ်းသေးတယ်။ သူ့ကိုတော့ တော်တော်လေးရိုက်တယ်။ သူ့ကိုတော့တစ်နေကုန်



ကြိုးနဲ့တုတ်ထားတယ်။ နောက်ပိုင်း ရောက်မှကျွန်တော့ အစားအထမ်းထမ်းပေးဖို့ အတွက် သူ့ကိုကြိုးဖြေပေးတယ်။ ဗျူဟာမှူးလည်းပါတယ်။ သူ့ရဲ့ပုံစံကထောင်ထောင် မောင်းမောင်း ဟုတ်တယ်။

စစ်သားကတော့ (၁၀၀)ကျော်လောက်ရှိမယ်။ ကျွန်တော်ကတော့ အားလုံးရဲ့ရှေ့မှာ သူတို့ကို ဦးဆောင်ရတယ်။ ကျွန်တော်တို့ရွာသားတွေတစ်သက်မှာ တစ်ခါတောင်မသွားတဲ့ တောလမ်းတွေကို သူတို့က အဲလိုမျိုးလမ်းကနေ သွားခိုင်းတယ်။ ကျွန်တော်တို့ သွားတဲ့အချိန်မှာတော့ စစ်ဖြစ်တာတွေတော့ မရှိဘူး။

ဦး****ကိုတော့ အမြောက်ဆံအကြီးကြီး (၄)လုံးတောင် ထမ်းခိုင်းတယ်။ အစတုန်းကတော့ အဲဒီကျည်ဆံတွေ ကိုကျွန်တော်ထမ်းတာဟုတ်တယ်။ ဒါပေမယ့် ကျွန်တော်ကလမ်းလည်း ပြရမယ်ဆိုတော့ ဘယ်လိုမှမထမ်းနိုင် လို့သူ့ကို ထမ်းခိုင်းတယ်။ သူတို့ခေါ်သွားတဲ့ တစ်နေ့နဲ့တစ်ညတော့ ထမင်းလည်းမကျွေးဘူး။ နမ်ဖူးရောက်ရင် တော့ဥက္ကဌအိမ်မှာအိပ်ပြီးတော့ နောက်နေ့မှာ ကျွန်တော်တို့ မိသားစုကို လွတ်ပေးလိုက်တယ်။ အခုတော့လယ် တောထဲကိုလည်း သွားလို့မရတော့ဘူး။ ကျွန်တော်ကတော့ လယ်ကေ (၄)ကေလောက်လုပ်တယ်။ အခုတော့ သွားလို့မရတော့ဘူး။

### လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )

| | |
|---|---|
| ကျူးလွန်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂နှစ်။ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မဆန(နိုင်)**** |
| ပညာအရည်အရည်အချင်း | - စတ္တုတန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - လယ်ယာ ၊ လက်သမား။ |
| ဘာသာရေးသင်းထောက်။ | |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ။ |
| ဇနီး/ခင်ပွန်းအမည် | - ဒေါ်**** |
| သား/သမီး | - မ(၃)၊ ကျား(၂)။ |
| နေရပ်လိပ်စာ | - ရပ်ကွက်****၊ မုန်းဒင်ပါ၊ မံစီမြို့နယ်၊ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၃ရက်၊ အောက်တိုဘာလ၊ ၂၀၁၃ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မုန်းဒင်ပါ၊ မံစီမြို့နယ်၊ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခမရ (၆၀၁)၊ ခလရ (၅၆) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်ရက် | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

### အမှုဖြစ်စဉ်

"အောက်တိုဘာလ ၂၂ရက်နေ့၊ ၂၀၁၃ခုနှစ် အင်္ဂါနေ့ကျတယ်။ ညနေနှစ်နာရီလောက်မှာ ဒီဖင်ဒါပါရွာဘက်ကောင်ဂျာရွာကအစိုးရစစ်သားတွေဆီဂေါင်ရွာဘက်ကနေတက်လာတယ်။ဒီမုန်းဒင်ပါမှာက KIAတွေလည်းမရှိဘူး။

အစိုးရစစ်သားတွေက လက်နက်ကြီး လက်နက်ငယ်တွေနဲ့ ပစ်ခတ်လာကြတယ်။ အဲဒီအချိန်မှာ ကျွန်တော်တို့တချို့လူတွေက ရွာထဲမှာပဲ ရှောင်ပုန်းနေကြတယ်။ အိမ်ကနေ မထွက်နိုင်တဲ့လူတွေကတော့ ကိုယ့်အိမ်တွင်းမှာပဲ လုံခြုံမယ်ထင်တဲ့နေရာရှာပြီး ဝပ်ပုန်းနေကြတယ်။ တချို့က ဘုရားကျောင်းမှာ

သွားပုန်နေကြတယ်။

ကျွန်တော့်ကို ခေါ်သွားတာက ၂၃ရက်၊အောက်တိုဘာလ၊ ၂၀၁၃ခုနှစ်ဗုဒ္ဓဟူးနေ့ဖြစ်တယ်။ ကောင်ဂျာရွာက စစ်ကြောင်းတွေ မုန်းဒင်ပါရွာကို ရောက်လာပြီးနောက် မုန်းဒင်ပါရွာမှာ ရှိနေတဲ့ စစ်ကြောင်းတွေက ကျွန်တော့်ကိုမေးစရာ တစ်ခုရှိတယ်ဆိုပြီး ခေါ်သွားတယ်။

ကျွန်တော့်ကို ခေါ်ထားပြီး ဘာမှမမေးပဲနဲ့ ကျွန်တော်က စောင့်နေရတယ်။ နောက်ကောင်ဂျာရွာက ရောက်လာတဲ့စစ်ကြောင်းတွေက လမ်းပြဆိုပြီး ကျွန်တော့်ကို ခေါ်သွားတယ်။ လမ်းပြအဖြစ် ကျွန်နော်နဲ့အတူ နှစ်ယောက်ပါလာတယ်။ မုန်းဒင်ပါရွာအောက်ဘက်စွန်းက တံတားရောက်တာနဲ့ ဥခါးယာန်နဲ့ မုန်းဒင်ပါကြားမှာ မိုင်းမြုပ်ထားတယ် ဆိုတဲ့သတင်း စက်မှာပေါ်လာတယ်။ (ပိန်းဥနှစ်လုံး မြုပ်ထားတယ်။) 'မိုင်းနှစ်ခုမြုပ်ထားတယ်။ မင်းအာမခံသလား'လို့ ကျွန်နော့်ကို မေးလာတယ်။ 'မင်းအာမခံရင် ဒီလမ်းမအတိုင်းဆင်းသွားရအောင်'လို့ပြောလာတယ်။

ဒါပေမဲ့ကျွန်နော်က မိုင်းထောင်ထားတယ် ဆိုရင်တော့ အာမမခံရဲဘူးလို့ ပြောတော့ တောလမ်းသွားမယ်ဆိုပြီးတောလမ်းသွားခဲ့တယ်။ ရွာထဲမှာတော့ဘာမှမထမ်းခိုင်းဘူး။ ရွာအပြင်ရောက်တာနဲ့ ပစ္စည်းတွေထမ်းခိုင်းတယ်။ လမ်းပြလည်းလုပ်ခိုင်းတယ်။

မုန်းဒင်ပါလယ်တောထဲရောက်တော့ လူတစ်ယောက်ကို ဖမ်းခေါ်ပြီး အဲဒီလူကို လမ်းပြပြန်လုပ်ခိုင်းတယ်။ ရွာထိပ်က ပိုက်လုံးရှိတဲ့နေရာကနေ နမ့်ဖူရွာထဲကို ဝင်လာတယ်။ အဲဒီညနမ့်ဖူရွာမှာအိပ်တယ်။ ထမင်းလည်းမကျွေးဘူး။ (စစ်သားတွေ) သူတို့ကတော့စားတယ်။ သူတို့ခေါ်လာတဲ့ ကျွန်တော်တို့ ရွာသားတွေကိုတော့မကျွေးဘူး။

နောက်မနက်မိုးလင်းမှ ထမင်းပြန်ချက်စားခိုင်းတယ်။ ထမင်းစားပြီးတော့ ကျွန်တော်တို့ကို တောပြန်ခုတ်ခိုင်းတယ်။ တောခုတ်နားတဲ့အချိန် ဆရာကြီးကို ကျွန်တော်ခွင့်တောင်းတယ်။ 'ဆရာတို့ လူကြီးကို နည်းနည်းအကူအညီ တောင်းချင်တယ်။ အကူအညီ တောင်းပေးဦး။ ညှိ(နှိုင်း) ပေးဦး။ ကျွန်တော့်ဆီမှာ ကိုးတန်းကျောင်းသားနှစ်ယောက်ရှိတယ်။ မနက်ဖြန်က ကျောင်းဖွင့်ပြီ။ ဒီနေ့ဗန်းမော်အရောက်ပို့ရမယ်။'လို့ကျွန်တော်က ခွင့်တောင်းလိုက်တယ်။

အဲဒီနောက် တောတစ်ခါပြန်ခုတ်ခိုင်းတယ်။ အဲဒီအချိန် ကောင်ဂျာရွာက လူတစ်ယောက် ထွက်ပြေးသွားတယ်။ လူထွက်ပြေးသွားတဲ့နောက်တော့ တောမခုတ်ခိုင်းတော့ဘူး။ အိမ်ပေါ်မှာ ခေါ်စုပြီးတွဲချည်ထားတယ်။

ကျွန်တော်လည်း အဲဒီအထဲမှာပါတယ်။ ဆယ်မိနစ်လောက် ကြိုးချည်ထားခံရတယ်။ ဆယ်မိနစ်လောက်ကြာပြီးနောက် 'စောစောက ကျောင်းသွားအပ်ရမယ် ဆိုတဲ့ကောင်ထွက်ခဲ့' လို့ပြောတယ်။ အဲဒီအချိန်ကျမှ ကြိုးဖြည်ပေးပြီး ပြန်ထိုင်လိုက်တယ်။

သူငယ်ချင်းတွေက လေးရက်လောက် ကြိုးချည်ထားခံရတယ်။ နေ့ရောညရော အိပ်ရင်လည်း ကြိုးချည် ထားကြတယ်။ မုန်းဒင်ပါကနေ နမ့်ဖူအထိ (လမ်းပြ) လုပ်ခဲ့တယ်။ တစ်ရက်နဲ့ တစ်ညဟုတ်တယ်။ သွားနေကျလမ်းအတိုင်းလမ်းလျှောက်သွားရင်တော့ ငါးမိုင်လောက်ပဲဝေးတယ်။ ဘာပစ္စည်းတွေလဲတော့ မသိဘူး။ တော်တော်လေးတယ်။ ကျွန်တော့်ကိုထမ်းခိုင်းတာ။ အဲဒီကောင်ဂျာရွာနဲ့ မုန်းဒင်ပါက လမ်းပြပေါ်တာအဖြစ် (စစ်ကြောင်းတွေ)ခေါ်သွားတာ ကျွန်တော်နဲ့ဆိုရင် လေးယောက်ဟုတ်တယ်။

လယ်တောထဲမှာ နေနေတဲ့ ဦး****မိသားစုတွေ အာလုံးပါတယ်။ အဲဒီကလေးပါတဲ့ (ဦး****) မိသားစုတွေကိုတော့ လမ်းပြမလုပ်ခိုင်းဘူး။

**ဖမ်းချုပ်ထားခြင်း**

မောင်****ကိုတော့ လမ်းပြအဖြစ် ခေါ်သွားတယ်။ သူကကြိုးချည်ခံရသေးတယ်။ အရိုက်လည်းခံရတယ်။ ကျွန်တော်တို့ မုန်းဒင်ပါရွာက လေးယောက်၊ ကောင်ဂျာရွာက ခုနှစ်ယောက် အားလုံးဆယ့်တစ်ယောက် ဟုတ်တယ်။

တချို့ကို နိုင်လွန်ကြိုးနဲ့ ချည်တယ်။ တချို့ကို တာယာကြိုး သူတို့ကောက်တွေ့ရတဲ့ ကြိုးတွေနဲ့ ကောက်ချည် လိုက်တဲ့သဘောပဲ။ ကြိုးချည်ခံရတဲ့ လူတစ်ချို့က တခြားအိမ်မှာနေတယ်။ အခုကျွန်တော်နဲ့



အတူနေတဲ့လူတွေက ဦး**** ၊ ကောင်ဂျာရွာက ဦး**** ၊ တရုတ်အမျိုးသား ဦး****၊ ဦး****နဲ့ ဦး**** တို့ဖြစ်တယ်။

ထွက်ပြေးသွားတဲ့ ဦး****ကိုတော့ ကောင်ဂျာရွာမှာ အစိုးရစစ်သားတွေ တော်တော်နှိပ်စက်လိုက်တယ်။ ကျွန်တော်တို့အားလုံးက အရပ်သားရွာသားတွေပဲ။ ကျွန်တော့်ကိုတော့ သူတို့ဖမ်းခေါ်ခဲ့တာလည်းမဟုတ်ဘူး။ ဘုရားကျောင်းမှာဆရာတွေဆီကို လမ်းပြပေးဖို့လူအကူအညီ တောင်းလို့ဆရာတွေထည့်ပေးလိုက်တာပဲ။ သူတို့ဖမ်းတာလည်းမဟုတ်တော့ ကြိုးမချည် ဘူးထင်ခဲ့တာ။ ဘာမှမဆိုင်ဘူး ဟုဆိုကာ ကျွန်တော့်ကိုလည်း ချည်ထားတယ်။ ၂၀၁၃ခုနှစ် အောက်တိုဘာလ ၂၄ ရက်နေ့မှာ ကျွန်တော့်ကို ပြန်လွှတ်လိုက်တယ်။

**ဖမ်းချုပ်ထားခြင်းပစ္စည်းဥစ္စာသိမ်းယူဖျက်ဆီးခြင်း**

သူတို့အစိုးရစစ်သားတွေ အိမ်က ရွှေငွေ၊ ပိုက်ဆံ၊ ဆိုလာပြား၊ ဘက်ထရီ၊ TV အားလုံးကို သိမ်းယူတယ်။ ချန်ထားတာ ဘာမှမရှိဘူး။ သူတို့မကြိုက်တဲ့ ပစ္စည်းတွေဆိုရင် အားလုံးရိုက်ခွဲ ဆုတ်ဖြဲ ဖျက်ဆီးပစ်လိုက်တယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၆၂)နှစ်။ |
| ပညာအရည်အချင်း | - (၇)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - နှစ်ခြင်းခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| ဇနီး/ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သား/သမီး | - မ(၃)၊ ကျား(၁) |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

**ပိုင်ဆိုင်ခွင့်ကိုချိုးဖောက်ခြင်း။**

၁၉၇၂-၁၉၇၃ခုနှစ်ခန့်တွင် အစိုးရစစ်သားများသည် နွားနှစ်(၂)ကောင် သတ်စားလိုက်ကြသည်။ ၁၉၈၄ခုနှစ် တွင်စပါးတင်းတစ်ရာ (၁၀၀)လောက်ကို သူ(စစ်သားများ)တို့၏ မြင်းများကို ကျွေးလိုက်ကြသည်။ အိမ်တွင် ရှိသော ပရိဘောဂများ၊ သေတ္တာတွင်းမှပစ္စည်းများ၊ ကချင်အမျိုးသမီးများ၏ ရိုးရာဝတ်စုံများနှင့် ရိုးရာလက် ကောက်များ အားလုံးကို ယူသွားသည်။

၁၉၉၂ခုနှစ် ရွာထဲကိုအစိုးရစစ်ကြောင်း၊ တပ်မ(၉၉)တွေ ဝင်လာတဲ့အချိန်မှာလည်း ခေါင်းမှာ အရိုက်ခံရ သည်။ ပြီးတော့ ကျောကုန်းမှာ ကန်ပေးသည်။ အဲဒီကျောကုန်းမှာ ကန်ခံရသည့် ဒဏ်ရာကို ယနေ့ချိန်ထိ ခံစားနေရသည်။

## ပေါ်တာ

"၂၀၁၁ခုနှစ်၊ ဇွန်လကစပြီး စစ်ဖြစ်လာတဲ့အချိန်မှာ၊ မနေ့ညကဒိုင်ယာရီမှာကြည့်တော့ ဒီ၂၀၁၂ခုနှစ်၊ မတ်လမှာတော့ ကျွန်တော့်မိန်းမကို ခေါ်သွားကြတယ်။ သူတို့(၇)ယောက်ကိုခေါ်သွားတယ်။"

"သူတို့ကိုတော့ စစ်သားတွေရဲ့ ရိက္ခာတွေ ထမ်းခိုင်းတယ်။ တစ်ချို့ကိုတော့ ဒီတိုင်းဘဲ ခေါ်သွားတယ်။ အဲဒီ မှာ ပစ်ခတ်ကြတော့ (အစိုးရစစ်သားတွေလည်း) ထိခိုက်မှုရှိကြတယ်။ ပြီးတော့ သင်တန်းတောင်ကနေ ဆင်းလာခဲ့တယ်။"

"၉ရက်၊ ဩဂုတ်လ၊ ၂၀၁၂ခုနှစ်မှာတော့ ကျွန်တော့်ကို ခေါ်သွားကြတယ်။ နွားကျောင်း နေတဲ့သူတွေ အများကြီးရှိနေတဲ့အထဲကနေ ကျွန်တော်နဲ့ညီလေး မာလကိုခေါ်သွားတယ်။ တောဘက်ကိုပဲခေါ်သွား တယ်။"

သူ့ကိုဖမ်းသွားသည့်အကြောင်းကို အဖမ်းခံရသူ၏သားမက်က သင်းအုပ်ဆရာကြီးထံ သွားရောက် အ ကြောင်းကြားခဲ့သည်။ သင်းအုပ်ဆရာသည် အုပ်ချုပ်ရေးမှူးနှင့် အစိုးရစစ်တပ်ထံ အကြောင်းကြားသည်။ အစပိုင်းတွင် သူ့ကို စစ်ပစ္စည်းများထမ်းခိုင်းသည်။ သို့သော်နောက်ပိုင်းတွင် မထမ်းခိုင်းတော့ပေ။ ဆရာက စစ်တပ်သို့အကြောင်းကြားလာသည့်အတွက်၊ ရှေ့တန်းကို သတင်းပို့လိုက်ခြင်း ဖြစ်မည်ဟု မှန်းဆသည်။

"လမ်းတစ်ဝက်လောက်တော့ လက်နက်ကြီး ကျည်(၂လုံး)ထည့်ထားတဲ့ ကျောပိုးအိတ် သယ်ခိုင်းတယ်။ နောက်တော့ တပ်ရင်းမှူးက မထမ်းခိုင်းနဲ့တော့လို့ ပြောတယ်။ လက်နက်ကြီး ထည့်ထားတဲ့ ကျောပိုးအိတ် ဖြုတ်ပေး လိုက်တယ်။ အဲဒီကစပြီး ဘာပစ္စည်းမှ မထမ်းခိုင်းတော့ဘူး။ တပ်ရင်းမှူးနဲ့အတူတူ သူ့ဘေးမှာ သူပြေးရင်ကျွန်တော်လည်းပြေး၊ သူထိုင်ရင်ကျွန်တော်လည်း ထိုင်ရတယ်။ အိပ်ရင်တော့ တပ်ရင်းမှူးနဲ့ အတူ မအိပ်ရဘူး။ တခြားဗိုလ်မှူးတစ်ယောက်ရဲ့ဘေးမှာ အိပ်ခိုင်းတယ်။ အဲဒီနေရာမှ ခေါ်သွားပြီးနောက် ခရိုဘွမ် မှာ စစ်ဖြစ်ကြတယ်။ အဲဒီမှာမိန်းကလေးတစ်ယောက် ထိခိုက်သွားတယ်။

အဲဒီနေ့ကနေစပြီးတော့ တောမှာပဲနေပြီး (၃)ရက်တိတိ ထမင်းလည်းမစားပဲ၊ ဒီတိုင်းနေရတယ်။ အဲဒီညမှာ တရုတ်ခေါက်ဆွဲစား ရေသောက်ပြီး နေလိုက်တယ်။ ကျွန်တော့်ကိုလည်း ကျွေးတယ်။ (၃)ရက်တိတိ ဒီ တိုင်းပဲနေတယ်။ စစ်အင်အားက (၂၀၀)ကျော် လောက်ရှိတယ်။ မိုးရွာရင် ကျွန်တော်တို့ အမြဲတမ်းလိုလို ပလပ်စတစ်နဲ့ ရေခံကာရေပူးမှာဖြည့်ပြီး သောက်လေ့ရှိတယ်။ ဒါပေမဲ့ တစ်ရက်နဲ့တစ်ညတော့ မိုးမရွာ တော့ဘူး။ စစ်သားတွေ ခံထားတဲ့ မိုးရေလည်းကုန်သွားပြီ။

တစ်ရက်နဲ့တစ်ညတော့ ရေလည်းမသောက်ရ တော့ဘူး။ ခရီးပြန်ဆက်တော့မယ် ဆိုတဲ့အချိန်မှာ ဆေး ဆရာက စစ်သားတွေကို (အားဆေး) drip အနည်း ငယ်စီ တိုက်ကျွေးတယ်။ ကျွန်တော့်ကိုတော့ glucose (၂ ထုပ်) တိုက်တယ်။ Glucose (၂ထုပ်) သောက် လိုက်တော့ အတော်တော်ကို နေသာထိုင်သာ ဖြစ်သွား တယ်။ ၁၄ရက်၊ ဩဂုတ်လ၊ ၂၀၁၂ခုနှစ်မှာ ကျွန်တော် လွတ်လာခဲ့တယ်။ ၁၄ရက် ညနေပိုင်း ၈း၀၀နာရီမှာ မိုင်းခေါင်ကို ရောက်လာခဲ့တယ်။"

သူ့ကိုလမ်းပြခိုင်းသည်။ သူသည်လမ်းမသိကြောင်း ပြောရာတွင် "တပ်ရင်းမှူးက 'မင်း ဘာလူမျိုး လဲ' ဆိုပြီး မေးတယ်။ ကချင်ဆိုပြီး ပြန်ဖြေတော့ 'မင်းတို့ကချင်တွေ ဘာလို့မသိရမှာလဲ။ ပစ်သတ်လိုက်မယ်နော်' ဆိုပြီး ခြိမ်းခြောက်လာတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – ပေါ်တာ

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |



| | |
|---|---|
| မွေးသက္ကရာဇ် | - ၁၂ရက်၊ ၃လ၊ ၁၉၉၈ခုနှစ် |
| ပညာအရည်အချင်း | - ၉ တန်း(င) |
| အလုပ်အကိုင် | - ကျောင်းသား |
| ကျောင်း | - အ.ထ.က**** |
| လူမျိုး | - ကချင် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| မောင်နှမများ၏ အမည် | - မ****၊ မ****၊ မ****၊ မ**** |
| အဖေနာမည် | - ဦး**** |
| အမေနာမည် | - ဒေါ်**** |
| လက်ရှိနေရပ်လိပ်စာ | - IDP စခန်း၊ ****ဘုရားကျောင်း၊ ဗန်းမော်မြို့ |
| အရင်နေရပ်လိပ်စာ | - မုန်းဒိန်ပါ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၈ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ်(အင်္ဂါနေ့) |
| အခင်းဖြစ်ပွားသည့်နေရာ | - မုန်းဒိန်ပါနှင့် တောင်ယာကြား၊ မံစီမြို့နယ် |
| လွတ်မြောက်လာသည့်ရက် | - ၂၀ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ်(ကြာသပတေးနေ့) |
| ချိုးဖောက်သူ | - မြန်မာ အစိုးရတပ်မတော် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်ရက် | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သူ | - SSDF |



ပုံ (၉) - ချိုးဖောက်ခံရသူမောင်****၏ ကျောင်းသားကတ်

## အမှုဖြစ်စဉ်

အင်္ဂါနေ့ (၁၈ရက်. ၁၀လ. ၂၀၁၁ခုနှစ်)၌ ညနေတစ်နာရီ(၁း၀၀)ဝန်းကျင်တွင် မောင်**** နှင့်သူ၏ အဖေ သည် တောင်ယာသို့ သွားခဲ့ကြသည်။ (ထိုနေ့တွင် မောင်****တို့သည် ရွာဓလေ့အရ တောင်ယာ အတွက် ရွာသားများကို လုပ်အားခေါ်သည့်နေ့ဖြစ်သည်။) လုပ်အားလာကြသော ရွာသားများကို အရင်ပြန်နှင့်စေ သည်။

"ကျွန်တော်တို့က ယာရှင်ဆိုတော့စပါးတွေကို အုပ်ပြီးနောက်မှပြန်တယ်။ အဲဒီအချိန်မှာ ရွာမှာအစိုးရတပ်တွေရောက်လာတဲ့သတင်းရတာနဲ့ကြောက်လန့်ပြီးဆိုင်ကယ်နဲ့အမြန်မောင်းပြီးပြန်ခဲ့တယ်။"

မောင်**** သည်ညီမဖြစ်သူ မ****ကိုတင်ပြီး အလောတကြီးပြန်ခဲ့ရာ လုပ်အားလာသည့်

ရွာသားများထဲမှ ဓါးလွယ် မေ့ကျန်ထားလို့ တောင်ယာဘက်ကို ပြန်ခေါက်လာရာ အစိုးရစစ်တပ်က ပစ်လာလို့ လမ်းမလမ်းဆုံဘက် သို့မောင်းထွက်လာသည့် ပါးပါနှင့် တောင်ရာနော်တို့နှင့် မောင်****တို့ ဆိုင်ကယ်တိုက်ကြသည်။ မောင်****သည် ဆိုင်ကယ်နှင့် တစ်လံခန့်ဝေးသည့်နေရာ၌ စစ်သားများ၏ ရှေ့နီးနီးမှာ လွင့်ကျသွားသည်။ မောင်****ကထွက်ပြေးလို့ မရနိုင်တော့သည့်အတွက် ညီမဖြစ်သူ မ****ကိုပဲ "ပြေးပြေး" ဆိုပြီး လွတ် အောင်ပြေးခိုင်းသည်။

"ကျွန်တော့်ကို ဖမ်းထားတယ်။ ကျွန်တော်နဲ့ တိုက်မိတဲ့ ဆိုင်ကယ်မှ စကားပြောစက် ရှာတွေ့တယ်။ ကျွန်တော့်ဆိုင်ကယ်မှ တောင်ယာက ယူလာတဲ့ ထမင်းထုပ် ဟင်းထုပ်တွေပဲ တွေ့ရတယ်။ ကျွန်တော့် ကျောင်းသားကဒ်ကို ကျွန်တော်ထုတ်ယူပြီး အိတ်ကပ်ထဲထည့်လိုက်တယ်။ စစ်သားတွေက ထွက်ပြေးသွားတဲ့ လူတွေကို လိုက်ရှာနေတယ်။ ခဏအကြာမှာ ကျွန်တော့်ကို ဖမ်းခေါ်သွားတယ်။

သူတို့ရဲ့ကျည်ဆံတွေဗုံးတွေကိုရွာအထိသယ်ခိုင်းတယ်။ကျွန်တော့်ရဲ့ဒီကျောမှာသေနတ်နဲ့ထောက်ထားပြီး "မပြေးနဲ့ပြေးရင်ပစ်သတ်လိုက်မယ်။ မင်းကိုစက်လည်းမိထားပြီ။" အဲသလိုပြောပြီး သူတို့ရဲ့ပစ္စည်းတွေ၊ ကျည်ဆံတွေ၊ ဗုံးတွေ အားလုံး ခြင်းကြားထဲမှာထည့်ပြီး ပိုးခိုင်းတယ်။

သူတို့စစ်ကြောင်းတွေ များတယ်။ ထောင်ချီပြီးတက်လာတယ်။ ရွာစဝင်လာတာနဲ့ ဗုံးတွေပစ်တယ်။ လက်နက်ကြီးထင်တယ်။ မြေကြီးတောင် အက်ကွဲသွားမတတ်တုန်ခါသွားတယ်။ ကျွန်တော်လည်း ကြောက်လို့ နားပိတ်ပြီး ဝပ်နေတယ်။ မောင်****ပိုးထားသည့်ချင်းကြားမှ ဗုံးတွေကိုလည်း ထုတ်ယူပြီး ပစ်ကြတယ်။ အဲ သလို ပစ်နေကြသည်မှာ နာရီဝက်ခန့် ကြာသည်။

"ရွာမှာKIAလည်းမရှိဘူး။ သူတို့ဘဲပစ်နေကြတယ်။ ရွာရောက်တာနဲ့ ရွာသားတွေ အကုန်စုခိုင်းတယ်။ ကျွန်တော့်ကိုတော့ ရွာသားတွေနဲ့ သီးသန့်နေခိုင်းထားတယ်။ 'ဟဲ့ကောင်မင်း KIA မဟုတ်ဘူးလား။ မလိမ်နဲ့နော်' လို့ပြောပြီး နားရွက်ဆွဲခေါ်သွားတယ်။ နားမှာ သေနတ်နဲ့ ချိန်ထားတယ်။ 'လိမ်ရင်မင်းရဲ့နားမှာ ပစ် ထည့်လိုက်မယ်' လို့ပြောတယ်။ 'မလိမ်ဘူး။ မယုံရင်ဒီမှာ ကျောင်းသားကတ် ကြည့်ကျောင်းသားပဲ။ ဒီနှစ်ကိုးတန်း' လို့ ကျွန်တော်လည်း ပြောလိုက်တယ်။ သုံးရစ်ဆရာက "မလုပ်နဲ့။ အဲဒီကောင်ကျောင်းသားဟုတ်တယ်" လို့ ပြောလိုက်တယ်။ တပ်ရင်းမှူးပြန်ခေါ်ပြီး 'မင်းဘယ်ကလဲ' လို့မေးတယ်။ 'ကျွန်တော် မုန်ဒင်ပါက။ ဗန်းမော်မှာကျောင်းတက်နေတယ်။ သတင်းကျွတ် ကျောင်းပိတ်လို့ အဖိုးအဖွားတွေဆီ ပိုက်ဆံ လာတောင်းတာ' လို့ပြောပြတော့ ကျွန်တော့်ကို မုန်းဒိန်ပါက ရွာသားစာရင်းထဲမထည့်တော့ဘူး။ ဗန်းမော်က ပဲဆိုပြီးပြောတယ်။"

ဒါကြောင့် မုန်းဒိန်ပါက ဆရာတွေလည်း ပြောယူလို့မရတော့ဘူး။ စစ်သားတွေနဲ့ အတူနေတယ်။ စစ်ဗိုလ် တစ်ယောက်က သေနတ်နဲ့ ချိန်ထားပြီး ကျွန်တော့်နာမည်၊ အသက်တွေကို ရေးမှတ်သွားတယ်။ စစ်သားတစ်ယောက်ကကျွန်တော့်ကျောကိုသေနတ်ချိန်ထားပြီးဓါတ်ပုံရိုက်ယူတယ်။နောက်တစ်ယောက်က ဘေးမှာ ကင်းစောင့်နေတယ်။ အဖေ့ကိုမေးတော့ သေသွားပြီလို့ ပြောလိုက်တယ်။ အမေ့ကို ပြန်မေးတယ်။ 'အမေကဗန်းမော်စစ်ပြေးဒုက္ခသည်စခန်းမှာ' လို့ပြောလိုက်တော့ 'ဟဲ့ကောင်မလိမ်နဲ့နော် မလိမ်နဲ့နော်။ ဒီကောင် မင်းလည်း KIA ပဲ' လို့ ကျွန်တော့်ကို အဲသလိုပြောတယ်။ အဲဒီညတစ်ညလုံး အဝတ်အစားတွေ လည်း မပါတော့ဘူး။ အင်္ကျီလက်တိုနဲ့ဘဲ။ စောင်လည်းမပါဘူး။ ကျွန်တော့်ကိုစစ်တယ်။

"ဒီရွာမှာ KIA ဘယ်လောက်ရှိလဲ။ မင်းဆီမှာယူနီဖောင်း ပါတယ်မဟုတ်ဘူးလား" လို့ မေးတယ်။ "ယူနီဖေါင်း ကဘာလဲ" လို့ ပြန်မေးတော့ "ဟဲ့ကောင် မင်းစကားကိုဆင်ခြင်ပြောနော်။ စကားကို အဲသလိုမပြောရဘူး။ မင်းကို ငါတို့ တစ်ခါတည်း ပစ်သတ်လို့ရတယ်။ ငါတို့မေးတာပဲမင်းဖြေ။" လို့ပြောတယ်။

ဖမ်းတဲ့ရက်ညမိုးချုပ်တာနဲ့ စစ်ကြောမေးမြန်းတယ်။ နောက်ရက် မနက်ထိစစ်မေးတယ်။ ဓါးမြှောင်နဲ့ ထောက် တယ်။ သေနတ်နဲ့ နားမှာရော ခေါင်းမှာရောထောက်ပြီး ခြိမ်းခြောက်တယ်။ ရွာသားတွေနဲ့စကား တောင် ပြောလို့မရဘူး။ ရွာသားတွေနဲ့ စကားပြောရင်သတ်မယ်။ ဖြတ်မယ်။ ပစ်သတ်လိုက်မယ်လို့ပြောတယ်။

## အခြားမြင်တွေ့ခဲ့သောကျူးလွန်မှုများ

ဦးနှောက်ပုံမှန်မဟုတ်တဲ့ ရွာသားတစ်ယောက်ဆီက ငါးမိုင်းခွဲစားတဲ့ ပစ္စည်း(cap) တွေ့မိတယ်။ အဲဒီလူကိုလည်း ဖမ်းချုပ်ထားပြီး ကန်တယ်။ ဓါးမြှောင်နဲ့ ထိုးတယ်။ သွေးတွေထွက်အောင် ထိုးပေးတယ်။



ရိုက်တယ်။ ခြေထောက်တွေမှာရော ရိုက်ပေးတယ်။

ဆရာ****ကိုလည်း စစ်မေးပြီး သူတို့ရဲ့ဝေယျာဝိစ္စတွေ လုပ်ပေးဖို့ခိုင်းစားတယ်။ ရေနွေးတွေချက်ခိုင်း။ ထမင်းဟင်းတွေချက်ခိုင်း။ ရွာက ကြက်တွေလည်း သူတို့ ကြိုက်သလို သတ်စားတယ်။ ဈေးဆိုင်ကပစ္စည်း တွေကိုလည်း သူတို့ကြိုက်သလို ဓါးပြပုံစံနဲ့ ယူစားကြတယ်။

လွှတ်ပေးလိုက်တဲ့အခါဘာမှတော့ မပြောလိုက်ဘူး။ သင်းအုပ်ဆရာ****၊ သင်းထောက် လူကြီးတွေနှင့် ဆရာတွေကိုခေါ် နင်တို့လူပြန်လွတ်ပေးပြီနော်လို့ပြောပြီး ဓါတ်ပုံရိုက်ယူပြီးဆရာတွေက ကျွန်တော့်ကိုခေါ်သွားတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၁၉ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်းအလုပ် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - မဂျီကုန်းရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၃ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - စစ်ရှောင်စခန်းကနေပစ္စည်းသွားယူသည့်လမ်း |
| ချိုးဖောက်သူ | - တပ်မ ၉၉ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၈ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

## အမှုဖြစ်စဉ်

"ဒီစခန်း (စစ်ရှောင်စခန်း) ကနေဆင်းသွားပြီး ဟိုတစ်လောကတောမှာ ဖွက်ထားတဲ့ ပစ္စည်းတွေ ပြန်သွား ယူပြီး ဒီဇင်ဘာ (၂၃)ရက်နေ့မှာ ဆိုင်ကယ်နဲ့ ပြန်တက်လာတော့ လမ်းမှာစစ်သားတွေနဲ့ ဆုံမိတယ်။ စဖမ်း ကတည်းက 'မပြေးနဲ့ မင်းတို့ကို မိုင်းခေါင်ရောက်ရင် ပြန်လွတ်ပေးမယ်' လို့ပြောတယ်။ ဆိုင်ကယ်တွေကို တော့ နည်းနည်းလေးလျှောက်ပြီးတာနဲ့ တွန်းပြီးဖွက်ထားလိုက်တယ်။ ဆိုင်ကယ်တိုင်က ပိုက်တွေကို ဖြတ် ပေးလိုက်တယ်။ ဆီတွေကိုလည်း သွန်ပစ်လိုက်တယ်၊ ဆိုင်ကယ်ဘီးတွေကိုလည်း ထိုးဖောက်ပြီးဖျက်ဆီး လိုက်တယ်။"

"ကျွန်တော်တို့ လက်တွေကို ကြိုးချည်ထားတယ်။ ကျွန်တော်တို့ တစ်ရွာထဲက (၄)ယောက်ကို ဖမ်းတာကတော့တပ်မ(၉၉)ကပါ။သူတို့ရဲ့ကျည်ဆံတွေ၊ဆန်တွေ၊ဗုံးတွေကိုထမ်းပြီးမိုင်းခေါင်ထိသွားရတယ်။ (၃)ညနဲ့(၄)ရက်ကြာတယ်။နေ့ကြရင်တော့သူတို့ပစ္စည်းတွေထမ်းပေးရတယ်။ညကြရင်တော့ကျွန်တော်တို့ကို ကြိုးနဲ့ပြန်ချည်ထားတယ်။ ပထမညတော့ ကျွန်တော်လည်း စောင်မခြုံရဘူး။ နောက်ညတွေတော့ ကျွန်တော့်ကိုစောင် ပေးတယ်။ တောထဲကချိုင့်မှာ အိပ်တဲ့ညတော့ အိပ်လို့မရဘူး။ 'မပြေးနဲ့ ပြေးရင်ပစ် သတ်မယ်' လို့ပြောတယ်။ နောက်ပြီး 'မင်းတို့ပြေးလို့ပစ်တာ။ ငါတို့ကိုအရေးယူမှာမဟုတ်ဘူး' လို့ပြောတယ်။ တစ်နေ့ကို ထမင်း(၂)နပ်ကျွေးတယ်။ မနက်စာကို (၁၀/၁၁)နာရီလောက်မှာ ကျွေးတယ်။ ညနေစာကို ည (၇)နာရီလောက်မှာကျွေးတယ်။ မိုင်းခေါင်ရောက်ရင် လွတ်ပေးမယ်ဆိုတဲ့အတိုင်း မိုင်းခေါင်ရောက်တာနဲ့

သိပ်မကြာဘူး လွှတ်ပေးတယ်။ ‘ခင်ဗျားတို့ ရွာသားတွေအားလုံး ကိုယ့်အိမ်ကိုယ့်ရွာပြန်ပြီး သွားနေကြပါ’ လို့တော့ပြောလိုက်တယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု – ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူ | - မုန်းဒိန်ပါ ရွာသားများ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၂ရက်၊ အောက်တိုဘာလ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မုန်းဒိန်ပါရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ် |
| ချိုးဖောက်သူ | - ရှေ့ကူတပ်(ခမရ ၆၀၁၊ ခလရ ၄၇) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဆရာ**** |
| အသက် | - ၃၉နှစ် |
| အဖေအမည် | - ဦး**** |
| အလုပ်အကိုင် | - လယ်ယာ |
| နေရပ်လိပ်စာ | - မုန်းဒိန်ပါရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ် |
| မှတ်တမ်းကောက်သည့်နေ့ | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

“မုန်းဒိန်ပါရွာမရောက်ခင် တန်တံတားနှင့် မုန်းဒိန်ပါရွာကြား လယ်တောမှာ နေနေတဲ့ ဦး****က ဗမာ စစ်သားတွေ မုန်းဒိန်ပါရွာဘက် ဦးတည်လာတာကို မြင်လိုက်တယ်။ စစ်ကြောင်းလာနေတဲ့ သတင်းကို ကျွန်တော်တို့သိနေပြီ။ ရွာသားတွေလည်း ဘုရားကျောင်းဝင်းထဲကို လာစုနေကြပြီ။ တစ်ခုခုဖြစ်ရင် ဘုရားကျောင်းကိုလာပြီး တိမ်းရှောင်နေတတ်ကြတယ်။ ကျွန်တော်ကတော့ ဘုရားကျောင်းဝင်းမှာပဲ အမြဲနေတယ်။ ရွာသားတွေက ဘုရားကျောင်းမှာ အားကိုးပြီး လာခိုလှုံတဲ့ သဘောပေါ့။ ဗမာစစ်သားတွေ ရွာထဲရောက်လာချိန်တော့ ကျွန်တော်တို့က အိမ်ထဲမှာရှိနေတယ်။ ဘုရားကျောင်းဝင်းထဲမှာပဲ နေနေတယ်။ အဲဒီအချိန်မှာ ဗမာစစ်သားတွေ ကလက်နက်ကြီး လက်နက်ငယ်တွေပစ်ပြီး ရွာထဲကိုဝင်လာတယ်။”

သက်ကြီး ဖိုးဖွားတွေနဲ့ ကလေးတွေကအစ အားလုံးလာစုတိမ်းရှောင်နေကြတယ်။ စစ်သားတွေ လက်နက် ပစ်ပြီးစဝင်လာချိန်မှာတော့ ကျွန်တော်တို့ အားလုံး ဘုရားကျောင်းဝင်းမှာပဲ နေနေကြတယ်။ လက်နက်ကြီး (၆၀)မမတွေနဲ့ပစ်တယ်။ လက်နက်ကြီးတွေပစ်တယ်။ မိုးပေါ်ထောင်ပစ်တာမဟုတ်ဘူး။ လူတွေရှိတဲ့ဘက်ကို ပစ်တာ။ ရန်သူလား။ ရွာသားလား မခွဲခြားဘဲပစ်တာ။ အဖွားကြီးတစ်ယောက် ပစ္စည်းထမ်းပြီး ဘုရားကျောင်းထဲဝင်လာတယ်။ အဲဒါကိုပစ်တာ။ အဲဒီအဖွားကြီး ပစ်လဲသွားတယ်။

အဲဒီအဖွားကြီးကိုပစ်နေတာကို ကျွန်တော်ကိုယ်တိုင်တွေ့တယ်။ ဘုရားကျောင်းဝင်းထဲမှာ ကျည်ဆံဝင်လာတယ်။ အဲဒီအဖွားကြီးကို ခြောက်ခါလောက်ပစ်တယ်။ ပစ်တဲ့လူကိုယ်တိုင်ပြောတာ။ အဖွားကြီးက နား လည်းသိပ်မကြားရဘူး။ စစ်သားက “မပြေးနဲ့မပြေးနဲ့” လို့ပြောတယ်တဲ့။ အဖွားကြီးကမကြားရဘူး။ ကိုက် ၃၀လောက် ကနေပစ်တာ။ ထိတော့မထိလိုက်ဘူး။ လက်နက်ကြီး ဆယ်ကြိမ်လောက်ပစ်တယ်။ မွန်းလွဲ တစ်နာရီခွဲလောက်ကနေ ရွာထဲပစ်ဝင်လာတာမိနစ်သုံးဆယ်လောက်ကြာတယ်။ တိုက်ပွဲဖြစ်တာလည်း မဟုတ်ဘူး။ ဘုရားကျောင်းထဲမှာတော့ ကျွန်တော်တို့ ခြောက်ရာကျော် နေနေကြတယ်။

စစ်သားတွေ ဝင်လာတော့ ကျွန်တော်တို့ ရွာသားတွေပဲ မပစ်ကြနဲ့လို့ ထပြောတယ်။ နောက်တော့ စစ်ဗိုလ် တစ်ယောက် ရောက်လာတယ်။ ဘုရားကျောင်း ပြတင်းပေါက်ကနေ စစ်သားတွေ ပြန်ပြီး လိုက်ဝင်လာကြ တယ်။ သေနတ်နဲ့ချိန်တယ်။ ကျွန်တော်တို့ လူတွေအများကြီးဆိုတော့ ထွက်လို့လည်းမရတော့ဘူး။ စစ်သား တွေက ထွက်မလာကြနဲ့ အဲဒီမှာပဲနေနေကြလို့ ပြန်ပြောတယ်။ စာသင်ကျောင်းမှာလည်း ရွာသားတွေရှိသေး တယ်။ အဲဒီကျောင်းက ရွာသားတွေကို ဒီဘုရားကျောင်းဘက် မောင်းထုတ်လိုက်တယ်။



သူတို့စစ်အင်အားတော့ နှစ်ရာကျော်မယ်ထင်တယ်။ ထမင်းတွေ ချက်စားလို့ရတယ်။ သောက်ရေ သုံးရေလည်းဘုရားကျောင်းဝင်းမှာပဲရှိတော့အဆင်ပြေတယ်။ ကျွန်တော်တို့ကိုကျောင်းဝင်းအပြင်ဘက်တော့ မထွက်ခိုင်း ဘူး။ လူများတော့ရေကန်က ရေတွေကုန်လာပြီး ရေတွေ ခက်ခဲလာတယ်။ စစ်ဗိုလ်တွေနဲ့ သွားညှိနှိုင်းရတယ်။ ရေခပ်ပေးရမလားလို့ ပါးစပ်နဲ့ပဲ ပြောပြီး လက်တွေ့ဘာမှ မလုပ် ဘူး။

ကလေးလူကြီးအားလုံး တမံတလင်းပေါ်မှာပဲ ဒီတိုင်းအိပ်ကြတယ်။ တစ်ချို့ရွာသားတွေက စောင်တွေပါလာ တယ်။ တစ်ချို့ မပါလာတဲ့ လူတွေကို ဘုရားကျောင်းမှာရှိတဲ့ စောင်တွေကို ထုတ်ပေးတယ်။ အဝတ်တစ် ထည် ကိုယ်တစ်ခုနဲ့ပဲ ထွက်ပြေးလာတဲ့ လူတွေလည်း ပါတယ်။ လူများတော့ နှစ်ရက် သုံးရက်ဆိုရင် အဆင် မပြေတော့ဘူး။ ခက်လာတယ်။ စစ်ဗိုလ်တွေနဲ့ ပြန်ညှိနှိုင်းရတယ်။ သူတို့က အိမ်ပြန်ပြီး ဆန်၊ အိုးတွေ ယူလာခဲ့ပြီး ချက်စားကြလို့ ခွင့်ပြုတယ်။ အဲသလိုနေနေတာ တစ်ပတ်လောက်ဟုတ်တယ်။ သုံးရက် သုံးညတော့ အိမ်လုံးဝမပြန်ခိုင်းဘူး။

စစ်သားတွေပြောတဲ့စကားက ကြားရတာတော့သိပ်ကောင်းသလိုလို။ မင်းတို့ရွာသားတွေကို ဒီမှာပဲ နေခိုင်းထားတာက မင်းတို့ကိုကာကွယ်စောင့်ရှောက်ထားတာပဲတဲ့။ အိမ်ထဲမှာရှိနေရင် တိုက်ပွဲဖြစ်လာရင် ရွာသားတွေ ကြောက်လန့်ပြီး တစ်ယောက်တစ်ပေါက်ထွက်ပြေးလို့ ထိခိုက်ဒဏ်ရာဖြစ်မှာစိုးရိမ်လို့တဲ့။

သူတို့ပစ်တာ ထိလို့သေသွားတဲ့ လူတွေလည်းရှိတယ်။ တကယ်တော့ စစ်သားတွေသူတို့လည်း သိတယ်။ တကယ်သူတို့ရဲ့ ရန်သူ ကေအိုင်အေ ဟုတ်မဟုတ်။ ဦးမရောဂွန်း သူတို့ပစ်လို့သေသွားတယ်။ ဦးမရောဂွန်းရဲ့ ညီမ****ကိုလည်း အရမ်းနှိပ်စက်လိုက်တယ်။

**ပစ္စည်းဥစ္စာပျောက်ဆုံးခြင်း**

သူတို့ရောက်တာနဲ့ အိမ်တွေက ရှုပ်ပွသွားတယ်။ စစ်ကြောင်းတွေ သူတို့ နေရာပြောင်းသွားလို့ ကျွန်တော်တို့ အိမ်ပြန်လို့ရတယ်။ ပိုက်ဆံကျန်ထားခဲ့တဲ့လူတွေ အားလုံးပျောက်သွားပြီ။ ရိုးရာယဉ်ကျေးမှုအရ တန်းဖိုးရှိ တဲ့ ပစ္စည်းတွေအားလုံး ပျောက်သွားပြီ။ သူတို့ မရှာတဲ့အိမ်မရှိဘူး။ အလှူခံပုံးတွေအထိ ရှာဖွေတယ်။ သူတို့ က နယ်မြေရှင်းလင်းရေးလို့တော့ပြောတယ်။ ဒါပေမဲ့ သူတို့လုပ်တဲ့ ပုံစံက သူခိုးဓါးပြပုံစံနဲ့တူတယ်။

ကြက်၊ဝက်စသည့် အိမ်မွေးတိရစ္ဆာန်တွေ အားလုံးပြောင်သွားတယ်။ ဒီလိုဖြစ်တာ ကျွန်တော်တို့ သိပ်ခံစားရ တယ်။ တောင်ယာစပါးတွေ ဒီအတိုင်းထားခဲ့ရတယ်။ ရိတ်သိမ်းချိန်တောင်မရခဲ့ဘူး။

**ရွာကနေထွက်ပြေးတိမ်းရှောင်လာ**

ကျွန်တော်တို့ ထွက်ပြေးလာတာ အယောက် ငါးရာကျော်တယ်။ ကျွန်တော်တို့ ဘုရားကျောင်းကနေ ထွက် ပြေးသွားတာကို စစ်သားတွေလည်း မသိလိုက်ဘူး။ စစ်သားတွေမသိအောင် ကျွန်တော်တို့ ရွာကို ရှောင်ပြီး ထွက်လာတယ်။ နှစ်နာရီလောက်ကြာသွားတယ် လူသိပ်များလွန်းလို့ မြန်မြန် သွားလို့မရဘူး။ ခဒတ်ရွာမှာ တစ်ည အိပ်တယ်။ နောက်ရက်တော့ မန်သာရွာမှာပြန်အိပ်တယ်။ မန်သာရွာရောက်တော့ ကားစီစဉ်တယ်။

ခဒတ်မှာ အိပ်တဲ့ည တစ်ချို့ထမင်းတောင် မစားရဘူး။ ရွာအိမ်ခြေလည်း လေးအိမ်လောက်ပဲရှိလို့ နွားတဲမှာ အိပ်တဲ့လူတွေက အိပ်တယ်။ မုန်းဒင်ပါမှာ IDP ဘော်ဒါရှိတယ်။ ကျောင်းသားတွေအာလုံး အယောက်သုံးရာ ကျော်တယ်။ ကျောင်းသားတစ်ချို့ မိုင်းခေါင်သို့။ တစ်ချို့ မန်ဂျေသို့။ တစ်ချို့ထွယ်ဆန်သို့ ထွက်ပြေးသွား ကြတယ်။

ကျွန်တော်တို့ ထွက်ပြေးသွားတဲ့နောက်တော့ တိုက်ပွဲဖြစ်ပြီး မုန်းဒိန်ပါရွာမှာတော့ မဟုတ်ဘူး။ ဂေါင်ရွှန်ရွာမှာ ဖြစ်တာ။ ကျွန်တော်တို့ ဘုရားကျောင်းမှာရှိနေတဲ့ အချိန် KIA တွေ သေနတ်တစ်ချက် ပစ်ပြီဆိုတာနဲ့ အာမမခံနိုင်ဘူးလို့အစိုးရစစ်ကြောင်းတွေကပြောတယ်။ ကျွန်တော်တို့အားလုံး ကြောက်လန့်ပြီး မှနေနေရတယ်။ ကျွန်တော်တို့ကဓားစာခံပုံစံပဲ။”

**လူ့အခွင့်အရေးချိုးဖောက်မှု – ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၆၆နှစ်။ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/မစန(နိုင်)****** |
| ပညာအရည်အချင်း | - ဆ၄မတန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန်(နှစ်ချင်း KBC) |
| အလုပ်အကိုင် | - စာသင် (ကျူရှင်)၊ အိမ်ဈေးဆိုင်ရောင်း။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ခင်ပွန်းအမည် | - ဦး**** |
| သား/သမီး | - ဦး**** |
| သား၏အလုပ်အကိုင် | - ကျောင်းသား (M.Div. KTC နောင်းနန်) မြစ်ကြီးနားမြို့။ |
| နေရပ်လိပ်စာ | - မုန်းဒင်ပါကျေးရွာ၊ရပ်ကွက်****၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | - ****IDP စခန်း၊ ဗန်းမော်မြို့။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၂ရက်၊ အောက်တိုဘာလ၊ ၂၀၁၃ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မုန်းဒင်ပါကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခမရ(၆၀၁) ခလရ (၅၆) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်ရက် | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

**စစ်ကြောင်းနှင့်ကြုံတွေ့ရခြင်းနှင့်ထွက်ပြေးလာရခြင်း။**

"မနှစ်တုန်းက (၂၀၁၁ခုနှစ်တုန်းက အဖြစ်အပျက်) စစ်ပွဲတွေအများကြီးဖြစ်တယ်။ ဒါပေမဲ့ကျွန်မတို့ရွာမှာ မဖြစ်သေးတော့ကျွန်မတို့လည်း နေနိုင်တယ်ထင်ပြီး ကြိုးစားပြီးနေနေကြတယ်။ ရွာကိုစောင့်ရှောက် နေကြတယ်။ တစ်ချို့ရွာသားတွေကတော့ ဗန်းမော်ရောဘတ် (IDP စခန်း) နှင့် AD2000 ထွယ်ဆန်စစ် ရှောင်စခန်းကိုအားလုံးတိမ်းရှောင်သွားကြကုန်တယ်။ ကျွန်မတို့က ရွာကိုလူသူမရှိပဲ ခြောက်ကပ်ကပ်မဖြစ်စေချင်လို့ရွာကို စောင့်ရှောက်တဲ့ သဘောနဲ့ ရွာမှာဘဲနေနေကြတယ်။ ညမှာတော့လယ်တောမှာ သွားပုန်းအိပ်တယ်။ နေ့မှာတော့အိမ်ပြန်ပြီး ကြက်ဝက်တွေကို အစာကျွေးလုပ်ရင်း နေနေကြတယ်။ ဒီနှစ်မှာတော့အောက်တိုဘာလ ၂၂ရက်နေ့ (၂၀၁၃ခုနှစ်)မှာ မြန်မာအစိုးရ စစ်တပ်တွေက သေနတ်ကြီးတွေပစ်ပြီး ရွာထဲကိုဝင်လာတယ်။ အဲဒီ နေ့ကစပြီး ဖရိုဖရဲထွက်ပြေးခဲ့ရတယ်။ ကျွန်မတို့ကလယ်တောဘက်ကို ပြေးသွားခဲ့တယ်။ တစ်ချို့ရွာသားတွေ ကဘုရားကျောင်းမှာ ခိုလှုံနေကြတယ်။

မ****ကို အစိုးရစစ်သားတွေ ဖမ်းလိုက်တယ်။ သူ့ကိုဖမ်းလိုက်တာနဲ့ တစ်ခါတည်းကြိုးနဲ့ချည်တယ်။ လည်ပင်းမှာ လည်း ကြိုးနဲ့ချည်ထားပြီး စစ်မေးတယ်။ အဲဒီလိုဖြစ်တဲ့အချိန်မှာအားလုံး အယောက်လေးရာ (၄၀၀) နီပါးနေ နေကြ တယ်။ ကလေး လူကြီးအားလုံး ပါတယ်။ အဲဒီနေရာမှာပဲ ကျွန်မတို့ နဲ့မြန်မာစစ်သားတွေ သုံးလေး ရက်လောက် အတူတူ နေနေကြတယ်။ အောက်တိုဘာလ၊ ၂၇ရက်နေ့မှာ မုန်းဒင်ပါ ဘုရားကျောင်း နောက်ဘက်ကနေ တောလမ်းကနေ ထွက်ပြေး လာခဲ့တယ်။ ခဒန်မှာတစ်ညအိပ်တယ်။ နောက်မနက်ရောက်တော့ ခဒန်ကနေ မန်းသာအထိလမ်း လျှောက်ခဲ့ ရတယ်။



မန်းသာရွာသားတွေ ကျွန်မတို့ကို လက်ခံကျွေးမွေးကြတယ်။ 'ဇင်လွန်'ကော်မတီတွေကလည်း ကျွန်မတို့ကိုကြိုဆိုလက်ခံပြီးထမင်းလည်းဝဝလင်လင်ကျွေးကြပါတယ်။အဲဒီညမှာတော့ဘုန်းကြီးကျောင်းကရိပ်သာမှာ အိပ်ခိုင်းတယ်။ နောက်မနက် ၁၀း၀၀နာရီလောက်မှာ ဒီမန်းသာကနေ ကားခြောက် (၆)စီးနဲ့ ဗန်းမော်အထိ လိုက်ပို့ပေးကြတယ်။ ဖန်ခါးကုန်းက IDP စခန်းကို အဲဒီညမှာ ရောက်လာတယ်။ အောက်တိုဘာလ ၂၂ရက်မှ၂၆ရက်အထိ မုန်းဒင်ပါ ဘုရားကျောင်းမှာ ခိုလှုံခဲ့တယ်။ ထွက်ပြေးလာတုန်းက အဝတ်အစားဘာမှ ပါမလာ ဘူး။ ဒီအတိုင်းကိုယ်လွတ် ပြေးလာခဲ့ရတယ်။

မုန်းဒင်ပါကနေ ခဒန်ကို တစ်ညခရီး။ ခဒန်ကနေမန်းသာအထိတစ်ည။ မန်းသာကနေဗန်းမော်အထိ တစ်နေ့ကြာတယ်။သုံးရက်မြောက်နေ့မှာဗန်းမော်ရောက်ပြီ။ကျွန်မကမုဆိုးမဖြစ်တာဆယ်ငါးနှစ်လောက်ရှိပြီ။ သားတစ်ယောက်ရှိတယ်။ ကျွန်မကဈေးဆိုင် ရောင်းရင်း မူလတန်းကျောင်းသူ ကျောင်းသားတွေကို ကျူရှင်ပြတယ်။ ဈေးဆိုင်မှာ ရှိတဲ့ပစ္စည်းတွေ အစိုးရစစ်သားတွေ အကုန်ယူစားလိုက်တယ်။ ရောင်းစားလို့ ရပြီဖြစ်တဲ့ ဝက်နှစ်ကောင်၊ ဝက်ကလေး လေးကောင်၊ ဒီတိုင်းပဲ လွှတ်ထားလိုက်တယ်။ ဆိုင်ကပစ္စည်းတွေတော့ စစ်သားတွေစားလို့ ကုန်ပြီ။ ဘာမှ မကျန်တော့ဘူး။

ဈေးဆိုင်အရင်းက များများတော့မဟုတ်ဘူး။ ကျပ်ငါးသိန်း(၅၀၀,၀၀၀) ကျော်လောက်တော့ ဟုတ်တယ်။ ဝက်ကတစ်ကောင်ကို ပိသာချိန် နှစ်ဆယ် (၂၀)လောက်ရှိတယ်။ တစ်ပိသာ ငါးထောင် (၅၀၀၀)ကျပ် ဈေးနှုန်းနဲ့တွက်ရင် တစ်ကောင်ကို ကျပ်တစ်သိန်း (၁၀၀,၀၀၀) လောက်ရှိတယ်။ လူလေးရာ (၄၀၀)ကျော် ဘုရားကျောင်းကနေ ထွက်ပြေးလာတဲ့အချိန်ဆိုရင် နေ့လည် ၁၁း၀၀နာရီကျော်ရှိပြီ။ကျွန်မတို့ကို ဦးဆောင်မှုလုပ်နေတာက ဆရာ**** ရှိတယ်။ သူကကျွန်မတို့ မုန်းဒင်ပါ အသင်းတော်ရဲ့ အတွင်းရေးမှူး။ ဆရာမ****သူကခရစ်ယာန်စာပေအဖွဲ့မှူး။ ဆရာမ****။ ပြီးရင်ပညာရေးကျောင်းအုပ်ဆရာ**** တို့ ရှိတယ်။

အစားအသောက်ကအိမ်က ယူစားတယ်။ စားဖို့ သောက်ဖို့ လိုတယ်။ ညအိပ်ရင် ခြုံဖို့စောင် အဝတ်အစားလိုတယ်။ အဲသလိုတင်ပြတော့ သွားယူခိုင်းတယ်။ သွားယူပြီး ဘုရားကျောင်းမှာပဲစုပုံထားကြတယ်။ စစ်ကြောင်းတွေလည်း ဘုရားကျောင်းရှေ့မှာပဲနေကြတယ်။ သူတို့နှင့်ကျွန်မတို့ငါးရက်လောက်နေတယ်။

သုံးရက်မြောက်နေ့မှာတော့သူတို့မောင်****ကို ကြိုးနဲ့ချည်လိုက်တယ်။ ကျွန်မတို့အသင်းတော်မှာ ဖုန်းတစ် လုံး ရှိထားတယ်။ အတွင်းရေးမှူးကဆရာမ****ကို (KBC) ဗန်းမော်ဘက် ဖုန်းဆက်သွယ်ခိုင်းတယ်။ ဗန်းမော်မှာ ကျွန်မတို့ သင်းအုပ်ဆရာလည်း ရှိနေတယ်။ ကျွန်မတို့ အဆက်အသွယ်ရတာနဲ့ကျွန်မတို့ဖြစ်နေတာကိုအင်တာနက်ပေါ် တင်လိုက်တယ်။ ထိုသုံးရက်မြောက်နေ့ သူတို့မြန်မာစစ်သားတွေနဲ့ကျွန်မတို့ ဘုရားကျောင်း ဝင်းအတွင်း အတူနေတယ်။

သုံးရက်မြောက်ညနေပိုင်းမှာ အင်တာနက်ပေါ်တင်ထားတယ်ဆိုပြီး (အစိုးရစစ်သားတွေ) ဆရာဆီလာ တောင်းပန်ကြတယ်။ ဒီညကျွန်တော်တို့ကို အိပ်ဖို့ခွင့်ပေးပါအုံး။ ရွာမှာကျွန်တော်တို့ကိုအိပ်ဖို့ ခွင့်ပေးပါအုံး။ မနက် ဖြန်ကျရင် ကျွန်တော်တို့ထွက်သွားမယ်လို့ အစိုးရစစ်သားတွေပြောတယ်။ နောက်မနက် မိုးလင်းတာနဲ့ သူတို့ထွက်သွားကြတယ်။ ရွာကနေထွက်သွားကြပြီလို့ထင်တာ။ ရွာအနောက်ဘက်မှာပဲ သွားစုနေကြတယ်။ ဒီလိုနဲ့သူတို့ မရှိကြတဲ့အချိန်အတွင်း (ဘုရားကျောင်းမှာနေတဲ့လူ လေးရာကျော်) ကျွန်မတို့ပြေး ထွက်နိုင်ခဲ့တယ်။

**အခြားသိမြင်ရသည့်အဖြစ်အပျက်များ**

ဘုရားကျောင်းမှာ ရှိတုန်း ကျွန်မတို့ကို ဘယ်မှမသွားနဲ့လို့ပြောတယ်။ အဖမ်းခံရတဲ့ လူတွေတော့ချိန်းခြောက်ခံရတယ်။ သေနတ်ပစ်ပြီး ရွာဝင်လာသည့်နေ့ အဖမ်းခံရတဲ့ တစ်ယောက် မောင်****။ သူ့အခု **** စစ်ရှောင်စခန်းမှာ သူ့အမေနဲ့အတူနေတယ်။သူကျောင်းတက်တဲ့ကျောင်းက (အ.ထ.က -****ဗန်းမော်)မှာ။

(အစိုးရတပ်တွေ) သူတို့မုန်းဒင်ပါ ဝင်လာဖို့စုနေတဲ့အချိန် မောင်***နွားသွားရှာတဲ့အချိန် ဖမ်းခံရတယ်။ ဦး****က အစ်ကို ဦးမရော်ဂွန်းအတွက် ဆုတောင်းပွဲလုပ်ဖို့ ****ဘုရားကျောင်းဝင်း IDP စခန်းမှာ ရောက်နေသည်။ဦးမရော်ဂွန်းကိုတော့ အစိုးရစစ်တပ်တွေ ရွာထဲဝင်လာတုန်းက သူ့အိမ်မှာပဲပစ်သတ်

လိုက်တယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု — ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု ( နေအိမ်မီးရှို့ဖျက်ဆီးမှု )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၃၅ နှစ် |
| လူမျိုး | - ရခိုင် |
| ကိုးကွယ်သည့်ဘာသာ | - ဗုဒ္ဓဘာသာ |
| အလုပ်အကိုင် | - ဈေးသည် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| နေရပ်လိပ်စာ | - နောင်သောင်းရွာ၊ မန်ဝိန်း၊ မံစီမြို့နယ်၊ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၇ ရက်၊ ၁၁ လ၊ ၂၀၁၁ ခုနှစ် (တနင်္ဂနွေနေ့) |
| အခင်းဖြစ်ပွားသည့်နေရာ | - နောင်သောင်းရွာ၊ မန်ဝင်း၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ (၉၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၄ ရက်၊ ၅ လ၊ ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

လွန်ခဲ့တဲ့၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ၊ ၂၇ရက်၊ တနင်္ဂနွေနေ့မန်ဝိန်းရွာကဒေါ်****နဲ့ ဦး**** တို့ရဲ့အိမ်ကို မြန်မာ့တပ်မတော် စစ်သား(၆)ယောက်ကမီးရှို့လိုက်ကြောင်းသိရှိရတယ်။ သူတို့အိမ် က မန်ဝိန်းရဲစ ခန်းအနီးမှာဟုတ်တယ်။ အဲဒီမနက်ကစစ်သား(၆)ယောက်ကဒေါ်****နဲ့ဦး**** တို့အိမ် သွားပြီး သူတို့နှစ်ယောက်ကိုလာမေးတယ်။ အဲဒီအချိန်မှာသူတို့နှစ်ယောက်က ဦး**** ရဲ့မိခင်အိမ်ကို သွားနေပြီး အိမ်မှာကဦး****ရဲ့ဖခင်ဘဲရှိနေတယ်။ စစ်သားတွေမေးတော့ သူတို့ နှစ်ယောက်မရှိဘူး လို့ပြောတယ်။ အဲလိုနဲ့သူတို့အိမ်ကိုမွှေပြီး ဘာမှမတွေ့တော့အိမ်ကိုမီးရှို့ လိုက်ကြတယ်။ ဦးရဲ့ဖခင် ကတော့ပစ္စည်းတွေမ ရှို့ပေးဖို့တောင်းပန်တယ်။ ဒါပေမယ့် စစ်သား တွေ က နားမထောင်ဘဲ ဦး**** ရဲ့ အဖေကိုကန်တယ်လို့ အိမ်နီးနားချင်းတွေကပြောပြတယ်။ ကန်ပြီး တော့သူတို့ထွက်သွားကြတယ်။ သူတို့ကအိမ်နီးနားချင်းတွေကို ရောမီးလောင်တဲ့နေရာမှာ “ဘယ်သူမှမကူရဘူး၊ ကူတဲ့လူတွေ တွေ့မယ်” ဆိုပြီးပြောတယ်။ အဲဒီအချိန်မှာ ဦး****ရဲ့ ဖခင်ကတော့အိမ် မီးလောင်လို့ အိမ်နီးနားချင်းတွေကိုကူဖို့ပြောတယ်။ မီးလောင်တာကို ဒေါ်****တွေ့တော့ရဲတွေကိုသွားပြောတယ်။ အရင်ကဒီရဲစခန်း မှာဒေါ်****ကအလုပ်လုပ်တယ်။ အဲဒီတော့ ရဲစခန်းက လူတွေအားလုံးနဲ့သိတယ်။ စခန်းမှူးအိမ် မှာ ရောအလုပ်လုပ်ဖူးတယ်။ တပ်မ(၉၉)မှစစ် သားတွေရှို့ တယ်လို့သိရတယ်။

**ဒေါ်****၏ပြောစကား**

“အဲဒီနေ့ကနိုဝင်ဘာ(၂၇)၊ ၂၀၁၁တနင်္ဂနွေနေ့ဟုတ်တယ်။ ကျွန်မတို့အိမ်ကရဲစခန်းနဲ့ကပ်လျက် ဘဲ။ ကျွန်မယောကျာ်းကကချင်ဆိုတော့ သူ့မိသားစုနဲ့ဆုံတိုင်းကချင်စကားဘဲပြောတယ်။ ကျွန်မတို့က ဘာအပြစ်မှလည်းမလုပ်ဘူး။ စစ်နဲ့ပတ်သက်ပြီးတော့လည်းဘာမှမလုပ်ဘူး။ အဲဒီမနက်ဗမာစစ်သား (၆) ယောက်လာပြီး ကျွန်မနဲ့ မာလရှိလားလို့လာမေးတာတဲ့။ အဲဒီအချိန်မှာကျွန်မတို့က အိမ်မှာမရှိဘူး။ ကျွန်မယောကျာ်းရဲ့အဖေဘဲရှိတယ်။ စစ်သားတွေကအဖေကိုလာမေးတယ်။ အဖေလည်းကျွန်မတို့



မရှိကြောင်းပြောတယ်။ အဲဒီတော့စစ်သားတွေက အိမ်မှာဝင်ရှာတယ်။ မတွေ့တော့ အိမ်ကိုမီးရှို့ လိုက်တယ်။ အိမ်နီးချင်းတွေက ”မင်းတို့တွေတစ်ယောက်မှသွားမကူနဲ့ သွားကူတဲ့သူနာ မယ်”လို့ ပြော တယ်။ သွားကူရင်မင်းတို့လည်းပါမယ်။ အဲဒီအချိန်မှာ ကျွန်မယောကျာ်းအဖေက ”ဆရာရယ်နည်းနည်း လောက်တော့ယူပါရစေ။ ကျွန်တော့်သားနဲ့သမီး မှာဘာမှမရှိဘူး။ သူတို့လည်းဘာမှမလုပ်ဘူး”လို့ ဒူးထောက်ပြီးပြောတော့သူ့ကိုကန်လိုက်တယ်။ သူ့ကိုကန်တာတော့အိမ်နီးချင်းတွေပြောလို့သိရ တယ်။ အဖေကအော်ပြီးအကူအညီတောင်းတယ်။ အိမ်ရှေ့ကတရုတ်ညီအစ်ကို နှစ်ယောက်ဘဲလာကူတယ်။ မီးလောင်တော့ဘာပစ္စည်းမှမရဘူး။ ခြင်ထောင်တစ်ခုဘဲကောက်ရတယ်။ ဒါတောင်မီးထိ ထားတယ်။

မီးလောင်တော့ရဲစခန်းကိုသွားပြောတယ်။ ကျွန်မရောအရမ်းအံ့သြသွားတယ်။ ကျွန်မတို့ဘာမှမ လုပ်ဘဲနဲ့ ရဲစခန်းထဲဝင်ပြီးရဲစခန်းက ကိုဇော်လွင်ကိုကျွန်မတို့အိမ်မှာစစ်သား (၆)ယောက်ဝင်ပြီး အိမ်မီးရှို့ပေးလိုက်ကြောင်း ပြောပြတယ်။ အဲဒီတော့သူက“မစုအခုခေတ်ကစစ်ခေတ် ကိုယ်ဖြစ်ရင် ကိုယ်ခံပေါ့။ နင်တို့အိမ်မီးလောင်တာ ငါတို့ဘာမှမလုပ်ပေးနိုင်ဘူး”လို့ပြောတယ်။ နောက်တစ် ယောက် ဗိုလ်လေးစိုးသီဟဆိုတဲ့သူက “မစုအရင်က နင်ရဲစခန်းမှာအလုပ်လုပ်တာလေ၊ အလုပ်လုပ်တော့ KIA တွေကနင်တို့အိမ်ကိုမီးလာရှို့တာဖြစ်မှာပေါ့၊ အခုက KIA တွေလည်းဗမာစကားတတ်တာဘဲ”လို့ ပြောတယ်။ အဲဒီအချိန်မှာကိုဇော်လွင်က ကျွန်မကိုဗိုလ်ကြီးကိုခဏစောင့်ဖို့ ပြောတယ်။ ကျွန်မလည်း စောင့်မယ်လို့ပြောလိုက်တယ်။ ခဏကြာတော့ဗိုလ်ကြီးဆိုသူကထွက်လာ ပြီးကျွန်မကိုကြည့်ပြီးတော့ “ဘာလဲ”ဆိုပြီးမေးတော့ ကျွန်မက“ဗိုလ်ကြီး ကျွန်မအိမ်ကိုစစ် သားတွေ(၆) ယောက်ရောက်လာပြီး မီးရှို့ပေးလိုက်တယ်”လို့ပြောလိုက်တယ်။ အဲဒီအချိန်မှာသူက “ဒီမှာလာရှင်း ပြမနေနဲ့ဟိုမှာသွားရှင်း၊ နင့်ယောကျာ်းကိုလည်းခေါ်သွား”လို့ပြောတယ်။ ကျွန်မတို့ဘာမှမလုပ်ဘူး ဘယ်ကိုမှလည်းမသွားရဲဘူး လို့ပြောတော့သူကစိတ်ဆိုးပြီး “နင်လူလိုပြော တာနားမလည်ဘူးလား”လို့ ပြောတယ်။ “ကျွန်မလည်း နားလည်တယ်၊ ဒီမှာကရဲစခန်းမို့လို့ကျွန်မက ကျွန်မ အိမ်မီး လောင်တာကို လာပြီးသတင်းပို့တာဘဲ၊ ကျွန်မကိုဟိုဟာ၊ ဒီဟာလုပ်ပေးလို့မပြောဘူး ရဲစခန်းနဲ့ကပ်လျှက်ရှိတာကြောင့် သတင်းလာပေးတာဘဲ”လို့ပြောတယ်။ အဲဒီရဲစခန်းကလူတစ် ယောက်က “မစုရေရှောင်နေလိုက်ပါ”လို့သာပြောတယ်။ ကျွန်မတို့ကိုလာနိပ်စက်တာကတပ်မ (၉၉) တွေဟုတ်တယ်။ အရင်ဒီအဖြစ်မျိုးမဖြစ်ခင်မှာ ကျွန်မက (KIA)တွေကိုအရမ်းကြောက်တယ်။ ကျွန်မက ရဲစခန်းမှာရောအလုပ်လုပ်ဖူးတော့၊ အခုကပြောင်းပြန်ဖြစ်နေတယ်။ ကျွန်မအိမ်ကိုမီး လာရှို့တာသူတို့ဗမာစစ်သားတွေဖြစ်နေတယ်။ ကျွန်မတို့အိမ်မီးလောင်တာကို တရွာလုံးသိတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု — ညှင်းပမ်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၈ နှစ်။ |
| ပညာအရည်အချင်း | - ဆဌမတန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျေးရွာလူကြီး(ကြီးကြပ်ရေးမှူး)။တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ။ |
| ဇနီး/ခင်ပွန်းအမည် | - ဒေါ်**** |
| သားသမီး | - (၄)ယောက် |
| ညီမနာမည် | - မ**** |
| အဖေအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - နမ်ဖူကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |

| | |
|---|---|
| လက်ရှိနေရပ်လိပ်စာ | - I DP စခန်း၊ ****ဗန်းမော်မြို့။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၄ရက်၊ ၁၀လ၊ ၂၀၁၃ ခုနှစ်။ မွန်းတည့် ၁၂း၀၀ နာရီ။ |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ဖူကျေးရွာ၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခလရ (၅၆)၊ ခလရ (၄၇)၊ ခမရ (၆၀၁) အစိုးရတပ် စစ်ကြောင်း။ ၂၁ ဗျူဟာမှူး ဟန်ထွန်းနိုင်အဖွဲ့ (ဂါးရာယန်တပ်) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

### ပစ္စည်းဥစ္စာဖျက်ဆီး၊သိမ်းပိုက်။

"(အစိုးရစစ်တပ်တွေ) ရောက်တာနဲ့ ပစ္စည်းတွေလည်း သူတို့ကြိုက်သလိုသိမ်းယူကြတယ်။ ကြက်တွေ၊ ဝက်တွေ သူတို့ကြိုက်သလိုသတ်စားကြတယ်။ အဝတ်အစားတွေဆိုရင်လည်း မိန်းမထဘီ တွေတောင်မချန်ဘူး။ ဆိုင်ကယ်ဘတ်ထရီအိုးတွေ ဖြုတ်ယူတယ်။"

### စစ်ကြောင်းနှင့်ကြုံတွေ့ရပုံ

မုန်ဒင်ပါဘက်ကနေ ဆင်းလာကြတယ်။ အောက်တိုဘာလ ၂၃ ရက်နေ့ မွန်းလွဲ ၃း၀၀နာရီ လောက်မှာ နမ်ဖူကို ရောက်လာကြတယ်။ အဲဒီစစ်ကြောင်းတွေ ရွာသား တော်တော်များများကို သူတို့နဲ့အတူ ခေါ်လာကြတယ်။ ရွာဝင်လာတာနဲ့ ကျွန်တော့်ကို လက်မြောက် နေရာမရွှေ့နဲ့ လက်မြောက်ထားလို့ ပြောတယ်။ ကျွန်တော်လည်း မဟုတ်ဘူး။ ကျွန်နော်က ရွာ လူကြီး(ဥက္ကဋ္ဌ)ပါလို့ပြောလိုက်တယ်။ ကျွန်နော်တို့က မိုင်းခေါင်အုပ်စုပါ။ တခြားတော့မထင်ပါနဲ့ အမြဲတမ်းသွားသွားလာလာပဲလို့ ပြောပြတယ်။ အဲသလိုပြောတော့လည်း ဥက္ကဋ္ဌဆိုရင်လည်းလာလို့ ခေါ်တယ်။ ခေါ်ပြီး ကျွန်တော့်ကို ဦး.....ရဲ့ အိမ်မှာရွာသား အားလုံးကိုခေါ်စုထားပါလို့ အမိန့်ပေးတယ်။ ခေါ်စုထားဖို့ ကျွန်တော်တာဝန်ယူတယ် အဘလို့ကျွန်တော်ပြောတယ်။ အဲသလိုပြောနေတဲ့အချိန်မှာပဲ ငါးမိနစ် ထမင်းစားဦးမယ်လို့ပြောပြန်တယ်။ သူတို့ ခေါ်လာတဲ့ရွာသားတွေအတွက်လည်း ထမင်းကမလောက်ဘူး။ စစ်သားတွေလည်းထမင်းမပါကြဘူး။ အဲသလိုဆိုတော့ ကျွန်တော်တို့ရွာက ထမင်းတွေကိုလိုက်စုတယ်။ ရွာသားတွေကိုရောစစ်သားတွေကိုရော ထမင်းကျွေးခဲ့တယ်။

အထမ်းသမား 'ပေါ်တာ' တချို့ကိုတော့ သူတို့စစ်သားတွေခေါ်သွားတယ်။ ကလေးပါတဲ့ လင်မယား နှစ် ယောက်ပါတယ်။ ကလေးတစ်ယောက်က ဆယ်နှစ်တောင်မပြည့်သေးဘူးထင်တယ်။ ကလေးတစ်ယောက်ကိုတော့ ကျောမှာပိုးထားတယ်။ အဲဒီမိသားစုကိုတော့ကားလမ်းဘေးမှာ ထိုင် ခိုင်းထားတယ်။ ထိုင်ခိုင်းထားတော့ ကျွန်တော်လည်း ဗျူဟာမှူးကိုတင်ပြတယ်။ (အဲဒီလမ်းပေါ်မှာ ထိုင်ခိုင်းထားတဲ့ လင်မယားနှင့် သားသမီးတွေကို လူကြီး(ဥက္ကဋ္ဌ)က သူ့အိမ်ကို နားစေဖို့အတွက် ဗျူဟာမှူးဆီ တင်ပြတယ်) သူတို့ကို ကျွန်တော့်အိမ်ခေါ်ပြီး ထမင်းပြန်ချက်စားတယ်။

နမ်ဖူရွာက ရွာသားတွေအားလုံးက ကျွန်တော့်အိမ်မှာပဲ စုနေတယ်။ စစ်ကြောင်းတွေခေါ်လာ တဲ့ရွာသား တွေနဲ့ကျွန်တော်တို့ နမ်ဖူရွာသားတွေ ထမင်းတစ်ခါ ချက်စားတယ်။ ထမင်းချက်စားအပြီး အားလုံးကို အိမ် ပေါ်မောင်းထည့်လိုက်တယ်။ ဝရံတာမှာ စစ်သားတစ်ယောက်၊ လှေကားခြေရင်းမှာ စစ်သားတစ် ယောက် စောင့်ပြီး အိမ်အောက်မှာ စစ်သား အယောက် လေးဆယ်လောက် အိပ်ကြတယ်။ ကလေးတွေ သက်ကြီး ရွယ်အို မိန်းမတွေကအစ အပေ့ါအပါးသွားဖို့တောင် ခွင့်တောင်းနေရတယ်။

နောက်တစ်ရက်တော့ မိုင်းခေါင်ဈေးနေ့ကျတယ်။ လူကြီး(ဥက္ကဋ္ဌ)လာအုံး အကူအညီပေးပါဦးလို့ ပြောလာ တယ်။ ဘောင်းဘီတိုလည်း မရှိတော့ဘူးလို့ပြောလာပြီး ဘောင်းဘီတိုလည်း သွားယူပေးတယ်။ စစ်သား တွေအတွက်လည်း ဟင်းတွေ၊ ဆေးလိပ်တွေ ဝယ်ရမယ်ဆိုလို့ ကျွန်တော်လည်း ရတယ်လုပ်ပေးမယ်



လို့ ပြောတော့ လူကြီး(ဥက္ကဋ္ဌ)ယုံကြည်တဲ့လူကိုပဲ လွှတ်ပေး။ ထွက်မပြေးရဘူးလို့ ပြန်ပြောတယ်။ အဲသလိုဆို တော့ကျွန်တော့် မိန်းမနဲ့ ဦး****ကို သွားခိုင်းလိုက်တယ်။

မိုင်းခေါင်ဈေးကနေ နံနက် ၈း၀၀နာရီ နောက်မကျပဲ ပြန်လာခဲ့ရမယ်လို့ ပြောပြန်တယ်။ နံနက် ၉း၀၀ နာရီခွဲမှ ဈေးကနေပြန်ရောက်လာတယ်။ ပစ္စည်းတွေအားလုံးကိုလည်း အပ်ပြီးပြီ။ ဈေးကနေရောက်လာပြီး နာရီဝက် လောက်ကြာပြီးမှ ဗျူဟာမှူးက အရာရှိတွေနဲ့ အစည်းအဝေးလုပ်တယ်။ အစည်းအဝေးလုပ်တော့ ဘာတွေ စည်းဝေးကြသလဲလို့ ကျွန်တော်တို့က စဉ်းစားနေတယ်။ စည်းဝေးပြီးနောက်တော့ ဘယ်ညာဝန်းကျင် အကုန်လှန်ရှာတယ်။ ကျွန်တော့် ကျေးရွာ အတွင်းရေးမှူး ဦး****ကို လယ်တောမှာ ဖမ်းလိုက်ကြတယ်။ ဦး****ကိုစစ် ကြောမေး မြန်းကြတယ်။ ခင်ဗျားရဲ့ အတွင်းရေးမှူးလား လူကြီး(ဥက္ကဋ္ဌ)လို့ ကျွန်တော့်ကို မေးတော့ဟုတ် ကဲ့လို့ဖြေ တယ်။

ကျွန်တော်တို့က IDP စခန်းကနေ ခဏပြန်ပြီး လယ်လာလုပ်တာ။ အများစုက IDP စခန်းမှာနေတယ် လို့ရှင်းပြတယ်။ အတွင်းရေးမှူးက KIA ရဲဘော်လားလို့မေးတယ်။ KIA ပြည်သူ့စစ် လုပ်တယ်မဟုတ်လားလို့ စစ်မေးတယ်။ ကျွန်တော်ကတော့ သူတို့ရဲ့အထက်ကဆိုတော့ KIAတွေခေါ်ရင်လည်း သွားရတယ်။ အစိုးရ ဘက်ကခေါ်ရင်လည်း သွားရတယ်။ (ဥက္ကဋ္ဌပဲ သိမယ်လို့ အတွင်းရေးမှူးက စစ်သားတွေစစ်မေးတော့ အဲသ လိုပဲဖြေတယ်တဲ့) သူ့ကို ကြိုးချည်ပြီး ဖမ်းခေါ်လာတာတွေ့တော့ ကျွန်တော့စိတ်ထဲမကောင်းတော့ဘူး။ ကျွန်တော်တို့က ရွာသားတွေဆိုတော့ နည်းနည်းခြောက်လိုက်ရင် ကိုယ်တကယ်မလုပ်တဲ့ကိစ္စကိုလည်း ကြောက်လို့ ဝန်ခံလာတတ်ကြတယ်။ ကျွန်တော့်ကို ဗျူဟာမှူးတစ်ခေါက် ပြန်ခေါ်တယ်။ အောက်တိုဘာလ ၂၄ရက်နေ့ မိုင်းခေါင်ဈေးနေ့ကျတယ်။ ဗျူဟာမှူးခေါ်တဲ့အချိန်က မွန်းတည့် ၁၂း၀၀နာရီ မှာဟုတ်တယ်။

ရိက္ခာသွားယူရမယ်။ ပိုက်ဆံကူညီပေးဦးတဲ့။ မရရင်လည်း ဟုတ်ကဲ့လို့ ပြောရပြီလေ။ စာရင်းနဲ့ တိတိကျကျ လုပ်ပေးပါတဲ့။ ဆန်လေးအိတ်။ ဝီစကီနဲ့ ဟင်းတွေလည်း ဝယ်ပေးပါလို့မှာနေတယ်။ လမ်းကတော်တော်ဆိုးတယ်။ ဆိုင်ကယ်မောင်းတော်တော်ကျွမ်းကျင်တဲ့ လူတွေနဲ့မှ ဖြစ်မယ်လို့ ပြောပြီးဦး****နဲ့ အတူတူသွားဖို့စီစဉ်နေကြတယ်။ ပိုက်ဆံကတစ်သိန်းခုနှစ်သောင်းပေးလိုက်တယ်။ ဒါမလောက်ရင် ဥက္ကဋ္ဌ ကြည့်ပြီး စိုက်ပေးဦးနော်တဲ့။ ကျွန်တော့်အိမ်က နှစ်သောင်းခြောက်ထောင်လည်း ထည့်ယူလာတယ်။ အဲဒီပိုက်ဆံတွေကိုဆိုင်ကယ် (toolbox) ထဲမှာထည့်ပြီး ထွက်လာကြပြီ။

### နှိပ်စက်ခြင်း။

ကျွန်တော်တို့နှစ်ယောက်ထွက်လာကြပြီ။ တကယ်တော့ ကျွန်တော့်ကို ဖမ်းဖို့ စီစဉ်နေကြတာ။ နောက်မှသိ ရတယ်။ အိမ်မှာဆိုရင် ရွာသားတွေ အားလုံးရှိနေလို့လေ။ အိမ်ကနေ ကျွန်တော်တို့ ထွက်လာအောင် ကြံစည်ပြီး ကျွန်တော်တို့နှစ်ယောက်ကို ရွာအစွန်ဆုံးကအိမ် အရှေ့မှာ ဖမ်းပြီး ကြိုးချည်လိုက်တယ်။ ဦး****ကို ညာဘက် ရွာထိပ်က အိမ်ရဲ့ အခန်းထဲမှာ ကြိုးချည်ပြီး ပိတ်ထားတယ်လို့ သိရတယ်။ ကျွန်တော့်ကိုတော့ ကျွန်တော့် ယောက်ဖ ဦး****အိမ်မှာ ဖမ်းပြီးကြိုးချည်ထားတယ်။

အဲဒီမှာ ကျွန်တော့်ကို မင်းဆီမှာ သေနတ်ပါတယ်။ အားလုံးသိပြီးပြီ။ အတွင်းရေးမှူး ပြောပြ တယ်တဲ့။ ကျွန်တော့်ဆီမှာ သေနတ်မရှိဘူးလို့ ပြောပေမဲ့ သူတို့ကတော့ ရှိကိုရှိတယ်လို့ပြောနေတယ်။ မင်းက KIAနှင့် အစိုးရတပ်ကြားမှာ သတင်းပေး သတင်းယူလုပ်တဲ့လူလို့ ပြောလာတယ်။ ကျွန်တော်လည်း သေနတ်မ ရှိဘူး လို့ပြောတယ်။ ဒါဆိုရင် ဒီညတစ်ည စဉ်းစားအုံးနော် မနက်ဖြန်မှခင်ဗျားအဖြေပေါ်မယ်။ မရရအောင်စစ်အုံး မယ်တဲ့။

ကျွန်တော်က စိတ်ညစ်သွားပြီ။ ထမင်းလည်းမကျွေးဘူး။ ရေလည်းမတိုက်ဘူး။ ရေလည်းမတိုက်နဲ့။ ထမင်း လည်းမကျွေးနဲ့တဲ့။ ခြေထောက်ရော လက်မှာရော ကြိုးချည်ထားတယ်။ အပေ့ါတောင်မသွားခိုင်း တော့ဘူး။ ရေသန့်ဗူးအလွတ် တစ်လုံးပစ်ပေးလိုက်တယ်။ တစ်ညလုံးဆီးနဲ့ချွဲစိုနေရတယ်။ အိပ်လို့လည်းမရ တော့ဘူး။

ခြေထောက်ကို ကြိုးနဲ့ဆွဲဆန့်ထားပေးတယ်။ လက်ကိုလည်းချည်ထားတယ်။ တစ်ညလုံး စိတ်ဆင်းရဲ နေရတယ်။ သတ်ပစ်လိုက်မယ်ထင်တယ်။ မသတ်ရင်တောင်မနက်ဖြန်တော့ သူတို့ကြိုက်သလို နှိပ်စက် တော့မှာပဲလို့တွေးပြီး စိတ်ဆင်းရဲနေရတယ်။

နံနက်၆း၀၀နာရီဆိုရင် ချည်ထားတဲ့ကြိုးကို ကျွန်တော်ရအောင်ဖြည်လိုက်တယ်။ ဖြည်လိုက်ပြီး ကျွန်တော်ပြေးတယ်။ တခြားကိုပြေးတာမဟုတ်ဘူး။ ရွာလယ်ဘက် ဗျူဟာမှူးတွေရှိတဲ့ဘက်ကို ပြေးလာတာ။ အိမ်အောက်မှာ စစ်သား သုံးဆယ်လောက်ရှိနေတယ်။ ဗိုလ်တစ်ယောက်လည်းပါတယ်။ လှေကားကနေစုန်ချ။ ရေတွင်းမှာလည်း စစ်သားတစ်ယောက် မျက်နှာသစ်နေတာကိုလည်း ကျော်သွားပြီ။ အဲဒီအချိန်မှာ လိုက်ပစ်တဲ့သေနတ်သံတွေကြားနေရတယ်။ လေးကြိမ်မြောက်ကျည်ဆံ ခေါင်းမှာထိပြီး သေနတ်အရှိန်နဲ့ မူးလဲသွားတယ်။ အဲဒီမှာ လိုက်ရိုက်ကြတယ်။ ကန်တဲ့သူကကန်။ သေနတ်တွေနဲ့ထုရိုက်တော့ ကျွန်တော်လည်း သတိလစ်သွားတယ်။

ဝက်ချည်သလို ကြိုးတုပ်။ ခြေထောက်ကို ဝါးခြမ်းညှပ်ပြီး နှိပ်စက်။ ကျွန်တော့် လက်ပတ်နာရီက တစ်သိန်းပေးပြီးဝယ်ထားတဲ့ ပစ္စည်းတစ်ခုကိုလည်းဖြုတ်ယူသွားတယ်။ သတိလစ်နေတဲ့အချိန် ဘယ်သူ ဖြုတ်ယူသွားလဲတော့မသိဘူး။ စစ်သားတွေက တစ်ယောက်ပြီးတစ်ယောက် ငါဖြုတ်ယူတာလားလို့ပြောပြီး ဝိုင်းကန်ကြတယ်။ ခင်ဗျားတို့မဟုတ်ရင် ကျွန်တော်မယူထားဘူးလို့ပြောတယ်။ အမှန်တော့ သူတို့ဖြုတ်ယူ လိုက်တာ။

ခြေထောက်တွေလည်းရောင်တယ်။ အခုချိန်ထိရိုက်ခံရတဲ့ ဒဏ်ရာတွေ ညိုမဲနေတယ်။ အဲဒီညလည်း ရိုက်ကြတယ်။ ကန်ကြတယ်။ တစ်နေ့လုံး ကြိုးတုပ်ထားတယ်။ စစ်မေးပြီး မွန်းလွဲ တစ်နာရီ လောက်မှာတိုင် နဲ့ကပ်ပြီး ကြိုးတုပ်ထားတယ်။

ကျွန်တော့်ကို မရမကစစ်မေးနေတော့ ဦး****နဲ့ ဦး****ကိုလည်း ခေါ်လာခဲ့ပေးပါ။ ကျွန်တော်တို့သုံး ယောက် အတူတူနေလို့ပြောတော့ သူတို့နှစ်ယောက်ကိုလည်း ကြိုးချည်ပြီးခေါ်လာတယ်။ ကျွန်တော်မှား တယ်ဆိုရင် ကျွန်တော့်ကို သတ်လိုက်ပါလို့ ပြောလိုက်တယ်။ သူတို့နှစ်ယောက်လည်း သေနတ်မရှိဘူး လို့ပြန်ပြောတယ်။ အဲဒီတော့ ဦး****ကို ဦး****ရဲ့ အိမ်ဘက် ခေါ်သွားပြီ။ သူ့ကိုလည်း အခန်းထဲမှာ ချည်ထားတယ်။ ဦး****နဲ့ ကျွန်တော့်ကိုတော့ ရွာအစွန်ဘက်ကို ခေါ်သွားပြန်ပြီ။ အစွန်ဆုံးအိမ်မှာ မျက်နှာ ချင်းဆိုင် ကြိုးတုပ်ထားပြီး ကချင်စကား မပြောခိုင်းနဲ့ တတောင်လောက်ရှည်တဲ့ ဝါးနက်နဲ့ ဒီတုတ်နဲ့နာနာ ရိုက်တဲ့။

ထမင်းလည်းမကျွေးနဲ့ ရေလည်းမတိုက်နဲ့လို့ပြောပြီး ကျွန်တော်တို့နှစ်ယောက်ကို စစ်သားတွေ ကင်းစောင့်နေတယ်။ ကျွန်တော်တို့နှစ်ယောက်က တစ်နေကုန် ဒီတိုင်းထိုင်နေရတယ်။ ညနေ ၅း၀၀ နာရီလောက်ဗျူဟာမှူးခေါ်တယ်။ အဲဒီအချိန်မှာတော့ ပထမကျွန်တော့်ကိုဖမ်းချည်ထားတဲ့ ဦး****ရဲ့ အိမ်မှာပြန်ချည်ထားပြန်ပြီ။

ဗျူဟာမှူးတက်လာပြီးမင်းတို့ကိုလွှတ်မယ်။ ဓါတ်ပုံရိုက်မယ်ဆိုပြီးကျွန်တော်တို့သုံးယောက်ကိုဓါတ်ပုံ ရိုက်ယူတယ်။ ဓါတ်ပုံရိုက်ပြီး ထမင်းစား ခဏနေရင်လွှတ်မယ်တဲ့။ ထမင်း ကောင်းကောင်း စားနော်ခဏနေ လွှတ်မှာပါလို့ ဗျူဟာမှူးပြောတယ်။ ဗျူဟာမှူး ထွက်သွားတာနဲ့ ဦး****ကိုလည်း ပြန်ခေါ်သွားပြီ။ ကျွန်တော် တို့နှစ်ယောက်ကိုလည်း ကြိုးပြန်ချည်ထားတယ်။ ထိုင်လည်းမထိုင်နဲ့ တစောင်းလည်းမအိပ်နဲ့တဲ့။ တွန်းလဲထားပြီး ခြေထောက်လည်း ကြိုးတုပ်။ သတ်ပစ်လိုက်မယ် ထင်လို့ တစ်ခါစိတ်ဆင်းရဲ ပြန်ဖြစ်ရတယ်။ ဘုရားစင်မှာ ဆွဲသတ်လိုက်ဖို့လုပ်နေကြတယ်။ ကြိုးကိုတင်းအောင်ဆွဲချည်ထားတယ်။ သေခါနီးနီးပဲ။ စစ်ကြောင်းမှူး ရောက်လာပြီး လှေကားကနေ ဥက္ကဌကိုကြိုးဖြည်ထားပြီလားလို့ မေးလိုက်တယ်။ အဲဒီအခါကျမှ ဖြည်ထားပြီ ဖြည်ထားပြီ အော်ပြီး ကမန်းကတမ်း ကျွန်တော့်လည်ပင်းက ကြိုးကိုဖြည်ပေးလိုက်တယ်။ ဒီဘက်ကိုခေါ်ခဲ့လို့ လမ်းညွှန်ကြားနေတယ်။ ကျွန်တော်လည်း လမ်းလျှောက်လို့မရဘူး။ ဘယ်လိုလျှောက် မလဲခြေထောက် တစ်အားယောင်တယ် ရပ်လည်းမရပ်နိုင်ဘူးလို့ပြောတော့ နှစ်ယောက်တွဲပြီးခေါ်ဆင်း ခဲ့တယ်။

စစ်သားနှစ်ယောက်ညှပ်ခေါ်လာပြီးစစ်ကြောင်းမှူးက ကျွန်တော့်ကို "မင်းယောကျ်ားမဟုတ်ဘူးလား" တဲ့။ ကျွန်တော်လည်း ဟုတ်တယ်လို့။ မင်းဘုရားတရားကိုင်းရှိုင်းသလား။ ကက်သလစ် ဟုတ်သလားတဲ့။ ဟုတ်တယ်လို့ ကျွန်တော်လည်းပြောတယ်။ ကတိရှိမလား။ ကတိတည်မလားတဲ့။ တည်မယ်လို့ ပြန်ပြောတယ်။ အဲသလိုပြောတော့ သွားမယ်။ အဘနဲ့သွားမယ်။ ဒီညအိမ်မှာ ပျော်ပျော် အိပ်ရမယ်နော်တဲ့။ လမ်းမလျှောက် နိုင်ဘူး။ခေါင်းတအားမူးတယ်။ ရပ်လို့လည်း မရဘူးလို့ ကျွန်တော်က ပြန်ပြောပြတယ်။ ဗိုလ်တစ်ယောက်နဲ့ တွဲပြီးခေါ်လာတယ်။ အိမ်ရောက်တာနဲ့ လှေကားခြေရင်းမှာ ရောက်တော့ကျွန်တော့် အမျိုးသမီးကိုခေါ်ပြီး



မင်းယောကျ်ားကိုပြန်အပ်ပြီနော်တဲ့။ အဲဒီအချိန်မှာ ည ၉း၀၀ နာရီထိုးနေပြီ။

ဆေးမှူး နှစ်ယောက်လွှတ်ပေးလိုက်တယ်။ ဆေးထိုးပေးတယ်။ မျက်စိလည်းဘာမှ မမြင်ရဘူး။ အိမ်ကလူ တွေကအော်ငိုနေကြတယ်။ အိမ်ကလန့်တွေအားလုံးထိုးပိတ်ပြီး ပိတ်ထားတယ်။

မေးခိုင်ကာကွယ်ဆေး ထိုးပေးတယ်။ ခေါင်းမှာ ပတ်တီးစည်းပေးတယ်။ နောက်မနက် နံနက် ၇း၀၀ နာရီ စစ်ကြောင်းမှူး အိမ်ပေါ်တက်လာပြီး ဗျူဟာမှူးခေါ်တယ်ဆိုပြီးလာခေါ်တယ်။ လှမ်းလျှောက်လို့မရ ဘူးပြောတော့လှမ်းလျှောက်လို့မရရင်လည်း တွဲသွားမယ်တဲ့။ စစ်ကြောင်းမှူးနဲ့ အတူသွားလိုက်တယ်။ ဗျူဟာမှူးနဲ့ ဓါတ်ပုံပြန်ရိုက်။ ကျွန်တော်တို့ရွာက ဦး****၊ မ**** နှင့် ကျွန်တော်တို့ကို ဗျူဟာမှူးကအလယ်မှာထားပြီး ဓါတ်ပုံရိုက်တယ်။

ဓါတ်ပုံရိုက်ပြီးဥက္ကဌ မင်းမိုင်းခေါင် ဘက်မှာလည်း သွားစရာမလိုဘူး။ ဆေးခန်းလည်းမသွားနဲ့လို့ မှာလိုက်တယ်။ အဘတစ်အားခေါင်းကိုက်ထားတယ်။ ခေါင်းလည်းတစ်အားနာလို့မိုင်းခေါင်မသွားနဲ့မရဘူးလို့ ပြောတော့လည်း သွားစရာမလိုဘူး။ ခေါင်းတအား ကိုက်တယ်ဆိုရင်လည်း အဘဆီမှာဆေးမှူးပါတယ်။ အဘဒီရွာအတွင်းထဲမှာ နေလို့မရဘူး။ ရွာအပြင်ဘက်မှာ ထွက်နေရတော့မယ်တဲ့။ နည်းနည်း ခေါင်းကိုက်ခဲ့ ရင်လည်း အဘကိုအကြောင်းကြားပြီးမှလာခဲ့ အချိန်မရွေး။ အဲသလိုပြောပြီး သူတို့က ထွက်သွားလိုက်ပြီ။

သူတို့ထွက်သွားပြီးနောက် နံနက် ၁၀း၀၀နာရီလောက်မှာ ဗန်းမော် ****ဘုရာကျောင်းက ဆရာ****၊ မိုင်းခေါင်ကလည်းပါတယ်။ မန်ဂျယ်က ဦး****၊ကားခုနစ်စီးနဲ့ တက်လာကြ တယ်။ ဒီလောက် နှိပ်စက်ခံရမှတော့အားလုံးနေလို့မရတော့ဘူးလို့ ရွာသားတွေကို ပြောလိုက်တယ်။ ရွာသားတချို့မိုင်းခေါင်မှာ ကျန်နေခဲ့တယ်။ ကျွန်တော်တော့ ဗန်းမော်****နှစ်ခြင်းဘုရားကျောင်းသို့ အောက်သိုဘာလ ၂၆ (၂၀၁၃) ည ၉း၀၀နာရီမှာ ရောက်လာပြီး အောက်သိုဘာ ၂၇ မှာ **** IDP စခန်းသို့ ပြန်ပို့ပေးကြတယ်။

ခြေထောက်ဝါးခြမ်းနဲ့ ညှပ်ပေးတာက သုံးနာရီလောက်ကြာမယ်။ ပုလင်းနဲ့လည်းဖိလိမ့် နှိပ်စက်တယ်။ ဝါယာ ကြိုးအကြီး နှစ်ပြန်ခေါက်ပြီး ချည်တယ်။ (တနေ့ ရေမတိုက် ထမင်းမကျွေးဘူး။) စရဖတွေလာတယ်။ ရဲတွေလာတယ်။ ဌာနဆိုင်ရာတွေလာကြည့်တယ်။ သုံးလေးရက်တော့ (IDPစခန်းမှာ) အဲသလိုလာပြီး ပစ္စည်းတွေလာပေးကြတယ်။ ခရိုင်မှူးကပစ္စည်းလာပေးပြီး နည်းနည်းပြုံးပါတဲ့။ ကျွန်တော် ကပြုံးဖို့မပြောနဲ့ ဒီတစ်ခြမ်းလုံးဖုယောင်နေတယ်။ အ၀တ်အစားတောင် လဲ၀တ်ချင်စိတ်မရှိဘူး။ ပိုက်ဆံသုံးသိန်းနဲ့ (ကျပ် ၃၀၀၀၀၀) နဲ့ ချဉ်ငံစပ် ခေါက်ဆွဲတွေလာပေးကြတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပမ်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၃၀ နှစ် |
| ပညာအရည်အချင်း | - B.Th |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| နေရပ်လိပ်စာ | - မန်၀န်းကြီး၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၆ရက်၊ ၁၁ လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မန်၀န်းကြီးဈေး |
| ချိုးဖောက်သူ | - ခ.လ.ရ (၁၀၅) ဆားမော်တပ်ရင်း |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| နေရပ်လိပ်စာ | - မန်၀န်ကြီး၊ မံစီမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၄ရက်၊ ၈ လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

ဦး****ကတော့ ခရှန်ကျေးရွာဘန်ဂေါ်ရွာမှာ အသင်းတော်အမှုထမ်းဆောင်နေသူဖြစ် တယ်။ အစိုးရစစ်တပ်နဲ့ ကေအိုင်အေတွေစစ်ဖြစ်လာတဲ့နဲ့ အပြင်လည်းထွက်လို့မရဘူးဘယ်သူမှလည်း မထွက်ရဲကြဘူး ရှိတဲ့ပစ္စည်းတွေလည်းကုန်နေတယ်။ အဲဒါကြောင့်ဆရာက တစ်ရွာလုံးအတွက်ဆိုပြီး ဈေးသွားဝယ်တယ် ဝယ်ပြီးလို့အပြန်လမ်းမှာဗိုလ်မှူးမျိုးကျော်ဦးဆောင်တဲ့ ခလရ (၁၀၅)တွေတားပြီးတော့ နှစ်ယောက်ကသေနတ်နဲ့ထောက်ပြီးတော့မင်းကချင်မဟုတ်လားလို့မေးတယ် ဟုတ်တယ်လို့ဖြေတော့ ရင်ဘတ်မှာနှစ်ချက်ထိုးတယ်ပြီးတော့ သေနတ်ပြောင်းနဲ့ ခေါင်းကိုနှစ်ခါရိုက်လိုက်တယ် ရိုက်ပြီးတော့ သွေးတွေအန်လာတယ် လီဆူးတစ်ယောက်လည်း ပါတယ်။ သူကတော့တရုတ်ဟုတ်တယ် ဆိုပြီးဖြေတယ်။ သူကိုတော့ တရုတ်မိန်းကလေးတွေလာခေါ်သွားတယ်။

အာမခံနဲ့ ကျွန်တော့်ကိုတော့ မင်းကေအိုင်အေဗိုလ်ဟုတ်တယ် လို့ပြောတယ် "ပုံးထောင်တာ မင်းဟုတ်တယ်"လို့ ပြောခိုင်းတယ်ပြီးတော့ရိုက်တယ်။ သွားရောကျွတ်သွားတယ် ကြိမ် တုတ်နဲ့ ရောရိုက်တယ်သွေးခဲတွေတောင်မျိုချရတယ်သွေးတွေထွက်လွန်းလို့ နောက်ဗိုလ်မှူး မျိုးကျော်က လာခဲ့ပြီးတော့ သူတို့ကိုသည်လောက်မလုပ်နဲ့လို့ပြောထားတာကိုကွာ…လို့ ပြောဟန်ဆောင်ပြီးတော့ သွေးလာသုတ်ပေးတယ်။ မင်းကို ဘုန်းတော်ကြီး(Father) လာခေါ်လိမ့်မယ်လို့ပြောတယ်။ တကယ်လည်း ဘုန်းကြီးလာခဲ့ ပြီးတော့ခေါ်သွားတယ်။ ဘုန်းကြီးရဲ့အိမ်မှာ သုံးရက်ဆေးကုပြီးနေနေလိုက်ရတယ်။ အခုထိ ရိုက်ထားတဲ့ဒဏ်ရာနာနေသေးတယ်။ ကျွန်တော့်ကိုရိုက်တဲ့လူတွေကိုတွေ့ရင်မှတ်မိတယ်။ စိတ်လည်းအရမ်း မကောင်းဘူး။ နောက်တစ်ခါဒါမျိုးမဖြစ်ပါစေနဲ့လို့ဘဲပြောချင်တယ်။

### လူ့အခွင့်အရေးချိုးဖောက်မှု – မလျော်မကန်ပြုမူမှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၅၀နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းအမည် | - ဦး**** |
| ခင်ပွန်းသက် | - ၆၀နှစ် |
| သားသမီး | - ကျား(၂)၊ မ(၁) |
| နေရပ်လိပ်စာ | - ရပ်ကွက်****၊ မုန်းဒိန်ပါကျေးရွာ၊ မံစီမြို့နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၂ရက်၊ ၁၀လ၊၂၀၁၃ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မာန်ခေါ်ယန်ကျေးရွာ၊ မံစီမြို့နယ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ်။ |
| အမှုဖြစ်စဉ်အကျဉ်းပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်ယူသည့်နေ့ | - နိုဝင်ဘာလ၊ ၂၀၁၃ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

### အမှုဖြစ်စဉ်

"အခုအိမ်မှာထားခဲ့တာတွေကတော့ ထော်လာဂျီတစ်စီးထားခဲ့တယ်။ အိမ်အောက်မှာဆိုင်ကယ် တစ်စီးလည်း ထားခဲ့လိုက်တယ်။ ကျွဲ၊ နွားတွေလည်းတောထဲမှာဘဲနေတာဆိုတော့ မခေါ်ခဲ့နိုင်ဘူး။



အိပ်ယာ၊ စောင်၊ အဝတ်အစားတွေကတော့ ပြောနေစရာတောင်မလိုတော့ဘူး။ ကျွန်မတို့ကလည်း သေနတ်သံမြည်သောကြောင့် လယ်တောထဲကိုထွက်ပြေးသွားတယ်။"

### စစ်တပ်နှင့်ကြုံတွေ့ပြီးစစ်မေးခြိမ်းခြောက်ခံရခြင်း။

"ကျွန်မတို့လည်းလယ်တောတွေမှာ ထွက်ပြေးသိမ်းရှောင်နေရင်း နေနေကြတယ်။ စပါးတွေ ရိတ်သိမ်းနိုင်မလားဆိုပြီး နေနေကြတယ်။ တချို့တဝက်တော့ ရိတ်ထားတယ်။ သူများပြန်သွား ကြ ရအောင်ဆိုမှပြန်လိုက်လာခဲ့ကြတယ်။ ဒီဒုက္ခသည်စခန်းကို ရောက်လာတာလည်းမကြာသေးဘူး။ ကျွန်မတို့ထွက်ပြေးလာ တုန်းကမခေါ်ယန်ကျေးရွာမှာ အစိုးရစစ်သားတွေ လိုက်ခေါ်စုပြီး ခဏ တော့ခြိမ်းခြောက်ကြတယ်။ ကျွန်မတို့ကိုစစ်မေးနေတဲ့ချိန်မှာ ဒီဘက်(ဗန်းမော်)ကသတင်းရောက်လာတာ ထင်တယ်။ အဲဒီအခါကျမှစစ်မေးတာရပ်ပြီး လွတ်ပေးလိုက်တယ်။

ပစ္စည်းတွေအကုန်လုံးကို ထုတ်ကြည့်ပြီးစစ်ကြတယ်။ သူတို့မေးတာကဘယ်ကနေထွက် လာကြသလဲ။ အဲဒါတွေမေးကြတယ်။ ကျွန်မတို့ကလည်းလယ်တောမှ ထွက်လာပြီးဒုက္ခသည်စခန်းကို လာနေကြတာလို့ပြောပြတယ်။ ကျွန်မတို့ကတော့လွယ်အိတ်ပဲလွယ်တယ်။ လွယ်အိတ်တွေရှာဖွေ မေးမြန်းကြတယ်။ သူတို့ပြောတာကတော့ ကျမတို့ကိုမာန်ခေါ်ယန်ကျောင်းဟောင်းထဲမှာ အကုန်မောင်း ထည့်ပြီးတော့ အကုန်လုံးကိုမီးရှို့သတ်ပစ်မယ်လို့ခြိမ်းခြောက်တယ်။ အဲဒီတုန်းက ကျွန်မတို့ခြောက်ဆယ်ရှစ် (၆၈) ယောက်ရှိတယ်။

ကျောင်းရှေ့မှာကုက္ကိုလ်ပင်အကြီးကြီးရှိတယ်။ အဲဒီအပင်အောက်မှာစုထားပြီးစစ်ကြတယ်။ (မီးနဲ့ရှို့မယ်၊ သတ်မယ်လို့ပြောတယ်)။ အဲဒီတစ်ယောက်ကတော့ နည်းနည်းရှည်ရှည်ဟုတ်တယ်။ ကျွန်မတို့ကို မေးတဲ့သူကတော့ ဝဝကြီးဟုတ်တယ်။ သူတို့ကတော့အရပ်ဝတ်ပဲဝတ်ထားတယ်။

အဘိုး ကြီး၊ အဘွားကြီး၊ ကလေးတွေနှင့်ကလေးအမေတွေလည်းပါတယ်။ ကလေးတွေကတော့ ကျောပိုးထားတဲ့ကလေးနှစ်ယောက်၊ အခြားကလေးဆယ် (၁၀) ယောက်လောက်ရှိတယ်။ လမ်း သိပ်မ လျှောက်နိုင်တဲ့အဘိုးကြီးအဘွားကြီးတွေလည်းပါတယ်။ တစ်ယောက်က ဝမ်းကိုက်တယ်လို့ပြောတယ်။ ခြေထောက်ကျိုးထားတဲ့လူတစ်ယောက်ပါတယ်။ တောင်ဝှေး (ချိုင်းထောက်) နဲ့ပဲသွားနေရတယ်။ သူတို့ကိုလည်းခေါ်ခဲ့ရတယ်။ နမ့်ဖူရွာကိုရောက်လာတဲ့ခါကျမှ မိုင်းခေါင်ကနေ လာကြိုကြတယ်။ မိုင်းခေါင်မှာ ပြန်အိပ်တယ်။ (မိုင်းခေါင်နှင့်မုန်းဒိန်ပါ)ကဆယ် (၁၀)မိုင်ဝေးတယ်။ လေး (၄) မိုင်ကတော့လမ်းလျှောက်၊ ကျန်တဲ့ခြောက် (၆)မိုင်ကိုကားနဲ့လာကြိုတယ်။"

## မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။

### လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၃၀ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၇ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မရမ်းကျေးရွာ |

| | |
|---|---|
| ချိုးဖောက်သူ | - အ.မ.တ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ၂ရက်၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |


ပုံ (၁၀) - ချိုးဖောက်ခံရသဒေါ်****မှ အမှုဖြစ်စဉ်ကိုပြန်လည်ပြောပြနေစဉ်

## အမှုဖြစ်စဉ်

"သေနတ်သံမြည်ရင်တော့ သူတို့ (ရထားလမ်းတံတားစောင့်စစ်တပ်) တွေက ရမ်းပစ်ကြတယ်။ သူတို့ နဲ့နီးတဲ့လူတွေက အိမ်မှာမအိပ်ရဲတော့ဘူး။ အဲဒါကြောင့်မို့ကျွန်မတို့ရွာအစွန်မှာရှိတဲ့ လူတွေအားလုံး ရွာအလယ်ထဲကိုလာအိပ်ရတယ်။ ကျွန်မတို့ အခုလိုမျိုးထွက်ပြေးပြီးတော့ အိပ်နေရတာလနဲ့ချီပြီ။ ကျွန်မတို့ကညဆိုရင် ထွက်ပြေးပြီး နေ့ဆိုရင်အိမ်ပြန်ထမင်းချက်စားရတယ်။ ညဆိုရင်မိုးတောင်မချုပ်ခင်က ထွက်ပြေးရပြီ။"

"အဲဒီညကတော့ သူတို့တွေ(K.I.Aနှင့် အစိုးရတပ်) ပစ်ကြလားမပစ်ကြလားတော့မသိဘူး။ ပစ်ကြတယ်လို့ပြောရင်လည်း ကိုယ်ကကြောက်တယ်ဆိုတော့ သေနတ်သံစမြည်တာနဲ့ ကျွန်မတို့အိမ်နားမှာရှိတဲ့လူတွေအားလုံးက ကျွန်မတို့အိမ်မှာရှိတဲ့မီးဖိုချောင်မှာဘဲလာဝပ်နေကြတာ။ အဲဒီလိုဝပ်နေရင်း ည(၈) နာရီ လောက်မှာ သေနတ်ထိသွားတယ်။ သေနတ်ထိသွားတယ်လို့လည်းမထင်လိုက်မိဘူး။ နည်းနည်းလေးတော့အောင့်သွားတယ်လို့ဘဲခံစားရတယ်။ နည်းနည်းလေးလှုပ်မိလိုက်လို့ထိသွားတာဟုတ်တယ်။ တကယ်လို့များ မလှုပ်ဘူးဆိုရင်တော့ ထိချင်မှလည်းထိမှာ။"

"သေနတ်ကျည်ဆံဟုတ်တယ်။ သေနတ်ကျည်ကိုတော့ သူတို့မပေးဘူး။ မူးယစ်အဖွဲ့ကဆရာဝန် တွေယူလိုက်တယ်။ သေနတ်ထိတာကတော့ ညာဘက်ပေါင်မှာဟုတ်တယ်။ သေနတ်ကျည်က ကျွန်မရဲ့ပေါင်မှာ သုံးလက်မလောက် စိုက်ဝင်နေတယ်။ နာတာကတော့ ထိတဲ့နောက်(၁၀)မိနစ် (၁၅) မိနစ်လောက်မှာ စပြီးနာလာပြီ။ နောက်နေ့နံနက်(၁၀)နာရီလောက်မှ မြစ်ကြီးနားဆေးရုံကိုရောက်တယ်။ အနာကတော့(၁) လနီးပါးလောက်ကြာမှ ကောင်းကောင်းကျက်တယ်။"

"နောက်နေ့မနက်မှာဘဲရွာလူကြီးတွေက ရွာထဲက လူသေနတ်ထိတယ်လို့သွားပြောတယ်တဲ့။ ဒါပေမယ့် သူတို့ (အစိုးရတပ်) ဘက်ကနေပြီး လာကူညီတာတွေ၊ လာတွေ့တာတွေတော့မရှိဘူး။



မြစ်ကြီးနားဆေးရုံမှာတော့ အခမဲ့ဆေးကုခွင့်ရတယ်။ သေနတ်ပစ်တာတော့ ညနေပိုင်းကနေ မနက် မိုးလင်းပေါက်အထိပစ်တယ်။ မနက်(၇)နာရီလောက်ထိပစ်တယ်။ ညနေပိုင်း(၈)နာရီလောက်က နေဟုတ်တယ်။"

"သူတို့ပစ်တာနဲ့သိပ်မကြာခင်မှာဘဲ သေနတ်ထိပြီ။ သေနတ်ကပစ်နေတယ်ဆိုတော့ လှုပ်လည်းမလှုပ်ရဲဘူး။ တစ်ညလုံးအဲလိုမျိုးဘဲနေလိုက်ပြီ။ ကျွန်မကိုထိတဲ့ကျည်ဆံက နံရံကနေတစ်ဆင့်ထိတယ်ဆိုတော့အဲလောက်မပြင်းဘူး။ တကယ်လို့များနံရံကိုမထိဘူးဆိုရင် ပေါင်ကတော့နှစ်ဖက်ပေါက်သွားလောက်တယ်။ ထိတဲ့အချိန်မှာတော့ တော်တော်လေးနာတယ်။ ည(၈)နာရီလောက်ကနေ နောက်နေ့ မနက် (၁၀) နာရီလောက်ထိဆိုတော့တော်တော်ကိုနာတယ်။"

"အိမ်မှာတော့ ပတ်ဝန်းကျင်ကအပျိုတွေရောအအိုတွေရော အများကြီးဘဲ သေနတ်ကြောက်လို့ လာဝပ်နေကြတာ။ ကျွန်မတို့အိမ်ကနည်းနည်းလေးနိမ့်တယ်ဆိုတော့ သေနတ်ကျည်မထိနိုင်ဘူးဆိုပြီးတော့ လာဝပ်ကြတာဟုတ်တယ်။ ပစ်တာကတော့ နေရာပေါင်းစုံကပစ်တယ်။ ဒါပေမယ့် ကျွန်မတို့အိမ်နံဘေးနားမှာရှိတဲ့ ရထားလမ်းတံတားစောင့်တဲ့အဖွဲ့ကနေပြီးတော့စပစ်တာဟုတ်တယ်။ အဲဒီမှာသေနတ်သံမြည်တာနဲ့ နေရာတိုင်းမှာ အသံက ထွက်လာပြီ။ ဘယ်ဘက်ကကျည်လာလဲဆိုတာတော့ အတိအကျမသိဘူး။"

"မီးရထားလမ်းတံတားစောင့်တဲ့ စစ်သားတွေနေတဲ့နေရာနဲ့ ကျွန်မတို့ရဲ့အိမ်က အရမ်းနီးတယ်။ အမြဲတမ်းလို အဲဒီမီးရထားလမ်းတံတားဘက်ကအရင် သေနတ်သံမြည်တယ်။ တကယ်လို့များ (K.I.A)ဘက်ကလာပစ်မယ်ဆိုရင်တော့ သူတို့ဘက်ကလည်းသေနတ်သံအရင်မြည်မှာပေါ့။"

"အခုအဲလိုမျိုးဖြစ်ပြီးသွားတဲ့နောက်ပိုင်း နောက်ဆက်တွဲခံစားရတဲ့ဝေဒနာကတော့ နလုံးရောဂါရသွားတယ်။ နည်းနည်းလေးတောင် သေနတ်သံကြားလို့မရဘူး။ အဲလိုအသံကြားရင်စိတ်က အမြဲလိုလန့်နေရတယ်။ နောက်ဆုံးပြောချင်တာကတော့အခုလိုမျိုးရွာကိုပစ်တာတော့ မကောင်းဘူးထင်တယ်။ သူတို့ရန်သူအချင်းချင်းပစ်ကြရင်ပစ်ကြ။ အဲဒီအကြောင်းဘဲရှိမှာအခုကတော့ ရွာထဲကိုခဏခဏပစ်မယ်ဆိုရင်တော့ မဖြစ်သင့်တာတွေဖြစ်ခဲ့ရတယ်။ အဲဒါကြောင့် အဲလိုမလုပ်ပေးကြရင်ကောင်းမယ်လို့ ပြောချင်ပါတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား၊မ | - ကျား |
| အသက် | - ၁၅ နှစ် |
| ပညာအရည်အချင်း | - (၉)တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၂ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ် (မနက် ၆ နာရီ) |
| အခင်းဖြစ်ပွားသည့်နေရာ | - မရမ်းကျေးရွာ၊ ဦး****နေအိမ် |
| ချိုးဖောက်သူ | - အ.မ.တ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင်၊ ချိုးဖောက်ခံရသူ၏ဖခင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ၂လ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



ပုံ (၁၁) - ချိုးဖောက်ခံရသမောင်****နှင့် ဖခင်ဦး****တို့မှအမှုဖြစ်စဉ်ကိုပြန်လည်ပြောပြနေစဉ်

## အမှုဖြစ်စဉ်

### ချိုးဖောက်ခံရသူ၏ပြောဆိုချက်

"သေနတ်သံကတော့ တစ်ညလုံးကိုဆူညံနေတာဘဲ။ မနက်လည်းရောက်လာပြီဆိုတော့ ထမင်းချက်စားရမယ်ဆိုပေမယ့်လည်းသေနတ်သံကအရမ်းမြည်တာကြောင့်မို့ အိပ်ယာကမထသေးဘူး။ အိမ်နံဘေးမှာလည်း သေနတ်သံအရမ်းမြည်နေတယ်ဆိုတော့ တံခါးပေါက်မဖွင့်လို့ ပစ်တယ်ထင်ပြီးတံခါးတွေရောသွားဖွင့်ပေမယ့်လည်း ပိုပြီးတောင်မှဆိုးလာတယ်ဆိုတော့ မီးဖိုချောင်ဘက်မှာအားလုံးပြန်သွားပုန်းနေတယ်။ ကျွန်တော်တို့ အဲလိုဘဲပုန်းနေတဲ့အချိန်မှာ မီးရထားလမ်းဘက်ကရန်သူတစ်ယောက်ဖြတ်ခဲ့တယ်ဆိုပြီး အိမ်ဘက်ကိုပစ်တယ်။ အဲဒီအချိန်မှာထိတာဟုတ်တယ်။ ကျွန်တော်ကပစ်တဲ့သူကိုတော့ မတွေ့လိုက်ဘူး။ ဒါပေမယ့် ကျွန်တော့်အစ်ကိုတော့ တွေ့လိုက်တယ်တဲ့။

ကျွန်တော့်ကို သေနတ်ထိတဲ့နေရာကတော့ ဘယ်ဘက်လက်မောင်းမှာဟုတ်တယ်။ အရင်ဆုံး ထိလိုက်တာနဲ့တော့သိပ်မနာဘူး။ ဒါပေမယ့်နည်းနည်းကြာလာတော့နာလာပြီ။ ကျွန်တော်ဒီအနာကိုကုလိုက်တာကတော့ တစ်ပတ်လောက်ကြာတယ်။ အစကတော့ပျောက်သလိုလိုနဲ့ နောက်ကျတော့ပိုဆိုးလာလို့ဆေးတွေတောင်ထိုးလိုက်ရသေးတယ်။ ဆေးကတော့ ရွာထဲမှာရှိတဲ့ဆရာမဆီမှာဘဲ ထိုးတယ်။ အခုလည်း တစ်ခါတစ်လေတော့နာလာတယ်။ အစားအစာမတည့်တာစားရင်တော့ယားလာတယ်။ ယားလို့ကုတ်လိုက်ရင်လည်း ပြန်နီလာတယ်။ ပြန်နီလာရင်တော့ ဆေးထိုးလိုက်တယ်။"

### ချိုးဖောက်ခံရသူ၏ဖခင်ပြောဆိုချက်

"မနက်မိုးလင်းပြီးတဲ့နောက်ပိုင်းမှာဟုတ်တယ်။ (၆)နာရီလောက်ဆိုရင်လင်းနေပြီကော။ အဲဒီတုန်းကဆိုရင် ရမ်းပြီးပစ်တာ။ အရင်တုန်းကလည်းအခုလိုဘဲ ရွာကိုလျှောက်လျှောက်ပစ်တယ်။ ညမိုးချုပ်လာတာနဲ့လျှောက်ပစ်နေတယ်။ ဒါပေမယ့်အဲဒီနေ့မှာတော့ ဘယ်လိုမျက်စိမှားသွားလည်းမသိဘူး။ စနေဘုရားကျောင်းဘက်ကို ရမ်းတမ်းမှန်းတမ်းပစ်ပြီး လူဝင်လာတယ်လို့ပြန်ပြောတယ်။ အဲဒါကတော့ သူတို့ဘာသာသူတို့



လျှောက်ပစ်တာဟုတ်တယ်။ ကျွန်တော်တို့အိမ်မှာလည်း စနေကျောင်းလိုဘဲ သီးသန့်ကိုရွေးပြီး ပစ်တာဟုတ်တယ်။ ကျည်ဆံရာတွေတောင်ကျန်ခဲ့သေးတယ်။ အိမ်ကိုထိပြီးကျန်ခဲ့တဲ့ကျည်ဆံရာကတော့ တစ်နေရာရှိတယ်။ မီးရထားလမ်းဘက်ကဝင်လာပြီး အပြင်ဘက်ကိုထွက်သွားတဲ့အရာ တစ်နေရာဘဲတွေ့တယ်။

စနေကျောင်းဘက်ကိုတော့တစ်မနက်လုံးပစ်နေတာ။ အဲမှာလည်းလူရှိတယ်။ အဲဒီမှာရှိတဲ့ဆရာကိုလည်းဖမ်းသွားလိုက်တယ်။ ကျွန်တော်တို့အိမ်ကို လာပစ်ပြီးတဲ့နောက် သူတို့လာပြီးအားလုံးကို အိမ်အပြင်ခေါ်ထုတ်ပြီးတော့ ထိုင်ခိုင်းပြီးစစ်တယ်။ နောက်ပြီးအိမ်ထဲကိုဝင်ပြီးရှာဖွေမွှေနှောက်တယ်။ မတွေ့ရင်တော့ပြန်ထခိုင်းပြီး ခန္ဓာကိုယ်မှာပြန်ရှာတယ်။ ကျွန်တော်တို့အိမ်သူအိမ်သားတွေကတော့ (၁၁)ယောက် ဟုတ်တယ်။ အမျိုးသမီးတွေကတော့ ကျွန်တော့်အမရယ်၊ ကျွန်တော့်မိန်းမနဲ့သမီးကြီး စုစုပေါင်းသုံးယောက်ပါတယ်။ စစ်သားကတော့တော်တော်များတယ်။ အားလုံး(၇)ယောက်(၈)ယောက်လောက် ရှိမယ်ထင်တယ်။ အားလုံးကသေ နတ်ကိုယ်စီနဲ့ဘဲ။ တစ်ပွင့်ဗိုလ်တစ်ယောက်ရယ်၊ သုံးရစ်နဲ့ တစ်ယောက်လည်းပါတယ်။ တစ်ပွင့်ဗိုလ်ကတော့ ကွပ်ကဲတယ် ထင်တယ်။

သူတို့ကတော့ကျွန်တော်တို့ကို တစ်ခြားရိုက်နက်တာတွေတော့မရှိပါဘူး။ ဒါပေမယ့် ကျွန်တော့်ကလေးတွေကတော့ တော်တော်ကြောက်သွားတယ်။ ကျွန်တော့်သား မောင်****ကလည်း သေနတ်ပြန်ထိထားတယ် ဆိုတော့ သူတို့အားလုံးရဲ့မျက်နှာက မည်းသွားတာဘဲ။ သူတို့ (စစ်သား) တွေကလည်း "ဘာမှမကြောက်နဲ့နော်" လို့တော့ ကောင်းကောင်းပြန်ပြောတယ်။ အိမ်ကို လာရှာတဲ့အချိန် မှာတော့ ပစ္စည်းပျောက်တာတွေတော့မရှိပါဘူး။ ခဏလေးပါဘဲ(၁) မိနစ်(၂)မိနစ် လောက်ဘဲ ကြာမယ်ထင် တယ်။

သူတို့ပြောတာကတော့ သူစိမ်းဝင်လာလို့ဟုတ်တယ်လို့တော့ပြောတယ်။ ဒါပေမယ့်လည်း ဒီဘက်မှာက သူစိမ်းလည်းမရှိပါဘူး။ အခုတော့ကျွန်တော်တို့အိမ်မှာ နေလို့မရတော့ဘူး။ စနေအသင်းတော်ရဲ့အထက်ကအိမ်တွေဘဲနေလို့ရတော့တယ်။ ကျွန်တော်တို့နေတဲ့ အစွန်းပိုင်း(၄) အိမ်လောက်ကတော့ နေလို့မရတော့ဘူး။ ရွာရဲ့အထဲကိုပြောင်းနေရတယ်။ စနေအသင်းကတော့ ရှိသေးတယ်။

### လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - (၃)ယောက် |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ရက်၊ ၁၂လ၊ ၂၀၁၂ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မရမ်းကျေးရွာ |
| ချိုးဖောက်သူ | - အ.မ.တ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ၂လ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



ပုံ (၁၂) - ချိုးဖောက်ခံရသူဦး****မှ ဖြစ်စဉ်အကျဉ်းကို ပြောပြနေစဉ်

## အမှုဖြစ်စဉ်

### ချိုးဖောက်ခံရသူပြောဆိုချက်

"သေနတ်ပစ်သံတွေကြားနေရတယ်။ ကျွန်တော့်မိန်းမမီးဖွားပြီးတာ (၂) ရက်ဘဲရှိသေးတယ်။ သူ့အတွက် နေလှန်းထားတဲ့အသားခြောက်ကို ကြောင်မစားအောင် မီးဖိုချောင်ထဲမှာ အဖုံးလုံအောင်ဖုံးထားပြီး အိမ်ပေါ်ကို ပြန်တက်ဖို့ မီးဖိုချောင်ကနေအထွက် ညာဘက်ပေါင်မှာ ကျည်ဆံတစ်ထောင့်မှန်သွားတယ်။ ကျည်ဆံကအရိုးကိုမထိဘူး။ ပုဆိုးစနဲ့ကပ်ပြီးအသားထဲဝင်သွားတယ်။ ပုဆိုးစဆွဲလိုက်တာနဲ့ကျည်ဆံကျသွားတယ်။"

"နောက်မနက်တော့ မိုးကောင်းဆေးရုံရောက်သွားတယ်။ ကျည်ဆံကိုတော့ အမြောက်တပ်(၃၇၂) ကလာကောက်သွားတယ်။ ကျွန်တော်ဆေးရုံ(၄)ရက်လောက်တက်လိုက်ရတယ်။ ဆေးဖိုးကတော့ ရွာကလူတွေတစ်ထောင်၊ နှစ်ထောင်စိုက်ပြီးပေးတယ်။ စုစုပေါင်းဆေးဖိုး (၇) သောင်းကုန်သွားတယ်။ အခုထက်ထိလမ်းလျှောက်ရင်နာသေးတယ်။ အရင်တုန်းကလည်းရွာထဲကိုမကြာခဏပစ်တယ်။ ကလေးတစ်ယောက်လည်းကျည်ဆံမှန်ဖူးတယ်။ ကျွန်တော်တို့ကရွာထဲကို သေနတ်နဲ့ပစ်လာရင် ပြားပြားဝပ်ပြီး နေလိုက်တယ်။ မတ်တပ်ရပ်နေတာထက်စာရင်တော့လုံခြုံတယ်လို့ထင်တယ်။ ကျွန်တော်တို့အိမ်တွေဆို ကျည်ရာတွေကြီးဘဲ။ အိမ်သာထဲမှာရော နှစ်ပေါက်ရှိတယ်။

### လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်ဘောက်တောင်/ လဘာရန်လု |
| ကျား၊မ | - မ |
| အသက် | - ၂၆ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဖနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သားသမီး | - ၃ယောက် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၉ရက်၊ ၁လ၊ ၂၀၁၂ခုနှစ် (ည ၇း၃၀) |
| အခင်းဖြစ်ပွားသည့်နေရာ | - ဦး****၏ နေအိမ် |



| | |
|---|---|
| ချိုးဖောက်သူ | - အ.မ.တ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ၏ခင်ပွန်း |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၀ရက်၊ ၂လ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI & KWAT |

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်ဘရန်ဆန့် |
| ကျား၊မ | - ကျား |
| အသက် | - ၉ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်ဘောက်တောင် |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၉ရက်၊ ၁လ၊ ၂၀၁၂ခုနှစ် (ည ၇း၃၀) |
| အခင်းဖြစ်ပွားသည့်နေရာ | - ဦး****၏ နေအိမ် |
| ချိုးဖောက်သူ | - အမတ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ၏ဖခင် |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၀ရက်၊ ၂လ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI,KWAT,SSDF |



ပုံ (၁၃) - အခင်းဖြစ်ပွားသည့် နေအိမ်



ပုံ (၁၄) - လက်နက်ကြီးကျသည့်နေရာ



ပုံ (၁၅) - သေဆုံးသူ ဒေါ်ဘောက်တောင်နှင့် ဘရန်ဆန့်

## အမှုဖြစ်စဉ်

### ချိုးဖောက်ခံရသူတို့၏ခင်ပွန်းနှင့်ဖခင်ပြောဆိုချက်

"၁၉ရက်၊ ၁လ၊ ၂၀၁၃ခုနှစ် ညနေပိုင်း(၇း၃၀)လောက်မှာ သေနတ်(၂)ခါ၊ (၃)ခါလောက် မြည်လာတဲ့ အချိန်မှာ ကျွန်တော်တို့မိသားစုတွေအားလုံးကတူးထားတဲ့ ဂတုတ်ကျင်းထဲမှာဝင်ပုန်းနေတယ်။ အဲဒီအချိန်မှာ သေနတ် ကြီးသံတစ်ချက်မြည်ပြီး ကျွန်တော်တို့နဲ့(၅)ပေလောက်ဘဲဝေးတဲ့ ကျွန်တော်တို့အိမ်ပေါ်မှာကျပြီး ပေါက်ကွဲ သွားတယ်။ အဲဒီအချိန်မှာဘဲ တစ်ခါတည်းကျွန်တော့်မိန်းမဘောက်တောင်နဲ့ သားအကြီးဘရန်ဆန့် တို့နှစ်ယောက် ပွဲချင်းပြီးသေသွားတယ်။ ကျွန်တော့်မိန်းမနဲ့သားကိုတော့ နောက်နေ့ (၁) နာရီမှာဘဲ မြေမြှုပ်လိုက်တယ်လို့ပြောတယ်။

ကျွန်တော်တို့ရွာမှာကသေနတ်အကြီးအသေး ညတိုင်းလိုလိုမြည်တယ်ဆိုတော့ ကျွန်တော်တို့ မိသား

စုကညတိုင်းသူများအိမ်မှာသွားအိပ်တယ်။ အဲဒီညမှာတော့ သေနတ်သံနည်းနည်း တိတ်တဲ့အချိန် ဆိုတော့ ကျွန်တော်တို့က အိမ်မှာပြန်လာအိပ်တဲ့အချိန်မှာ ဖြစ်သွားတာဟုတ်တယ်။ ကျွန်တော်တို့ကိုအဲဒီညမှာ ဘယ်သူမှဆေးလည်းလာမကုပေးဘူး။ တစ်ညလုံးအဲဒီလိုဘဲ သွေးတွေနဲ့လဲနေရတယ်။ နောက်နေ့ မနက်မှရဲတွေနှင့် ကျေးရွာအုပ်ချုပ်ရေးမှူးလာပြီး ဓာတ်ပုံရိုက်ယူ၊ နာမည်ကောက်ယူပြီးတော့ မနက် (၈း၃၀) လောက်မှ မြစ်ကြီးနား ဆေးရုံးကြီးကို ခေါ်သွားတယ်။ ဆေးရုံရောက်တဲ့အခါကျတော့ ကုသတဲ့စားရိတ်အားလုံးကို ဆေးရုံကတာဝန်ယူပေးပါတယ်။ ဒါပေမယ့်ထမင်းကတော့ ကိုယ့်ဘာသာကိုယ် ဝယ်စားရတယ်။ အမြောက် တပ်ရင်းကတော့ ပိုက်ဆံ (၃) သိန်း လာပေးတယ်။”

**ထိခိုက်ဒဏ်ရာရသူအမည်စာရင်း**

၁။ အမှုစဉ်ပြန်လည်ပြောပြသူ၏ ခြေဖဝါးနှစ်ဖက်စလုံးတွင်ဒဏ်ရာရပြီး ညာဘက်လက်တွင်လည်း ဒဏ်ရာရသည်
၂။ အမှုစဉ်ပြန်လည်ပြောပြသူ၏သားငယ်(၂နှစ်)၏ ဘယ်ခြေထောက်ခြေဖဝါးတွင် ထိခိုက်သည်။
၃။ အမှုစဉ်ပြန်လည်ပြောပြသူ၏ဖခင် (အသက် ၉၅ နှစ်အရွယ်)၏ တင်ပါးတွင်ဒဏ်ရာရသည်။

**သေဆုံးသူအမည်စာရင်း**

၁။ ဒေါ်လဘရန်လု(အသက် ၂၆နှစ်)
၂။ မောင်ဘရန်ဆန့် (အသက် ၉ နှစ်)

| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားသတ်ဖြတ်မှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်ခေါန်လုံ |
| ကျား၊မ | - မ |
| အသက် | - ၅၀ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၁ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် (မနက် ၁၀း၁၀ မိနစ်) |
| အခင်းဖြစ်ပွားသည့်နေရာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အ.မ.တ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မျက်မြင်သက်သေများနှင့် ရွာလူကြီးများ၏ပြောဆိုချက် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

“အခုဒီမှာဖြစ်ပျက်နေတဲ့အဖြစ်အပျက်အများဆုံးကို စစ်တပ်ကKIAတွေ လာလို့ဖြစ်တယ်လို့ ပြောတယ်။နောက်ပြီး သူတို့ကျည်ဆံလား၊KIAတွေရဲ့ကျည်ဆံလားဆိုတာခွဲခြားလို့မရဘူးလို့ပြောထားတယ်။ ဒါပေမယ့် အခုဖြစ်တဲ့အဖြစ်အပျက်မှာတော့ ကျွန်တော့်မျက်စိအောက်မှာ အစိုးရစစ်တပ်က ပစ်တယ်ဆိုတာ တွေ့လိုက်တယ်။ အဲဒါကတော့ ကျွန်တော်ကိုယ်တိုင်တွေ့တယ်။ ကျွန်တော်ကိုယ်တိုင်သိတယ်။ ဒေါ်ခေါန်လုံကိစ္စကတော့ ကိုယ်တိုင်သိတယ်။ ကိုယ်တိုင်မြင်တဲ့ကိစ္စဟုတ်တယ်။



တစ်ခြားကိစ္စတွေကတော့ ညဖြစ်တဲ့ကိစ္စတွေမို့ အဲဒါတွေကိုတော့ တိတိကျကျမသိဘူး။ တစ်ချို့ မတိကျတဲ့ဟာတွေကျတော့ စစ်တပ်ကအထောက်အထားမေးရင် ဘယ်လိုမှမသိနိုင်ဘူး။ ညမှဖြစ်တဲ့ကိစ္စမို့လို့ သက်သေအထောက်အထား ဘယ်လိုမှမပြနိုင်ဘူးလေ။ အုပ်ချုပ်ရေးမှူးကကျွန်တော်တို့ကို ရပ်ကွက်တစ်ခု ကနေလမ်းပြနိုင်တဲ့သူတစ်ယောက်ထုတ်ပေးပါလို့လာပြောတယ်။ အဲလိုဆိုတော့ ကျွန်တော်တို့ကအပြော အဆိုမတတ်တဲ့ရွာသားတွေကို ထည့်ပေးလိုက်ရင် နှိပ်စက်ပေးမှာကြောက်လို့ ကျွန်တော်တို့ကိုယ်တိုင် လိုက်တာဟုတ်တယ်။

စစ်ကြောင်းနဲ့အတူသွားတာက ကျွန်တော်ရယ်၊ ရက်ကွက် (၇) က ရက်ကွက်အုပ်ချုပ်ရေးမှူး ဦး****ရယ်၊ ဦး****တို့ဟုတ်တယ်။ ဘယ်ကစစ်ကြောင်းလည်းဆိုတာကို ကောင်းကောင်းမသိဘူး။ ကျွန်တော်တို့လည်း ကောင်းကောင်းမမေးမိဘူး။ သူတို့ကသွားမယ် လမ်းပြပေးပါဆိုရင်ပြပေးလိုက်တယ်။ အဲချိန်မှာသူတို့ပြောတာက ဗုံးမထောင်ထားတဲ့ဘက်ခေါ်သွားပေးပါ။ KIAတွေ မရှိတဲ့ဘက်က ခေါ်သွားပေးပါ ပြောတယ်။ ကျွန်တော်တို့က ဘယ်ကိုရောက်ချင်လည်းလို့မေးတော့ ဧရာဝတီကိုသွားချင်တယ်လို့ ပြောတယ်။

မီးရထားလမ်းဘက်က တောလိုဖြတ်ခဲ့တဲ့အချိန်မှာ သူတို့က (စစ်ကြောင်း) လူတွေလည်းမခံဘူး။ အခုဖြစ်တဲ့နေရာက ရွာရဲ့အစွန်မှာတော့ဟုတ်တယ်။ ရွာနဲ့သိပ်မဝေးဘူး။ သူတို့ထင်တာက သုံးဖာလုံ လောက်လျှောက်ရင်ရွာနဲ့တော်တော်ဝေးပြီလို့ထင်နေတာ။ အဲချိန်မှာကျွန်တော်တို့နဲ့ဗိုလ်မှူးတွေက ရှေ့ကိုရောက်နေပြီ ကျွန်တော်တို့ကသေနတ်သံကြားတော့ ဘာဖြစ်လဲလို့ပြန်ခေါက်ကြည့်တဲ့အချိန်မှာ လူတစ်ယောက်ထိနေတာကိုတွေ့တယ်။

အဲချိန်မှာ သူတို့ကဆေးရုံးသွားပို့ရအောင်ဘာမှမဖြစ်ဘူးလို့ပြောတယ်။ ဒါပေမယ့် ကျွန်တော်သွား ကြည့်တဲ့အချိန်မှာတော့ နလုံးကနေသွေးအမြှုပ်တွေ ထွက်နေပြီ။ ကျွန်တော်ကမရတော့ဘူး။ ဆေးရုံးမသွားနဲ့တော့ ဆေးရုံသွားရင်လည်းအလကားဖြစ်သွားပြီလို့ပြောတယ်။ အဲဒီအချိန်မှာ သူတို့ကအလောင်းကို ရပ်ကွက်လူကြီးခေါ်ပြီးရွာကိုပြန်ယူသွားတယ်။ ကျွန်တော့်ကိုတော့မလွှတ်လို့ ကျွန်တော်ကသူတို့ ဘယ်လိုလုပ်လိုက် တယ်ဆိုတာတော့မသိတော့ဘူး။ သူတို့ပြောတာကတော့ အဲဒီဖြစ်တဲ့ ကိစ္စမှာပစ်တဲ့စစ်သားရဲ့ဆရာ (နှစ်ရစ်)က အဘွားကြီးမှန်းသိတယ်။ ပြည်သူမှန်းလည်းသိတာကြောင့် ထွက် မပြေးဖို့သေနတ်ဖောက်လိုက်တယ်တဲ့။ အဲချိန်မှာ သူ့တပည့်စစ်သားလေးက သူ့ဆရာလက်မတည့်ဘူးထင်လို့ ချိန်ပြီးပစ်ထည့်လိုက်တယ်။

ထိတာကတော့ အနောက်ဘက်ကနေပြီးထိတာ။ အဲဒီစစ်သားလေးက ခမရ (၃၈၁) က စစ်သားဟုတ်တယ်။ သူက တပ်ပေါင်းစုကစစ်သားလည်းဟုတ်တယ်။ အဲချိန်မှာ သေနတ်ဖောက်တဲ့အသံက (၃)ခေါက်လောက် မြည်တယ်။ ကျွန်တော်တို့က မရမ်းကျေးရွာကနေ မနက်(၁၀)နာရီလောက်မှာ စထွက်ခဲ့တယ်။ (၁၀)မိနစ် လောက်ဘဲရှိသေးတဲ့အချိန်မှာ သေနတ်ပစ်လို့လူသေသွားပြီဆိုတော့ သူတို့က ကျွန်တော်တို့ကိုဆက်ပြီး တော့ခရီးဆက်သင့်မဆက်သင့်ပြန်မေးတယ်။ အဲချိန်မှာကျွန်တော်က ရွာသူရွာသား တွေကိုစောင့်ပြီးပစ်ကြတယ်လို့ကြားဖူးတယ်လို့ ပြန်ပြောလိုက်တယ်။

ကျွန်တော်ကပြန်တော့မယ် ခင်ဗျားတို့ဘာသာဆက်သွားရင်သွားကြလို့ပြောတဲ့အချိန်မှာ သူတို့အား လုံးလည်းပြန်လှည့်ခဲ့ကြတယ်။ အဲဒီကစစ်ကြောင်းမှူးနာမည်ကတော့ မသိတော့ဘူး။ ဒါပေမယ့် ရွာသားကိုပစ် မိတဲ့နောက်မှာတော့ အရက်သောက်ပြီးစိတ်ဆိုးနေတာတွေ့တယ်။ စစ်သားတွေတော့အားလုံးစုစုပေါင်း (၇၀) လောက်တော့ရှိမယ်ထင်တယ်။ ဗိုလ်မှူးကတော့နှစ်ယောက်ပါတယ်။ သူတို့ကတပ်ပေါင်းစုဆိုတော့ ဘယ် ကမှန်းလည်းကောင်းကောင်းမသိဘူး။ ဒါပေမယ့် သူတို့ကိုကွပ်ကဲတာကတော့ မပခ (မြောက်ပိုင်းတိုင်း) က ဟုတ်တယ်။

သူတို့က ရွာသားတစ်ယောက်ကိုပစ်မိပြီးတဲ့နောက်ပိုင်း ကျွန်တော့်ကိုမလွှတ်ချင်တော့ဘူး။ ဒါကြောင့်မို့ ကျွန်တော်က “ဗိုလ်မှူးအခုလိုမျိုးဖြစ်ရင် ရွာသားတွေစိတ်ကောင်းမှာမဟုတ်ဘူး။ အဲဒါကြောင့်မို့ ကျွန်တော်တို့အမျိုးမှာ ရိုးရာဆိုတာရှိတယ်။ ဒါကြောင့်မို့ ရိုးရာအတိုင်းဘဲတောင်းပန်တာကတော့ လုပ်ရမယ်။ ကျွန်တော် သွားတောင်းပန်ပေးမယ်” လို့ပြောတဲ့အချိန်မှာ သူတို့ကစစ်သားတွေဆီမှာ ပိုက်ဆံအလှူခံပြီး တော့ ပိုက်ဆံသုံးသောင်းကျော်ပေးပြီးတော့ သွားတောင်းပန်ခိုင်းတယ်။ ကျွန်တော်လည်းသွားတောင်းပန် ရင်းနဲ့ ပြန်တော့မယ်နော်ဆိုပြီးတော့ ပြန်ခဲ့တယ်။

အဲဒီနောက်ပိုင်းမှာတော့ မပခ က သီးသန့်လာပေးတာတော့ ရှိတယ်တဲ့။ ဘယ်လောက်လာပေးလည်း

အဲဒါ တော့ ကျွန်တော်လည်းမသိတော့ဘူး။ ကျန်တဲ့လမ်းပြနှစ်ယောက်ကတော့ အခင်းဖြစ်တဲ့ရပ်ကွက်ရဲ့ အုပ်ချုပ်ရေးမှူး ဖြစ်တာကြောင့် ကျွန်တော်ကဗိုလ်မှူးတွေကို သူတို့နှစ်ယောက်ကိုတော့ အခုချက်ချင်းလွှတ်ပေးဖို့နဲ့ ရွာပန သွားလုပ်ရမယ်လို့ တောင်းပန်ပြီးတော့ ပြန်ခိုင်းလိုက်တယ်။ လမ်းခရီးမှာ အထုပ်အပိုးတွေထမ်းခိုင်းတာတော့ အရမ်းလေးတာမထမ်းခိုင်းဘူး။ ဒါပေမယ့်ကျန်တဲ့နှစ်ယောက်ကိုတော့ စစ်ဗိုလ်တွေရဲ့အထုပ်ကိုထမ်းခိုင်းတယ်။ သေနတ်ကျည်တော့မဟုတ်လောက်ဘူးထင်တယ်။ အိပ်ယာတွေ ဖြစ်လောက်တယ်။

### ချိုးဖောက်ခံရသူ၏သားပြောဆိုချက်

"ကျွန်တော့်အမေကိုသေနတ်နဲ့ပစ်လိုက်တဲ့အချိန်မှာ ကျွန်တော်မတွေ့ဘူး။ ကျွန်တော်က ရွာထဲမှာရှိနေတယ်။ သေနတ်သံသုံးချက်ကြားလိုက်ရတော့ ချက်ချင်းအမေ့ကို သတိရလိုက်တယ်။ သူလယ်သွားဖို့ ပြင်ဆင်နေတော့ ကျွန်တော့်အမေများလားဆိုပြီး စိုးရိမ်သွားတယ်။ နောက်တော့မှ မင်းရဲ့အမေဟုတ်တယ်ဆိုပြီးသွား ကြည့်လိုက်တော့ ကျွန်တော့်အမေဖြစ်နေတယ်။

သူတို့ကအမေကိုချက်ချင်းဘဲ မြှုပ်လိုက်ချင်တယ်။ ကျွန်တော်ကကျွန်တော့်အဖေမရှိဘဲနဲ့တော့ မမြှုပ်ချင်ဘူး။ အဖေ့ကို လယ်ကနေမြန်မြန်ခေါ်ပေးပါဆိုပြီးပြောမှ ကျွန်တော့် အဖေရောက်လာတယ်။ သူတို့တောင် အသုဘချတာနည်းနည်းဘဲ မှီလိုက်တယ်။ နောက်ပိုင်းမှာမှ အိမ်မှာလျော်ကြေးဆိုပြီး ပိုက်ဆံ(၃)သိန်းနဲ့ ဆီ(၃)ပိသာလာပေးတယ်။"

### မျက်မြင်သက်သေ ဒေါ် **** ၏ပြောဆိုချက်

"ကျွန်မအဒေါ်ကစပါးရိတ်တော့မယ်၊ စပါးတွေမြန်မြန်သိမ်းရတော့မယ်ဆိုပြီး လယ်သွားတယ်။ သူ့သားက ခြေထောက်လည်းမကောင်းတော့ ဘာမှလုပ်နိုင်မှာမဟုတ်ဘူး။ စားစရာထမင်းမရှိလို့ဖြစ်လိမ့်မယ်။ သနားစရာဆိုပြီး ကျွန်မတို့နှစ်ယောက်လယ်သွားတယ်။ စစ်ကြောင်းရှိမှန်းလည်းမသိဘူး။ လယ်သွားဖို့ ထောက်ခံစာအပြည့်အစုံနဲ့သွားတာဘဲ။ သံလမ်းဘေးရောက်သွားတော့မှ စစ်သားတွေကို အဝေးကနေတွေ့ရတော့ လယ်မသွားတော့ဘူး ဆိုပြီးလှည့်ပြန်ကြတယ်။

| လူ့အခွင့်အရေးချိုးဖောက်မှု | – ညှင်းပမ်းနှိပ်စက်မှု |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - မရမ်းကျေးရွာ၊ မိုးကောင်းမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၁ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မရမ်းကျေးရွာ |
| ချိုးဖောက်သူ | - အ.မ.တ (၃၇၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ၂လ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



### အမှုဖြစ်စဉ်

"ညနေပိုင်းနှစ်နာရီလောက်မှာ ကျွန်တော်တို့ရပ်ကွက် စနေအသင်းတော်ဘုရားကျောင်းနားက မီးရထားလမ်းကိုကျွန်တော်က ဖြတ်ကူးဖို့လုပ်နေတုန်းမှာ စစ်သားတွေကလည်းရထားလမ်းအတိုင်းဘဲဖြတ်ခဲ့တယ်။ ကျွန်တော်နဲ့မျက်နှာချင်းဆိုင်တွေ့တဲ့အချိန်မှာ တစ်ယောက်ကကျော်သွားပြီး ကျန်နေတဲ့တစ်ယောက်ကရပ်ခိုင်းထားပြီး ကျွန်တော်ရဲ့ခါးကိုလွှင့်ပစ်ပေးလိုက်ပြီးမှ စနေကျောင်းကိုခေါ်သွားတယ်။ စစ်သားနှစ်ယောက်လုံးက သေနတ်ကိုယ်စီနဲ့ ဖမ်းသွားတာဟုတ်တယ်။ နှစ်ယောက်စလုံးက ခန္ဓာကိုယ်အတော်အသင့်ရှိတဲ့ လူတွေဟုတ်တယ်။ ကျွန်တော်ထင်တယ် အဲဒီနှစ်ယောက်စလုံးက စစ်ဗိုလ်မဟုတ်ဘူး စစ်သားတွေဘဲ ဖြစ်မယ်ထင်တယ်။

တစ်ယောက်ကတော့ ကျွန်တော့်ကိုမနှိပ်စက်ဘူး၊ တစ်ယောက်ဘဲနှိပ်စက်တယ်။ ကျွန်တော့်ကိုနှိပ်စက်တဲ့သူကအသားမည်းမည်းနဲ့ ကျွန်တော့်ထက် အရပ်ရှည်တယ်။ အစကတော့ သူက(နှိပ်စက်သူ)လက်နာလို့ထင်တယ် သူ့သူငယ်ချင်းကို ကျွန်တော့်ကိုလာရိုက်ဖို့ပြောတယ်။ ဒါပေမယ့်ဟိုတစ်ယောက်က လာမရိုက်ဘူး။ ဒါကြောင့်မို့သူက ကျွန်တော့်ကို ခါးအကြီးကြီးနဲ့ လည်းပင်မှာ ထောက်ထားပေးတယ်။ တကယ်လို့များ ခါးသာ ထက်မယ်ဆိုရင် ကျွန်တော့်လည်ပင်းကတော့ ပြတ်ပြီ။ သူလည်းသိတယ်ထင်ပါတယ် ခါးရဲ့အရင်းပိုင်းနဲ့ဘဲ လည်ပင်းကို ထောက်ပြီးမြေကြီးပေါ်မှာ ဖိထားတယ်။

အဲချိန်မှာ ကျွန်တော်ကတော့ စကားလည်းပြောလို့မရတော့ဘူး။ ဒါပေမယ့် သူတို့နှစ်ယောက်ကတော့ ပြောနေကြတယ်။ ကျန်တဲ့တစ်ယောက်ကတော့ မလုပ်ပါနဲ့လို့တော့ ပြောနေတယ်။ ဒါပေမယ့်သူကတော့ အရက်နည်းနည်းမူးနေတယ်ထင်တယ်။ သူ့သူငယ်ချင်းကိုလာခဲ့ပါ၊ လာထိုးပါလို့ပြောနေတယ်။ သူကတော့ လက်နာတယ်လို့ပြောတယ်။ ဒါပေမယ့် ဟိုတစ်ယောက်ကတော့လာမကန်ဘူး။ နောက်ဆုံးတော့သူက ကျွန်တော့်ကိုထိုးတယ်။ ဘယ်ဘက်မျက်နှာမှာတောင် တစ်ခါချုပ်လိုက်ရသေးတယ်။

အဲချိန်မှာရေလာခတ်တဲ့ဘယ်ကအဖွဲ့လည်းမသိဘူး ကျွန်တော့်ကိုတွေ့သွားပြီးတော့ သူတို့ဗိုလ်ကိုသွားပြောတယ်ထင်တယ်။ မြင့်အောင်ဆိုတဲ့စစ်ဗိုလ်လားတော့မသိဘူး။ ဒါပေမယ့်အခုတော့ ကောင်းကောင်းမမှတ်မိတော့ဘူး။ အောင်ကတော့ပါတယ်။ ကျွန်တော့်ကိုဖမ်းပြီးစစ်တဲ့အချိန်မှာ တော့ အများကြီးလည်းမမေးဘူး။ "ရထားလမ်းပေါ်မှာပစ်တုန်းကပါတယ်မဟုတ်လား" လို့စွပ်စွဲပြီးတော့ မဟုတ်ကြောင်းပြောတော့ နှိပ်စက်တယ်။

ကျွန်တော့်ခါးနဲ့လည်ပင်းမှာ ထောက်ပေးတာတစ်ကြိမ်ရယ် လက်သီးနဲ့ကျွန်တော့် မျက်နှာမှာ ထိုးပေးတာ တစ်ကြိမ် အဲဒါဘဲဟုတ်တယ်။ အဲချိန်မှာကျွန်တော့်ကို ခါးနဲ့ထောက်ထားတာတော့ နာရီဝက်လောက်ကြာမယ်ထင်တယ်။ သူတို့ခြိမ်းခြောက်နေတာလေ။ တစ်ခြားတအား ရိုက်နက်တာတွေတော့ မရှိဘူး။ ခါးနဲ့ဘဲ ထောက်ထားတာကိုမှ အဲလောက်ကြာတယ်။ ခါးထက်တဲ့ဘက်ကလုပ်မယ်ဆိုရင်လည်ပင်းကတော့ပြတ်ပြီ။ သူတို့လည်းသိတယ်ထင်တယ်။ ထက်တဲ့ဘက်ကမလုပ်ဘဲနဲ့ တုံးတဲ့ဘက်ကလုပ်တာ။ ခါးကတော့ တောင်ယာခုတ်တဲ့ခါးဟုတ်တယ်။ တစ်ပေကျော်လောက်တော့ရှည်တယ်။ အဲဒီနေ့မှာတော့ ကျွန်တော်က ငါးသွားဖမ်းမလို့ဟုတ်တယ်။ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ကို သွားခေါ်တဲ့အချိန်မှာ ဖမ်းတာဟုတ်တယ်။

## မြစ်ကြီးနားမြို့နယ်၊ကချင်ပြည်နယ်။

| လူ့အခွင့်အရေးချိုးဖောက်မှု | – မတရားဖမ်းဆီးမှုနှင့်ထိန်းချုပ်နှောင်မှု |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၃၇)နှစ်။ |
| ပညာအရည်အချင်း | - (၅)တန်း။ |

| | |
|---|---|
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သား၊သမီး | - ကျား(၄) |
| ဖခင်အမည် | - ဦး**** |
| မိခင်အမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - တာလောကြီး။ မြစ်ကြီးနားမြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်သည့်နေ့ | - ၂၀၁၂ခုနှစ်၊ဇွန်လ။ |
| အခင်းဖြစ်သည့်နေရာ | - တာလောကြီးရွာ၊သရက်ကုန်းဘုန်းကြီးကျောင်း။ မြစ်ကြီးနားမြို့နယ်။ |
| ချိုးဖောက်သူ | - ခလရ (၃၇)၊ စစ်ကြောင်း(၃)။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၃ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

၂၀၁၁ခုနှစ် တစ်ကျော့ပြန်စစ်ဖြစ်လာပြီးနောက် ဦး**** မိသားစုသည် လိုင်ဇာဒုက္ခသည်စခန်းနှင့် ဝိုင်းမော် မြို့နယ် ရွှေညောင်ပင်ကျေးရွာသို့ ထွက်ပြေးတိမ်းရှောင်လာခဲ့သည်။ လိုင်ဇာ ဒုက္ခသည်စခန်းတွင် ၎င်း၏ဇနီး နှင့်သားသမီးများ၊ ရွှေညောင်ပင်ကျေးရွာတွင် မိဘနှင့် ညီအစ်ကိုများ အသီးသီးခိုလှုံကာ တာလောကြီး ကျေးရွာမှ တိမ်းရှောင်ခဲ့ကြသည်။

သို့သော် ဦး****သည်ရွာထဲမှ ၎င်းတို့နေအိမ်တွင် ဆက်လက်နေထိုင်ရင်း ကျွဲနွား အရောင်းအဝယ်နှင့်ခြံ လုပ်ငန်းများကို ဆက်လက်လုပ်ကိုင်နေခဲ့ပြီး၊ ခြံမှထွက်သော မုန်ညှင်းဆီများကို ဇနီးရှိရာလိုင်ဇာသို့ ဆိုင်ကယ်ဖြင့် သွားရောက်ပို့ဆောင်ကာ အသွားအလာ လုပ်ဆောင်နေခဲ့သည်။ သို့ရာတွင် အစိုးရစစ်တပ်က ကေအိုင်အေ၏ ထောက်လှမ်းရေးဖြစ်သည်ဟု စွပ်စွဲကာ မသင်္ကာသဖြင့် ဖမ်းဆီးလိုက်သည်။ ဦး****အား တာလောကြီးကျေးရွာရှိ ၎င်းတို့၏နေအိမ်မှ ၂၀၁၂ခုနှစ်၊ ဇွန်လ၊ ည(၉း၀၀)နာရီအချိန်တွင် ဖမ်းဆီးခေါ် ဆောင် သွားခြင်းဖြစ်သည်။ ထိုသို့လာရောက် ဖမ်းဆီးချိန်တွင် ၎င်း၏မိခင်လည်း (ဒုက္ခသည်စခန်းမှ) အိမ်သို့ ခေတ္တပြန်လာချိန်နှင့် ကြုံကြိုက်နေသဖြင့် မိခင် ဒေါ်****နှင့် ဦး****သည် နေအိမ်၌ အတူရှိနေသည်။

"ည (၉း၀၀)နာရီ အချိန်ခန့်တွင် ဧည့်စာရင်း လာစစ်တယ် ဆိုပြီးလာခဲ့လို့၊ အမေက 'ဘာဧည့်သည်မှမရှိဘူး၊ ကျွန်မတို့သားအမိပဲ ရှိတယ်'လို့ပြောတော့ အိမ်တံခါးကိုလာကန်ပြီး တခါးပိတ်သည့်မင်းတုံး (ကန့်လန့်) တောင်ကောက်ကွေးသွားတယ်။ အမေကတံခါးမြန်မြန် မဖွင့်နိုင်ခဲ့ဘူး၊ အမေက ကချင်လိုပြောတော့ (ကချင်လို) မပြောနဲ့ဆိုပြီး အိမ်ထဲရောက်တော့ တစ်အိမ်လုံး ရှာဖွေတော့တာပဲ"

ဦး**** အား မသင်္ကာသဖြင့် ဖမ်းဆီးခြင်းသည် ရွာအပြင်ဘက်ရှိ ၎င်း၏ခြံသို့သွားရာတွင် ဖုန်းပြောဆိုခြင်း၊ရွာအတွင်းရှိကချင်လူမျိုးများအားလုံးထွက်ပြေးတိမ်းရှောင်သွားသော်လည်းသူတစ်ယောက် ကျန်ရှိနေ ခြင်းနှင့် ၎င်း၏အမျိုးသမီးရှိရာ လိုင်ဇာသို့ မုန်ညှင်းဆီပုံးများ သွားရောက်ပို့ဆောင်ခြင်း တို့ကြောင့် ဖြစ်သည်။ "အဲဒီအချိန်မှာ ကျွန်တော်လည်း လိုင်ဇာသို့ဆိုင်ကယ်နဲ့ အသွားအလာလုပ်နေတယ်။ မုန်ညှင်းဆီပုံးတွေ သယ်ယူလို့ ဒီလူကကေအိုင်အေတွေကို အစားအသောက်ရိက္ခာတွေ ထောက်ပံ့နေတယ်။ ဖုန်းတစ်လုံးနဲ့ ထောက်လှမ်းရေးလုပ်နေတယ်ဆိုပြီး ကျွန်တော့်ကို ဖမ်းဆီး လိုက်တယ်"

"ကျွန်တော့်ကို လာဖမ်းစဉ်မှာတော့ (၁၀)ယောက်ဟုတ်တယ်၊ သေနတ်တွေ စစ်ဝတ်စုံ အပြည့်အစုံနဲ့ပါပဲ အရာရှိ(၂)ယောက် (နှစ်ပွင့်ဗိုလ်နှင့်သုံးပွင့်ဗိုလ်) ပါတယ်။ ရွာလူကြီးတွေမပါဘူး။



အိမ်ကနေလာခေါ်သွားတယ်။ အဲ့ဒီအချိန်အိမ်မှာ ကျွန်တော်တို့သားအမိပဲ ရှိနေတယ်။ ကျွန်တော့်ကို ဘယ်ကိုခေါ်သွားတယ်ဆိုတာ အမေ့ကိုဘာမှ ပြောမထားခဲ့ဘူး"

ဦး****အားတာလောကြီးကျေးရွာရှိသရက်ကုန်းဘုန်းကြီးကျောင်းတွင်ဖမ်းဆီးထားခဲ့ခြင်းဖြစ်သည်။ "အဲ့ဒီကိုခေါ်သွားပြီး နှစ်ရက်နှစ်ညဖမ်းဆီးထားပါတယ်။ ပထမညမှာတော့ ရှမ်းတွေရဲ့ဘုန်းကြီးကျောင်းက အဆောင်မှာ ဖမ်းထားတယ်။ ခြေထောက်ကိုခြောက်ပေါက်၏ အပေါက်တစ်ပေါက်ခြား ထည့်ထားပြီး လက်ကို ကြိုးဖြင့်ဆွဲချည်ထားတယ်။ မျက်နှာပေါ်ကို ခြေထောက်နဲ့ နှစ်ချက်ကန်တယ်။ လက်ဖြင့် ပါးနှစ်ချက်ရိုက်တယ်"

"အဲ့ဒီကရွာလူကြီးတွေ 'ဒီကလေးက ဘာမှလုပ်တာမဟုတ်ဘူး'လို ပြောလိုက်တော့မှ လွှတ်လိုက်တာ ဖြစ်ပါတယ်။ 'လူကြည့်မှားတာဖြစ်လိမ့်မယ်။ ကျွန်တော်တို့အာမခံတယ်။ သူတို့ညီအစ်ကိုတွေက လိမ္မာကြတယ်။ ရုံးမှာလည်း ဘာအမဲစက်မှမရှိဘူး' လို့ ရွာလူကြီးတွေက အာမခံပေးလို့ လွှတ်ပေးလိုက်တာ ဖြစ်ပါတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – လွတ်လပ်စွာလှုပ်ရှားသွားလာခွင့်ကို ထိပါးနှောက်ယှက်ခြင်း

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၆နှစ်။ |
| မှတ်ပုံတင်အမှတ် | - ၁/မခဘ(နိုင်)****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သား/သမီး | - သမီး(၁)နှင့် ကျား(၁) |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ မြစ်ကြီးနားမြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၅ရက်၊ စက်တင်ဘာလ၊၂၀၁၃ခုနှစ်။ (ည ၇း၄၅နာရီ)။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မြစ်ကြီးနားလေယဉ်ကွင်းဂိတ် |
| ချိုးဖောက်သူ | - မြစ်ကြီးနားလေယဉ်ကွင်းလမ်း ဂိတ်စောင့် စစ်သားများ။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၀၁၃ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

"ကျွန်တော်တို့ Bishop ဦး****နဲ့ တွေ့ဆုံဖို့ရန် ကျွန်တော်တို့ ****တွေ နမ္မားဘုရားကျောင်းမှာ Bishopနှင့် တွေ့တယ်။ကျွန်တော်ညနေ၃း၀၀နာရီလောက်မှာ နမ္မားကနေမြစ်ကြီးနားကို ပြန်တဲ့အချိန်ဖြစ်ပွားခဲ့တာဖြစ်တယ်။

ကျွန်တော်မြစ်ကြီးနားကို ည၇း၄၅နာရီမှာဝင်တယ်။ မော်ဖေါင်းဂိတ်မှာလည်း စစ်တယ်။ မော်ဖေါင်းဂိတ်မှာတော့ ကျွန်တော့်ကို ကောင်းကောင်းမွန်မွန် ဖြတ်ခိုင်းတယ်။ ည၇း၀၀နာရီ လေတပ်ဂိတ်က လမ်းခွဲဂိတ်မှာ စစ်သားတွေရပ်နေတာကိုတွေ့ခဲ့တယ်။ စစ်သားတွေရှိတယ်ဆိုတော့ ကြောက်ပြီး ဆိုင်ကယ် အရှိန်နဲ့မောင်းလာခဲ့တယ်။ ကျွန်တော်က အရှိန်နဲ့မောင်းလာတော့ နောက်မှာစစ်သားတွေ လိုက်လာမှန်းလည်းမသိဘူး။ အေးမြသာယာရောက်တော့ လမ်းပေါ်မှာ လူတွေအများကြီးရှိတယ်ဆိုတော့ စိုးရိမ်စရာမလိုတော့ဘူးဆိုပြီး အရှိန်ကိုလျှော့လိုက်တယ်။ နောက်ကနေလိုက်လာတဲ့ စစ်သားကိုရိုးရိုးလူလို့ပဲ ထင်ပြီးအရင်ကျော်ခိုင်းလိုက်မယ်ဆိုပြီး အရှိန်လျှော့လိုက်တဲ့အချိန်မှာ ဘေးနားကဆိုင်ကယ်ပေါ်က

နေလူတစ်ယောက် ကျွန်တော့်ဆိုင် ကယ်ပေါ်ကိုခုန်တက် လာတယ်။

ခင်ဗျားအပြစ်ကို ခင်ဗျားသိတယ်မဟုတ်လားလို့ အဲဒီစစ်သားကမေးတဲ့အချိန်ကျွန်တော်က ကျွန်တော့်မှာ ဘာအပြစ်ရှိလို့လဲလို့ ပြန်မေးလိုက်တယ်။ လျှာမရှည်နဲ့ အဲဒီဆရာကြီး နောက်ကိုလိုက်လို့ ပြောပြီးလိုက်ခိုင်းတယ်။ ကျွန်တော်လည်း ဟုတ်ကဲ့ရပါတယ် ဆိုပြီးလိုက်ခဲ့တယ်။

ကျွန်တော့်စိတ်မှာတော့ ဒူကထောင်ရပ်ကွက် အုပ်ချုပ်ရေးရုံးမှာလား။ အမှတ်(၁)ရဲစခန်းမှာလားလို့ပဲ ထင်ထားလိုက်တယ်။ အဲဒီနောက် ကျွန်တော်လိုက်လာတော့ နည်းနည်းမှောင်တဲ့ လမ်းကြားရောက်တော့ ကျွန်တော့်ကို ညာဘက်လမ်းကြားထဲဝင်ခိုင်းတယ်။

အဲဒီဘက်ကိုဝင်တာနဲ့ ကျွန်တော့်စိတ်မပျော်တော့ဘူး။ သတိထားပြီးနေတယ်။ စစ်သားတစ်ယောက် ကရှေ့ကနေအရင်ဝင်တယ်။ ရောက်တော့ ကျွန်တော့်ဆိုင်ကယ် မီးပိတ်ခိုင်းတယ်။ ကျွန်တော်လည်း အကူအညီများရမလားဆိုပြီး ပတ်ဝန်းကျင်ကို လိုက်ကြည့်တယ်။ ဆိုင်ကယ်မီးပိတ်လိုက်တာနဲ့ ကျွန်တော့်ကို ဖမ်းလိုက်တယ်။

ကျွန်တော့်ဖုန်းကိုသွားကိုင်မိတော့ သေနတ်လားလို့မေးတယ်။ ကျွန်တော့်မှာဘာသေနတ်မှမပါဘူး။ ကျွန်တော် ဘာသာရေးဆရာဟုတ်တယ်လို့ ပြန်ပြောလိုက်တော့ သူကကျွန်တော့်ကို လျှာမရှည်နဲ့ ဘာမှနားမလည်ဘူးလို့ ပြောတယ်။

(အသင်းတော်နဲ့ဆိုင်တဲ့) ကဒ်တွေ၊ ပိုက်ဆံအိတ်တွေ ပြခိုင်းတယ်။ နောက်တော့ ဘိန်းမပါဘူးလားလို့လည်း မေးတယ်။ ကျွန်တော့်မှာ ဘာမှမပါဘူး။ သေနတ်လည်းမပါ။ ဘိန်းလည်းမပါဘူးလို့ ပြောလိုက်တာနဲ့ သူတို့ကစစ်မယ်နော်ဆိုပြီး စစ်တော့တာပဲ။ ဘာမှမတွေ့တော့ မိုးရေစိုမှာဆိုးလို့ ကျွန်တော်ကောင်းကောင်းထုပ်ထားတဲ့အထုပ်ကိုမသင်္ကာလို့ ကြည့်လို့ရမလားလို့မေးတယ်။ ကျွန်တော်လည်း ကြည့်လို့ရပါတယ်။ ကျွန်တော့်အဝတ်ထုပ်တွေပါလို့ ပြန်ပြောလိုက်တယ်။ ကျွန်တော်တစ်ခုစဉ်းစားမိလိုက်တယ်။ သူတို့ကလိမ်ကကျစ်ကျပြီးတစ်ခုခု ကွက်ရှာပြီး အပြစ်ရှာမှာကို စိုးရိမ်နေတယ်။ အဲဒီအချိန်မှာ ကျွန်တော်လည်း "ဟာဆရာတို့ကျွန်တော့် အထုပ်ကို ကြည့်မယ်ဆိုရင်ကျွန်တော့်မှာ ဓါတ်မီးပါတယ် ဓါတ်မီးထုတ်ပြီးမှ ဓါတ်မီး နဲ့ကောင်းကောင်း ကြည့်ပါ"လို့ပြောလိုက်တယ်။

ဓါတ်မီးထုတ်ပြီးထိုးကြည့်တယ်။ အဝတ်အစားတွေ စာရွက်စာတမ်းတွေ ကျမ်းစာအုပ်တွေ အကုန်လုံးကိုလှန် ကြည့်တယ်။ "ဘာမှမတွေ့တော့ခက်ပြီကော ခင်ဗျားက ခရစ်ယာန်ဘုန်းကြီးဆိုတော့ ဘုန်းကြီးကိုဗိုလ်ကြီး ဖမ်းခိုင်းတာခေါ်ခိုင်းတာ။ ကျွန်တော်တို့လည်း အားနာတယ်။ ကျွန်တော်တို့ ဗိုလ်ကြီးအတွက် နည်းနည်း လုပ်ပေးရမယ်ဆိုပြီး ငွေတောင်းတယ်။"

ကျွန်တော်လည်း ကျပ်သုံးသောင်း (၃၀၀၀၀)ရှိတဲ့ထဲကနေ ခင်ဗျားတို့ယူရဲရင်ယူပါ။ အဲဒါဘုရားပိုက်ဆံဖြစ် တယ်။ ဗုဒ္ဓဘာသာလို ပြောရင်တော့ ဒါဒကာတွေပေးတဲ့ အလှူငွေပါ။ ဒီပိုက်ဆံက ဘုရားပိုက်ဆံဖြစ်တယ်။ ခင်ဗျားတို့လိုချင်လည်း ကျွန်တော်ပေးမယ်လို့ပြောပြီး ကျပ်နှစ်သောင်း (၂၀,၀၀၀)ကို ပေးတော့ "ဟာဆရာ အဲဒီလိုမလုပ်နဲ့"လို့ပြောတယ်။ ကျွန်တော် အမှန်တိုင်းပြောတာ စီးပွားရေးသမားလည်း မဟုတ်ဘူး။ ကျွန်တော်ကဘာသာရေးဆရာ ကျွန်တော့်မှာရှိတဲ့ ပိုက်ဆံကဘုရားရဲ့ ပိုက်ဆံပဲပြောပြီး ကျပ်နှစ်သောင်းပေးပြီး ပစ္စည်းတွေသိမ်းပြီး ပြန်လာခဲ့တယ်။ သူတို့နာမည်လည်းပြောပြတယ်။ ကျွန်တော် မမှတ်မိတော့ဘူး။ ကျွန်တော် အိမ်ရောက်တော့ ည၈း၀၀နာရီထိုးနေပြီ။

**လူ့အခွင့်အရေးချိုးဖောက်မှု** **– မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်ဆွတ်မုန်အောင် |
| ကျား/မ | - ကျား |
| အသက် | - (၁၈)နှစ်။ |
| ပညာအရည်အချင်း | - ၉တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား။ |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| နေရပ်လိပ်စာ | - တပ်ကုန်း၊ ကြာရာပတ္တီး၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အင်ဂျန်ဒုံ(တပ်ကုန်းအုပ်စု) ရဲ၊ မီးသတ်နှင့် အုပ်ချုပ်ရေးမှူး။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး****။ |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ခြင်း | - ဦးလေး၊ အဒေါ်။ |
| အခင်းဖြစ်သည့်နေ့ | - ၃ ရက်၊ မတ်လ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | - မတ်လ၊ ၂၀၁၅ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

rSwfcsuf / þjzpfpf0fo nfjrpfuDem;owif*sme , frwf20- 29 ESh7Day Daily News
(4) &uf rwfv 2015 ckESo wifwGWy &SDjzpfo nf

**အမှုဖြစ်စဉ်**

ဆွတ်မုန်အောင်၏ မိဘများသည် ဖားကန့်မြို့တွင် နေထိုင်သူများဖြစ်သည်။ မြစ်ကြီးနား၊ တပ်ကုန်း (ကြာရာပတ္တီး)တွင် ဦးလေး၊ အဒေါ်များနှင့် နေထိုင်၍ (၉)တန်းတွင် ပညာသင်ကြားနေသည့် ကျောင်းသားဖြစ်သည်။

၂၀၁၅ခုနှစ်၊ မတ်လ၊ ၃ရက်ည (၉း၀၀)နာရီအချိန်တွင် အထက်တန်းကျောင်းသား(၁၁)ယောက်တို့သည် အင်ဂျန်ဒုံဘော်ဒါဆောင်ရှေ့တွင်ဂီတာတီးပြီး သီချင်းဆိုနေကြသည်။ ထိုဘော်ဒါမှ ဆရာမသည် အုပ်ချုပ်ရေးမှူးထံသို့ ဖုန်းဆက်အကြောင်းကြားလိုက်သည်။

"သူကဘာမှလည်းလာမပြောဘူး။ အကြော်ဆိုင်မှာဆိုလား။ သီချင်းသွားဆိုတဲ့အချိန် မီးသတ်တွေလာပြီး အားလုံးကိုလက်ထိတ်ခတ်၍ လာဖမ်းသွားတယ်လို့ပြောတယ်။ တပ်ကုန်း အုပ်ချုပ်ရေးမှူးက 'လက်ထိတ်ပါ လား'ဆိုပြီး အားလုံးကို လက်ထိတ်ခတ်ခိုင်းတယ်တဲ့"

"အဲဒါကြောင့် ကလေးတွေက လန့်ပြီးထွက်ပြေးကုန်တယ်။ (၆)ယောက်က ထွက်ပြေးလွတ်မြောက်သွားတယ်။ (၅)ယောက်ဖမ်းဆီးခံရတယ်။ သူလည်းထွက်ပြေးမယ်ဆိုပြီး ဆိုင်ကယ်နဲ့ ပြင်နေချိန် မီးသတ်တွေက တစ်ခါတည်းဆိုင်ကယ်စီးပြီး ဝိုင်းထားလို့ မီးသတ်ဝန်းထမ်းရဲ့ ဆိုင်ကယ်နှင့်တိုက်မိပြီး သူကလဲကျသွားတဲ့ အချိန် အဲဒီမှာသူတို့(မီးသတ်)တွေ စိတ်တိုချင်ပြီး လက်နည်းနည်း လွန်သွားတာဖြစ်မယ်။ မီးသတ်တွေ တုတ်သုံးချောင်း၊ လေးချောင်းကိုင်တယ်လို့ပြောတယ်"

ဆွတ်မုန်အောင်သည်ညစာကျက်ဝိုင်းကျူရှင်သို့သွားရန်ညနေ(၅း၀၀)နာရီအချိန်ခန့်တွင်သွားနေကျဖြစ်ပြီး ညဆယ်နာရီခွဲအချိန်ခန့်တွင် အိမ်ပြန်လာလေ့ရှိသည်။ "အဲဒီညနည်းနည်း နောက်ကျနေတယ်ဆိုပြီး စိုးရိမ်နေတဲ့အချိန် ဖုန်းဝင်လာတယ်။ တပ်ကုန်းရုံးမှာ မင်းတို့အိမ်က ကျောင်းသားတစ်ယောက်ကို ဖမ်းထားတယ်။ လာခေါ်ယူကြဆိုပြီး အုပ်ချုပ်ရေးမှူးဆီကဖုန်းဝင်လာတာနဲ့ သူ့ဦးလေးကို ဖုန်းပေးပြီးနောက်သူ့ဦးလေးသွားခေါ်ယူခဲ့တယ်"

အုပ်ချုပ်ရေးရုံးသို့ "သူ့ရဲ့ဦးလေးတွေ ရောက်သွားတဲ့အချိန် ဘယ်သူမှမရှိကြတော့ဘူး။ ကျွန်တော်တို့ရဲ့ ဆွတ်မုန်အောင်နဲ့ သူ့သူငယ်ချင်းပဲ ရှိနေတော့တယ်။ တချို့လူတွေက လာခေါ်ပြီး ပြန်သွားကြပြီ။ 'ဘာမဖြစ် ဘူးလား'လို့ သူ့ဦးလေးမေးတဲ့အချိန် အုပ်ချုပ်ရေးမှူးက 'ဘာမှမဖြစ်ဘူး' ဆိုပြီး မရိုက်တဲ့အကြောင်းတွေ ပြောခဲ့တယ်"

အိမ်ကိုခေါ်သွားသည့်အချိန် ကျောင်းသားသည် စကားမပြောတော့ဘဲ အန်သာအန်တော့သည်။ သူ့ဦး လေးက အရက်သောက်ထားသလားဆိုပြီး မသင်္ကာသဖြင့် ပါးစပ်နားကပ်ပြီး အနံ့ခံကြည့်သော်လည်း အရက်နံ့မရပါ။ "ခဏခဏအန်တယ် ကျွန်မတို့လည်း အခုလိုမျိုးရိုက်ထားတယ်ဆိုတာ လုံးဝမထင်ခဲ့ဘူး။ သူအစာစားမှား တာပဲထင်ခဲ့တယ်။ သူလည်းဘာမှမပြောဘူး။ အဲဒီချိန်စကားလည်း သိပ်မပြောနိုင်တော့ဘူး။"

အဲဒီညမှာ သူ့အဒေါ်က အစာစားမှားတယ်ထင်ပြီး မက္ကလောင်တွေ ခြစ်ပေးခဲ့သော်လည်း မသက်သာသော ကြောင့် နောက်နေ့ (၂၀၁၅ခုနှစ်၊ မတ်လ၊ ၄ ရက်)တွင် ဆေးရုံကြီးသို့ ပို့လိုက်သည်။ "ဆေးရုံကို မနက် (၁၀)နာရီ (၁၁)နာရီလောက်မှသာ ခေါ်သွားတယ်။"

"ဆေးရုံမှာ ရောက်တဲ့အချိန် 'ဒီကလေးဆိုင်ကယ်လဲ ထားသလား။ အရိုက်ခံထားရသလား'လို့ မေးတယ်။ သူ့ဦးလေးက အခုလိုမျိုးဖြစ်တဲ့အကြောင်းတွေ ဘာမှမသိတော့ ဘာမှမဖြစ်ဘူး။ မနေ့ကကျူရှင်က ပြန်လာ တဲ့အချိန် အန်ပဲအန်လို့ ကျွန်တော်တို့က အစာစားမှားတယ်ထင်ပြီး မက္ကလောင်ပဲ ခြစ်ပေးတယ်။ နောက်မ နက်မှ ဂရုစိုက်ကြည့်လိုက်မယ်ဆိုတော့ နောက်မနက်ရောက်တော့ သူကသတိလစ်နေပြီ။"

"အသက်ထွက်တဲ့အချိန် သူ့ဦးလေးကပုံမှန်မဟုတ်ဘူး ခွဲစိတ်မယ်ဆိုပြီးခွဲစိတ်ကြည့်တော့ လေး(၄) လက်မ ခန့် 'အမာချောင်းနဲ့ရိုက်ထားတယ်' ဆိုပြီးဆရာဝန်က ပြောတယ်။"

ကျွန်တော်တို့တူလေး သေဆုံးသွားသည့်အတွက် အုပ်ချုပ်ရေးမှူးက ကလေးရဲ့မိဘတွေကို ကျပ်သိန်း(၅၀) လာပေးတယ်။ ကျောင်းသားတွေကို လာဖမ်းသည့်အချိန်တွင် တပ်ကုန်းအုပ်ချုပ်ရေးမှူးနှင့် ရပ်ကွက်မီး သတ်များပါသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည့်အမည် | - ၄ ဦး |
| နေရပ်လိပ်စာ | - ဒါဆိုင်ကောင်ကျေးရွာ၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၄ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ် |
| ချိုးဖောက်သူ | - အစိုးရတပ်မတော် (ရှေ့တန်းစစ်ကြောင်း) |
| အမှုဖြစ်စဥ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI, KWAT |

**အမှုဖြစ်စဉ်**

"ကျွန်မကလေးနဲ့ရှိနေတဲ့အချိန်မှာ ဗမာစစ်သားနှစ်ယောက်လာပြီးတော့ "ဟေသွားသွား" လို့ပြောပြီးတော့ခေါ် သွားတယ်။ ထွက်ပြေးလို့မရတာနဲ့ခံလိုက်ရတယ်။ သူတို့ကကျွန်မကိုရွာလမ်းမကြီးဘက် ခေါ်သွားတယ်။ အဲဒီ မှာကျွန်မသိတဲ့လူတွေရောပါနေတယ်။ ကျည်ဆံလို့ထင်ရတဲ့ဆာလာအိတ်အထုပ်ကို ခြင်းထဲထည့်ပြီး ကျွန်မကိုလွယ်ခိုင်းတယ်။ အပေါ်မှာတော့ငှက်ပျောဖူးလောက်ရှိတဲ့ အမြောက်ကျည်နှစ်လုံး ထည့်ပေးလိုက်တယ်။ (၁၀) ပိသာ (၂၀)ပိသာလောက်ရှိတယ်။ ကျောကအရည်ခွံတွေတောင်ခွာသွားတယ်။"

"ကျွန်မနဲ့ဆိုရင် မိန်းကလေးကသုံးယောက်ပါတယ်။ တစ်ယောက်ကဗမာဟုတ်တယ်။ ကျွန်မအပါအဝင် ဒါဆိုင်ကောင်မှလူအယောက်(၁၀)ယောက်ပါတယ်။ တစ်ခြားရွာကလူတွေရောပါတယ်။ ကျွန်မကိုတော့ မနက်ကတည်းကခေါ်သွားတယ်။ ကျွန်မထက်စောပြီး ခေါ်ခံရတာတွေလည်းပါတယ်။ ပေါ်တာအားလုံးကို စစ်သားတွေရဲ့ကြားမှာ နေခိုင်းတယ်။ အဖွဲ့သုံးဖွဲ့ခွဲထားပေးတယ်။ ဒါဆိုင်ကောင်ကျေးရွာမှ ဟူးကတ်ကျေးရွာအထိ တစ်နာရီသွားရင်ရောက်တယ်။ ဒါပေမယ့်တောလမ်းကနေ ခေါ်သွားတဲ့အတွက် နေ့လယ်(၁၂)နာရီမှ ရောက်တယ်။

ရွာရောက်တော့ ရွာမှာရှိတဲ့လူတွေကိုခေါ်ပြီး ထမင်းချက်ခိုင်းတယ်။ ကျွန်မတို့ကိုကျွေးတဲ့အစာ



စားပြီးတာနဲ့ ရွာကနွားလှည်းကိုယူခိုင်းတယ်။ ပြီးတော့ကျွန်မတို့ကိုမောင်းခိုင်းတယ်။ တာပတောင်း ကျေးရွာရောက်မှ ကျွန်မနဲ့တစ်ချို့ကိုပြန်ခိုင်းတယ်။ အိမ်ကိုတော့ညနေ(၃)နာရီမှရောက်တယ်။

ကျွန်မနဲ့အတူပါသွားတဲ့လူတွေကတော့ဦး****၊ဦး****၊ဒေါ်****၊ဒေါ်****နဲ့ဗမာကောင်လေး(၅) ရောက်တို့ဟုတ်တယ်။ နောက်တစ်ခြားရွာထဲက လူတွေရောပါတယ်။ အဲဒီအချိန်သူတို့ပြောတာကြားတယ်။ "စစ်တိုက်ပြီးကျွန်တော်တို့စစ်သားတွေသေရင် တစ်ရွာလုံးမီးရှို့မယ်" လို့ပြောတာကြားရတယ်။ နောက်လ ဒီဇင်ဘာရောက်တဲ့ချိန်မှာ ရွာကအိမ်ငါးလုံးမီးရှို့ပေးလိုက်တယ်။ အဲဒီထဲမှာ ကျွန်မအိမ်လည်းပါသွားပြီးတော့ ရွာဦးကဆိုင်ကိုလည်းအကုန်မွှေထားပေးတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၃၅ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၊မကန (နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည့်အမည် | - ဒေါ်**** |
| သားသမီး | - ၂ ဦး |
| နေရပ်လိပ်စာ | - ရပ်ကွက်****၊****၊မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၃ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မလိဆွတ်ယန်တောင်ယာ |
| ချိုးဖောက်သူ | - အစိုးရတပ်မတော်၊ ရှေ့တန်းစစ်ကြောင်း |
| အမှုဖြစ်စဥ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI, KWAT |

**အမှုဖြစ်စဉ်**

"ကျွန်တော်ကအေးမြသာယာမှာနေပြီးတော့မလိဇွပ်ယန်ကျေးရွာတွင် တောင်ယာလုပ်ပြီး လုပ်ကိုင်စားသောက်နေတယ်။ ကျွန်တော့်အခင်းမှာ နေနေတဲ့အချိန် ဗမာစစ်သား၃၊ ၄ယောက်လောက် ခုန်ပြီးတော့လာခဲ့တာတွေ့လို့ထွက်ပြေးဖို့လုပ်နေတဲ့အချိန်မှာ ကလေးပါနေလို့ မထူးတော့ဘူးဆိုပြီး နေလိုက်တဲ့အချိန် စစ်သားနှစ်ယောက်ကသေနတ်နဲ့ ထောက်ပြီးတော့ "ဟေ့ကောင်လာလာ ဘယ်မှမသွားနဲ့" လို့ပြောတယ်။ ပြီးတော့စစ်သား အဖွဲ့လိုက်ပြန်လာခဲ့ပြီး ကျွန်တော့်ရဲ့အခင်းမှာကြိုက်သလို စားသောက်ပြီးတော့ ဆယ်နာရီလောက်မှာပြန်သွားကြတယ်။ ကျွန်တော့်ကိုလည်းစားလို့ပြောတယ်။ ကျွန်တော်က စိတ်မကောင်းလို့မစားဘူး။

ပြီးတော့ပိသာ ၂၀လောက် ရှိတဲ့စစ်ကြောင်းမှူးရဲ့ပစ္စည်းကို သယ်ခိုင်းတယ်။ သူတို့က ကျွန်တော့်ကလေး ကိုလည်းခေါ်သွားဖို့လုပ်နေတဲ့ချိန်မှာ မခေါ်သွားဖို့ပြောတဲ့အတွက်မခေါ်သွားဘဲ ချန်ထားခဲ့တယ်။ ကျွန်တော့်ကလေးကို "အမေတို့အဖွားတို့မေးရင် ဗမာစစ်သားတွေခေါ်သွားတယ်လို့ ပြောလိုက်နော်" လို့မှာထားခဲ့တယ်။ ပြီးတော့ကျွန်တော့်ကိုချုံများတဲ့နေရာကနေတိုးထွက်ပြီးတော့ ခေါ်သွားတယ်။

နွားကျောင်းတဲ့နေရာ ဇင်လောင်ပါမှသူတို့စကားပြောရန်အတွက်(၁)နာရီလောက်နားပြီး ခရီးဆက်တယ်။ လေယာဉ်ကွင်းဟောင်းကိုရောက်တော့ တစ်နာရီလောက်ပြန်နားတယ်။ သူတို့

စကားပြောစက်ထုတ်တဲ့ အချိန်ကျွန်တော်က အရမ်းကြောက်သွားတယ်။ ဖုံးများထောင်နေသလားလို့ပေါ့။ ပြီးတာနဲ့ပြန်ဆက်သွားတယ်။

မလိဖွတ်ယန်ကျေးရွာရောက်တဲ့အချိန် KIAတွေနဲ့(၂၀)မိနစ်လောက် စစ်ဖြစ်တယ်။ အဲဒီလိုပစ်နေတဲ့အချိန် ပေါ်တာလိုက်တဲ့လူတွေကို စစ်သားနှစ်ယောက်ရဲ့ကြားမှာ တစ်ယောက်စီ ထားပြီးပစ်တယ်။ ကျွန်တော် တောင်အရမ်းကြောက်သွားတယ်။ ပြီးတာနဲ့ပြန်ဆက်သွားတယ်။ မလိဆွတ်ယန်ကျေးရွာမှာရောက်တဲ့အချိန် ခေါ်လာတဲ့ပေါ်တာအားလုံးကိုခေါ်ပြီးတော့"မင်းတို့KIAကို သတင်းပေးမှာကြောက်လို့ ခေါ်လာခဲ့တာဖြစ်တယ်" ဆိုပြီးတော့ပြန်ခိုင်းလိုက်တယ်။

ကျွန်တော်နဲ့အတူပါလာတဲ့သူတွေက (၄၀)ယောက်လောက်ရှိတယ်။ သူတို့ကိုကြည့်ပြီးအရမ်းသနားတယ်။ အစာလည်းမကျွေးဘူး။ ကျွန်တော်က ညနေ(၆)နာရီ လောက်မှာပြန်သွားတယ်။ အခင်းရှိတဲ့နေရာကိုတော့ ည(၁၂)နာရီလောက်မှ ရောက်တယ်။ သူတို့ထဲကတစ်ချို့ကတော့ ခမောက်တံဆိပ်နဲ့။ တစ်ချို့ကတော့ ဗမာ စစ်သားတံဆိပ်နဲ့ဟုတ်တယ်။ ကျွန်တော်နဲ့အတူပါသွားတဲ့ထဲက ကျွန်တော်သိတဲ့လူတွေကတော့ ဦး****၊ ဦး****၊ မောင်****၊ မောင်****တို့ဟုတ်တယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု** **– အဓမ္မခိုင်းစေမှု ( ပေါ်တာဆွဲခံရခြင်း )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ကို **** |
| ကျား/မ | - ကျား |
| အသက် | - ၂၃ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ယဉ်မောင်း |
| အဖအမည် | - ဦး **** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - တပ်ကုန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ | - ၁၇ရက်၊ အောက်တိုဘာလ၊၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - တပ်ကုန်းရပ်ကွက်ရှိ လမ်းပေါ်၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အစိုးရစစ်ဝတ်စုံနှင့် ရဲဝတ်စုံ ဝတ်ဆင်ထားသူ (၁၀)ယောက်၊ မိတ္ထီလာစစ်တပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

၂၀၁၁ခုနှစ်၊အောက်တိုဘာလ၊၂၇ရက်ညနေပိုင်းအချိန်တွင်မြစ်ကြီးနားမြို့၏ကမ်းနားလမ်းပေါ်ဘက်ဆိုင်ကယ်စီးထွက်နေရင်း၊ ဗိုက်ဆာလာလို့ ညဈေးတန်းတွင် အစာပြေသွားစားခဲ့သည်။ ညဈေးတန်းမှအပြန် တပ်ကုန်းလမ်းမပေါ်တွင် အစိုးရစစ်ဝတ်စုံနှင့် ရဲဝတ်စုံဝတ်ဆင်ထားသူ (၁၀)ယောက်သည် ဆိုင်ကယ်ရပ်ခိုင်းသည်။ "ဆရာဘာဖြစ်လို့လဲ"ဟုမေးရာ "စကားမများနဲ့ရပ်"ဟုပြောသည်။ ဖမ်းခံရသူ၏ ဆိုင်ကယ်နှင့်ဖုန်းကိုသိမ်းယူလိုက်သည်။

"ကျွန်တော်တို့ကို မဖမ်းခင်လူ(၁၈)ယောက်ကို ဆိုင်ကယ်ရောလူပါ ဖမ်းထားပြီးဖြစ်တယ်။ (၁)နာရီလောက် ကြာတော့ ကား(၃)စီးရောက်လာပြီး၊ ကျွန်တော်တို့အားလုံးကို ခေါ်သွားတယ်။ ကား(၃)စီးစလုံးကို မိုးကာနဲ့ အုပ်ထားလို့ ဘယ်ဘက်ကို ခေါ်သွားတယ်ဆိုတာ မသိပေမဲ့၊ ကားခုန်တာကိုကြည့်ရင် ဗလမင်းထင်တံတားကိုဖြတ်ကျော်ပြီးသွားရတဲ့လမ်းခရီးဖြစ်နိုင်တယ်လို့ခန့်မှန်းရတယ်။ကျွန်တော်တို့အားလုံး အယောက်(၂၀) ထဲမှာ မိန်းကလေး(၂)ယောက်ပါတယ်။ ဗမာလူမျိုးလည်း တစ်ယောက်ပါတယ်။



အဲဒီည လယ်တောမှာအိပ်တယ်။ အဲဒီနောက် တောင်ပေါ်ကို ခေါ်သွားတယ်။ လယ်တောရောက်တော့ အဲဒီဗမာကောင်ကို မတွေ့ တော့ဘူး။ သူ့ကိုလွတ်ပေးလိုက်ပြီလို့ ကျွန်တော်တို့ထင်တယ်။"

"တောင်ကုန်းပေါ်ရောက်တော့ အားလုံးကို အင်္ကျီချွတ်ခိုင်းတယ်။ ကျွန်တော်တို့မှာပါတဲ့ တစ်ယောက်က ဘာဖြစ်လို့လဲဆရာလို့မေးတော့စစ်သားတွေကသူ့ကိုလက်ဖြင့်မျက်လုံးမှာထိုးပေးလို့မျက်လုံးယောင်ပြီး မျက်လုံးဖွင့်လို့ မရတော့တာတွေ့လို့ ကျွန်တော်တို့ အားလုံးကြောက်သွားကြတယ်။ နောက်တော့ ဘောင်းဘီ ရှည်အားလုံးချွတ် လိုက်ရတယ်။ စစ်သားတွေမေးတဲ့အခါ ကောင်းကောင်းမဖြေရင်လည်း ရိုက်တယ်။ ကို****ရဲ့ ဘယ်ဘက်လက်မောင်းမှာ ကချင်အမျိုးသားအလံ ဆေးမင်ကြောင် ထိုးထားလို့ လက်မောင်းကို စစ်သားတွေမမြင်ရအောင် ကွယ်ပြီးရပ်နေရတယ်။"

"ကျွန်တော့်ကို မင်းဘာလူမျိုးလဲလို့ မေးတော့ ရဝမ်လူမျိုးဟုတ်တယ်လို့ ပြောတော့ စစ်သားတစ်ယောက် ကိုခေါ်ပြီး 'နင့်အမျိုးရောက်နေတယ်။ ရဝမ်ဟုတ်မဟုတ် လာစစ်ကြည့်'လို့ပြောတယ်။ ကျွန်တော်က ရဝမ်လူ မျိုးဟုတ်ပေမဲ့၊ မန္တလေးမှာဘဲ ကျောင်းတက်လို့ရဝမ်စကား မပြောတတ်ဘူးလို့ပြောတော့၊ သူ့ကို (၃)ချက် ရိုက်တယ်။ ကျွန်တော့်လက်မောင်းမှာထိုးထားတဲ့ ဆေးမင်ကြောင်ကိုတွေ့လိုက်ပြီး 'အော်နင်ကဆေးမင် ကြောင်နဲ့ပါလား။ နင်ကေအိုင်အေနဲ့ပက်သက်ရမယ်။ နင့်အဖေဘယ်မှာတာဝန်ကျလဲ၊ ပြောစမ်း'လို့ပြော တော့ကျွန်တော့် မိဘတွေက ရိုးရိုးတောင်သူတွေပါလို့ပြောတယ်။ အရမ်းဆင်းရဲတယ်လို့ပြောတော့၊နင် လိမ်တယ်ဆိုပြီး ဘယ်ဘက်နံရိုးကို ခြေထောက်နဲ့ကန်လိုက်လို့ ကျွန်တော်လဲကျသွားတယ်။ သုံးပွင့်ဗိုလ်က မေးစေ့မှာ သေနတ်နဲ့ထောက်ပြီး ပစ်ဖို့ပြင်လိုက်ရာ ကျွန်တော်က၊ ဘုရားသခင်ကယ်တော်မူပါလို့ ဆုတောင်း နေချိန် နောက်ထပ် (၃)ပွင့် ဗိုလ်တစ်ယောက်က 'ဟေ့ကောင်မပစ်နဲ့ နင်အဲလိုလုပ်စရာမလိုဘူး'လို့ပြော တော့'နင်ငါ့ကို အဲလိုပြောစရာမလိုဘူး။ ငါလုပ်ချင်သလိုလုပ်မယ်'ဆိုပြီး အဲဒီစစ်ဗိုလ်(၂)ယောက်ကသူတို့ အချင်းချင်း သေနတ်နဲ့ ချိန်ပြီးစကားများနေကြချိန် ကျွန်တော်က အဲဒီပြဿနာမှ လွတ်သွားတယ်။" ပြီး နောက်တပ်ကြပ်တစ်ဦးကိုခေါ်ပြီး စစ်ခိုင်းရာအဲဒီတပ်ကြပ်က ဘာမှမမေးပဲ အရင်ရိုက်တယ်။ အဲဒီညက အရမ်းချမ်းပေမယ့် အဝတ်ဗလာနဲ့ အိပ်လိုက်ရတယ်။ ထမင်းလဲမကျွေး၊ ရေလဲမတိုက်ဘူး။"

"(၃)ရက်မြောက်နေ့ ညမှစပြီး မိန်းကလေး (၂)ယောက်ကိုတော့ အဲဒီစစ်ကြောင်းအဖွဲ့ကရာထူးကြီးသူတွေ အဓမ္မသားမယားပြုကျင့်တယ်။ အဲဒီစစ်အဖွဲ့မှာပါတဲ့ (၃)ပွင့်ဗိုလ်တစ်ယောက်က စိတ်ထားနည်းနည်း ကောင်းတယ်။ ကျွန်တော်တို့ကို တခြားစစ်သားတွေ ရိုက်နက်ရင် မရိုက်ဖို့တားတယ်။ အဲဒီညတစ်ပွင့်ဗိုလ် ပေါက်စလေးတွေ အများကြီးပါတယ်။ အဲဒီညတစ်ညလုံး မိန်းကလေးနှစ်ယောက်ကို တစ်နေရာကနေတစ် နေရာ၊ ညလုံးပေါက်အဓ္ဓမ ပြုကျင့်ကြတယ်။"

"နောက်မနက်တော့ မိန်းကလေးနှစ်ယောက်က လမ်းတောင်မလျှောက်နိုင်တော့ဘူး။ ငိုလျက်နဲ့ စစ်တန်း လျားကနေ ထွက်လာကြတယ်။ အဲဒီနောက် အင်မတန် အားလျော့နေတဲ့ပုံစံနဲ့ သစ်ပင်အောက်မှာ မှီနေတာ တွေ့ရတယ်။ ကျွန်တော်တို့နဲ့ စစ်တပ်တွေ တစ်နေရာမှာဘဲ စခန်းအတူချပြီး နေတယ်။ အရာရှိတွေနေတဲ့ နေရာနဲ့ မနီးပေမယ့် လှမ်းမြင်ရတယ်။ အဲတာကြောင့် သူတို့ဘာလုပ်နေတယ်ဆိုတာ အကုန်မြင်နေရတယ်။ ကျွန်တော်ကတဲမှာ မအိပ်ရဘူး။ ဟာလာဟင်းလင်းမှာဘဲ အိပ်ရတယ်။"

"နောက်မနက်ကြတော့ မိန်းကလေးနှစ်ယောက်ထဲက ပိုချောတဲ့တစ်ယောက်ကိုခေါ်ပြီး ရေအတူချိုးစေ တယ်။ အဲဒီတစ်ယောက်က သုံးပွင့်ဗိုလ် (မိတ္ထီလာစစ်တပ်)ကဆိုတာကို ရေလိုင်းတံဆိပ်ကို ကြည့်ချင်းအား ဖြင့်သိရတယ်။ အဲဒီစစ်ဗိုလ်က ကျွန်တော်တို့ကို ရေခပ်ခိုင်းပြီး ကိုယ်တုံးလုံးရေချိုးတယ်။ သူရေချိုးနေချိန် ကောင်မလေးကို အတင်းအဓမ္မ ရေလောင်းခိုင်းတယ်။ ရေချိုးပြီးရင်လဲ အဲဒီကောင်မလေးကို တဘက်နဲ့ရေ ခြောက်အောင် သုတ်ခိုင်းတယ်။ ပြီးနောက် အဲဒီကောင်မလေးကို အတွင်းခံဘောင်းဘီ ဝတ်ပေးခိုင်းတယ်။"

"သူ(စစ်ဗိုလ်)ရေချိုးပြီးတာနဲ့ မိန်းကလေးကို ကိုယ်တုံးလုံး ရေချိုးခိုင်းတယ်။ 'ရေမချိုးရင် သတ်ပစ်မယ်'လို့ ခြိမ်းခြောက်တော့ မိန်းကလေးလည်း ရေချိုးလိုက်ရတယ်။ (၃)ပွင့်ဗိုလ်က စစ်သားတစ်ယောက်ကိုခေါ်ပြီး မိန်းကလေးကို ရေလောင်းပေးခိုင်းတယ်။ သူတို့ရေချိုးနေတဲ့နေရာက အကုန်လုံး နားနေတဲ့နေရာမို့လို့အား လုံးမြင်နေရတယ်။"

"တနေ့မနက်မှာ အနည်းငယ်ဝတဲ့ မိန်းကလေးက စစ်ဗိုလ်တစ်ယောက်ရဲ့ တဲအိမ်ကနေ

ထွက်လာပြီးအိမ် ရှေ့မြေကြီးပေါ်မှာ ဒူးထောက်လျက် ဆုတောင်းနေရာ မိန်းကလေးရဲ့ခေါင်းကို လက်ဖြင့်ရိုက်ပြီး 'ဆုတောင်း မနေနဲ့ ဒီမှာဆုတောင်းရမဲ့ နေရာမဟုတ်ဘူး။ ဘယ်မှာလဲ၊ နင်တို့ဘုရား၊ နင်တို့ဘုရားက အရာရာတတ် နိုင်တယ်ဆို အခုဘယ်မှာလဲ၊လို့ပြောပြီး ပါးရိုက်လိုက်တယ်။ သွေးထွက်လာတယ်။ မိန်ကလေးရဲ့သွား တစ်ချောင်းကြိုးသွားပြီး၊ ပါးစပ်လဲ ယောင်ကိုင်းသွားတာ တွေ့တယ်။"

"ကျွန်တော်တို့ နေ့ဘက်တွေ စုထိုင်နေကြချိန် စစ်သားတွေ သွားရင်းလာရင်းနဲ့ 'သောက်ချိုးကို မပြေဘူး'လို့ ပြောပြီး၊ ခြေထောက်နဲ့ ကန်၊ လက်ဖြင့်ထိုး၊ ပါးရိုက် လုပ်သွားတယ်။ နေ့လည်ဘက် မိန်းကလေးတွေနဲ့တွေ့ ချိန်သူတို့ပြောပြတာကတော့ စစ်သားတွေဟာ ယာမစိတ်ကြွဆေးတွေ သောက်ပြီးသူ့ကို အဓမ္မပြုကျင့်ချိန် တိရိစ္ဆာန်ကဲ့သို့ ဆက်ဆံကြတယ်လို့ ပြောတယ်။ စစ်ဗိုလ်၊ စစ်သားတွေဟာ ယာမစိတ်ကြွဆေးကြိုက်သူကို ယာမဆေးပေး၊ ဘိန်းကြိုက်သူကို ဘိန်းပေးပြီး၊ ကြိုက်သလို သောက်စားနေတာကို တွေ့ရတယ်။"

"မိန်းကလေး (၂)ယောက်က ကျွန်တော်တို့ ထွက်ပြေးရင် သူတို့နှစ်ယောက်ကိုလည်း ခေါ်သွားဖို့ပြောတယ်။ အခွင့်အရေးရရင် ထွက်ပြေးဖို့ ဆွေးနွေးကြတယ်။ ကျွန်တော့်ကို ဗမာစစ်တပ်မှ ရဝမ်စစ်သားတစ်ယောက်က 'နင်တို့ကိုလွတ်ပေးဖို့ အလားအလာမရှိဘူး။ လွတ်ပေးဖို့ လမ်းမမြင်ဘူး။ ဒါ့ကြောင့်နင်တစ်ယောက်တည်းကိုတော့ ငါလွတ်အောင် ကူညီပေးမယ်။ တခြားသူမပါဘူး။ ဘယ်အချိန်၊ ဘယ်လမ်းကနေပြန်ရမယ်ဆိုတာ ကြိုတင်ပြောမယ်'လို့ ကျွန်တော့်ကို ပြောထားလိုက်တယ်။ ကျွန်တ်တို့နဲ့ အတူပါတဲ့ သူတွေအကုန်လုံးနီးပါး အနွေးထည်ပါပေမဲ့၊ ကျွန်တော့်ဆီမှာတော့ အနွေးထည်လည်းမပါ၊ ဘောင်းဘီရှည်လည်းမပါဘူး။ ရဝမ်စစ်သားက ကျွန်တော့်ကို ညအချိန်မှာ လက်ရှည် အင်္ကျီဝတ်ပေး လေ့ရှိတယ်။ 'မနက်ရောက်ရင် ပြန်ချွတ်ထားလိုက်ပါ။ တခြားစစ်သားတွေ နင်ဒါဝတ်တာ မသိစေနဲ့'လို့သတိပေးတယ်။ တစ်ခါတစ်လေ ရဝမ်စစ်သားက ထမင်းကိုလက်ဖြင့် ဆုပ်ယူလာပြီး ကျွန်တော့်ကို ကျွေးလေ့ရှိတယ်။ အဲသလိုလာပေးမှ ထမင်းစားရလေ့ရှိတယ်။ သူငယ်ချင်းတွေကိုလည်း ကျွန်တော်ပြန်ကျွေးတယ်။ ထမင်းကိုတစ်ခါတစ်လေမှ ချက်စားတယ်။ ထမင်းချက်စားတဲ့ အချိန်မှာလည်း ကျွန်တော်တို့ အယောက်(၂၀)အတွက် နို့ဆီဗူး မနက်(၄)လုံး၊ ညနေ(၄)လုံးဘဲ ချက်စားရတယ်။ အဲဒီဆန်(၄)ဗူးကို ဆန်ပြုတ်ပြုတ်စားတယ်။"

"ပထမရောက်တဲ့တောင်မှာ (၄/၅)ရက်လောက်နေပြီး၊ နောက်တစ်တောင်သို့ ပြန်ပြောင်းတယ်။ ဒုတိယ ရောက်တဲ့တောင်က ဘွမ်တောင်ဟုတ်တယ်။ အဲဒီတောင်ရောက်တဲ့အချိန် ကျွန်တော်တို့ကို မုန့်ညှင်းဟင်း (၃)ခါ ကျွေးတယ်။ ကျွန်တော်တို့ မီးမွေးဖို့ ထမင်းချက်စားဖို့ မဖြစ်တဲ့အတွက် သစ်ခေါက်တွေကို ကိုက်စား ပြီးရင် ရေသောက်ပြီး နေရတဲ့အချိန်ပေါင်းလည်း မနည်းဘူး။ ကျွန်တော်တို့အဖွဲ့မှ လူတစ်ယောက်ကအဲဒီ သစ်ခေါက်မျိုးစားလို့ ရတယ်ဆိုလို့ ကျွန်တော်တို့ ခွာစားကြတယ်။ ဗမာစစ်သားတွေက ရိက္ခာခြောက်တွေ စားကြပေမဲ့၊ ကျွန်တော်တို့ကိုတော့ မကျွေးဘူး။ သစ်ခေါက်စားလို့ ဗိုက်ဆာတဲ့ဒဏ်ကို (၁) နာရီလောက် တော့ခံနိုင်တယ်။"

"သုံးပွင့်ဗိုလ်က မိန်းကလေးနစ်ယောက်ထဲကပိုချောတဲ့တစ်ယောက်ကိုရောက်တဲ့နေရာတိုင်းချွေးနံ့နံတယ်ဆိုပြီး ရေချိုးခိုင်းတယ်။ သူကိုယ်တိုင်လည်း ရေချိုးတယ်။ ရောက်တဲ့နေရာတိုင်း အဲဒီမိန်းကလေးကို အဓမ္မပြုကျင့်တယ်။ ပထမရောက်တဲ့တောင်မှာ စစ်သား(၄၀၀)ကျော်ရှိတယ်။ အဲဒီတောင်မှာ (၄/၅) ရက်လောက်နေပြီး ဘွမ်တောင်ကို ပြောင်းကြတယ်။ ဒီတောင်ကိုရောက်ပြီး နောက်တော့ (၃)ပွင့်ဗိုလ်က အဲဒီမိန်းကလေးကို အပိုင်စီးပြီး ညတိုင်းခေါ်အိပ်လေ့ရှိတယ်။ ကျွန်တော့ကိုတော့စစ်သား (၁၀၀)ကျော်ရဲ့ ကျည်ဆံ(၄၀၀) ကျော်ပါတဲ့အိတ်ရယ်၊ အမြောက်ဆံ(၂)ခုနဲ့ ပစ္စည်းတချို့ကို ထမ်းခိုင်းတယ်။ အစားအစာက ငတ်ပြတ်၊ ထမ်းရ တဲ့ပစ္စည်းကလေး၊ သွားရတဲ့ခရီးက ကြမ်းမို့လို့ ကျွန်တော့်အတွက် ဒုက္ခက မခံမရပ်နိုင်ဘဲ ဖြစ်ရတယ်။"

"မိန်းကလေး(၂)ယောက်ကိုတော့ သေနတ် (၄)လက်စီ ထမ်းခိုင်းတယ်။ တခြားသူတွေကိုတော့ ဆန်၊ ရိက္ခာ နဲ့ကျည်ဆံတွေ ထမ်းခိုင်းတယ်။ ဓါတုလက်နက်လို့ ထင်ရတဲ့ သေနတ် (၂)လက်ကိုလည်း ထမ်းခိုင်းတယ်။ ရဝမ်စစ်သားကို အဲတာဘာလက်နတ်လဲလို့ မေးတော့ 'အဆိပ်လက်နတ်'လို့ပြောတယ်။ ကျည်ဆံကငှက်ပျောဖူးပုံစံဖြစ်ပြီး ကျည်တစ်ခုချင်းစီကို ဗူးထဲမှာထည့်ထားပြီး အဲဒါကိုအမြဲတမ်း စစ်ဆေးကြောင်းနှင့်သေနတ်နဲ့ ကျည်ဆံကို သီးခြားစီသယ်ဆောင်လေ့ရှိတယ်။"



"ရှေ့တန်းမထွက်မီတပ်ရင်းတွင်စစ်သားတစ်ယောက်ကိုမြန်မာကျပ်ငွေ(၅)သိန်းစီထုတ်ပေးတယ်လို့ ရဝမ်စစ်သားက ပြောတယ်။ သူက (၅)သိန်းမှ (၄)သိန်းကို ဇနီးကိုပေးထားပြီး (၁)သိန်းကိုရှေ့တန်းသို့ ယူဆောင်လာတယ်လို့ ပြောပြတယ်။ ပြီးတော့ ရဝမ်စစ်သားက ယခုလိုနေရာတွင် မလုပ်ချင်တဲ့အကြောင်း၊ ထွက်ပြေးချင်တယ်လို့ ပြောတယ်။ ထွက်ပြေးရင် ပူတာအိုမြို့ရှိ မိသားစုကို အပြစ်ရှာနှိပ်စက်မှာစိုးရိမ်လို့ လုပ်နေရတယ်လို့ ပြောပြီးအဒန်လို့ခေါ်တဲ့ သူတို့ရဲ့ခေါင်းဆောင်ကို ကြည့်မရဘူး။ အဲဒီအဒန်ကြောင့်အခုလိုလုပ်ဆောင် နေရတယ်လို့ပြောပြတယ်။"

"ဘွမ်တောင်မှာ (၄/၅)ရက်နေပြီး၊ နောက်ထပ်တောင်တစ်ခုကို ပြန်သွားတယ်။ အဲဒီတောင်ကို သွားတဲ့လမ်းကြောင်းတစ်လျှောက် မိုင်းတွေထောင်ထားတယ်။ အရမ်းသတိထားပြီး သွားရတယ်။ အစသွားတုန်းက (GPS) သုံးတယ်။ GPSက သူတို့သွားချင်တဲ့နေရာ မိုင်ဘယ်လောက် ကွာဝေးကြောင်းနဲ့ မိုင်းထောင်ထားတဲ့နေရာနဲ့မီတာဘယ်လောက် အကွာအဝေးရှိတယ် ဆိုတာကိုပြတယ်။ မိုင်းရှိတယ်ဆိုတာကို GPSက အချက်ပေးနေ ပြီဆိုရင် စစ်သားနှစ်ယောက်က ရှေ့ကိုသွားပြီး အဝေးသို့ လွှင့်ပစ်လိုက်တယ်။ တချို့မိုင်းတွေက ပေါက်ကွဲ တယ်တချို့က မပေါက်ကွဲဘူး။ မိုင်းရှင်းစစ်သားတွေ မိုင်းစစ်ရင် ကျွန်တော်တို့က မြေကြီးပေါ်မှာ ဝပ်နေရတယ်။ သူတို့(စစ်သားတွေ) သွားချင်တဲ့ နေရာရောက်ရင် စစ်သားတွေတညလုံး မအားဘဲအလုပ်ရှုပ်နေတာတွေ့ရတယ်။ မြေပုံတစ်ပုံကိုဓါတ်မီးထိုးပြီး အားလုံးပေါင်းပြီး ကြည့်နေတာ တွေ့တယ်။ အဲဒီအချိန်မှာ သူငယ်ချင်းတယောက်က ထွက်ပြေးဖို့ အချိန်ကောင်းဘဲလို့ ပြောပြီး ထွက်ပြေးဖို့ တိုင်ပင်ကြတယ်။ တချို့က မိုင်းနင်းမိမှာ ကြောက်တယ်ဆိုပြီး ပြောကြတယ်။ ၁၊ ၂၊ ၃ ရေတွက်ပြီး ထွက်ပြေးဖို့ ပြင်ဆင်ထားပေမယ့်၊ ကျွန်တော်တို့ (၅)ယောက်ထဲက တယောက်က အချက်မပြဘဲ တောင်အောက်ကို ပြေးဆင်းသွားတယ်။ ကျွန်တော်တို့ (၄)ယောက်လည်း သူ့နောက်လိုက်ပြေးသွားတယ်။"

"ကျွန်တော်တို့ ပြေးသွားတော့ စစ်သားတွေ နောက်ကနေ သေနတ်နဲ့အဆက်မပြတ် လိုက်ပစ်တယ်။ 'ဟေ့ ကောင်တွေ မပြေးနဲ့ ဗုံးရှိတယ်'လို့ လိုက်အော်ပေမယ့် ပြေးလက်စနဲ့ ဆက်ပြေးသွားတယ်။ (၂) မိုင်လောက် ထွက်ပြေးပြီးနောက်မှ မိုင်းဗုံးနှစ်ကြိမ် ပေါက်ကွဲသံ ကြားလိုက်ရတယ်။ ကျွန်တော်တို့ကိုလိုက်တဲ့ စစ်သား တွေခံလိုက်ရတယ်လို့ ထင်ရတယ်။ ကျွန်တော်တို့ကို လိုက်ပစ်တဲ့ သေနတ်ကျည်ဆံတွေက မိုးရွာသလို လိုက်ပစ်ကြတယ်။"

"တညလုံးပြေးပြီးနောက် မနက်မိုးလင်းတော့ ရွာတစ်ရွာကို ရောက်လာခဲ့တယ်။ အဲဒီရွာက ဆဒုံးဘက်ကရွာ ဟုတ်တယ်။ ရွာနားရောက်တော့ ထွက်ပြေးလာတဲ့ သူတွေထဲကတစ်ယောက်၊ ရွာထဲကိုအရင်ဝင်ပြီး ရွာသား တစ်ယောက်ကို အကူအညီတောင်းခဲ့တယ်။ အဲဒီရွာသားက ထမင်းကျွေး၊ အဝတ်အစားများ ဝတ်စေပြီး ဆိုင်ကယ် (၃)စီးနဲ့ ယောကျ်ား (၃)ယောက်က ကူညီပေးလိုက်လို့ အဲ့ဒီရွာကနေ (၄)နာရီလောက် ဆိုင်ကယ် မောင်းပြီး မြစ်ကြီးနားကို ရောက်လာခဲ့တယ်။"

"မြစ်ကြီးနား ရောက်တော့ ဗလမင်းထင်တံတားမှာ လူစုခွဲသွားကြတယ်။ ကျွန်တော်က အမေရှိတဲ့ ****ကျမ်းစာကျောင်းကို ပို့ခိုင်းပြီး ကျန်(၄)ယောက်က စီတာပူလမ်းဘက်သွားလိုက်တယ်။ ကျွန်တော်နဲ့အတူ ထွက်ပြေးခဲ့တဲ့ လူတွေရဲ့ နာမည်တောင် မမေးလိုက်မိဘူး။ တစ်ယောက်က ဖားကန့်မှာ နေတယ်လို့တော့ သိရတယ်။ ရှေ့တန်းဗမာ စစ်စခန်းမှာ ကျန်ခဲ့တဲ့ ကောင်မလေး (၂)ယောက်က မြစ်ကြီးနားက ဆိုတာသိရတယ်။"

"မြစ်ကြီးနားကို ရောက်တဲ့အချိန် နိုဝင်ဘာလ (၉)ရက် ၂၀၁၁ ခုနှစ်ဟုတ်တယ်။ ကျွန်တော်တို့ကို ခေါ်သွားတာက အောက်တိုဘာလ (၁၇)ရက်မှာ ဆိုတော့ ရှေ့တန်းမှာ (၁၉)ရက်လောက် ကြာသွားတယ်။ မြစ်ကြီးနားမှာ (၄/၅) ရက်လောက်နေပြီး ပြင်ဦးလွင်ကို ဆင်းသွားတယ်။ အဲဒီမှတစ်ဆင့် မိုင်ဂျာယာန်ကို လာခဲ့တာဖြစ်တယ်။" "ဘယ်ဘက်နံရိုးမှာ ထိုးနက်ခံရတဲ့ ဒဏ်ကို ကျွန်တော့် အမေက ကချင်တိုင်းရင်းဆေးနဲ့ ကုပေး နေရတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မလျော်မကန်ပြုမူမှု**

ချိုးဖောက်ခံရသူအမည် - ဒေါ်****
ကျား/မ - မ

| | |
|---|---|
| အသက် | - ၄၅နှစ် |
| မွေးသက္ကရာဇ် | - ၂၇ရက်၊ ၁၂လ၊ ၁၉၆၉ခုနှစ် |
| ပညာအရည်အချင်း | - (၃) တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| ပညာအရည်အချင်း | - တရုတ်ကျောင်း (၅)တန်း။ |
| သားသမီး | - ကျား (၂)ယောက်။ |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - တာလောကြီးကျေးရွာအုပ်စု၊ဟိုးကပ်ရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |
| လက်ရှိ နေရပ်လိပ်စာ | - စစ်ဘေးဒုက္ခသည်စခန်း ၊မြစ်ကြီးနားမြို့။ |
| တိုက်ရိုက်ကြားသိရသည့်ရက် | - ၃ရက်၊ ဇွန်လ၊ ၂၀၁၅ခုနှစ်။ |
| ချိုးဖောက်သူ | - အုပ်ချုပ်ရေးမှူး |
| အိမ်တွင်တက်နေသူများ | - ဦး****(မိသားစု) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၈ရက်၊ ၆လ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

တာလောကြီးကျေးရွာအုပ်စု ဟိုးကပ်ရွာမှဒေါ်****တို့ မိသားစုသည် စစ်ဖြစ်လာသဖြင့် မြစ်ကြီးနားမြို့မှ စစ်ဘေးဒုက္ခသည်စခန်းသို့ တိမ်းရှောင်နေထိုင်နေသည်။ ဒေါ်****တို့ မိသားစု IDPစခန်း၌ နေထိုင်နေသည့် အချိန်တွင် စွန့်ပစ်ထားခဲ့သော အိမ်တွင် ဦးနိုင်ဝင်းမိသားစုသည် အိမ်ရှင်၏ ခွင့်ပြုချက်မရရှိပဲ တက်နေ သည်။

"အုပ်ချုပ်ရေးမှူးက 'မင်းတို့လည်းမနေဘဲ အိမ်ကလွတ်နေလို့ နေခိုင်းတယ်'လို့ ပြောတယ်။ မင်းတို့ပြန်လာ နေမယ်ဆိုရင် ပြောင်းခိုင်းမယ်လို့ ပြောတယ်။ အုပ်ချုပ်ရေးမှူးလည်း (ကျွန်မတို့) အိမ်မှာအခြား သူများကို နေခိုင်းမယ်လို့ အသိပေးအကြောင်းကြား တာလည်းမရှိခဲ့ဘူး။"

အိမ်ခြံဝင်းက "(၁)ဧကတော့ မရှိဘူး။ သစ်သီးပင်တချို့ကိုလည်း ခုတ်လှဲပစ်လိုက်တယ်။ ဝါးအပင်တွေကို လည်းခုတ်ယူပေးတယ်။ ကျွန်မတို့လည်း ကလေးတွေ ကျောင်းတက်နေတော့ ကိုယ်ခွဲနေမယ့် လူမရှိဘူး၊ တတ်နိုင်သလောက်တော့ ကြိုးစားကြည့်မယ်လို့ ပြောထားတယ်။"

ဟိုးကပ်ရွာသည် အိမ်ထောင်တစ်ရာကျော် နေထိုင်သည့် ရွာတစ်ရွာဖြစ်ပြီး၊ ရှမ်းဗမာအများဆုံး နေထိုင် သည့်ရွာဖြစ်သည်။ "ကချင်အိမ်ခြေ (၃၀)ကျော်တော့ ရှိတယ်။" လို့(ဒေါ်****)က ပြောသည်။ ၂၀၀၈ ခုနှစ်ကနေစပြီး ဟိုးကပ်မှာ နေထိုင်သွားဖို့ ခြံဝယ်လိုက်သည်ဟု ပြောဆိုသည်။

"ကျွန်မတို့ကို ရောင်းပေးတုန်းက ပြေစာမရသေးဘူး။ ကျွန်မတို့ ၂၀၀၉(ခုနှစ်)မှာ ပြေစာလျှောက်လို့ ပြေစာ မနှစ်တုန်းက ထပ်ဝယ်ထားတဲ့ ခြံကိုလည်း ပြေစာပြန်လျှောက်ထားပြီ။ ပြေစာတော့ မကျသေးဘူး။ အုပ်ချုပ် ရေးမှူးပြောတဲ့အတိုင်းဆိုရင် ကျွန်မတို့ကို ရွာထဲမှ ထုတ်ပယ်လိုက်ချင်တဲ့ သဘောပဲ။"

"ကျွန်မတို့မှာသာ ပြေစာမရှိရင် အိမ်ခြံကို သိမ်းယူလိုက်တာကြာပြီ။ အုပ်ချုပ်ရေးမှူး သူကိုယ်တိုင်ပေးခဲ့တဲ့ ပြေစာမို့လို့ အခုလိုငြိမ်နေတာပဲ။ အခုတစ်ကြိမ် ပြန်ပြောလာတာက ပြေစာရရ မရရ မလုပ်ပဲဆက်ထားမယ်ဆိုရင် သိမ်းလိုက်မယ်လို့ပြန်ပြောလာတယ်။ ကျွန်မတို့ စစ်ဘေးဒုက္ခသည်တွေကို မကောင်းကြောင်းအရမ်းပြောတယ်။ ဒီနှစ် အိမ်ဆောက်ပြီးလာမနေဘူးဆိုရင် စည်ပင်သာယာ



အဖွဲ့ဝင်(၂၀)ကျော်ရှိတယ်။ အဲဒီအဖွဲ့နှင့် အိမ်Lock ချလိုက်မယ်လို့ အုပ်ချုပ်ရေးမှူးက ပြောခဲ့တယ်။"

| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မလျော်မကန်ပြုမှုမှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၅၁နှစ် |
| မွေးသက္ကရာဇ် | - ၇ရက်၊ ၁၀လ၊ ၁၉၉၆ခုနှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၅/အတန(နိုင်)****** |
| ပညာအရည်အချင်း | - ၆တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်ယုံကြည်မှု | - ခရစ်ယာန် (KBC) |
| အလုပ်အကိုင် | - တောင်သူ။ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| အသက်(ခင်ပွန်း) | - ၄၉နှစ်။ |
| သားသမီး | - မ(၁)ယောက်၊ ကျား(၂)ယောက်။ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - တာလောကြီး ကျေးရွာအုပ်စု၊ ဟိုးကပ်ရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | - IDP camp၊ မြစ်ကြီးနားမြို့နယ်။ |
| ချိုးဖောက်သူ | - အုပ်ချုပ်ရေးမှူး |
| သိမ်းမည်ဟုပြောဆိုသည့်နေ့ | - ၃ရက်၊ ဇွန်လ၊ ၂၀၁၅ခုနှစ်။ |
| ဇနီး/ ခင်ပွန်းသည် | - ဒေါ်**** |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၈ရက်၊ ဇွန်လ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

ဒေါ်****တို့ မိသားစုသည် မြစ်ကြီးနား ****ဒုက္ခသည်စခန်းတွင် နေထိုင်နေကြသော တာလောကြီးကျေး ရွာအုပ်စု ဟိုးကပ်ရွာမှ စစ်ဘေး ဒုက္ခသည်များ ဖြစ်ကြသည်။ အိမ်၊ ခြံများကို ရွာ၌စွန့်ပစ်ထားခဲ့ပြီးစစ်ဘေးဒုက္ခသည်စခန်းမှာနှစ်နှင့်ချီပြီးတိမ်းရှောင်နေလာရသည့်အခါရွာမှအိမ်၊ခြံများကို ရွာအုပ်ချုပ်ရေးမှူးနှင့် ရွာ၌ကျန်ရစ်နေထိုင် နေကြသော ရွာသားများသည် ဖျက်ဆီး သိမ်းယူလာကြသည်။

"အုပ်ချုပ်ရေးမှူးပြောတာက ပြေစာရရ မရရ၊ သုံးနှစ်တိုင်အောင် သူတို့သည်းခံလာခဲ့ပြီးပြီ၊ သုံးနှစ်ကျော်လာ ရင်လည်း 'မင်းတို့ပြန်လာ မလုပ်ရင်တော့ သိမ်းလိုက်မယ်။ နေမယ့်လူတွေကို ဆက်နေခိုင်းမယ်' လို့ပြောခဲ့ တယ်။ ပြီးခဲ့တဲ့ရက်ပိုင်းမှာပဲ အဲသလိုပြောခဲ့တယ်။"

မိသားစုဝင်များသည့် အိမ်ထောင်စုများသည် တိုက်ပွဲငြိမ်နေသည့် ကာလများတွင် ဒုက္ခသည်စခန်း၌ အချို့နေပြီး အချို့က ရွာပြန်ပြီး အိမ်၊ ခြံများကို ကြည့်ရှုနိုင်ကြသည်။ သို့သော် သူတို့မိသားစုသည်လူနည်း သည့်အတွက် သူများလုပ်သလို မတတ်နိုင်ကြပါ။

"ကျွန်မတို့မိသားစုဝင် လေးယောက်ပဲရှိတယ်။ ဒီကိုရောက်တာနဲ့ သားကြီးတောင် ဘယ်ရောက်နေလဲ မသိတော့ဘူး။ မနှစ်တုန်းမှာ မွန္တလေးက ဦးလေးမကျန်းမမာ ဖြစ်လို့ သားငယ်ကိုခေါ်ပြီး ပြုစုခိုင်းတော့ သူ့ဦး လေးက မပြန်ခိုင်းတော့ဘူး။ အခုတော့ ရွာပြန်နေမယ်ဆိုရင်လည်းမဖြစ်တော့ဘူး။ အိမ်မီးရှို့ခံရတယ်။

အိမ်မရှိတော့ရွာပြန်နေဖို့ အဆင်မပြေတော့ဘူး။ အုပ်ချုပ်ရေးမှူးပြောတော့ 'အိမ်က ရွာသားတွေမီးရှို့ပစ် လိုက်တယ်။ အဲဒီမှာဘိန်းစွဲသူတွေ လာလာသုံးစွဲနေတတ်လို့ ရှို့ပစ်လိုက်တယ်' လို့ပြောတယ်။"

အုပ်ချုပ်ရေးမှူးသည် " 'သူများတောင်နေလို့ရတယ်။ ဘာမှမဖြစ်ဘူး။' လို့ပြောတယ်။" သို့သော် ၂၀၁၃ခုနှစ် မှာရွာပြန်ပြီး ခြံသွားလုပ်နေသည့်အချိန် တိုက်ပွဲပြန်ဖြစ်လာပြီး ပြန်ပြေးခဲ့ရသည်။ အစိုးရစစ်ကြောင်းများ ရောက်လာသည့်အခါလည်း လုံခြုံမှုမရှိသလိုခံစားရသည့်အကြောင်း ပြောသည်။


"ပြေစာကျလာတော့ (၇)ကေ ဟုတ်တယ်။ အဲဒီဟာတွေ အားလုံး သိမ်းယူလိုက်မယ်လို့ ပြောတယ်(၃)နှစ် မလုပ်ရင် သိမ်းပိုင်ခွင့်ရှိတယ်လို့ ပြောတယ်။"

ဟိုးကတ်ရွာသည် အိမ်ခြေတစ်ရာ ကျော်ရှိသည့်ရွာဖြစ်သည်။ အများစုသည် ရှမ်းဗမာများဖြစ်ပြီး ကချင်လူမျိုးများသည် အိမ်ခြေ (၃၀)ကျော်သာရှိသည်။

## မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားအသင်းဆက်သွယ်မှုအက်ဥပဒေ (၁၇/၁)** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၅၈)နှစ်။ |
| နိုင်ငံသားမှတ်ပုံတင် | - ၁/မမန(နိုင်)****** |
| ပညာအရည်အချင်း | - (၁၀)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - (၃)ယောက်။ |
| နေရပ်လိပ်စာ | - နမ်ဆိုင်းကျေးရွာ၊ မိုးမောက်မြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ဆိုင်းကျေးရွာ၊ မိုးမောက်မြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၇ရက်၊ မေလ၊ ၂၀၁၂ခုနှစ်။ |
| ချိုးဖောက်သူ | - တပ်မ(၉၉) |
| စစ်ဆေးသည့်နေရာ | - ရဲစခန်း(ဗန်းမော်) |
| စစ်ဆေးသည့်အဖွဲ့ | - (စရဖ) |
| ပုဒ်မ | - ၁၇(၁) |
| ထောင်ဒဏ် | - (၂)နှစ်။ |
| ထောင်ဝင်သည့်နေ့ | - (၂၁)ရက်၊ မေလ၊ ၂၀၁၂ခုနှစ်။ |
| ထောင်ကျသည့်နှစ် | - တစ်နှစ်ငါးလ(၁နှစ် ၅လ) |
| ထောင်ထွက်သည့်နေ့ | - ၈ရက်၊ အောက်တိုဘာလ၊၂၀၁၃ခုနှစ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၇ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်ယူသူ | - SSDF |




ထောင်လွတ်လက်မှတ်

ပုံ (၁၆) - ချိုးဖောက်ခံရသူဦး****၏ထောင်ထွက်လက်မှတ်

## အမှုဖြစ်စဉ်

ဦး****သည် နွားလှည်းပေါ် ပစ္စည်းများထည့်နေစဉ် နမ်ဆိုင်းကျေးရွာ ရွာဦးပိုင်းတွင်KIA စစ်တပ်များနှင့် အစိုးရစစ်တပ် တပ်မ(၉၉)တို့ စတင်ပစ်ခတ် လာကြသည်။ ထိုအချိန်အစိုးရစစ်တပ် တပ်မ(၉၉)အဖွဲ့သည် ရွာသားဦး****ကို ဖမ်းဆီးလိုက်သည်။ ၎င်းကိုမဖမ်းဆီးမီ မိုင်ဂျာကျေးရွာသို့ မင်္ဂလာဆောင်ပွဲသွားသော အင်ဘာပါရွာမှ ယောကျ်ား တစ်ယောက်ကိုလည်း ဖမ်းဆီးထားပြီး ဖြစ်သည်။

"ကျွန်တော်ရောက်တာနဲ့ခဏအကြာမှာ(တပ်မ-၉၉)စစ်ကြောင်းအဖွဲ့များရောက်ရှိလာတာဖြစ်တယ်။ သူတို့ထက် ကျွန်တော်(ရွာကို)အရင် ရောက်တယ်။ နွားလှည်းမှာ ပစ္စည်းတွေ ပြင်ဆင်နေတယ်၊ ပြင်ဆင်တာ တော့ပြီးပြီ။ ပြန်ဖို့ပြင်နေတဲ့အချိန်မှာပဲ စစ်ကြောင်းတွေ ရောက်လာတယ်။ ကေအိုင်အေအဖွဲ့များလည်း ရွာဦး ပိုင်းမှာ အချိန်ပြည့် စောင့်ကြည့်နေတော့ အဲဒီမှာ ပစ်ခတ်ကြတော့တာပဲ"

ပစ်ခတ်လာကြသည့်အချိန်တွင်ဦး****ကိုကြိုးတုတ်ပြီးနွားသင်းကုတ်တိုင်မှာကြိုးနဲ့ချည်ထားသည်။ "သုံးညတော့လှဲလို့လည်းမရဘူး၊ ထိုင်လို့ဘဲရတယ်။ တစ်ညလုံး ထိုင်နေခဲ့တယ်။ မနက်ပိုင်းမိုးလင်းတာနဲ့ လက်တစ်ဖက်ကိုဘဲ ချည်ထားတော့တယ်။ ထမင်းတွေ ကျွေးပြီးတဲ့နောက်တော့ ကြိုးဖြေပေးတယ်။ သူတို့ (အစိုးရစစ်တပ်)က ဘယ်ကိုမှလည်း မသွားရဲကြတော့ဘူး။ သူတို့က ကတုတ်ကျင်းထဲမှာဘဲ အောင်းနေပြီး တော့သုံးရက်လုံးလုံး ကျွန်တော်တို့နှစ်ယောက်ကိုဘဲ ရေပေးခိုင်းတယ်"

တပ်မ(၉၉)မှ ၎င်းတို့နှစ်ယောက်ကို ခမရ (၄၃၇) စစ်တပ်သို့ ပြန်လွှဲအပ်ပေးသည်။ နောက်ပိုင်းတွင် မိုးမောက်ရဲစခန်းတွင် တစ်ညချုပ်ထားသည်။ ပြီးနောက်ဗန်းမော်ရဲစခန်းသို့ ပြန်ခေါ်သွားသည်။ ဗန်းမော် ရဲစခန်းရောက်သည့်အချိန်တွင် (စရဖ)များ ညှင်းပန်းနှိပ်စက်ခြင်းကိုခံရသည်။ ခြေ၊ လက်နှစ်ဖက်စလုံးကို နောက်ပြန်ချည်ထားပြီး ထိုင်ခုံတွင် ကြိုးဖြင့်ချည်ကာ စစ်မေးသည်။ ရေသောက်ချင်လည်းသောက်ခွင့်မရပေ။

"အဲဒီအချိန် ကျွန်တော်တို့ သုံး(၃)ယောက်ကို တစ်ရက်ထဲမှာဘဲ ဖမ်းမိတယ်။ ကျရီးကွမ်ဘာ(ရွာ) မှ ဦး****ကိုလည်း အဲဒီနေ့မှာဘဲဖမ်းမိတယ်။ ခုနကပြောတဲ့ အင်ဘာပါကလူကိုလည်း ကျွန်တော်တို့နဲ့ အတူဖမ်း ချုပ်ခံရတယ်"

"ခမရ (၄၃၇) စစ်တပ်တွင် ****ကို အရင်ဦးဆုံးသွားချုပ် ထားတာဖြစ်တယ်။ ခလရ(၄၇)တွေ ဖမ်းတယ်တဲ့၊ ခမရ (၄၃၇) စစ်တပ်ကိုရောက်တော့ ကျွန်တော်တို့ သုံးယောက်ဖြစ်နေတယ်။ ရဲစခန်းမှာလည်း အတူတူပဲ။ ဗန်းမော် စရဖ မှာလည်းအတူတူ ညှင်းပန်းနှိပ်စက်ခံရတယ်။ နှစ်ယောက်ကိုတော့ သပ်သပ်စစ်မေးတယ်။ ကျွန်တော့် ကိုလည်း သပ်သပ်မေးတယ်။ သတင်းစာစက္ကူလိပ်ကိုလိပ်ပြီး နားမှာရိုက်ပေးတယ်။ တစ်လလောက် နားလေးသွားတယ်။ ရင်ဘတ်ကိုလည်း အားရပါးရ ထိုးကြိတ်ပေးတယ်။ လေးခေါက်လောက် ရိုက်ပေး တယ်။ ဟိုနှစ်ယောက်က ပိုပြီးနှိပ်စက်ခံရတယ်။ သူတို့နှစ်ယောက်ကလူပျိုဆိုတော့ ပိုပြီးမယုံသင်္ကာ ဖြစ်ခံရ တယ်။ မိုးချုပ်လာတဲ့အချိန်ကစပြီး ည(၁၀း၀၀)

နာရီအထိ နှိပ်စက်တယ်။ အဲဒီနောက်မနက်တော့ ဗန်းမော်ထောင်ကို ပြန်ပို့လိုက်တယ်”

ဗန်းမော်ထောင်ကိုရောက်ပြီး နောက်ပိုင်းလည်း ထပ်နှိပ်စက်ကာ စစ်မေးသည်။ “ထောင်မှာ ရောက်တဲ့အချိန် တစ်ညပဲအိပ်သေးတယ်။ ထောင်မှာ အလုပ်လုပ်နေရတယ်။ ကြိမ်၊ ဝါးတွေလုပ်တဲ့နေရာမှာ အလုပ်လုပ်နေ ချိန်မှာလာခေါ်ပြီး ထောင်အပြင်ဝန်းထဲမှာပဲ အခန်းတံခါးပြန်ပိတ်ပြီး ပြန်စစ်ဆေးမေးမြန်းတယ်။ အဲဒီနံဘေး မှာရုံးခန်းတစ်ခန်းလည်းရှိတယ်။ အဲဒီမှာအရင်ကတည်းက စစ်ဆေးနေတဲ့ စစ်ဗိုလ်နှစ်ယောက်ပဲ ထပ်စစ်တယ်။ အဲမှာတော်တော်လေးကို ပြန်နှိပ်စက်ခံရတယ်။ ရင်ဘတ်မှာလည်းကန်တယ်။ ကော်ထိုင်ခုံမှာ ထိုင်ခိုင်းထားတယ်။ သူတို့ကန်လိုက်လို့ နံရံကိုတောင်သွားဆောင့်မိတယ်။”

အဝတ်အစား အလှဲအလည်လည်း မရှိပေ။ ထောင်တွင်း ရောက်သည့် နောက်ပိုင်းတွင် ထောင်တွင်ရှိသည့် ထောင်သား (ကချင်)များသည် အဝတ်အစား ပေးသည့်အတွက် အဝတ်အစားများ လဲနိုင်ခဲ့သည်။ ထောင် တွင်ရောက်ပြီးသုံး (၃)ပတ်အကြာမှ အိမ်သားများ လာတွေ့သည်။ မိသားစုနှင့်လည်း အဆက်အသွယ် လုပ်ရန်သတင်းအစအန ပျောက်သွားခဲ့သည်။ တစ်ရက်တည်း အဖမ်းခံရသည့် အခြားရွာသား(၂)ယောက် နှင့်အတူ ၄င်းသည်အမှုတွဲဖြစ်သည်။ တရားရုံးမှထောင်ဒဏ်(၂)နှစ်ကျခံစေသည်။ ထောင်ဒဏ်တစ်နှစ်ငါးလကျခံပြီးနောက်၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ၊ (၈)ရက်နေ့တွင်ထောင်မှ လွတ်မြောက်လာခဲ့သည်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၄၇)နှစ်။ |
| မှတ်ပုံတင်အမှတ် | - ၁/ဗမန(နိုင်) ****** |
| ပညာအရည်အချင်း | - ၄ တန်း။ |
| လူမျိုး | - ကချင် |
| အလုပ်အကိုင် | - တောင်သူ။ |
| ကိုးကွယ်ယုံကြည်မှု | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သား၊သမီး | - (၄)ယောက်။ |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - လွယ်ဂျယ်မြို့နယ်ခွဲ။မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၈ရက်၊ မေလ၊ ၂၀၁၄ (၁၂:၀၀pm) မှ (၄:၃၀pm) |
| အခင်းဖြစ်ပွားသည့် နေရာ | - လွယ်ဂျယ်မြို့နယ်ခွဲ၊ ဘန်ယောင်ရွာ အနီးမှခြံ။ |
| ချိုးဖောက်သူ | - အစိုးရစစ်တပ်(နယ်လှည့်အဖွဲ့) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၇ရက်၊ ဩဂုတ်လ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

ဦး****သည် စစ်ဖြစ်လာသည့်အချိန်တွင် တရုတ်နိုင်ငံသို့ ပထမထွက်ပြေး ခိုလှုံခဲ့သည်။ ထို့နောက် လွယ်ဂျယ် စစ်ရှောင်စခန်းသို့ ပြောင်းရွှေ့လာသည်။ တိုက်ပွဲမဖြစ်သည့်အချိန်တွင် တစ်ခါတစ်ရံရွာသို့ပြန်ကာသီးနှံခြံသို့ သွားကြည့်လေ့ရှိသည်။ ၎င်းသွားကြည့်သည့် သီးနှံခြံသည် စစ်မဖြစ်ခင်ကတည်းက စိုက်ပျိုးထားသောခြံဖြစ်သည်။ ထိုနေရာသို့မသွားရဟု တားမြစ်ထားခြင်းလည်း မရှိပါ။ ထိုခြံသို့သွားပြီး သီးနှံပင်



များကိုကိုင်းဆွေး၊ ကိုင်းခြောက်များ ရှင်းပေးသည့်အချိန်တွင် အမည်မသိသော (အစိုးရ) စစ်တပ်များမှစစ်သားများနှင့် တွေ့ကြုံခဲ့သည်။

၂၀၁၄ခုနှစ်၊ မေလ၊ ၁၈ရက်နေ့တွင် ဦး****သည် သူ၏ယောက်ဖနှင့် သစ်ကြားသီး ကိုင်းကူးဆက်ထား သည်ကို သွားကြည့်သည့်အချိန် သူ၏ခြံတွင် မီးလောင်နေသည်ကို တွေ့ရှိသောကြောင့် ၎င်းတို့ နှစ်ယောက်သည် မီးငြိမ်းခဲ့သည်။ အဲဒီအချိန် တစ်ပွင့်ဗိုလ် ဦးဆောင်သည့် စစ်သားများနှင့် တွေ့ဆုံခဲ့သည်။ ထိုတပ်သားများသည် ၎င်းတို့နှစ်ယောက်ကို ဖမ်းဆီးထားပြီး ခြေဖြင့်ကန်ခြင်း၊ ထိုးကြိတ်ခြင်းများပြုလုပ်ခဲ့သည်။

“အဲဒီအချိန် သူတို့(စစ်သား)ရှို့ထားတဲ့မီးကို သွားငြိမ်းမိတယ်။ မီးကိုတော့ငြိမ်းသတ် နိုင်ခဲ့တယ်။ သူတို့ (စစ်သား)တွေ ကျွန်တော်တို့ကို တွေ့သွားပြီး တစ်ခါတည်းဖမ်းဆီးချုပ်နှောင်ထား လိုက်တယ်။ အဲဒီမှာ ကျွန်တော့်ယောက်ဖလည်း ပါတယ်။ ယောက်ဖက ကသာကနေ ကျွန်တော်တို့ အမျိုးတွေဆီကို အလည်လာတဲ့အချိန်မှာ အခုလိုမျိုး ဖမ်းဆီးခံခဲ့ရတယ်”

“ပြီးတော့သူတို့(စစ်သား)က နေ့လယ်(၁၂:၀၀)နာရီမှ ညနေ(၄:၃၀)ထိ ဖမ်းဆီးချုပ်နှောင်ထားတယ်။ ထိုး လည်းထိုး၊ ကန်လည်းကန်ပြီး ‘မင်းတို့က KIAရဲ့လူပဲ။ ဒီနေရာမှာ မင်းတို့မိုင်းလာထောင်တာ မဟုတ်ဘူးလား’လို့ပြောပြီး နှိပ်စက်ကြတယ်”

“ကျွန်တော်က သူတို့ကိုပြောတယ်။ KIAအလုပ်လုပ်တဲ့ လူမဟုတ်ဘူး။ (IDP)စစ်ရှောင်စခန်းမှာ တာဝန်ထမ်းဆောင်နေတဲ့လူဖြစ်တယ်။ကျွန်တော် ဘန်ယောင်ရွာမှာနေတဲ့အချိန်မှာလည်းဒီရွာရဲ့တာဝန်တွေ ထမ်းဆောင်ပြီး တပ်စခန်းခြံခတ်တဲ့ အချိန်မှာလည်း ကျွန်တော်ပါဝင်ခဲ့တယ်”လို့ ပြောပြတယ်။”

အစိုးရစစ်သားများသည် ‘မင်းတို့ကရန်သူပဲ။ မင်းတို့လက်နက်ကို ဘယ်နေရာမှာ ဖွက်ထားသလဲ’လို့စစ်မေးသည်။ “သူတို့လည်း တခြားအဖြေမရှာ နိုင်တော့ ‘အဲဒီလိုဆိုတော့ မင်းတို့တက်လာတဲ့ လမ်းအတိုင်းပြန် ဆင်းသွား’လို့ပြောတယ်။ ချည်နှောင်ထားပြီး ကျွန်တော်တို့ တက်လာတဲ့ လမ်းအတိုင်း ဆင်းသွားတဲ့အချိန်ကျတော့ တကယ်ဘဲ သီးနှံပင်စိုက်ထားတာလည်း သွားတွေ့တယ်။ အဲဒီကနေဆင်းလာတော့ ကားလမ်းဘေးမှာ ကျွန်တော်တို့ရဲ့ ဆိုင်ကယ်ရပ်ထားတာလည်း တွေ့တော့၊ အဲဒါကျွန်တော်တို့ ဆိုင်ကယ်ပဲ လို့ပြော ပြတယ်။ အဲဒီအချိန်ကျမှ ကျွန်တော်တို့ကို ကြိုးဖြေပေးပြီးသူတို့လည်း လှည့်ပြန်သွားတယ်။ ကျွန်တော်နဲ့ ယောက်ဖလည်း (IDP)စစ်ရှောင်စခန်းသို့ တန်းပြန်သွားလိုက်တယ်”

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု** |
| ချိုးဖောက်ခံရသူအမည် | - မောင်****နှင့် ရွာသားများအားလုံး(၁၂)ယောက်။ |
| ကျား/မ | - ကျား |
| အသက် | - (၁၈)နှစ်။ |
| ပညာအရည်အချင်း | - သူငယ်တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| မောင်နှမ | - အစ်ကို(၁)၊ အစ်မ(၂) |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - အင်ဘတ်ခကျေးရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | - မိုးမောက်၊ (IDP)စခန်း။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ဩဂုတ်လ၊ ၂၀၁၁ခုနှစ်။ |
| အခင်းဖြစ်ပွားသည့် နေရာ | - လွယ်ဂျယ်မြို့နယ်ခွဲ၊ ဘန်ယောင်နံဘေးမှခြံ။ |
| ချိုးဖောက်သူ | - (ခမရ ၃၈၇၊ ၃၀၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |

| | |
|---|---|
| သတင်းကောက်ယူသည့်နေ့ | - (၁၇)ရက်၊ ဩဂုတ်လ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်ယူသူ | - SSDF |

## အမှုဖြစ်စဉ်

မောင်****သည် မြန်မာနိုင်ငံတွင်နေထိုင်သော တရုတ်လူမျိုးဦး**** ၏ ဖခင် ****တို့၏ ငှက်ပျော သီး၊ လိုင်ချီးသီး၊ သရက်သီး၊ ဟော်လန်သံပရာသီး၊ ဩဇာသီးနှင့် ဒညင်းသီးများ စိုက်ထား သည့်ခြံတွင် အလုပ်လုပ်ကိုင်နေသည်။

ဩဂုတ်လ၊ (၁)ရက်၊ ၂၀၁၁ခုနှစ် ထိုနေရာတွင် အလုပ်လုပ်နေသည့်အချိန် အစိုးရစစ်တပ်များသည် ၎င်းတို့ နေထိုင်သည့် နေရာသို့ ရောက်လာခဲ့သည်။ "ကျွန်တော်က ကျွန်တော်တို့ ဦးလေးအိမ်မှာ နေတယ်။ ဦးလေး နဲ့ကျွန်တော်တို့ သုံးယောက်က မြက်ရိတ်နေတယ်။ အစိုးရစစ်တပ်များ လာနေတာကိုတော့ တွေ့တယ်"

သေနတ်သံများ ကြားနေရသည်။ သို့သော်စစ်ဖြစ်နေသည်ဟု မထင်ခဲ့ကြပါ။ အဘယ်ကြောင့်ဆိုသော် အစိုး ရစစ်တပ်များသည် စစ်မဖြစ်သော်လည်း အမြဲလိုလို သေနတ် ပစ်ဖောက်ကြသောကြောင့် ဖြစ်သည်။ "ခြံမှာအလုပ်လုပ်နေချိန် အစိုးရစစ်တပ်များဝင်လာတာကိုတော့တွေ့တယ်။ ဒါပေမဲ့ သူတို့ဖမ်းချုပ်ပြီး ညှင်းပမ်း၊ နှိပ်စက်မယ်လို့တော့ မထင်ထားခဲ့ဘူး။ ခြံထဲမှာအစိုးရစစ်သားများ ကျွန်တော်တို့အားလုံးကို ဝိုင်းထားကြ တယ်"ဖမ်းချုပ်ခံရသည့်လူများတွင် ငှက်ပျောသီးလာဝယ်သော မောင်****၏ အစ်ကိုနှင့် သင်းထောက် ****၏ သား ****နှစ်ယောက်လည်းပါသည်။

"၎င်းတို့နှစ်ယောက်ကို အိမ်ရှင်ဦး****ငှက်ပျောသီး သွားခုတ်ပေးနေတဲ့အချိန် သူတို့ကို အရင်ရိုက်နှက် လိုက်ကြတယ်။ သွေးတွေနီရဲ နေခဲ့တယ်။ ကျွန်တော်တို့ ထွက်ပြေးလို့တော့ ရတယ်။ ဒါပေမဲ့ ထွက်ပြေးရင် ကေအိုင်အေစစ်သား ထင်မှာစိုးရိမ်တဲ့အတွက် ကျွန်တော်တို့ ထွက်မပြေးဘဲ နေခဲ့တယ်။"

"အစိုးရစစ်တပ်များက သေနတ်နဲ့ဝင်လာပြီး 'မင်းရဲ့ဓားချထားလိုက် ဒီကိုလာခဲ့' လို့ ကျွန်တော်တို့ကိုပြောတယ်။ ဖမ်းမယ်ဆိုတာလည်းသိတယ်။ ဒါပေမဲ့ သူတို့ရှေ့ကိုသွားလိုက်တယ်။ တစ်ခေါက်ကန်ချလိုက်တယ်။ ဓားနဲ့အခြားပစ္စည်းများ အားလုံးထားခဲ့ပြီး ခေါ်သွားတယ်။"

"ကျွန်တော်တို့ခြံမှာ မြက်ရိတ်နေတဲ့ လူကိုလည်းပစ်ခါနီးနီးပဲ။ ဒါပေမဲ့ သူမထွက်ပြေးဘဲ ပြန်လာခဲ့လို့ မပစ်ဘဲဖမ်းခေါ်သွားတယ်။ ရွာကအိမ်တစ်အိမ်ထဲကို ကျွန်တော်တို့နဲ့အတူ ရွာသား(ကျား၊မ)တွေ အားလုံးကိုခေါ် သွားတယ်။ အဲဒီအိမ်မှာ ဗမာစစ်သား အများကြီးရှိနေကြတယ်။ ကျွန်တော်တို့အားလုံးကို ဝါးလုံး(အပေါက် မပါသောဝါး)နဲ့ ခါးမှာ အရမ်းနာကျင်အောင် တစ်ချက်စီရိုက်ပြီး၊ ကြိုးချည်ထားတယ်။ အဲဒီထဲမှာ ကျွန်တော် အငယ်ဆုံးဖြစ်တယ်။ (၁၈နှစ်)"

"ရွာသားပေါင်း အားလုံး(၁၂)ယောက် ဖြစ်တယ်။ နေ့ခင်းစစ်ပွဲမှာ (ဗမာ)စစ်သားတစ်ယောက် ကျရှုံးသွား တယ်ထင်တယ်။ အဖိုးအိုတွေကိုမရိုက်နဲ့ သူတို့ဘာမှမသိဘူး (ဗမာစကားလည်းမသိဘူး)လို့ ပြောရင်လည်း မရဘူး။ 'အဖိုးအိုတွေ ပိုပြီးအကြောမာနေပြီ' လို့ပြောပြီး ပါးရိုက်ပေးတယ်၊ ကန်တယ်။"

"ဦး****ကသူ့ဖခင် (အဖိုးအို)ကို မလုပ်ပါနဲ့လို့ တောင်းပန်တော့ ဘွတ်ဖိနပ်နဲ့ ကန်ပေးတယ်။ နာခေါင်းကနေ သွေးထွက်တာမတိတ်နိုင်တော့ဘူး။ လူတစ်ယောက်ကငါးပိုက်ကွန် လိုက်ပစ်နေတာ လူတွေဝိုင်းအုံ နေတာတွေ့ပြီး သွားကြည့်တော့ သူ့ကိုလည်း ဖမ်းသွားတယ်။ သူ့ရဲ့ပိုက်ကွန်ကြိုးကြီးနဲ့ လက်မှာချီပြီးပါး လည်းရိုက်၊ ကန်လည်းကန် ခဲပါတဲ့ပိုက်ကွန်နဲ့ ရိုက်နှက်ပေးတယ်။ အသက်တောင် ရှူမရဖြစ်သွားတယ်။ သုံး (၃) ရက်တိတိ အဲဒီလိုကြိုးတုပ်ထားပြီး အိပ်ခိုင်ထားတယ်။ အိပ်ရင်လည်း ကြိုးသုတ်တယ်။ ထမင်းစားရင် တောင်သူတို့ဘဲခွံ့ကျွေးတယ်။ မနက်ထပြီးအိမ်သာသွားချင်တယ်လို့ ပြောမှကြိုးဖြေပေးတယ်။ ကျွန်တော် တို့ကဖြေးဖြေးချင်းဘဲထနိုင်တော့တယ်။ လွှတ်ပေးလိုက်တဲ့အချိန်မှာ 'ဒီနေရာမှာမနေကြနဲ့တော့မင်းတို့တွေစစ်ရှောင်စခန်းကို သွားနေကြတော့၊ အရမ်းအရေးကြီးမှ တစ်ခါတလေ ပြန်လာတော့' လို့ပြောတယ်။"



## လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မဖျောက်ဖျက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၃၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - မုန်ဒုန်ကျေးရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၃၀ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မုန်ဒုန်ကျေးရွာ |
| ချိုးဖောက်သူ | - တပ်မ (၈၈)၊ (၄၄)၊ (၃၃) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်****၊ ဒေါ်**** |
| အသက် | - ၄၁ နှစ်၊ ၃၇ နှစ် |
| နေရပ်လိပ်စာ | - မုန်ဒုန်ကျေးရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၉ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

## အမှုဖြစ်စဉ်ပြန်ပြောပြသူဒေါ်****၏ပြောဆိုချက်

"နိုဝင်ဘာ(၂၂)ရက်နေ့ကစပြီး ရွာသားတွေအားလုံး မိုင်ဂျာယန်ဘက်ကို ထွက်ပြေးကြတယ်။ သူ(ချိုးဖောက်ခံရသူ)က ရွာနဲ့တိမ်းရှောင်စခန်းမှာ အသွားအပြန်လုပ်ပြီးနေတယ်။ သူ့အစ်ကိုနဲ့ ကျွန်မကတော့ ရွာစောင့် ဖို့အတွက် ရွာမှာပဲနေရစ်ခဲ့တယ်။ နိုဝင်ဘာ(၃၀)ရက်နေ့ သူရွာကိုဆိုင်ကယ်နဲ့ပြန်ပြီး လိုတဲ့ပစ္စည်းတွေယူဖို့ သွားတာ။ အစကတော့ တစ်ညအိပ်ဖို့စီစဉ်ထားပေမယ့် ထိန်နန်ကောင်ဘက်မှာ သေနတ် သံတွေမြည်လာလို့မအိပ်တော့ဘဲပြန်လာတယ်။ လမ်းမှာဗမာစစ်သားတွေဆင်းလာတာ နဲ့ကွက်တိသွားတိုးပြီး အဖမ်းခံလိုက်ရတယ်။ အစိုးရစစ်သားတွေက ကထောင်ဘွမ်တောင်ဘက်မှာ ကေအိုင်အေရှိမယ်ထင်လို့ ရမ်းပစ်တော့ကျွန်မ တို့လင်မယားနဲ့ဦး****က မဖြစ်တော့ဘူးဆိုပြီး ယောရင်ကုန်း ဘက်ထွက်ပြေးသွားတယ်။"

"ကုန်းထိပ်ဘက်တက်ပြီး စစ်သားတွေရှိမရှိချောင်းကြည့်တော့ ဗမာစစ်သားတွေက စင်မာဘွမ်တောင်ဘက် ကနေလည်းဆင်းလာတာ တွေ့ရတယ်။ သူတို့ဆင်းလာတဲ့လမ်းမှာရှိတဲ့ ဦး****တို့တဲကိုလည်းမီးရှို့ပစ် လိုက်ကြတယ်။ နောက်တစ်နေ့ဗမာစစ်သားတွေဆင်းလာတာကို တစ်နေကုန် ကြည့်နေတုန်း ညနေပိုင်း နောက်ဆုံးအသတ်မှာ သူ့ကိုတွေ့လိုက်ရတယ်။ ဘောင်းဘီရှည်နက်ပြာရောင်နဲ့ စပို့ရှပ် ခရမ်းနက်ရောင်ဝတ်ထားတယ်။ ပြီးတော့ မလေးရှားလျှော်အိပ်အနက်ရောင်တစ်ခုထမ်းထားတာ တွေ့ရတယ်။ သူနဲ့အတူ ငွေ(၃)သိန်းကျော်၊ နာရီနဲ့ တရုတ်ဖုန်းတွေပါသွားတယ်။"

"ရွာထဲမှာလည်းသူက ဘာသာရေးတာဝန်ထမ်း ဆောင်သူ(နှစ်ခြင်းခရစ်ယာန်သင်းထောက်) ဆိုတော့ အသင်းတော်ကနေလည်း အမြန်ဆုံးပြန်လာဖို့ခေါ် ပေးစေချင်တယ်။ ကလေးတွေလည်း သူ့အဖေကိုရှာ နေကြတယ်။ ညအိပ်ရင်လည်း အိပ်ယာကထယောင်ပြီး အဖေကိုရှာ၊ ပြီးတော့ငိုဆိုတော့ တော်တော်လေး ဒုက္ခများတယ်။ တစ်ချို့ကလေးတွေဆို အဖေ့ဆီသွားမယ်ဆိုပြီးငိုကြတယ်။ ကျွန်မတို့ရွာက

အိမ်ထောင်စုစု ပေါင်း(၇) ခုရှိတယ်။ လူဦးရေကတော့(၃၀) ကျော်ရှိတယ်။"

**အမှုဖြစ်စဉ်ပြန်ပြောပြသူဒေါ်****၏ပြောဆိုချက်**

"ကျွန်မတို့ကမိုင်ဂျာယန်ရှောင်တိမ်းစခန်းကိုနိုဝင်ဘာ(၂၂)ရက်နေ့မှာစစ်ရှောင်ဖို့အတွက်ရောက်လာတယ်။ ရွာမှာကအစ်မနဲ့ခဲအိုပဲကျန်ခဲ့တယ်။ နိုဝင်ဘာလ (၃၀)ရက်(၁၀)နာရီကျော်ကျော် လောက်မှာ စခန်းကနေဆိုင်ကယ်နဲ့ရွာကိုဆင်းသွားတယ်။ သူကနောက်နေ့ကြမှ ပြန်တက်လာမယ်လို့ ပြောသွားတယ်။ ဆင်းသွားချိန်မှာ နက်ပြာရောင်ဘောင်းဘီနဲ့ ခရမ်းနက်ရောင်စပို့ရှပ်ဝတ်သွားတယ်။"

"နောက်နေ့မနက်ကစပြီးဖုန်းခေါ်ကြည့်တော့ ဖုန်းပိတ်ထားတယ်လို့ချည်းဘဲထူးနေတယ်။ ဒီလိုပဲဆက်တိုက် ဆက်နေတော့ ဒီဇင်ဘာ(၃)ရက်နေ့ ဆက်ကြည့်တဲ့အခါ "နင့်ယောကျ်ားကို ဖုန်းမဆက်နဲ့တော့" လို့ဗမာလိုပြောလာတယ်။ ဒီဇင်ဘာ(၆)ရက်နေ့မှာ သူ့အစ်မနဲ့ညီမ( ဒေါ်****နဲ့ဒေါ်****)တို့ပြန်ဆက်ကြည့်တဲ့အခါကြတော့ နင်တို့မောင်/နင်တို့အစ်ကိုကို ဖုန်းမဆက်နဲ့တော့လို့ပြောတယ်။ နောက်ပြီးစခန်းမှာရှိတဲ့သူ့မိတ်ဆွေတွေဆက်ရင်လည်း ဖုန်းမဆက်နဲ့တော့လို့ပဲဖြေတယ်။ တစ်ခြား ဆွေမျိုးတွေ ဆက်တဲ့အခါကြတော့ "နင်တို့မဆက်နဲ့တော့ သူ့ကိုချောက်ထဲမှာပစ်ထည့်ထားပြီ" လို့ ပြောတယ်။ ပြီးတော့ "နင်တို့ကိုတော့သနားတယ်" လို့ပြောသေးတယ်တဲ့။"

အဲဒီရက်ကစပြီး ဖုန်းထပ်မဆက်ဖြစ်တော့ဘူး။ ဒီဇင်ဘာ(၁၂)ရက်နေ့မှာတော့ သေသွားတယ်ဆိုရင်လည်း ကောင်းကင်နိုင်ငံမှာဘုရားသခင်နဲ့အတူ ရှိပါစေ၊ မသေသေးရင်တော့ အိမ်ကိုအမြန်ဆုံးအေးချမ်းစွာနဲ့ပြန် ရောက်လာပါစေဆိုပြီး ဆုတောင်းပွဲ လုပ်ပေးတယ်။ ပစ်ခတ်ကြတာတော့ ထိန်နန်ကောင်(မိုင်တိုင်၂၉) မှာပါ။ ဦး****ကိုင်သွားတဲ့ တရုတ်ဖုန်း နံပါတ်က ၆၂၃၂*** ပါ။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှုနှင့်အစအနပျောက်ဆုံးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်ဆွမ်လွတ်ရွယ်ဂျာ |
| ကျား/မ | - မ |
| အသက် | - ၂၈နှစ် |
| ပညာအရည်အချင်း | - ၇ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သားသမီး | - ၁ ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ခိုင်ပန်ရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ရက်၊၁၀လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ပြောင်ဖူးခြံသွားသည့်လမ်း |
| ချိုးဖောက်သူ | - ခမရ ၃၂၀ (ရွှေညောင်ပင်) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အသက် | - ၇၀နှစ် |
| နေရပ်လိပ်စာ | - ခိုင်ပန်ရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၃ရက်၊၁၀လ၊ ၂၀၁၁ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |



**အမှုဖြစ်စဉ်**

၂၈ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ်ညနေ၃း၀၀နာရီခန့်တွင် ဒေါ်ဆွမ်လွတ်ရွယ်ဂျာ၊ ဦး****နှင့် အဖေဖြစ်သူဦး****တို့ သားအဖသုံးယောက်ပြောင်းဖူးခြံတွင် ပြောင်းဖူးခူးရန်သွားသည့်အချိန်တွင် အစိုးရစစ်သား(၃)ယောက်က ဖမ်းခေါ်သွားခဲ့သည်။သူတို့သုံးယောက်ကို 'စကားလုံး၀မပြောနဲ့ ငါတို့မေးတာဘဲဖြေ'ဟုဆိုကာသေနတ်ဖြင့်ခြိမ်းခြောက်သည်။ သူတို့ခူးလာသောပြောင်းဖူးများကိုလည်း သိမ်းယူကာ ဆွမ်လွတ်ရွယ်ဂျားတို့လင်မယားကို ပြန်ထမ်းခိုင်းသည်။ ဦး****ကိုတော့အသက်ကြီးပြီ မထမ်းနဲ့ဟုဆိုကာ မထမ်းစေဘဲအလွတ်လျှောက်ခိုင်းသည်။ ထို့နောက်သူတို့သုံးယောက်ကို စစ်စခန်းကိုလိုက်ခဲ့ရန်ခေါ်သည်။ စစ်သားများကသေနတ်နှင့်ခြိမ်းခြောက်ပြီး ခေါ်သောကြောင့် မလိုက်ချင်ဟုလည်းမငြင်းရဲသဖြင့် ဘာမှမပြောပဲစခန်းကိုလိုက်သွားခဲ့ရသည်။

ဇနီးဖြစ်သူဆွမ်လွတ်ရွယ်ဂျားသည် ခင်ပွန်းကိုထွက်ပြေးရန် ပြောသော်လည်းအခွင့်မသာခဲ့ပါ။ လမ်းတစ်ဝက်အရောက်တွင် သူတို့ဘက်ကစစ်သား(၃)ယောက် စောင့်နေတာကိုတွေ့ရတယ်။ ထိုနေရာတွင်ကျင်းတူးရာ အပေါက်များရှိနေသည်ကို တွေ့ရသောကြောင့်ဦး****ကို 'မင်းKIAစစ်သားဟုတ်တယ်။ ဒီကျင်းတွေကို မင်းဦးဆောင်ပြီး လုပ်ထားတယ်မဟုတ်လား'ဟု စွပ်စွဲကြသည်ကို****က "ကျွန်တော်စစ်သား မဟုတ်ပါဘူး။ ဒီကိစ္စနှင့်ပတ်သတ်ပြီး ကျွန်တော်ကိုယ်တိုင်လည်း ဘာမှမသိပါဘူး။" ဟုပြောပြသော်လည်း ဦး****နှင့်အဖေဖြစ်သူဦး****ကိုပလိုင်းကြိုးဖြင့်ပူးချည်ပြီးရှေ့မှာလျှောက်ခိုင်းသည်။ ဦး****၏ ဇနီးကိုတော့နောက်မှာလျှောက်ခိုင်းသည်။

ကြိုးဖြင့်ချည်ထားသည်ဆိုသော်လည်း ဖြည်ရန်လွယ်ကူသောကြောင့် ကြိုးကိုဖြေကာ ဦး****ကအဖေကို "အဖေကျွန်တော်ထွက်ပြေးမယ်နော်"ဟု တိုးတိုးလေးအသိပေးလိုက်သည်။အဖေက "ကြိုးဖြည်ပြီလား"ဟု ပြန်မေးသည်ကိုပြန်မဖြေအားဘဲ၊ တစ်ခါတည်းလစ်ပြေးလိုက်သည်။ အဖေဖြစ်သူလည်း သားနောက်ကို ပြေးလိုက်သွားသည်ကို စစ်သားများမြင်လိုက်သောကြောင့် သူတို့သားအဖနောက်ကို သေနတ်ဖြင့် လိုက်ပစ် တော့သည်။ ထိုအချိန်တွင် KIAတပ်သားများက သေနတ်သံကြားရသောကြောင့် အသံလာရာဘက်ကို သေနတ်ဖြင့် ပြန်ပစ်လာသဖြင့် အစိုးရစစ်သားများသည် ဦး****သားအဖကို လိုက်မပစ်တော့ပဲပြန်လှည့်သွားကြသည်။

ဦး****တို့သားအဖ ထွက်ပြေးချိန်တွင် ဇနီးဖြစ်သူရွယ်ဂျားသည် စစ်သားများကြားတွင် ပြောင်းဖူးထမ်း ရင်းလိုက်နေရသဖြင့် အတူထွက်ပြေးရန် အခွင့်မရလိုက်ပေ။ ပြောင်းဖူး(၄)ထမ်းစာကို ပိုက်ဆံပေးမည်ဟု ပြောကာသိမ်းယူသွားပြီး ယခုအချိန်ထိပိုက်ဆံမပေးရုံသာမက သူတို့ဖမ်းခေါ်သွားခဲ့သော ဆွမ်လွတ်ရွယ်ဂျား ကိုလည်းပြန်မလွှတ်ပေးသေးဘဲ၊ သူတို့စခန်းတွင်ချုပ်ထားကြောင်းသိရသည်။

မရွယ်ဂျား၏သမီးဖြစ်သူမ****သည် နို့စို့အရွယ်သာရှိသေးပြီး မိခင်နှင့်လည်းယခုကဲ့သို့ခွဲနေရခြင်းကြောင့် နေ့တိုင်းညတိုင်းမိခင်ကို တောင်းတနေရှာသည်။ ညညဆိုလျှင်မိခင်ကိုလိုက်ရှာတတ်ပြီး ငိုနေသောကြောင့် ကလေး၏ကျန်းမာရေးအခြေအနေလည်းစိုးရိမ်စရာဖြစ်နေသည်။

မရွယ်ဂျား အဖမ်းခံရပြီး (၃ရက်အကြာ အောက်တိုဘာလ (၃၁) ရက်နေ့တွင် လူ့အခွင့်အရေးချိုးဖောက်မှု များကို မှတ်တမ်းတင်နေသော အမျိုးသမီးအဖွဲ့တစ်ခုသည် ဝရာ(WaRa) တောင်ပေါ်မှ အစိုးရစစ်သားများ ရှိရာ မူ့ဘွမ်(Mu Bum) တောင်ဖက်သို့ မှန်ပြောင်းဖြင့်ကြည့်ရှု့ကာ တွေ့မြင်ခဲ့သည်များကို ပြောပြသည်မှာ၊ "ကျွန်မတို့ မှန်ပြောင်းနဲ့ အစိုးရစစ်သားများစခန်းချထားသော နေရာသို့ကြည့်လိုက်တော့ မဆွမ်လွတ် ရွယ်ဂျားကို စစ်သားနှစ်ဦးအပြင်ကို ဆွဲထုတ်ကြပြီး တစ်ယောက်ပြီးတစ်ယောက် (မြင်မကောင်းအောင် ဖက်ခြင်း၊ ကိုင်ထိလက်ရောက် ပြုနေတာကိုတွေ့ရတယ်) အဲဒီအချိန်က အောက်တိုဘာလ၊ ၃၁ရက်နေ့ဖြစ် သည်။ နိုဝင်ဘာလ၊ ၁ရက်နေ့၊ ကမရွယ်ဂျားနေပူစာလှုံနေသည်ကို စစ်သား(၄)ယောက် အထဲကိုပြန်ခေါ် သွင်းလိုက်တာကို တွေ့လိုက်ရတယ်။ စစ်ဝတ်စုံဝတ်ခိုင်းထားသည်ကို မြင်တွေ့ရတယ်။ အဲဒီနောက်ပိုင်းမှာတော့ ထိုတောင်ပေါ်တွင်မတွေ့ရတော့ပါ။"

နိုဝင်ဘာလ တစ်ရက်နေ့တွင် မရွယ်ဂျား အိမ်သားများမှ လွယ်ဂျယ်မြို့အခြေစိုက် အစိုးရစစ်တပ်တစ်ခုဖြစ် သည့်ခမရ (၃၂၀)မှ ဗိုလ်မှူးဇော်မျိုးထွန်းထံ မရွယ်ဂျားအားလွတ်ပေးပါရန် တောင်းဆိုခဲ့သည်။ ထိုစစ်တပ်မှ နောက်တစ်ရက် နိုဝင်လာလ ၂ရက်နေ့တွင် လွတ်ပေးမည်ဟုကတိပေးခဲ့သည်။ ထို့ကြောင့်

နောက်တစ်နေ့၌ မူဘွမ်(Mu Bum) တောင်ခြေရင်းတွင် သွားစောင့်နေသော်လည်း တစ်နေ့သာကုန်သွားပြီး မရွှယ်ဂျား၏အ ရိပ်အရောင်ပင် မမြင်ခဲ့ရပေ။

နောက်တစ်ရက်တွင် မရွှယ်ဂျား၏ ယောက်ကထီးမှ ကချင်ပြည်နယ် ဝန်ကြီးချုပ်ထံ တိုင်ကြားစာပို့ပေးခဲ့ပါ သည်။ ထိုတိုင်ကြားစာအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်နှင့် နယ်စပ်လုံခြုံရေးဝန်ကြီးဌာနတို့အား မိတ္တူပေး ပို့ခဲ့သည်။ အောက်တိုဘာလ ဒုတိယအပါတ်တွင် ထိုအစိုးရစစ်တပ်မှ ထွက်ပြေးလွတ်မြောက်လာသော အတင်းအဓ္ဓမ လုပ်အားပေးစေခိုင်းခံရသူများက လူ့အခွင့်အရေးချိုးဖောက်မှု မှတ်တမ်းကောက်ခံသူများအား သူတို့ထွက်ပြေးလာသော စခန်းထဲတွင် အမျိုးသမီးများ ကျန်နေခဲ့ကြောင်း။ တစ်ဦးမှာ ကချင်အမျိုးသမီး ဖြစ်ပြီး၊ ကျန်သည့်သုံးဦးမှာ ရှမ်းနှင့်ပလောင် အမျိုးသမီးများဖြစ်ကြောင်း၊ ထိုအမျိုးသမီးများကို အစိုးရစစ် သားများက ညတိုင်းအလိုမတူ အဓ္ဓပြုကျင့်ကြကြောင်း သတင်းပေးခဲ့ပါသည်။

## တရားရုံးသို့တိုင်ကြားခြင်း။

မရွှယ်ဂျား၏ခင်ပွန်းဖြစ်သူ ဦး****သည်ဇနီး၏အမှုကို တရားရုံးသို့ ဇန်နဝါရီလ၊ ၂၇ရက်နေ့၊ ၂၀၁၂ ခုနှစ်တွင် တိုင်ကြားပြီး ထိုအမှုကို ၂၃ရက် ဖေဖော်ဝါရီလ၌ နေပြည်တော် တရားစီရင်ရေးရုံးတွင်ကြား နာခဲ့သည်။ ထိုအမှုကြားနာချိန် တစ်လျှောက်လုံးတွင် မရွှယ်ဂျား၏ခင်ပွန်းအား တရားရုံးသို့ ပေးမဝင်ခဲ့ပေ။ ခမရ (၃၂၁) စစ်သားတစ်ယောက်ကိုသာ အမှုမှန်ကန်မှုရှိမရှိ စစ်ဆေးရန်ပေးဝင်ခဲ့သည်။ ထိုစစ်သားက သူတို့ စစ်တပ်တွင် ဤနာမည်နှင့် အမျိုးသမီးမရှိပါဟုငြင်းဆိုခဲ့သည်။ ထိုအမှုကို နောက်ထပ်နှစ်ပါတ်အကြာတွင် တစ်ကြိမ်ပြန်ကြားနာမည်ဟုဆိုကာ ရုံးချိန်းပေးခဲ့သည်။ နှစ်ပါတ်ကြာပြီးနောက် မရွှယ်ဂျား၏ခင်ပွန်းဖြစ်သူ ထံတရားရုံးမှ ထိုအမှုကို ပယ်ဖျက်လိုက်ကြောင်း အကြောင်းကြားစာသာ ရောက်လာခဲ့သည်။

မရွှယ်ဂျား၏ အိမ်သားများအနေနှင့် အမှုမှန်မပေါ်မချင်း ဆက်လုပ်ဆောင်သွားမည်ဟုပြောသည်။ လတ်တလောအခြေအနေတွင် ဦး****မှာ ဒုက္ခသည်စခန်းတွင်နေထိုင်လျက်ရှိပြီး သူတို့၏သမီးလေးသည်သူမ၏အဖိုးအဖွားများနှင့် တရုတ်ပြည်နယ်စပ်၌အတူရှိသည်။

## လူ့အခွင့်အရေးချိုးဖောက်မှု – မြေမြှုပ်မိုင်း

ချိုးဖောက်ခံရသူ - မောင်ဂမ်အောင်(ခ)လမောင်ဒီး
ကျား/မ - ကျား
အသက် - (၁၆) နှစ်။
ပညာအရည်အချင်း - (၃)တန်း။
လူမျိုး - ကချင်
အလုပ်အကိုင် - ကျောင်းသား။
အိမ်ထောင်ရှိ/ မရှိ - မရှိ
အဖအမည် - ဦး****
အမိအမည် - ဒေါ်****
နေရပ်လိပ်စာ - မိုးမောက်မြို့နယ်။ ကချင်ပြည်နယ်။
အခင်းဖြစ်သည့်နေ့ - (၂၈)ရက်၊ အောက်တိုဘာလ၊ ၂၀၁၁ခုနှစ်။
အခင်းဖြစ်သည့်နေရာ - ဒဂေါ်လမ်း၊ ကျောက်စခန်း ကွက်(၁)။ မိုးမောက်မြို့နယ်။
အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ်****
အသက် - (၄၄) နှစ်။
ကိုးကွယ်ယုံကြည်မှု - ခရစ်ယာန်
ခင်ပွန်း - ဦး****
အသက် - (၅၄) နှစ်။
သား၊သမီး - (၁)ယောက်။



လက်ရှိနေထိုင်သည့်လိပ်စာ - မိုးမောက်။
မှတ်တမ်းကောက်သည့်နေ့ - (၁၇)ရက်၊ ဩဂုတ်လ၊ ၂၀၁၄ခုနှစ်။
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - SSDF

## အမှုဖြစ်စဉ်

မောင်ဂမ်အောင်သည်သစ်ခွပင်များ သယ်ယူရန်အိမ်နံဘေးမှ သူငယ်ချင်းတစ်ယောက်ကို ခေါ်ကာ ဆိုင်ကယ်ဖြင့်ထွက်သွားခဲ့သည်။ ၄င်းတို့နှစ်ဦး သွားသည့် လမ်းသည် ဒဂေါ်ကျောက်စခန်းသို့ သွားသည့်ကား လမ်းမဖြစ်သည်။ ၄င်းတို့နှစ်ဦး မသွားမီ ကားများလည်း သွားလာနေကြသည့် လမ်းဖြစ်ပြီး တစုံတရာပြဿနာမရှိခဲ့ပါ။

သို့သော် ၄င်းတို့နှစ်ယောက် ဖြတ်သွားသည့်အချိန်တွင် မြေမြှုပ်မိုင်းပေါက်ကွဲမှု ဖြစ်ပွားခဲ့သည်။ "ကားတွေ တောင်သွားလာနေတာပဲ။ ဘာမှမဖြစ်ပါဘူးဆိုပြီး သူတို့နှစ်ယောက်လည်း သွားလိုက်တယ်။ ကားလမ်းမ ကြီးအတိုင်းပဲ သွားတယ်။ ကားလမ်းမကြီးပေါ်မှာပဲ မိုင်းပေါက်ကွဲသွားတယ်။"

ဆိုင်ကယ်မောင်းသည့်မောင်ဂမ်အောင်သည်မိုင်းပေါက်ကွဲသည့်နေရာတွင်ပင်ပွဲချင်းပြီးသေဆုံးသွားသည်။ ဆိုင်ကယ်နောက်တွင် လိုက်ပါလာသော ၄င်း၏သူငယ်ချင်းသည် ထိခိုက်ဒဏ်ရာ ရရှိခဲ့သည်။ ဒဏ်ရာရရှိသောသူကို ဘုန်းတော်ကြီး****ကဗန်းမော်ပြည်သူ့ဆေးရုံကြီးသို့ ချက်ချင်းပင် သယ်ဆောင်သွားခဲ့သည်။ ၄င်းမှာတစ်စုံတစ်ရာ ကျိုးပဲ့၊ ဒဏ်ရာရရှိခြင်း မရှိခဲ့ပါ။

မောင်ဂမ်အောင်ကိုတော့ မိဘများရှိသည့်နေရာ IDPစခန်းသို့သယ်ဆောင်သွားပြီး မြေမြုပ်သင်္ဂြိုလ်ဆုတောင်းခြင်း ပြုလုပ်ပေးခဲ့သည်။ ဂွယ်ကျေးရွာသည် အိမ်ခြေတစ်ရာ (၁၀၀)ကျော်ရှိသော ကျေးရွာဖြစ်သည်။ အစိုးရအုပ်ချုပ်သော နယ်မြေဖြစ်ပြီး အစိုးရစစ်တပ်စခန်းရှိသည်။ ၄င်းမြေမြှုပ်မိုင်းသည် မည်သူထောင်ထားသည့်မိုင်းမှန်း မသိရှိပါ။

## လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )

ချိုးဖောက်ခံရသူအမည် - ဦး****
ကျား၊မ - ကျား
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - တောင်သူ
အိမ်ထောင်ရှိ/ မရှိ - ရှိ
နေရပ်လိပ်စာ - ဒကော်ကျေးရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။
အခင်းဖြစ်ပွားသည့်နေ့ - ၁၇ရက်၊ ၅လ၊ ၂၀၁၂ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - ဒကော်ကျေးရွာ၊ မိုးမောက်မြို့နယ်။
ချိုးဖောက်သူ - ခလရ(၄၇)၊ ဒုတပ်ရင်းမှူးသန်းဇော်စိုး
အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ချိုးဖောက်ခံရသူကိုယ်တိုင်
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

## အမှုဖြစ်စဉ်

"၁၇ရက်၊ ၅လ၊ ၂၀၁၂နှစ်မှာ ကျွန်တော်နှင့်ကျွန်တော့မိန်းမ****က ဒကော်မှာရှိတဲ့ မက်လိန်သီးတွေကို ဆိုင်ကယ်နဲ့သယ်လာဖို့ သွားခူးတယ်။ မနက်(၁၀)နာရီလောက်မှာ မက်လိန်သီးတွေကို ခူးယူပြီး ပြန်လာတုန်း ကြရင်ခရောက်တော့ ခလရ(၄၇)မှစစ်သားတစ်ချို့ထွက်လာပြီး


ရပ်ခိုင်းတာနဲ့ကျွန်တော်တို့ ကိုယ်ပေါ်က ပစ္စည်းတွေလိုက်လံရှာဖွေတယ်။ ဘာပစ္စည်းမှမတွေ့ရင်လည်း သူတို့ဖမ်းထားတဲ့ လူ(၂၀)ယောက်လောက် ရှိတဲ့နေရာကို ခေါ်သွားပြီး အဲဒီမှာထိုင်ခိုင်းတယ်။ ညနေပိုင်း(၂)နာရီလောက်မှာတော့ ခလရ(၄၇)မှဒုတပ် ရင်းမှူးဗိုလ်မှူးသိန်းဇော် ရောက်လာပြီး"ယောကျာ်းလေးများထပါ မိန်းကလေးများပြန်လို့ရပြီ" လို့လာပြော တယ်။ အဲဒီမှာပါသွားတဲ့လူတွေကဦး****၊ ဦး****၊ ဦး****၊ ဦး****၊ (၁၇)မိုင်မှအမည်မသိ သူတစ် ယောက် နှင့် ကျောက်တင်လူ(၅)ယောက်ဟုတ်တယ်။

ကျွန်တော်တို့ အားလုံးကိုခေါ်သွားပြီး နန်ဆမ်ရွာမှာ တစ်ညအိပ်တယ်။ နောက်တစ်နေ့ ၁၈ရက်၊ ၅လ၊ ၂၀၁၂ခုနှစ်မှာက ကျွန်တော်တို့အားလုံးကိုကြိုးနဲ့ လက်နောက်ပစ်ချည်ပေးပြီး ညနေပိုင်း(၃)နာရီအထိချည်ထားတယ်။ ကျွန်တော့်ကိုတော့ ကြိုးဖြေပေးပြီး ထမင်းချက်ခိုင်းတယ်။ တစ်ခြားလူတွေကိုတော့ချည်ထားတုန်းဘဲ။ ညနေပိုင်းထမင်းစားချိန်မှာတော့ ကြိုးဖြေပေးပြီး ညအိပ်ချိန်ကြတော့ပြန်ချည်ပေးပြီးမှ အိပ်ခိုင်းတယ်။

နောက်တစ်နေ့တော့ တစ်မနက်လုံးချည်ထားပြီး (၁၁)နာရီလောက်မှာက ကြိုးဖြေပေးပြီး သူတို့လိုတာတွေ ကိုပြန်ခိုင်းတယ်။ ကျွန်တော့်ကို ဗုံးသယ်ခိုင်းပြီး ကျန်တဲ့သူတွေကိုက သူတို့ရဲ့လွယ်အိတ်တွေ သယ်ခိုင်း တယ်။ ဒါဂေါ်ရောက်တော့ အဲဒီမှာရှိတဲ့ UNDP တွေရဲ့ဂိုဒေါင်တွေကိုရော ရိုက်ဖွင့်ပေးလိုက်တယ်။ ကျွန်တော်တို့နဲ့အတူပါလာတဲ့ ဦး****ကို ဗိုလ်မှူးသိန်းဇော်နဲ့သူ့စစ်သားတွေ ဝိုင်းရိုက်ထားတာကိုတွေ့ တယ်။ ပြီးတော့ကျွန်တော်တို့အားလုံးကို ကျောက်စခန်းဘက်ခေါ်သွားပြီး တစ်လမ်းလုံးပစ္စည်းတွေသယ် ခိုင်းတယ်။ ကျောက်စခန်းရောက်တော့ ရွာလူကြီးတွေရောက်လာပြီး ကျွန်တော်တို့ကို လာခေါ်တယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မုဒိမ်းပြုကျင့်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား၊မ | - မ |
| အသက် | - ၁၇ နှစ် |
| ပညာအရည်အချင်း | - ၁၀ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသူ |
| နေရပ်လိပ်စာ | - ရပ်ကွက်****၊ ဒွေ့ဖုန်းယန်မြို့နယ်ခွဲ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၀ရက်၊ ၄လ၊ ၂၀၁၄ခုနှစ် (ကြာသပတေးနေ့) |
| အခင်းဖြစ်ပွားသည့်နေရာ | - ဒွေ့ဖုန်းယန်မြို့ |
| ချိုးဖောက်သူ | - ( စ.အ.ရ (၉၁၄)၊အောင်နိုင်စိုးနှင့် တစ်ယောက်) ဗန်းမော်အခြေစိုက်တပ်ရင်း |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး****(ဖခင်) |
| အသက် | - ၅၃ နှစ် |
| နေရပ်လိပ်စာ | - ရပ်ကွက် ****၊ ဒွေ့ဖုန်းယန်မြို့နယ်ခွဲ၊ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI၊ KWAT |



ပုံ (၁၇) - ချိုးဖောက်ခံရသူ မ**** ရေးသားထားသောစာ



**အမှုဖြစ်စဉ်**

**ချိုးဖောက်ခံရသူ၏ဖခင်ဦး**** ပြောဆိုချက်**

"ကျွန်တော့်နာမည်ကတော့ ဦး****လို့ခေါ်ပါတယ်။ ကျွန်တော့်ဇနီးကတော့ဒေါ်****ဟုတ်တယ်။ ကျွန်တော်တို့ကတော့ ဟိုအရင်ကတည်းက ဒီမှာဘဲမွေးပြီးဒီမှာဘဲကြီးတယ်။ အခုလည်းဒီမှာဘဲနေတဲ့လူတွေဟုတ်ပါတယ်။ အခုကျွန်တော့်မှာတော့ သားသမီး(၃)ယောက်ရှိတယ်။ မိန်းကလေးနှစ်ယောက်နဲ့ ယောကျာ်းလေး(၁)ယောက်ရှိတယ်။

အခုအဓမ္မပြုကျင့်ခံရတာကတော့ကျွန်တော်ရဲ့ဒုတိယမြောက်သမီးလေးဖြစ်ပါတယ်။ သူမအသက်ကတော့(၁၇)နှစ်ပြည့်ပြီး (၁၈)နှစ်ထဲမှာဝင်တော့မယ်။ ကျွန်တော့်သမီးက(၁၀)တန်းကို ဒွေ့ဖုန်းယန်မြို့နယ်ခွဲ အထက်တန်းကျောင်းမှာဖြေဆိုထားတာ ဟုတ်တယ်။ အခုဖြစ်တဲ့အဖြစ်အပျက်က ဧပြီလ၊ ၁၀ရက်နေ့၊ ၂၀၁၄ခုနှစ်မှာ သူ့အမေနဲ့နွားသွားရှာဖို့အတွက် သူ့အမေနဲ့ အတူထွက်သွားတာ ဟုတ်တယ်။ သူ့အမေနဲ့ သူမက မိန်းမွန်းပါ၊ ဒိမ်ခါပါကျေးရွာနားတွေမှာ သွားပြီးတော့ တစ်နေကုန်နွားလိုက်ရှာတယ်တဲ့။

ဒါပေမဲ့မိုးကချုပ်လာ နွားကမတွေ့ဆိုတော့ သူ့အမေက နွားတွေက ညကြမှအများအားဖြင့်တွေ့တယ်ဆိုပြီးတော့ သူ့သမီးကိုအရင်ပြန်နှင့်ဖို့အတွက် သူ့အမေကသူမကို မြစ်ကြီးနား၊ဗန်းမော်ကားလမ်းမအထိ လိုက်ပို့ပေးပြီးတော့ ပြန်ခိုင်းလိုက်တယ်တဲ့။ သူမကိုပြန်ခိုင်းလိုက်တဲ့အချိန်က ညနေပိုင်း ၅း၃၀ လောက်ရှိလာပြီ။ သူတို့သားအမိက မနက် ၉း၀၀နာရီ လောက်မှာထွက်သွားတာဟုတ်တယ်။

သူတို့သားအမိ နွားသွားရှာတဲ့နေရာနဲ့ ကျွန်တော်တို့အိမ်က (၁)မိုင်ကျော်လောက်ဘဲ ရှိမယ်ထင်တယ်။ သူ့အမေကတော့နွားရှာဖို့အတွက် နောင်ဝမ်ရွာ ခလရ (၁၄၂)တပ်ရင်းဘေးကရွာမှာဘဲ အိပ်မယ်ဆို ပြီးတော့နေခဲ့တယ်။

သမီးပြန်လာတော့ဒင်းဂါရွာအကျော်ဒွေ့ဖုန်းယန်မရောက်ခင်နားလေးမှာငှက်ပျောခြံစစ်တပ်ဆိုတာရှိတယ်။ အဲဒီစစ်တပ်ကုန်းအတက်နားလေးမှာ လမ်းကွေ့တစ်ခုရှိတယ်။ ယာတောအဆုံးနားလေးမှာ။ အဲဒီက နေပြီးတော့ ယောကျာ်းလေးနှစ်ယောက်ထွက်ခဲ့တယ်။ ငှက်ပျောခြံစစ်တပ်ကတော့ စစ်တပ်တွေခဏခဏပြောင်းတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာက ခလရ (၂၂၃)တပ် တပ်စွဲထားတယ်လို့ပြောတယ်။

ခဏတုန်းကခြံက ထွက်ခဲ့တဲ့နှစ်ယောက်က သမီးလေးကိုတားပြီးတော့ ဘယ်သွားမလဲလို့မေးတယ်။ ကျွန်တော့်သမီးလည်း ဒွေ့ဖုန်းယန်ပြန်မယ်လို့ပြန်ပြောတယ်။ ဘယ်ကလဲ လို့သူတို့မေးတော့သမီးလည်း ဒွေ့ဖုန်းယန်ကဟုတ်တယ်လို့ပြန်ပြောတယ်တဲ့။ အဲဒါဆိုသူတို့နှစ်ယောက်လည်း ဗိုလ်ကြီးဆီကို စာပါးအုန်းမယ်ဆိုပြီးတော့ တစ်ယောက်ကသူ့ကိုတားထားတယ်။ နောက်တစ်ယောက်ကတော့ စာသွားယူအုန်းမယ်ဆိုပြီးတော့ ခြံထဲကိုပြန်ဝင်သွားတယ်။ ထွက်လာတော့ ဓားတစ်လက်ကို ဝှက်ပြီးတော့ ထွက်လာတယ်။ နောက်တော့ သမီးလေးနားကပ်သွားပြီးတော့ သူ့ကိုခြေကလိမ်ပိုက်ပြီး လှဲချလိုက်တယ်။ နောက်တော့ ဆံပင်ကိုဆွဲပြီး လည်းပင်းမှာဓားနဲ့ထောက်ထားပြီးတော့ မအော်နဲ့အော်လို့ရှိရင် သတ်လိုက်မယ်လို့ပြောပြီး ချုံပုတ်ထဲကိုခေါ်သွားလိုက်တယ်။ ခေါ်သွားပြီးတော့ ချုံထဲကဝါးရုံတောမှာ အဓမ္မပြုတယ်လို့ပြောတယ်။ ဆိုင်ကယ်ကိုတော့ ခြုံထဲမှာ ထိုးထားလိုက်တယ်။

အဲဒီခြုံထဲမှာ ညမိုးချုပ်တဲ့အထိနေပြီးတော့ ညမိုးချုပ်မှခေါ်ထွက်လာပြီး မင်းမောင်းလို့ဆိုပြီးသူ့ကို မောင်းခိုင်းတယ်တဲ့။ တစ်ယောက်က မိုင်းဗုံးကိုင်ပြီးတော့ သူ့ရဲ့ဗိုက်မှာကပ်ထားပေးတယ်။ နောက်တစ်ယောက်က ခါးမှာဓားထောက်ထားပြီးတော့ မင်းဒေါ်ဖုန်းယန်ရောက်ရင် တစ်ယောက်နဲ့မှ စကားမပြောနဲ့လို့ ပြောပြီးတော့ ဘယ်အိမ်မှမဝင်နဲ့ဝင်လို့ရှိရင် ထိုးသတ်လိုက်မယ်ဆိုပြီးခြောက်ပြီးတော့ ငါတို့ကိုဒေါ်ဖုန်းယန် အလွန်ပဲလိုက် ပို့လို့ပြောပြီးတော့ လိုက်ပို့ခိုင်းတယ်တဲ့။ သူလည်းကြောက်တော့ လိုက်ပို့မယ် ဆိုပြီးထွက်လာခဲ့တယ်။

ဒေါ်ဖုန်းယန်ကျော်လာတော့၊ အခုဒေါ်ဖုန်းယန်ကျော်လာပြီ ဆင်းတော့လို့ပြောတဲ့အချိန်မှာ မဟုတ်သေးဘူး။ ဟိုဘက်ကိုလိုက်ပို့အုန်းလို့ ပြန်ပြောပြီးတော့ ပြန်ခေါ်သွားလိုက်တယ်။ သူလည်းမောင်းသွားပြီးတော့ ဒေါ်ဖုန်းယန်စက်မှု လယ်ယာအလွန်ကိုရောက်တော့ အဲဒီမှာ လူမနေတော့တဲ့ တဲအိမ်တစ်လုံးရှိတယ်။ သူတို့က အဲဒီအိမ်ကိုမောင်းပါလို့ပြန်ပြောတော့ သူလည်း သတိထားလိုက်တယ်။ ဒါ

မဟုတ်တော့ဘူးဆိုပြီးဆိုင်ကယ်ထားခဲ့ပြီး ပြေးသွားလိုက်တယ်။ ထွက်ပြေးတဲ့အချိန် အရှေ့ကမြောင်းထဲမှာ လဲ့ကျသွားတယ်။ အဲဒီအချိန်မှာ သူတို့နှစ်ယောက်က ပြန်လိုက်ဆွဲတယ်။ ပြန်လိုက်ဆွဲပြီး အိမ်ရဲ့နောက်ဘက်ကိုခေါ်သွားတယ်။ အဲဒီအိမ်ကလမ်းနဲ့အရမ်းနီးလို့ လယ်ကွင်းထဲမှာတဲအိမ်များရှိမလား ဆိုပြီးတော့ လိုက်ရှာတယ်။ ဒါပေမဲ့မတွေ့တော့ တဲအိမ်အဟောင်းဘက်ကိုပြန်လာပြီး သူတို့နှစ်ယောက်စလုံး တစ်ညလုံးအဓမ္မပြန်ပြုကျင့်တယ်တဲ့။

လူတစ်ယောက်ကခဏတုန်းက သမီးကိုလိုက်တဲ့အချိန်မှာ လက်ပစ်ဗုန်းတစ်လုံးကျကျန်ခဲ့လို့ လိုက်ရှာနေတဲ့ အချိန်မှာ လိုက်ရှာတဲ့လူက ချင်းလူမျိုးစစ်သားဟုတ်တယ်တဲ့။ အဲဒီအချိန်မှာ ကျန်ခဲ့တဲ့ စစ်သားကမင်းငါ့မိန်းမလုပ်မလား။ လုပ်မယ်ဆိုရင် ဟိုကောင်ကိုသတ်လိုက်မယ်လို့ ပြောသတဲ့။ ပြီးလို့ရှိရင် ဒီကောင်ကိုသတ်ပြီးတော့ ထွက်ပြေးသွားရအောင်။ လမ်းမှာသူများတွေတွေ့ရင် ငါတို့နှစ်ယောက် ခိုးပြေးတယ်လို့ ပြောရအောင်ဆိုပြီး ပြောသတဲ့။ နောက်ပြီးတော့ ကျွန်တော့သမီးက မင်းမိန်းမလည်းမဖြစ်ချင်ဘူး။ သူ့ကိုလည်းမသတ်နဲ့ ပြန်ပြောလိုက်တယ်တဲ့။ နောက်ပြီးတော့ တစ်ညလုံးအဲဒီအိမ်မှာနားတယ်။

နောက်နေ့မနက်ရောက်တော့ တစ်ယောက်က ဆိုင်ကယ်မောင်း နောက်တစ်ယောက်က နောက်မှာလိုက် ထိုင်ပြီး သူ့ကိုကြားညှပ်ပြီးတော့ ဗန်းမော်လမ်းဘက်ကိုမောင်းသွားတယ်တဲ့။ ဗန်းမော် လမ်းမြို့သစ်ကိုရောက်တော့နောက်ဘီးပေါက်သွားတယ်တဲ့။ ပေါက်ပေမယ့်လည်း ပေါက်တဲ့အတိုင်း မောင်းသွားတယ်။

မြို့သစ်ကြိုးတံတားကိုရောက်တော့ တစ်ခါလဲ့သွားတယ်။ အဲဒီကနေထပြီးတော့ ပြန်မောင်းတော့ တံတား စောင့်စစ်တပ်အရှေ့မှာတစ်ခါပြန်မှောက်တယ်။ အဲဒီကစစ်သားက မင်းတို့ဆိုင်ကယ် မောင်းလို့မရတော့ဘူး။ ဟိုမှာဆိုင်ရှိတယ် ဟိုမှာသွားဖါလိုက်လို့ပြောတဲ့အချိန်မှာစစ်သားက ဆိုင်ကယ်သွားဖာဖို့အတွက် ဆိုင်ကယ်ဆိုင်ကိုသွားလိုက်တယ်။ အဲချိန်မှာ ချင်းလူမျိုးစစ်သားက သူမကို စောင့်ကြည့်ဖို့အတွက် သူနဲ့အတူနေနေတယ်တဲ့။ အဲဒီအချိန်မှာတစ်ရွာထဲမှာအတူနေတဲ့မောင်****က ဗန်းမော်ဘက်က ပြန်လာတဲ့အချိန်မှာ ကျွန်တော့်သမီးကတွေ့ပြီး တစ်ခါထဲသူနဲ့အတူအိမ်ကိုပြန်ခဲ့တယ်။

အိမ်ကိုရောက်တဲ့အချိန်မှာတော့ မနက် ၉း၃၀ နာရီ လောက်တော့ရှိတော့မယ်။ သူမအိမ်ကို ရောက်လာတာနဲ့ တစ်ခါထဲကျွန်တော်က သမီးလေးတစ်ခုခုဖြစ်ခဲ့တယ်ဆိုတာကို သိလိုက်တယ်။ သူမက အိမ်ရောက်တာနဲ့ "အဖေ၊ အမေအိမ်ပြန်မရောက်သေးဘူးလား"လို့မေးတယ်။ ကျွန်တော်ကလည်း "ပြန်မရောက်သေးဘူး ဘာဖြစ်တာလဲ" မေးတော့ သမီးက "အဖေ သမီးကို စစ်သားနှစ်ယောက်က ဓါးနဲ့ထောက်ပြီးတော့ ခေါ်သွားတယ်" လို့ပြန်ပြောပြတယ်။ အဲဒါနဲ့ကျွန်တော်လည်း တစ်ခါထဲရပ်ကွက် လူကြီးဆီကိုသွားတယ်။ နောက်ပြီးတော့ မ.ယ.က ဥက္ကဌဆီကိုသွားပြီးတော့ အကြောင်းကြားထားလိုက်တယ်။ မ.ယ.က ဥက္ကဌလည်းတစ်ခါထဲရဲစခန်းကိုသွားပြီးတော့ အကြောင်းကြားထားလိုက်ပြီး အမှုဖွင့်လိုက်တယ်။

၁၁-၁၂ရက်၊ ၄လ၊ ၂၀၁၄ခုနှစ် မှာတော့ နှစ်ရက်လုံးလုံးရဲစခန်းကိုသွားပြီးတော့ အမှုအကြောင်းတွေကိုသွား ထွက်ဆိုတယ်။ (၂)ရက်လုံးလုံးအမှုသွားဖွင့်တာဟုတ်တယ်။ အဲဒီစစ်သား နှစ်ယောက်ထဲက စစ်သားတစ် ယောက်ရဲ့အကြောင်းကိုသိပြီ။ သူက ဗန်းမော်(၄)မိုင်ကစ.အ.ရ (၉၁၄) စစ်တပ်ကဖြစ်ပြီးတော့ နာမည်ကတော့အောင်နိုင်စိုးလို့ခေါ်တယ်။ သူကတော့ ချင်းလူမျိုးဖြစ်ပြီးတော့ အသက်က (၂၃)နှစ် ကိုယ်ပိုင်အမှတ် တ၊ ၄၂၇၉၆၆ အဆင့်ကတော့ တပ်သားအဆင့် အဖကတော့ ဦး****၊ အမိကတော့ ဒေါ်****၊ လိပ်စာက တော့ ****ရပ်ကွက် မြေပုံမြို့နယ် ရခိုင်ပြည်နယ်ဟုတ်တယ်။

အခုဖြစ်သွားတဲ့အဖြစ်အပျက်တွေကို အမှုမြန်မြန်နဲ့မှန်မှန်ပေါ်ပေါက်ဖို့ရန်အတွက် ရဲစခန်းမှာတော့ သွားတိုင်ထားပြီးပြီ။ ရှေ့နေတွေလည်း ကျွန်တော်တို့ဆီကိုလာပြီးတော့ ရဲစခန်းမှူးနဲ့တွေ့ပြီး ပြောပြီးပြီ။ နောက်ပြီး ကျွန်တော်လည်း တစ်လမှာတစ်ခေါက်လောက် ရဲစခန်းမှူးဆီကိုသွားပြီး အခြေအနေဘယ်လိုရှိသလဲဆိုတာကို အမြဲသွားစုံစမ်းတာတွေတော့ရှိတယ်။ နောက်ပြီး ရဲစခန်းမှူးဗန်းမော် သွားမယ်ဆိုပြီးတော့လည်း ကျွန်တော်က ဆီဖိုး ၂၀၀၀၀(နှစ်သောင်း) သွားပေးထားသေးတယ်။

အခုတော့ ကျွန်တော်တို့လည်း ဘယ်လိုလုပ်ရမလဲဆိုတာမသိတော့ဘူး။ အမှုလည်းတိုင်ထား ပြီးပြီဆိုတော့ အခုရဲစခန်းကစခန်းမှူးကိုလည်း တပ်မမှူးကနေသရေခံကို မြန်မြန်ရှာပါလို့တော့ ဖိအားပေးတယ်လို့ပြော တယ်။ စခန်းမှူးနာမည်ကတော့ ဦး****လို့ခေါ်တယ်။ ကျွန်တော့်သမီးအခုလို



အဓမ္မပြုကျင့်ခံရတာနဲ့ ပတ်သက်ပြီးတော့ခံစားရတာကတော့ ပြောလို့မကုန်ဘူး။ ခံစားရတာကတော့ ပြောတောင်မပြောတတ် တော့ဘူး။ အခုဒီကလေးကလည်း ဝေးဝေးကိုလည်း သွားလို့မရ။ အခုဒီအမှုကလည်းရှည်နေတယ်ဆိုတော့ တရားခံလည်းထွက်ပြေးနေတယ်။ အဝေးကိုလည်း ထွက်သွားလို့မရ။ အခုစခန်းမှူးကလည်း ဘယ်ကိုမှ မသွားခိုင်းဘူးဆိုတော့ ဘယ်လိုမှမပြောတတ်ဘူး။

နောက်ပြီးတော့ အခုကလေးလည်း ဒီမှာနေဖို့အတွက် ပျော်လည်းမပျော်တော့ဘူး။ အဲဒါကြောင့်မို့ဘယ်မှာ ဘာတွေလုပ်ခိုင်းမလဲ၊ ဘယ်နေရာမှာ ကျောင်းသွားထားရမလဲဆိုတာကအစ စိတ်ညစ်တယ်။ အခုသူမကိုဒီရွာမှာနေခိုင်းမယ်ဆိုရင်လည်းသူမအတွက်ကတော့စိတ်ပျော်ရွှင်မှုဆိုတာလည်း ဘာမှမရှိဘူး။

၂၀၁၂ ခုနှစ်လောက်ကနေစပြီး ကျွန်တော်တို့မြို့ ပတ်ဝန်းကျင်နေရာတိုင်းမှာစစ်တပ်ကနေပြီးတော့ ပတ်ပတ်လည်နေရာယူလိုက်တယ်။ အဲဒါကြောင့်ကျွန်တော်တို့မြို့မှာ စစ်ကတော့သိပ်ကြောက်စရာမလိုတော့ ဘဲနဲ့ အခုသူတို့စစ်သားတွေ ရွာနားမှာ လျှောက်သွားနေတာကိုမှကြောက်နေရသလိုဖြစ်နေတယ်။

သူတို့နွားသတ်စားမှာကလည်း ကြောက်နေရတယ်။ ကျွန်တော်တို့ကတော့ လယ်ယာ လုပ်စား ကြတယ်ဆိုတော့နေ့တိုင်းလည်းလယ်တောထဲကို အုပ်စုဖွဲ့ပြီးတော့သွားလို့မရဘူး။ အဲဒါကြောင့် တခါတလေကြတော့ လည်းတစ်ယောက်နှစ်ယောက်ပဲ လယ်တောထဲကိုသွားကြတယ်။ ဒါကြောင့်သူတို့ကို ကြောက်နေရတာကပို ဆိုးနေတယ်။ တကယ်လို့များစစ်ဖြစ်လာတယ်ဆိုရင် သူတို့စစ်သားတွေလည်း အလကားလျှောက်ထွက်လို့ လည်းမရတော့ဘူး။ အခုကတော့ စစ်ပွဲလည်းမရှိ၊ စစ်တပ်ကတော့ လမ်းတစ်လျှောက်ရှိနေတယ်ဆိုတော့ သူတို့ကိုရှောင်နေရတာကိုမှ အလုပ်တစ်ခုဖြစ်နေတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – မုဒိမ်းပြုကျင့်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၇၃ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - လွှမ်လမ်ရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၃ရက်၊ ၄လ၊ ၂၀၁၅ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - လွှမ်လမ်ရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.မ.ရ(၄၃၈)၊ ဇော်မျိုးအေး၊ ကိုယ်ပိုင်နံပတ်. ၄၅၄၁၃၈ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး **** |
| အသက် | - ၃၆ နှစ် |
| နေရပ်လိပ်စာ | - နွှမ်လမ်ရွာ၊ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI, KWAT |

### အမှုဖြစ်စဉ်

### ဦး**** ၏ပြောဆိုချက်

"အဖွားရဲ့နာမည်က ကျွန်တော်တို့အသင်းတော်အနေနဲ့တော့ သင်းထောက်ဦး****ကတော် လို့ခေါ်ကြတယ်။ ဒါပေမယ့်မှတ်ပုံတင်မှာတော့ ဒေါ်****ဟုတ်တယ်။ (၈၃)နှစ်ရှိပြီ။ သူမကဆွေမျိုး၊ မောင်နှမအမျိုး သားတွေမရှိတော့ တစ်နှစ်ကဒီမှာနေလိုက်၊ နောက်နှစ်ကဟိုမှာနေလိုက်နဲ့ပေါ့။ အခုသူနေတာလည်း သူများအိမ်ဖြစ်နေတယ်။ သားသမီးလည်းမရှိဘူး။ လုံလမ်အသင်းတော်ကို

ပထမဆုံးတည်ထောင်ကတည်း ကအသင်းသားတစ်ယောက်ပေါ့။ သံစုံဆိုရာမှာလည်းပါဝင်ပြီး အရမ်းကို ပါဝင်ဆပ်ကပ်ခဲ့သူပါ။ အလှူတွေ လည်းရက်ရက်ရောရောလှူတယ်။ ဒီဘုရားကျောင်း ဆောက်တုန်းကလည်း အုတ်လုပ်တဲ့နေရာမှာ ပါဝင်ဆပ် ကပ်ခဲ့ပါတယ်။

လွမ်လမ်ရွာက ဗန်းမော်မြို့ရဲ့မိုင်(၃၀)အကွာမှာတည်ရှိပြီး မိုးမောက်မြို့နယ်မှာပါဝင်တယ်။ ဒေါ့ဖုန်းယန်နဲ့က (၁၆)မိုင်လောက်ဝေးတယ်။ မိုးမောက်မြို့နယ်နဲ့မိုင်(၂၀)လောက်ဝေးတယ်။ ရွာမှာက အိမ်ခြေ (၂၀၀) လောက်ရှိတယ်။ အခုတော့အိမ်ခြေ(၈၀)လောက်ဘဲရှိတော့တယ်။ စစ်ပြေး ဖြစ်သွားလို့ပေါ့။ ဒီရွာမှာက ကပ်သလစ်နှင့် နှစ်ခြင်းဆိုပြီး အသင်းတော်နှစ်ခုရယ်၊ တခြားရှမ်းတွေနဲ့ပေါင်းမှ အိမ်ခြေ(၈၀) ရှိတာပါ။

စစ်တပ်ကစစ်သားတစ်ချို့ တပ်ကြပ်၊ မီးကြပ် ငါးအိမ်လောက်တော့ တပ်မှာမနေချင်လို့ ရွာမှာ လာနေတာရှိပါတယ်။ ဒီအဖြစ်အပျက်ကတော့ ဧပြီ(၁၃)ရက်နေ့ညမှာပါ။ အခုအမှုဖြစ်တဲ့(၄၃၈)တပ် တွေက အဲဒီညမှာဘဲ ရှေ့တန်းကပြန်လာကြတဲ့ညပေါ့။ အားလုံးကရွာဘက်ကိုလာလည်ကြပြီး တစ်ချို့က တပ်ထဲပြန်သွားကြ တယ်။

တပ်သားဇော်မျိုးအေးက ည၇:၄၅မှာ အဖွားအိမ်ကိုလာခဲ့တယ်။ အရင်တုန်းကလည်း လာလည်တယ် လို့ပဲပြောတယ်။ အိမ်နီးနားချင်းတွေကတော့ လာလည်တယ်ဆိုတာမတွေ့ရဘူး။ ဒါပေမဲ့စစ်သားက စကားလာပြောတာတော့ကြားဖူးတယ်တဲ့။ အဖွားကတော့မှောင်လာတာနဲ့တံခါးတွေ ဂလန့်တွေသေချာ ပိတ်ပြီးတော့အိပ်တယ်။ အနောက်ဘက်ကလေဝင်ပေါက်တော့ ပိတ်ပြီးအရှေ့ဘက်ကတော့ ဖွင့်ဖြစ်နေ တယ်။ အဲဒီညသူအရက်သောက်ထားတယ်။ သူကအဲဒီအရှေ့ဘက်ကနေခုန်လာပြီး ဒီအဖွားကိုမုဒိမ်းကျင့် ဖို့လုပ်တယ်။

ဒေါ်****နဲ့ဒေါ်****တို့ နှစ်ယောက်ကတွေ့သွားတယ်။ ပြီးတော့ အဖွားရဲ့ညည်းသံတွေ၊ အော်သံတွေကြားရတယ်။ ပထမတစ်ခါကြားတော့ခွေးကဟောင်နေတယ်။ နောက်တစ်ခေါက် ခွေးဟောင်သံ ပြန်ကြားတယ်။ သုံးခေါက်ကြားမှမဖြစ်တော့ဘူး၊ အခု(မြန်မာ)စစ်တပ်တွေ ရွာဘက်လာတယ်ဆိုတော့ သူတို့များဖြစ်မလားဆိုပြီး ဓာတ်မီးကိုင်ပြီးတော့ သူတို့နှစ်ယောက်ကတစ်ခါတည်း ချက်ချင်းလာခဲ့ကြတယ်။ အိမ်ထရံမှာ တစ်လက်မပတ်လည်ရှိတဲ့ အပေါက်တစ်ပေါက် ဖောက်ထားတယ်။ အဲတာကိုဇော်မျိုးအေးက အဝတ်တွေနဲ့ပိတ်ထားတယ်။ ဓာတ်မီးနဲ့ထွန်းလိုက်တော့ဇော်မျိုးအေးက ဘောင်းဘီ(ဂျင်း)ကို ချွတ်ထားပြီး အဖွားရဲ့အပေါ်မှာခွထိုင်နေပြီး အဖွားရဲ့ ဒူးတွေ၊ ပေါင်တွေပေါ်နေတယ်။ အဖွားကိုလည်ပင်းမှာ ညစ်သတ်ဖို့လုပ်နေတယ်။ အဖွားလည်း သူမမှာရှိတဲ့ အားအင်တွေအကုန်သုံးပြီး ရုန်းနေတယ်။

ဒေါ်****ကသူမ ဓာတ်မီးနဲ့ထွန်းပြီးတော့ ဒေါ်****ကိုတော့ "သူခိုးသူခိုး" လို့အော်ခိုင်းတယ်။ ဦး ****ကကြားလို့ချက်ချင်းပြေးလာပြီး "ထွက်လာခဲ့" လို့ခေါ် ရင်လည်းမထွက်လာဘူး။ ထွက်လာပါလို့ ပြောတော့ထွက်တော့ထွက်လာပြီး သေချာထွက်လာခဲ့လို့ပြောတော့ အထဲကိုပြန်ဝင်သွား တယ်။ ပြီးတော့ အစကသူဝင်ခဲ့တဲ့အပေါက်ကို ပြန်ကုတ်တက်ဖို့လုပ်နေတယ်။ အဲဒီအချိန်မှာဦး****ကသူ့ရဲ့ ခြေထောက်နှစ်ဖက်လုံးကိုကိုင်ပြီး ဆွဲချလိုက်တယ်။ ဆွဲချပြီးတာနဲ့အကုန်လုံးကဝိုင်းချုပ်ပြီး အဖွားရဲ့ ခြင်းတောင်းကြိုးနဲ့ ချည်ပြီးတော့ ရပ်ကွက်အုပ်ချုပ်ရေးမှူးအိမ်ကို ခေါ်သွားတယ်။

ရွာဦးမှာရှိတဲ့စစ်သားတွေက တပ်ကိုသွားပြောပြနေတဲ့အချိန်မှာ ဖမ်းမိထားတဲ့ကောင်ကို အုပ်ချုပ်ရေးမှူးအိမ်၊ ရပ်ကွက်(၂)ဘက်ကို ခေါ်သွားတယ်။ အုပ်ချုပ်ရေးမှူးအိမ်ရောက်တာနဲ့ အုပ်ချုပ်ရေးမှူး လည်းမရှိတဲ့အတွက် ရွာအထောက်အကူပြု ဥက္ကဋ္ဌကသူ့ကိုနာမည်ဘယ်လိုခေါ်လဲဆိုပြီးမေးတော့ ဇော်ဝနစိုးပါလို့ လိမ်ဖြေတယ်။ သူ့ရဲ့ကိုယ်ပိုင်နံပါတ်ကိုလည်း လိမ်ပြောတယ်။

ဆရာကြီးသန်းနိုင်နဲ့ တပ်သား (၄)ယောက်လောက်လာခဲ့တယ်။ "ဟာဒါငါတို့တပ်ကတပ်သား ဟုတ်တယ်။ ငါတို့စစ်သည်ဖြစ်တယ်။ မင်းတို့ဘာလို့ကြိုးနဲ့ချည်ထားတာလဲ၊ အခုချက်ချင်းဖြေလိုက်" လို့ ပြောတယ်။ အဲဒီအခါ အထောက်အကူပြုဥက္ကဋ္ဌသင်းထောက်ဦး****က "ခဏလေးစောင့်လိုက်အုန်း။ အခုအုပ်ချုပ်ရေးမှူး လာလိမ့်မယ်။ သူကတခြားရွာသွားတာလည်းမဟုတ်ဘူး။ ရွာမှာဘဲကော်မတီရုံးဆောက် လုပ်ရန်အတွက်လူ တွေလိုက်စုနေတယ်။ ခဏလေးစောင့်လိုက်အုန်း ဒီပြဿနာကိုဒီမှာဘဲဖြေရှင်းရအောင်၊ အဆင်ပြေအောင် ပြောရအောင်၊ ညှိရအောင်" လို့ပြောတယ်။

"သူ့ကိုဘယ်သူချည်ထားတာလည်း" လို့ပြန်မေးတယ်။ အားလုံးကို ခြိမ်းခြောက်ပြီးပြောတယ်။



"ဟာဒါငါတို့စစ်တပ်နဲ့ဖြစ်တယ်ဆိုတော့ စစ်တပ်မှာရှင်းရအောင်။ မင်းတို့သတ္တိရှိတဲ့လူထွက်ခဲ့ တပ်ရင်းကိုသွားရအောင် တပ်ရင်းမှာဖြေရှင်းရအောင် လိုက်ခဲ့လိုက်ခဲ့" ဆိုပြီး အားလုံးကို "ဘယ်သူမှလည်းမသွား မင်းတို့ကြိုက်တဲ့နေရာမှာတိုင် ဒါငါတို့စစ်သားကွ။" တစ်ခါတည်း သူ့နောက်မှာ ထိုင်ခိုင်းတယ်။ ချည်ထားတဲ့ကြိုးကိုလည်းဖြေပေးပြီး စစ်တပ်ကိုခေါ်သွားတယ်။

သင်းထောက်ကကျွန်တော့်ကိုဒီကိစ္စနဲ့ပတ်သက်ပြီး လာပြောပြတယ်။ "ဒီလိုဆိုရင်မဖြစ်ဘူး။ ဒီလိုအမှုတွေ ဖြစ်ရင်တော့ အဖွားကို သတ်သွားလိမ့်မယ်" ဆိုပြီးကျွန်တော်လည်းအဲတာ တွေးမိလိုက်ပြီး ၉:၀၀နာရီလောက်မှာမီးစက်နိုးခိုင်းတယ်။ အသင်းတော်ကကားနဲ့ရွာက ကားကို မောင်းပြီး အဖွားကိုသွားခေါ်ဖို့ သွားတယ်။ ခဏကဖြစ်ပွားခဲ့တဲ့ အဖြစ်အပျက်ကြောင့် အဖွားက အရမ်း ကြောက်သွားပုံရတယ်။ သူမရဲ့အိမ်၊ သူနေတဲ့အခန်းဘက်ကိုတောင်သူမဝင်ရဲတော့ဘူး။ ရွာအပြင်ဘက်ကချုံပင်တွေမှာကြောက်လို့ ခေါင်းကို ငုံ့ပြီးတော့နေတယ်။

အုပ်ချုပ်ရေးမှူးအိမ်ကနေ ဖမ်းထားတဲ့ကောင်ကို ပြန်ခေါ်သွားတော့ရွာသားတွေလည်း ကိုယ့်အိမ်ကိုယ်ပြန်သွားကြတယ်။ အိမ်နီးချင်းဖြစ်တဲ့ဒေါ်****နဲ့ဒေါ်****ကတွေ့ပြီး "အဖွားအဲမှာ ဘာလုပ်နေလဲ" ဆိုပြီးမေးတော့ "ကြောက်တယ်အထဲကိုမဝင်ရဲဘူး" လို့ပြောတယ်။ "ဘာမှမဖြစ်ဘူး အဲဒီစစ်သားကိုတပ်က ခေါ်သွားပြီ အိမ်ထဲဝင်ရအောင်"လို့ပြောပြီး မီးမွှေးပေးတယ်။ ဘာမှမကြောက်ရဘူးနော် လို့ ပြောထားတယ်တဲ့။

ကျွန်တော်ဝင်တာနဲ့ တံခါးကိုတွန်းလိုက်တော့ အဖွားကအရမ်းတုန်နေတယ်။ အဖွားလို့သွားခေါ်တော့ "ငါ့ကိုမထိနဲ့" အဲဒီလိုမြန်မာစကားနဲ့ အော်လာတယ်။ ****ပါ ဦး****ပါလို့ပြောမှ သူကစောင်ကို ခေါင်းအထိခြုံထားရာကနေဖွင့်ပြီး တစ်ခါတည်းငိုတယ်။ "ငါဒီမှာမနေချင်တော့ဘူး။ ငါဒီမှာမအိပ်ရဲတော့ဘူး။ ဘယ်အိမ်မှာဖြစ်ဖြစ်ပို့ပေးပါ။ ဟိုဘုရားကျောင်းဝင်းထဲမှာဖြစ်ဖြစ်ပို့ပေးပါ" တဲ့။ "ရတယ်။ ဒီညမင်းကိုလာခေါ် တာပါ။ အဖွားကိုဒီမှာမထားတော့ပါဘူး။ ဘုရားကျောင်းမှာ ကျွန်တော်တို့နဲ့အတူနေရအောင်"လို့ပြောမှ သူကအရမ်းပျော်သွားတယ်။ ခြေတစ်လှမ်းနှစ်လှမ်းဘဲလျှောက်ရသေးတယ် သေးကပေါက်ချလိုက်တယ်။

တကယ်ဘဲ ဘုရားကျောင်းကိုခေါ်သွားတယ်။ လမ်းမှာအုပ်ချုပ်ရေးမှူးနဲ့တွေ့တော့ သူက "ဒီညဒီလိုဖြစ်တော့ ရွာသူရွာသားတွေ အရမ်းကြောက်လန့်နေကြတယ်။" လို့ပြောတယ်။ အုပ်ရေးမှူးအနေနဲ့ သူ့ရဲ့ထွေအုပ်ဘက်ကို သတင်းဖြစ်ထူးဖြစ်စဉ်ရှိလို့ရှိရင် အချိန်နှင့်အမျှသတင်းပို့ပါ ဆိုတဲ့စည်းကမ်းက သူတို့မှာရှိတဲ့ အတွက်သူကမိုးမောက်ဘက်ကိုဖုန်းဆက်လိုက်တယ်။ ဟိုဘက်က ထွေအုပ်ရုံးကလည်း ဒီညချက်ချင်းမြို့သစ်နီးစပ်ရာရဲစခန်းကို အကြောင်းကြားပြီးအမှုဖွင့်ပါလို့ ပြန်မိန့်ကြားခဲ့သတဲ့။ အဲတော့အုပ်ချုပ်ရေးမှူးလည်း ဒီညဒီဘုရားကျောင်းမှာဆုတောင်းပြီး အတူနေပြီး မနက်ကျမှဒီအမှုကိုတပ်ရင်းမှူးနဲ့ သွားဖြေရှင်း ရမယ်လို့ ပြောကြတယ်။

အဲအချိန်မှာအုပ်ချုပ်ရေးမှူးကနေ ဒီညချက်ခြင်းအမှုဖွင့်ကြ။ သုံးဘီးနဲ့ဖြစ်ဖြစ်ဘာနဲ့ဖြစ်ဖြစ် နီးစပ်ရာရဲစခန်းမှာ အမှုသွားဖွင့်ကြ လို့လာပြောတော့ ရတယ်ဆိုပြီးတစ်ခါတည်းချက်ချင်း ကျွန်တော်တို့ အယောက်(၂၀)ကျော် (၃၀)လောက် မြို့သစ်ရဲစခန်းကိုရောက်သွားတယ်။ (၁၁)နာရီလောက်လည်းရှိပြီ။ စခန်းမှူးနဲ့လည်းတွေ့ပြီး သူကလည်းချက်ချင်းဆိုတော့မသိဘူး။ မြို့သစ်မှထွေအုပ်တွေဖုန်းပြန်ဆက်မှ အဲတာကို သေချာဖြေရှင်းပါတဲ့။ ဒီလိုနဲ့အမှုဖွင့်တော့တာပေါ့။ အဲဒီကစပြီးစစ်ချက်ယူမယ်တဲ့။

ဆေးရုံကို(၁၂)နာရီမှာရောက်တယ်။ (၁)နာရီလောက်မှာ ကျွန်တော်တို့အတူနေတုန်း "အဲဒီမှာ ဘယ်သူတွေရှိလဲ" လို့မေးတော့ "အုပ်ချုပ်ရေးမှူးတွေ၊ ဓမ္မဆရာတွေရှိသေးတယ်" လို့ပြန်ဖြေတယ်။ "ဒီညချက်ချင်း ခမရ(၄၃၈) တပ်ရင်းကိုသွား၊ တရားခံရဲ့နာမည်သွားစုံစမ်းခဲ့။ မနက်ဖြန်ကျလို့ရှိရင် ဒီမှာမရှိဘူး၊ မမြင်ဘူးလို့ ပြောလိမ့်မယ်။ ဟိုဘက်ကလည်းအကြံရှိနေလောက်တယ်။ အချင်းချင်းသိနေကြတယ်။ တရားခံကိုတွေ့အောင်တွေ့ခဲ့ပါ။ သူ့ရဲ့ဘောင်းဘီ(ဂျင်း)နဲ့အတွင်းခံဘောင်းဘီ၊ အင်္ကျီတွေကိုတောင်းလာခဲ့" လို့ဖုန်းဆက်တယ်ထင်တယ် ဆိုပြီး သူကကျွန်တော်တို့ကိုပြောတော့ ကျွန်တော်တို့လည်းတစ်ခါတည်း မြို့သစ်ကနေပြန်လာတယ်။

"ဒီမှာတပ်သားဇော်ဝနစိုးရှိလား" လို့မေးတော့ "မရှိဘူးဒီမှာမရှိဘူး" လို့အသေငြင်းတယ်။ "မဟုတ်ဘူးလေ ခဏကရွာမှာအမှုဖြစ်တဲ့တပ်သားနဲ့တွေ့ချင်တယ်" လို့ပြောရင်လည်း မရှိဘူးမသိဘူးလို့ ဘဲပြန်ဖြေတယ်။ "ငါတို့မှာမျက်မြင်သက်သေတွေရှိတယ်။ ဒီကဆရာကြီးသန်းနိုင် ခေါ်သွားတဲ့စစ်သားဘဲ"

လို့ပြောတော့ “ဘယ်သူလဲ၊ ဘယ်ကမျက်မြင်လဲ” လို့မေးလာတယ်။ လူအုပ်ထဲကဒေါ်****က”ကျွန် မမြင်တယ်” လို့ပြောပြီးလူအုပ်ကြားကနေထွက်လာခဲ့တယ်။ ဟိုဘက်ကလည်း ဗိုလ်တွေ၊ဂိတ်မှူးတွေ စုစုပေါင်း(၉)ယောက် လောက်ရှိသွားပြီ။

အကြောင်းစုံပြန်ပြောတော့ လာတောင်းပန်မလို့တဲ့။ အဲဒီကစပြီးမှ လာတောင်းပန်မလို့ ဆိုတာစထွက်လာတာ။ စခန်းမှူးက “တပ်ရင်းမှူးကိုတွေ့ချင်တယ်” လို့ပြောမှ တပ်ရင်းမှူးက (၂:၃၀) လောက်မှာတွေ့ကြတယ်။

ရွာသားတွေနဲ့အဖွားက တပ်အပြင်ဘက်ရွာဘက်မှာနေနေကြတယ်။ ကျွန်တော်ရယ်၊ ဆရာတော်တစ် ယောက်ရယ် ပြီးတော့ရပ်မိရပ်ဖဦး****၊ အုပ်ချုပ်ရေးမှူးနဲ့ကျွန်တော်တို့ငါးယောက်၊ ရဲလေးယောက်က အထဲကိုဝင်သွားတယ်။ သူတို့ဗိုလ်ကြီးတွေ၊ ဒုတပ်ရင်းမှူး၊ တပ်ရင်းမှူး၊ ဗိုလ်ကြီးတို့နဲ့ကျွန်တော်တို့တွေထိုင်ပြီး ဘယ်လိုဖြစ်ခဲ့တာလဲဘာညာလာပြောတယ်။ ကျွန်တော်တို့စစ်သည်ကို အဘရွာသားတွေကချည်နှောင်ပြီးမှ အုပ်ချုပ်ရေးမှူး အိမ်ကိုခေါ်သွားတဲ့ကိစ္စပါ။ တပ်သားကိုဒီလိုလုပ်တဲ့အတွက်ပေါ့။ တပ်သားကအဲဒီကို ဘာရည်ရွယ်ချက်နဲ့ သွားတာမဟုတ်ဘူး။ မိဘသဖွယ်လာပြီးပြုစုစောင့်ရှာက်တာပါ။ ခါတိုင်းလည်းသွားနေကြ” လို့သူတို့က စပြောတယ်။

“ဒီညဖြစ်တဲ့အမှုကရွာမှာဖြစ်တဲ့အတွက် ရွာမှာဖြေရှင်းရအောင်လို့ ပြောနေတဲ့အချိန်မှာ ဒီဆရာကြီးသန်းနိုင်ကခေါ်သွားတာ။ ခေါ်သွားတဲ့အတွက် ကျွန်တော်တို့က ဘာမှမဖြေရှင်း လိုက်ရဘူးလို့” ကျွန်တော်ကပြောတယ်။ ပြီးတော့ကျွန်တော်က “မိဘသဖွယ်လာပြုစုတယ်ဆိုရင် မီးထွန်း ထားပါလား၊ ဘာလို့ဂျင်းဘောင်းဘီချွတ်ရတာလဲ၊ တံခါးကိုဘာလို့ပိတ်ထားသလဲ၊ ထမင်းလာကျွေးတယ် ဆိုတာဘယ်မှာလဲ။ ထမင်းလည်းမရှိဘူး။ ဘာဖြစ်လို့မျက်နှာကျက်ကနေခုန်ချရတာလဲ” လို့ပြောတော့ “မဟုတ်ဘူးဆရာလာတောင်းပန်တာပါ။ သူတို့ကလည်းအရက်တွေသောက်ထားတော့”ဆိုပြီးပြန်ပြောတယ်။ “ဒီအမှုလိုမျိုးက အရင်တုန်းကငါတို့ရွာမှာမဖြစ်ဖူးတော့ ဒီညတစ်ရွာလုံးအရမ်းကို ကြောက်နေကြတယ်။ အခုဒီလိုအဖွားကြီးကိုတောင် ညအချိန်မတော် ဒီလိုပြုကျင့်လာတယ်ဆိုတော့ အမျိုးသမီးတွေအတွက် ဘယ်လိုလုံခြုံမှုကိုရယူနိုင်မလဲ” လို့ပြောတော့“ဟာဆရာကလည်း အဲလိုစကား လုံးကြီးတွေနဲ့မပြောပါနဲ့” လို့တပ်ရင်းမှူးကပြန်ပြောတယ်။

ပြီးတော့ကျွန်တော်တို့ကို အပြင်ဘက်ထွက်ခိုင်းလိုက်ပြီးတော့ စခန်းမှူးနဲ့တပ်ရင်းမှူးက ငါးမိနစ်လောက် ဆွေးနွေးပြီးပြန်ထွက်လာတယ်။ ဘာတွေပြောတယ်ဆိုတာတော့ မသိလိုက်ဘူး။ ကျွန်တော်တို့တွေ ဘဲမဟုတ်ဘူး။ ရွာသားတွေစောင့်နေတယ်ဆိုမှ “သွားကြည့်ရအောင်” ဆိုတယ်။ “လေးနာရီတောင်ရှိသွားပြီ။ အရမ်းတောင်းပန် တယ်။ ဒီညဒီမှာဘဲလိုပြီးအောင်ဘာကူညီပေးရမလဲ၊ ရွာ သားနဲ့တပ်သားကတစ်မိးတွေလည်းမဟုတ်ဘူး” လို့ဘာညာပြောတော့အမျိုးသမီးတွေစိတ်ပျော့သွားကြ တယ်။ “ဟဲ့စိတ်မပျော့ကြနဲ့ ကျွန်တော်တို့အမျိုးသမီး တွေရဲ့အခွင့်အရေးကို ဒီညပြောရမယ်။ မပျော့ရဘူး။ ပြောရမယ်” လို့ပြောမှ ဆရာမ****က “တပ်ရင်းမှူးရယ်ကျွန်မတို့က အရမ်းကိုကြောက်သွားပြီ။ ထိုင်ရှိခိုးရင်လည်းမတန်ဘူး။ ဒီဟာကိုဥပဒေအရအရေးယူ သင့်တယ်” လို့ပြောတော့။ “ရတယ်သူကိုကအရေးယူပေးပါ့မယ်။ ရွာနဲ့တပ်မှာဖြစ်တဲ့အမှုကို ဒီမှာဘဲအဆုံး တတ်ရအောင်”တဲ့။ ဒီလိုနဲ့ဆက်ပြောတော့ မနက်၅နာရီရှိသွားပြီ။ အဲခါကျတော့ မနက်ဖြန်မှတစ်ရွာလုံးနဲ့ပြန်တွေ့ရအောင်ဆိုပြီးချိ န်းလိုက်တယ်။

နောက်တော့ ကျွန်တော်နဲ့ရွာသားတွေက ကျောင်းဝင်းကိုပြန်သွားတယ်။ စခန်းမှူးရယ်၊ တပ်ရင်းမှူး၊ ဒု အုပ်ချုပ်ရေးမှူးတို့ကဆက်ဆွေးနွေးကြပါတယ်။ စခန်းမှူးက “ဒီအမှုဖြစ်တာက ဇော်ဝနစိုး ဆိုတာသေချာလား။ မနက်ဖြန်ဆိုရင် အားလုံးကိုစစ်ဆေးရတော့မယ်” လို့ပြောတယ်။ ရွာနဲ့တပ်ကပြေလည်ရင်လည်း ရဲက မရဘူးလို့ပြောတော့အမှုဖွင့်ထားတယ်။ အမှုဖွင့်ထားရင် နာမည် လိုတယ် လို့ ပြောတဲ့အခါမှ နာမည် အစစ်ကဇော်မျိုးအေးလို့သိရတယ်။ နာမည်ရတာနဲ့တရားခံရဲ့ အဝတ်တွေကို တောင်းပြီး ချက်ချင်းစခန်းကို ဆင်းသွားပြီး လိုတာတွေလုပ်တယ်။

နောက်နေ့တော့တပ်ရင်းမှူးက နောက်ဆိုရင်ဒီလိုအမှုမဖြစ်အောင် တာဝန်ယူပါ့မယ်ပေါ့။ သူ့ကို အခုအချုပ်မှာထည့်ထားတယ်။ အရင်လာတောင်းပန်တာပါတဲ့။ ရွာသားတွေက ချိုးဖောက်သူ စစ်သားကို တွေ့ချင်တယ်လို့ပြောတော့ လက်ထိပ်ခတ် ပြီးတရားခံကို ငါးမိနစ်လောက်လာပြပြီး ပြန်ခေါ်သွားတယ်။



အဲဒီနေ့မှာ ကျွန်တော်နှင့်အသင်းတော်ရဲ့ အတွင်းရေးမှူးက ဖြစ်စဉ်ကိုရေးပြီးဗဟိုကို တင်ပြဖို့ လုပ်တယ်။ ဗဟိုကလည်း သက်ဆိုင်ရာကို အကြောင်းကြားတယ်။ ကျွန်တော်တို့က ဒီအမှုကို ဗန်းမော်အမျိုးသမီးရေးရာ ကော်မတီကိုအပ်လိုက်တယ်။ ကော်မတီကလည်းအမြို့မြို့အနယ်နယ်ကို ဒီသတင်းဖြန့်လိုက်ပါတယ်။

ကော်မတီမှာအုပ်ချုပ်ရေးမှူးရယ်၊ အသင်းတော်ပေါင်းစုံရယ်၊ ရွာအထောက်အကူပြုတွေ၊ ရွာလူကြီးတွေ စုစုပေါင်း(၁၀)ယောက်လောက်ပါတယ်။ ရွာသူရွာသားတွေကို စစ်တပ်၊ ခမရ (၃၂၀)တပ်တွေ ခဏဏလာစစ်တယ်။ ခမရ(၄၃၈)တွေ စစ်တာက ဘယ်သူချည်တာလည်း၊ ရွာသားတွေအားလုံးဝိုင်းချည်တာ၊ ဒီကောင်တွေ တမင်သက်သက်ကြံစည်တာ။ ထောင်ချောက်ရှိတယ်ဆိုတာဘဲတွေးပြီး ကျွန်တော်တို့ကို မေးတယ်။ ဒါကိုကျွန်တော်တို့ကသိတယ်။ သူတို့ကဘယ်ကောင်ချည်တာလဲဆိုတာဘဲခဏဏမေးတယ်။ ကျွန်တော်တို့လည်းလည်ရတာပေါ့။ ကျွန်တော်တို့(၁၂)ယောက်ကိုခေါ်မေးတယ်။ ကျွန်တော်တို့လည်း ထင်တာ မြင်တာတွေဘဲပြောကြတယ်။

ဟိုတစ်နေ့ကရဲတစ်ယောက်ဆိုရင် တပ်သားကအပေါ်ကနေဝင်ခဲ့တာကိုမြင်တယ်လို့ပြောတာ ဘယ်သူလဲ။ ဘယ်သူဖြစ်ရမှာလည်းနော်။ တွေ့တယ်လို့ပြောတဲ့လူကို ထောင်ချောက်ဆင်တယ်လို့ပြောမှာ။ ဒီရဲတွေကလည်းကျွန်တော်တို့ကိုဒီလိုလုပ်။ ဘယ်လိုအဖြေထွက်လာမှာလဲဒါကိုဘဲမေးတယ်။ စစ်တပ် ကလည်း ဒီကောင်တွေတမင်တကာစစ်သားမှန်းသိရက်သားနဲ့ ဒီလိုချည်ပေးတယ်။

ဘာမဟုတ်တဲ့ဟာကိုဒီလိုပုံကြီးချဲ့၊ မုဒိန်းမှုတောင်မမြောက်တဲ့ဟာကို မုဒိန်းမှုလို့ပြောတာကြီးဘဲ။ သူတို့တွေ ကျွန်တော်တို့ကို ပြောနေကြတယ်။ ဒါကကြံစည်တာမဟုတ်ဘူး။ ဘာလို့ဒီရွာဘက်ကိုလာရတာလဲ။ ညအချိန်မတော်။ သူတို့အပြစ်တော့ မပြောဘဲ ပြောင်းပြန်ပြန်ဟစ်နေတယ်။ ခြိမ်းခြောက်တယ်။ တစ်ချို့ ရွာသားတွေကစစ်တပ်ကိုကြောက်လို့။ “ဘာလို့စစ်တပ်တွေနဲ့ပတ်သတ်ရတာလဲ အဲလိုပြောလာကြတယ်။ မကြောက်ကြနဲ့ ယောက်ျား တုတ်ရည်ကိုတွေ့တယ်တဲ့။ အခုတော့အဘွားအိုကို သာသနာဝင်းထဲမှာသီးသန့် ထားထားတယ်။”

**လူ့အခွင့်အရေးချိုးဖောက်မှု** **– ညှင်းပမ်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၉နှစ်။ |
| ပညာအရည်အချင်း | - (၆) တန်း။ |
| လူမျိုး | - ရခိုင်။ |
| အလုပ်အကိုင် | - ကျပန်း။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| အသက် | - ၃၂နှစ်။ |
| သားသမီး | - (၂) ယောက်။ |
| အဖအမည် | - ဦး**** |
| မိခင်အမည် | - မ**** |
| နေရပ်လိပ်စာ | - ****။ မိုးမောက်မြို့နယ်။ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | - ****မြို့နယ်၊ IDP camp **** |
| အခင်းဖြစ်ပွားသည့်နေရာ | - ဂွယ်ကထောင်။ မိုးမောက်မြို့နယ်။ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခမရ(၃၈၇) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၇ရက်၊ ၈လ၊ ၂၀၁၄ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

## အမှုဖြစ်စဉ်

"ကျွန်တော်တို့လည်း ရွာထဲမှာအမြဲဒီလို သေနတ်သံအမြဲကြား နေရတယ်။ အဲဒီနေ့မှာ ဗမာစစ်သား တွေက ရွာထဲကိုဆင်းခဲ့ပြီး ပြန်တက်သွားပြီးတဲ့နောက် သေနတ်သံတွေ ပြန်ကြားနေရတယ်။ ကျွန်တော်တို့က အမြဲ သေနတ်သံ ကြားနေရတော့ တိုက်ပွဲဖြစ်တယ်လို့ မထင်ဘူးလေ။ နောက်မနက်တော့ စစ်ကြောင်းတွေ (နေ့လယ်) ၁၁း၀၀နာရီ လောက်မှာဝင်ခဲ့ပြီ။"

ခမရ ၄၃၇ တပ်သည် နယ်ခံတပ်ရင်းဖြစ်သည်။ ဂွယ်ကထောင်ရွာအနီး နမ်းဖက်ခါချောင်း ၁၇မိုင်းတံတားတွင် အခြေ စိုက်နေသည့် ခမရ ၃၈၇ တပ်သည် KIA နှင့် တိုက်ပွဲဖြစ်နေသည်။

"ကျွန်တော်တို့ ဂွယ်ကထောင်ရွာထဲကို တပ်ရင်းမှူးကိုယ်တိုင် ဦးဆောင် ပြီးဝင်လာတယ်။ ဝင်လာတာနဲ့ လက် မောင်းလောက်ရှိတဲ့ ဝါးလုံးနဲ့မိတဲ့လူကိုအဲဒါနဲ့ ခေါင်းရိုက်၊ ရဲဘော်တွေကလည်း ဖိနပ်နဲ့ မျက်နှာကိုကန်တဲ့လူကကန်။ နောက်ကသေနတ်ဒင်နဲ့ ထောင်းတဲ့ လူကထောင်း။ ထိုးတဲ့လူကထိုးနဲ့ ဘယ် ကောင့်ကိုပဲမိမိလိုပဲလုပ်တယ်။"

"အဲဒီမှာ ခေါင်းကွဲတဲ့လူကကွဲ။ နှာခေါင်းသွေးယိုတဲ့လူကယို။ တွေ့တဲ့လူကို နောက်ပြန် ကြိုးတွေချည်ပြီး တံတားကိုခေါ်သွားတယ်။ နမ်းဖက်ခတံတားရောက်တော့ နောက်ပြန်ကြိုးချည်ပြီး တံတားဘောင်မှာ ကြိုးတုပ်ထားတယ်။ နေကတအားပူတယ်။ သူတို့က ညမှောင်ပြီဆိုမှ စစ်တော့တာ။ မမှောင်ရင်တော့ ဆေးလိပ်လည်းမ တိုက်ဘူး။ ရေတော့လာ တိုက်တယ်။ (ရေ၀အောင်တိုက်)။ ထမင်းတော့ ၂ဇွန်း လောက်ပဲလာကျွေးတယ်။ သုံးရက်လောက် အထိတော့ အဲဒီလိုလုပ်တယ်။"

"အရင်ဦးဆုံး ကျွန်တော့်ကိုခေါ်သွားတယ်။ ကျွန်တော့်ကို ခေါ်သွားတဲ့အချိန်ကတော့ မိုးလေး နည်းနည်းချုပ် ခါစပေ့ါ။ နည်းနည်းမြင်ရသေးတယ်။ ဒီတိုက်ပွဲမှာ မင်းတို့ရွာသားတွေပါတယ်။ မင်းက အမိကပဲဆိုပြီး မင်းအ ရင်ပြောလို့ ကျွန်တော့ကိုပြောတယ်။"

"ခေါင်းမှာကန်တဲ့လူကကန်။ သေနတ်ဒင်နဲ့ထုတဲ့လူကထု။ ပြောင်းနဲ့ထုတဲ့လူကထုနဲ့။ ဖိနပ်နဲ့ ကန်တဲ့လူက ကန်တယ်။ သူတို့၁၅ယောက်လောက်ရှိတယ်။ တော်တော်ကြာပြီ ရိုက်နေတာ။ ထလာလေလေ ရိုက်လေလေ တပ်ရင်းမှူး က'ငုပ်ရိုက်ထားကွာလို့ ပြောတယ်။ မေးလို့မရရင် ဖြောင်လိုက်' လို့ပြောပြီး ထွက်သွားတယ်။ ပြီးတော့ပြန် လာပြီးမေးတယ်။ 'ဖြေလားတဲ့။' 'မဖြေဘူးလို့' ပြောတဲ့အချိန်ကြတော့ 'ဒီကောင်သိပ်ခေါင်း မာတယ်။' ဆိုပြီး ကျွန်တော့်ကိုချောင်ထဲမှာ ထားလိုက်တယ်။"

"သေနတ်တစ်ချက် ပစ်လိုက်ပြီး ကျန်တဲ့ကောင်လေးတွေကို ပြန်မေးတယ်။ တံတားမှာဘဲ တစ်ယောက်ပြီး တစ်ယာက်မေးတယ်။ 'ဟိုကောင်ပြောတယ်။ မင်းကဘာအဆင့်ရှိတယ်။' ဆိုပြီးတစ်ယာက်ပြီး တစ်ယောက် ချောက်တွန်းနေတယ်။ ကျွန်တော်တို့က မသိတဲ့အတွက် မသိဘူးလို့ဘဲဖြေတယ်။"

"၃ရက်တော့တံတားမှာ ထားတယ်။ ပြီးတော့ ၆ယောက်ကို တံတားမှာချည်ထားပြီး ကျွန်တော်တို့ ၆ယောက် ကိုတော့ မနက်၂း၀၀နာရီလောက်မှာ စစ်ကြောင်းတွေနဲ့အတူ တပ်ရင်းမှူးနေတဲ့ (၁၃မိုင် ဆန်ဂန်) ဘက်ကို ခေါ်သွားတယ်။ အဲဒီနေရာဘက်ကို အထုပ်အပိုးတွေမပြီး (ပစ္စည်းခြင်းတောင်း ထမ်းခိုင်းပြီး) ခေါ်သွား တယ်။ အဲဒီနေရာရောက်တော့ ကျွန်တော်တို့ ၆ယောက်ကို ၆ပေါက်ထဲမှာထည့်၊ ကြိုးချည်၊ တုတ်နဲ့ ကလန့်ထား ပြီးမှတစ်ရက်ပြန်စစ်တယ်။"

စုစုပေါင်း ခြောက်ရက်ကြာမှ (၂၃မိုင်) တပ်စခန်းမှ ပြန်လွှတ်လိုက်သည်။" 'နောက်တစ်ခါ တိုက်ပွဲဖြစ်ရင် လူရော အိမ်တွေပါ အားလုံးကို မီးရှို့ပစ်မယ်။ သွားတော့ဘယ်မှာပဲသွား နေနေ' ဆိုပြီးမှ ကျွန်တော်တို့လည်း ဒီIDPကို ရောက်လာတာဖြစ် ပါတယ်။"



# ဝိုင်းမော်မြို့နယ်၊ကချင်ပြည်နယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** **– မတရားဖမ်းဆီးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၉နှစ်။ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/စနလ(နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - **** |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၄ယောက် |
| အဖအမည် | - ဦး **** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ရက်၊ နိုဝင်ဘာလ၊၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ဘုရားကျောင်းဝင်း |
| ချိုးဖောက်သူ | - တပ်မ(၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၇ရက်၊ ၁လ၊ ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT၊ HI |

## အမှုဖြစ်စဉ်

၂၀၁၁ခုနှစ် နိုဝင်ဘာလ ၆ရက်နေ့ နံနက်၈နာရီခန့်တွင် ဦး**** တို့အိမ်တွင် ကောက်သစ်စား ဆုတောင်းပွဲ လုပ်နေသည့်အချိန် သေနတ်သံတွေကြားရလို့ အကုန်လုံး ဘုရားကျောင်းဘက်ကို ထွက်ပြေးခဲ့ကြပါ သည်။ သေနတ်သံများ တိတ်သွားပြီး သိပ်မကြာခင်အတွင်းတွင် အစိုးရစစ်သားတွေ သူတို့ပုန်းနေသည့် ဘုရားကျောင်းထဲကို ဝင်လာပြီးပုန်းနေသည့် လူများအားလုံးကို အပြင်ကို ခေါ်ထုတ်သွားသည်။ အမျိုး သမီးနှင့် ကလေးများကို သပ်သပ်ခွဲထားပြီး ဦး**** နှင့် သူတို့(၄)ယောက်ကို သပ်သပ်ခွဲပြီး ဖမ်းထားသည်။ ဦး****ရဲ့ ခြေထောက်၌ သူတို့သေနတ်နှင့် ပစ်ထားလို့ ခြေသလုံးရိုးတောင် ပေါ်နေသည့် ဒဏ်ရာရသွား သည်။ သူတို့ကို ကေအိုင်အေ စစ်သားများ ဟုတ်တယ်ဟုပြောပြီး (၄)ယောက်စလုံးကို ဝိုင်းရိုက်နက်ကြပါ သည်။

"ဦး****ကို သေနတ်နဲ့ ကျောမှာထုပေးပြီး ခြေထောက်နဲ့လည်း မျက်နှာကိုကန်ပေးတယ်လို့ ပြောပါ တယ်။ ဘာသာရေး ဆရာဖြစ်ကြောင်း ကဒ်ပြားထုတ်ပြမှပဲ သူ့ကိုနှိပ်စက်တာ ရပ်ပါတယ်။ သူ့ကိုချည်ထားတဲ့ ကြိုးတွေလည်း ဖြည်ပေးခဲ့ပါတယ်။ ကျန်တဲ့(၃)ယောက်ကိုတော့ ဆက်ချည်ထားပြီး ဝိုင်းရိုက်နက် ကြပါတယ်။ ဦး****က ခေါင်းမှာသေနတ်နဲ့ ထုခံရတဲ့အတွက် မေ့မြောသွားခဲ့ပါတယ်။ ဦး****လည်း ခြေထောက်မှာ သေနတ်မှန်ထားလို့ လမ်းမလျှောက်နိုင်တဲ့အတွက် လမ်းမပေါ်က သုံးဘီးမောင်းတဲ့ လူတွေကိုဝါးရှောင်ထိ ရောက်အောင် ပို့ခိုင်းပါတယ်။"

"သူတို့အားလုံးဝါးရှောင်ရွာကိုရောက်တာနဲ့ဘာသာရေးဆရာကို'မင်းဘယ်ကလဲ၊ဆရာလုပ်တာကြာ ပြီလား၊ မင်းသူတို့ကိုသိလား'လို့ မေးပါတယ်။ ဆရာက သူတို့ကိုသိပါတယ်။ သူတို့တောင်ယာ လုပ်ကိုင် ကြတဲ့လူတွေပါလို့ ပြောတော့မှ 'ခင်ဗျားတို့ကို ကေအိုင်အေစစ်သားတွေ ထင်လို့ ဖမ်းတာပါ'လို့ ပြောပါတယ်။

ညနေ၅နာရီလောက်မှာ ဘာသာရေးဆရာကို ပြန်လွှတ်ပေးလိုက်ပါတယ်။”

ဖမ်းထားတဲ့အချိန်ကနေ ပြန်လွှတ်သည့် အချိန်အထိထမင်းလည်း မစားရဘူးဟုပြောသည်။ သင်းအုပ်ဆရာ ကိုညှော့ခန်းတွင် စစ်ဆေးမေးမြန်းပြီး ကျန်သည့် (၃)ယောက်ကို အခန်း(၂)ခန်း၌ ခွဲထည့်ထားသည်။ ခြေထောက် ကျိုးသွားသည့်လူကို ဘယ်ဘက်အခန်း၌ ထည့်ထားပြီး ကျန်(၂)ယောက်ကို ညာဘက်အခန်း၌ ထည့်ထားသည်။ ဘာသာရေးဆရာ၏ အိမ်တွင်ရှိသည့် ရေဒီယိုနှင့် ပိုက်ဆံများကိုလည်း ယူသွားသည်။အိမ်ကိုလည်းမီးရှို့ရန် လုပ်ပေမဲ့ ရွာသားများဝိုင်းဝန်းအသနားခံသဖြင့် မရှို့ဘဲထားသွားသည်ဟု ပြောသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၅နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ စနလ(နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၃ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ရက်၊ ၁၁လ၊၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ဘုရားကျောင်းဝင်း |
| ချိုးဖောက်သူ | - တပ်မ(၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ၁လ၊၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

နိုဝင်ဘာလ ၆ရက်၊ ၂၀၁၁ခုနှစ်မနက်တွင်ဦး**** တို့အိမ်၌ ကောက်သစ်စားဆုတောင်းပွဲပြုလုပ်ခဲ့သည်။ အစီအစဉ်လုပ်နေသည့်မနက် (၈)နာရီခန့်တွင်သေနတ်သံများကြားသဖြင့် ၎င်းတို့အားလုံးအောက်ဂျီ ဘုရားကျောင်းထဲကို ထွက်ပြေးလာကြသည်။

ဦး****က ဦး****၊ဦး****၊ဦး****တို့နှင့်အတူပုန်းနေခဲ့သည်။ သိပ်မကြာသည့်အချိန်အတွင်း အစိုးရစစ်သားများရောက်ရှိလာ၍ ၎င်းတို့ကိုရိုက်နှက်ပြီး ဖမ်းဆီးခေါ်ဆောင်သွားသည်။ ယောကျ်ားဆိုလို့ သူတို့လေးယောက်ပဲရှိသည်။ ကလေးများနှင့်မိန်းမများကိုစစ်သားများဘာမှမလုပ်သော်လည်း ကလေးများကကြောက်ပြီးငိုသည့်အခါ 'မငိုနဲ့တိတ် မတိတ်ရင်အားလုံးကိုပစ်သတ်လိုက်မယ်' ဟုပြောသည်။

သူတို့(၄)ယောက်ကိုဝိုင်းပြီးရိုက်နှက်၊သေနတ်များနှင့်ထုရိုက်သည်။ဦး****ကိုကေအိုင်အေစစ်သားဟုပြောပြီး 'သေနတ်ဘယ်မှာလဲ'ဟုမေးသည်။ သူက "ကေအိုင်အေစစ်သား မဟုတ်ပါဘူး၊ ဒီရွာမှာနေတဲ့ ရွာသားတစ်ယောက်ပါလို့ပြောပေမဲ့ 'မညာနဲ့မင်းကိုင်နေတဲ့သေနတ်သာပေးလို့ပြောတယ်။ ထို့နောက် 'မင်းတို့ကချင်တွေအရင်စပစ်လို့ ငါတို့ပြန်ပစ်တာ မင်းတို့တစ်မျိုးလုံးကိုသတ်ပစ်မယ်' လို့လည်းပြောတယ်။



ကျွန်တော်ကရွာသားပဲဘာသေနတ်လည်းမရှိဘူး” လို့ပြန်ပြောသည့်အတွက်သေနတ်ဖြင့် ခေါင်းမှာ(၆)ချက်ရိုက်လိုက်သောကြောင့်တစ်ခါတည်းမေ့မျောသွားသည်။

သူတို့(၄)ယောက်ကို နံနက်(၁၀) နာရီတွင်ဝါးရှောင်သို့ခေါ်သွားသည်။ မေမျောနေသောနေရာမှညနေ(၃)နာရီခန့်တွင်ပြန်သတိရလာသည်။ ပြန်သတိရလာသောအခါ ဝါးရှောင်တပ်စခန်းကိုရောက်နေတယ်။ လည်ပင်းခြေထောက်နဲ့လက်များကိုကြိုးချည်ထားသည်။ ဝါးရှောင်စစ်တပ်မှဗိုလ်ကြီးတစ်ယောက်ကဘယ်က လဲဟုမေးသည်။ သူလည်း 'အရင်ကဆော့လော်ကျေးရွာကဖြစ်ပြီး အိမ်ထောင်ကျသည့်နောက်မှ မှတ်ကျိတ်ကျေးရွာသို့ ပြောင်းရွှေ့နေထိုင်ခဲ့သည်'ဟုပြောပြသည်။ အစိုးရစစ်ဗိုလ်တစ်ယောက်ပြီးတစ်ယောက်မေးမြန်းသည်။ မေးတိုင်းလည်းကေအိုင်အေစစ်သားလားဟုမေးသည်။ တစ်ချို့စစ်ဗိုလ်များက ကေအိုင်အေစစ်သားဟုတ်သည်ဟုဝန်ခံလျှင် လွှတ်ပေးမည်ဟုလည်းပြောသည်။ ထမင်းစားသည့်အချိန် လက်နဲ့မစားခိုင်းပဲခေါင်းကိုအောက်ချပြီး ပါးစပ်နဲ့စားရတယ်။ ခေါင်းငုံ့ပြီးမျက်လုံးမိတ်ရင်လည်း 'မင်းဆုတောင်းနေတယ်မဟုတ်လား၊ ဒီမှာဆုတောင်းခွင့်မရှိဘူး'လို့ပြောတယ်။ ဒါကြောင့်ကိုယ့်စိတ်ထဲကပဲဆုတောင်းခဲ့တယ်။

သူတို့(၂)ရက်လောက်ကြိုးချည်ထားပြီး နိုဝင်ဘာလ၊ (၈)ရက်နေ့မနက်(၈း၀၀)နာရီတွင်ဝါးရှောင်ရွာမှ ရွာလူကြီးများဦး**** အိမ်၌သွားထားသည်။ အဲဒီနေရာမှတဆင့် သူ၏နေအိမ်ကိုပြန်လာခဲ့သည်။ သူနှင့်အတူဖမ်းဆီးခံထားရသည့် လူများ၏သတင်းကိုမကြားရဘူးဟုပြောသည်။

ဖမ်းဆီးခေါ်ဆောင်သွားသည့်လူများက တပ်မ(၈၈)ကဖြစ်ပြီး ရိုက်နှက်ပြီးညတွင်းချင်းပဲရှေ့တန်း ထွက်သွား သည်။ ပြီးမှဝါးရှောင်တပ်စခန်းမှ စစ်သားများဆက်မေးမြန်းခြင်းဖြစ်သည်။ တပ်မ(၈၈) များမေးမြန်း သည့်အခါ ရိုက်နှက်ထားသည့်ဒဏ်ရာကြောင့်နားသိပ်မကြားခြင်း၊ ခေါင်းကိုက်ခြင်းနှင့်တစ်ကိုယ်လုံး ကိုက်ခဲခြင်းများဖြစ် နေသည်ဟုပြောသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၀နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၁ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂါရာယန်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ရက်၊ ၁၁လ၊၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - အိမ်မှတောင်ယာသွားသည့်လမ်း |
| ချိုးဖောက်သူ | - ခမရ ၃၈၉၊ ခမရ ၃၉၀ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဦး****သည် ကေအိုင်အေစစ်တပ်နှင့် မြန်မာစစ်တပ်တို့ စစ်ပွဲဖြစ်ပွားနေသော်လည်း ထွက်မပြေးပဲ

သူနေသည့်ရွာနှင့် (၃)မိုင်ခန့်ဝေးသည့် သူ၏တောင်ယာတဲ၌ စပါးခင်းစောင့်နေခဲ့သည်။ ၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ၊ ၆ရက်နေ့နံနက်စာစားပြီး သူ၏တောင်ယာတဲသို့ ထွက်လာသည့်အချိန် လမ်းတစ်ဝက် အရောက်တွင် ခမရ(၃၈၉)၊ ခမရ(၃၉၀)တို့ ပေါင်းထားသည့် အစိုးရစစ်တပ်များနှင့် တွေ့ပြီး ဖမ်းဆီးခံခဲ့ရသည်။

သူ၏လွယ်အိတ်ထဲက ရေဒီယိုနှင့်ဓါတ်ခဲအဟောင်းများတွေ့ပြီး 'မင်းကကေအိုင်အေစစ်သားပဲ အခုဖုံး လာထောင်တာမလား၊ငါတို့ရောက်နေတာသိလို့ သတင်းပို့ဖို့ ရောက်လာတာမလား'ဟု မေးပြီး ဖမ်းခေါ်သွားသည်။ ဖမ်းသည့်အချိန်မှာ သူ့ကိုခြေ၊ လက်နှင့်လည်ပင်း၌ ကြိုးချည်ပြီး မျက်စိကို အဝတ်စနှင့် ပိတ်ထားသည်။ သူ့ကိုရိုက်နှက်ပြီး 'ဘယ်မှာလဲသေနတ်၊ ဘယ်မှာလဲပုံး ထုတ်ခဲ့စမ်း'ဟု စစ်ဆေးသည်။

"ညရောက်တဲ့အခါ သစ်ပင်မှာ ချည်ထားပြီး စောင်လာခြုံပေးလိုက်၊ ခဏနေပြန်သိမ်းသွားလိုက်နှင့် နှိပ်စက်ကြတယ်။ စစ်သားဟုတ်တယ်လို့ မပြောလို့ 'ကချင်ခေါင်းမာ သေအောင်ရိုက် မင်းတို့ကချင်တွေ ဘာ တတ်နိုင်သလဲ'လို့ပြောပြီးသေနတ်နဲ့ရိုက်ပါတယ်။ အခုချိန်ထိဘယ်ဖက်နံရိုးနဲ့ ဘယ်ဘက်ခေါင်းတစ်ခြမ်း နာနေတာမပျောက်သေးဘူး။ ဘယ်သူလုပ်သလဲဆိုတာလည်း မျက်လုံးကို ပိတ်ထားလို့ မမြင်ရဘူး။ အဲနေရာမှာပဲ (၃)ပါတ်လောက် ဖမ်းဆီးချုပ်နှောင်ထားတယ်။"

"အဲဒီနောက်မှာတော့ ဆန်ပိုင်ကျေးရွာကို ပြန်ရောက်လာပြီး ကြိုးဖြေပေးပြီး ထမင်း ဟင်းချက်ခိုင်းတယ်။ အိမ်သာသွား၊ ရေချိုးသွားတဲ့အချိန် ခွင့်တောင်းခိုင်းတယ်။ ရွာမှာရှိတဲ့ အိမ်ထောင် ပစ္စည်းတွေကိုလည်း သူတို့ကြိုက်သလို ယူသုံးကြတယ်။ အဲဒီရွာမှာတစ်ပတ်နေပြီး ဒဘတ်ရွာကို ပြန်သွားတယ်။ ဒဘတ်ရွာမှာ တစ်ပတ်ကျော် ပြန်နေပါတယ်။ ဆက်ပြီးခရီးဆက်တော့ စစ်ဗိုလ်ရဲ့ပစ္စည်းနဲ့ အစားအသောက်တွေ ထမ်းခိုင်းပါတယ်။"

ဦး*****သည် ရွာသားတစ်ယောက်သာ ဖြစ်သည့်အကြောင်းကို သူ၏နောက်မှ အဖမ်းခံရသည့် ဦး****က ထောက်ခံပေးသဖြင့် ကေအိုင်အေ စစ်သားမဟုတ်ကြောင်းကို စစ်သားများ လက်ခံသွားသည် ဟုဆိုသည်။ ဒဘတ်ရွာကနေပြီးတော့ ဂျာပူရွာကို ပြန်လာသည့်အချိန် တောထဲတွင် (၄)ရက်ကြာခဲ့သည်။ ဆမားရွာနှင့် ဂျာပူရွာတွင် ပစ်ခတ်ကြသည့်အခါ စစ်သားများသည် မင်းတို့ သိသလိုပုန်းကြဟု ပြောပြီးပုန်းခိုင်းခဲ့သည်။ ဒီဇင်ဘာ(၂၉)ရက်နေ့တွင် ကဇူကနေပြီး ကျည်ဆံလာယူသည့် အစိုးရစစ်သားများနှင့် အတူလိုက်ပြန်ခိုင်းခဲ့သည်။

"ဂျာရာယန်ကို ရောက်တော့ (၃)ရက်တိတိ ထမင်းချက်ကျွေးတဲ့ အလုပ်လုပ်ခိုင်းပြီး ၂၀၁၂ခုနှစ် ဇန်နဝါရီလ (၂)ရက်နေ့မှာ စက်ဘီးတစ်စီးပေးပြီး ပြန်ခိုင်းတယ်။ မြစ်ကြီးနား*****ဒုက္ခသည်စခန်းကို (၃) ရက်နေ့မှာ ရောက်လာခဲ့ပါတယ်။ စစ်ကြောင်းမှူး နာမည်လည်းမသိဘူး။ အစိုးရစစ်သား ကျော်ထက်ဆိုတဲ့ နာမည်တစ် လုံးပဲသိပါတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - (၆၀)နှစ်။ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ဝမန(နိုင်) ****** |
| ပညာအရည်အချင်း | - (၈)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - မ(၆)၊ ကျား(၂)။ |
| အဖအမည် | - ဦး**** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |



| | |
|---|---|
| အသက် | - (၅၀)နှစ်။ |
| မှတ်ပုံတင်အမှတ် | - ၁/ဝမန(နိုင်) ****** |
| ပညာအရည်အချင်း | - (၇)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - မ(၁)၊ ကျား(၁)။ |
| နေရပ်လိပ်စာ | - ဝွေထူ အပိုင်း****၊ ဝိုင်းမော်မြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၆ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| ပြန်လွတ်လာသည့်နေ့ | - ၁၇ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ဝွေထူကျေးရွာ၊ ဝိုင်းမော်မြို့နယ်။ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - လဆန်အောင်ဝါ တပ်သားများ(ဒေသပြည်သူ့စစ်) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ(၂)ဦးကိုယ်တိုင် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - (၄၇)နှစ်။ |
| ပညာအရည်အချင်း | - မူလတန်း။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သားသမီး | - မ(၂) ၊ ကျား(၃)။ |
| အလုပ်အကိုင် | - ခြံလုပ်၊ လယ်လုပ်။ |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - ဝွေထူ၊ အပိုင်း**** |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၉ရက်၊ ဖေဖေါ်ဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

ဝွေထူဒေသဘက်မှာ လဆန်အောင်ဝါအဖွဲ့(ဒေသပြည်သူ့စစ်) အခြေချခဲ့သည့် ၂၀၀၅ခုနှစ် နောက်ပိုင်းတွင် ဝွေထူဒေသအနီးဝန်းကျင်ရှိ မြေနေရာများတွင် ကုမ္ပဏီများက ငှက်ပျောပင်စိုက်ပျိုးရေး လုပ်ငန်း လုပ်ကိုင်လာ ကြသည်။ အစပိုင်းတွင် ငှက်ပျောစိုက်ပျိုးရေးကို ဒေသခံများက ဆန့်ကျင်ခြင်း မရှိခဲ့ပါ။ "အခုဖြစ်နေတဲ့ ဒီပြဿနာက အင်ထုန်ခချောင်းနဲ့ မဂါးခချောင်းက ကျွန်တော်တို့ လယ်တော်တော်များများ လုပ်တဲ့အခါမှာ သုံးတဲ့ချောင်းရေ ဟုတ်တယ်။ အဲဒီရေဝင်ပေါက်မှာ တောင်ယာလုပ်တယ်။ အဲဒီနေရာမှာ ရေခမ်း လာလို့ တောကို အရင်ကတည်းက ထိန်းသိမ်းထားတဲ့ နေရာဟုတ်တယ်။ အဲဒါကြောင့် ဒီနေရာကို တောင်ယာ မခုတ်နဲ့လို့ ကျွန်တော်တို့ သွားပြောတယ်"

ရွာသူ/သားများ ထိန်းသိမ်းကာကွယ်ထားသော တောတောင်တွင် တောင်ယာလာလုပ်သည့် လူများက လဆန်အောင်ဝါတပ်များ၏ အခွင့်အာဏာနဲ့ လာလုပ်သည့် လူများဖြစ်သည်။ ထိန်းသိမ်း ကာကွယ်ထားသည့်တော တောင်တွင် တောင်ယာမခုတ်ရန်အတွက် ဝွေထူဒေသခံများ၏ ကိုယ်စား ရပ်ရွာလူကြီးနှစ်ဦးကို သွားတင်ပြရန် စေလွှတ်ခဲ့ပြီးပြီ။

"ဒါပေမယ့် တောင်ယာဆက်လုပ် နေသေးတယ်။ ဒီကိစ္စနဲ့ပတ်သက်ပြီး လွန်ခဲ့တဲ့ ဇန်နဝါရီလ (၂၀၁၅ခုနှစ်)မှာ ဝွေထူဒေသက ယုံကြည်အားကိုးရတဲ့လူကြီးနှစ်ယာက်ကို တောင်ယာလုပ်နေတဲ့ သူတွေကို ခဏရပ်ဖို့ သွားပြော ခိုင်းတယ်။ သွားပြောပေမယ့်လည်း ဆက်လုပ် နေသေးတယ်"

ထိန်းသိမ်းကာကွယ်တောတွင် တောင်ယာလာခုတ်လိုက်ရင် အင်ထုန်းခချောင်းရေ ခမ်းသွားမည်ကို ဒေသခံ များကစိုးရိမ်နေကြသည်။ "အဲဒီချောင်းရေနဲ့လယ်ယာတော်တော်များများမှာ စိုက်ပျိုးဖို့အဲဒီရေကိုပဲ အားကိုး နေရတယ်။ အဲဒီရေနဲ့ ကျွန်တော်တို့ ရေချိုးတယ်။ အရင်က သောက်ရေအဖြစ်လည်း သုံးခဲ့တယ်။ အခုလည်း သောက်ရေ အဖြစ် သုံးတဲ့သူတွေရှိသေးတယ်။ ကျောင်းသားတွေ အဲဒီမှာပဲ ရေချိုးကြတယ်။ ဝေ့ထူမြေ တစ်ဝက်လောက်မှာ ရှိတဲ့ လယ်ယာမြေက အဲဒီချောင်းရေကို သုံးကြတယ်"

တောင်ယာခုတ်သည့်ကိစ္စကို ရပ်တန့်နိုင်ရန်အတွက် ဒေသခံ (၁၃၆)ယောက်သည် ၁၆ရက်၊ ဖေဖော်ဝါရီလ ၂၀၁၅ခုနှစ်တွင် အင်ထုန်းခချောင်း မြစ်ဖျားထိသွားပြီး ဆန့်ကျင်ကန့်ကွက် ခဲ့ကြသည်။ ထိုသို့ဆန့်ကျင် ကန့်ကွက်မှုကို လဆန်အောင်ဝါအဖွဲ့သည် အလိုမရှိပါ။ " လဆန်အောင်ဝါအဖွဲ့ဝင်ဖြစ်သည့် (ဦး****)သည်ရွာ သားများနှင့် တွေ့သည့်အခါ 'မင်းတို့ခေါင်းဆောင်ဘယ်သူလဲ။ ဒီမှာတောင်ယာ ခုတ်ခိုင်းထားတာကိုတောင် ယာမလုပ်ခိုင်းဘူးဆိုရင် ဝေ့ထူမှာနေတဲ့ လူတွေဘယ်သူမှ လယ်ယာမလုပ်စားနဲ့ လယ်ယာလုပ်စားတဲ့ လူအား လုံးကိုပစ်သတ်လိုက်မယ်' လို့ပြောတယ်။ သူ့သားက ဆိုင်ကယ်ပေါ်ကနေ သူ့အဖေကို သေနတ်တို ထုတ်ပေး လိုက်တယ်။ ဒါပေမယ့် သူ့အဖေက သေနတ်တိုတော့ မယူတော့ဘူး။ ရွာလူထုက သူတို့သားအဖဆီ အုံလာတဲ့ အခါ အလျင်စလို ရှောင်ထွက် သွားတယ်။"

လဆန်အောင်ဝါတပ်ဖွဲ့ဝင် (၆)ယောက်နှင့် သူတို့ဖွဲ့ထားသည့် မီးသတ်အဖွဲ့သည် "အင်ထုန်းခ ချောင်းရေ တံတားပေါ် ဘယ်၊ ညာနေရာယူပြီးတော့ ရွာလူထုကို သေနတ်နဲ့ ချိန်ထားကြတယ်။ 'မင်းတို့ နည်းနည်းမှ မလှုပ်နဲ့။ မင်းတို့ရဲ့ခေါင်းဆောင် ဘယ်သူလဲ'လို့မေးတယ် ခေါင်းဆောင်မပါဘူး။ ငါတို့အားလုံးကခေါင်း ဆောင်ပဲ"လို့ပြောလိုက်တယ်။

လဆန်အောင်ဝါတပ်ဖွဲ့များသည် ဝေ့ထူရွာလူကြီးတစ်ချို့၏ နာမည်ကို ရွာလူထုအားဖတ်ပြပြီး ခေါ်ထုတ်လာ သည်။ ခေါ်ထုတ်ခံရသည့်ရွာလူကြီးများကို ကြိုးချည်လိုက်ပြီး လဆန်အောင်ဝါအဖွဲ့ရုံး အခြေစိုက်သည့် နောင်းခိန်းကျေးရွာသို့ သုံးဘီးပေါ်တင်ကာ ခေါ်ဆောင်သွားခဲ့သည်။

နောင်းခိန်းရောက်တဲ့အချိန်တွင် မိုးချုပ်လာပြီ ဖြစ်သည်။ "အခန်းတစ်ခုထဲမှာ အခန်းတံခါး ပိတ်ထားပြီးတော့ လက်နောက်ပြန် ချည်ထားတော့ ကျွန်တော်တို့က ဘာမှမသိတော့ဘူး။ အဲဒီညတော့ အိပ်ရခက်ပြီ။ နေ့လယ် တုန်းကလည်း အလျင်စလို သွားနေရတော့ (တောင်ယာ ခုတ်သည့်ကိစ္စကို ဆန့်ကျင်သည့်အရေး) ထမင်း လည်းကောင်းကောင်း မစားခဲ့ရ။ ည၁၀း၀၀နာရီခွဲတဲ့ အချိန်မှာမှ ထမင်းစားရအောင်ဆိုပြီး လာခေါ် တယ်။ ထမင်းစားပြီးတော့ ခုနလိုမျိုးပဲ ပြန်ချည်ထားတယ်။ အိပ်လို့လည်းမရ။ အခန်းထဲမှာ ဒီအတိုင်းထိုင်နေ ရတယ်။ တံခါးလည်းပိတ်ထားတယ်။ ညသန်းခေါင်ကျော် အချိန်မှာတော့ သူတို့ပြန်လာပြီး လက်ရှေ့ထားပြီးပြန်ချည် ထားတယ်"

ညကဖမ်းချုပ်စစ်ဆေးပြီး၊ နောက်နေ့ ၈း၀၀နာရီတွင် ခေါ်ထုတ်လာပြီး နောက်နောင် ယခုလို ဆန့်ကျင်ကန့် ကွက်သည့် လုပ်ရပ်မျိုးကို ပြန်မလုပ်ရန်အတွက် ခံဝန်ကတိလက်မှတ် ထိုးခိုင်းပြီး ပြန်လွှတ်လိုက်သည်။ အဲဒီနေ့ ဖမ်းချုပ်ခံရသူများသည် ဦး****၊ ဦး****၊ ဦး****၊ ဦး****၊ ဦး**** သူတို့ (၅) ယောက်ဖြစ်သည်။

### လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၆၅ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၊ မဝန (နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| သားသမီး | - ၄ ဦး |



| | |
|---|---|
| နေရပ်လိပ်စာ | - ****ဆမ်ပိုင်ကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၅ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - |
| ချိုးဖောက်သူ | - |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၃ရက်၊ ၄လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

ကျွန်တော်ကတော့ဒီဇင်ဘာလဆန်းနေ့မှာဗမာစစ်သားတွေဝင်လာမယ်ဆိုတာကြားတာနဲ့ရွာအနီးက လခရားရန်စစ်ရှောင်စခန်းမှာ သွားနေတယ်။ ကျွန်တော့်အမေကတော့ အသက်ကြီးနေပြီ (၈၀)နှစ်ရှိနေပြီ။ နားလည်းမကြားတော့ ထွက်ပြေးရအောင် ပြောရင်လည်းလိုက်မသွားချင်ပဲနေခဲ့တယ်။ အဲဒါကြောင့်ကျွန်တော်ထမင်းသွားပို့ပေးရတယ်။

ဒီဇင်ဘာလ (၈) ရက် နေ့မှာပဲထမင်းသွားပို့ဖို့အတွက် အိမ်ခြံဝင်းမှာပဲရောက်သေးတယ်။ စစ်သား တစ်ယောက် ကသေနတ်နဲ့ ထောက်ပြီးတော့ 'ဟေ့ကောင်မပြေးနဲ့ပစ်လိုက်မယ်' လို့ပြောနေချိန်မှာထွက်ပြေးခဲ့တယ်။ တစ်ပတ်လောက်အကြာမှာ စစ်သားတွေမရှိတော့ဘူးထင်လို့ ၁၅ ရက်နေ့မှာပဲအမေကိုကျွေးမဲ့ ထမင်းကိုင်ပြီး တော့လာခဲ့တယ်။ အဲဒီချိန်စစ်သားတွေကိုပြန်တွေ့လို့ပြန်ခေါက်ဖို့ လုပ်နေချိန်မှာပဲလိုက်ပစ်တယ်။ နှစ်ယောက်ကသေနတ်နဲ့လိုက်ပစ်တယ် ပြီးတော့ အပေါ်ကနေ အမြောက်နဲ့လိုက်ပစ်တယ်။ ကျွန်တော့်ကိုမှားပြီး လိုက်ပစ်စရာအကြောင်းလည်းမရှိဘူး။ ကျွန်တော်ကဘောင်းဘီအဖြူဝတ်ထားတယ်။ အိမ်ကလူတွေကတော့ကျွန်တော့်ကိုသေပြီလို့ထင်နေကြတယ်။ ဒါပေမဲ့ကျွန်တော်ကတော့ ၂၁ရက် မနက်အစောနန်ဇော်ရန်လမ်းကနေသွားလိုက်တယ်။ ၂၂ရက်နေ့လယ်မှာ ဝိုင်းမော် စစ်ရှောင်စခန်းမှာရောက်တယ်။

### လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၅၇ နှစ် |
| မွေးသက္ကရာဇ် | - ၆ရက်၊ ၁၁လ၊ ၁၉၆၂ခုနှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ဝမန(နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၃ ယောက် |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - ဝိုင်းမော်မြို့နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၃၁ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ဆန်ယမ်ဘက်ကငှက်ပျောခြံ |
| ချိုးဖောက်သူ | - ခ.လ.ရ (၅၈)၊ တပ်မ ( ၃၃) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး****နှင့် ဦး**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI, KWAT |

**အမှုဖြစ်စဉ်**

ကျွန်တော်ကတော့ ဂျာပူနှင့် ဒဘတ်ကျေးရွာကြားမှာခြံလုပ်တယ်။ ပြီးတော့ငါးမွေးတယ်။ ၃၁.၁၀.၂၀၁၁ ရက်နေ့(၁၀)နာရီလောက်မှာတောဝက်တစ်ကောင်မိတယ်။ ကျွန်တော်ကအဲဒ်တာသွားရောင်းဖို့ လုပ်နေတဲ့ချိန်မှာ စစ်ဖြစ်လာတယ်။ အဲဒါ ကြောင့်ရွာမှာရှိတဲ့ ဦး****ကို "ဖုန်းနဲ့စစ်သားရှိသလား" လို့မေးတယ်။ "မရှိဘူး" ဆိုတာနဲ့ အသားဒဂုပိသာကိုကိုင်ပြီးတော့ ထွက်လာခဲ့တယ်။ တပ်ရင်း(၅၈) ကလူတွေက ကချင်စကား လည်းပြောတတ်တယ်။

ကျွန်တော်ပြောတာကို ဖုန်းနဲ့ခိုးနားထောင်တာလားမသိဘူး။ ကျွန်တော်သွားတာ မိနစ် သုံးဆယ် လောက်ပဲကြာတယ်။ စစ်သားနှစ်ယောက်က လမ်းရဲ့ဟိုဘက် ဒီဘက်ရပ်ပြီး "ဟေ့ကောင် မင်းKIAတွေကိုသွား ပေး တာ မဟုတ်ဘူးလား" လို့ပြောပြီးတော့ သေနတ်အောက်ဘက် နက်ကပ်သည့်နေရာနဲ့ ခေါင်းကိုရိုက်လိုက် တယ်။ ဘက်နက်ကခေါင်းထဲကိုဝင်သွားတယ်။ ဆွဲထုတ်လိုက်တဲ့အချိန် သွေးတွေကပန်းပြီးထွက်လာတယ်။ ကျွန်တော်ကတော့မေ့သွားတယ်။ မေ့နေတဲ့ချိန်မှာလည်း သူတို့ ရိုက်နက်တယ် ပြီးတော့ ဗိုလ်ကြီးဆီ ခေါ် သွားတယ်။ အဲဒီမှာလည်း တပ်ကြပ်အဆင့်ရှိတဲ့ သူတစ်ယောက်ကလာပြီး ထိုးလိုက်တယ်။ ပါးစပ်ကနေ သွေးတွေထွက်လာလို့ ကိုင်လိုက်တော့ သွားကကျွတ်နေတယ်။ ဗိုလ်မှူးရောက်လာပြီးတော့ "မလိုဘူးနော် ဆေးထည့်လိုက်ရင် ပျောက်သွားမယ်" လို့ပြောပြီး တပ်ကိုခေါ်သွားတယ်။

တပ်ကိုရောက်တော့ ခြောက်ပေါက် ထဲထည့်ပြီးတော့ လက်ကိုလည်းချည်ထားပေးတယ်။ ကျွန်တော်ရဲ့ဘေးက လူတွေကိုတော့ခြေထောက်နဲ့ကန်တယ်။ ထမင်းတော့ကျွေးတယ်။ ဒါပေမဲ့စားလို့မရဘူး။ ပါးစပ်ကဟ လို့တောင် မရဘူး။ အရမ်းနာတယ်။ နောက်နှစ်ရက်ကြာတော့ခြေ ထောက်တစ်ဘက်ဘဲ ထည့်ထားပေး တယ်။ မနက် ၆ နာရီမှာတစ်ခါဖြုတ်ပေးတယ်။ ၁၀ နာရီရောက်တော့ပြန်ချီထားတယ်။ ၅ နာရီ ရောက်တော့ ပြန်ဖြုတ်ပေးတယ်။ ၆ နာရီရောက်တော့ပြန်ချီထားတယ်။ အဲလိုဘဲ ၂ ရက်ချုပ်ထားတယ်။

သူတို့ဂါးရာယန်နဲ့ လုံဇပ်ကောင်ကို သိမ်းလိုက်တဲ့နောက် နေ့လည်စာစားပြီးတော့ ဂါးရာယန်မှာရှိတဲ့ တပ်မ (၃၃)ထဲမှာ ပြန်ချုပ်ထားတယ်။ နောက် တပ်မ (၃၃) နဲ့တပ်ရင်း(၅၈)တို့ ပေါင်းပြီးတော့ ဂါးရာယန်က ဆုတောင်းတောင်ကိုခေါ်သွားတယ်။ ပြီးတော့လိမ္မော်သီးအပင်မှာ လက်၊ ခြေထောက်နဲ့ အောက်ငုတ်လို့ မရ အောင် လည်ပင်းမှာရောချည်ပြီးတော့ အအေးခံထားတယ်။ မနက် ၆ နာရီလောက်ရောက်တော့ အောင်ဂျာရွာမှာစစ်ဖြစ်တယ်။ ပြီးတော့ရွာကအိမ်ကိုမီးရှို့တယ်။ "မင်းတို့ကေအိုင်အေအမျိုးတွေကြည့်" လို့ ပြောတယ်။ အဲဒီမှာပဲနှစ်ညအိပ်တယ်။ သူတို့ကလူအင်အား(၁၆၀)၊ စကားပြောစက်(၂)လုံး လက်နက်ကြီး တစ်လက်ပါတယ်။ သူတို့နေရာရောက်တော့အိမ်တွေအကုန်မီးရှို့လိုက်ပြီးတော့ သူတို့နေမည့်နေရာပဲ ထား ခဲ့တယ်။ နွားတွေရောသတ်စားကြတယ်။ ကျွန်တော့်ကိုညောင်ပင်မှာ ပြန်ချည်ထားလိုက်တယ်။ ပြီးတော့စက် ဆရာကပိုင်းမော်ထိလိုက်ပို့ရမယ်လို့ ပြောပြီးတော့ ရွှေညောင်ပင်အထိလမ်းလျှောက်ရတယ်။ ပြီးတော့ကား နဲ့ဝိုင်းမော်ဆေးရုံကိုသွားတယ်။ ည(၈)နာရီလောက်ရှိနေပြီ။ နိုဝင်ဘာ(၈)ရက်နေ့တွင် မြစ်ကြီးနားဆေးရုံကို ည (၁၀)နာရီ လောက်မှာရောက်တယ်။ ၁၄ ရက်မှာဆေးရုံမှဆင်းတယ်။ ပြီးတော့ မန်ခိန်ဒုက္ခသည်စခန်းမှာ ပြန်သွားနေတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု** **– လက်လွတ်စပယ်ပစ်ခတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ် **** |
| ကျား၊မ | - မ |
| အသက် | - ၃၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |



မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI

**အမှုဖြစ်စဉ်**

ကျွန်မကလယ်လုပ်တယ်ဆိုတော့ ပလိုင်းလွယ်ပြီးအင်ပေါန်ရွာကနေ ဆင်းလာခဲ့တယ်။ ဒါပေမယ့်သူ တို့ကဘယ်ကနေဆင်းလာခဲ့လည်းဆိုပြီး ကောင်းကောင်းတော့မမေးဘူး။ သူတို့ကကျွန်မကို ဘယ်ကနေလာခဲ့ လည်းဆိုတော့ကျွန်မလည်း "ရွာကနေပြန်လာတယ်"လို့ဖြေတယ်။ သူတို့က "ဒါရွာလား"ဆိုတော့ ကျွန်မလည်း "ဟုတ်တယ်။ ရွာဟုတ်တယ်"လို့ပြန်ဖြေတယ်။ သူတို့ကအဲဒီအချိန်မှာ ရွာအောက်ဘက်ပိုင်းမှာဘဲနေကြတယ်။ ကျွန်မလည်း ကျွန်မရဲ့ပလိုင်းကိုနည်းနည်း ကြိုးတင်းဖို့ အတွက်လုပ်မယ်ဆိုပြီးပလိုင်းကို အောက်ချ လိုက်တဲ့အချိန်မှာ စစ်ဝတ်စုံနဲ့လူတွေက ကျွန်မကို လက်ယက်ပြီးတော့ခေါ်တယ်။ ကျွန်မလည်း K.I.A ပြည် သူ့စစ်ထင်ပြီးတော့သွားလိုက်တဲ့အချိန်မှာ လမ်းကြားတစ်ခုရောက်တော့ လူတွေအများကြီးနဲ့တွေ့တယ်။ တစ်ချို့က ပလိုင်းလွယ်ထားတယ် တစ်ချို့ကတော့ပစ္စည်းတွေမပြီး အများကြီးတန်းစီနေကြတယ်။

ကျွန်မလည်း စစ်သားတွေကိုတွေ့တော့ ကျွန်မကရွာမှာနေပြီး လယ်ယာလုပ်ကိုင်စားသောက်တဲ့သူ ဖြစ်ပါတယ်။ အခုဘဲလယ်ကနေ ပြန်လာတာပါလို့ပြောတဲ့အချိန်မှာ သူတို့က ကျွန်မကို "မင်းလားလယ်ကနေ ပြန်လာတာ လယ်တောထဲမှာဘယ်သူမှမရှိဘူး။ မင်းညာမပြောနဲ့။ မင်း K.I.A စစ်သားတွေကို ရိက္ခာသွား ပို့တာမဟုတ်ဘူးလား" လို့ပြန်မေးတယ်။ ကျွန်မလည်း "မဟုတ်ပါဘူး။ ကျွန်မတို့လယ်က ရွာနဲ့ဝေးတယ်။ ၃ နာရီလောက် လမ်းလျှောက်မှရောက်တာ" ပါလို့ပြန်ပြောတော့ "နင်မညာနဲ့" လို့ပြန်ပြောတယ်။

ဒီရွာမှာ K.I.A တွေရှိလားလို့ကျွန်မကိုမေးတော့ ကျွန်မလည်း "မရှိပါဘူး"။ တကယ် လို့များရှိတယ်ဆိုရင်တော့ ကျွန်မ အခုလိုခင်ဗျားတို့နဲ့ တွေ့မှာမဟုတ်ဘူးလို့ပြောလိုက်တာနဲ့ တစ်ခါထဲ ကျွန်မကို လက်နောက်ပြန်ကြိုးတုတ်လိုက်တယ်။ နောက်ပြီးလည်ပင်းမှာလည်း ကြိုးနဲ့တုတ်လိုက်ပြီး သစ်ပင်မှာ ချည်ထားလိုက်တယ်။ အဲဒီည ကျွန်မကို ထမင်းလည်းမကျွေးဘူး။ နောက်ပြီး ကျွန်မမျက်လုံးကို သူတို့ရဲ့ပဝါနဲ့ပိတ်ပြီး ချည်ထားလိုက်တယ်။ စစ်သားတစ်ယောက်က ကျွန်မကိုလာပြီးတော့ "ခြေထောက်ဆန့်စမ်း" လို့ လာပြောတယ် ကျွန်မလည်း ကောင်းကောင်းမကြားတော့ ဘာမှမလုပ်ဘူး။ အဲစစ်သားက ကချင်ကလေးတစ်ယောက်ကို "ဟေ့ကောင် ကချင်လိုပြောစမ်း" လို့ပြန်ပြောခိုင်းတယ်။

ကချင်ကလေး တစ်ယောက်က ကျွန်မကို "အဒေါ် ခြေထောက်ဆန့်ပါတဲ့" လို့ ပြောတာနဲ့ ကျွန်မလည်း ခြေထောက်ကိုဆန့်လိုက်တယ်။ ခြေထောက်ဆန့်တာ နဲ့ စစ်သားက ကျွန်မခြေထောက်ကိုလည်း ကြိုးနဲ့ပြန်တုတ်ပေးလိုက်တယ်။ ထွက်ပြေးလို့မရအောင်ဆိုပြီးတော့ တုတ်လိုက်တာဟုတ်တယ်။ ညသန်းခေါင်လောက်ရောက်တဲ့အခါတော့ K.I.A ကနေလာပြီးတစ်ခါလာပစ်တယ်။ အဲဒီအချိန်မှာ ကျွန်မလည်း ခြေထောက်ညောင်းလာလို့ခြေထောက်ဆန့်လိုက်တဲ့အချိန်မှာ ကြိုးကနည်းနည်း ဖြေသွား တယ်။ စစ်သားတစ်ယောက်ကနေ ကြိုးဖြေနေတာကို လာတွေ့ပြီးတော့ မင်းထွက် ပြေးဖို့ကြိုးစားတယ် ဆိုပြီးကျွန်မကို ခြေထောက်နဲ့ကန်တယ်။ နောက်နေ့မနက်ရောက်တော့ ကျွန်မလည်း ကျွန်မကိုသတ်တော့ မှာဘဲဆိုပြီး ဝမ်းနည်းတာနဲ့ငိုတော့စစ်သားတစ်ယောက်က "မင်းငိုနေတာလား အခုထိငိုနေတာလား။ သွားတိပ်ခွေသွားယူခဲ့" ဆိုပြီးတော့ နောက်တစ်ယောက်ကိုခိုင်းတယ်။

ကျွန်မလည်း မငိုတော့ဘူး။ အဲဒီအချိန်မှာတစ်ရစ်နဲ့ရဲဘော်တစ်ယောက်က ကျွန်မဆီကို ပြေးလာပြီးတော့ အခုထိငိုနေတုန်းလာလို့ပြောပြီး သူ့ဆီမှာပါတဲ့ဓားအကြီးကြီးကို ထုတ်ပြီးတော့ ကျွန်မရဲ့လည်ပင်းမှာထောက်ပြီး တစ်ချက်ထဲဘဲနော်ထိုးထည့်လိုက်မယ်ဆိုပြီးတော့ လာခြိမ်းခြောက်တယ်။ မနက်မိုးလင်းတာနဲ့တိုက်ပွဲတစ်ခါပြန်ဖြစ်တယ်။ အဲဒီအချိန်မှာ သူတို့ရဲ့ဗိုလ်ကြီးတစ်ယောက်သေနတ် ထိတယ်။ အဲဒါနဲ့သူတို့လည်းတပ်ဆုတ်တဲ့အနေနဲ့ သူတို့ရဲ့ဗိုလ်ကြီးကိုလည်း တစ်ခါတည်းခေါ်သွားတယ် သူတို့ဗိုလ်ကြီးကတော့ ဘာပစ္စည်းမှလည်း မကိုင်နိုင်တော့ဘူး တုတ်ကောက်နဲ့ဘဲ သွားတော့တယ်။ တပ်ဆုတ်ပြီးတော့ ဒွမ်ဘမ်ဘွမ်ဆိုတဲ့ ကုန်းပေါ် မှာမှပြန်သွားနားတယ် အဲချိန်ကတော့ နေ့လည် ၁၁ နာရီရှိနေပြီအဲချိန်မှာ သူတို့ကျွန်မ ကိုထမင်းနည်း နည်း ကျွေးတယ်။ ဟင်းကတော့ ဝါးမြစ်ချဉ်နဲ့ ဌက်ပျောအူချက်ထားတာကို ထမင်းပုံမှာ အုပ်ထားပြီးတော့ နည်းနည်း ကျွေးတယ်။ နောက်ပြီးတော့

ပြန်ဆက်လျှောက်တယ် အစတုန်းကတော့ ကျွန်မ ကိုသူတို့မချည်တော့ဘူး။ နောက်ပိုင်းမှပြန်ချည် ထားတယ် နားတဲ့နေရာကိုရောက်တော့လည်း ဝါးပင်အောက် မှာပြန်ချည် ထားတယ်။

ညရောက်ပြန်တော့လည်း လက်ကိုနောက်ပြန်ကြိုးတုပ်ပြီးတော့ဝါးရုံပင်မှာ ပြန်ချည်ထားတယ်။ အဲဒီညလည်းတော်တော်ကိုအေးတယ်။ အဲဒီအချိန်မှာစစ်သားတစ်ယောက်နံဘေးမှာလာတဲ့ အချိန်မှာ ကျွန်မလည်း "ကျွန်မတို့ကိုလွတ်ပေးမယ်မဟုတ်လား" လို့မေးတဲ့အချိန်မှာ အေမိန်းမသားတွေကိုတော့ ပြန်လွတ်ပေးမယ်။ ဒါပေမယ့် ခင်ဗျားတို့မထွက်ပြေးနဲ့နော်။ ထွက်ပြေးရင်လည်းလွတ်အောင်ပြေးကြ လွတ်အောင်မပြေးနိုင်ရင်တော့ သတ်ပစ်လိုက်တာဟုတ်တယ်နော်ဆိုပြီးပြန်ပြောတယ်။ ကျွန်မလည်း ခင်ဗျားတို့ထွက်ပြေးခိုင်းရင်တောင် ကျွန်မကတော့မပြေးဘူး။ အခုတောင်မှကျွန်မမှာကိုယ်ဝန်ကြီးနဲ့ဆို တော့ဘယ်လိုမှပြေးလို့မရဘူး လို့သူ့ကိုပြောတဲ့အချိန်မှာတော့ အော်အဲလိုလားလို့ ပြောပြီး ကျွန်မကို ချိုချဉ် နှစ်လုံး ကျွေးခဲ့တယ်။ နောက်ပြီးသူကပြောသေးတယ် နောက်တစ်ခါအင်ပေါန်မှာ တွေ့ရင်ကျွန်တော့ကို ခေါ်ပြောပါနော်။ ကျွန်တော်တို့ဒုက္ခ ရောက်တာက ၃၊ ၄ လရှိပြီ။ အဒေါ်ဒုက္ခရောက်တာက အခုမှ ၂ရက် လောက်ဘဲရှိသေးတယ်။ ကျွန်တော်တို့ဆိုရင် အင်္ကျီတစ်ထည် ကိုယ်တစ်ခုနဲ့သွားနေတာကြာလှပြီ။ စိတ်မပူနဲ့အဒေါ်ကို နမ်ဆန့်ယန်ရောက်ရင် ပြန်လွှတ်ပေးမယ်နောလို့ပြန်ပြောတယ်။

အဲညစနေနေ့ ညဟုတ်တယ်။ မိုးလည်း တအားရွာတယ်။ ကျွန်မလည်း အဲဒီအချိန်မှာ ဘုရားသခင်ကို ဆုတောင်းတယ် ဘုရားရေဒီညတော့ ကျွန်မရအောင်ထွက်ပြေးမယ်။ ကျွန်မရဲ့ အသက်ကိုဘုရားရဲ့ လက်မှာဘဲ အပ်နှံမယ်။ ကျွန်မထွက်ပြေးတဲ့အခါမှာ ကူညီပါနောလို့ဆုတောင်းတယ်။ အဲဒီညကကျွန်မ ကိုချည်ထားတဲ့ ကြိုးကအသစ် ဟုတ်တယ်။ ကျွန်မယောကျ်ားကနေပြီးတော့ နွားချည်တဲ့ ကြိုးယူခဲ့နော်ဆိုပြီး ကျွန်မ ယူခဲ့တာ ဟုတ်တယ်။ ကျွန်မလည်း အဲကြိုးကိုဖြေမယ်ဆိုပြီးတော့လက်ကို လှုပ်ကြည့် တော့ကြိုးကဖြေလာတယ်။ အဲဒါနဲ့ ကြိုးအားလုံးကိုဖြေလိုက်ပြီးတော့ ခါးကကြိုးကိုပြန်ဖြေတယ်။ နောက်ပြီး ညနေတုန်းကတောင်း ထားတဲ့ သူတို့ရဲ့ မိုးကာအင်္ကျီယူပြီးတော့ အိပ်ဟန်ဆောင်နေတယ်။ နောက်ပိုင်းသူတို့ဓါတ်မီးနဲ့ ထိုးပြီးတော့ ရှာနေတဲ့အချိန်မှာတော့ကျွန်မရဲ့ ကြိုးတွေအားလုံးဖြေကုန်ပြီ။ နောက်ပိုင်းဓါတ်မီးနဲ့မထိုးခင် အချိန်မှာ ကျွန်မက ကြိုးဖြေပြီးတော့အောက်ကိုဆင်းပြေးသွားတယ်။ နောက်ပိုင်းကျွန်မခပ်လမ်းလမ်းကို ရောက်တဲ့အချိန်မှာ စောင့်နေတဲ့သူတွေက ကျွန်မထွက်ပြေးသွားတာကိုသိတာနဲ့သူတို့က လိုက်ရှာတယ်။ ကျွန်မလည်း ကုန်းကုန်းကွကွနဲ့ မောင်မောင်မဲမဲထဲမှာ စမ်း တစ်ဝါးဝါးနဲ့ လိုက်လျှောက်သွားတယ်။ နောက်ပိုင်း သိပ်မကြာခင်မှာ ကျွန်မတို့ညနေကဖြတ်ခဲ့တဲ့ ကားလမ်းမပေါ်ကိုရောက်တယ်။ အဲဒီအချိန်မှာကျွန်မက စဉ်စားတယ် စစ်သားတွေလည်း ဘာဘဲပြောပြော သူတို့လည်း ကားလမ်းမပေါ်မှာတော့ စောင့်နေမှာဘဲ ဆို တဲ့အတွေးနဲ့ကျွန်မကလမ်းရဲ့အောက်ဘက်ကို ပြန်ပြောင်းပြီးတော့ပြေးသွားလိုက်တယ်။

သိပ်မကြာခင်မှာ ဘဲသုံးလေးလမ်း လျှောက်ပြီးတဲ့ အချိန်မှာ စစ်သားတွေလမ်းမှာ စောင့်နေ တယ်ဆိုတာကိုတွေ့လိုက်တယ်။ သူတို့လည်းဓာတ်မီးကိုမသုံးရဲဘူး။ အဲဒီလိုဘဲ လိုက်ရှာကြတယ်။ ကျွန်မထွက်ပြေးပြီး နောက်မှာတော့ သူတို့က ကျွန်မထွက်ပြေးမယ်လို့ ယူဆတဲ့နေရာမှာ သေနတ်၂ ခါလိုက်ပစ်တယ်။ ကျွန်မလည်း ကြောက်ကြောက်နဲ့ တောထဲမှာ ထွက်ပြေးတယ်။ အဲချိန်မှာ ကျွန်မက သက်ကယ်တောထဲမှာနေပြီး ဘုရားသခင်ဆီမှာ ဆုတောင်းတယ် ကျေးဇူးဘဲဘုရားရေ အခုတော့ကျွန်မ မနက်မိုးလင်းတဲ့အထိစောင့်ပြီး သွားတော့မယ်လို့ ကျေးဇူးတင်ပြီးဆုတောင်းနေတယ်။ နောက်နေ့ မနက်မိုး မလင်းတလင်း အချိန်မှာ ကျွန်မန ဘေးမှာ ချောင်းဆိုးတဲ့အသံကိုကြားလိုက်တော့ ကျွန်မလည်း ကြောက်ပြီး နောက်တစ်ခေါက်ပြန်ထပ်ပြေးတယ်။

နောက်တော့မှ ကျွန်မတို့အင်ပေါန်ရွာရဲ့ ချောင်းကိုပြန်ရောက်သွားတယ်။ အဲဒီနောက်တော့ ကျွန်မလည်း တအားကြောက်ပြီး အိမ်ပြန်ပြီးတော့ အိမ်မှာရှိတဲ့ ကျွန်မ ပစ္စည်းတစ်ချို့ကိုယူပြီးလို င်ဇာကိုထွက်သွားလိုက်တယ်။ ကျွန်မကိုထမ်းခိုင်းတဲ့ပစ္စည်းတွေကတော့ သိပ်တော့မလေးဘူး။ ဒါပေမဲ့ယောကျ်ားလေး တွေကိုထမ်းခိုင်းတဲ့ပစ္စည်းကတော့ တော်တော်ကိုလေးတယ်လို့ပြောတယ်။ ကျွန်မတို့ ပေါ်တာတွေအားလုံးကတော့ ၅ ယောက်ဟုတ်တယ်။ ကျွန်မကို သူတို့ဖမ်းပြီး မျက်လုံးကို အဝတ်နဲ့မစည်း ခင်တုန်းက တစ်ခြားသူငယ်ချင်းတွေကိုမေးတော့ သူတို့ကနမ်ဆန်ယန်က ဟုတ်တယ်လို့ ပြောတယ်။ သူတို့ရဲ့လက်တွေဆိုရင် ကြိုးနဲ့ချည်ထားတာတော်တော်ကိုဆိုးနေတယ်။ ကျွန်မကိုတော့ ကျွန်မဝယ်ခဲ့တဲ့ကြိုးနဲ့ ချည်ထားတာဆိုတော့ နည်းနည်းသက်သာသွားတယ်။ ကျွန်မဆိုရင် အိမ်ရောက်ပြီး



သုံးရက်လောက်ကြာသွားရင်လည်း အနာကတော့မပျောက်ဘူး။ ကိုယ်တွေဆိုရင် အရမ်းကိုက်ခဲတယ်။ လက်တွေ မှာလည်း ဆူးတွေချည်ဘဲ။ အစပြေးတုန်းက ဆိုရင် သိပ်သတိမထားမိဘူး။ နောက်ပိုင်း အိမ်ရောက်တော့မှာ လက်တစ်ခုလုံးလည်း ဆူးတွေနဲ့ဘဲပြည့်နေတယ်။ ပေါ်တာခေါ်သွားတဲ့အထဲမှာတော့ ကျွန်မတစ်ယောက်ထဲမိန်းကလေးဟုတ်တယ်။ စစ်သားအင်အားကတော့ စုစုပေါင်း ၂၀၀ လောက် ရှိမယ်ထင်တယ်။ စစ်ကြောင်း သုံးကြောင်းနဲ့ ခွဲပြီးသွားတာ ဟုတ်တယ်။ ကျွန်မကိုတအားကြီး နှိပ်စက်တာတွေတော့မရှိဘူး။ တစ်ခါရိုက်တယ်။ နောက်ပြီး ဓားနဲ့ကျွန်မကို လည်ပင်းမှာထောက်ပေးတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – စစ်ကြောင့်သေဆုံးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - (မန်ခွပ်)ဦးလထော်ဇော်ဆိုင်း။ |
| ကျား/မ | - ကျား |
| အသက် | - (၉၅)နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - အစိုးရစစ်မှုထမ်းဟောင်း။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သား၊သမီး | - ကျား(၂)ဦး၊ မ(၃)ဦး။ |
| နေရပ်လိပ်စာ | - မလန်းယန်(ဂျာပူ)၊ ဝိုင်းမော်မြို့နယ်။ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | -**** (IDP) စခန်း (KBC) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၀၁၁ခုနှစ်၊ ဒီဇင်ဘာလ။ |
| အခင်းဖြစ်ပွားသည့်နေရာ | - မလန်းယန်(ဂျာပူ),ဝိုင်းမော်မြို့နယ်။ ကချင်ပြည်နယ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - (၃၆)နှစ်။ |
| ဇနီး/ခင်ပွန်း | - ဦး**** |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၈ရက်၊ ဇန္နဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

၂၀၁၁ခုနှစ်တွင် မလန်ယန်(ဂျာပူ)ကျေးရွာသို့ အစိုးရစစ်တပ်များဝင်လာသည့်အချိန်တွင် ရွာသားများသည် ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ "ကျွန်မတို့ ဂျာပူရွာကို ရုတ်တရက် ဗမာတွေဝင်လာလို့ ဘာမှမတတ်နိုင်ဘူး အသက်လွတ်အောင် ထွက်ပြေးခဲ့တယ်"

ဦးလထော်ဇော်ဆိုင်းက လေဖြတ်နေသောသူ ဖြစ်သောကြောင့် သူတစ်ယောက်တည်း သွားလာလှုပ်ရှား နိုင်ခြင်းမရှိပါ။ မျက်စိမမြင်ရုံသာမက နားလည်းမကြားသူ ဖြစ်သည်။ သူ့ကိုခေါ်ယူထွက်ပြေး တိမ်းရှောင်မည် ဆိုရင်လည်း ကြိုတင်ပြင်ဆင်ထားသည် မဟုတ်တော့ အခက်အခဲရှိပြီး ရွာထဲမှာထားခဲ့သည်။ ရွာအနီးပတ် ဝန်းကျင်တွင် တိမ်းရှောင်နေသော အချို့ရွာသားများကို (အဘိုးအိုအား) ကြည့်ရှုပေးရန် မှာထားခဲ့သည်။ "သူကအစိုးရစစ်မှု ထမ်းဟောင်းဖြစ်တယ်။ (စစ်ထွက်လက်မှတ်) 'အဲဒီလက်မှတ်ပဲ ထားခဲ့ပေးကြလိုက်ပါ' လို့မိတ်ဆွေတွေကပြောတယ်။ ကျွန်မယောက္ခမလည်း သေနတ်၊ ကျည်ဆံတွေကြား ကြောက်ပြီး ဘယ်လိုမှမတတ်နိုင်ဘဲ၊ လက်မှတ်ပဲ ထားပေးခဲ့လိုက်တယ်။ ကျန်နေတဲ့ ရွာသားတွေလည်း ရေနဲ့ထမင်း ထုပ်တစ်ခေါက်တော့ သွားကျွေးနိုင်ခဲ့တယ်လို့ပြောတယ်။ အဲ့ဒီနောက်တော့ ရွာမှာလည်း ဗမာစစ်သားတွေပဲပြည့်နေတော့ ရွာသားတွေလည်းသွားမကြည့်နိုင်တော့ဘူး" ထို့ကြောင့်

ဦးလထော်ဇော်ဆိုင်းသည် အစားရေစာပြတ်လပ်ပြီး သေဆုံးခဲ့သည်။

ဦးလထော်ဇော်ဆိုင်း သေဆုံးသွားသည့်အကြောင်းကို ၂၀၁၂ခုနှစ်၊ ဇန္နဝါရီလ၊ ၁၅ရက်နေ့တွင် ၎င်း၏မိသားစုကသိရှိရသည်။ သေဆုံးသွားသော ဦးလထော်ဇော်ဆိုင်း၏ ရုပ်ကလပ်ကို ကေအိုင်အေ ပြည်သူ့စစ်တပ် ဖွဲ့ဝင်များက တိတ်တဆိတ်သွားရောက် သင်္ဂြိုဟ်ပေးခဲ့သည်။ “အိမ်နံဘေးမှာပဲ မြုပ်ခဲ့တယ်လို့ပြောတယ်”

**လူ့အခွင့်အရေးချိုးဖောက်မှု – စစ်ကြောင့်သေဆုံးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦးလဖိုင်ဇော်ဘောက်။ |
| ကျား/မ | - ကျား။ |
| အသက် | - ၈၀နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| ကျန်းမာရေးအခြေအနေ | - ချော်လဲခြင်းကြောင့်ခန္ဓာကိုယ်လှုပ်ရှား၍မရ။ |
| သေဆုံးသည့်နေ့ | - ဒီဇင်ဘာလ၊ ၂၆-၃၀ရက်ကြား၊ ၂၀၁၁ ခုနှစ်။ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂျာပူ ကျေးရွာ၊ အပိုင်း(****)၊ ဝိုင်းမော်မြို့နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ဂျာပူ ကျေးရွာ၊ အပိုင်း(****)၊ ဝိုင်းမော်မြို့နယ်။ |
| ချိုးဖောက်သူ | - တပ်မ(၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| အသက် | - ၄၅နှစ်။ |
| အလုပ်အကိုင် | - သစ်သီးခြံ |
| သားသမီး | - ((၆)ယောက်) မ(၃)ယောက်၊ ကျား (၃)ယောက်။ |
| ချိုးဖောက်ခံရသူနှင့်တော်စပ်မှု | - သေဆုံးသွားသူ၏ ချွေးမ။ |
| နေရပ် | - ဂျာပူ ကျေးရွာ အပိုင်း(****)၊ ဝိုင်းမော်မြို့နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၃ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

ဦးလဖိုင်ဇော်ဘောက်သည် ယခင်က ရှမ်းပြည်နယ် မြောက်ပိုင်းနမ္မတူမြို့နယ်တွင် တောခေါင်း အလုပ်လုပ်ကိုင်ခဲ့သူဖြစ်သည်။ သူသည်တိုက်ပွဲမဖြစ်ပွားမီ ရှေ့နှစ်လတွင် ချော်လဲခဲ့သည့်အတွက် ခန္ဓာကိုယ် လှုပ်ရှား၍ မရဘဲ၊ လက်နှစ်ဖက်သာ လှုပ်ရှားနိုင်ခဲ့သည်။

“ကျွန်မတို့က (၇)လပိုင်းတုန်းက သေနတ်သံ အရမ်းကြားတော့ မြို့ကိုခေါ်သွားမယ်လို့ စဉ်းစားထား ပေမယ့် သူ့ခန္ဓာကိုယ်သူ မနိုင်တဲ့အတွက် ‘(ရွာကနေ) သွားသွားလာလာ မလုပ်ချင်တော့ဘူး’ လို့ပြောတယ်။” ဦးလဖိုင်ဇော်ဘောက်၏ ချွေးမနှင့်မြေးများသည် ဩဂုတ်လအထိ ရွာကနေ ထွက်မပြေးသေးပဲ ဆက်နေနေ ခဲ့သည်။ သို့သော် ကျောင်းက ပိတ်သွားတော့၊ ကလေးများ ကျောင်းတက်ဖို့ နောက်ကျလာပြီး၊ သမီးအကြီး ဆုံးလည်းမြို့တွင်ကျောင်းတက်နေသဖြင့် မြို့သို့တက်လာခဲ့သည်။

(ဦးလဖိုင်ဇော်ဘောက်၏) တတိယမြောက်သားကို ဖခင်အိုအား စောင့်ရှောက်ရန် ရွာတွင် နေရစ်ခိုင်းခဲ့သည်။ “ဒီဇင်ဘာ ၂၈ရက် မနက် ၈နာရီအချိန် ကျွန်မတို့ ဂျာပူမှာ မြန်မာစစ်သားတွေ ဝင်လာပြီ။ တစ်ရွာလုံးကိုဝိုင်း ထားပြီလို့ သိရတယ်။ ရွာထဲကို သေနတ်ရော ဗုံးရော အမြောက်ရော ပစ်ခတ်ကြတယ်။ အဲဒီရွာက အင်ဘော် (Nbaw)တို့ အိမ်မှာ မော်တာကျည်ဆံကျပြီး မီးလောင်သွားပြီဟေ့လို့ ပြောနေချိန်မှာပဲ၊



ကျွန်မတို့ ခေါင်းပေါ်ကနေတောင် ကျည်ဆံတွေ ဝီးကနဲ ဖြတ်သွားသံတွေ ကြားရတော့ (အဖိုးကြီးကို) ဘယ်လိုမှ ခေါ်မသွားနိုင်လို့ ထားခဲ့လိုက်ရတယ်။”

“ကျွန်မခြံကိုယူသွားဖို့ ထုပ်ထားတဲ့ ထမင်းထုပ်ကို ယောက္ခမကို ပေးထားပြီးတော့ ဆုတောင်းနော်လို့ ပြောထားခဲ့တယ်။ သူများစကားပြောသံကြားရင် ဗမာစစ်သားပဲဖြစ်ဖြစ်၊ ကေအိုင်အေ စစ်သားကိုပဲဖြစ်ဖြစ်၊ ဘယ်သူ့ကိုပဲဖြစ်ဖြစ် ရေလေးဘာလေး တောင်းသောက်နော်လို့ပဲ မှာထားနိုင်ခဲ့တယ်။ ‘ထားလိုက်တော့ မတတ်နိုင်တော့ဘူး။ ငါကသေလူဖြစ်နေပြီးသားပဲ။’ လို့ လိုက်ညည်းသေးတယ်။”

နောက်၂၀၁၂ခုနှစ်ဇန်နဝါရီလတွင် သေဆုံးသွားကြောင်း ကြားသိရသည်။ ဇန်နဝါရီလ ၈ရက်နေ့မှာသား သမီး၊ ချွေးမများ တိမ်းရှောင်နေသော (မြစ်ကြီးနား) စီတာပူ စစ်ဘေးဒုက္ခသည်စခန်း(KBC)၌ သေဆုံး သွားသူဦးလဖိုင်ဇော်ဘောက်အတွက် ဆုတောင်းစည်းဝေးခြင်း ပြုလုပ်ခဲ့သည်။ သူသေပြီးသည့် နောက်ပိုင်း အလောင်းကို သူ့သားအလတ်က မြေမြုပ်ပေးခဲ့သည်။ အိမ်ဝင်းထဲမှာပဲ မြုပ်ခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မပျောက်ဆုံးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၀ နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| သားသမီး | - ၂ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်***** |
| နေရပ်လိပ်စာ | - ****ရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ရက်၊ ၁၁လ၊၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - **** ဘုရားကျောင်းဝင်း |
| ချိုးဖောက်သူ | - တပ်မ(၈၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အသက် | - ၃၅ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ စနလ(နိုင်) ***** |
| နေရပ်လိပ်စာ | - မုတ်ကျိတ်ကျေးရွာ၊ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၅ရက်၊ ၁လ ၊၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဦး****သည် ကလေးနှစ်ယောက် ရပြီးနောက် မိန်းမနှင့်ကွာရှင်းခဲ့သည်။ မုတ်ကျိတ်ကျေးရွာက ****ဟု နာမည်ပေးထားသည့် စပါးကျိတ်စက်တွင် အလုပ်လုပ်သည်။ အစတွင်ငါ စပါးကျိတ်စက်၌နေပြီး နောက်ပိုင်း သူ၏အမျိုးအိမ် ဦး*****၏အိမ်၌ ပြောင်းရွှေ့နေခဲ့သည်။ အိမ်ပြောင်းပြီးတစ်ပတ်အကြာတွင် အခုလို အဖြစ်အပျက် ဖြစ်သွားသည်ဟု သူနေသည့် အိမ်ကဒေါ်****က ပြောပြပါသည်။

နိုဝင်ဘာလ(၆)ရက်နေ့ ၂၀၁၁ခုနှစ် နံနက်၈နာရီခန့်တွင် ရွာထဲသေနတ်သံကြားသဖြင့် ဦး****လည်း ဘုရားကျောင်းထဲ ပြေးသွားပြီး ဘုရားကျောင်း နောက်တွင်ရှိသော မီးစက်ထားသည့် နေရာ၌သွားပုန်း နေခဲ့သည်။ သိပ်မကြာသည့်အချိန်အတွင်း အစိုးရစစ်သားများ ရွာထဲဝင်လာပြီး တစ်ရွာလုံးကို မွှေနှောက်၊

တွေ့သည့်လူကိုဖမ်းသည်။ စစ်သားများသည် ဦး****ပုန်းနေသည့် ဘုရားကျောင်းဝင်းသို့ ရောက်လာသည်။ ဘုရားကျောင်းကို ဝင်ရှာတော့ ပုန်းနေသည့် ဦး****ကို တွေ့သွားပြီး ဘုရားကျောင်းရှေ့ကို တရွတ်တိုက် ဆွဲခေါ်သွားသည်။ ဘုရားကျောင်းရှေ့တွင် တစ်ခြားလူ (၃)ယောက်ကိုလည်း ဖမ်းဆီးထားပြီး သေနတ်ဒင်နှင့် ရိုက်နက်ကြသည်။

ဖမ်းဆီးထားသည့် လူများကိုဝါးရှောင်အစိုးရစစ်တပ်စခန်းကို ခေါ်ဆောင် သွားကြသည်။ သူတို့ (၄) ယောက်ကိုအခန်းခွဲပြီး မေးမြန်းစစ်ဆေးသည်။ ဦး****ကို မေးမြန်းသံတွေကို ဘေးခန်းကဦး****က ကြားနေရသည်။

စစ်ဆေးမေးမြန်းတော့ 'မင်းကေအိုင်အေ စစ်သားဟုတ်တယ် မဟုတ်လား'လို့ မေးတော့ ဦး****က အရင်ကလုပ်ဖူးပါတယ်လို့ ဖြေသံကို ကြားရပါတယ်။ အဲဒီနောက်တော့ ဘာမှထပ်မမေးပဲနဲ့ အဲဒီညနေ သူတို့စစ်ကြောင်း ထွက်တဲ့နေရာကို ခေါ်သွားတယ်လို့ သူနဲ့အတူအဖမ်းခံရတဲ့ ဦး****ကပြောပါတယ်။ ဦး****သည် ညှင်းပန်းနှိပ်စက်ခံရသဖြင့် မေ့မြောနေသည့်အချိန် သေတယ်ထင်ပြီး ထားခဲ့ရာက ညနေ (၄) နာရီခန့်တွင် သတိရပြီးအိမ်ကို ပြန်လာခဲ့သည်။ သူနှင့်အတူအဖမ်းခံရတဲ့ ဦး*****က အခုချိန်ထိ သေသလား၊ ရှင်သလား မသိရသေးပါ။

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားဖမ်းဆီးမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | -၂၀နှစ် |
| ပညာအရည်အချင်း | - ၁၀ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းဆရာ |
| အိမ်ထောင်ရှိ/ မရှိ | - မ ရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂျထကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁လ၊၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - တရုတ်နိုင်ငံ၊ ခရှန်ရွာမှ ဝိုင်းမော်သွားတဲ့လမ်း |
| ချိုးဖောက်သူ | - ခမရ ၃၂၁ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဆရာမ **** |
| နေရပ်လိပ်စာ | - မဂါးယန် စစ်ရှောင်စခန်း၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ၃၁ရက်၊ ၁လ၊၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဦး****သည် မဂါးယန် စစ်ပြေးဒုက္ခသည် စခန်းတွင် ကျောင်းဆရာအလုပ်ကို လုပ်ကိုင်နေပါသည်။ အောက်တိုဘာလ (၂၆)ရက်နေ့ ကျောင်းပိတ်သဖြင့် အိမ်ပြန်ပြီး အိမ်အလုပ်လုပ်ကူရန် ဆရာမဒေါ်****နဲ့ အတူပြန်သွားသည်။ ၃၀ရက်နေ့တွင် မဂါးယန်သို့ ပြန်ရောက်လာကာ နောက်တစ်နေ့ တရုတ်ပြည် ခရှန်ရွာဖက်ကိုသွားပြီး ဦး****တို့ရဲ့ဆိုင်မှ ဆိုင်ကယ်ငှားလာခဲ့သည်။ သူ၏သူငယ်ချင်း ဦး****ကိုခေါ်ကာ ခရှန်ကျေးရွာကို သွားလည်ခဲ့ပါတယ်။ ပြီးနောက် ဦး****ကို အရင်ပြန်ခိုင်းပြီး သူပြန်လိုက်လာမည်ဟုပြောကာ နေရစ်ခဲ့ပါသည်။



"ဒါပေမဲ့ တစ်ရက်လည်း သူရောက်မလာ နှစ်ရက်လည်း သူရောက်မလာခဲ့ပါဘူး။ သူဆိုင်ကယ်ငှားတဲ့ ဆိုင်ကိုသွားမေးတော့လည်း သူတို့လည်း သတင်းမကြားရကြောင်း ပြောပါတယ်။ တစ်ပါတ်လောက် ကြာပြီးနောက်ဦး****ရဲ့သူငယ်ချင်းတစ်ယောက်ဖြစ်တဲ့ဦး****ကဦး****ကျောင်းဆရာလုပ်တဲ့ကျောင်းက ဆရာမတစ်ယောက်ဆီကို ဖုန်းဆက်ပြီး ဦး****သည် နောက်တစ်ရက် နှစ်ရက်ဆိုပြန်လာမယ်လို့ ပြောလာတယ်။ ပြန်ရောက်လာမလားဆိုပြီး ဆရာ၊ ဆရာမများ စောင့်နေသေးသော်လည်း နိုဝင်ဘာ(၁၃) ရက်နေ့မှာ ဦး**** ဖုန်းတစ်ခါ ပြန်ဆက်လာပြီး ဦး****ကို အစိုးရစစ်သားတွေ ဖမ်းဆီးသွားတယ်လို့ ပြန်ပြောပြလာတယ်။ ဦး****သည် ခရှန်ရွာကနေ ဝိုင်းမော်ကို သွားတဲ့လမ်းမှာ အဖမ်းခံခဲ့ရတာပါ။ သူ့ကိုစစ်မေးတဲ့အချိန် သူကမြစ်ကြီးနားဇီးလွန်မှာ ကျောင်းတတ်ဖူးတယ်လို့ ပြောကာထောက်လှမ်းရေးတွေက ဇီးလွန်အ.ထ.ကကျောင်းအထိ သွားပြီးမေးပါတယ်။"

"ကျောင်းအုပ်ကြီး မရှိတဲ့အချိန်ဖြစ်နေလို့ ဆရာမတွေနဲ့ပဲတွေ့ပြီး ဆရာမတွေ တက်ခဲ့ပါတယ်လို့ ပြောလိုက်ပါတယ်။ ဦး****က ကျောင်းတက်တုန်းက ဇီးလွန်သင်းအုပ်ဆရာ ဖွင့်ထားတဲ့အဆောင်မှာ မောင်****နဲ့အတူ နေဖူးလို့ အဲဒီကျောင်းက လူတွေက မောင်****ကို ဖုန်းဆက်ပြီး အကြောင်းကြား ပေးတာပါ။ မဂါးယန်က ဆရာမတွေလည်း ဇီးလွန်က သင်းအုပ်ဆရာဆီ ဖုန်းဆက်ကာမေးကြည့်တော့ ဦး****အဖမ်းခံရတာသေချာတယ်လို့ သိခဲ့ရပါတယ်။ သူ့ကိုမြစ်ကြီးနားထောင်မှာ ဖမ်းထားတယ်လို့ သိရပါတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦးဇခုံလနူး |
| ကျား/မ | - ကျား |
| အသက် | - ၃၃ နှစ်။ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ ဝမန(နိုင်) ****** |
| ပညာအရည်အချင်း | - ၈တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်းအလုပ် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည့်အမည် | - ဒေါ်**** |
| သားသမီး | - ၁ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂျာထကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၅ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကန်ဒေါင်ယန်ကျေးရွာသွားသောလမ်းပေါ် |
| ချိုးဖောက်သူ | - ကန်ဒေါင်ယန်အခြေစိုက်အစိုးရစစ်တပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂျာထကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| မှတ်တမ်းကောက်သည့်နေ့ | - ၃၁ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဂျာထကျေးရွာတွင် နေထိုင်သည့် ဦးလနူးသည် နိုဝင်ဘာလ ၁၅ရက်နေ့၌ ကန်ဒုံယန်ကျေးရွာသို့ အိမ်နီးချင်းပိုင်သော စပါးသယ်ရန် သုံးဘီးကားနှင့်လာခဲ့ချိန် ကန်ဒုံယန်ကျေးရွာတွင် အခြေစိုက်နေသော အစိုးရစစ်တပ်၏ ပစ်ခတ်ခြင်းကို ခံခဲ့ရသည်။ သူနှင့်အတူအိမ်နီးချင်း ရွာသား (၆)ယောက် (၇)ယောက် ပါလာသည်။ သူတို့သုံးဘီးမောင်းသွားနေချိန် အစိုးရစစ်သားများ သူတို့နေသည့် နေရာကနေလှမ်းပစ်သည်။ သေနတ်ပစ်သံကြားပြီး သုံးဘီးပေါ်လိုက်စီးလာသည့် လူများအကုန် ထွက်ပြေးကုန်သည်။

"ဦးလနူးလည်း မောင်းနေရင်းပြေးဖို့ လုပ်တုန်းစက်သေနတ်ထိမှန်ပြီး အဲဒီနေရာမှာပဲ သေဆုံးသွားပါတယ်။ သေဆုံးပြီး (၃)ရက်လောက်ကြာမှ သူ့ရဲ့အိမ်သားတွေ အလောင်းပြန်သွားယူပြီး မြေမြှုပ်ခဲ့ပါတယ်။ အခုလိုဖြစ်ပွားတဲ့အချိန်က အစိုးရစစ်တပ်နဲ့ ကေအိုင် အေစစ်တပ်ကြား စစ်ဖြစ်ပွားနေလို့ ရွာသားတွေ ရှောင်ပြေးနေချိန် ဖြစ်ပါတယ်။ သေဆုံးသူကတော့ ကူလီခ(နေ့စားခ) ငါးထောင်ရလို့ အရဲစွန့်ပြီး လုပ်နေတာဖြစ်ပါတယ်။"

| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားသတ်ဖြတ်မှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်နဖော့်တောင် |
| ကျား/မ | - မ |
| အသက် | - ၄၀ နှစ် |
| ပညာအရည်အချင်း | - ၄ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်းအလုပ် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သားသမီး | - ၅ယောက် |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - အင်ခရမ်းရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဂျာပူကျေးရွာသွားသောလမ်းမှာ |
| ချိုးဖောက်သူ | - ခမရ ၃၁၈ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| နေရပ်လိပ်စာ | - ဂါးရာယန်စစ်ရှောင်စခန်း၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| မှတ်တမ်းကောက်သည့်နေ့ | - ၃ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဒေါ်နဖော့်တောင်သည် အရင်ကအင်ခရမ်းကျေးရွာ၌ နေထိုင်ပြီး တရုတ်ပြည် ယင်ဂျန်းမြို့တွင် အိမ်ထောင် ပြုပြီးနေထိုင်သည်။ တစ်နေ့ သူ၏သူငယ်ချင်းနှင့်အတူ အင်ခရမ်းကျေးရွာကနေ ဂျာပူရွာကို တောလမ်းကနေ သွားနေချိန် အင်အားတိုးရန် တက်လာသည့် အစိုးရစစ်တပ် အဖွဲ့နှင့်ဆုံပြီး သေနတ်နှင့် ပစ်ခံရသည်။ ပထမစစ်သား(၁၀)ယောက်တွေ့ချိန် အချိန်မှီပုန်းနေနိုင်သော်လည်း သူတို့ကျော်သွားပြီး အစိုးရစစ်သားများ မရှိသည့်အထင်နှင့် ပုန်းနေရာမှ ထွက်လာပြီး ခရီးဆက်သွားချိန် နောက်မှ



ထပ်လိုက်လာသော အစိုးရစစ်သားများက ပစ်သတ်လိုက်ခြင်းဖြစ်သည်။

သေဆုံးသူနှင့်အတူ ပါလာသည့် သူငယ်ချင်းသည် ထွက်ပြေးလွတ်မြောက်သွား သော်လည်း သေဆုံးသူ ဒေါ်နဖော့်တောင်သည် သူမ၏ရင်ဘတ်တွင် သေနတ်မှန်ပြီး သေဆုံးသွားခဲ့သည်။ သေဆုံးသူနှင့်အတူပါလာသည့် သူငယ်ချင်းလည်း ကြောက်လန့်ပြီး ကမန်းကတန်း သူ၏ယောကျာ်းနှင့် သေဆုံးသူ၏ ယောက်ျားတို့ကို သွားပြောသည်။ ၂ရက်ခန့်အကြာတွင် သေဆုံးသူ၏ ယောကျာ်းနှင့် ကေအိုင်အေ စစ်သားများ ဒေါ်နဖော့်တောင်၏ အလောင်းကို ရှာဖွေပြီး မြေမြှုပ် သင်္ဂြိုလ်လိုက်သည်။

| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားသတ်ဖြတ်မှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦးလဆိုင်း။ |
| ကျား/မ | - ကျား |
| အသက် | - (၂၄)နှစ်။ |
| မွေးသက္ကရာဇ် | - ၁၉၈၄ ခုနှစ်။ |
| ပညာအရည်အချင်း | - (၇)တန်း။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ဂျာပူရွာ၊ ဝိုင်းမော်မြို့နယ်။ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - (၂၆)ရက်၊ ဒီဇင်ဘာလ၊ ၂၀၁၁ခုနှစ်၊ နံနက်(၁၁း၀၀)နာရီ။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ဂျာပူရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - တပ်မ(၈၈)၊ ခမရ( ၃၉၀) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ၏မိခင် |
| အသက် | - (၅၄)နှစ်။ |
| ကိုးကွယ်ယုံကြည်မှု | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ။ ****(IDP)စခန်းဘုရားကျောင်းသန့်ရှင်းရေး |
| ပညာအရည်အချင်း | - သူငယ်တန်း။ |
| သား၊သမီး | - သမီး(၂)ဦး၊ သား(၁)ဦး။ |
| ချိုးဖောက်ခံရသူနှင့်တော်စပ်ပုံ | - မိခင်။ |
| နေရပ်လိပ်စာ | - အမှတ်****၊ အပိုင်း****၊ မလန်းယန်(ဂျာပူ)။ ဝိုင်းမော်မြို့နယ်။ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | - ****(IDP)စခန်း၊ အမှတ်(****) |
| မှတ်တမ်းကောက်ယူသည့်နေ့ | - (၂၄)ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၅ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF, KWAT |

**အမှုဖြစ်စဉ်**

၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် စစ်ပြန်ဖြစ်လာသည်။ သို့သော် ဂျာပူကျေးရွာမှ ရွာသားအချို့သည် ရွာထဲတွင် ဆက်လက်၍ နေထိုင်ကြသည်။ ဦးလဆိုင်း၏ မိသားစုအချို့သည် လိုင်ဇာသို့စစ်ရှောင်ခဲ့ကြသည်။ ဦးလဆိုင်းသည် လိုင်ဇာနှင့်ဂျာပူရွာကြား ဆိုင်ကယ် ကယ်ရီအလုပ်ကို လုပ်ကိုင်နေသည်။

"ဗမာစစ်ကြောင်းတွေ လှုပ်လှုပ်ရှားရှားဖြစ်နေတယ်။ ဒါပေမဲ့(ရွာထဲကို) ဗမာစစ်တပ်တွေ ရောက်လာမယ်ဆို တာမသိဘူး။ (၂၆ရက်. ၁၂လ. ၂၀၁၁ခုနှစ်) လိုင်ဇာကနေ အိမ်ပြန်လာတဲ့အချိန် လမ်းမှာ မိတ်ဆွေတွေက 'ဂျာပူမှာဗမာတွေဝင်ပြီထင်တယ်၊ ဒီနေ့မနက်သေနတ်သံ ကြားတယ်'လို့ပြောပြတယ်။ သူကနားလည်းသိပ် မကြားဘူးဆိုတော့ သူ့မိတ်ဆွေတွေ ပြောပြတာလည်း မကြားလိုက်ဘူးထင်တယ်။ အသီးတွေထည့်လာဖို့ ခြင်းတောင်းကိုတင်ပြီး ဆိုင်ကယ်နဲ့ ဆင်းလာတဲ့အချိန် သတ်ခံရတာဖြစ်တယ်"

"အရင်ကလည်း သူငယ်ချင်းတွေနဲ့ ပြန်လာနေကြ ဟုတ်တယ်။ သူ့ကိုရွာရဲ့ဆေးရုံရှေ့မှာ ဖမ်းဆီးခဲ့တယ်။ ကေအိုင်အေတွေက ရွာရဲ့တောင်ကုန်းဘက်မှာဖြစ်ပြီး၊ ဗမာတွေကရွာထဲမှာ ဝင်နေတာ ဖြစ်တယ်"

"ဗမာတွေခေါ်သွားတာက ဒဘတ်ရွာက မန်ရှန်လကိ(မန်ရှန်ဆောင်ကိ)နှင့် သူတို့ယောက်ဖ နှစ်ယောက် ဟုတ်တယ်။ သေနတ်နှင့် သုံးကြိမ်ပစ်တာ သေနတ်ကျည်မအောင်လို့ လေး(၄)ကြိမ်မြောက်မှ ကျည်ဆံ အောင်ပြီးပစ်သတ်နိုင်ခဲ့တယ်တဲ့။ ဈေးနံဘေးက အိမ်သာအဟောင်းဘေးမှာ ကျင်းလုပ်ထားတဲ့ နေရာမှာ တွန်းထည့်ထားပြီး အိမ်သာမှာသုံးတဲ့မိုးကာနဲ့ ပြန်အုပ်ထားတယ်"

ခန်းဒါလ ဆိုသူသည်ဖမ်းဆီးခံပြီး ပြန်လွှတ်ပေးနေချိန် စစ်သားများကို ပြန်လှည့်ကြည့်နေသဖြင့် " 'မင်းက သေချင်တယ်ထင်တယ်' ဆိုပြီး ပြန်ဆွဲခေါ်ပြီး သူငယ်ချင်းတွေနဲ့ အဲဒီကျင်းမှာပဲပစ်သတ်ပြီး ထည့်ထား တယ်"

ဦးလဆိုင်း ပစ်သတ်ခံရသည့်အကြောင်းကို သူ၏မိခင်နှင့် မိသားစုများက သေဆုံးသွားပြီး (၁၀)ဆယ် ရက်ကျော် ကြာသည့်နောက်ပိုင်းမှ သိရှိခဲ့သည်။ ဦးလဆိုင်း ဖမ်းဆီးခံရသည့်နေ့တွင် ရွာထဲမှာရှိနေတဲ့ရွာ သားများကိုလည်း အစိုးရစစ်သားများက ရွာရှိအိမ်တစ်လုံး၌ ဖမ်းချုပ်ထားသည်။ ကေအိုင်အေတပ်ဖွဲ့မှပစ် ခတ်လာသည့်အခါ ထိုရွာသားများကို ပြန်လွှတ်ပေးခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – အဓမ္မခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၉ နှစ်။ |
| လူမျိုး | - တရုတ်လူမျိုး |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျပန်းအလုပ် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၄ယောက် |
| နေရပ်လိပ်စာ | - လမိုင်းယန်၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၀လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နန်ဆန်ယန်ဘက်ရှိငှက်ပျောခြံ |
| ချိုးဖောက်သူ | - တပ်မ ၈၈၊ ၃၃ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - လမိုင်းယန်၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| မှတ်တမ်းကောက်သည့်နေ့ | - ၇ရက်၊ ၁လ၊ ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

**အမှုဖြစ်စဉ်**

ဦး****သည် လမိုင်းယန်ကျေးရွာရှိ ဦး****ပိုင်သည့် ငှက်ပျောခြံ၌ အလုပ်လုပ်နေသည်။



သူအလုပ်လုပ်နေသည့် ရက်တစ်ရက်တွင် အစိုးရစစ်သားများရောက်လာပြီး ဦး****အား ဖမ်းဆီးသွားသည်။ သူနှင့်အတူ အခြားလူ (၇)ယောက်ကို ပေါ်တာထမ်းခိုင်းသည်။ တစ်ခြားလူ(၇)ယောက်သည် တရုတ်လူမျိုး၊ ကချင်၊ ရှမ်း၊ ဗမာ စသည့် လူမျိုးများဖြစ်သည်။သူတို့မွေးမြူထားသည့် ကြက်များကိုလည်း သတ်စားပေးလိုက်သည်။

ဦး****ကို ငှက်ပျောပင်မှာ ကြိုးနှင့်ချည်ထားပြီး ရိုက်နှက်သည်။ မိန်းကလေး (၃)ယောက်ကို ဖမ်းဆီးသော်လည်း ညနေပိုင်းတွင် ပြန်လွှတ်လိုက်ပါတယ်။ သူတို့ထမ်းရသည့် ပစ္စည်းများသည် အစားအစာ၊ ရေနှင့်သေနတ်ကျည်ဆံ များဖြစ်သည်။ ဦး****က သောက်ရေ ထမ်းရသည်။ ကုန်သွားသည့်အခါ ရေရှိသည့် နေရာရောက်လျှင် ပြန်ဖြည့်ထည့်ပြီး ထမ်းရသည်။

ပထမ (၃)ရက်တွင် သူတို့အားလုံးအတူတူ သွားကြသော်လည်း နောက်ပိုင်းတွင် နှစ်ယောက်တစ်တွဲ ခွဲပြီးခေါ်သွားသည်။ နံနက်တွင် ပစ္စည်းထမ်းရပြီး ညဘက်တွင် ထမင်းချက်ကျွေး ရသည်။ ရေသွားခပ်သည့်အခါ အစောင့်စစ်သား (၂)ယောက်လိုက်သည်။ လူ(၆)ယောက်ခန့် ထွက်ပြေး လွတ်မြောက်သွားသည်။ သူတို့လွတ်မြောက်သွားပြီး ကျန်ခဲ့သည့် လူများကို နံနက်ခရီး ဆက်သောအခါ လက်ကိုကြိုးချည်တုတ်ထားပြီး၊ ညဘက်တွင် (၃)ယောက်တစ်တွဲ သစ်ပင်တွင် ချည်ထားပြီး စစ်သား (၄)ယောက်ခန့် စောင့်ကြည့်သည်။ ဦး****၊ ဦး****နှင့် ဦး****တို့ကို ရှေ့တွင် လျှောက်ခိုင်းပြီး ဗုံးရှာ ခိုင်းသည်။ ချုံပုတ်များ ပေါသည့်ဘက်တွင် ပေါ်တာဆွဲခံရသည့် လူများကို လျှောက်ခိုင်းပြီး သူတို့က တောရှင်းသည့်ဘက်ကနေ လမ်းလျှောက် လိုက်လာသည်။ ဦး****နှင့် ဦး****နှစ်ယောက်ကို ရိုက်နှက်ကန်ကျောက်၊ ပါးရိုက်၊နံရိုး၌ ထိုးပေးသည်။ သူတို့လမ်းလျှောက်သည့်အချိန် စစ်သားများကြားတွင် လျှောက်ခိုင်းသည်။

"သူတို့ပေါ်တာ လိုက်ရတဲ့ (၁၈)ရက်လုံး ထမင်းတစ်စက်မှမစားရပါဘူးလို့ပြောတယ်။ ငှက်ပျောဖတ် ကိုဆားနဲ့တို့စားရတယ်လို့ပြာတယ်။ နှစ်လကျော်လောက်မှာ ဦး****ကို သေနတ်ထမ်းခိုင်းပေမဲ့ သူကငြင်းလိုက်လို့ သူ့ကိုသေလောက်နီးပါး ရိုက်နှက်ခဲ့တယ်လို့ ပြောတယ်။ သူတို့ပေါ်တာလိုက်နေတဲ့ တစ်လျှောက် ခအူ၊ ခယာ၊ ဒလော၊ ဂျာပူ၊ ဘန်ဒေါင်ကျေးရွာ တွေကိုဖြတ်သန်း သွားရတယ်လို့ ပြောတယ်။" တစ်ရက် သူတို့ခရီးဆက်နေချိန် KIA စစ်သားများနှင့်တွေ့ပြီး ပစ်ခတ်မှုဖြစ်ကြသည်။ ဦး****သည် ကတုတ်ကျင်းထဲရောက်ခါနီးတွင် လက်မောင်း၌ သေနတ်ထိမှန်သွားသည်။ ဦး****က ဦး**** ကိုဒဏ်ရာရသွားသဖြင့် ပြန်လွှတ်ပေးလိုက်ရန် တောင်းဆိုသည်။ အစိုးရစစ်သားက ဦး****ကို ရိုက်နှက်ပြီး 'ဒါမင်းတို့အတွက် အကွက်ချစီစဉ်တာ ဟုတ်တယ်'လို့ ပြောသည်။

ဦး****သည် ပြန်လွှတ်ပေးလည်း မပြန်ဘူးဟု ပြောသည့်နောက်မှ ဦး****ကို ရိုက်နှက်သည်ကို ရပ်လိုက်သည်။ ခအူကျေးရွာအရောက်တွင် KIA စစ်သားများနှင့် တိုက်ပွဲဖြစ်ပြီး အစိုးရစစ်ဗိုလ်တစ်ယောက် ကျဆုံးသွားသည်။ ထိုစစ်ဗိုလ်ကို မြေမြှုပ်သင်္ဂြိုလ်နေချိန် အိမ်သာသွားမည်ဟု အကြောင်းပြပြီး ဦး****နှင့် ဦး****ထွက်ပြေးသွားသည်။ ၂၀၁၂ခုနှစ် ဇန်နဝါရီလ (၁)ရက်နေ့တွင် သူ၏ဇနီးရှိသည့် ဦး**** လိုင်ဇာ ဒုက္ခသည်စခန်းသို့ ရောက်ရှိပြီး၊ (၄)ရက်နေ့တွင် သူ၏လက်တွင်ထိမှန်ထားသည့် ကျည်ဆံကို သွားထုတ်ခဲ့ရသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု ( လူနေအိမ်မီးရှို့ဖျက်ဆီးမှု )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၆ နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ဘာသာရေးဆရာ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| သားသမီး | - ၄ယောက် |
| နေရပ်လိပ်စာ | - နန်ဆန်ယန်ရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |

| | |
|---|---|
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၇ ရက်၊ ၁၀လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နန်ဆန်ယန် |
| ချိုးဖောက်သူ | - ခလရ (၁၂၁) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၇ရက်၊ ၂လ၊ ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |

### အမှုဖြစ်စဉ်

ဝိုင်းမော်မြို့နယ်၊ နမ်ဆန်ယန်ကျေးရွာတွင် အိမ်ခြေ(၃၀၀)ကျော် ရှိပါသည်။ လူဦးရေ (၅၀၀၀) ငါးထောင်ကျော်ခန့် ရှိသည်။ စစ်ဖြစ်လာသည့်အခါ ရွာသားအချို့ ထွက်ပြေးကြပြီး အချို့သည် ရွာစောင့်ရန်ဆိုပြီး ရွာ၌ကျန်နေခဲ့သည်။

၂၀၁၁ခုနှစ် အောက်တိုဘာလ (၁၇)ရက်တွင် နမ့်ဆန်ယန်ရွာကို အစိုးရစစ်သားများ ရောက်လာပြီး အိမ်(၂၉)လုံးကို မီးရှို့ဖျက်ဆီးပစ်လိုက်သည်။ ဘာသာရေးဆရာ ဦး****ရဲ့ တစ်ထပ်အိမ်လည်း မီးရှို့ဖျက်ဆီးခံရသည့်အထဲ ပါသွားပါသည်။ နမ်ဆန်ယန် ဘုရားကျောင်းထဲတွင် သိမ်းဆည်းထားသည့် ရွာသားများ၏ ပစ္စည်းကို KIA စစ်တပ်အား ထောက်ပံ့မှု ပေးနေတယ်ဟုထင်ပြီး မီးရှို့လိုက်သည်။ ဘုရားကျောင်းထဲက မီးခံသေတ္တာများကို ရိုက်ဖွင့်ပြီး အလှူငွေများ အကုန်လုံးသိမ်းယူသွားသည်။မီးရှို့ဖျက်ဆီးခံရသည့် အိမ်ခြေအားလုံး(၁၄) အိမ်ဖြစ်သည်။

အိမ်ကိုမီးရှို့ရုံတင်မကပဲ ဈေးဆိုင်များကိုလည်းဖျက်ဆီးသည်။ အိမ်တံခါးများလည်း ဖျက်ဆီးကြသည်။ တနင်္ဂနွေနေ့ ဘုရားကျောင်းလာသည့် လူ(၄)ယောက်ကိုလည်း ဖမ်းဆီးသွားသည်။ ကျန်သည့် ဘုရားရှိခိုးကျောင်းကလူများကိုလည်း ကြောက်လန့်ပြီး ထွက်ပြေးကြသည်။ သင်းအုပ်ဆရာဦး****က ရွာစောင့်နေပြီး အောက်တိုဘာလဝန်းကျင်တွင်မြစ်ကြီးနား(****)တွင်ရှိသည့် ဒုက္ခသည်စခန်းသို့ ရောက်လာခဲ့သည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု ( လူနေအိမ်မီးရှို့ဖျက်ဆီးမှု )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၇၀ နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်ယာလုပ်ငန်း |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - ၄ ယောက် |
| နေရပ်လိပ်စာ | - ဆဒုံးကျေးရွာ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၁လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - တောင်ယာခင်း |
| ချိုးဖောက်သူ | - တပ်မ ၈၈ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁ရက်၊ ၂လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |



### အမှုဖြစ်စဉ်

ဖွပ်ရာရွာသည်အိမ်ခြေ(၁၈)ခုလောက်နှင့်လူဦးရေ(၆၀)ကျော်ခန့်ရှိသည်။စစ်ဖြစ်ပွားသည့်အချိန်တွင် အစိုးရစစ်သားများ အများကြီးရောက်လာသဖြင့် ဦး****၏ မိသားစုများလည်း သူတို့၏ တောင်ယာတဲ၌ သွားနေသည်။ တောင်ယာတဲဘက်ထိ စစ်သားများ ရောက်လာသည်ဟု ပြောသောကြောင့် သူတို့သည် သူတို့တောင်ယာတဲနှင့် (၄)မိုင်ခန့်ဝေးသည့် ရှအုပ်ချောင်းဘေးဘက်ကို ပြန်ပြေးကြသည်။ ဦး****သည် သူ၏တောင်ယာကို စိတ်မချလို့ ပြန်လာကြည့်သည့်အခါ အစိုးရစစ်သားများရောက်နေပြီး တောင်ယာနှင့် စပါးပုံများ မီးရှို့နသည်ကို တွေ့ခဲ့သည်။ သူ့မျက်စိရှေ့တွင် မီးရှို့လိုက်သည့် စပါးကျီများသည် အိမ်ခြေ(၄)ခု၏ စပါးချီများဖြစ်သည်။

သူသည်ပြန်လှည့်လာကာ သူ၏မိသားစုကိုခေါ်ပြီး တစ်ခြားတစ်နေရာသို့ ထွက်ပြေးတိမ်းရှောင်ခဲ့သည်။ ဦး****သည် ****ဒုက္ခသည်စခန်းသို့ ဒီဇင်ဘာလ (၁၄)ရက် ၂၀၁၁ခုနှစ်တွင် ရောက်ရှိသည်။ သူတို့စပါးခင်းများ စပါးကျီများကို မီးရှို့သည်မှာ တပ်မ (၈၈)က စစ်သားများ ဖြစ်သည်ဟုပြောသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မလျော်မကန်ပြုမူမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျားမ | - ကျား |
| အသက် | - ၁၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၃၇) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

ရွှေသွားကျင်တယ်။ ဘယ်ရွှေမော်လည်းတော့မသိဘူး။ မလိခမြစ်ပေါ်မှာဟုတ်တယ်။ ရွှေကျင်သွားတာ (၃) ရက်လောက်မှာ ခြေထောက်ရောင်လာလို့ တောင်ပေါ်ကနေစစ်ရှောင်စခန်းမှာ သွားနေတယ်။ သုံးဘီးကားနဲ့ဆင်းလာတယ်။ နေ့လယ်(၁း၀၀)နာရီလောက်မှာဟုတ်တယ်။ သုံးဘီးကားမှာ လူ(၆/၇) ယောက်လောက်ပါတယ်။ ဂျန်မိုင်ကောင်းကို ပြန်ရမယ်လို့ပြောတော့ မပို့ပေးနိုင်ဘူး။ ကားဂိတ်မှာချပေးမယ်၊ ဆိုင်ကယ်ကယ်ရီနဲ့ ပြန်လို့ရတယ်။ သုံးဘီးကားဆရာက အဲဒီမှာဆိုင်ကယ် ကယ်ရီရှိတယ်လို့ ပြလိုက်တယ်။

တစ်လမ်းဘဲခြားတယ်လို့ပြလိုက်တော့ဆိုင်ကယ်ကယ်ရီသမား (၂) ယောက်ပြေးလာပြီး”ဆိုင်ကယ်သွားမလား”လို့ ပြောပြီးအိတ်လုယူလိုက်တယ်။ အဲဒီနောက် မင်းကကချင်လား၊ဗမာလားလို့ မေးတယ်။ကချင်ပါလို့ဖြေတယ်။” ဒါဆိုရင် မင်းကချင်နဲ့ဗမာဘာဖြစ်နေသလဲဆိုတာသိလား”စစ်ဖြစ်နေတာတော့ သိတယ်လို့ဖြေလိုက်တယ်။” မင်းကိုသတ်လို့ရတယ်။ ဒါပေမဲ့ ငါတို့နဲ့လိုက်မယ်ဆိုရင် မင်းကိုမသတ်ဘူး” လို့ပြောပြီး ပစ္စည်းကိုလူတွေအားလုံး တွေ့တဲ့ရှေ့မှာမွှေနှောက်ကြတယ်။

ဘယ်ကလဲလို့ လည်းမေးတယ်။ နေရာတော့ လိမ်ပြီးပြောတယ်။ အဲဒီနောက်သူ့ကိုဆိုင်ကယ်နဲ့တင်သွားတယ်။ သူ့ကိုဘာမှမမေးဘူး။ ကြောက်လို့ဘာမှ မအော်ဘဲလိုက်သွားတယ်။ ခလရ(၃၇) ဘက်ခေါ်သွားတယ်။ ရိုက်နက်တာတော့ မရှိဘူး။ မိဘနာမည်၊မှတ်ပုံတင်နံပါတ်တွေအားလုံးလိမ်ထားတယ်။ (၃၇)ကိုရောက်တာနဲ့ဆိုင်ကယ်ကယ်ရီယာ နှစ်ယောက်စစ်သားဝတ်စုံဝတ်တယ်။ အဲဒီနောက်သူ့ကိုနီးနီး ကပ်ကပ်ကြည့်တယ်။ ကချင်ကလေး(၂/၃)ယောက်လည်းရှိတယ်။ သူတို့နဲ့

စကားနည်းနည်းလောက်ဘဲပြောရသေးတယ် ”လာလာကော်ဖီသောက်ချိန် ရောက်ပြီ”လို့ ပြောပြီး ခေါ်သွားတယ်။ ပြီးတော့” ပြေးဖို့မစဉ်းစားနဲ့” လို့ပြောပြီးသူတို့နဲ့အတူအိပ်ခိုင်းတယ်။

”အပြင်ထွက်ချင် ရင်တစ်ယောက်ကိုခေါ်ပြီးထွက်၊ မင်းတစ်ယောက်ထဲထွက်ရင် လူမှားသတ်သွားလိမ့်မယ်”လို့ပြောတယ်။ နောက်တစ်နေ့ညနေပိုင်း (၂) နာရီလောက်မှာ ဆံပင်ညှပ်ချင်တယ်လို့ ပြောတယ်။”အော်ဟုတ်တယ်၊ မနက်ဖြန်သင်တန်းဟုတ်တယ်။ ဆံပင်ညှပ်ရမယ်၊ သွားရအောင်”လို့ ပြောပြီး အေးမြသာယာဘက်ခေါ်သွားတယ်။ အဲနောက် အေးမြသာယာရောက်တော့ ဆိုင်ကယ်ပေါ်မှာ ကိုယ်ချင်းထိအောင်ကပ်ပြီးထိုင်ခိုင်းတယ်။ အရှိန်မြင့်ပြီး မောင်းတော့ ကျွန်တော့် ဖိနပ်ကျခါနီးပြီ ကျခါနီးပြီလို့ ပြောတယ်။

ဆိုင်ကယ်တော့မရပ်ဘူး။ အရှိန်လျော့လာတော့ ခုန်ဆင်းပြီးဆိုင်ကယ်ကို တွန်းလိုက်ပြီး ထွက်ပြေးသွားတယ်။ နည်းနည်းဝေးတဲ့ နေရာကနေလှမ်းကြည့်တော့ အဲဒီစစ်သားလှဲနေတာကို လှမ်းတွေ့ရတယ်။ အဲဒီနောက်သူနေတဲ့နရာဘက် ထွက်ပြေးလွတ်မြောက်ခဲ့တယ်။ အဲဒီစစ်တပ်မှာ ကချင်မတစ်ယောက် (စစ်သားမိန်းမ) က” သူတို့မင်းကိုအတင်းအဓမ္မခေါ်လာတာမဟုတ်လား” လို့မေးတယ်။ ဟုတ်တယ်လို့ဖြေတော့ ”ရော”ဆိုပြီးပြောတယ်။ ပစ္စည်းလုံးဝ ပါမသွားဘူး။အကျီတွေဘဲပါသွားတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မလျော်မကန်ပြုမူမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား၊မ | - မ |
| အသက် | -၂၀ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၊ဝမန (နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အဖအမည် | - ဦး **** |
| အမိအမည် | - ဒေါ် **** |
| နေရပ်လိပ်စာ | - ရပ်ကွက် (၂)၊ ဆဒုံမြို့နယ်ခွဲ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခ.လ.ရ (၅၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၆.၄.၂၀၀၂ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

ကျွန်မတို့ မိသားစု (၅) ယောက်ဆင်းလာဒါ တစ်ခြားမိသားစုတွေလည်းပါတယ်။ သုံးဘီးဆိုင်ကယ်က (၁)စီး၊ လူက (၁၄)ယောက် ဆင်းလာတယ်။ (၁၁) နာရီကျော်လောက်ဆင်းလာတယ်။ သောကြာ ညနေကနေ တိုက်ပွဲဖြစ်တယ်။ မ.ယ.က ရုံးနားမှာ စဖြစ်တာ။ Music သင်တန်း ပြီးတဲ့အထိ စောင့်နေတာ၊ သင်တန်းက တနင်္ဂနွေနေ့ပြီးတာ။ ဆင်းလာတဲ့ လူတွေများတယ်။ တစ်ချို့က ထော်လာဂျီနဲ့ဆင်းတယ်။ ကျွန်မတို့ ဆင်းလာတဲ့ရက်က ထော်လာဂျီ(၁)စီး တော့ဆင်းတယ်။ ကျွန်မတို့ နော်လန်ရွာက သုံးဘီးဆိုင်ကယ်(၃)စီးနဲ့ ဆင်းလာတယ်။ တစ်ခြားနေရာမှာ မရပ်ခိုင်းပဲ နန်ဝမ်(Num Wang) ဆဒုံး(Sadung) ချောင်းရဲ့တစ်ဖက်ဂိတ်မှာရပ်ပြီး စစ်မေးတော့ ကျောင်းသားတွေ ဘယ်သွားမှာလဲ လို့မေးတယ်။ ကျောင်းသွားပို့တယ်လို့ ဖြေတော့ စောသေးတယ်လို့ ပြောတယ်။ဘယ်အချိန်လည်း ဆိုတာ နာရီတော့ မကြည့်မိဘူး။ ဘယ်နေရာမှာမှမနားဘူး။ ကျောင်းသား (၁၈)နှစ်အောက် (၉)ယောက်နဲ့ ကျွန်မတို့ မိသားစု (၃)ယောက် စုစုပေါင်းလူဦးရေ (၁၄)ယောက် ပါတယ်။ Driver က ကချင်ဟုတ်တယ်။ Driver က တပ်ရင်း(၅၈) ဂိတ်ရောက်တော့ပုန်းခပ်ကြီးကြီးကို စစ်သားတွေဆီ သွားပေးတယ်။ စစ်သားတစ်ယောက်က



လာကြည့်ပြီး ပြန်သွားတယ်။ နောက်တစ်ယောက် အသားမည်းမည်းနဲ့ တစ်ယောက်က ဘာလို့ ဆင်းလာသလဲလို့မေးတယ်။ အဲဒီလူက အသားမည်းမည်း၊ အရပ်ရှည်ရှည်၊ ပိန်ပိန်၊ လည်ပင်းမှာ ပိတ်စဖြူပတ်ထားတယ်။ မဆင်းခဲ့နဲ့လို့ပြောတယ်။ မဆင်းလာခဲ့နဲ့လို့ပြောတယ်။

အခြေအနေဆိုးရင်တော့ မင်းတို့ကချင်အားလုံးကို သတ်ပစ်မယ်လို့ပြောတယ်။ အဲဒီနောက် သုံးဘီးဆိုင်ကယ် မောင်းထွက်သွားတယ်။ အဲလိုပြောတဲ့အချိန်မှာ ကျွန်မကကြောက်လို့ ခေါင်းတောင် မဖော်ရဲလို့ငုတ်ပြီးနေနေတယ်။ ဗမာစစ်သားတွေကိုတော့ ကြောက်တယ်။

**မျက်မြင်သက်သေများ**

(၁)ဒေါ်****
(၂) ဒေါ်****
(၃)ဒေါ်****
(၄) ဒေါ်****
(၅)ဦး****
(၆) ဒေါ်****
(၇) ဒေါ်****
(၈) ဒေါ်****
(၉) ဒေါ်****
(၁၀) ဒေါ်****
(၁၁) ဒေါ်****

**လူ့အခွင့်အရေးချိုးဖောက်မှု – မလျော်မကန်ပြုမူမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား၊မ | - မ |
| အသက် | - ၄၈ နှစ် |
| မွေးသက္ကရာဇ် | - ၁၉၆၄ |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ရပ်ကွက် (၂)၊ ဆဒုံမြို့နယ်ခွဲ၊ ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ခ.လ.ရ (၅၈) တပ်ရင်းအရှေ့ |
| ချိုးဖောက်သူ | - ခ.လ.ရ (၅၈) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

သောကြာနေ့ ည(၉:၃၀)လောက်မှာ လူတွေတော့ မအိပ်သေးဘူး။ သေနတ်သံ (၃)ချက်

မြည်သံကြားလိုက်တယ်။ ဖြစ်တဲ့နေရာနဲ့ သိပ်မဝေးဘူး။ သေနတ်သံ မြည်တာက အောက်မြေပြန့်ဘက် ကျွန်မတို့အိမ်က ကုန်းဘက်မှာ ဟုတ်တယ်။ အဲဒီညတော့ အိမ်ထောင်စု(၂)စု ပေါင်းပြီး ကျွန်မတို့အိမ်မှာ အိပ်တယ်။ ကြောက်လို့ အပြင်တောင် မထွက်ရဲဘူး။ နောက်ညတွေလည်း (၂)အိမ်စု အိပ်တယ်။ ဆင်းလာမည့်ညတော့ (၃)အိမ် စုအိပ်ကြတယ်။ မောင်****တို့အိမ်မှာဘဲ အိပ်တာ။ တနင်္လာနေ့ ကြမ့်(၃) ဘီးဆိုင်ကယ်ငှားပြီး ကလေး(၃)ယောက် ကသုံးဘီးဆိုင်ကယ်နဲ့ ဆင်းခိုင်းလိုက်တယ်။ တစ်ယောက်ကိုက ဆိုင်ကယ်နဲ့ ဆင်းခိုင်းတယ်။ စောင်နဲ့အဝတ်အစားအချို့ဘဲ ယူလာနိုင်တယ်။ ကလေး(၁)ယောက်ကို (၅၀၀၀) ကျပ်၊ လူကြီး(၁)ယောက်ကို (၈၀၀၀) ကျပ် ပေးရတယ်။ ဒါတောင် မနက် ထမင်းစားပြီးကတည်းက သုံးဘီး လိုက်ရှာဒါ သုံးဘီး မရှိဘူးလို့ပြောတယ်။ ဒါပေမဲ့ (၁၁)နာရီ လောက်မှ ဆင်းဖြစ်တာ။ တစ်ခြားစစ်ဆေးရေး ဂိတ်မှာက ရပ်ခိုင်းတာ မရှိဘူး။ နန့်ဝမ် နယ်ခြားစောင့်တပ်မှာက ရပ်ခိုင်းပြီး ဘယ်သွားမှာလဲလို့ မေးတယ်။ ကျောင်းသား သွားပို့မယ်လို့ ဖြေတော့ သူတို့က စောသေးတယ်လို့ ပြန်ပြောတယ်။ လမ်းမှာမရပ်ဘူး။ တစ်နေရာကနေ driverကို ပုံးပေးခိုင်းတယ်။ တပ်ရင်း(၅၈)ဂိတ်ရောက်တော့ Driverကရပ်ပြီးပုံးသွားပို့တော့ စစ်သား(၂)ယောက်ရောက်လာတယ်။ (၁)ယောက်က လာကြည့်ပြီးပြန်သွားတယ်။ ဘာမှမပြောဘူး။ အသားမည်းမည်းနဲ့တစ်ယောက်က ကချင်တွေ အားလုံးကို သတ်ပစ်မယ်လို့ ပြောလိုက်တာကြားလိုက်လို့ အရမ်းကြောက် သွားတယ်။အခုလည်း အရမ်းကြောက်ပြီး စိုးရိမ်တယ်။

ကျွန်မတောင် တစ်ခြားအဖော်တွေကိုပြောသေးတယ်။ ဒီမှာက ကချင်တွေပဲနေတာဆိုတော့ တစ်ခုခု လာလုပ်မှာ စိုးရိမ်တယ်လိုပြောတယ်။ ကျွန်မ အဖော်လည်း ဒီမှာ ဗမာဆရာမတွေလည်းပါတယ်လို့ ပြောပြီး အချင်းချင်း နှစ်သိမ့်တယ်။

ကားတွင်အတူစီးပါလာသူများ(၁) ဒေါ်****(၂) ဒေါ်****(၃) ဒေါ်****(၄) ဒေါ်****(၅) ဒေါ်****(၆) ဒေါ်**** (၇) ဒေါ်****(၈) ဒေါ်****(၉) ဒေါ်****(၁၀) ဒေါ်****(၁၁) ဦး****

## ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မဒိန်းပြုကျင့်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၂၆ နှစ် |
| ပညာအရည်အချင်း | - ၆တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - လယ်ယာလုပ်ငန်း |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| သားသမီး | - ၂ယောက် |
| နေရပ်လိပ်စာ | - လုံရှာယန်ကျေးရွာ၊ ပူတာအိုမြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၇ရက်၊ ၁၁လ၊ ၂၀၁၂ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - လယ်ကွင်း |
| ချိုးဖောက်သူ | - တပ်မ(၃၃)တပ်ကြပ်ရဲလွင်ဦးဆောင်သော တပ်သား(၇)ယောက်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၈ရက်၊ ၃လ၊ ၂၀၁၃ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - KWAT |



**အမှုဖြစ်စဉ်**

ဒေါ်****နှင့်သူမ၏ခင်ပွန်းဦး****သည် သူတို့၏လယ်ကွက်၌ ကျွဲများဝင်ပြီး စပါးများ ဝင်စားသောကြောင့် လယ်ကွက်မှာ သွားစောင့်အိပ်ရသည့်အတောအတွင်း ဖြစ်ပျက်ခဲ့ခြင်းဖြစ်သည်။ "အဲဒီအချိန်မှာ တပ်မ(၃၃) တပ်ရင်းက ဗမာတပ်သား(၇)ယောက်ရောက်လာတာနဲ့ ကျွန်မယောကျာ်းကို 'ဆေးလိပ်မရှိဘူးလား'လို့မေးပါ တယ်။ ကျွန်မယောကျာ်းက "မရှိဘူး" လို့ပြောတော့ သူတို့က 'မရှိရင်ရွာမှာသွားဝယ်ပါ'လို့ သွားခိုင်းလိုက်ပြီး အဲဒီဗမာစစ်သားတွေက ကျွန်မကိုဖမ်းပြီးခေါင်းဘက်မှာတစ်ယောက်ကိုင် ခြေထောက်ဘက်မှာ တစ်ယောက် ကိုင်ကာ တစ်ယောက်ပြီးတစ်ယောက် တစ်လှည့်စီ မုဒိန်းကျင့်ကြပါတယ်။ ကျွန်မယောကျာ်းက ညနေ(၄)နာရီ (၁၅)မိနစ်လောက်မှာ ဆေးလိပ်ဝယ်ပြီးပြန်လာတဲ့အချိန်မှာ ကျွန်မတို့ကိုတွေ့သွားတယ်။ ဗမာစစ်သားတွေက 'ဒီကိစ္စကို ဘယ်သူ့ကိုမှမပြောပြရဘူး၊ ပြောပြရင်သေနတ်နဲ့ပစ်သတ်လိုက်မယ်' လို့ခြိမ်းခြောက်ပါတယ်။ ငါတို့ကို အပြစ်ပေးလို့ရတဲ့သူ ဘယ်သူမှမရှိဘူး။ ငါတို့က မုဒိမ်းကျင့်လို့ရတဲ့သူတွေဖြစ်တယ်' လို့လည်းပြောပါတယ်။"

ဒီအဖြစ်အပျက်ကို သူတို့ရပ်ကွက်အုပ်ချုပ်ရေးမှူး ဦး****ကို အကြောင်းကြားခဲ့သော်လည်း ဘာမှအရေးမယူ ပေးတဲ့အကြောင်းပြောသည်။ (၁)ပတ်ပြည့်တဲ့နောက်ပိုင်း ကျန်းမာရေးမကောင်းလာသည့်အကြောင်းပြော သည်။မုဒိမ်းကျင့်သူအစိုးရစစ်သားတွေက မြန်မာပြည်အောက်ပိုင်း မုံရွာဘက်ကနေ ၂၀၁၂ခုနှစ်၊ နိုဝင်ဘာလ တွင် လုံရှာယန်ကျေးရွာကို ရောက်လာသည့်သူတွေဖြစ်ပြီး ၂၀၁၃ခုနှစ် ဇန်နဝါရီလမှာ တခြားနေရာသို့ပြန် ပြောင်း သွားကြသည့်အကြောင်းသိရသည်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မဒိန်းပြုကျင့်ရန် ( ကြိုးစားအားထုတ်မှု )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - **** |
| ချိုးဖောက်သူ | - (တပ်သား) စိုးအောင်။ |
| တပ်အမည် | - ခလရ (၁၃၇) |
| အခင်းဖြစ်သည့်နေ့ | - ၁၂ရက်၊ ဇွန်လ၊ ၂၀၁၄ခုနှစ်။ |
| အခင်းဖြစ်သည့်နေရာ | - ****ရပ်ကွက်၊ အပိုင်း****၊ ပိုတာအိုမြို့၊ ကချင်ပြည်နယ်။ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဦး**** |
| အသက် | - ****နှစ်။ |
| ကိုးကွယ်ယုံကြည်မှု | - ခရစ်ယာန် |
| အလုပ်အကိုင် | - ****။ |
| မောင်နှမ | - မောင်****၊ မ****။ |
| အဖအမည် | - ဦး**** |
| အမိအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ****ရပ်ကွက်၊ အပိုင်း****၊ ပိုတာအိုမြို့နယ်။ကချင်ပြည်နယ်။ |
| မှတ်တမ်းကောက်ယူသည့်နေ့ | - ၁၄ရက်၊ စက်တင်ဘာလ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

ပိုတာအိုမြို့၊ ****ရပ်ကွက်ရှိအိမ်များတွင် ညအချိန်၌ ယောကျာ်းတစ်ယောက်သည် ခိုးဝင်လေ့ရှိသည်။ အမျိုးသမီးများ၏ အိပ်ခန်းသို့ ဦးတည်၍ ဝင်လေ့ရှိသည်။ ၄င်းအမျိုးသားဝင်ခဲ့သည့် အိမ်များတဖြည်းဖြည်းနှင့် များလာနေပြီဖြစ်သည်။ ဦး****၏အိမ်ဝင်သည့်ညတွင် ဖမ်းမိခဲ့သည်။ သို့သော်လည်း ၄င်းတို့**** သာရှိနေသည့်အတွက် မဖမ်းချုပ်ထားနိုင်ဘဲ ၄င်းသည်အိမ်ဝရံတာမှ

ထွက်ပြေးသွားခဲ့သည်။ မိုးရွာသည့် ညများတွင်သာ ဝင်လေ့ရှိသည်။ ထွက်ပြေးသွားနိုင်ခဲ့သော်လည်း မိုးကာအင်္ကျီ ကျကျန်ခဲ့သည်။ ၄င်းမိုးကာ အင်္ကျီသည် စစ်သားများဝတ်သည့် မိုးကာအင်္ကျီအမျိုးအစားဖြစ်ပြီး စိုးအောင်ဟူသည့် အမည်အမှတ်အသားပါရှိနေသည်။

ထို့ကြောင့် ဦး****နှင့် သူ၏****သည် ပိုတာအိုအခြေစိုက်စစ်တပ်သို့ ၄င်းဖြစ်ရပ်နှင့် ပတ်သက်ပြီးသွား ရောက်အကြောင်းကြားခဲ့သည်။ ဤဖြစ်ရပ်နှင့်ပတ်သက်ပြီး ၄င်းတို့စစ်တပ်ကိုဤကိစ္စလာ တိုင်သည့်အတွက် စစ်တပ်မှ ဦး****နှင့်**** အလွန်စိတ်ဆိုးပြီး ပြန်လွှတ်လိုက်သည်။

"ဝရန်တာကနေခုန်ပြီး ထွက်ပြေးသွားတယ်။ စိုးအောင်ဆိုပြီး နာမည်ပါတဲ့အင်္ကျီဝတ်ထားတဲ့ လူဝင်တယ် ဆိုပြီးသွားပြောတယ်။ 'မင်းတို့ဘာအထောက်အထားမှ မရှိဘဲနဲ့လာမပြောနဲ့' ဆိုပြီးပြောတယ်။ အရမ်းစိတ်ဆိုးထားတယ်တဲ့။"

၄င်းဖြစ်ရပ် ဖြစ်ပွားပြီးနောက် မကြာမီ၊ ဤအကြောင်းအရာကို ပြောပြသည့် ဦး****တို့ အိမ်တွင် (၂)ကြိမ်ခိုးဝင်သည်။ ပထမအကြိမ် ဝင်သည့်နေ့တွင် မဖမ်းနိုင်ခဲ့ပေ။ "အဲဒီညက ကျွန်တော့်ညီမက အိပ်ခန်းထဲမှာအိပ် နေတယ်။ တံခါးမကို ညီလေး****က ပိတ်ဖို့မေ့သွားတယ်။ ကျွန်တော်တို့လည်း ပိတ်ဖို့မေ့သွားတယ်။ သူကအဲဒီတံခါးကနေ ဝင်လာခဲ့တယ်။ ကျွန်တော့်ညီမ မ****ရဲ့ အခန်းထဲကိုဝင်ပြီး ညီမရဲ့ခြေထောက်ကို ကိုင်တဲ့အချိန် ညီမကနိုးလာပြီး ဖုန်းဓါတ်မီးကိုဖွင့်လိုက်တော့ ခေါင်းကိုအုတ်ထားတယ်တဲ့။ ညီမလေးက အော်လိုက်တဲ့အချိန်ကြတော့ တခါတည်း ထွက်ပြေးသွားတယ်။ အဲဒီညက ကျွန်တော်အရမ်းမောလို့ သိတောင်မသိလိုက်ဘူး။ အဲဒီညမှာ ၄အိမ်၊ ၅အိမ် လောက်ဝင်တယ်။ မ****တို့ အိမ်ကိုလည်း ဝင်တယ်။"

ဒုတိယအကြိမ် ဝင်သည့်ညတွင် ဦး****နှင့် သူ၏ညီ****သည် ၄င်းကိုဖမ်းဆီးနိုင်ခဲ့သည်။ ၁၂ရက် (သောကြာနေ့မနက် ၁း၀၀နာရီ ) "အဲဒီညက မိုးလည်းအနည်းအကျဉ်းတော့ ရွာနေတယ်။ မနက် ၁း၀၀နာရီ လောက်မှာ ကျွန်တော်က နိုးလာတယ်။ ကျွန်တော် နိုးလာတော့ အိမ်ကအရမ်းလှုပ်လာတယ်။ အိမ်ကလူတွေ အပေါ့သွားတာဖြစ်မယ်လို့ တွေးမိသေးတယ်။ ဒါပေမဲ့ ဘာသံမှလည်း မကြားရဘူး။ ခွေးလည်းရှိတယ် ဆိုတော့ တခါတလေ ခွေးတွေခါရင်လည်း အိမ်ကလှုပ်လေ့ရှိတယ်။ ခွေးလားဆိုပြီး စဉ်းစားနေတယ်။ အဲဒါနဲ့ အိပ်လို့မရဘဲ ဖြစ်နေတယ်။ ခဏနေကြတော့ ကျွန်တော်တို့ ညီအစ်ကိုရဲ့ အိပ်ခန်းနားက ဝရံတာဘက်ကနေအသံကြားလိုက်တယ်။ ကျွန်တော်တို့ ညီအစ်ကိုလည်း တံခါးဂျိတ် မပိတ်ထားဘူး။ အဲဒီတံခါးက နည်းနည်းထိလိုက်တာနဲ့ အရမ်းအသံမြည်တယ်။ သူက တံခါးနည်းနည်း သွားထိလိုက်တာနေမှာ၊ လှေခါး ကနေမတက်ဘဲ တိုင်ကနေတက်လာပြီး ဝါရန်တာကနေ ဝင်လာတယ်။ လူဝင်လာလို့ ကျွန်တော့် ညီလေး မာတူးလားဆိုပြီး ကျွန်တော်အိပ်ယာဘေးနားကို လက်နဲ့စမ်းကြည့်လိုက်တော့၊ ကျွန်တော့်ညီလေးက ကျွန်တော့်ဘေးနားမှာ အိပ်နေတယ်။"

"အဲဒီတော့ အခုတလောအရမ်း ကြားနေရတဲ့ လူဘဲဖြစ်မယ်ဆိုပြီး သတိနဲ့နေနေလိုက်တယ်။ ဖမ်းချုပ်ဖို့ဘဲ စဉ်းစား လိုက်တယ်။ ကျွန်တော်တို့***နှစ်ယောက်ကိုဆိုရင် နိုင်မှာဘဲဆိုပြီး သတိနဲ့ နေနေတော့တယ်။ သူကဧည့်ခန်းထဲကို ဝင်လာပြီး တခါးမဂျိတ်ထိုးထားတာကို သွားဖွင့်လိုက်တယ်။ သူကတံခါးမ ဂျိတ်ထိုးထားတာကို ဖွင့်ပြီးပြန်လာတဲ့အချိန်မှာ ကျွန်တော့်ညီလေးကို ပါးစပ်ပိတ်ပြီးနိုးထားလိုက်တယ်။"

"သူတံခါးမ ဂျိတ်ထိုးပြီးလှည့်လာတာနဲ့ ကျွန်တော်တို့ ညီအစ်ကိုကပ်လာတာနဲ့ ကွက်တိဘဲ ဖြစ်သွားတယ်။ သူကချက်ချင်း ထွက်ပြေးသွားတယ်။ သူကပုဆိုးကို ဆလွယ်တိုင်း လွယ်ထားပြီးတော့ တုံးလုံးဝင်လာတာ။ သူကထွက်ပြေးတော့ ကျွန်တော်ကလိုက်တယ်။ (****ရပ်ကွက်၊အပိုင်း****) ကနေ ပြေးလိုက်သွားတယ်။ အပိုင်း**** လမ်းကြားမှာ သွားဖမ်းမိတယ်။

ဖမ်းမိပြီးတဲ့နောက် ရွာကလူကြီးတွေနဲ့အတူ ရဲစခန်းမှာသွားအပ်လိုက်တယ်။ ဒါပေမဲ့ စစ်တပ်က သုံးပွင့်ဗိုလ်နဲ့နှစ်ပွင့်ဗိုလ်တို့က အဲဒီစစ်သားကို ရဲစခန်းကနေ နောက်နေ့ပြန်ခေါ်သွားတယ်။ စစ်တပ်မှာဘဲ တရားစီရင် မယ်ဆိုပြီးပြောတယ်။ ဗျူဟာမှူးက ခေါ်ပြီးပြောပြတယ်။ စစ်တပ်မှာ ဘယ်လို တရားစီရင်တယ်ဆိုတာတော့ ပြည်သူတွေ ဘာမှမသိလိုက်ဘူး။" ဤစစ်သားသည် ၄င်းဖြစ်စဉ်အတိုင်း အိမ်ခြေ(၂၀)ခန့်တွင် ဝင်ရောက်ခဲ့ ကြောင်း ကို****နှင့် ****ရပ်ကွက်မှ အခြားဒေသခံများက ပြောသည်။



## ဆော့လော်မြို့နယ်၊ကချင်ပြည်နယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၃နှစ်။ |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ။ |
| ဇနီး/ ခင်ပွန်းအမည် | - ဒေါ်**** |
| သား/သမီး | - မ(၁) |
| နေရပ်လိပ်စာ | - ****ရွာ၊ ဆော့လော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၄ရက် ဇန်နဝါရီလ ၂၀၁၄ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ရွာ၊ ဆော့လော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - အစိုးရတပ်ရင်း ခမရ (၅၂၄) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ဧပြီလ၊၂၀၁၄ ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

### အမှုဖြစ်စဉ်

လက်လုပ်လက်စားသာ လုပ်စားတတ်သူများ ဖြစ်သည့်အတွက်အခြားစီးပွားရေးဖြင့် ငွေကြေးလည်း မရှာနိုင် ပါ။ တောင်သူများဖြစ်ပါသည်။ဆီ၊ဆားတွေ ဝယ်စားရန်သင်းခွေချပ် အကြီးတစ်ကောင်နှင့်အသေးတ စ်ကောင်ကိုတရုတ်နယ်စပ် ကန်ဖန်ရွာဘက်တရုတ်တွေကိုရောင်းပေးရန်သွားခဲ့သည်။

"မျော်ဂျောင်ရွာရောက်တော့ စစ်တပ်မှဗိုလ်တစ်ဦးသင်းခွေချပ် လုယူသွားတယ်။ ဘာတွေပါလည်းလို့အရင် မေးပါတယ်။ သင်းခွေချပ် ပါတယ်လို့ ပြောတယ်။ စစ်ဗိုလ်က 'ဒါကယူလာလို့ မရဘူး။ ဒါကဖမ်းတဲ့တိရိစ္ဆာန် ဖြစ်တယ်။' ကျွန်တော်မသိလို့ပါလို့ ပြောပါတယ်။ 'စကားတစ်ခွန်းမှ မပြောနဲ့ပစ်ထည့်လိုက်မယ်'လို့ ခြိမ်းခြောက်တယ်။ 'သင်းခွေချပ်အပ်ထားမလား။ ဆိုင်ကယ်အပ်ထား မှာလား'လို့ စစ်ဗိုလ်ကမေးတယ်။"

သင်းခွေချပ်က ဦး****တစ်ဦးတည်းပိုင်မဟုတ်ပဲ။သူငယ်ချင်းတစ်ယောက်နှင့်ပေါင်းပြီး ဖမ်းရထား သည့် သင်းခွေချပ်ဖြစ်သည်။ ဈေးလည်းဆိုင်ကယ်ဈေးထက် ပိုများသည်။ ဒါကြောင့်သင်းခွေချပ် မအပ်ပဲ ဆိုင်ကယ်ကိုအပ်ထားခဲ့သည်။

ဒီအဖြစ်အပျက်ကို ဦး****က (ဆော့လော်မြို့နယ်ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်) ဦး**** ကို ပြောပြတယ်။ လွှတ်တော်ကိုယ်စားလှယ်က ပြန်တောင်းပေးပြီး၊ သူနှင့်အတူ ဦး****၏ ဆိုင်ကယ်ကို သွားယူကြသည်။

လွှတ်တော်ကိုယ်စားလှယ်နှင့်အတူ ဆိုင်ကယ်ကို သွားတောင်းသည့် အချိန်မှာ စစ်ဗိုလ်သည် ပေးမည်ဟု ပြောသည်။ ဆိုင်ကယ်သည် ငါးလောင်ဒမ်ရွာ (တပ်သားတွေစီးပြီးပစ်ထားခဲ့တဲ့ရွာ)တွင် ရှိသည်ဟု ပြောပြီး 'သွားယူ'ဟု ပြောလိုက်သည်။

လွှတ်တော်ကိုယ်စားလှယ်က ကန်းဖန်ရွာမှာ သွားဖို့အစီစဉ်ရှိသည့်အတွက် အတူသွားပြီး ငါးလောင်ဒမ်ရွာ ရောက်သည့်အချိန် ကန်းဖန်ရွာဘက်ကို ကျော်သွားသည်။ ဦး****တစ်ယောက်တည်း ဆိုင်ကယ်ကို သွားယူခဲ့သည်။ဆိုင်ကယ်ကိုတွေ့တော့ ဆိုင်ကယ်ကပျက်နေသည်။

ဆိုင်ကယ်ကို ပြင်ပြီးပြန်လာသည့်အချိန် မျော်ဂျောင်ရွာဂိတ်မှ (စစ်ဗိုလ်)သည် တရုတ်ငွေယွမ်တစ်ထောင်(၁၀၀၀) ပြန်တောင်းသည်။ 'ယွမ်တစ်ထောင် မပေးနိုင်ရင် ဆိုင်ကယ်ကို ထားခဲ့။ ဒါမှမဟုတ် တင်းခွေချပ်အခွံကို ထားခဲ့။ သုံးခုထဲကတစ်ခုခုတော့ ထားခဲ့ရမယ်'ဟု ခြိမ်းခြောက်သည်။

"သင်းခွေချပ်ခွံလည်းမရှိ။ ဆိုင်ကယ်လည်းအပ်ထားလို့မဖြစ်။ ယွမ်ငွေတစ်ထောင်လည်း ပါမလာ။ နောက်ဆုံး ယွမ်ငွေ ရှစ်ရာ (၈၀၀)ပေးပြီး ပြန်လာခဲ့တယ်။ဆိုင်ကယ်ပြင်ခလည်း ယွမ်ငွေ ခြောက်ရာ (၆၀၀) ကုန်တယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပမ်းနှိပ်စက်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၈နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁/ဆလန(နိုင်) ****** |
| ပညာအရည်အချင်း | - ပထမတန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်ယာ။ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ခင်ပွန်းသည်အမည် | - ဒေါ်**** |
| သားသမီး | - မ(၁)၊ ကျား(၂) |
| နေရပ်လိပ်စာ | - မျော်ဂျောင်ရွာ၊ ဆော့လော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၀ရက်၊ ဖေဖော်ဝါရီလ၊ ၂၀၁၄ခုနှစ်။ |
| အခင်းဖြစ်ပွားသည့်နေရာ | - ***ဘုရားကျောင်းနား၊ ****ရွာ၊ ဆော့လော်မြို့ နယ်၊ ကချင်ပြည်နယ်။ |
| ချိုးဖောက်သူ | - ခမရ (၅၁၂) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူ | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ဧပြီလ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |

**အမှုဖြစ်စဉ်**

အိမ်ဝရံတာ ပြင်ဖို့အတွက် ဝါးသွားခုတ်တယ်။ ဝါးရုံက ယောက္ခမတို့ရဲ့ ဝါးရုံဟုတ်တယ်။ ကားလမ်းနဲ့ မျော်ဂျောင် ဘုရားကျောင်းကြားရဲ့ ရှေ့နားမှာ ဝါးရုံရှိတယ်။ ဝါးတစ်ချောင်းပဲ သွားခုတ်တယ်။ ဗမာစစ်တပ်တွေက သူတို့ကို သတင်းမပေးပဲ သွားခုတ်ရသလားဆိုပြီး စစ်သား ရှစ်(၈)ယောက်လောက် ဝိုင်းရိုက်ထားတယ်။

စစ်တပ်က ဝါးခုတ်ရင် သို့မဟုတ် တခုလုပ်ရင် သူတို့တပ်ကို အကြောင်းကြားရမယ်လို့ ကြိုတင်အသိပေး ထားတာလည်း မရှိဘူး။ စစ်တပ်ကို ခွင့်တောင်းပြီး လုပ်ရတယ်လို့လည်း မသိဘူး။ ကိုယ်နဲ့ ဆိုင်တဲ့ ဝါးရုံဖြစ် လို့သွားခုတ်တာပဲ။

စစ်ဗိုလ်က ညွှန်ကြားပြီး စစ်သားတွေက ဆင်းလာတော့ ထွက်ပြေးတယ်။ စစ်သားတွေက ပြန်လိုက်ဖမ်း တယ်။ ဝိုင်းပြီးရိုက်နှက်ကြတယ်။ စစ်သားရှစ်ယောက်လောက် ဟုတ်တယ်။ တစ်ယောက်က သေနတ်ချိန် ထားပြီးလက်ကို ဘယ်ညာ ချုပ်ထားတယ်။ အရှေ့ကနေရော အနောက်ကနေရော ထိုးတယ်။ ကန်တယ်။ ဖိထားတယ်။ စစ်ဗိုလ်က ကုန်းအပေါ်ဘက်မှ ရပ်နေပြီး လှမ်းအော် ညွှန်ကြားနေတယ်။ ရင်ဘတ်မှာ ဘယ်ညာ မျက်ခွက်မှာ ကျောမှာ တစ်ကိုယ်လုံး ထိုးကြိတ်ကန်တယ်။ အချက်ပေါင်း မမှတ်နိုင်ဘူး။ မျက်နှာမှာကျောက်ခဲနင့် ထုထားပေးတယ်။ ရင်ဘတ်မှာ ခြေထောက်နဲ့ ဆောင့်ကန်တယ်။

ရုန်းပြီး ခြေလှမ်းလေးလှမ်းလောက်ပဲ ထွက်ပြေးလို့ရသေးတယ် ဝါးလုံးနဲ့ ခြေထောက်မှာ လှမ်းရိုက်ပေးတယ်။ ငါးမိနစ်လောက် ဝိုင်းရိုက်နှက်ကြတယ်။ သူတို့လွှတ်ပေးလိုက်လို့ လွှတ်လာတာ မဟုတ်ဘူး။ ရုန်းပြီး ထွက်ပြေးလို့ လွတ်လာတာ။

**နှိပ်စက်ခံရပြီးနောက်ဆက်တွဲ**

အိမ်ရောက်ပြီး ခဏအကြာမှာ ဦး****ရဲ့ ဇနီးက အဲဒီစစ်တပ် ရှေ့ကနေဖြတ်လာတယ်။ ဖြတ်လာချိန် စားဆေးပြား နှစ်တောင့်နဲ့ သွေးအရမ်းထွက်လာရင် ကပ်ပေးဖို့အတွက် ဝါဂွမ်းမှာ ဆေးရည် နည်းနည်းလေး ကပ်ပြီးပေးလိုက်တယ်။

ဦး**** ရိုက်နှက်ခံရတဲ့ သတင်းကြားလို့ နောက်ရက် မနက် ၁၀း၀၀နာရီ ဝန်းကျင်မှာ ဆရာမ****နဲ့ ဆရာ****က အဖြစ်အပျက် မေးဖို့အတွက် လာခဲ့တယ်။ အလာလမ်းမှာ မျော်ဂျောင် ဘုရားကျောင်းနှင့် စစ်တပ်နားရောက်တော့ ဒုတပ်ရင်းမှူးက "ဘယ်သွားမလဲ"လို့မေးတယ်။ "လူနာဆီသွားမယ်"လို့ ပြောတော့၊ "ခဏနေအုံး" ဆိုပြီး (စစ်တပ်ကုန်းကနေ) ဆင်းလာတယ်။ "အဲဒီဘိုးတော်ကလူနာမဟုတ်ဘူး။ မတော်တဆဖြစ်တာ။" လို့ပြောတယ်။

"သူတို့ ဘာမှ မလုပ်မှားတဲ့အကြောင်း တစ်နာရီကျော် ရှင်းပြနေတယ်။" ဆရာမ****နှင့် ဆရာ****တို့ သွားကြည့်ချိန် ဦး****က ရိုက်နှက်ဒဏ်ရာများ ယောင်ပြီး အိပ်နေတာကို နှီးပြီး လက်ဆွဲနှုတ်ဆက်ပဲ လုပ်ရသေးချိန် စစ်တပ်ကနေ သုံးယောက် လိုက်လာတယ်။

အဲဒီသုံးယောက်မှာ နှစ်ယောက်က ဗမာ၊ ကျန်တစ်ယောက်က လချိတ်စကား လောင်ဝေါ်စကား (ဒေသခံစ ကား) အားလုံးနားလည်တယ်။ အဲဒီတော့ ဆရာမ****နှင့် ဆရာ****က ဦး****နဲ့ ဘာမှ ပြောလို့မရ တော့ဘူး။ စကားပြောတာနဲ့ မှတ်တမ်းယူဖို့ အဆင်သင့် လုပ်ထားပြီး ဖြစ်နေတယ်။ ဦး****ကို နှုတ်ဆက်ပြီး နောက်ရက် မနက် ဦး****ရဲ့ အိမ်မှာ လိုက်လာဖို့ မှာထားခဲ့တယ်။ ဘယ်သူ့ကိုမှ အသိမပေးပဲ တစ်ယောက် တည်းလိုက်လာဖို့ မှာထားခဲ့တယ်။

နောက်ရက်တော့ စစ်သားတွေက ဦး****ကိုမေးတယ်။ "ဆရာ****ခေါ်တယ်မ ဟုတ်ဘူး လား။" ဆိုပြီး။ "ဟုတ်တယ်။"လို့ပြောတော့ ဆိုင်ကယ်နဲ့ တက်သွားရအောင်လို့ ပြောပြီး ဒုတပ်ရင်း မှူးသူ ကိုယ်တိုင် လိုက်ဖို့ လုပ်တော့ ဦး****က ဆိုင်ကယ် စီးလို့မရဘူး လို့ပြောတယ်။

ခြေလျင် ဖြည်းဖြည်းလေး လျှောက်သွားမယ်လို့ပြောတယ်။ စစ်သားတွေက ကားနဲ့ လိုက်ပို့မယ်ဆိုပြီးကား ပေါ်တက်ခိုင်းပြီး ဒုတပ်ရင်းမှူးနဲ့ သူ့တပည့် သုံးယောက် ဆရာ****နဲ့ ချိန်းဆိုထားတဲ့ ဦး**** အိမ်မှာ ရောက်လာတယ်။

ဒုတပ်ရင်းမှူး ပြောတာက "ကျွန်တော့ရှေ့မှာမေးကြည့် ဆရာကဂျာနယ်ထဲ မှာထည့်မယ်ဆိုလည်း ကျွန်တော့ ရှေ့မှာဘဲ သူ့ကိုမေး ဘယ်မှာ သတင်းပို့မလဲ။ ကျွန်တော့အသံလည်းထည့်ရမယ်။" လို့ပြောတယ်။ဆရာ****က ဘာအစီအစဉ်မှ မရှိဘူး။ ဘာမှ ပြောလို့မရတော့ သူတို့အားလုံးကို ထားခဲ့ပြီး ဘာသာရေးကိစ္စနဲ့ အပြင်ထွက်သွားလိုက်ပြီး နေ့လည် ၁၁း၀၀နာရီ လောက်မှ ပြန်လာကြည့်တယ်။ စစ်သားတွေကဦး****ကို မရမကခေါ်သွားတယ်။

ကချင်တိုင်းရင်းဆေး ရက်ပေါင်းနှစ်ဆယ်သောက်ရတယ်။ ဦး****ကို ဆေးကုပေးတဲ့သူက အောက်ဆော့ လော်ရွာက ဒေါ်****ဟုတ်တယ်။ သုံးရက် ဘာမှ မမြင်ရဘူး။ လှုပ်လို့မရဘူး။ ရက်တစ်ပတ်လောက်က အားစိုက်လို့မရဘူး။ လမ်းလျှောက်လို့လည်းမရဘူး။ ဆယ်ရက်ကျော်လာမှ နည်းနည်း လမ်းလျှောက်လို့ အဆင်ပြေလာတယ်။ ဆော့လော်မှာ ရှိတဲ့ ဆွေမျိုး ရဲဝန်ထမ်း****ကို မှာယူပြီး ဆေးကုဖို့အတွက် ဆိုင်ကယ်နဲ့ လာတင်ယူတယ်။

ဆော့လော်ကိုမတက်ခင် တပ်ရင်းက ဆေးပြားကို မနက်တစ်ခါ ညနေတစ်ခါ သောက်ဖို့ပေး ထားတယ်။ ထိုးဆေးကို နှစ်ကြိမ်လာထိုးပေးတယ်။ ဒဏ်ရာမပျောက်သေး၍ ဆော့လော်ကို ပြန်သွားပြီး ကျပ်တစ်သိန်း ပေးကာ တိုင်းရင်းဆေး ဝယ်ယူခဲ့တယ်။

စစ်သားတွေ မရိုက်ခင်က မျက်စိမှ မျက်ရည်မကျဘူး။ စစ်သားတွေ ရိုက်နှက်ထားတဲ့နောက်

ညဘက်ကျရင် ညာဘက် မျက်စိမျက်ရည်ကျတယ်။ ပြီးတော့ ခေါင်းကို မြန်မြန်လှည့်လို့မရဘူး။ လှည့်လိုက်ရင် အပ်နဲ့ ထိုးခံရသလိုမျိုး ခံစားရတယ်။ လှုပ်လှုပ်ရှားရှား အလုပ်လုပ်ရင် အထဲမှာ ကျောအထိ ဆို့ဆို့နင့်နင့် နာကျင် ခံစားရတယ်။

## ကွတ်ခိုင်မြို့နယ်၊ရှမ်းပြည်နယ် ( မြောက် )

**လူ့အခွင့်အရေးချိုးဖောက်မှု – မုဒိမ်းပြုကျင့်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၃၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - လယ်ယာ |
| နေရပ်လိပ်စာ | - လယ်ကန်ကျေးရွာ၊ နောင်ချိုရွာဟောင်း၊ ကွတ်ခိုင်မြို့နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ရက်၊ ၁၂လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - လွယ်ကန်ကျေးရွာ၊ နောင်ချိုရွာဟောင်း၊ ကွတ်ခိုင်မြို့နယ် |
| ချိုးဖောက်သူ | - လက်ထိတ်ကိုင်ဆောင်ထားသော လူနှစ်ယောက် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - မတ်လ၊ ၂၀၁၄ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

"နိုဝင်ဘာလ ၁ရက်၊ ၂၀၁၃ခုနှစ်မှာ ကျွန်မယောက်ျားက မူးယစ်မှုနဲ့အဖမ်းခံရတယ်။ အဲနောက်ပိုင်း နိုဝင်ဘာလ၊ ၂၈ရက်၊ ၂၀၁၃ခုနှစ်မှာ လူနှစ်ယောက်က ကျွန်မအိမ်ကိုဝင်လာပြီး ရေတောင်းသောက်တယ်။ ကျွန်မရဲ့အိမ်ကလမ်းနဲ့လည်းအရမ်းနီးတယ်ဆိုတော့ကျွန်မကလမ်းကြုံလို့ရေဝင်သောက်တာဘဲထင်နေတာ။ ဒါပေမယ့် ရေ သောက်ပြီးရင်လည်း သူတို့နှစ်ယောက်က မပြန်သေးဘဲနဲ့ နေနေတော့ကျွန်မက "မင်းတို့နှစ်ယောက် ဘာ ကိစ္စရှိလို့လာတာလဲ" လို့မေးတယ်။ နောက်ပြီး "ဟိုဟာ(ဘိန်းဖြူ) ဝယ်သောက်ဖို့ လာတယ်ဆိုရင်တော့ ဒီမှာ မရှိဘူး။ တစ်ခြားနေရာမှာ သွားသောက်ပါ။"လို့ပြောလိုက်တယ်။

သူတို့ကကျွန်မကို မိသားစုဘယ်နှစ်ယောက်ရှိလဲ လို့မေးတော့ ကျွန်မက(၆)ယောက်ရှိတယ်လို့ ဖြေတယ်။ သူတို့ကပြောသေးတယ် "ကျွန်တော်တို့ ဟိုဟာ(ဘိန်းဖြူ) လာရှာသောက်တာမဟုတ်ဘူး၊ ကားပျက်သွားလို့ ကားပြင်ပြီးပြန်လာတာ" လို့ပြောတယ်။ နောက်ပြီးသိပ်မကြာခင်မှာ သူတို့နှစ်ယောက် ဘာမှမပြောဘဲပြန်သွားပြီး ဒီဇင်ဘာလ ၂ရက်၊ ၂၀၁၃ ခုနှစ် ည(၉)နာရီကျော်ကျော်လောက်မှ သူတို့နှစ်ယောက်က အဲဒီ(၂၈)ရက်နေ့က ဝတ်တဲ့အဝတ်အစားနဲ့ဘဲ ပြန်လာတာ။ အဲဒီညကအိမ်မှာ ကျွန်မတစ်ယောက်ထဲ အိပ်တယ်။ အမေကလည်း မော်ဟန်အိမ်မှာဖျားလို့ဆိုပြီး ကျွန်မဆီလာမအိပ်ဘူး။ ကျွန်မရဲ့သားသမီးတွေကိုတော့ ကွတ်ခိုင်ကသူတို့အဖွား တွေဆီမှာ ကျောင်းထားထားတယ်။

ကျွန်မရဲ့ယောက်ျားကတော့ နိုဝင်ဘာ(၁)ရက်နေ့မှာအဖမ်းခံရတယ်ဆိုတော့ ကျွန်မတစ်ယောက်ထဲ လယ် တောကို စောင့်ရင်းနဲ့ လယ်တောအိမ်မှာအိပ်တာဟုတ်တယ်။ ခါတိုင်းဆိုရင် အမေလာအိပ်ကူတယ်။ အဲဒီညက (၈) နာရီခွဲလောက်မှာ ကျွန်မအိပ်ပျော်သွားတာထင်တယ်။ သူတို့နှစ်ယောက်ကတော့ ဘယ်ဘက်ကလာမှန်း လည်းမသိဘူး။ သူတို့နှစ်ယောက် ဝင်းတံခါးကိုလာဖွင့်တဲ့အချိန်မှာ ကျွန်မကဖိုင်ဝါးလို ဘယ်သူလဲလို့ မေးတဲ့ အချိန်မှာ သူတို့နှစ်ယောက်က အပေါ်ကကြမ်းခင်းမှာရောက်နေပြီ။ ရောက်တာနဲ့သူ



တို့နှစ်ယောက်က"တံခါးဖွင့်" လို့ပြောတယ်။ ကျွန်မက "မဖွင့်နိုင်ဘူး"ကျွန်မဖျားလို့ အိပ်ယာပေါ်မှာလှဲနေပြီလို့ ပြန်ပြောလိုက်တယ်။

ဒါပေမယ့် သူတို့ကဖွင့်လို့ဘဲအော်နေတော့ ကျွန်မလည်းထပြီးဖွင့်ပေးလိုက်တယ်။ ကျွန်မလည်း ဒီလိုဖြစ်မယ် ဆိုတာ ထင်ကိုမထင်ထားဘူး။ ကျွန်မတို့အိမ်က လမ်းနဲ့လည်းနီးတယ်ဆိုတော့ ခါတိုင်း ကျွန်မယောက်ျား ရပ်ကွက်လူကြီးလုပ်တဲ့အချိန်လည်း အခုလိုဘဲ ညသန်းခေါင်ယံချိန်အခါမှာ လူဝင် လူထွက်ကရှိတယ်။ ဒါကြောင့်မို့ ကျွန်မလည်းရိုးရိုးသားသား ဧည့်သည်လို့ဘဲထင်ပြီး ဖွင့်ပေးလိုက်တယ်။ အဲဒီအချိန်တုန်းက ကျွန်မဘယ်လောက်ခံ စားရလဲဆိုရင် ယောက်ျားလည်း အဖမ်းခံရလို့အချုပ်ထဲမှာ ကျွန်မလည်းကလေး (၄) ယောက်ကို ကျွန်မတစ်ယောက်ထဲ ရုန်းကန်ပြီးတော့ ကျွေးမွေးရသေးတယ်။ နောက်ပြီး ကျွန်မကဖျားလည်း ဖျားနေသေးတယ်။

ကျွန်မတံခါးဖွင့်ပေးလိုက်တာနဲ့ သူတို့နှစ်ယောက်ထဲကအငယ်ကောင်က အဲဒီမှာငြိမ်ငြိမ်ရပ်နေ မလှုပ်နဲ့လို့ပြောတယ်။ နောက်တစ်ယောက်က တစ်ခါထဲ ကျွန်မနဲ့ကျွန်မယောက်ျား အိပ်တဲ့အခန်းထဲကို ဓါတ်မီးနဲ့တစ်ခန်းလုံး မွှေနောက်ပြီးရှာတယ်။ ဓါတ်မီးက သေးသေးလေးပဲ။ ဒါပေမဲ့ တော်တော်ကိုလင်းတယ်။ အိပ်ခန်းထဲ ဘာမှမတွေ့ တော့ ကျွန်မအိပ်တဲ့နေရာကိုလာပြီး ကျွန်မကို မတ်တတ်ရပ်လို့ ပြန်လာပြောတယ်။ နောက်ပြီး ကျွန်မအိပ်တဲ့ နေရာကို ပြန်ရှာတယ်။ ဒါပေမဲ့ ဘာမှတော့မတွေ့ဘူး။ အဲမှာတွေ့တာက ကျွန်မရဲ့ခေါင်းအုံးအောက်မှာ ဖွက်ထားတဲ့ ဓါးတစ်လက်ကိုတွေ့တော့၊ ဒီဓါးလည်း သက်သေခံနိုင်တယ်လို့ ပြန်ပြောတယ်။ နောက်ပြီး တရုတ်ပြည်က ဝယ်ထားတဲ့ ကျွန်မရဲ့ အင်္ကျီ(ဂျတ်ကင်)ကိုလည်း ဒီဟာလည်း သက်သေခံနိုင်တယ်လို့ ပြန်ပြောတယ်။

ကျွန်မလည်း ဒီဟာကဘာကို သက်သေခံနိုင်လဲလို့မေးတော့ သူက 'ငါတို့စခန်းမှာရှိတယ်၊ ဒီအင်္ကျီနဲ့ဓါတ်ပုံရိုက် ထားတာရှိတယ်'လို့ သူပြောတဲ့အချိန်မှာ ကျွန်မလည်းငြင်းတယ်။ ကျွန်မမသိဘူး။ ကျွန်မ ဘိန်းလည်းမရောင်းဘူး။ ကျွန်မယောက်ျား အချုပ်ကျတာတောင်မကြာသေးဘူး။ ကျွန်မက ဘာကြောင့်ရောင်းရမှာလဲလို့ ပြန်ငြင်းတယ်။ အဲနောက်ပိုင်းမှာတော့ ကျွန်မကို ကောင်းကောင်း ပြန်ထိုင်ခိုင်းတယ်။

နောက်ပြီး ချုပ်ရိုးတွေမှာပြန်ရှာတယ်။ ဒါပေမဲ့ ဘာမှမတွေ့ဘူး။ နောက်ပြီး ဘောင်းဘီချွတ်လို့ ပြောပြီး ကျွန်မဘောင်းဘီကို ဆွဲချွတ်ပေးတယ်။ ဒါပေမဲ့ ကျွန်မကအသားကပ်ဘောင်းဘီနဲ့ အတွင်းခံဘောင်းဘီလည်းဝတ်ထားတယ်။ ကျွန်မက သုံးထပ်တောင်ဝတ်ထားတယ်။ ကျွန်မက နည်းနည်းရုန်းဖို့ ကြံလိုက်တာနဲ့ သူတို့ကမင်း သိက္ခာမကျချင်ရင်တော့ မင်းမရုန်းနဲ့လို့ ပြန်ပြောတယ်။ သူတို့က ကျွန်မဘောင်းဘီဆွဲချွတ်ဖို့ ကြိုးစားလိုက် တာနဲ့ ကျွန်မလည်းအပေါ်ကို ပြန်ဆွဲတင်လိုက်တယ်။ ကျွန်မလည်း ရှင်တို့ကဘာဖြစ်ချင်ကြတာလဲ။ ရှင်တို့က ယောက်ျား၊ ကျွန်မကမိန်းမ အဲလိုမစစ်ဆေးကြပါနဲ့။ သူများတွေစစ်ဆေးတာ အဲသလိုမစစ်ဆေးဘူး။ ကျွန်မကို အဲလိုမလုပ်ပါနဲ့။ ကျွန်မအရမ်း တောင်းပန်ပါတယ်။ နင်တို့ဘာလိုချင်ကြလဲလို့ ပြန်မေးတယ်။

ဒါပေမဲ့ သူတို့ကဘာမှမပြောဘဲနဲ့။ ကျွန်မဝတ်ထားတဲ့ ဘောင်းဘီကိုဘဲ သူတို့ဆွဲချွတ်တယ်။ ကျွန်မလည်းပြန် ဆွဲတင်တော့ ကျွန်မရဲ့လက်ကို သူတို့ရိုက်ပေးတယ်။ အဲဒါနဲ့ကျွန်မငြိမ်ငြိမ်နေလိုက်တာနဲ့ သူတို့က အသားကပ် ဘောင်းဘီရဲ့ ချုပ်ရိုးကို ပြန်ပြီးရှာတယ်။ နောက်ပြီး ကျွန်မကိုကုန်းလို့ ပြန်ပြောတယ်။ ကျွန်မ မကုန်းနိုင်ဘူးလို့ ပြောရင်လည်း ကုန်းဆိုပြီး ကျွန်မရဲ့မအင်္ဂါမှာ လက်နဲ့ထိုးပေးတယ် မွှေပေးတယ်။ မွှေပြီးတော့ကျွန်မ အင်္ကျီမှာ ပြန်သုတ်တယ်။ နောက်ပြီးတော့ အကြီးကောင်ကအငယ်ကောင်ကို "မင်းဆိုင်ကယ်သွားတွန်း ထည့်လိုက် အုန်း" လို့ပြန်ပြောတယ်။ အဲဒီအချိန်ကျမှ ကျွန်မကသူတို့မှာ ဆိုင်ကယ် ပါလာမှန်းသိတာ။

အငယ်ကောင် ဆိုင်ကယ်သွားတွန်းထည့်နေတဲ့အချိန်မှာ အကြီးကောင်က ကျွန်မကို မီးဖိုးနံဘေးနားမှာ ထိုင်ခိုင်းပြီးတော့ ထိုင်အုန်းဆိုတော့ ကျွန်မလည်းအကောင်းမှတ်လို့ ထိုင်လိုက်တယ်။ အငယ်ကောင်တက်လာတာကိုတောင် ကျွန်မက "မောင်လေး ဒီဘက်ကိုရွှေ့ထိုင်လိုက်လေ" လို့ပြန်ပြီး တော့တောင်ပြောလိုက်တယ်။သူတို့ကမီးလည်းမထွန်းခိုင်းဘူး။အမှောင်ထဲမှာဘဲနေနေရတယ်။အဲဒီအချိန်မှာ သူတို့ပြောတာက မိသားစုဘယ်နယောက်ရှိလဲလို့ ပြန်မေးတယ်။ ကျွန်မလည်း ဟိုတစ်နေ့ကပြောပြီးပြီဘဲ (၆)ယောက်ရှိတယ်လို့ အဲလိုပြောပြီး နောက်မှာ သူတို့နှစ်ယောက်ကကျွန်မကို "ခင်ဗျားဟိုနေ့က

ကျွန်တော်တို့ နှစ်ယောက်ကို ဘာထင်လဲ” လို့မေး တယ်။ ကျွန်မလည်း “ဘာမှမသိလိုက်လို့ဘာမှမထင်ဘူး” လို့ပြန်ဖြေတယ်။

နောက်ပြီးသူတို့က“အေဟိုတစ်နေ့ညကနင်ပြောတော့ဘိန်းစားချင်ရင်ဟိုနားဒီနားသွားဝယ်လိုက်လို့ ပြောတယ်။ အဲဒီညတော့သွားဝယ်ပေးလိုက်” လို့ကျွန်မကိုပြန်ပြောတယ်။ ကျွန်မလည်းဟိုနာဒီနားမှာရောင်းတယ် ဆိုပြီး ကြားလို့ ခင်ဗျားတို့ကိုပြောလိုက်တာဟုတ်တယ် လို့ပြောတဲ့အချိန်မှာ သူတို့က“သေချာစဉ်စားအုံး သေချာစဉ်းစားအုံး ဝယ်ပေးမလားမဝယ်ပေးဘူးလား” လို့ပြန်ပြောတယ်။ ကျွန်မလည်းမဝယ်ပေးနိုင်ဘူးလို့ ပြောတဲ့အချိန်မှာ အဲဒီအကြီးကောင်က ကျွန်မကိုလာဖက်တယ်။ ကျွန်မလည်းပြန်ပြီးရုန်းလိုက်တယ်။ စကား နည်းနည်းကျယ်ကျယ်ပြောရင်လည်း သူကကျွန်မကို ခြိမ်းခြောက်လာတယ်။ နောက်ပြီးသူတို့ဆီမှာ လက်ထိတ် လည်းတစ်ခုပါတယ်။

ကျွန်မကသူတို့ကို “တောင်းပန်တယ်ကျွန်မကိုမခြိမ်းခြောက်ပါနဲ့ ကျွန်မလည်း အခုဖျားနေတယ်။ ကျွန်မအမျိုး သားလည်း အဖမ်းခံထားရတယ်။ ဒါကြောင့်ကျွန်မကိုမခြိမ်းခြောက်ကြပါနဲ့” လို့တောင်းပန်တယ်။ “ကျွန်မဆေးဖိုးထပ်မကုန်ချင်တော့ဘူး။ ကျွန်မပေးရမယ့်ပိုက်ဆံတောင်အရမ်းများတယ်”လို့ပြောတဲ့အချိန်မှာ သူတို့က ခင်ဗျားမှာ ရွှေအများကြီးရှိတာဘဲ အဲဒီရွှေတွေရောင်းပြီးပေးလိုက်ပါလားလို့ ပြောတယ်။ တကယ်ဆိုရင် သူတို့ ပြောတဲ့ရွှေဆိုတာက ကျွန်မလက်မှာဝတ်ထားတဲ့ ရွှေရောင်လက်စွတ်ကိုပြောနေတာ။ အဲဒါကရွှေလည်း မဟုတ် ဘူးလို့ ပြန်ပြောလိုက်တယ်။

နောက်ပြီးသူတို့က “ခင်ဗျားကျွန်တော်တို့ခေါ်တဲ့နေရာကို လိုက်မှာလား”လို့မေးတယ်။ ကျွန်မလည်း “မလိုက်နိုင်ဘူး ဘိန်းရောင်းတဲ့ နေရာကိုလည်းမသိဘူး”လို့ ပြောတဲ့အချိန်မှာ သူတို့က “ခင်ဗျားလိုက်မှာလားမလိုက်ဘူးလား” လို့ပြန်မေးတယ်။ ကျွန်မက “လိုက်လည်းမလိုက်နိုင်ဘူး ဘိန်းလည်းမဝယ်ပေးနိုင်ဘူး။ ခင်ဗျာတို့ကိုလည်း မညာဘူး။ ဘုရားသခင်ကိုလည်းမညာဘူး။ ဘိန်းရောင်းတဲ့ နေရာသိလည်းမသိဘူး။ ဝယ်လည်းမဝယ်ပေးနိုင် ဘူး” လို့ပြန်ပြောလိုက်တယ်။ သူတို့လည်း ဘိန်းဝယ်ပေးဖို့ဘဲ အတင်းပြောနေတာ။ ကျွန်မလည်း မဝယ်ပေးဘူး လို့ဘဲငြင်းတယ်။

နောက်ဆုံးတော့ ကျွန်မမဝယ်ပေးဘူးလို့ပြောလိုက်တာနဲ့ တစ်ခါထဲအိပ်ယာထဲကို တွန်းလှဲလိုက်တယ်။ နောက်ပြီး ကျွန်မရဲ့အောက်ပိုင်းမှာရှိတဲ့ အဝတ်အစားတွေကို ချွတ်ပေးလိုက်တဲ့အချိန်မှာ ကျွန်မလည်း “အဲလိုမလုပ်ကြပါနဲ့ ခင်ဗျားတို့ပိုက်ဆံလိုချင်သလား။ ကျွန်မကို ဖမ်းသွားချင်သလား။ ဖမ်းသွားချင်ရင်လည်း ကျွန်မဦးလေး အောက်မှာရှိတယ်။ သူ့ကိုသွားပြောပြီး ဖမ်းသွားပါ” လို့ပြန်ပြောတယ်။ သူတို့ကျွန်မကိုပြောထားတာက မင်းတို့လင်မယားနှစ်ယောက်စလုံးကို ဖမ်းထားလို့ရတယ်လို့သူတို့က ပြောထားတယ်။

ကျွန်မလည်းဦးလေးဆီမှာ ပိုက်ဆံသွားတောင်းပေးမယ်လို့ ပြောတဲ့အချိန်မှာ သူတို့က ခင်ဗျာဦးလေးနဲ့မဆိုင်ဘူး ခင်ဗျားနဲ့ဘဲဆိုင်တယ် လို့ပြန်ပြောတယ်။ နောက်ပြီး “ဒီကောင်မ တအားခေါင်မာတယ်။ သူ့ယောကျာ်းကို စစ်ဆေးရင်လည်း ပွစိပွစိနဲ့ အရမ်းခေါင်မာတယ်” လို့ပြောပြီးတာနဲ့ ကျွန်မကိုတစ်ခါထဲအနောက်ဘက်ကို တွန်း လှဲလိုက်တာနဲ့ ကျွန်မကိုယ်ပေါ်မှာ အကြီးကောင်ကတက်တယ်။ အဲချိန်မှာကျွန်မက အော်ဖို့ရန်အတွက်ဖြစ် လည်းမဖြစ်နိုင်ဘူး။ နည်းနည်းအော်လိုက်တာနဲ့သူတို့က ကျွန်မဆီမှာ ထားထားတဲ့ ဓားနဲ့ကျွန်မကို သတ်လိုက် ပြီ။ ကျွန်မအော်မယ်ဆိုရင်လည်း တစ်ခြားအိမ်ကအိမ်နီးနားချင်းတွေနဲ့အရမ်းဝေးတော့ အော်လို့လည်းမရဘူး။

အဲနောက်တော့ အကြီးကောင်က ကျွန်မကိုတွန်းလိုက်ပြီး လက်နှစ်ဖက်ကိုလည်း ချုပ်ထားတယ်။ အငယ်ကောင် ကတော့ ဘာမှဝင်မပြောဘူး။ နံဘေးမှာဘဲ အေးအေးဆေးဆေးထိုင်နေတယ်။ အကြီးကောင်က ဟိုဟာလုပ်ပါ ဆိုရင်လုပ်ပေးတယ်။ ဒီဟာလုပ်ပါဆိုရင်လုပ်ပေးတယ်။ သူတို့နှစ်ယောက်က နာမည်လည်း တစ်ယောက်နဲ့တစ် ယောက်မခေါ်ကြဘူး။ သူတို့နှစ်ယောက်စလုံးက “ဆရာဆရာ”လို့ဘဲ ခေါ်ကြတယ်။ အကြီးကောင်က ကျွန်မရဲ့ ဘောင်းဘီတွေကိုတော့ မချွတ်သေးဘူး။ ဒါပေမယ့် သူကကျွန်မအပေါ်မှာတက်ပြီးတော့ လှုပ်နေတယ်။ ကျွန်မ လည်း အားကုန်ရှိသလောက်ရုန်းရင်လည်း သူက သူ့ရဲ့လျှာထိုးအုပ်ထုပ်နဲ့ကျွန်မရဲ့ ပါးစပ်မှာထည့်ပေးပြီးတော့ သွားတွေကိုခေါက်ပေးတယ်။ ကျွန်မသွားတွေ တော်တော်နာသွားတယ်။ အခုမှနည်းနည်းသက်သာလာတာ။

ကျွန်မလည်း နောက်ပိုင်းတော့ အားလည်းမရှိတော့ဘူး လှုပ်လည်းမလှုပ်ချင်တော့ဘူး။ နဂိုကမှ



ဖျားနေတယ် ဆိုတော့ ဘယ်လိုမှမတတ်နိုင်တော့လို့ ငြိမ်ငြိမ်လေးနေလိုက်တယ်။ အဲချိန်မှာကျွန်မကဆုတောင်းယူတယ်။ သူတို့ဘယ်လိုဘဲလုပ်လုပ်ဆိုပြီး ကျွန်မက အသက်တောင်မရှူဘဲဆုတောင်းယူတယ်။ အဲချိန်မှာသူက ကျွန်မ သွေးကြောတွေကို သူ့လက်နဲ့စမ်းပြီးတော့ အသက်တော့ရှိသေးလားမသိဘူးဆိုပြီး ပြောနေတယ်။ နောက်ပိုင်း ကျွန်မဆုတောင်း ပြီးအသက်ပြန်ရှူလာတဲ့အချိန်မှ အသက်ရှင်သေးတယ်ဆိုပြီး ပြန်ပြောတယ်။ အဲချိန်မှာ ကျွန်မ တော်တော်ကိုတုန်နေပြီ။ အဲဒီအချိန်မှာ အကြီးကောင်က အငယ်ကောင်ကို ဆရာစောင်ခြုံပေးလိုက်အုံးလို့ ပြောတော့ အငယ်ကောင်က စောင်ကိုသူ့အပေါ်ခြုံလိုက်တဲ့အချိန်မှာ ကျွန်မကိုအောက်မှာခေါင်းမြီးခြုံသလိုဖြစ်နေပြီး အသက်တောင်မှ မနည်းရှူရတယ်။

ကျွန်မရဲ့ဘောင်းဘီကိုချွတ်ပြီး သူတို့နှစ်ယောက်တစ်လှေ့စီ အဓမ္မပြုကျင့်ကြတယ်။ တစ်ယောက်က အဓမ္မပြုကျင့်ချိန်တွင် နောက်တယောက်က ကျွန်မပေါင်ကို အတင်းဆွဲကားထားပေးတယ်။ အဓမ္မပြုကျင့်ပြီးတာနဲ့ တစ်ခါထဲအိမ်ထဲကနေ ထွက်သွားတယ်။ ကျွန်မရဲ့ ဂျက်ကင်အင်္ကျီကိုတော့ သူတို့နှစ်ယောက်ယူသွားတယ်။

ကျွန်မထင်တယ် သူတို့နှစ်ယောက် (၂၈) ရက်နေ့က လာတဲ့အချိန်မှာလည်း ကျွန်မရဲ့အခြေအနေကို လာကြည့် တယ်ထင်တယ်။ ဘယ်သူမှ မရှိတော့ဘူးဆိုပြီး (၂)ရက်နေ့မှာ မုဒိမ်းကျင့်ဖို့သက်သက်ကိုလာတယ်လို့ ထင်တယ်။ တကယ်လို့ မုဒိန်းမကျင့်ချင်ဘူးဆိုရင် ပိုက်ဆံအကြောင်းပြောမှာပေ့ါ။ ဒါပေမဲ့အခုက ပိုက်ဆံအ ကြောင်းနည်းနည်းမှမပြောဘူး တမင်သက်သက် ရည်ရွယ်ချက်ရှိရှိကိုလာတယ်လို့ ကျွန်မကထင်တယ်။ သူတို့နှစ်ယောက် ပြန်ခင်တော့ အောက်ဆင်းပြီးဓာတ်မီးနဲ့ အနားမှာဘယ်သူရှိမလဲလို့ လိုက်ရှာသေးတယ်။ ဘယ်သူ မှမရှိတော့မှ သူတို့နှစ်ယောက်ပြန်သွားတယ်။ သူတို့နှစ်ယောက်ပြန်သွားတာနဲ့ ကျွန်မလည်း အဝတ်အစားလဲပြီး တစ်ခါထဲအိမ်နံဘေးကဦးလေးဆီမှာပြေးပြီး ကျွန်မရဲ့ဖြစ်ကြောင်းကုန်စဉ်ကို ပြောပြတယ်။

အခုကျွန်မအပြင်ထွက်ရမှာတောင် တော်တော်ရှက်တယ်။ စိတ်လည်းညစ်။ နောက်ပြီး ဖျားလည်းဖျား ဆိုတော့ တော်တော်လေးနေမကောင်းဖြစ်သွားတယ်။

**လူ့အခွင့်အရေးချိုးဖောက်မှု – မုဒိန်းပြုကျင့်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား/မ | - မ |
| အသက် | - ၁၀ နှစ် |
| ပညာအရည်အချင်း | - သူငယ်တန်း |
| လူမျိုး | - ကချင်၊ရှမ်း |
| ကိုးကွယ်သည့်ဘာသာ | - ဗုဒ္ဓဘာသာ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၇ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မ****၏ အိပ်ခန်း |
| ချိုးဖောက်သူ | - ကွတ်ခိုင်စစ်တပ် (အရပ်ရှည်ပြီးပိန်၊ အသားမဲ(၆ပေ)လောက်ရှိ) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင်၊ ချိုးဖောက်ခံရသူ၏အဖွား |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |


ပုံ (၁၈) - ချိုးဖောက်ခံရသ မ****

## အမှုဖြစ်စဉ်

လွန်ခဲ့တဲ့၂၀၁၁ခုနှစ်၊ နိုဝင်ဘာလ(၇)ရက်နေ့တွင် ယုန်မော်ရွာ၌စစ်တပ်ကနေပြီး မုဒိမ်းမှု ပြုကျင့်ကြောင်း သိရှိရသည်။ မုဒိန်းပြုကျင့်သူသည် ကွတ်ခိုင်စစ်တပ်မှ စစ်သားတစ်ယောက် ဖြစ်ကြောင်း ချိုးဖောက်ခံရသူများက ပြောဆိုသည်။ နေ့လယ်(၁၂)နာရီခန့်တွင် ဗမာစစ်သားတစ်ယောက် အရက်သောက်ပြီး ရွာထဲဝင်လာသည်။ အဲဒီအချိန်မှာ အသက်(၁၂)အရွယ် ပထမတန်းကျောင်းသူ မ****သည် ကျောင်းကနေပြန်လာပြီး ခြံထဲ၌ မုန် ညှင်းရွက်ခူးနေချိန် ထိုစစ်သားရောက်လာသည်။ စစ်သားသည်ကျောင်းသူမကို သူ့ဆီလာခဲ့ရန်ခေါ်သည်။ မ****လာသောအခါ ထိုစစ်သားသည် ကျောင်းသူမကို အိမ်သာသို့ ပွေ့ခေါ်သွားပြီး မုဒိန်းပြုကျင့်ရန်ကြိုးစား အားထုတ်သည်။

ထိုသို့ဖြစ်နေသည်ကို ဘေးတွင်ရှိနေသော ကလေးများကတွေ့ပြီး မ****၏အဒေါ် ဒေါ်**** အသက်(၂၅)နှစ်)အားပြန်သွားပြောသည်။မ****၏အဒေါ်သည်အိမ်သာဘက်သွားပြီးသူမကိုဆွဲယူခဲ့သည်။ ထိုအခါစစ်သားသည် မီးဖိုချောင်ထဲမှဓါးဆွဲယူပြီး သူမအဒေါ်ကိုဓါးနဲ့ရွယ်သည်။ ထို့နောက်စစ်သားသည် သူတို့အိမ်မှ ထွက်သွား သည်။

စကားမပြောတတ်သည့် ဒေါ်**** အသက်(၄၀)ကျော် အမျိုးသမီးတစ်ယောက်၏အိမ်ကို ထိုစစ်သား ပြန်ဝင်သွားသည်။ ဒေါ်****တစ်ယောက်တည်း ထမင်းစားနေချိန်ထိုစစ်သားသည် သူမစားနေသည့် ပန်းကန်ကို လွှင့်ပစ်ပေးလိုက်သည်။ ဒေါ်****ကို နံရံ၌ကပ်ထားပြီး မုဒိန်းပြုကျင့်ရန် ကြိုးစားအားထုတ်သည်။ ဒေါ်****က ပါးရိုက်လိုက်သည်။ စစ်သားသည်စိတ်ဆိုးပြီး အဲဒီအိမ်ကနေ ပြန်ထွက်သွားသည်။ အဲဒီအဖြစ်အပျက်များ ဖြစ်ပြီး မကြာခင်မှာဘဲ တာမိုးညှင်းမြို့နယ် (အမက) ယုန်းမော သူငယ်တန်းတက်နေသည့် မ**** ကျောင်း သူကို နေ့လယ်(၁၂)နာရီ ကျောင်းဆင်းချိန် သူမတစ်ယောက်ထဲ အိမ်ပြန်လမ်းတွင် ယောကျ်ားတစ်ယောက် အိမ်ထဲဝင်လာသည်။ အဲဒီလူကိုရွာထဲ တစ်ခါမှ မမြင်ဖူးဘူး။ ဒါပေမယ့် သူဝတ်ထားတဲ့ ဝတ်စုံကိုတော့သိသည်။ အဲဒီအဝတ်သည် အိမ်နားက အဖိုးတစ်ယောက်၏ အဝတ်ဖြစ်သည်။ အဲဒီစစ်သားက သူမကိုဗမာစကားလာ ပြောသည်။ ဒါပေမယ့်သူမက ဗမာစကားနားမလည်ဘူး။ ဗမာစကား နားမလည်သည့်အတွက် စစ်သားက ဒေါသထွက်ပြီး သူမစားနေသည့် ပန်းကန်ကိုလွှင့်ပစ်ပေးလိုက်သည်။

မ****တို့၏ အိပ်ခန်းထဲဆွဲခေါ်သွားသည်။ အခန်းထဲရောက်တော့ ကျောင်းသူမ မ****၏ ပါးစပ်ကိုပိတ်ပြီး ဘောင်းဘီး ချွတ်ပေးလိုက်သည်။ မ****၏ အိမ်သူ/သားများ အားလုံးသည် လယ်တောထဲ သွားနေသည့် အချိန်ဖြစ်ပြီး အိမ်၌ဘယ်သူမှ မရှိကြပါ။ မုဒိမ်းပြုကျင့်ပြီး မ****ကထိုသူ၏လက်ကိုကိုက်ပြီး အဖွားအိမ်ဘက် ပြေးသွားသည်။ အဖွားနဲ့သူတို့ အိမ်ပြန်လာကြည့်တော့ စော်ကားသည့်စစ်သားမရှိတော့ပါ။

အိမ်နားက ဝါးခြမ်းနှင့် သွယ်ထားသည့် ရေခပ်ဆိပ်တွင် (ရေတံလျှောက်မှာ) စစ်သားအင်္ကျီကို တွေ့သည်။ အဲဒီနောက် မ****နှင့် အဖွားသည်ကျောင်းဆရာမ****ကို သွားပြောပြသည်။ ဆရာမနှင့် သူမတို့အဖွား နှစ်ယောက် ရွာထဲကဘုန်းကြီးကျောင်းတွင် ယာယီစခန်းချနေသည့် စစ်ဗိုလ်များကို အကြောင်းကြားခဲ့သည်။ အဲဒီနောက် ဆရာမနှင့်အဖွားသည် စစ်သားများနှင့်အတူ မုဒိမ်းပြုကျင့်ခဲ့သည့် စစ်သားကိုလိုက်ရှာသည်။

"ကျွန်မ မီးဖိုချောင်မှာ ထမင်းစားနေချိန် ထမင်းပန်းကန် လွှင့်ပစ်ပေးလိုက်ပြီး အိမ်ထဲခေါ်သွားတယ်။ ကျွန်မ လည်း အိမ်ထဲမှာ တစ်ခုခုလိုတယ်ထင်ပြီး လိုက်သွားတယ်။ အဲဒီနောက် အမေတို့အိပ်တဲ့ခုတင်ဘက် ခေါ်သွားတယ်။ဘောင်းဘီတွေအကုန်ချွတ်ပေးလိုက်တယ်။သမီးထွက်ပြေးဖို့လုပ်တော့ဖမ်းပြီးချုပ်ထားတယ်။ ပါးစပ် ကိုလည်း အဝတ်စနဲ့ ပိတ်ထားပေးတယ်။ မုဒိမ်းပြုကျင့်ပြီးမှ သမီးကိုလွှတ်လိုက်တယ်။ သမီးရောသူ့လက်ကို ကိုက်ပြီး အဖွားအိမ်ကို ထွက်ပြေးသွားတယ်။ အဲဒီနေ့ကနေစပြီး (၄)ရက်လောက် လမ်းမလျှောက် နိုင်လောက် အောင်နာတယ်။ အခုချိန်ထိ ဗမာစစ်သားတွေ ရောက်ရင်မကြည့်ရဲဘူး။ အိမ်မှာရောမနေရဲဘူး။ ဒါကြောင့်အဖွား အိမ်မှာ သွားနေလိုက်တယ်။"

## ချိုးဖောက်ခံရသူ၏အဖွားပြောဆိုချက်


"ကျွန်မတို့စစ်သားကိုလိုက်ရင်လည်း အဲဒီစစ်သားက ထွက်ပြေးသွားတယ်ဆိုတော့ မရှာနိုင်ခဲ့



ဘူး။ ညနေပိုင်းရောက်တော့ စစ်ကြောင်းက ဗိုလ်နှစ်ဦးဖြစ်တဲ့ ဗိုလ်ဆန်လိုင်နဲ့ ဗိုလ်အိုင်ဆူတို့က မ****တို့အိမ်မှာ ပိုက်ဆံကျပ် သုံးသောင်း (၃၀၀၀၀)နဲ့ လာတောင်းပန်တယ်။ အဲဒီဗိုလ်နှစ်ယောက်က ဒီပြဿနာကို ဒီမှာဘဲ အဆုံးသတ်ရ အောင်ဆိုပြီး ပြောတယ်။ ကျွန်မက ရွာလူကြီးကိုသွားခေါ်အုန်းမယ်လို့ ပြောရင်လည်းမခေါ်ခိုင်းဘူး။ ဒီပိုက်ဆံ သုံးသောင်း(၃၀၀၀၀)ကို ကျွန်မတို့ယူတာက ကျေနပ်တာမဟုတ်ဘူး။ သူတို့ရဲ့သေနတ်ကို ကြောက်လို့ယူတာ။ သူတို့ဘက်ကနေ ဆယ်သိန်းပေးမယ်ဆိုရင်လည်း မကျေနပ်ဘူး။"

## လူ့အခွင့်အရေးချိုးဖောက်မှု – လက်လွတ်စပယ်ပစ်ခတ်မှု

ချိုးဖောက်ခံရသူအမည် - မ****
ကျား/မ - မ
အသက် - ၁၄ နှစ်
ပညာအရည်အချင်း - (၆) တန်း
လူမျိုး - ကချင်
ကိုးကွယ်သည့်ဘာသာ - ခရစ်ယာန်
အလုပ်အကိုင် - ကျောင်းသူ
အဖအမည် - ဦး****
အမိအမည် - ဒေါ်****
နေရပ်လိပ်စာ - ဟူးဖျက်ပါ (နမ်ခစ်)၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်)
အခင်းဖြစ်ပွားသည့်နေ့ - ၁၁ရက်၊ ၇လ၂၀၁၂ခုနှစ်
အခင်းဖြစ်ပွားသည့်နေရာ - ဟူးဖျက်ပါ (နမ်ခစ်)
ချိုးဖောက်သူ - အစိုးရစစ်တပ်
အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် - ဒေါ်****
မှတ်တမ်းကောက်သည့်နေ့ - ၁၉ရက်၊ ၇လ၊ ၂၀၁၂ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း - HI



ပုံ (၁၉) (၂၀) - ချိုးဖောက်ခံရသူမ****၏ ဒဏ်ရာများ

## အမှုဖြစ်စဉ်

မ****သည် ဟူးဖျက်ပါ(နမ်ခစ်)ရွာတွင်နေထိုင်သောမိန်းကလေးဖြစ်သည်။ ဦး****နှင့် ဒေါ်****တို့၏သမီး ဖြစ်သည်။ သူတို့မောင်နှမများသည် မိဘမဲ့ကလေးများဖြစ်သည်။ မောင်နှမ (၇) ယောက် ရှိသည်။ သူမကသူတို့ မောင်နှမတွေထဲက ခြောက်ယောက်မြောက် သမီးဖြစ်သည်။ သူမ၏အစ်မများက

လယ်တောသွားလိုက်သည်။ သူ၏ညီမ****နှင့်အတူ ညနေကျောင်းက ပြန်လာပြီး အိမ်၌နေနေသည်။ ညနေပိုင်း၅:၃၀လောက်မှာ သူမဝက်စာရူးနေသည့်အချိန် ခွေးများဟောင်လာပြီး သွားကြည့်သည့်အခါ ဗမာစစ်သားများကို တွေ့လိုက်သည်။

သူတို့ညီအစ်မနှစ်ယောက်ကကြောက်ပြီး၊ မီးဖိုချောင်ထဲဝင်ပုန်းပြီး တံခါးပိတ်လိုက်သည်။ စစ်သားများက တံခါးဖွင့်လို့ပြောတော့ မ****က တံခါးသွားဖွင့်ပေးလိုက်သည်။ တံခါးဖွင့်လိုက်တော့ စစ်သားများသည် (ဘာမပြော ညာမပြောနဲ့) မ****ကို သေနတ်ဖြင့်ပစ်လိုက်သည်။ သုံးကြိမ်ပစ်သည်။ သေနတ်ပစ်သည့်စစ်သား၏ပုံစံသည်အသားဖြူဖြူနှင့်ပုတ်သည်။ မ****ကိုနစ်နေရာတွင်ထိမှန်သွားသည်။ နို့အုံနှစ်ဖက် လုံး၌ထိသွားသည်။ ညာဘက်ခြေထောက်(ဒူးနား)ဒဏ်ရာ တော်တော်လေးပြင်းထန်သည်။ မ****က ကျည်ဆံထိမှန်ပြီး သိပ်မကြာဘူး သတိမေ့သွားသည်။ သူမသတိပြန်ရလာသည့်အခါ လားရှိုးဆေးရုံတွင် ရောက်နေပြီ။ သူမ၏ညီမ****က အဲဒီကတည်းကထွက်ပြေးသွားသည်မှာ ယခုဤမှတ်တမ်းကောက်နေသည့်နေ့အထိ ရှာလို့မတွေ့သေးပါ။

## သူမ၏ဒုတိယမြောက်အစ်မပြောဆိုချက်

"ညနေပိုင်း သေနတ်သံတွေကြားရတော့ ကြောက်ပြီး အိမ်မြန်မြန်မပြန်ရဲဘူး။ အိမ်ရောက်တော့ စစ်သားတွေက ထမင်းအိုးတွေရော ခုတ်ပေးလိုက်ကြတယ်။ တစ်အိမ်လုံး ရှုပ်ပွနေတယ်။ ဘထွေးရဲ့ အင်္ကျီရောယူ ဝတ်သွား ကြတယ်။ စစ်သားတွေက 'မင်းအဖေ အိမ်ထဲကနေ သေနတ်ပစ်လို့ အခုမင်းညီမ ဒီလိုဖြစ်သွား တယ်' လို့ပြောတယ်။ ဘထွေးက အိမ်မှာတောင်မရှိဘူး။ စစ်သားတွေက ဆေးထိုးပေးတယ်။ ပိုက်ဆံ တစ်သိန်း ဆေးကုဖို့ပေးသွားတယ်။ လားရှိုးမှာ ဆေးကုနေတဲ့အချိန်လည်း စစ်သားနှစ်ယောက် ရောက်လာ ပြီး စကားလာပြောပြီး 'ခဏ နေကျရင် ကျွန်တော်တို့ထက်ကြီးတဲ့ သူတွေရောက်လာလိမ့်မယ်။ ကောင်း ကောင်းဖြေကြ' လို့ပြောပြီး ထွက်သွားကြတယ်။ အဲဒီနောက်ပိုင်းတော့ ဘယ်သူမှမလာတော့ဘူး။"

## ချိုးဖောက်ခံရသူ၏ပြောစကား

"အခု ဟူးဖျက်ပါကိုရော မပြန်ချင်တော့ဘူး။ စစ်သားတွေကို တွေ့ရင်လည်းကြောက်တယ်။ ဟူးဖျက်ပါမှာရော မနေချင်တော့ဘူး။ အရမ်းကြောက်သွားပြီ"

## လူ့အခွင့်အရေးချိုးဖောက်မှု – မတရားသတ်ဖြတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၁ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - လယ်ယာ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်**** (ကလေးတစ်ယောက်နှင့် ကိုယ်ဝန်ဆောင်) |
| နေရပ်လိပ်စာ | - မန်ဒတ်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၉ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နန့်တောင်း (ပြည်သူ့စစ်ရုံး) |
| ချိုးဖောက်သူ | - တပ်မ(၁၁) ခလရ (၁၂၄) (၁၂၅) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



## အမှုဖြစ်စဉ်

၉ရက်၊ ၉လ၊ ၂၀၁၃ခုနှစ်ရက်နေ့ နေ့လည်(၂)နာရီနဲ့ (၃)နာရီကြားတွင် ခမရ(၁၂၅)မှ ဖမ်းဆီးသွားသည်။ သူက စကားပြောစက် ပြောနေတုန်းမှာ စစ်ကြောင်းတစ်ခုကဝင်လာပြီး သူ့ကိုဖမ်းဆီး သွားသည်။ ထိုညတွင် ဟူကျိုးရွာ၌အိပ်ပြီး နောက်နေ့ နံနက်စောစော နန့်တောင်း ပြည်သူ့စစ်စခန်းကို ခေါ်သွားပြီး၊ မြေအောက် အချုပ်ခန်းတွင် ထည့်ထားသည်။ (၁၀) ရက်ခန့်ညှင်းပန်းနှိပ်စက်မှု ပြုလုပ်ခဲ့သည်။
(၁၈)ရက်နေ့ နံနက်(၂) နာရီခန့်တွင် ဦး***ကို ပလပ်စတိပ်တွင်ထည့်ပြီး ထမ်းသွားကာ သာဟဲရွာနှင့် (၁)မိုင်ကျော် လမ်းဘေးရှိလယ်ဟောင်းတွင် ထားခဲ့သည်။ အလောင်းကို သာဟဲရှိနွားကျောင်းသားများက မြင်ပြီး ရွာသူကြီးကို အကြောင်းကြားခဲ့သည်။ ထို့နောက် ရွာသားတစ်ချို့က၂၀ရက်၊ ၁၀လ၊ ၂၀၁၃ခုနှစ်တွင် ဦး****၏အလောင်းကို သွားဖော်ရာတွင် ပလပ်စတိပ်အိတ်တွင်ထည့်ပြီး နောက်ပြန်ကြိုးတပ်ထားသည်ကို တွေ့ ရှိခဲ့ကြပါသည်။

## လူ့အခွင့်အရေးချိုးဖောက်မှု – မြေမြှုပ်မိုင်း

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| အသက် | - ၁၆ နှစ် |
| ပညာအရည်အချင်း | - (၅)တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ကျောင်းသား |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| နေရပ်လိပ်စာ | - နမ်ဆုန်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ရက်၊ ၁လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ဆုန်ကျေးရွာ၊ ဦး****၏လယ်။ |
| ချိုးဖောက်သူ | - |
| မှတ်တမ်းကောက်သည့်နေ့ | - ၈ရက်၊ ၅လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |







ပုံ (၂၁) - ချိုးဖောက်ခံရသူမောင်****၏ ပုံ

ပုံ (၂၂) (၂၃) - ချိုးဖောက်ခံရသူမောင်****၏ ဒဏ်ရာများ

## အမှုဖြစ်စဉ်

လွန်ခဲ့သော ဇန်နဝါရီလ(၆)ရက်နေ့၊ ၂၀၁၁ခုနှစ်တွင် နမ်ဆုန်ရွာမှ ကျောင်းသားမောင်**** အသက် (၁၆) နှစ်ကို စစ်သားအင်အား(၁၈၅)ရှိ အစိုးရစစ်ကြောင်း ရောက်လာချိန်တွင် ပေါ်တာဆွဲခေါ်သွားကြသည်။ လူ(၄)ယောက်ကို အရင်ဆွဲခေါ်သည်။ အဲဒီအထဲမှာ မောင်****နှင့် သူ၏ယောက်ဖကိုဘဲ ခေါ်သွားကြသည်။ ခေါ်သွားသည့်ညတွင် လယ်တောထဲ၌အိပ်ပြီး နောက်မနက်တွင် ခိုင်းအော်ရွာကိုသွားသည်။ သွားနေကြလမ်းအတိုင်းသွားလျှင် ခိုင်းအော်ရွာအရောက် (၂)နာရီခန့်ပဲကြာသည်။ သို့သော် စစ်သားများက တောလမ်းကနေ သွားသောကြောင့် နံနက်(၆)နာရီမှ ညနေ(၅း၃၀)အထိ လမ်းလျှောက်လိုက်ရသည်။ တောလမ်းမှသွားနေချိန် လမ်းတွင် ထောင်ထားသည့်ဗုန်းကို စစ်သားတွေနင်းမိပြီး မောင်***ကို မိုင်းစများထိသွားသည်။

## ချိုးဖောက်ခံရသူ၏ပြောဆိုချက်

"အဲဒီနေ့ ကျွန်တော့်ယောက်ဖနဲ့ စပါးချွေနေတုန်း ဗမာစစ်သားတွေလာပြီး ကျွန်တော့်ကို 'ခဏလာခဲ့' လို့ခေါ် တယ်။ ကျွန်တော်လာတဲ့အချိန်မှာ ယောက်ဖဦး****၊ ယောက်ဖဦး****၊ ယောက်ဖဦး****တို့နှင့် ကျွန်တော် တို့(၄)ယောက်ကိုခေါ်ပြီး၊ ကျွန်တော်တို့(၄)ယောက်မှ ယောက်ဖဦး****နှင့် ကျွန်တော်တို့ နှစ်ယောက်ကိုပဲ ခေါ်သွားတယ်။ အဲဒီညတော့ ဦး****တို့လယ်မှာပဲ အိပ်ကြတယ်။ နောက်မနက်ကြမှပဲ ခိုင်းအော်ရွာကို ခေါ်သွားတယ်။ ကျွန်တော်တို့နှစ်ယောက်ကို ပစ္စည်းတွေအများကြီးထမ်းခိုင်းတယ်။

တောလမ်းကနေသွားလို့လမ်းမှာဗုန်းပေါက်တော့မိုင်းစ(၈)စကျွန်တော့်ခြေထောက်မှာထိသွားတယ်။ မိုင်း စထိသွားတော့ ကျွန်တော့ကို ပစ္စည်းတွေ မထမ်းခိုင်းတော့ဘူး။ ကျွန်တော့်ခြေထောက် အရမ်းနာလာလို့ တို့နှစ်ယောက်က အိမ်ပြန်ချင်ပြီလို့ ပြောတော့ မပြန်ခိုင်းပဲ ကုသပေးမယ်ဆိုပြီးပြောတယ်။ ကျွန်တော် လမ်း မလျှောက်နိုင်တော့ စစ်သားတစ်ယောက်က ကျောပိုးပြီးဆက်သွားတယ်။ ကျွန်တော်ထင်တာကတော့ သူတို့ကျွန်တော့ကို လွှတ်လိုက်ရင် သူတို့အပြစ်ကို သူများတွေသိသွားမှာစိုးလို့ ကျွန်တော့်ကို ဆေးကုပေး မယ်ဆိုပြီး မြူဆွယ်တာ နေမှာ။ ခိုင်းအော်မရောက်ခင်လမ်းမှာ စစ်တိုက်သေးတယ်။ သူတို့တိုက်နေတုန်းမှာ ယောက်ဖက ထွက်ပြေးလွတ်မြောက်သွားတယ်။ အဲဒီညတော့ ခိုင်းအော်ရွာမှာပဲ အိပ်ကြတယ်။

နောက်မနက် နမ်တူကိုသွားတယ်။ နမ်တူဆေးရုံရောက်တော့ ကျွန်တော့်အနာမှာ ဆေးပဲထည့်ပေးတယ်။ နောက်တစ်နေ့ လားရှိုးစစ်ဆေးရုံရောက်ရင်လည်း ဆေးပဲထည့်ပေးပြီး မိုင်းစလည်း မခွဲထုတ်ပေးဘူး။ လားရှိုးမှာ (၃)ရက်လုံးလုံး ဒီအတိုင်းပဲ ထားတယ်။ လားရှိုဆေးရုံ ရောက်တုန်း ကျွန်တော့်ကို ဗိုလ်တစ်ယောက်က လိုအပ်ရင်သုံးဖို့ဆိုပြီး ကျပ်ရှစ်သောင်း(၈၀၀၀၀) လာပေးတယ်။ အဲဒီပိုက်ဆံတွေကို စစ်သား တွေက ပြန်ခိုးယူသွားတယ်။ (၃)ရက်ကြာပြီးနောက်မှာမှ (၁၁ရက်၊ ၁၊ ၂၀၁၁ခုနှစ်) ရက်နေ့မှာ အမေပြန်လာခေါ်သွားတယ်။ ကျွန်တော့်အနာထဲက မိုင်းစတွေကို နမ်ဖက်ကာ စစ်ရှောင်စခန်းက ဆရာတွေ မူဆယ် ဆေးရုံကို ခေါ်သွားပြီး ခွဲထုတ်လိုက်တယ်။ အခုခြေထောက် နှစ်နေရာမှာ မိုင်းစရှိနေသေးတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – မုဒိန်းပြုကျင့်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မ**** |
| ကျား/မ | - မ |
| အသက် | - ၁၄ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - မှီခို |
| နေရပ်လိပ်စာ | - နားမွေအုပ်စု၊ နမ့်ကွတ်ကျေးရွာ၊ ကွတ်ခိုင်မြို့နယ်၊ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၆ရက်၊ ၅လလ၊ ၂၀၁၄ခုနှစ် |



| | |
|---|---|
| အခင်းဖြစ်ပွားသည့်နေရာ | - အိမ်နှင့်သုံးမိနစ်ခန့်သွားရသည့်ခြံ၊ နမ့်ကွတ်ကျေးရွာ |
| ချိုးဖောက်သူ | - ခမရ (၅၆၇) တပ်မှတပ်သား ကောင်းဘိုဘို (အသက် ၃၀ ဝန်းကျင်ခန့်) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူ၏ဖခင်၊ရပ်ရွာလူကြီး၊ ချိုးဖောက်ခံရသူ၏အဒေါ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

## ချိုးဖောက်ခံရသူ၏ဖခင်ပြောဆိုချက်

"ကျွန်တော့်နာမည်တော့ ဦး****ပါ။ အသက် (၃၃)နှစ်ရှိပါပြီ။ ကျွန်တော့်ဇနီးတော့ ဒေါ်****ပါ။ အသက်၃၇နှစ်ပါ။ကျွန်တော့်သမီးနာမည်တော့မ****ပါ။အသက်(၁၄)နှစ်ကျော်ရှိပါပြီ။ကျွန်တော်တို့မှာသား သမီး (၈)ယောက်ရှိတယ်။ ကျွန်တော့သမီးတွေထဲမှာ ကျွန်တော့်သမီးမ**** က သူများနှင့်လည်းမတူတော့ ကျောင်းလည်းနှစ်တန်းအထိပဲတက်ရတာပါ။ ကိုယ်နည်းနည်းထိုင်းတာပေ့ါ။ သူတို့မောင်နှမ(၈)ယောက် ရှိ တယ်။ ကျွန်တော်တို့ကတော့ တစ်ရက်လုပ်တစ်ရက်စားပါ။ ဒါကြောင့် ကျွန်တော်ကတော့အလုပ်သွားလုပ် တာပေ့ါ။

ကျွန်တော့်သမီးကိုသူ့အမေကအိမ်နီးနာခြင်းထံဟင်းစာသွားယူခိုင်းလိုက်တယ်။သူ့ညီမနှင့်အတူပေ့ါ။ ပြန် လာတဲ့အခါကျတော့ သူတို့နှစ်ယောက် နောက်မှာစစ်သားနှစ်ဦးလိုက်လာပြီး သူ့ညီမကိုတော့အရင်ပြန် ခိုင်းလိုက်တယ်။ ပြီးမှသူ့ကိုပါးစပ်ပိတ်ပြီးတော့ ချုံပုတ်ကိုခေါ်သွားတယ်။ စစ်သားနှစ်ယောက်ထဲက တစ် ယောက်တော့ ပြန်သွားတယ်။ တစ်ယောက်ဘဲကျန်ခဲ့တာပေ့ါ။ ညနေရောက်တော့ သူကနာတယ်ပြောလို့ သူ့အမေကိုစစ်ခိုင်း လိုက်တယ်။ ပြီးမှဘဲ သူတို့ကိုသွားတွေ့တယ်။

သူတို့ ၁၄ရက်၊ ၅လ၊ ၂၀၁၄ခုနှစ် ရက်နေ့မှာလည်း ကျွန်တော်တို့ရွာက အသက်(၃၈)နှစ် မ****ကိုလည်း ထိုသို့အဓမ္မပြုရန်ကြိုးစားခဲ့ဖူးပါတယ်။ သို့သော်ထိုအမျိုးသမီးသည်လက်လည်း ကိုက်ပေးသည်။ ပြီးတော့ ဓါးနှင့်လဲချိန်းခြောက်သောကြောင့် ပြန်သွားကြတယ်။ သူ့ကိုလာကြံစည်တာ ဘယ်သူလဲဆိုတာကိုတော့ ကောင်းကောင်းမသိလိုက်ရဘူး။ ရပ်၊ ရွာလကြီးတို့ကိုတော့ သွားမတိုင် ဖြစ်လိုက်ဘူး။ ဒါပေမဲ့ဒီဖြစ်ရပ်ကတကယ်ဖြစ်တာပါ။ သူတို့အဖွဲ့က(၄၀)၊ (၅၀)လောက်တော့ရှိတယ်။ ကျွန်တော့်ခံစားချက်ကတော့ ဘယ်သူ့ကလေးပဲဖြစ်ဖြစ် မဖြစ်ခိုင်းစေချင်ဘူးလေ။ ဒါကြောင့် စစ်တပ်မို့လို့ မဟုတ်ဘူး။ ဘယ်သူဘဲကျူးလွန်လွန်မကျေနပ်ဘူး။ ရက်လဲရက်တယ်။"

## ရပ်ရွာလူကြီး ( ဉက္ကဌ ) ၏ပြောဆိုချက်

"ကျွန်တော်တော့မတွေ့လိုက်ပါဘူး။ ဒါပေမဲ့သူတို့လူငယ် တစ်ယောက်ကိုလွှတ်ပြီးတော့ လာပြောခိုင်းလိုက်တယ်။ လာပြောခိုင်းတာနဲ့တစ်ခါထဲ ကျွန်တော်တော့ ဘယ်သူဘဲဖြစ်ဖြစ် ယခုလိုမျိုး အဓမ္မပြုကျင့်ခံရတယ်ဆိုတော့ စစ်တပ်ပဲဖြစ်ဖြစ် ဘယ်သူပဲဖြစ်ဖြစ် ကျွန်တော်တော့ ဒီဖြစ်စဉ်ကို သိဖို့ရန်အတွက် ကျွန်တော်ကတော့ ချက်ချင်းကိုလိုက်သွားပါတယ်။ ဟိုမှာရောက်တော့ ကျွန်တော် စဉ်းစားမိတာပေ့ါ။ ကျွန်တော်တို့အခု ခံရတဲ့ကလေးက နည်းနည်းလည်း သူများလိုလူစဉ်မမှီဘူးဆိုတော့ စစ်တပ်ကိုညှိုးရမှာလည်း ခပ်လန့်လန့်ဆို တော့ ကောင်းကောင်းမှန်မှ သွားပြောမယ်ပေ့ါ။

ကလေးမလေးကို "သူ့(ကျူးလွန်သည့်စစ်သား)ကိုမှတ်မိလား" လို့မေးတော့ မှတ်မိတယ်ပြောလို့ ကျွန်တော် လည်းသိသလောက်တော့ သူ့ကိုစစ်ရမယ်။ ဒါက ရှက်စရာလဲမဟုတ်ဘူး။ ဘယ်သူ့ကလေးပဲဖြစ်ဖြစ် ဒါက မကောင်းဘူးလေ။ ဒါကတော့စိတ်မကောင်းစရာပဲလေ။ ကလေးကို မေးတော့လည်း ကလေးကဟိုအိမ်မှာ နေတာလို့ပြောတော့ ကလေးကိုခေါ်ပြီး သွားပြလိုက်တယ်။ သုံးပွင့်ဆရာလို့ထင်ရတဲ့သူကတော့ အောက် အိမ်မှာရှိတဲ့ ဗိုလ်တစ်ယောက်ဆီကို ပြန်ခေါ်သွားလိုက်တယ်။ ဒီကလေးမလည်း မှတ်မိတယ်ဆိုတော့ သွား ပြကြတယ်။

ထိုဗိုလ်ကြီးလည်း သူ့တပ်သားများကို တန်းစီခိုင်းတယ်။ အဲဒီအချိန်မှာ တပ်သားကောင်းဘိုဘိုကို ညွှန်ပြ တယ်။ အဲဒီအချိန်မှာ ထိုတပ်သားကောင်းဘိုဘိုကလည်း "မင်းမဟုတ်တာမပြောနဲ့" လို့ပြောတယ်။ ထိုအချိန် တွင် စစ်ဗိုလ်ကလည်း "ကလေးမအဖေကို ခဏပြန်ခိုင်းလိုက်။ ဟုတ်မဟုတ်ဆိုတာကိုလည်း ငါတို့စစ်ဆေးပြီးတော့ ငါကိုယ်တိုင်စီစဉ်ပေးမယ်"လို့ပြောတယ်။ ထိုတပ်သားကောင်းဘိုဘိုကလည်း "ငါနင့်ကို ကလေး ပိုးပြီးခေါ်သွားတာကို လိုက်စလိုက်တာပဲ" လို့ပြန်ပြောတယ်။ နောက်တော့စစ်ဗိုလ်က "ငါကိုယ်တိုင် ဖြေရှင်း ပေးမယ်။ ဒီသတင်းကို ဘယ်သူ့ကိုမှမပြောသေးနဲ့" လို့ပြောတယ်။ "လာတောင်းပန်ဆိုလည်း လာတောင်းပန်ပါ့မယ်"တဲ့။

ဒီဖြစ်စဉ်က နည်းနည်းကိုမတရားတဲ့ဖြစ်ရပ်ပါ။ ညမိုးချုပ်လဲမဟုတ်ဘူး။ ကလေးမကညမှာ လျှောက်လည်တာလဲ မဟုတ်ဘူး။ အခုတော့ကလေးကို မတရားပြုကျင့်တယ်ဆိုတော့။ ကလေးက သူများခြေလှမ်းလည်း မမှီဘူး။ နည်းနည်းနောက်ကျတယ်။ သူတို့ဒီလိုမျိုး လုပ်တယ်ဆိုတော့နည်းနည်းမှ မတရားဘူးပေါ့။"

## ချိုးဖောက်ခံရသူ၏အဒေါ်ပြောဆိုချက်

"ကျွန်မတို့သွားပြတဲ့အချိန်မှာ ထိုကောင်းဘိုဘိုက "နင့်ကိုငါဘယ်မှာတွေ့ဖူးလို့တုန်း။ နင့်ကို ငါတွေ့လည်း မတွေ့ဖူးပဲနဲ့" လို့ပြောပြီးခဏနေတော့ "မင်းကိုငါ ကလေးပိုးလာတုန်းက ထမင်းစား ပြီးပြီလားလို့ပဲပြောတယ်" ဆိုပြီးတော့ပြန်ပြောတယ်။ အဲဒီအချိန်မှာ ဗိုလကြီးကလဲ "အခုတော့ တရားခံ မထွက်သေးဘူးဆိုတော့ ထွက်အောင်တော့ရှာမှာပါ။ နင်တို့လဲစိတ်ရှည်ပြီးတော့စောင့်နေ" လို့ပြောတယ်။ မနေ့က မနက် ၁၈ရက်.၅လ.၂၀၁၄ခုနှစ် မနက်ထိ ကျွန်မကိုပြောတယ် "ကျွန်တော်ကတော့မတင်ကာပဲနဲ့ ကျွန်တော့် တပည့်ကို အချုပ်ထဲပို့လိုက်ရတာ လုံးဝကိုမဖြစ်နိုင်ဘူး။ စိတ်တောင်မကောင်းဘူး။ နင်တို့သူ့ကို တရားစွဲမယ်ဆိုလည်း သူထောင်ကနေထွက်လာပြီး အညိုးကြီးကြီးနဲ့နင်တို့ကို ပြန်လာရန်မူမှာကို မကြောက်ဘူးလား" ဆိုပြီးတော့ စစ်ဗိုလ်ကပြောလိုက်သေးတယ်။

ကျွန်မလည်း အဲဒီစစ်ဗိုလ်နဲ့ပြောပြီး ချက်ခြင်းဆိုသလို ကျွန်မမောင်တို့ဆီကိုသွားပြီး ကွတ်ခိုင်ကဆွေမျိုး တွေနဲ့ချိတ်ပြီး ကွတ်ခိုင်ဆေးရုံမှာဆေးစစ်တယ်။ အမှုဖွင့်လိုက်တာပေါ့။ ကျွန်မကတော့ "ဗိုလ်ကြီးခင်ဗျားတို့ လူနှစ်ယောက် ဟိုတစ်နေ့ကလဲ နည်းနည်းမန့်တဲ့ အသက် (၃၈)နှစ် ကိုလည်း လာကြံကြတယ်။ သူတို့မတိုင် တတ်လို့သာ လာမတိုင်တာလို့ပြောလိုက်တယ်။ လက်ကို ဓါးနဲ့ပြန်ရိုက်လိုက် လို့သာပြန်လွတ်တယ်" ပြောတော့ ဗိုလ်ကြီးကတော့ "ဟိုတစ်ယောက်ထင်တယ် လက်နာနေတာ" လို့ပြောပြီး ပြန်ပြီးလှောင်ပြောင်လိုက်သေးတယ်။

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– ညှင်းပမ်းနှိပ်စက်မှု** |
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား၊မ | - ကျား |
| အသက် | - ၂၆ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/ကခန (နိုင်) ****** |
| ပညာအရည်အချင်း | - ၁၀ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ဘော်ဒါအုပ် |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - ကွတ်ခိုင်၊ ရှိမန်ကတ်သလစ် အသင်းတော်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |



| | |
|---|---|
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ရက်၊ ၂လ၊ ၂၀၁၅ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ရှိမန်ကတ်သလစ်ဘုရားကျောင်း၊ ကွတ်ခိုင်မြို့ |
| ချိုးဖောက်သူ | - ခလရ (၁၄၁) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၆ရက်၊ ၂လ၊ ၂၀၁၅ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

ဒီမှာနေတာတစ်နှစ်ရှိပြီ။ အရင်ကကွတ်ခိုင်မှာပဲနေတယ်။ လားရှိုးမှာ ကျောင်းသွားတက်တယ်။ မနစ်ကနေ ဒီမှာပြန်ရောက်တယ်။ ကျွန်တော့်အိမ်က ကွတ်ခိုင် အလက (၁) ကျောင်းရှေ့မှာဟုတ်တယ်။ ကျွန်တော်ကကျောင်းပဲတက်တယ်။ ကျွန်တော်ပုသိမ်မှာ ကျောင်းသွားတက်ပြီးရင် တရုတ်ပြည်မှာ အလုပ်သွားလုပ်တယ်။ နွေရာသီနယ်လှည့်ရင်းနဲ့ဒီကိုရောက်တယ်။ Fatherက ဒီမှာ ကူပါဆိုလို့ ဒီဘုရားကျောင်းမှာ နေနေတာပါ။

ကျွန်တော်ကဒီမှာနေ့တိုင်းအလုပ်လုပ်တယ်။ သူတို့(စစ်တပ်)လဲလိုက်ကြည့်တယ်။ သူတို့တံခါး ဖွင့်မယ်ဆိုတော့ ကျွန်တော်က တူတောင်သွားယူပေးလိုက်သေးတယ်။ သူတို့နဲ့အတူနေနေတာပေါ့။ ထမင်းစားချိန်မှာ ကျွန်တော်က ခေါက်ဆွဲသွားဝယ်တယ်။ အဲဒီအချိန်မှာ အောက်မှာလည်းတစ်ဖွဲ့ရှိတယ်။ ကျွန်တော်လည်း ပြန်မလည့်ဘူး။ သူတို့လဲသေနတ်နဲ့ချိန်ထားတယ်။

သူတို့ကျွန်တော့်ကိုခေါ်တယ်။ "ညီလေးဒီကိုခဏလာခဲ့" လို့ခေါ်ပြီး "ဆိုင်ကယ်တူးဘောက်ဖွင့်ကြည့်" လို့ပြောတော့ ကျွန်တော်လည်းသူတို့ပြောသလိုလိုက် လုပ်တယ်။ သူတို့ဆိုင်ကယ်မှာရှာတယ်။ ဘာမှမတွေ့ တော့မှ "ညီလေး ဆိုင်ကယ်ဟိုဘက်ထိုးထား။ ဒီမှာခဏလေးနေပေးနော်" လို့ပြောတယ်။ အဲဒီမှာဟို သူငယ်ချင်းတွေဆီက စစ်ဆေးတော့ သူတို့ဖုန်းထဲမှာဘာတွေတွေ့လဲမသိဘူး။ ဒီကောင်တွေ အားလုံးကို ကြိုး တုတ်ထားလိုက်ဆိုပြီး ကျွန်တော်တို့ကိုကြိုးတုတ်ထားပြီး ဒူးထောက်ထိုင်ခိုင်းတယ်။ ဟိုသူငယ်ချင်းတွေကို တော့ အခန်းထဲမှာ ရေတွေလောင်းပြီးစစ်ဆေးတယ်။ ကျွန်တော့်ကိုတော့ဘာမှမစစ်ဘူး။

ညနေ ၁း၃၀ နာရီလောက်မှာ ကျွန်တော်တို့ကိုစစ်တပ်ထဲခေါ်သွားတယ်။ စစ်တပ်ရောက်တာနဲ့ ကျွန်တော်တို့ကို အခန်းခွဲပြီး မောင်**** နင့်ကျွန်တော့်ကိုတော့သက်သက်ထိုင်ထားခိုင်းတယ်။ ခဏနေတော့ကျွန်တော့်ကို လာပြောတယ် "မင်းတို့နှစ်ယောက်ကိုတော့ Father မှာလိုက်တယ်။ ကောင်းကောင်းဖြေလို့ပြောလိုက် တယ်။ မင်းတို့ကောင်းကောင်းဖြေ။ ဟိုဦး****အကြောင်းကောင်းကောင်း ပြောပြ။ မပြောရင်သတ်လိုက် မယ်" လို့လာပြောတယ်။ "မင်းတို့သိကိုသိရမယ်။ ကောင်းကောင်းပြောတဲ့။" ကျွန်တော်တို့လည်းမသိတော့ "မသိဘူးလို့" ပြောတယ်။

ကျွန်တော်နဲ့ ကျွန်တော့်သူငယ်ချင်းနှစ်ယောက်ကိုတော့ မျက်စိလည်းမပိတ်ပါဘူး။ ကြိုးတော့တုတ်ထားတယ်။ လက်လှုပ်လို့မရအောင် ချည်ထားပေးတယ်။ ရောင်လာလို့ အကူအညီ တောင်းတော့ လာဖြေပေးတယ်။ သူတို့ကိုစစ်ပြီးတော့ ညနေမိုးချုပ်ခါနီး ၆း၀၀နာရီလောက်မှာ ကားနဲ့ ရဲစခန်းကိုသွားပို့တယ်။ ကားပေါ်ကိုခေါ်လာတဲ့အချိန် ကျနတ်တဲ့သူငယ်ချင်းတို့ကို သေနတ်ဒင်နဲ့ထုတယ်။ ဟိုတစ်ယောက်ကိုတော့ ထိုးတယ်။ အခန်းထဲမှာ ကျွန်တော်တို့ကို ၄း၀၀နာရီနီးပါး ထိုင်ထားခိုင်းတယ်။

၆း၀၀နာရီမိုးချုပ်ခါနီး "စခန်းထဲသွားပို့လိုက်" လို့ကြားတော့ စိတ်နည်းနည်း သက်သာလာတယ်။ ကျွန်တော်တို့ကို (၁၄၁)တပ်မှာသွားစစ်တယ်။ ကျွန်တော်တို့ကို ဗိုလ်ကြီးရော၊ စစ်သားရော လာမေးတယ်။ ကျွန်တော်တို့ကိုအရမ်းမေးတယ်။ ကျွန်တော်ကဘာမှ မပြောဘူး။ ည ၁၁း၀၀ နာရီလောက်မှာ ပြန်လွတ် လာတယ်။ ကျွန်တော်တို့ကို နှိပ်စက်တယ်။ ဒီလိုသာဆက်နှိပ်စက်ရင်တော့သေမှာဘဲ။ မခံနိုင်ရင်တော့သေမှာ ဘဲ။ သူတို့နှိပ်စက်တာတော့မခံချင်ဘူး။ သေတာဘဲကောင်းတယ်။ အသေဘဲခံလိုက်မယ်လို့ဘဲတွေးတယ်။ သူငယ်ချင်းတွေကိုနှိပ်စက်တာတွေတော့ ကြောက်တာပေါ့။

## လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပန်းနှိပ်စက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား၊မ | - ကျား |
| အသက် | - ၂၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီးအမည် | - ဒေါ်**** |
| နေရပ်လိပ်စာ | - ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ရက်၊ ၂လ၊ ၂၀၁၅ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ရပ်ကွက်(၆)၊ လမ်းမကြီး |
| ချိုးဖောက်သူ | - အစိုးရစစ်တပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင်၊ ချိုးဖောက်ခံရသူ၏ဇနီး |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၅ရက်၊ ၂လ၊ ၂၀၁၅ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

"ကျွန်တော့်ကိုလဲအဲဒီမှာပဲဖမ်းတာ။ စစ်ဖြစ်တဲ့နေရာမှာပဲဖမ်းတာ။ လူတွေလဲပြေးနေကြတော့။ ကျွန်တော့် မိန်းမကအရင်ပြန်သွားတာ။ သူငယ်ချင်းတွေကိုလိုက်ကူရင်းနဲ့ဖြစ်တာ။ ညတော်တော်မိုးချုပပြီ။ ဗုံးပေါက်ကွဲ တာတစ်ချက်ပဲကြားတယ်။ ကျွန်တော့်ကိုတော်တော်နှိပ်စက်တယ်။ မျက်စိတောင်ဖွင့်လို့မရဘူး။ သွေးတွေနဲ့ပြည့်နေတယ်။ ကျွန်တော့်ကို ပစ္စတိုနဲ့ဗိုလ်ကြီးကိုယ်တိုင်ရိုက်တယ်။ ကျွန်တော့်ကို ဖမ်းသွားကတည်းကစရိုက်တယ်။ ခေါင်းငုံ့ထားခိုင်းတယ်။ ထောင်လိုက်တာနဲ့ရိုက်တယ်။ သူတို့ ကျွန်တော့်ကိုသေနတ်နဲ့ပစ်တယ်။ သူတို့ကဖမ်းမိတာနဲ့ရိုက်တာပဲ။ ဗျူဟာကုန်းကိုရောက်တာနဲ့ရိုက် တယ်။ သူတို့ကျွန်တော့်ကိုစစ်တယ် ဆိုတာက ရိုက်ဖို့အတွက်ပဲ။ ကျွန်တော်မဟုတ်လို့ "မဟုတ်ဘူး"လို့ ပြောတော့ထပ်ရိုက်တာပဲ။ ထွက်ခါနီးတောင် ရိုက်ချင်သေးတာ။

အဲဒီညမှာ ကျွန်တော်တို့ငါးယောက်ကိုဖမ်းတယ်။ ပလောင်လူမျိုး**** အသက်(၃၅) နှစ် လောက်နဲ့ တရုတ်နှစ်ယောက်လဲပါသေးတယ်။ ကျွန်တော့်မိန်းမဒေါ်**** အသက် (၄၀) ကျော်လည်းပါတယ်။ ကျွန်တော်တို့ငါးယောက်ဟုတ်တယ်။ အများအားဖြင့်ကန်တယ်။ သေနတ်ပြောင်းနဲ့လဲထိုးတယ်။ ရိုက်လဲ ရိုက်တယ်။ အခုဒီခေါင်းပေါက်သွားတာလည်း သူတို့ပဲပြန်ချုပ်ပေးတယ်။ ဘာဘဲပြောပြောရိုက်တယ်။ တရုတ်ကိုလဲရိုက်တယ်။သူ့ကိုကြတော့သေနတ်နဲ့ရိုက်တယ်။ကျွန်တော့်မိန်းမကိုလည်းနှစ်ချက်သုံးချက်တော့ ရိုက်တယ်။

ပြည်သူကို ဒီလိုနှိပ်စက်တယ်ဆိုတာက တော်တော်ကိုဆိုးတယ်။ အခုကျွန်တော်က လမ်းမကြီးက နေလာတာလေ။ ကျွန်တော်တို့က စစ်သားလဲမဟုတ်၊ ရန်သူလဲမဟုတ် အများပိုင်လမ်းမကြီး ပေါ်မှာလေ။ အခုလိုလုပ်တာတော့နည်းနည်းလေးမှမကောင်းဘူး။ကျွန်တော့်ခေါင်းလည်းခြောက်ချက်တောင်ချုပ်ရတယ်။

### ချိုးဖောက်ခံရသူ၏ဇနီး ပြောဆိုချက်

ကျွန်မတို့ကစားဝိုင်းကနေ အတူပြန်လာဖို့ပြောတယ်။ ကစားဝိုင်းကနေ ကျွန်မက ရပ်ကွက်(၃) က သူငယ်ချင်း ဦး****နဲ့အရင်ပြန်နှင့်တယ်။ ကျွန်မကသွားတော့ သူ(ခင်ပွန်း)နဲ့အတူတူသွားတာ။ ကျွန်မယောကျ်ားကို အတူပြန်လာဖို့ပြောတယ်။ သူကကျန်ခဲ့ပြီး ကျွန်မသူငယ်ချင်းနဲ့ အတူပြန်လာတော့



လမ်းမှာဖမ်းပြီး "မလှုပ်နဲ့လှုပ်တာနဲ့ပစ်မယ်" ဆိုပြီးပြောတယ်။ အဲဒီမှာဘဲ ကျွန်မယောကျ်ား ယောက်လာတာနဲ့ သူ့ကိုလည်းဖမ်းလိုက်တယ်။ ရိုက်တော့ကျွန်မ မကြည့်ရဲတော့ဘူး။

ကျွန်မတို့ကိုရိုက်တယ်။ကြိုးလည်းတုတ်တယ်။ နောက်တော့ပြန်ဖြည်ပေးတယ်။ ကျွန်မယောကျ်ားက ကျွန်မကိုဖမ်းထားတာ မသိဘူး။ ကျွန်မသူတို့နဲ့အတူစစ်တပ်ကိုလိုက်သွားတာတွေ့တော့ ကျွန်မယောကျ်ားက "ဘာဖြစ်လို့လိုက်လာတာလည်းတဲ့၊ ကျွန်မက ကျွန်မကိုအရင် ဖမ်းထားတာလို့ ပြန်ပြောလိုက်တယ်။ နှစ်ချက်တော့ကန်တယ်။ ခေါင်းမှာလည်း ကန်ပေးတယ်။ တင်ပါးမှာလည်းကန်ပေးတယ်။ နောက်တော့ ကျွန်မယောကျ်ားမှန်းသိတော့ တုတ်ထားတဲ့ကြိုးပြန်ဖြေပေးတယ်။ ဖမ်းဖမ်းချင်းညတော့ ဘာမှမကျွေးဘူး။ နောက်နေ့မနက်တော့ ထမင်းကျွေးတယ်။"

## လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပန်းနှိပ်စက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား၊မ | - ကျား |
| အသက် | - ၂၀ နှစ် |
| ပညာအရည်အချင်း | - ၁၀ တန်း |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ဝပ်ရှော့ |
| အိမ်ထောင်ရှိ/ မရှိ | - မရှိ |
| အဖအမည် | - ဦး**** |
| နေရပ်လိပ်စာ | - ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၅ရက်၊ ၂လ၊ ၂၀၁၅ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ရိုမန်ကစ်သလစ်ဘုရားကျောင်း၊ ကွတ်ခိုင်မြို့ |
| ချိုးဖောက်သူ | - ခလရ (၁၄၁) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၆ ရက်၊ ၂ လ၊ ၂၀၁၅ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

"ကျွန်တော်ဒီကိုရောက်တာ (၁၅)နှစ်လောက်ရှိပြီ။ အဖေ၊ အမေ မရှိတော့တဲ့နောက်ပိုင်း ကျွန်တော့်ကို Father တွေကဘဲမွေးစားခဲ့တာ။ အဲဒီနေ့ ၁၂းဝဝနာရီလောက်က ကျွန်တော်တို့ ဗီဒီယိုကြည့်နေတုန်းလာ ခေါ်တယ်။ ခဏစစ်မယ်လို့လာပြောတယ်။ ကျွန်တော်တို့အဒေါ်****ကလဲစစ်ဘဲစစ်မယ်ဆိုတော့ ခွင့်ပြုလိုက်တယ်။ ကျွန်တော်တို့ကို ဒူးထောက်ခိုင်းတယ်၊ ခေါင်းငုံ့ခိုင်းတယ်။ ကျွန်တော်တို့ကို နှစ်နာရီ နီးပါး ဒူးထောက်ခိုင်းတယ်။

ကျွန်တော်တို့ လေးယောက်ပေ့ါ။ ကျွန်တော့်အစ်ကိုရယ်၊ ကျွန်တော်တို့ဘော်ဒါအုပ် ကို****၊ ရပ်ကွက် (၆)ကတစ်ယောက်လည်းပါတယ်။ ဟိုတစ်ယောက်မောင်****နှင့် ဦးလေးတစ်ယောက်ကို ဓမ္မာရုံဘက်ခေါ်သွားလိုက်တယ်။ ကျွန်တော်တို့ လေးယောက်ကိုတော့ ဒူးထောက်ထားခိုင်းတယ်။ ကျွန်တော့်ကိုတော့တစ်နာရီလောက်ဘဲထောက်ခိုင်းတယ်။ "ဖုန်းဘယ်သူပါလဲ" လို့ပြောတော့ "ကျွန်တော်ပါတယ်" လို့ပြောတယ်။ ကျွန်တော်ကဖုန်းနဲ့ အဲဒီမနက်မှာဘဲ ကျည်ခွံကိုဓါတ်ပုံသွားရိုက်ထားတယ်။ သူတို့အဲဒါမြင်တာ နဲ့ကျွန်တော့်ကို ကြိုးတုတ်တယ်။

ကျွန်တော့်ကိုဓမ္မာရုံစင်ပေါ်မှာ အင်္ကျီတစ်ထည်နဲ့ မျက်နှာအုပ်တယ်။ ခေါင်းစွပ်ပေးပြီးတော့ လှဲနေခိုင်းပြီး မျက်နှာပေါ်၊ ပါးစပ်ပေါ်ကနေ ရေတွေလောင်းထည့်ပေးတယ်။ "ပြောစမ်းမင်းတို့ဘာ

လို့ဒီလိုလုပ်တာလဲ။ မင်းတို့အဖွဲ့ပဲ။ ပြောစမ်းသေနတ်တွေ မိုင်းတွေ ဘယ်မှာသွားထားတာလဲ” လို့ပြောတယ်။ ကျွန်တော်လည်း မသိဘူးလို့ပြောတယ်။ ကျွန်တော်တို့ ညနေနာရီဆိုအပြင်မသွားဘူး။ ဒီကနေ မထွက်ရဘူးလို့ပြောတယ်။ ခဏနားပြီးတော့ နောက်တစ်ပုံးယူလာတယ်။ ထပ်လုပ်တယ်။ ကျွန်တော်လည်းမသိတော “မသိဘူး” ပြောတော့ ထပ်လုပ်တယ်။

ခဏနေတော့ကျွန်တော့်ကို ထိုင်ခုံမှာထိုင်ခိုင်းပြီး နှစ်ယောက်ဝိုင်းထိုးတယ်။ တစ်ယောက်က ပြေးလာပြီးလာကန်တယ်။ ဘွတ်ဖိနပ်နဲ့ကန်တယ်။ လာဖမ်းတုန်းကတော့ရဲ ပါတယ်။ အုပ်ချုပ်ရေးမှူးတော့ မပါဘူး။ ကျွန်တော်က ”သူများရိုက်လို့ရိုက်တာ။ သူများတွေလည်းရိုက်တယ်။” လို့ပြောတယ်။ ကျွန်တော့်ကို “အင်တာနက်တင်ပြီး ပြီမလား” လို့ပြောတော့၊ ကျွန်တော်က “မဟုတ်ဘူး။ ကျွန်တော့်ဖုန်း အင်တာနက်လဲ မချိတ်ဘူး” လို့ပြန်ပြောလိုက်တယ်။

ကျွန်တော့်ကိုမေးတယ် “ဒါမင်းတို့အဖွဲ့ပဲ ၁၅ ယောက်လောက်ရှိတယ်။ သူတို့ဘယ်မှာလဲ” တဲ့။ ကျွန်တော်တို့ကို စစ်တပ်ကိုခေါ်သွားပြီး တစ်ယောက်ကို အခန်းတစ်ခန်းစီမှာ ထားထားပြီးစစ်တယ်။ ကျွန်တော်က “မသိဘူး” လို့ပြောတော့ ကျွန်တော့်ကိုမသိလို့မရဘူးလို့ပြောတယ်။ မသိဘူးလို့ထပ်ပြောတော့ နောက်တစ်ပုံးထပ်လောင်းတယ်။ ခေါ်မှာရုံမှာ(၃)ပုံး၊ တပ်မှာတစ်ပုံး ထပ်လောင်းတယ်။ ကျွန်တော့်ကို အားကစားဝတ်အင်္ကျီနဲ့အပေါ်မှာအုပ်တယ်။ ပြီးတော့မျက်စိမှာထပ်အုပ်တယ်။ ကျွန်တော်ကတော့ ကားပေါ်ရောက်တာနဲ့ ခေါင်းငုံ့နေရတယ်။ မျက်နှာကအဝတ်တော့ ဖယ်ပေးတယ်။

ကျွန်တော့်သူငယ်ချင်း****ကိုတော့ ရဲစခန်းရောက်မှဖယ်ပေးတယ်။ သူတို့ကကျွန်တော့်ကို နည်းမျိုးစုံနဲ့အ ကြောင်ရိုက်တယ်။ ကျွန်တော့်ကိုအဲဒီမှာ ၅း၀၀နာရီလောက်စစ်တယ်။ ၇း၀၀လောက်မှာ ကျွန်တော်တို့ကိုရဲ စခန်းကိုပို့လိုက်တယ်။ အခုထက်ထိ လည်ပင်းနာတယ်။ ကျွန်တော့်ကို ကြိုးတုတ်တယ်။ ပြီးတော့ နှစ်ချက် လောက်ထိုးတယ်။ အဲဒီနောက် ဘယ်သူက ဘယ်နှစ်ချက်လာထိုးလဲမမှတ်မိဘူး။ ဘယ်သူတွေလဲမသိဘူး။ ကားပေါ်မှာတောင် ၅ချက်လောက်လာထိုးသွားတယ်။ ရေလောင်းတာတော့ ပါးစပ်နဲ့နှာခေါင်းကို အဓိက လောင်းပေးတယ်။ ခေါင်းထောင်လာတာနဲ့ပြန်ထိုးတယ်။

ကျွန်တော်တို့ည ၁၂း၀၀ နာရီလောက်မှပြန်ရောက်တယ်။ ကျွန်တော်တို့ကိုသတ်မယ်၊ သေနတ်တွေ ယူလာ၊ ပေါက်ပြားတွေယူလာဆပြီးတော့ခြောက်တယ်။ ကျွန်တော်တို့လည်း စိတ်တိုတာတော့မရှိဘူးပေါ့။ ကျွန်တော်တို့သူငယ်ချင်းတွေလည်း သေရင်သေဆိုပြီးတော့နေလိုက်တယ်။ ကြောက်တာတော့ တော်တော် ကြောက်တယ်။”

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဒေါ်**** |
| ကျား/မ | - မ |
| အသက် | - ၆၄ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - နမ့်ဆုန်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် |
| ချိုးဖောက်သူ | - အစိုးရစစ်တပ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၉ရက်၊ ၉လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ့်ဆုန်၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |





ပုံ (၂၄) - ချိုးဖောက်ခံရသူဒေါ်****

**အမှုဖြစ်စဉ်**

၂၀၁၁ခုနှစ်စက်တင်ဘာ (၂၅) ရက်နေ့တွင် အစိုးရစစ်တပ်များအလုံးအရင်းတိုက်စစ်ဆင်သောကြောင့် ရွာလူကြီးများသည်ရွာသားများကို ရွာနဲ့ဝေးသည့်တောဘက်သို့ပုန်းရှောင်သွားခိုင်းသည်။ (၂၇) ရက်နေ့တွင် စစ်သားများရွာထဲဝင်ပြီးဈေးဆိုင်များကိုဖျက်ဆီးပေးလိုက်သည်။ ပါသွားသည့်ပစ္စည်းများမှာ ငွေ၊ ငွေမောင်း အင်္ကျီ (၂ထည်)၊ ရှုဝါနန်ဆွဲ ကြိုး(၂ကွင်း)၊ ငွေဆကြိုး(၂ကွင်း)၊ ပါတိတ်၊ ခရူး အင်္ကျီ၊ ရှမ်း အင်္ကျီ၊ ခေါက်ဆွဲ(၄ဖာ)၊ ဗီဗီဖျော်ရည်၊ ကျွဲရိုင်းဖျော်ရည်၊ ဘီယာ၊ ကြက် သွန်ဖြူ/ နီ၊ စောင်အကောင်းများ၊ အားလုံးပေါင်းသိန်း(၃၀)ဖိုးလောက်ပါသွားသည်။

“ဒီဆိုင်ကိုငွေရှိလို့ဖွင့်ထားတာမဟုတ်ဘူး။ ဝမ်းစာအတွက်သူများတွေဆီမှာ ပိုက်ဆံချေးပြီး ဖွင့်ထားတာ။ အခုတောင်(၈)သိန်းပေးဖို့ကျန်သေးတယ်။ ကျွန်မတို့နမ့်ဆွမ်ရွာက မိုးရာသီဆိုရင် လမ်းအရမ်းခက်လို့ နွေရာသီမှာဈေးပစ္စည်းတွေကို မိုးရာသီအတွက်ဝယ်ထားတာ။ (၂၇)ရက်၊ စက်တင်ဘာလမှာ မမျှော်လင့်ဘဲ အစိုးရစစ်သား တွေရောက်လာပြီး ဈေးဆိုင်တွေဖျက်ပေးလိုက်တယ်။ စားနိုင်သလောက်စားပြီးကျန်တာတွေကို ထားခဲ့ရင်တောင်ကျေနပ်တယ်။ ဒါပေမဲ့ ခုတော့ကျန်တဲ့ ပစ္စည်းတွေကို ဖျက်ဆီးပေးလိုက်တယ်။ သယ်သွားနိုင်တဲ့ စောင် တွေကိုသယ်သွားကြတယ်။ မသယ် သွားနိုင်တဲ့စောင်အကြီးတွေကို မစင်တွေစွန့်ထားကြတယ်။ ဒုတိယကမ္ဘာစစ်တုန်းက အဖေပေးထားတဲ့ ငွေမောင်းအင်္ကျီ၊ ဆွဲကြိုး၊ ငွေနဲ့ရှုဝါနန်တွေကို ပိုတမ်းတတယ်။ ခုပြောနေရင်တော့ ပျော်နေသလိုဖြစ်ပေမဲ့ အဲဒီတုန်းကတော့အရမ်းငိုလိုက်တယ်။ ကျွန်မတို့နဲ့ကပ်လျက် ရှမ်းတွေကိုကတော့ ဘာမှမထိပေးဘူး။ ကချင်ဆိုင်(၅)ဆိုင်ကိုတော့ ရစရာမရှိအောင်ဖျက်စီးပေးလိုက်တယ်။ ကျွန်မအိပ်ယာ ပေါ်မှာစစ်သားတွေ ရေးထားတဲ့စာတစ်စောင်ထားထားတယ်။ အဲဒါက ”တောင်ကုန်းတောင် တန်းမှရသည့် ပိုက်ဆံ၊ မြို့တွင်သုံးစားပါ့မယ်။ နမ့်ဆုန်သူအားလုံးကိုနှုတ်ဆက်ပါတယ်”လို့ရေးထားတယ်။ စစ်သားတွေက ဆိုင်ထဲက အတွင်းခံဘောင်းဘီ၊ အင်္ကျီ၊ လုံချည်တွေယူဝတ်ပြီးသူတို့ရဲ့ အဟောင်းတွေကိုတော့ ပစ်ထားကြတယ်။”

## လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ် ( မြောက် )

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားသတ်ဖြတ်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦးမိတုန်ဂေါင် |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| ပညာအရည်အချင်း | - (၃) တန်း |
| လူမျိုး | - ကချင် |

| | |
|---|---|
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ခင်ပွန်းအမည် | - ဒေါ်**** |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၂ရက်၊ ၆လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကောင်ညောင်ရွာ လယ်တော |
| ချိုးဖောက်သူ | - လားရှိုး မူးယစ်တိုက်ဖျက်ရေးအဖွဲ့ ဇော်မျိုးထွေး + ၇ ယောက် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

ဦးမိတုန်ဂေါင်(၄၂နှစ်)သည် ဒေါ်****၏ခင်ပွန်းဖြစ်ပြီး ကလေး(၅)ယောက်အဖေဖြစ်သည်။ သူသည်ဘိန်းသုံးစွဲ သူတစ်ဦးဖြစ်သည်။ ၂၂ရက်၊ ၆လ၊ ၂၀၁၃ခုနှစ်(စနေနေ့)တွင် မူးယစ်ဇော်မျိုးထွေးနှင့်(၇)ယောက်တို့ ခေါင်းဆောင်သည့် ရဲအဖွဲ့ကိုတွေ့တော့ သူ့ကိုဖမ်းမည်ကို ကြောက်သောကြောင့် ထွက်ပြေးသွားသည်။ သူထွက်ပြေးသောကြောင့် ဂွနှင့်ပစ်ပြီးဖမ်းသည်။ နောက်တော့သံချောင်းများဖြင့် ခြေ၊ လက် တွေရိုက်ပေးသည်။ လက်နဲ့ထိုး၊ ခြေဖြင့်ပါးစပ်တွင်ကန်ပေးသည်။ အိမ်ရောက်တော့ စကားမပြောနိုင်တော့ပါ။ ထိုနေ့တွင် မိုးအရမ်းရွာသောကြောင့် သူ့အဝတ်အားလုံးစိုသွားသည်။ သို့သော် အဝတ် လဲပေးခြင်းမရှိပဲခေါ်သွားကြသည်။

ခေါ်သွားကတည်းက ပါးစပ်ရွဲ့နေပြီး ခြေထောက်တွေရောမရတော့ပါ။ အရမ်းရောအားနွဲ့နေပြီး လမ်းလည်းမလျှောက်နိုင်သောကြောင့် ကားထဲကိုဒရွတ်ဆွဲပြီး တင်သွားကြသည်။ ခေါ်သွားသည့် ညနေပိုင်းတွင်ဆေးရုံတင်လိုက်ရသည်။ နိုပ်စက်လွန်းသောကြောင့် ဆေးရုံရောက်ပြီးနောက်(၅)ရက် ၂၇ရက်၊ ၆လ၊ ၂၀၁၃ခုနှစ်တွင် နိုပ်စက်ဒဏ်မခံနိုင်သဖြင့် ဆုံးသွားပါသည်။ ဆုံးသွားသည့်နောက်တွင် ရဲများက "ကုတင်ကနေပြုတ်ကျပြီး သေတာ" ဟုပြောကြပါသည်။ ယခုအချိန်တွင်ဒေါ်****သည် ကလေး(၅)ယောက်နှင့်အတူ ရှေ့ဆက်ပြီးဘယ်လို သွားရမည်ကိုတွေးပြီး စိတ်ဆင်းရဲလျှက်ရှိနေသည်။

### လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပန်းနှိပ်စက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၇ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/လရန(နိုင်) ****** |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ပန်းရံ |
| နေရပ်လိပ်စာ | - ****** ရပ်ကွက်၊ လားရှိုးမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၀ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | -ဖိုင်ကောင်ကျေးရွာ၊ ကျူးကုတ် ပန်ဆိုင်းမြို့နယ်ခွဲ၊ မူဆယ်မြို့နယ် |
| ချိုးဖောက်သူ | - ခလရ (၁၄၂)၊ ခမရ (၅၀၇)၊ လားရှိုးတပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



### အမှုဖြစ်စဉ်

"၁၀ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် နံနက်မှာ ကျွန်တော့်သူငယ်ချင်းသုံးယောက်က ထမင်းစားပြီး အဝတ်အစားလဲနေ တဲ့အချိန် ကျွန်တော်ကဖိနပ်စီးနေတဲ့အချိန်မှာ သူတို့တွေ(အစိုးရစစ်သား)ဝင်လာတယ်။ နောက်ပြီးဘာမှမပြောနဲ့ ဟိုဘက်မှာသွားထိုင်နေ မင်းတို့လည်း K.I.A စစ်သားတွေပဲဆိုပြီးတော့ ကျွန်တော့်ကိုနှစ်ခါကန်တယ်။ ကျွန်တော်တို့ကလည်း "ဒီရွာကမဟုတ်ပါဘူး လားရှိုးကလာပြီးအလုပ်လာလုပ်တာပါလို့ ပြောရင်လည်းမရဘူး။ ကျွန်တော်တို့ ပန်းရံလာလုပ်တာပါ" လို့ပြောရင်လည်းမရဘူး။ နောက်တော့ ကျွန်တော့်ကိုရင်ဘတ်မှာသုံး ခါကန်တယ်။ နောက်ပြီးပါးမှာလည်း သူတို့ရဲ့ဖိနပ်(စစ်ဖိနပ်)နဲ့နှစ်ခါကန်တယ်။ အဲဒီအချိန်မှာ ကျွန်တော်နာခေါင်း သွေးတွေတောင်ယိုတယ်။

ကျွန်တော်တို့ကိုလာဖမ်းတဲ့အချိန်မှာတော့ သူတို့(၇)ယောက်လောက်တော့ ရှိမယ်ထင်တယ်။ စစ်ဗိုလ်(တစ်ပွင့်) တစ်ယောက်လည်းပါတယ်။ ကျွန်တော် အကန်ခံရတာကရင်ဘတ်မှာသုံးချက်ရယ်၊ နာခေါင်းသွေးယိုတာရယ် ဟုတ်တယ်။ (၁၅) မိနစ်လောက်ကြာတဲ့ အခါကြတော့ ကျွန်တော်တို့အားလုံးကို အောက်အိမ် (ကားလမ်းဘေး) ကိုခေါ်သွားတယ်။ နာခေါင်းသွေးယိုလို့ အုပ်ထားတာကိုမအုပ်ခိုင်းဘဲနဲ့ ရေနဲ့သွားဆေးလိုက်ဆိုပြီး ကျွန်တော် သွားဆေးတယ်။ ကျွန်တော်နဲ့အတူ ခံရတဲ့သူငယ်ချင်းတွေက ဦး****နဲ့ဦး****ဟုတ်တယ်။ ကျွန်တော်တို့ကုန်း ပေါ်ကလူတွေအားလုံးကိုခေါ်စုပြီးတော့ ရွာလကြီးအိမ်မှာတော်တော်ကြာအောင် ထိုင်ခိုင်းတယ်။ နောက်တော့ စစ်သားတွေက ရွာလူကြီးနဲ့တွေ့ပြီး သူတို့အချင်း ချင်းစကားတွေပြောနေတယ်။ ကျွန်တော့်ဘဝမှာ အဲလိုလုပ်တာ တစ်ခါမှမခံရဖူးဘူး။ ဒါကပထမဆုံးအကြိမ်ဘဲ အဲဒါကြောင့် စိတ်လည်းမကောင်းဘူး။ ကြောက်တဲ့စိတ်တော့ နည်းနည်းရှိသွားတယ်။ ကိုယ်ကအကန်ခံရတယ်ဆိုတော့လည်းမပျော်ဘူးပေါ့။ ကိုယ်ကဘာမှအပြစ်မရှိဘူးလို့ ကောင်းကောင်းပြောရင်လည်းသူတို့က လက်မခံဘူး။"

### လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပန်းနှိပ်စက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၁ နှစ် |
| အမျိုးသားမှတ်ပုံတင်အမှတ် | - ၁၃/ တကန(နိုင်)****** |
| လူမျိုး | - ဗမာ |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ပန်းရံ |
| နေရပ်လိပ်စာ | - ****** ရပ်ကွက်၊ လားရှိုးမြို့၊ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၀ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ကျူးကုတ် ပန်ဆိုင်းမြို့နယ်ခွဲ၊ ဖိုင်ကောင်ကျေးရွာ |
| ချိုးဖောက်သူ | - ခမရ (၅၀၇)၊ လားရှိုးတပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### အမှုဖြစ်စဉ်

"အဲဒီနေ့တုန်းကတော့ ကျွန်တော်နည်းနည်းကံကောင်းတယ်။ သူတို့နှစ်ယောက်ကတော့ ဖိနပ်စီးမယ် ဆိုပြီး ဖိနပ်သွားလဲနေတယ်။ ကျွန်တော်ထွက်မလာခင်ကတည်းကနေသူတို့ နှစ်ယောက်ကတော့အကန်ခံနေရပြီ။ ကျွန်တော်ကတော့မသိဘူး။ အထဲမှာအဝတ်အစားလဲရင်းနဲ့ နေနေတာ ကျွန်တော်ကထမင်းချက်ပေးတယ်လေ။ ထမင်းချက်စားရင်းအိုးတွေဘာတွေသိမ်းရင်းနဲ့ အပြင်ထွက်လာတာ

နည်းနည်းနောက်ကျသွားတယ်။ ကျွန်တော်ထွက်လာတော့ သူတို့နှစ်ယောက်က ငုတ်တုတ်လေးတွေဖြစ်နေပြီ။ ကျွန်တော်ထွက်လာတော့ ဒီမှာထိုင် ဆိုပြီးကျွန်တော့်ကိုလည်း ကန်တော့တာဘဲ။ တစ်ယောက်မှမလွတ်ဘူး။ တရုတ်ကလေး တစ်ယောက် လည်းခံရတယ်။

ကျွန်တော်တို့ကတရုတ်အိမ်မှာအလုပ်လာလုပ်တာလေ။ လီဆူးဘိုးတော်လည်းခံရတယ်။ ကျွန်တော့်ကိုတော့ (၄)(၅)ချက်လောက်ထင်တယ် ရိုက်တာ။ ခေါင်းမှာဘဲအများစု ရိုက်တယ်။ စစ်ဖိနပ်နဲ့ကို ကန်တာ။ တုတ်နဲ့ရိုက် တာမဟုတ်ဘူး။ ငုတ်တုတ်ထိုင်နေတဲ့ဟာကို ပြေးပြီးတော့ ကန်တယ်။ တော်သေးတယ် ရှာထိုးဦးထုတ် ဆောင်း ထားလို့ ဒဏ်ရာပြင်းပြင်းထန်ထန်မရတာ။ ကျွန်တော်မရောက်ခင်ကတည်းကနေ သူတို့နှစ်ယောက်ကခံနေရပြီ။ ကျွန်တော်ရောက်လာတော့ သုံးယောက်တစ်တွဲပြန်ကန်တယ်။

နောက်ပြီးတစ်ခြားလူတွေပြန်ရောက်လာပြီး အားလုံးစုစုပေါင်း (၇)ယောက်လောက်ရှိတဲ့ အချိန်မှာတော့ တစ်ခါပြန်ကန်တယ်။ အဲချိန်မှာတော့ အားလုံးကိုတန်းစီထားပြီး ကန်တော့တာပဲ။ ကျွန်တော်တို့ကိုတော့ အားလုံးတန်းစီပြီးတော့ ထိုင်ခိုင်းတယ်။ နောက်ပြီးသူတို့က ထိုင်နေတဲ့လူတွေကို တစ်ယောက်ပြီးတစ်ယောက် ကန်တော့တာပဲ။ အိမ်ရှင်တရုတ်ကောင်းလေးဆိုရင် ပိုတောင်နာသေးတယ်။ တစ်ခြားခြိမ်းခြောက်တာတွေတော့မရှိပါဘူး။ ဒါပေမဲ့သူတို့ပြောတာကတော့ "မင်းတို့ထဲက K.I.A တစ်ယောက်ယောက်တော့ပါရမယ်" လို့ပြောဆို တာတွေတော့ရှိတယ်။ ဒါပေမဲ့အဲဒီမနက်ကတော့ ဘယ်သူနဲ့မှလည်းပစ်ခတ်သံတွေမကြားလိုက်ဘူး။

ကျွန်တော်တို့ မနက်စောစောထမင်းချက်စားပြီး (၇) နာရီထိုးခါနီးအချိန်မှာ စစ်သားတွေ နောက်ပေါက်ကနေ တက်လာပြီး ကျွန်တော်တို့ဆီကို အရင်ရောက်လာတယ်။ ပထမဆုံးကျွန်တော်တို့အဖွဲ့ခံရတာဘဲ။ ကျွန်တော်တို့ဆီကိုစစ်သားတွေ(၂၀)လောက်ရောက်လာတယ်။ တချို့ကတော့ ဘေးပတ်ဝန်းကျင်မှာစောင့်နေတယ်။ ဆယ် ယောက်ကတော့ ကျွန်တော်တို့နားမှာနေတယ်။ ကျွန်တော်တို့ကိုကန်တာကတော့ ဗိုလ်ကြီးဆိုတဲ့လူဟုတ်တယ်။ ကျွန်တော်တို့ဘေးနားမှာရပ်နေတဲ့ တပ်ကြပ်ကြီးကို ကျွန်တော်ကပြောတယ် "ကျွန်တော်တို့သုံးယောက်က ဘာမှမဆိုင်ဘူး။ ဒီမှာပန်းရံလာလုပ်တာ" လို့ပြောတော့ သူက နည်းနည်းနားလည်တယ်ထင်တယ်။ တခြားစစ်သားတွေ ရိုက်ရင်တောင်အဲဒီတပ်ကြပ်ကြီးက မရိုက်ဖို့ ပြောပေးတယ်။ ဒါပေမဲ့ဗိုလ်က ပြန်ကန်တော့ သူလည်းမတားရဲတော့ဘူးလေ။

ကျွန်တော်လည်း ဘယ်တပ်ကမှန်းကောင်းကောင်းမသိဘူး။ သူတို့အင်္ကျီတွေကိုလည်းဖုံးထားတယ်။ နောကပြီးအများစုကတော့ အပေါ်အင်္ကျီကိုဝတ်ထားကြတယ်။ နောက်ကဗိုလ်ကြီးကတော့ ကျွန်တော်တို့ကို သိပ်မကန်ဖို့ ပြောတယ်။ ဒါပေမဲ့ တစ်ပွင့်ဗိုလ်ကတော့ ကျွန်တော်တို့ကိုကန်တယ်။ နောက်ပြီး ကျွန်တော်တို့ကို ဥက္ကဌအိမ် သွားမယ်ဆိုပြီး သူတို့ရဲ့ကျောပိုးအိတ်တွေကို ထမ်းခိုင်းတယ်။ တစ်အိမ်ဝင်တစ်အိမ်ထွက်နဲ့ လူရှာတယ်။ ဥက္ကဌအိမ်ရောက်သွားတော့လည်း ကောင်လေးတယောက်ကို "ဘာကြည့်တာလဲ"ဆိုပြီး ပါးရိုက်သေးတယ်။

နောက်ပြီးဆယ်ဘီးကားလေးစီး၊ ထော်လာဂျီတစ်စီးအားလုံးပေါင်း ငါးစီးကိုလည်းရပ်ခိုင်းတယ်။ မောင်းတဲ့ လူ တွေက ဗမာစကားမတတ်ဘူးထင်တယ်။ သူတို့(ကားဆရာ) အချင်းချင်းရယ်နေတာကိုတွေ့လို့ စစ်ဗိုလ် တစ်ယောက် (ကျွန်တော်တို့ကိုရိုက်တဲ့သူပဲ) ပြန်ဝင်ရိုက်တယ်။ တစ်ယောက်ပဲရိုက်တယ်။ ကျန်တဲ့သူတွေကတော့မရိုက်ဘူး။ သူပဲတစ်လမ်းလုံးနှိပ်စက်တယ်။ "ဗိုလကြီးဗိုလ်ကြီး"လို့ခေါ်တယ်။ သူ့နာမည်တော့ မသိ လိုက်ဘူး။

ကျွန်တော် အကန်ခံရတာနဲ့ပတ်သက်ပြီး ခံစားရတာတော့ ကျွန်တော်ကဒီလိုမျိုးလည်းမကြုံဖူးဘူးလေ။ ကိုယ်နေတဲ့အရပ်ဒေသက အေးအေးချမ်းချမ်းဒေသ၊ ဒီလိုကြုံတယ်ဆိုတော့ ကျွန်တော်နဲ့ ယောက်ဖကတစ်ခါထဲထပြန်မလို့။ ဒါပေမဲ့ပိုက်ဆံလည်းမရှင်းရသေးဘူး။ ပိုက်ဆံလည်းမရှိလို့ ဆက်နေလိုက်တာ မဟုတ်ဘူးဆိုရင် ကျွန်တော်တို့ကတစ်ခါထဲထပြန်ပြီ။"



# မန်တုန်မြို့နယ်၊ရှမ်းပြည်နယ် ( မြောက် )

| **လူ့အခွင့်အရေးချိုးဖောက်မှု** | **– မတရားပစ်ခတ်မှု** |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၉ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - ****ရွာ၊မန်တုန်မြို့နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁ရက်၊ ၁လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ****ရွာ၊ မန်တုန်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)။ |
| ချိုးဖောက်သူ | - ခလရ(၁၃၀) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

"၂၀၁၃ ၊ဇန်နဝါရီလ(၁)ရက်နေ့ နံနက်(၁၀)နာရီ(၁၅)မိနစ်လောက်အချိန်မှာ အဲဒီနေ့ကကျွန်တော်တို့ခရစ်ယာန်တွေအတွက် နှစ်သစ်ကူးနေ့ဖြစ်တယ်။ ဒါကြောင့် ဘုရားကျောင်းမှာလည်း ပန်းတွေတော်တော်လှအောင် ပြင်ဆင်ထားပြီးပြီ။ အဲဒီနေ့က ကောက်ညှင်းပေါင်းကျွေးဖို့ ပြင်ဆင်ထားတာကြောင့် ကောက်ညှင်းပေါင်းလည်း ပေါင်းပြီးပြီ။ တချို့ကတော့ ဘုရားကျောင်းသွားဖို့ ပြင်ဆင်နေတဲ့အချိန်မှာ ခလရ(၁၃၀) ဗိုလ်မှူးသက်ထွန်းဦးဆောင် တဲ့အဖွဲ့ကနေပြီး တောင်ပေါ်က ကြည့်ပြီးတော့ K.I.A ရှိတယ်လို့ယူဆတဲ့နေရာကို လက်နက်ကြီးနဲ့ ပစ်လိုက်တယ်။

ဦး****တို့နေအိမ်ကိုလည်း သေနတ်ကြီးနဲ့ တော်တော်ကိုပစ်ထည့်ပေးလိုက်တယ်။ ဖခင်ဦး****က သူ့သား မောင်****ကိုပိုးပြီး တံခါးဝမှာရပ်နေချိန် "ဗမာစစ်သား"လို့ ပြောနေတဲ့အချိန်မှာ စစ်သားတစ်ယောက် ပစ်လိုက်တဲ့ကျည်ဆံက သူ့သားရဲ့ဘယ်ဘက်နားထဲကိုဝင်ပြီး ညာဘက်နားကပြန်ထွက်လာတာနဲ့ သူ့အဖေရဲ့နှလုံးထဲကို တစ်ခါထဲရောက်သွားပြီး ပွဲချင်းပြီးဆုံးသွားတယ်။ သူတို့နှစ်ယောက်ကိုပစ်တာကတော့ သိပ်မဝေးဘူး။ ကိုက် (၂၀) လောက်ဘဲရှိမယ်ထင်တယ်။ စစ်သားတွေက သူတို့အိမ်ကိုပစ်နေတဲ့အချိန်မှာ သူတို့သားအဖက ပြတင်းပေါက်ကနေပြီး ချောင်းကြည့်တဲ့အချိန်မှာ ထိသွားတာ။ အဲချိန်မှာ ဗမာစစ်သားတွေကတော့ အယောက်(၁၀၀)လောက်ရှိမယ်ထင်တယ်။

အမြောကကြီးနဲ့တော့(၅)ခါပစ်တယ်။ ဒါပေမဲ့ တစ်လုံးကတော့မမြည်ဘူး။ အမြောက်ကတော့ ပန်ကာပါတဲ့ အမြောက်အမျိုးအစားဘဲ။ သေနတ်အသေးနဲ့ပစ်တာကတော့ စုစုပေါင်းအကြိမ်ရေ (၂၀၀)၊ (၃၀၀) လောက်တော့ရှိ မယ်ထင်တယ်။ ဖြစ်သွားတာကတော့ (၁၀) မိနစ်လောက်ပဲကြာမယ်ထင်တယ်။ ကျွန်တော်တို့ရဲ့အဖွား**** အသက် (၇၃)က သူတို့ပစ်လိုက်တဲ့ ဗုံးစထိပြီး ပေါင်မှာပေါက်ပြဲဒဏ်ရာကိုမခံနိုင်လို့ ညနေပိုင်း(၅)နာရီကျော် လောက်မှာ ဆုံးသွားတယ်။ ဦး****ရဲ့သား ဦး****နဲ့မြေးမောင်****တို့ကတော့ တစ်ခါထဲ ပွဲချင်းပြီးဆုံးသွား တယ်။

နောက်ပိုင်း ကျွန်တော်တို့ရွာသူရွာသားတွေလည်း ဗုံးသံ၊ သေနတ်သံကြားတယ်ဆိုတော့ ထွက်ပြေးတဲ့သူကပြေး ကျန်တဲ့သူတွေကတော့ သူတို့နဲ့ညှိနှိုင်းပြီး လူတစ်ယောက်သေသွားတဲ့အိမ်ကိုတော့ တစ်သိန်း(၁၀၀,၀၀၀)ကျပ်၊ နှစ်ယောက် သေသွားတဲ့အိမ်ကိုတော့ တစ်သိန်းငါးသောင်း(၁၅၀,၀၀၀)ကျပ် ပေးတယ်။ အစဖြစ်တုန်းကတော့ ကျွန်တော်လည်း ရွာကနေထွက်ပြေးသွားတယ်။ နောက်သိပ်မကြာခင်မှာ ရွာကထွက်ပြေးလာတဲ့ လူတစ် ယောက်နဲ့သွားတွေ့တော့ သူကလူထိပြီလို့ပြောတာနဲ့ ကျွန်တော်လည်းရွာကို ပြန်လာပြီး စစ်သားတွေနဲ့သွားတွေ့ တယ်။

နောက်တော့ သေတဲ့လူတွေအတွက် အလောင်းချဖို့ပြန်စီစဉ်တယ်။ သေသွားတဲ့ ဦး****ကတော့ ကလေး (၅) ယောက်ရဲ့ဖခင်ဖြစ်တယ်။ သေသွားတဲ့ကလေးကတော့ သူ့ရဲ့ ဒုတိယမြောက်သားလေးဟုတ်တယ်။ သေသွားတဲ့အဖွားကတော့ သားသမီး(၃)ယောက်ရဲ့မိခင် ဟုတ်တယ်။ သူတို့ပြန်သွားတဲ့နောက်မှာတော့ စစ်တပ်ကနေပြီး ကူညီတာတွေမရှိတော့ဘူး။ ဒါပေမဲ့ မြို့နယ်ကတော့ သူတို့မိသားစုဝင်တွေကိုပြန်ခေါ်တွေ့ပြီး သေသွားတဲ့အဖွား အတွက် တစ်သိန်း(၁၀၀,၀၀၀)၊ သားအဖအတွက်ကတော့ တစ်သိန်းခွဲ(၁၅၀,၀၀၀)ပြန်ပေးတယ်။ နှစ်ခါကူညီ တယ်။ စစ်တပ်ကတော့သပ်သပ် မြို့နယ်ကတော့သပ်သပ်ပေးတယ်။

နောက်ပြီးတော့ သူတို့ကပြောသေးတယ် "အခုဖြစ်တဲ့အဖြစ်အပျက်တွေကို ဘယ်နေရာမှ မပြောပဲ ဒီမှာပဲအဆုံး သတ်ရအောင်" လို့ ပြောတယ်ဆိုပြီး ဦး****ရဲ့မိန်းမက ကျွန်တော်တို့ကို ပြန်ပြောပြတယ်။ နောက်ပြီး ကျွန်တော်ပြောဖို့ကျန်သွားတာကတော့ ကျွန်တော်တို့ဆုတောင်းတဲ့ အခါမှာ စားဖို့ချက်ပြုတ်ထားတဲ့ ကောက် ညှင်းပေါင်းတွေ နောကပြီးကစားဖို့ယူခဲ့တဲ့ ကစားစရာတွေ နောက်ပြီး အလှုဆင်ထားတဲ့ပန်းတွေကိုလည်း သူတကြိုက်သလိုလုပ်ပေးလိုက်တယ်။ ကောက်ညှင်းပေါင်းတွေကိုလည်း သူတို့စားမကုန်တဲ့ဟာတွေကို လွှင့်ပစ်ပေးလိုက်တယ်။ တချို့ဟာတွေတော့ ယူပေးလိုက်တယ်။

သေနတ်သံကြားပြီး ထွက်ပြေးသွားတဲ့အိမ်များမှ တန်ဖိုးရှိတဲ့ပစ္စည်းတွေကို ယူသွားလိုက်တယ်။ ကျွန်တော်လည်း မခံချင်တာနဲ့ ဗျူဟာမှူးတွေ တပ်ရင်းမှူးတွေရဲ့ရှေ့မှာ "ကျွန်တော်တို့ဒီ နေ့လူလည်းသေတယ်။ ထွက်ပြေးသွားတဲ့ပြည်သူတွေရဲ့ ပစ္စည်းတွေကိုရော ယူပေးလိုက်တယ်။ အဲဒါ ကိုကျွန်တော်တို့ပြန်ရနိုင်မလား" လို့ ကျွန်တော်ကရဲရဲနဲ့ ပါးရိုက်ခံရရင်လည်း ခံရဆိုပြီးမေးလိုက်တယ်။ ဒါကြောင့် ကျွန်တော်တို့ပစ္စည်းတချို့တွေ ကိုတော့ ပြန်ရလိုက်တယ်။ ကျွန်တော်တို့ရွာမှာပြဿနာဖြစ်တဲ့ အချိန်မှာက ဗျူဟာမှူး၊ တပ်ရင်းမှူး အားလုံးပါတယ်။ စစ်ဗိုလ်တွေရောတော်တော်ပါတယ်။ ဘယ်သူက ဘယ်သူလည်းတော့ ကောင်းကောင်းမမှတ်မိတော့ဘူး။

ကျွန်တော်နဲ့ စကားပြောတာကတော့ စစ်ဗိုလ်လေးယောက်ဟုတ်တယ်။ ဗျူဟာမှူးက အသား နည်းနည်းမည်းမည်းနဲ့ အရပ်ကတော့မရှည်ဘူး။ ယဉ်ယဉ်လေးဟုတ်တယ်။ အဲဒီပြဿနာမဖြစ်ခင်မှာ သူတို့ကကျွန်တော်တို့ရွာကို တခါတလေ စစ်ကြောင်းနဲ့ဖြတ်တဲ့အချိန်မှာ တချို့အိမ်က ဘယ်သူမှ မရှိဘဲ တံခါးပိတ်ထားရင် သူတို့ကကန်ဖွင့်ပြီးအိမ်ထဲမှာရှိတဲ့ ဆား၊ ငရုတ်သီးကအစပိုက်ဆံတွေကိုယူပေးလိုက်တယ်။ နောက်တော့ လူသေတဲ့အထိပြဿနာဖြစ်ပြီးတဲ့နောက်မှာတော့ တစ်ခြား လာနောက်ယှက်တာတွေတော့ မရှိတော့ဘူး။"

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားပစ်ခတ်မှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဒေါ်ဆဂနမ်ဂျာ |
| ကျား/မ | - မ |
| အသက် | - ၆၀ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဦး**** |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁ရက်၊ ၁လ၊ ၂၀၁၃ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မန်တုန်၊ မန်ပွန်း |
| ချိုးဖောက်သူ | - ခလရ(၁၃၀)၊ ခမရ (၅၀၂) |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



**အမှုဖြစ်စဉ်**

ဒေါ်ဆဂနမ်ဂျာသည်အသက် (၆၀) ရှိသောအဖွားဖြစ်သည်။ ဦး****ဆုံးသွားပြီဖြစ်ပြီး သားသမီး (၃) ယောက် မိခင်ဖြစ်သည်။ ၁ရက်၊ ၁လ၊ ၂၀၁၃ခုနှစ်နေ့ ဘုရားကျောင်းသွားနေတုန်း ခလရ(၁၃၀)၊ (၅၀၂)၊ (၅၂၅) တွေပစ်လိုက် သည့် ကျည်ဆံထိပြီး ၁ရက်၊ ၁လ၊ ၂၀၁၃ခုနှစ် ညနေပိုင်း(၅း၃၀)တွင် ဆုံးသွားသည်။ နှစ်သစ်ကူးနေ့မနက် (၉း၄၅)လောက်မှာ သူမဘုရားကျောင်းသို့သွားတုန်း လမ်းတွင်ဗမာစစ်သားတွေ ပစ်လိုက်သောကျည်ဆံပေါင် မှာထိပြီး အဲဒီညနေတွင် ဆုံးသွားခြင်းဖြစ်သည်။ အဲဒီညနေပိုင်းတွင် ဗျူဟာမှူးတွေ ပိုက်ဆံတစ်သိန်း ငါးသောင်း(၁၅၀,၀၀၀) လာပေးသွားပါသည်။ အဲဒီနောက်ပိုင်းတွင် လာရောက်ခြင်းမရှိတော့ပါ။

**လူ့အခွင့်အရေးချိုးဖောက်မှု – မလျော်မကန်ပြုမူမှု**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဘန်ဝါရွာသူရွာသားများ။ |
| အခင်းဖြစ်ပွားသည့်နေ့ | - စက်တင်ဘာလ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဘန်ဝါ၊ ****အုပ်စု၊ မန်တုန်မြို့နယ်၊ ရှမ်းပြည်နယ် |
| ချိုးဖောက်သူ | - ခမရ(၃၂၄) |
| အမှုဖြစ်စဉ်ပြောပြသူ | - ဦး**** |
| အသက် | - ၅၅နှစ် |
| သား/သမီး | - မ(၃)၊ကျား(၃) |
| အလုပ်အကိုင် | - တောင်သူ။ |
| နေရပ်လိပ်စာ | - ဘန်ဝါရွာ၊ ****အုပ်စု၊ မန်တုန်မြို့နယ်၊ ရှမ်းပြည်။ |
| မှတ်တမ်းကောက်သည့်နေ့ | - ဧပြီလ၊ ၂၀၁၄ခုနှစ်။ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - SSDF |



ပုံ (၂၅) - ဘန်ဝါ (ရှမ်းပြည်နယ်) ရွာအဝင်လမ်း

**အမှုဖြစ်စဉ်**

**အမှုမဖြစ်သေးခင်ကရွာ၏အခြေအနေ**

"၂၀၁၁တွင် (မြန်မာအစိုးရ) စစ်ကြောင်းများ လှုပ်ရှားလာတယ်။ ထိုစစ်ကြောင်းအဖွဲ့က ရွာအတွင်း အဝင်အထွက်ရှိတယ်။ ညအိပ်ပြီးမနက်ဆိုရင် ပြန်ထွက်သွားလိုက် ပြန်ဝင်လာလိုက် လုပ်နေကြတယ်။

KIAတွေလည်း ဒီလိုပဲဝင်လိုက်ထွက်လိုက်လုပ်ပြီး သူတို့ ရန်သူအချင်းချင်း လိုက်ရှာနေကြတယ်။

ဦး****တို့အိမ်မှာ မြန်မာစစ်သားနှစ်ယောက် ဆိုင်ကယ် ကယ်ရီနဲ့ တက်လာခဲ့တယ်။ KIAတွေဒီမှာ ရောက်နေတာ၊ သူတို့က KIAတွေ ရောက်နေတာကို မသိဘူး။သူတို့ခေါက်ဆွဲ ထိုင်စားနေကြတယ်။ ဦး****တို့ အိမ်မှာ နားပြီးခေါက်ဆွဲဆိုင်မှာမြန်မာစစ်သားနှစ်ယောက် နားနေတာသိတာနဲ့ တစ်ခါတည်း ဖမ်းလိုက်ကြတယ်။ ဖမ်းပြီး KIAတပ်ကို ခေါ်သွားတယ်။ KDAတွေ ပြန်လိုက်ပေးပြီး၊ KIAတွေလည်း သေနတ်နဲ့တကွ အကုန်လွှတ်ပေး လိုက်တယ်။လူတွေကိုလည်း လွှတ်ပေးလိုက်တယ်။ ဗိုလ်တစ်ယောက်နဲ့ စစ်သားတစ်ယောက်က တော်တော်လေး နှိပ်စက်ခံလိုက်ရတယ်။ ထင်တယ်။

အဲဒီနောက် ဘန်ဝါရွာကို သူပုန်ရွာဆိုပြီး၊ မြန်မာအစိုးရစစ်သားတွေက ဒီရွာကိုမယုံတော့ဘူး။ ရွာမှာခဏခဏအဝင်အထွက်လုပ်တယ်။ဘန်ဝါရွာကိုလည်းရှာဖွေစစ်ဆေးလေ့ရှိတယ်။တစ်ညတော့KIAတွေ ရွာမှာလာအိပ်တယ်။နောက်မနက်နမ္မတူလမ်းဘက်ဆင်းသွားပြီးနောက် နောင်ကောင်မှာသွားစောင့်နေတဲ့ သဘောထင်တယ်။ကျွန်တော်တို့ ရွာသူရွာသားတွေကနမ္မတူလမ်းဘက် ထွက်သွားတာပဲ မြင်တယ်။

မနက်၉း၀၀နာရီလောက် KIAတွေ ထွက်သွားတယ်။ (KIAတွေအယောက် သုံးဆယ်လောက် ဟုတ်တယ်)။နေ့လည်၁၁း၀၀နာရီရောက်တော့မြန်မာအစိုးရစစ်တပ်တွေရောက်ရှိလာတယ်။ (မြန်မာအစိုးရစစ်တပ်က အယောက် ၆၀လောက် ရှိမယ်ထင်တယ်)။ မြန်မာအစိုးရစစ်တပ်တွေ ရောက်လာပြီး မေးတော့ကျွန်တော်က ဒီမနက်၉း၀၀နာရီ အချိန်မှာထွက်သွားပြီလို့ ပြောလိုက်တယ်။ သူတို့တွေလည်းဗိုလ်လေး ငါးယောက်နဲ့ ဆွေးနွေးပြီး ထွက်သွားလိုက်တယ်။

## စစ်ကြောင်းနှင့်ရွာသားများကြုံတွေ့မှု

မြန်မာအစိုးရစစ်တပ်နဲ့ KIAတွေ တိုက်ပွဲများဖြစ်မလားဆိုပြီး ကျွန်တော်တို့ ရွာသားတွေလည်း လယ်တောဘက် ထွက်ပြေးဖို့ပြင်နေတဲ့အချိန် သေနတ်သံကြားလိုက်ရတယ်။ ထိုတိုက်ပွဲမှာ စစ်သားနှစ်ယောက်သေသွားတယ်လို့ မြန်မာအစိုးရစစ်သားတွေပြောလို့သိလိုက်ရတယ်။ သူတို့ရဲ့စစ်သားနှစ်ယောက် သေလို့မကျေနပ်တော့ဘူး။ တစ်ပတ်လောက် ကြာတဲ့အခါသိန်ဆင်းပါရွာကနေ ဝိုက်ပြီး ဒီရွာကိုဝိုင်းလိုက်တယ်။မနက်မိုးလင်းခါနီးအချိန်မှာဒီရွာကိုဝင်လာခဲ့တယ်။ဝင်လာပြီးရွာကမိန်းမ၊ ကလေး၊ အားလုံးကို (ဦး****ရဲ့အိမ်)ဘက်သို့ ပြန်မောင်းလာခဲ့တယ်။ရွာသားတွေ အားလုံးကို ထိုင်ခိုင်းပြီး သူတို့က ဝိုင်းထားတယ်။သေနတ်ကြီးတွေနဲ့ချိန်ပြီးမင်းတို့တစ်ရွာလုံးကို မီးရှို့ပစ်လိုက်မယ်၊မင်းတို့ကိုခေါ်စုထားတာ ဘာလို့ခေါ်စုထားတယ်ထင်သလဲ။ တစ်ရွာလုံး ကိုမီးရှို့ပစ်လိုက်ဖို့ပဲလို့ ပြောတယ်။ မင်းတို့ KIAတွေကို မွေးထားတာ မဟုတ်ဘူးလားလို့ ပြောတယ်။ ကျွန်တော်တို့က မွေးထားတာမဟုတ်ဘူး။ ကျွန်တော်တို့က ရောက်ရင်ရောက်တာကိုပဲ တင်ပြတာပါလို့ ပြန်ပြောလိုက်တယ်။

KIAတွေစောင့်နေတယ်လို့ ဘာကြောင့်မပြောသလဲလို့ ကျွန်တော်တို့ကိုပြောတယ်။ ကျွန်တော်တို့လည်းစောင့်နေလား။ မစောင့်နေဘူးလား။ ကျွန်တော်တို့လည်းဘယ်သိမလဲ။ KIAတွေ ရွာကနေဖြတ်သွားတယ် ဆိုတာပဲသိလိုက်ရတယ်လို့ ပြောလိုက်တယ်။

## အခွင့်အရေးချိုးဖောက်ပုံ

သူတို့ပဲ KIA စစ်ကြောင်းနောက်လိုက်ပြီး စစ်ပွဲဖြစ်တယ်။ ပြီးတော့ အကျအရှုံးရှိတော့ ကျွန်တော်တို့ရွာသားတွေ ကိုပဲအပြစ်တင်တယ်။ အနာခံရတာကကျွန်တော်တို့ ရွာသားတွေပါ။ ကျွန်တော့် မေးစေ့ကိုကန်ပေးတယ်။ ဈေးဆိုင်ကပစ္စည်းတွေ ကျပ်သုံးသိန်းဖိုး သူတို့စားလိုက်တယ်။ ချေးငွေကျပ်ခုနစ်သောင်း အလှူငွေကျပ် တစ်သိန်းကျော်၊ ဆိုင်ကပစ္စည်းတွေ အကုန်ပြောင်သွားတယ်။ ကျွန်တော်သောက်ဖို့ ဆေးလိပ်တောင် သူတို့ဆီက ပြန်တောင်းသောက်ရတယ်။ ဆေးလိပ်အစီး(၂၀)ကျော်ကို သူတို့အားလုံး သိမ်းယူလိုက်တယ်။တစ်စီးရဲ့သုံးပုံတစ်ပုံပဲ ကျွန်တော့်ကိုပေးတယ်။

ညနေရောက်လာတော့ရွာကလူတွေအားလုံးကို အိမ်မှာပြန်ခေါ်စုတယ်။ ထမင်းချက်ခိုင်းဖို့အတွက်



မိန်းကလေး နှစ်ယောက်ကိုလည်း ခေါ်တယ်။ ဆန်ကတော့ ဦး****ရဲ့ ဆန်လေးတင်းလောက်ရှိတယ်။ အဲဒီဆန်နဲ့ပဲချက် စားတယ်။ ပြီးတော့ ရွာကကြက်တွေကို ပစ်စားတယ်။ ကြက်သားတွေပဲ အမြဲစားတယ်။ ဆီကိုလည်း (မင်းတို့ အဖွားကပုံးလိုက်ယူထားလေ့ရှိတယ်ဆိုပြီး) ကြိုက်သလို ယူစားကြတယ်။ ကျွန်တော်တို့ကိုဆိုရင် ထည့် တောင်မစဉ်းစားဘူး။ကျွန်တော့် အဝတ်အစားမကျန် လုံချည်တို့၊ ပြောင်းဖူးမိတ်၊ ကော်ဖီဆို တစ်ခွက်မှာနှစ်ထုပ်သုံးထုပ်ထည့်ပြီး ဖျော်သောက်တယ်။

ရွာသားတွေဆိုတော့ ဘယ်သိမလဲ။ အဲဒီနောက်ပိုင်း ၃၂၄ တပ်တွေ ရွာမှာမနေတော့ပဲ။ ၅၀၆တပ်တွေ ပြန်လာနေတယ်။ ငါးလလောက် နေခဲ့တယ်။ ပိုက်လိုင်းလုံခြုံရေးဆိုပြီး လာနေတယ်။ အဲဒီနောက်ပိုင်း ၅၀၅တပ်တွေ ပြန်ဝင်လာတယ်။ ၅၀၅တပ်တွေလည်းလေးလလောက် လာနေသွားတယ်။ထိုနောက်ပိုင်းတော့ဘယ်သူမှ မနေတော့ဘူး။ နောက်တော့ နောင်ကောင်မှာပဲ စခန်းချပြီးနေတော့တယ်။”

# မူဆယ်မြို့နယ်၊ရှမ်းပြည်နယ် ( မြောက် )

## လူ့အခွင့်အရေးချိုးဖောက်မှု – အတင်းအဓမ္မလုပ်အားခိုင်းစေမှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| နေရပ်လိပ်စာ | - ****ရွာ၊ လွမ်လောမ်အုပ်စု၊ မုံးကုံးမြို့နယ်ခွဲ၊ မူဆယ်မြို့နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁ရက်၊ ၅လ၊၂၀၁၄ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ယင်းဆိုင်ကျေးရွာ |
| ချိုးဖောက်သူ | - တပ်မ ၈၈ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ဒေါ်**** |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

### ဒေါ်****( မောင်**** ၏အဒေါ် ) ပြောကြားချက်

“သူကကလေးတစ်ယောက်အဖေပါ။ကျွန်မတူပါ။နာမည်တော့ဦး****ပါ။သူ့ကိုသူများခေါ်တာတော့ ****လို့ ခေါ်တာပါ။ သူ့ကိုလည်းအိမ်ကလာခေါ်သွားတယ်။ သူ့ကိုခဏလိုက်ခဲ့လို့ပြောတော့ သူလည်း ခဏပဲဆိုပြီးတော့လိုက်သွားတယ်။ ကျောင်းကုန်းကိုလိုက်ခဲ့လို့ပြောပြီးတော့ခေါ်သွားတယ်။ သူလည်းလိုက်သွားတယ်။ ကျောင်းကုန်း ရောက်တော့ သူတို့ကားမှာပါလာတဲ့ရိက္ခာ ကိုချခိုင်းတယ်။ ခဏပဲထင်ပြီး ပြီးရင်တော့လွှတ်မှာဘဲဆိုပြီးတော့ လုပ်နေလိုက်တယ်။ ညနေရောက်တော့ သူတို့ကတော်တော်ကိုလေးတဲ့ ရိက္ခာတွေကိုမခိုင်းပြီး တောင်ပေါ် ကိုတက်သွားတယ်။

ဦး****၊ ****၊ **** သူတို့ပါတယ်။ ပြီးတော့ သင်းထောက်ဦး****ကတော့ ဗမာစကားနည်းနည်း ပြောတတ်တော့ ကောင်းကောင်းပြောပြီး ထွက်လာတယ်တဲ့။ ဦး****ကိုတောင် သင်းထောက်ဦး**** ပြောကူလို့ပြန် လွှတ်လာတယ်တဲ့။ သင်းထောက်ဦး****တော့ ကင်းစောင့်တဲ့သူကို ပိုက်ဆံနည်းနည်းပေးပြီးတော့ လိုက်ပို့ခိုင်းတယ်တဲ့။ ကျွန်မတူမောင်*****ကလဲဗမာစကားတော့တတ်တယ်။ ဒါပေမယ့်သူ့ကိုတော့ မလွှတ်ဘူး။ သူကြတော့ နည်းနည်းကြောက်တတ်တယ်။ အတွေ့အကြုံလည်းမရှိတော့

ဘယ်လို ပြေးရမလဲမသိတော့ မပြေးဘူးလေ။ နမ့်တောင်းမှာဘဲကျောင်းတက်လာတော့ တောလဲမကျွမ်းဘူး။ ပြောတတ်တဲ့သူကြတော့ ပြောတတ်ရင် ပြောတတ်သလို ပြန်လွတ်လာကြတယ်။ ဦး****လဲထွက်ပြေးလာပြီ။ ****နှင့်ကျွန်မတူဘဲ ကျန်တော့တယ်ကော။ ကျွန်မလဲတော်တော်ကိုစိတ်ပူတယ်။ ကျွန်မတူပေါ်တာပါသွားတယ်ဆိုတော့စိတ်ပူတယ်။ ညလဲအိပ်လို့ မရဘူး။

ညဆိုလည်း ဟိုခါနန်ကုန်းပေါ်ကအမြောက်တွေ ပြန်ပစ်တော့ ကျွန်မပိုစိတ်ပူတာပေါ့။ အဲဒီညဆို တုန်တောင်တုန် သွားတယ်။ ကျွန်မယောကျ်ားတော့ ပြောပါတယ်မကြောက်ပါနဲ့ သူတို့လျှောက်မပစ်ပါဘူး။ သူတို့လူတွေရှိတဲ့ဘက်ကို မပစ်ပါဘူးတဲ့။ ဘာပဲပြောပြော ကျွန်မတူပါတော့ စိတ်မအေးရဘူးပေါ့။ ဥက္ကဌတွေကိုပြောတော့လဲ ပြောတော့ပြောပေးတယ်။ ဒါပေမယ့်သူတို့ မလွတ်ပေးဘူးတဲ့။ စိတ်ကိုညစ်သွားတာပဲ။ သူများတွေ မူဆယ်ကို သွားတော့လည်း ကျွန်မကတော့ မလိုက်နိုင်သေးဘူး။ ပြည်သူ့စစ်တွေကိုလည်း အကူအညီတောင်းတယ်။ အဆက်အသွယ်မကောင်းဘူးလို့ထင်တယ်။ တစ်ယောက်ပြီး တစ်ယောက် မဆက်နိုင်ခဲ့ဘူး။

တနင်္ဂနွေမှာတော့ မုံးပေါ်ရွာ အထိတော့ ဆင်းမယ်ဆိုပြီး ဆင်းသွားလိုက်သေးတယ်။ မုံးပေါ်ရွာရောက်တာနဲ့ မိုင်ဖန်ကုန်းပေါ်ကနေ အမြောက်တွေပြန်ပစ်တော့ ပိုပြီးတော့စိတ်ပူတာပေါ့။ (၈) ရက် မြောက်တဲ့နေ့ ရောက်မှဘဲ ****က ဗိုလ်တွေကိုအတင်းပြောပြီးမှဘဲ ပြန်ထွက်လာတယ်။ ဗိုလ်ကြီးတို့ ကျွန်တော်အိမ်မှာ တစ်ယောက်ထဲဘဲ ဆိုပြီးတော့ ပြန်ထွက်လာတာတဲ့။ သူလဲသူ့အခက်အခဲတွေကို ပြောပြတော့ ပြန်လွတ်ပေးလိုက်တယ်တဲ့။

ဗိုလ်တစ်ယောက်က "ဟုတ်တယ် သားလည်းတော်တော် ကိုကြာပြီဆိုတော့" ဆိုပြီးတော့ (၈) ရက် မြောက်တဲ့နေ့မှာပြန်လွတ်ပေးလိုက်တယ်တဲ့။ ကျွန်မတူကို ပြန်လွတ်ပေးလိုက်တဲ့အချိန် သူက လက်တောင်ညောင်းအောင် နှုတ်ဆက်ခဲ့သေးတယ်တဲ့။ ကျွန်မတူနဲ့ အခုထက်ထိတော့ လူချင်းတော့ မတွေ့သေးဘူး ဖုန်းနဲ့ပဲဆက်သွယ်ရသေးတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု** **– အဓမ္မလုပ်အားခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၃၃ နှစ် |
| လူမျိုး | - တရုတ် |
| ကိုးကွယ်သည့်ဘာသာ | - ဗုဒ္ဓဘာသာ |
| အလုပ်အကိုင် | - လယ်ယာ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - မန်ဂျက်၊ မူဆယ်မြို့နယ်၊ ရှမ်းပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၉ရက်၊ ၉လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဆုကြာချန်နေအိမ်ခြံ၊ မန်ဂျက်ရွာ |
| ချိုးဖောက်သူ | - ခမရ(၅၅၂) |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |


ပုံ (၂၆) - ချိုးဖောက်ခံရသူ ဦး****



**အမှုဖြစ်စဉ်**

"ကျွန်တော့်ကိုချိန်းခြောက်ပြီးတော့ခေါ်သွားတယ်။ အိမ်ကပစ္စည်းလည်းအကုန်ယူသွားတယ်။ ဘာကြောင့်ခေါ်သွားတာလည်းမပြောဘူး။ သူတို့ရဲ့သေနတ်ကိုကြောက်လို့ကျွန်တော်လည်းလိုက်သွားတယ်။ မန်ဂျက်နဲ့ မနီးမဝေးမှာရောက်တော့ ဖိနပ်စီးဖို့ပေးတယ်။ ပြီးတော့မင်းသောက်ဖို့အတွက် မင်းယူလာလို့ပြောပြီးခွက်တစ်ခုပေးတယ်။ အဲဒီနေ့မှာပဲ ဘက်ထရီ တစ်လုံး၊ ရှေ့တန်းမှာကိုင်တဲ့စကားပြောစက်နှစ်လုံး သယ်ခိုင်းတယ်ပြီးတော့ တစ်နာရီလောက်ကြာတဲ့အချိန် အိတ်တစ်လုံးပေးခဲ့တယ်။ ညခုနှစ်နာရီထိထမ်းရတယ်။ ညတော့အဲဒီမှာဘဲအိပ်လိုက်ရတယ်။

နောက်တစ်နေ့ မန်ဂျက်ရွာကိုတောလမ်းဘက်ကနေ ပြန်ခေါ်သွားတယ်။ သူတို့လမ်းမသိတာနဲ့ ကျွန်တော့်ကိုမေးတယ်။ "မင်းလမ်းသိလား"လို့မေးတယ်။ ကျွန်တော်က "မသိဘူး"လို့ ပြောလိုက်ချိန်မှာ ဒါတောင်မသိဘူးလားဆိုပြီးတော့ လက်နဲ့ ခေါင်းရိုက်ပေးတယ်။ ကျွန်တော် တောင်မူးလဲသွားတယ်။ ညသုံးနာရီလောက်မှ မန်ဂျက်ကိုရောက်တယ်။ ဒါပေမဲ့ထမင်းလည်းမစားခိုင်းဘူး။ အိမ်လည်း မပြန်ခိုင်းဘူး။ ဆက်သွားတယ်။ မန်ဂျက်မှတစ်ဆင့်ည(၃း၃၀)လောက်မှာ ဝန်မာကျေးရွာသို့ရောက်တယ်။ ဒါပေမဲ့မနက်စာထမင်းလည်းမကျွေးဘူး။

သူတို့ထမ်းခိုင်းတဲ့ပစ္စည်းတွေကြောင့် ပခုံးတွေတောင်အကုန်နာသွားတယ်။ သူတို့ရဲ့ကျည်ဆံတွေထမ်းရင်တောင် ဒီလောက်မလေးဘူး။ အခုကသူတို့ခိုးလာတဲ့ရွာသားတွေရဲ့ ပစ္စည်းကပိုတောင်လေးတယ်။ အဲဒီညတော့ တောမှာပဲအိပ်လိုက်ရတယ်။ ကျွန်တော်ကတော့ စစ်သားနှစ်ယောက်ရဲ့ကြားမှာ အိပ်ရတယ်။ အပြင်ထွက်မယ်ဆိုရင်လည်း သူတို့မီးထွန်းထားတဲ့နေရာမှာသွားရတယ်။

အဖိုးတစ်ယောက်က သူ့ရဲ့နားမှာဖုံးထားတဲ့ဟာကို ဖယ်ပေးလိုက်တယ်။ အဲဒီချိန်မှာ နားကနေသွေးတွေထွက်လာတယ်။ အဲဒီချိန်မှာတစ်ယောက်က အရက်ပြန်လောင်းပေးတယ်။ ပြီးတော့အဘိုးကိုရွာမှာလူတွေရှိမရှိကြည့်ခိုင်းပြီးတော့ ကြက်တွေဖမ်းစားကြတယ်။ ၉ရက်၊ ၉လ၊ ၂၀၁၁ခုနှစ်ရက် မနက် ၁၀နာရီလောက်မှာ ခမရ(၅၅၂) စစ်ကြောင်းတွေ လာပြီးတော့တစ်ချို့ကအိမ်ထဲဝင်ပြီးတော့ တရုတ်ပိုက်ဆံ(၈၀၀၀)ယွမ်၊ ကြက်၄ကောင်နဲ့ ဖုန်း(၂)လုံးယူသွားတယ်။ တစ်ချို့ကတော့ သေနတ်နဲ့ထောက်ပြီးတော့ ချိန်းခြောက်ပြီးခေါ်သွားခြင်း ခံရတယ်။"

**လူ့အခွင့်အရေးချိုးဖောက်မှု** **– အဓမ္မလုပ်အားခိုင်းစေမှု ( ပေါ်တာ )**

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၅ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| နေရပ်လိပ်စာ | - ဘန်ဂျွန်ကျေးရွာ၊လွယ်လွမ်အုပ်စု၊ ပန်ဆန်းမြို့နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁ရက်၊ ၅လ၊ ၂၀၁၄ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဘန်ဂျွန်ကျေးရွာ |
| ချိုးဖောက်သူ | - တပ်မ ၈၈ |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

"ကျွန်တော့်နာမည်ကဦး****ပါ။ အသက်(၄၅)နှစ်ရှိပါပြီ။ ကလေးလေးယောက်ရှိပါတယ်။ ကျွန်တော့် ဇနီးနာမည်ကတော့ ဒေါ်****လို့ခေါ်ပါတယ်။ ကျွန်တော်တို့ရွာက ဖမ်းခံရတာ သုံးယောက်ပါ။ မောင်****၊ မောင်**** နဲ့ကျွန်တော်တို့ရွာကသုံးယောက်ပေါ့။ တခြား ရင်းဆိုင်ကျေးရွာက မောင်****လည်း ပါတယ်ဆိုတော့လေးယောက်ပေါ့။ သူတို့ကခဏပဲခေါ်သွားမှာပါလို့ပြောတော့ ကျွန်တော်တို့လည်းလိုက်သွားတာပါ။ ဒါပေမယ့် အချိန်ကို ပြန်ကြည့်တော့ သူတို့ကျွန်တော်တို့ကို နည်းနည်းတော့ထိန်းချုပ်လိုက်တယ်။ အဲဒီမနက်မှာ သူတို့နည်း နည်းလည်းစိတ်တို နေတဲ့ပုံပဲ။ ကျွန်တော့်အိမ်မှာ စစ်အင်္ကျီအစုတ်၊ အပြဲတစ်ထည်ရှိတယ်။ သူတို့အဲဒီအင်္ကျီကို တွေ့တော့ ကျွန်တော့်ကို စိတ်တိုသွားတာပေါ့။ အဲဒီအင်္ကျီကြောင့်ကျွန်တော့်ကို ကြိုးလည်းတုတ်တယ်။ အရမ်း ကြီးမဟုတ်ရင်တောင်မှ ကျွန်တော့်ကို နည်းနည်းတော့ရိုက်တယ်။ ကျွန်တော့်ရင်ဘတ်မှာ တစ်ချက် ကန်ပေးတာ တော်တော်လေးနာတယ်။

သူတို့ကျွန်တော့်ကိုတော့ (၃)ရက် (၃)ညခေါ်သွားတာပါ။ ကျွန်တော်က ကျန်မာရေး သိပ်မကောင်းဘူး။ ဆေးရုံနဲ့ချိတ်ဆက်ပြီးဆေး သောက်နေတာ။ "အခုဆေးတွေလဲ ခင်ဗျားတို့မီးရှို့လိုက်ပြီဆိုတော့ ကျွန်တော့်မှာ သောက်စရာဆေးလဲမရှိတော့ဘူး။ အခုဆေးမသောက်ရတာလည်း သုံးရက်ရှိပြီ" လို့ပြောတော့ကျွန်တော့်ကိုပြန်လွှတ်ပေးတယ်။ သုံးရက်မြောက်သောနေ့မှာဘဲ ကျွန်တော့်ကို ပြန်လွှတ်ပေးလိုက်တာပါ။ သူတို့ထဲကနာမည်တော့ မသိလိုက်ရဘူး။ သူတို့ထဲကအကြီးတစ်ယောက်ပါပဲ ပြန်လွှတ်ပေးလိုက်တာပါ။ တပ်ရင်းမှူးလို့ပြောတာပဲ။ သူတို့နာမည် မခေါ်ကြဘူး။ ဒါကြောင့် ကျွန်တော်လည်း မသိလိုက်ပါဘူး။ သူတို့တပ်က တပ်မ (၈၈)ကပါ။

ကျွန်တော်တို့ကို ပထမနေ့တော့ ထမင်းတစ်ပန်းကန်ပဲကျွေးတယ်။ နောက်နေ့တော့လေးတဲ့ ဝန်တွေထမ်းခိုင်းမယ်ဆိုတော့ဝအောင်ကျွေးပါတယ်။သူတို့ဘာတွေပါလဲတော့မသိဘူး။လေးတဲ့ပစ္စည်းများက ကြောပိုးအိတ်မှာ ပေါင်းထည့်ပြီး တစ်အိတ်ကို(၃၀)ပိသာ လောက်တော့လေးတယ်။ သူတို့သတင်း ခဏနားထောင်တဲ့အချိန်မှာပဲ နားတာပါ။ခေါ်သွားတဲ့အချိန်မှာကျွန်တော့်ကိုတော့နောက်ပြန်ကြိုးတုတ်တယ်။ ကျွန်တော့်ကိုဓားမြောင်နဲ့လည်း ခြောက်တယ်။ ကျွန်တော့်ကိုသတ်မယ်ပေါ့။ နှစ်ရစ်ဆရာလေ။ "မင်းမဟုတ်ရင် မင်းရဲ့သားပဲ သူပုန်လုပ်တာ ကောင်းကောင်းပြော မပြောရင် ဒီမနက်မင်းတို့အားလုံးကို သတ်မယ်"ဆိုပြီးတော့ပြောတယ်။ လည်ပင်းမှာထိုးမယ်ပေါ့။ အဲဒီလိုတော့ခြောက်ပါတယ်။ ကျွန်တော်လည်းမလုပ်ဖူးတော့ မလုပ်ဖူးဘူးလို့ ပြောတယ်။

အဲဒီအင်္ကျီက ကျွန်တော့်ညီ အစိုးရစစ်မှုထမ်းတုန်းက အင်္ကျီပါလို့ပြောမှပဲ နည်းနည်းသက်သာရ ရတယ်။ ကျွန်တော့်ညီ****က၁၉၉၉မှာ မိတ္ထီလာမှာ စစ်မှုထမ်းခဲ့တာလေ။ အဲဒီလိုပြောမှဘဲကျွန်တော့်ကို လွှတ်ပေး တယ်။ ကျွန်တော်တို့ကိုအဲဒီ ၁ရက်၊ ၅လ၊ ၂၀၁၄ခုနှစ် နေ့မနက် ၈း၀၀ကနေ ၃ရက်၊ ၅လ၊ ၂၀၁၄ခုနှစ် ရက်နေ့ နံနက်၅း၃၀နာရီမှာမှ ကျွန်တော့်ကိုပြန်လွှတ်လိုက်တာပါ။ ကျွန်တော်နဲ့အတူသွားတဲ့သူတွေကို ကျွန်တော်တို့ ဒီကိုလာတဲ့ရက်ထိတော့ မလွှတ်သေးပါဘူး။ ဘန်ဂွန်ကျေးရွာ၊ လွယ်လွမ်အုပ်စု မုံးကုံးမြို့နယ်မှာ နေတာပါ။ ထမင်းကိုနှစ်နပ်ဘဲ စားရတာပါ။ အချိန်တော့သိပ်မမှန်ပါဘူး။ ဘယ်ပြောကောင်းမလဲ တော်တော် ခံရတာပေါ့။"

## လူ့အခွင့်အရေးချိုးဖောက်မှု – မတရားပစ်ခတ်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - မောင်**** |
| ကျား/မ | - ကျား |
| အသက် | - ၁၆ နှစ် |
| ပညာအရည်အချင်း | - ကျောင်းသား |



| | |
|---|---|
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - မုံးကုံးမြို့၊မူဆယ်မြို့နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၆ရက်၊ ၄လ၊ ၂၀၁၄ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - မုံးကုံးမြို့နယ်၊ မုံးကုံးဈေးအနီး |
| ချိုးဖောက်သူ | - ကွတ်ခိုင်ပြည်သူ့စစ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင်၊ ချိုးဖောက်ခံရသူ၏အဖွား |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

မောင်****သည်မုံးကုံးမြို့တွင် ဒေါ်****အသက်(၆၀နှစ်)၏မြေးဖြစ်ပြီး သူ့မိဘများနှင့် ငယ်ငယ်ကတည်းက ကွဲသွားပြီး အတူတူမနေရသောသူဖြစ်သည်။ မောင်****(အသက်၁၆နှစ်)သည် ဦး****နှင့် ဒေါ်**** ၏သားဖြစ်သည်။ ငယ်ငယ်ကတည်းက သူ့အဖွားနှင့်သာ ကြီးပြင်းလာသူဖြစ်သည်။ မောင်****သည် ၆ရက်၊ ၄လ၊ ၂၀၁၄ခုနှစ်နှစ်ရက်နေ့(တနင်္ဂနွေ) ည(၁၀)နာရီအချိန်တွင် သူ၏သူငယ်ချင်းမောင်****နှင့် မန်ကျဲရွာတွင် ဈေးရောင်းပွဲရှိသောကြောင့် အလည်သွားကြပါသည်။ ည(၁၀း၀၀)နာရီ လောက်မှ ပြန်လာကြသည်။ ကလေးများ သည် ညမိုးတော်တော်ချုပ်လာသောကြောင့် ဆိုင်ကယ်ကိုအမြန်စီးပြီး ဆင်းလာကြတာပါ။

မုံးကုံးမြို့လယ် မုံးကုံးဈေးအနီးရောက်တော့ သူတို့အားကွတ်ခိုင်ပြည်သူ့စစ်များ လာတားပါသည်။ ကလေးများ သည် အရှိန်နှင့်စီးလာသောကြောင့် မရပ်နိုင်ခဲ့ဘူး။ ပေသုံးဆယ်လောက်မှာ ရပ်နိုင်ခဲ့သည်။ ကလေးများသည် ဆိုင်ကယ်ကိုရပ်ပေးသည်နှင့် ဗုံးပါတစ်ခါထဲပစ်ခြင်းကို ခံရသည်။ သေနတ်လဲပစ်သည်။ ဗုံးကြောင့် ကလေး၏ လက်နှစ်ဖက်စလုံးတွင် ဒဏ်ရာရရှိပါသည်။ ညာဘက်ပေါင်တွင်လည်း သေနတ်ထိမှန်ပါသည်။ ထိုအချိန်တွင် ကလေးများသည် ကြောက်သောကြောင့် လမ်းဘေးတွင်ဆိုင်ကယ်ကို တွန်းသွားပါသည်။

လမ်းဘေးသို့ ရောက်ရောက်ချင်း မောင်****သည် အိပ်ချင်လာသောကြောင့် လက်ပေါ်ခေါင်းတင်ပြီး ထိုင်နေသည်။ ထိုအချိန်တွင် ကွတ်ခိုင်ပြည်သူ့စစ်များရောက်လာပြီး ဓါတ်မီးနှင့်လာရောက်ထိုးကြည့်ကာ "ဗမာ ဗမာ လာပြီ" လို့သာပြောပြီး ပြန်သွားပါသည်။ ထိုအချိန်တွင် တရုတ်အဖိုးကြီးတစ်ဦးမှ ခေါ်ဆောင်ကာ ဆေးရုံသို့ပို့ ပေးခဲ့ပါသည်။ ထိုနေ့ညတွင် မန်ကျဲဘုရားကျောင်းပွဲတွင်လည်း ဗုံးတစ်လုံးပေါက်ကွဲခဲ့ပါသည်။

## ချိုးဖောက်ခံရသူ၏အဖွားပြောဆိုချက်

"ကျွန်မအသက်(၆၀)နှစ်ရှိပါပြီ။ ကျွန်မကတစ်ရက်လုပ်တစ်ရက်စားပါ။ ကျွန်မမှာ မြေးနှစ်ယောက် ရှိပါသည်။ သူတို့ကို ကျွန်မကငယ်ငယ်လေးထဲကပြုစုခဲ့တာပါ။ အခုလိုဖြစ်တာ ကျွန်မတော်တော်ကို စိတ်မကောင်းဖြစ်ခဲ့တယ်။ ကျွန်မမြေးအခုလိုဖြစ်ပြီးနောက်မှာ ကျွန်မကို ပြည်သူ့စစ်များခေါ်တွေ့ပါတယ်။ "မင်းတို့ကလေးတွေကို သတိထားခိုင်းကြ။ ငါတို့မှာ အစိုးရကပေးထားတဲ့ ဗုံး(၁၀)လုံးရှိတယ်။ အခု ငါးလုံးပေါက်ခွဲပြီးသွားပြီ။ ကျန်ငါးလုံးက လူကိုတကယ်သေစေတယ်။ သတိထားကြ" လို့ပြန်လည်ခြိမ်းခြောက်ပါတယ်။

ထိုနေ့ညတွင် ဘာဥပဒေမှလဲ မချမှတ်ခဲ့ဘူး။ အခုအချိန်တွင်မုံးကုံးမြို့တွင် ည ၁၀း၀၀ နောက်ပိုင်းတွင် မည်သူ မှမထွက်ရဟု ဥပဒေချမှတ်ခဲ့တယ်။ ထွက်လျှင်လဲ အမှန်တကယ် ပစ်မည်ဟုလဲ ပြောကြားခဲ့ပါတယ်။ ကျွန်မက ဒီကလေးတွေကို ပြုစုပျိုးထောင်ခဲ့တာပါ။ ကျွန်မကြားကြားချင်းဆို သေပြီမှတ်နေတာ။ ဗုံးသံလည်းတော်တော် ကိုကျယ်တာပါ။ ကျွန်မတို့လဲကြားရတော့ တော်တော်ကိုလန့်တာပေါ့။ အခုဆို ကျွန်မတို့ကြောက်လန့်စွာနဲ့ အသက်ရှင်နေရတာပါ။"

**ချိုးဖောက်ခံရသူ၏ပြောဆိုချက်**

"ကျွန်တော်နဲ့ကျွန်တော့်သူငယ်ချင်းက ညဆယ်နာရီလောက်မှာ ဆိုင်ကယ်စီးပြီး မန်ကျဲရွာကနေ ပြန်လာတာပါ။ သူတို့က ဈေးနားကစားပွဲနားမှာ ထိုင်နေတာပါ။ ကျွန်တော်တို့လာတာနဲ့ သူတို့ ထွက်လာပြီးတားတာပါ။ ကျွန်တော်တို့ကိုတားတော့ကျွန်တော်တို့ လဲအရှိန်နဲ့ဆိုတော့ ချက်ခြင်းကို မရပ်နိုင်ခဲ့ပါဘူး။ ဒါပေမဲ့ ကျွန်တော်တို့လည်း အတတ်နိုင်ဆုံးကို ရပ်ခဲ့တာပါ။ ကျွန်တော်တို့ရပ်တာနဲ့ဖုံးနဲ့ချက်ခြင်း ပစ်ခံရပါတယ်။ သေနတ်လဲပစ်တယ်။ ကျွန်တော်တို့လဲ သေနတ်သံ ဖုံးသံကြားတော့ ကျွန်တော်တို့လဲ ချက်ချင်းလမ်းဘေးကို ရပ်ရန်ပြုလုပ်တယ်။ အဲဒီအချိန်မှာ ကျွန်တော့်လက်နစ်ဖက်စလုံးမှာသွေးတွေနဲ့။ အဲဒါကြောင့် ကျွန်တော့်သူငယ်ချင်းကို ဆိုင်ကယ်တွန်းခိုင်းတယ်။ လမ်းဘေးရောက်တော့ ခြေထောက်မှာလည်းသွေးတွေနဲ့ဖြစ်နေပြီ။ အဲဒီအချိန်မှာကျွန်တော့် ခြေ ထောက်မှာ သေနတ်မှန်တာကိုသိရပါတယ်။"

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- မတရားဖမ်းဆီးမှုနှင့်ထိန်းသိမ်းချုပ်နှောင်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၂၆ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| နေရပ်လိပ်စာ | - ဖိုင်ကောင်ကျေးရွာ၊ ကျူးကုတ် ပန်ဆိုင်းမြို့နယ်ခွဲ၊ မူဆယ်မြို့နယ်၊ရှမ်းပြည်နယ်(မြောက်ပိုင်း)။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၂၈ရက်၊ ၁၁လ၊ ၂၀၁၂ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - ဖိုင်ကောင်ကျေးရွာ၊ ကျူးကုတ် ပန်ဆိုင်းမြို့နယ်ခွဲ၊ မူဆယ်မြို့နယ် |
| ချိုးဖောက်သူ | - သိန်းနီစစ်တပ်(၁၄၂)၊ ခလရ(၅၀၇)၊ လားရှိုးတပ် |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၀ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

**အမှုဖြစ်စဉ်**

"ကျွန်တော်ကတော့ ဗမာစစ်သားတွေခေါ်ပြီးတော့ ထိန်းသိမ်းတာကို နှစ်ကြိမ်တောင်ခံရပြီးပြီ။ ပထမတစ်ကြိမ်ကတော့ အပြန်အလှန်ပစ်ကြတယ်။ အဲဒီနေ့ကတော့ ဆယ်အိမ်မှူးတစ်ယောက်ကို ဗမာစစ်သားတွေကလာပြီး "ခဏတုန်းကပစ်လိုက်တဲ့ ကျည်ကဒီဘက်ကမဟုတ်ဘူးလား"လို့မေးတယ်။ ဒါပေမဲ့သူက "မဟုတ်ဘူး"လို့ပြန် ဖြေလိုက်တယ်။ အဲဒီချိန်မှာ စစ်သားတွေက "မင်းကဘာကြောင့်မသိရတာလဲ အခုမှဒီဘက်ကနေမြည် လာတာ" လို့ပြောပြီးတော့ သူ့ကိုချည်ထားတယ်။

အဲဒီအချိန်မှာ ကျွန်တော်တို့ကသေနတ်မြည်တယ်ဆိုတော့ ဘယ်ကိုမှမသွားတော့ဘူးအိမ်မှာဘဲနေနေတယ်။ ဒါပေမဲ့ဗမာစစ်သားတွေက တစ်အိမ်ဝင်တစ်အိမ်ထွက်နဲ့အားလုံးကို လိုက်ခေါ်တယ်။ တချို့အိမ်တွေထဲပစ္စည်းတွေကို စစ်သားတွေယူသွားကြတယ်။ ကျွန်တော်တို့ရွာမှာက ပစ္စည်းတွေကို စစ်သားတွေယူသွားတာ သုံး၊လေး ကြိမ်ရှိပြီ။ နွားနို့ဘူးတောင် မကျန်ဘူးအားလုံးယူပေးလိုက်တယ်။ ကျွန်တော့်ကိုတော့ သူတို့(စစ်သား)တွေ အိမ်မှာလာဖမ်း ခေါ်သွားတာဟုတ်တယ်။

ကျွန်တော့်မိန်းမက ကိုယ်ဝန်(၄)လနဲ့ဆိုတော့ ဘယ်ကိုမှလည်းသွားလို့မရဘူး။ သူ့ကိုစောင့်ကြည့်နေရတယ်။ ဆိုတော့ ကျွန်တော်ကထွက်ပြေးလို့လည်းမရဘူး။ အဲဒီနေ့ကျွန်တော့်ကိုလာဖမ်းတာက



ခလရ (၁၄၂) ဟုတ်တယ်။ ကျွန်တော်တို့ရွာ ရွာသားအယောက်(၃၀)လောက်ကို ဖမ်းထားတယ်။ သူတို့စစ်ဆေးတာကတော့ "ဒီရွာမှာ K.I.A စစ်သားအမာခံ (၆) ယောက်ရှိတယ်။ သေနတ်လည်း(၆) လက်ရှိတယ်။ အဲဒီလူတွေကိုထုတ် ပေးပါ" ဆိုပြီးတော့ ကျွန်တော်တို့ကိုလာပြောတယ်။ နောက်ပြီး "အဲဒီလူ (၆) ယောက်ကဒီမှာရှိတယ်။ ခဏကသူတို့ကိုပစ်ပြီးတော့ အဝတ်အစားလဲလိုက်ပြီး ဒီမှာလာထိုင်နေတယ်။ ဒါကြောင့်မပြောရင်တော့ တစ်ယောက် ချင်းစစ်ပြီး ရိုက်မေးမယ်" လို့ ခြိမ်းခြောက်တယ်။ သူတို့ကကျွန်တော်တို့ဆီက လူငယ်တစ်ယောက်ကို ဆွဲသွားပြီးတော့ရိုက်မေးမယ်လို့ပြောပြီး ခေါ်သွားသေးတယ်။

အဲဒီညနေမှာ တရုတ်ပြည်နဲ့နီးတဲ့နယ်စပ်ဘက်က IDP camp တွေကိုမီးရှို့လိုက်တယ်။ ကျွန်တော်တို့ကိုဖမ်းချုပ်ထားတာကတော့ နံနက် (၁၀) နာရီကနေပြီးတော့ (၂)ညအိပ်ပြီး နောက်နေ့မနက်(၇) နာရီလောက်မှပြန်လွှတ်တယ်။ သူတို့ခေါ်သွားတဲ့အထဲမှာတော့ဆယ်အိမ်မှူးပါသွားတယ်။ သူ့ကိုတော့ ပန်ဆိုင်းမရောက်ခင် လမ်းတစ်ဝက်မှာ ပြန်လွှတ်ပေးလိုက်တယ်လို့တော့ ပြန်ကြားတယ်။

ကျွန်တော်တို့ကို ဖမ်းထားတဲ့အချိန်မှာတော့ ကျွန်တော့်ကိုဖမ်းပြီးနှိပ်စက်တာတွေ ခြိမ်းခြောက်တာတွေတော့မရှိဘူး။ ဒါပေမဲ့ သူတို့သိပ်မသင်္ကာတဲ့သူတွေကိုတော့ ခေါ်ပြီးစစ်တာတွေရှိတယ်။ ကျွန်တော့်ရှေ့မှာ တခြားသူတွေ ကိုရိုက်နှက်ခြင်းမရှိပေမဲ့ ဆယ်အိမ်မှူးကိုတော့ ရိုက်နှက်တယ်။ အဲဒီနေ့ အစိုးရစစ်သားတွေ ပြန်ထွက်သွားတဲ့အချိန် လမ်းတစ်ဝက်ရောက်တော့ K.I.A တွေက ပြန်လိုက်ပစ်တယ်။ ကျွန်တော်တို့လည်းသေနတ်သံကြားတာနဲ့ ကိုယ်လွတ်ထွက်ပြေးကြတယ်။ အဲဒီနေ့မှာဘဲ အစိုးရစစ်သားတွေက ရန်သူတစ်ယောက်ကို တွေ့တယ်ဆိုပြီး သူတို့ ကျည်ဆံကြီးနဲ့ ပစ်လိုက်တာ အိမ်တစ်အိမ်ကိုထိသွားတယ်။

၁၀ရက်၊ ၃လ၊ ၂၀၁၄ခုနှစ် ရက်နေ့မှာ ကျွန်တော်နဲ့သူငယ်ချင်းတစ်ယောက်က မနက်စောစော(၆)နာရီ (၇) နာရီ လောက်မှာ ဆိုင်ကယ်နှစ်စီးနဲ့ ရွာကအထွက်မှာ စစ်ကြောင်းနဲ့တိုးပြီး "ဘယ်ကိုသွားမလဲ"လို့ မေးတယ်။ ကျွန်တော်တို့လည်း "ဒီရွာကဘဲ"လို့ပြောပေမယ့် သူတို့ကမယုံဘူး။ "မင်းကိုယင်းဆိုင်ရွာမှာတွေ့ဖူးတယ်။ မညာနဲ့" လို့ပြောပြီး ကျောပိုးအိတ်ထမ်းခိုင်းပြီး ဖိုင်ကောင်းရွာကိုဝင်လာတယ်။ ရွာထဲဝင်လာတာနဲ့တစ်ခါထဲ တစ်အိမ်ဝင်တစ်အိမ်ထွက် အားလုံးကိုလိုက်ခေါ်တယ်။ နောက်ပြီးတစ်နေရာမှာခေါ်စုထားတယ်။ အားလုံး ပေါင်း (၄၀) (၅၀) လောက် ရှိမယ်ထင်တယ်။

အဲဒီမနက်မှာ ပစ်ကြတာတွေလုံးဝမရှိဘူး။ သူတို့ဝင်လာတာနဲ့ အဲလိုကြမ်းကြမ်းတမ်းတမ်း လုပ်ကြတာဟုတ်တယ်။ သူတို့ရဲ့အကြောင်းပြချက်ကတော့ ရန်သူရှိတယ်ဆိုပြီး ဝင်လာပြီးတော့ လူငယ် လူရွယ်နဲ့ကလေးတွေကိုခေါ်စုထားတယ်။ မိန်းကလေးတွေကိုတော့ ဘာမှသိပ်မလုပ်ဘူး။ ကျွန်တော်တို့အရှေ့မှာဘဲ ယောကျ်ားကလေး တစ်ယောက်ကိုကြီးလာရင် ဘယ်စစ်သားမှမလုပ်နဲ့ စစ်သားဆိုတာမကောင်းဘူးဆိုပြီးတော့ ဖင်မှာကန်လိုက်တယ်။ ရွာထိပ်ပိုင်းကုန်းမှာနေတဲ့သူတွေကိုတော့ အိမ်ထဲကိုဝင်ပြီး ရိုက်နှက်ခေါ်ခဲ့တယ်။"

## ကွတ်ခိုင်မြို့နယ်၊ရှမ်းပြည်နယ် ( မြောက် )

| | |
|---|---|
| **လူ့အခွင့်အရေးချိုးဖောက်မှု** | **- ပုဂ္ဂလိကပိုင်ဆိုင်မှုကိုချိုးဖောက်မှု** |
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၅၈ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - ဈေးရောင်း |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |

| | |
|---|---|
| နေရပ်လိပ်စာ | - နောင်ဂျာ၊ ကွတ်ခိုင်မြို့နယ်၊ ရှမ်းပြည်နယ်(မြောက်) |
| အခင်းဖြစ်ပွားသည့်နေ့ | - ၃၀ရက်၊ ၃လ၊ ၂၀၁၂ ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - အိမ်ဈေးဆိုင် |
| ချိုးဖောက်သူ | - ခလရ(၅၀၇) |
| အမှုဖြစ်စဉ် ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၁၉ရက်၊ ၄လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

## အမှုဖြစ်စဉ်

၂၀၁၂ခုနှစ် မတ်လ (၃၀)ရက်နေ့ ညနေပိုင်း(၂)နာရီမှာ ဦး****က အိမ်ဈေးဆိုင်တွင် ရှိနေတုန်း ခလရ(၅၀၇)မှ စစ်သား(၇)ယောက် ရောက်လာပြီး ရွာလူကြီးနဲ့ တွေ့ချင်တယ်ဆိုပြီး သွားခေါ်ခိုင်းတယ်။ သွားခေါ်နေတုန်း ခလရ(၅၀၇)က စစ်သား(၇)ယောက်ဟာ ဈေးဆိုင်ကိုဖျက်ဆီးပြီး ငွေ(၇)သိန်းနဲ့ (၅)သောင်း၊ ကချင်ရိုးရာ ငွေမောင်းလွယ်အိတ်နဲ့ ငွေဓါး၊ ဂျာကင်အကျီတစ်ထည် ယူသွားတယ်။ အဲလိုဖျက်ဆီးထားတာကိုတွေ့လို့ စစ်ကြောင်းမှူးကို သွားပြောတယ်။ အဲဒါကြောင့် ပိုက်ဆံ(၆)သိန်းနဲ့ ပစ္စည်းတွေပြန်ရတယ်။ ပိုက်ဆံတစ်သိန်းနဲ့ ငါးသောင်းတော့ မပါတော့ဘူး။

စစ်သားများ ယူသွားသည့် ပစ္စည်းများ၊ ဖျော်ရည်အမျိုးမျိုး၊ မရွေးမုန့်၊ ဘီယာ၊ ခေါက်ဆွဲ၊ အားလုံးပေါင်း ကျပ်နှစ်သောင်းဖိုး သိမ်းယူသွားသည်။

"အစတော့ ကျွန်တော်အိမ်မှာ ဆိုင်စောင့်နေတယ်။ ခလရ(၅၀၇)က စစ်သား(၇)ယောက် ရောက်လာပြီး ရွာလူကြီးကိုခေါ်ပေးဆိုလို့ ကျွန်တော်သွားခေါ်ပေးတယ်။ ကျွန်တော်သွားလိုက်တုန်း သူတို့က ဆိုင်ထဲဝင်ပြီး ကြိုက်သလို စားနေကြတယ်။ ကျပ်(၂၀၀၀၀)ဖိုး စားလိုက်တယ်။ သူတို့ယူသွားတဲ့ ပိုက်ဆံတွေအားလုံးက (၇၅၀၀၀၀)ကျပ် ဟုတ်တယ်။ အဲဒီနောက် ကျွန်တော်တို့ ရွာလူကြီးတွေနဲ့ စစ်ကြောင်းမှူးဆီမှာ ပြန်သွားတောင်းတော့ (၆)သိန်း၊ ကချင်ရိုးရာငွေဓါး၊ ငွေလွယ်အိတ်၊ အနွေးထည်တွေ ပြန်ရတယ်။ ပိုက်ဆံ(၁၅၀၀၀၀)ကိုတော့ ပြန်မရတော့ဘူး။ သူတို့ယူသွားတဲ့ညမှာဘဲ သူတို့ဗိုလ်ဆီမှာ သွားပြောယူတယ်။ ဒီတစ်ခေါက်နဲ့ဆို နှစ်ခါရှိပြီ။"

## လူ့အခွင့်အရေးချိုးဖောက်မှု – ညှင်းပန်းနှိပ်စက်မှု

| | |
|---|---|
| ချိုးဖောက်ခံရသူအမည် | - ဦး**** |
| ကျား/မ | - ကျား |
| အသက် | - ၄၂ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| နေရပ်လိပ်စာ | - နမ်ခမ်း၊ မန်ကျဲ၊ ကွတ်ခိုင်မြို့နယ် |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၃ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် |
| အခင်းဖြစ်ပွားသည့်နေရာ | - နမ်ခမ်းပါ (လယ်တော) |
| ချိုးဖောက်သူ | - ခလရ (၁၂၉) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - ချိုးဖောက်ခံရသူကိုယ်တိုင် |
| မှတ်တမ်းကောက်သည့်နေ့ | - ၂၂ရက်၊ ၄လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |



## အမှုဖြစ်စဉ်

၂၀၁၁ခုနှစ် နိုဝင်ဘာနေ့(တနင်္ဂနွေ)မှာ ဦး**** နဲ့သူ့အမေကစပါးရိတ်ရမှာမို့ လယ်သွားတယ်။ မိခင်ကတော့ အလုပ်လုပ်တဲ့သူတွေကိုကျွေးရန်အတွက် ထမင်းချက်ရန်သွားလိုက်တယ်။ ဦး****ကတော့ လယ်ဆင်းတယ်။ အဲဒီချိန်မှာပဲတပ်(၁၂၉)ကကရင်ဗိုလ်ဦးဆောင်တဲ့အဖွဲ့တွေ လာခဲ့ပြီးတော့ ဒီမှာ ကေအိုင်အေတွေမရှိဘူးလား ဆိုပြီး ပြောပြီးတော့အိမ်တွေမှာလိုက်ရှာတယ်။ အဲဒီချိန်မှာဘဲမရိမ်းအကျီ တစ်ထည်တွေ့တယ်။ အဲတာကလည်း စိတ်မနှံ့တဲ့ကောင်လေးတစ်ယောက်ရဲ့ဟာဟုတ်တယ်။ အဲဒါတွေ့တာနဲ့ ရိုက်နက်ပြီးတော့ ရွာဘက်ကိုခေါ်သွားတယ်။ လမ်းမှာလည်းတစ်လမ်းလုံးရိုက်တယ်။ ပြီးတော့လမ်းကတာမိုး ညွှဲပြည်သူ့စစ်က တရုတ်စစ်သားဦး****ဆိုသူကိုမေးတယ်။ ဒါမျိုးဈေးမှာရောင်းသလားလို့မေးတယ်။ အဲဒီချိန်မှာဘဲမရောင်းဘူးလို့ဖြေတယ်။ ပြီးတော့တရုတ်လူမျိုးဦး****ကိုမေးတယ်။ မင်းသူ့ကိုသိသလားလို့မေးတယ်။ မသိဘူးလို့ဖြေတယ်။ အဲဒါနဲ့ပိုပြီးတော့ ရိုက်တယ်။ ပြီးတော့ဘောင်းဘီ အကုန်လုံးချွတ်ပေးလိုက်ပြီးတော့ တစ်နေ့လုံးလမ်းလျှောက်ရတယ်။ ၉နာရီက နေ၄နာရီထိဟုတ်တယ်။ သူ့အမေကိုတော့ ရွာလူကြီးကိုသွားခေါ် ဆိုပြီးတော့ လွှတ်ပေးလိုက်တယ်။ ရွာလူကြီး တွေရောက်လာမှစကားတွေ ပြောပြီးတော့လွှတ်ပေးလိုက်တယ်။ "ကျွန်တော့်ကိုတော့လေးခွတွေ ဝါခြမ်းတွေနဲ့ ခြေထောက်၊ လက်တွေကိုရိုက်တယ်။ ပြီးတော့ ကျွန်တော် တို့ သားအမိကိုပလပ်စတစ်ထဲထည့်ထားလိုက်တယ်။ ပြီးတော့ကေအိုင်အေတွေကိုတွေ့သလားလို့ မေးတယ်၊ မတွေ့ဘူးလို့ဖြေရင်လည်းရိုက်တယ်။ တာမိုးညွှဲပြည်သူ့စစ်တရုတ်ကိုမေးတယ်။ မင်းသူ့ကိုသိသလား လို့မေး တယ်။ သူကမသိဘူးလို့ဖြေတယ်။ အဲဒါနဲ့ရိုက်တော့တာပဲ။ မနက်၁၀နာရီလောက်မှာ ချောင်းတစ်ခုမှာ ရေနှစ် ထားတယ်။ မင်းတို့ကချင်တွေမင်းတို့ဘုရားတွေကို ယုံကြည်တယ်ဆိုမင်းတို့ဘုရား ကယ်မယ်ဆိုဆိုပြီးတော့ နှစ်ထားတယ်။ ပြီးတော့သူ့ရဲ့ခေါင်းကဒဏ်ရာကိုပြပြီးတော့ ဒီမှာကြည့်မင်းတို့ ကချင်တွေလုပ်ထား တာငါမသေ ဘူး၊ "မင်းတို့ကချင်တွေအမျိုးပြုတ်အောင်လုပ်လိုက်မယ်" လို့ပြောတယ်။နောက်ည (၇) နာရီထိုးမှဘဲလူကြီးတွေနဲ့ တွေ့ပြီးပြန်လွှတ်လိုက်တယ်။"

# ကချင်ပြည်နယ်

## ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇ ( ၁ ) နှင့်ဖမ်းဆီးထိန်းသိမ်းခံရသူများ

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : လဖိုင်ဂမ် |
| အဖအမည် | : လဖိုင်လ |
| မိခင်အမည် | : ဂျေမကိုင် |
| အသက် | : ၅၀ |
| မှတ်ပုံတင်အမှတ် | : ၁၊ မကန (နိုင်) ၁၀၉၄၉၁ |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၃တန်း |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်ရှိ |
| ဇနီး၏အမည် | : လရှီလု |
| သားသမီး | : ၄ ဦး |
| အမြဲနေရပ်လိပ်စာ | : အင်ပေါနိယန်ကျေးရွာ၊ ပိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | : ရွှေစက်နှစ်ခြင်းဒုက္ခသည်စခန်း၊ မြစ်ကြီးနားမြို့ |
| ချိုးဖောက်သူ | : ခလရ (၃၇) |
| ဆက်သွယ်ရမည့်သူ | : လရှီလု |

| | |
|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | : ရွှေစက်နစ်ခြင်းဒုက္ခသည်စခန်း၊ မြစ်ကြီးနားမြို့ |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၆လ၊ ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁)၊ ဖောက်ခွဲ |
| ပြစ်ဒဏ် | : ၂ နှစ်၊ ၅ နှစ် |
| အင်တာဗျူးသည့်နေ့ | : ၁၇ရက်၊ ၈လ၊ ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

လဖိုင်ဂမ်တို့မိသားစုသည် အင်ပေါန်ရွာမှစစ်ရှောင်တိမ်းရန် ရွှေစက်စခန်းသို့ (၁၄.၆.၂၀၁၁) ရက်နေ့တွင် ရောက်ရှိလာပါသည်။ သားသမီးများ၏ ကျောင်းစရိတ်အခက်အခဲကြောင့် သူများ၏နွားကို အခကြေးငွေ ယူကာ တရုတ်ပြည်ဘက်သို့(၉.၆.၂၀၁၂)ရက်နေ့တွင် ဘရန်ယုံ၊ဇော်ဘောက်၊လရိန်တို့နှင့်အတူ ထွက် လာခဲ့ရာ တာလောကြီး ကျေးရွာရှိ ခလရ(၃၇)စစ်ကြောင်းနှင့် တွေ့ကာဖမ်းဆီးခြင်းခံရပါသည်။ ယခုအချိန် တွင် မြစ်ကြီးနားမြို့နယ်တရားရုံးတွင်(၁၉၀၈) မတရားအက်ဥပဒေပုဒ်မ၁၇(၁)အရ တရားစွဲဆိုခြင်း ခံနေဆဲ ဖြစ်ပါသည်။

## လဖိုင်ဂမ်၏ဇနီးလရှိုလုမိုင်ပြောဆိုချက်

"၂၀၀၆ခုနှစ်မှာ ရှမ်းပြည်နယ်ကောင်ရာကနေပြီး ကချင်ပြည်နယ်အင်ပေါင်ကို ပြောင်းရွှေ့လာတာ ဟုတ်တယ်။ ရွှေစက် IDPcamp ကိုတော့ ဇွန်လ၊ ၂၄ရက်၊ ၂၀၁၁ခုနှစ် မှာရောက်တယ်။ အဲဒီမှာရောက်တဲ့အချိန် ကျမယောကျာ်းက ဆေးလိပ်မသောက်ဘူး အရက်မသောက်ဘူး။ ညမပြောနဲ့နေ့လည်တောင် ဘယ်မှမသွား ဘူး။ ဒါပေမယ့်ကျမတို့သမီး ဂျာခေါန်ကို မိုးကုတ်မှာကျောင်းထားတယ်ဆိုတော့ သူ့ရဲ့အဆောင်ခထည့်ရမှာ ကြောင့် တာလောကြီးဘက်ကို သူများတွေရဲ့နွား မောင်းပေးဖို့အတွက် ဇွန်လ (၉)ရက် ၂၀၁၂ ခုနှစ်မှာ ထွက်သွားတာဟုတ်တယ်။ (၁၂)ရက်နေ့မှာ သူ့သူငယ်ချင်းတွေနဲ့ ထမင်းစားနေတဲ့အချိန်မှာ ခ.လ.ရ(၃၇) တွေလာဖမ်းတာဟုတ်တယ်။"

"လောပန်းမနဲ့ဗမာလင်မယား နှစ်ယောက်ကိုတော့ ပိုက်ဆံ(၁၂)သိန်းနဲ့ပြန်လွှတ်ပေးလိုက်တယ်။ သူတို့(၄) ယောက်ကိုတော့ခေါ်သွားတယ်။ မြစ်ကြီးနား စ.ရ.ဖ ရုံးရောက်တဲ့အချိန်ကျတော့ နှိပ်စက် ပြီး သူတို့ကို မြစ်ကြီးနားမှာ ဗုံးခွဲတဲ့သူစစ်ဗိုလ်ဖြစ်တဲ့အကြောင်းတွေကို ဝန်ခံခိုင်းတယ်။ တကယ်လို့များ အဲလိုသာမဝန်ခံ ရင်တော့ သူတို့ကို တာလောကြီးမှာကတည်းက သတ်လိုက်ပြီတဲ့။ ဒီကိုရောက်ဖို့တောင် အကြောင်းမရှိတော့ ဘူးလို့ ကျမကိုပြန်ပြောပြတယ်။ သံလုံးနဲ့ ရိုက်တဲ့အကြောင်းတွေ သေနတ်နဲ့ ရိုက်တဲ့ အကြောင်းတွေ တိုက်ပိတ်တဲ့အကြောင်းတွေကိုတော့ ကျမနဲ့တွေ့မှသူပြန် ပြောပြတယ်။ သူတို့ရိုက်ထားပေး တဲ့ ဒဏ်ရာတွေ ကိုလည်း ဆေးမထည့်ပေးဘူး။ ကျမတို့ဆေးသွားထည့်ပေးချင်တယ် ဆိုရင်လည်း ဗမာ ဆေးဘဲထည့်ပေးလို့ ရတယ်။ အင်္ဂလိပ်ဆေးဆိုရင် ပိုက်ဆံအများကြီးကုန်တယ်။ ဆေးဆရာဝန်ရဲ့ လက် မှတ်လည်းလိုတယ် နောက်ပြီး ထောင်မှာစောင့်တဲ့ ထောင်စောင့်တွေကိုလည်း ပိုက်ဆံကပေးရသေးတယ်။ အပြင်ကို ထွက်မယ် ဆိုလည်း မျက်လုံးကို အဝတ်စအမဲနဲ့ ပိတ်ပေးလိုက်ပြီး ခေါ်သွားတယ်။ သူတို့(၄) ယောက်ကို စစ်မယ်ဆိုရင် ညသန်းခေါင်မှစစ်တယ်။ ကျမရဲ့ ယောကျာ်းက ပြည်သူ့စစ်(K.I.A)တောင်မလုပ် ဖူးဘူး။ ဒီကိုရောက်မှဘဲ K.I.A စစ်သားတွေကို မြင်ဘူးတယ်။"

"အခုဒီလိုခက်ခဲနေတာကြောင့် မိုးကုတ်မှာရှိတဲ့ ကလေးကိုတောင် ကျောင်းနားခိုင်းရမလိုဖြစ်နေပြီ။ ကျမတို့ကို သူဘဲရှာကျွေးနေတယ်ဆိုတော့ အခုလိုမျိုးဖြစ်သွားပြီဆိုတော့ ကျမတို့တော်တော် ခက်ခဲနေတယ်။ အခုရွှေ့နေခပေးထားတာ လည်းအသင်းတော်ကလုပ်ထားတဲ့ ငွေစုငွေချေးကချေးပြီး ပေး ထားတာ ဟုတ်တယ်။ ရွာကအိမ်(အင်ပေါင်)လည်း မီးလောင်သွားပြီဆိုတော့ ရှူးမလိုလိုတောင် ခံစား ရတယ်။ စစ်ပွဲကလည်း ကြာအုန်းမယ်ဆိုတော့ အမှောင်ထဲမှာ နေရသလိုဘဲ။ သူ့ကိုထောင်ထဲ တစ်ခါသွားတွေ့



(၂၀၀၀၀)လောက်ကုန်တယ်။ အခုသွားတွေ့တာက(၇)ကြိမ်ရှိပြီ။ ထောင်ထဲမှာလည်း အိပ် ယာဝယ်ရမယ် ဆိုပြီး ပိုက်ဆံ(၅၀၀၀၀)ပေးရတယ်။ ထောင်မှာအလုပ်မလုပ်ခိုင်းဖို့အတွက် ထောင်မှာစောင့် တဲ့ ထောင် စောင့်ကိုလည်း ပိုက်ဆံကပေးရသေးတယ်။ ပိုက်ဆံမပေးဘူး ဆိုရင်သူတို့ကထောင်မှာရှိတဲ့ အီး ပုန်းတွေကို မခိုင်းတယ်။ နောက်ပြီး အိမ်သာသွားမယ်ဆိုရင် ကော်ဖီမစ်(၁)ထုတ်ပေးပြီးမှဘဲ သွားလို့ရသတဲ့။ အဲဒါ ကြောင့်မို့ အဲလိုမျိုးနေရာမှာတွေ ပိုက်ဆံတော်တော် ကုန်သွားပြီ။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဇခုန်လရိန် |
| အဖအမည် | : ဇခုန်ဒီ |
| မွေးသက္ကရာဇ် | : ၁၇ရက်၊ ၂လ၊ ၁၉၈၅ခုနှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၉တန်း |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်မရှိ |
| အမြဲနေရပ်လိပ်စာ | : ရက်ကွက်(၄)၊ တာလောကြီးကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ် |
| လက်ရှိနေရပ်လိပ်စာ | : ရွှေစက်(IDP Camp) |
| ဆက်သွယ်ရမည့်သူ | : အင်ခွမ်ကော့ |
| ဆက်သွယ်ရမည့်လိပ်စာ | : ရွှေစက်(IDP Camp) |
| ချိုးဖောက်သူ | : ခလရ (၃၇) |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၆လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူသည့်နေ့ | : ၁၇ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဇခုံလရိန်သည် KIA စစ်တပ်ရှိပြန်ကြားရေးရုံးတွင် စာရေးလုပ်ဖူးသူတစ်ဦး ဖြစ်သော် လည်းသွေးအန်သောကြောင့် သူ့ကိုအိမ်ပြန်ခိုင်းခဲ့ပါသည်။ တာလောကြီးကျေးရွာတွင် စစ်ဖြစ်သော ကြောင့်မြစ်ကြီးနားရွှေစက်သို့ စစ်ရှာင်တိမ်းရန် စစ်ရှောင်စခန်းသို့ ရောက်ရှိလာပါသည်။ ငွေရေးကြေးရေး ခက်ခဲမှုကြောင့် ပိုက်ဆံရှာရန် ရွှေစက်စစ်ရှောင်စခန်းတွင် အတူနေထိုင်နေသော လဖိုင်ဂမ်၊ ဘရန်ယုံး၊ ဇော်ဘောက်တို့နှင့်အတူ သူများ၏ နွားကို အခကြေးငွေယူကာ တရုတ်ပြည်ဘက်သို့ နွားမောင်းပေးခဲ့ပါသည်။ မိသားစုစားဝတ်နေရေးအတွက် ဒိုင်ခံပိုက်ဆံရှာဖွေကျွေးမွေးနေသူဖြစ်သည်။ နွားမောင်းသွားစဉ် တာလောကြီးရှိ ခလရ(၃၇)စစ်ကြောင်းနှင့် တွေ့ကာဖမ်းဆီးခြင်းခံခဲ့ရပါသည်။ မြစ်ကြီးနားမြို့နယ် တရားရုံးတွင် (၁၉၀၈) မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁)အရ အမှုရင်ဆိုင်လျက်ရှိပါသည်။

## လရိန်၏မိခင်အင်ခွင်ကော့ပြောဆိုချက်

"လရိန်ကအရင်တုန်းကဆို တောင်ယာလုပ်တယ်။ တစ်ခါတစ်လေကျတော့ ဆင်ဘိုဘက်ကိုလည်း သွားနေတယ်။ K.I.A (အပစ်အခတ်ရပ်စဲရေးကာလ) နဲ့ပတ်သက်လို့တော့ ပြန်ကြားရေးရုံးမှာ စာရေး အလုပ်လုပ်ဖူးတယ်။ ဒါပေမယ့် မလုပ်ချင်လို့ပြန်ထွက်လိုက်ပြီ။ ၁၂ရက်၊ ၆လ၊ ၂၀၁၂ခုနှစ်မှာ တာလောကြီးကနေ နွားသွားမောင်းတဲ့အချိန်မှာ စစ်ကြောင်းနဲ့တိုးပြီးအဖမ်းခံရတာဟုတ်တယ်။ တာလောကြီးမှာဖမ်းထားတုန်းကတော့ မနှိပ်စက်ဘူး စစ်ဆေးမေးမြန်တာ တွေရောမလုပ်ဘူးတဲ့။ အဲက

တာလောပြည်သူ့စစ်တွေဘဲ သူတို့ကိုထည့် လိုက်တာဟုတ်တယ်။ မြစ်ကြီးနားကို ရောက် ပြီးနောက်ပိုင်း စ.ရ.ဖ ရုံးရောက်မှ နှိပ်စက်တာတွေစတင်ပြီး လုပ်တယ်။ တိုက်ပိတ်ပြီးတော့လည်း (၂)ရက် (၂)ညထည့် ထားတယ်။ သံလုံးနဲ့လည်းရိုက်တယ်တဲ့ နောက် ပြီး သေနတ်ဒင်နဲ့လည်းထုပေးတယ်တဲ့။ အိမ်သာသွားမယ်ဆိုရင်လည်း မျက်နှာကိုအဝတ်မဲနဲ့ အုပ်ပေးပြီး သွားခိုင်းတယ်တဲ့။"

"ကျမမှာသားသမီးသုံးယောက်ရှိတယ်။ အဲမှာယောကျာ်းလေးက သူတစ်ယောက်ဘဲပါတယ်။ သူ့ကိုဆိုရင်မျက်စိအောက်ကတောင် အပျောက်မခံနိုင်လောက်အောင်ကိုချစ်တာ။ နောက်ပြီး သူတို့ နှိပ်စက်ထားတာကို သွားမြင်ပြီး စိတ်လည်းမကောင်းဘူး၊ သနားလည်းသနားတယ်။ သတိရလိုက်တိုင်း ခိုးခိုးပြီးငိုမိတာလည်း အကြိမ်ကြိမ်ဘဲ။ ဖျားလို့ ဆေးသွားပေးမယ်ဆိုလည်း အင်္ဂလိပ်ဆေးမပေးခိုင်းဘူး။ ဗမာဆေးနဲ့ကချင်ဆေးဘဲပေးခိုင်းတယ်။ အင်္ဂလိပ်ဆေးပေးချင်တယ်ဆိုရင်တာဝန်ကျဆရာဝန်ရဲ့ လက်မှတ်လိုတယ်။ အဲဒီဆေးလက်မှတ်က ဆေးထက်တောင်ဈေးကြီးတာကြောင့် ဝယ်မထည့်ပေးနိုင်ဘူး။ ရုံးချိန်းတစ်ခါသွားမယ်ဆိုရင် ပိုက်ဆံ(၂၅၀၀၀)လောက်ကကုန်တယ်။ ပြီးတော့ထောင်ထဲမှာ အလုပ်မလုပ်ခိုင်းဖို့အတွက်လည်း ပိုက်ဆံ ကပေးရသေးတယ်။ သူအိပ်ဖို့အိပ်ယာကိုလည်းပိုက်ဆံ (၅၀၀၀၀) နဲ့ဝယ်ရသေးတယ်။ သူတို့ထောင်ထဲ မှာဆိုအပေ့ါတစ်ခါသွားရင် ကော်ဖီမစ် (၁)ထုပ်လည်း ပေးရသေးတယ်။"

"ကျွန်မကိုကျတော့ ကျမသားဘဲရှာကျွေးတာ မိန်းကလေးတွေရှိပေမယ့်လည်း သူတို့က အိမ်ထောင်နဲ့ဆိုတော့ အဲလောက်အားမကိုးရဘူးလေနော်။ အခုသူအဲလိုမျိုးအခြေနေ ဖြစ်သွားပြီဆိုတော့ ကျမကိုဘယ်သူမှ ရှာမကျွေးတော့ဘူး။ ဒါကြောင့်မို့ အခုကျမတော်တော် ဒုက္ခရောက်နေတယ်။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဘရန်ယုံ |
| အဖအမည် | : မရမ်ဂမ် |
| မွေးသက္ကရာဇ် | : ၂၄နှစ်(၁၀.၁၂.၁၉၈၇) |
| မှတ်ပုံတင်အမှတ် | : ၁၊ မကန (နိုင်) ၂၀၇၀၅၂ |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၆ တန်း |
| အလုပ်အကိုင် | : တောင်သူ |
| ဖခင်အမည် | : လထော်ဂမ်ဖန် |
| မိခင်အမည် | : ဖောင်ယန်လု |
| အိမ်ထောင်ရှိ/မရှိ | : အိမ်ထောင်ရှိ |
| ဇနီး၏အမည် | : ဒေါ်ခေါန်နန် |
| အမြဲနေရပ်လိပ်စာ | : ဝိုင်းမော်မြို့နယ်၊ အင်ပေါန်ယန်ကျေးရွာ |
| လက်ရှိနေရပ်လိပ်စာ | : ရွှေစက်နှစ်ခြင်းဒုက္ခသည်စခန်း၊ မြစ်ကြီးနားမြို့ |
| ချိုးဖောက်သူ | : ခလရ (၃၇) |
| ဆက်သွယ်ရမည့်သူ | : ဒေါ်ခေါန်နန် |
| ဆက်သွယ်ရမည့်လိပ်စာ | : ရွှေစက်နှစ်ခြင်းဒုက္ခသည်စခန်း၊ မြစ်ကြီးနားမြို့ |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၆လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : မတရားအသင်းနှင့်ဆက်သွယ်မှုအက်ဥပဒေပုဒ်မ ၁၇(၁)၊ ဖောက်ခွဲမှု |
| ပြစ်ဒဏ် | : ၂နှစ်၊ ၅ နှစ် |
| အင်တာဗျူးသည့်နေ့ | : ၁၇ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |



## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဘရန်ယုံတို့မိသားစုသည် အင်ပေါန်မှအိုးအိမ်စွန့်ကာစစ်ရှောင်တိမ်းရန် မြစ်ကြီးနားမြို့၊ ရွှေစက်နှစ်ခြင်း IDP Camp သို့ ၂၄ရက်၊၆လ၊၂၀၁၁ခုနှစ်တွင် ရောက်ရှိခဲ့ပါသည်။ မိသားစု၏စားဝတ်နေရေး အဆင်ပြေ သော်လည်း သားသမီးများ၏ ကျောင်းစရိတ် လိုအပ်သောကြောင့် ၉ရက်၊ ၆လ၊ ၂၀၁၂ခုနှစ်တွင် ရွှေစက်နှစ်ခြင်း IDP Campမှ တရုတ်ပြည်သို့လိုအပ် သောကြောင့်သူများ၏ နွားမောင်းပေးရန် ထွက်ခွာခဲ့ပါသည်။ ၁၂ရက်၊ ၆လ၊ ၂၀၁၂ ခုနှစ်တွင် တာလောကြီးကျေးရွာ အနီးရှိလယ်ကွင်းတစ်ခုတွင် နွားများအား စားကျက်ချနေစဉ် နွားပိုင်ရှင်(၃)ဦးအပါအဝင် စုစုပေါင်း(၇)ဦးကို ခလရ (၃၇) စစ်ကြောင်းအဖွဲ့မှ ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ သို့ရာတွင်နွားပိုင်ရှင်(၃)ဦးက ထိုစစ်ကြောင်းအဖွဲ့ကို ငွေ(၁၂)သိန်းပေး၍ လွှတ်မြောက်ခဲ့ပါသည်။ ကျန်နေသော(၄)ဦးကို ခလရ(၃၇)မှ ဆက်လက်ထိန်းသိမ်းထားပါသည်။ ယခုအချိန်တွင် ၎င်းတို့(၄)ဦးမှာ မြစ်ကြီးနားမြို့နယ်တရားရုံး၌ ၁၉၀၈ မတရားအသင်းအက်ဥပဒေပုဒ်မ၁၇(၁)အရ တရားစွဲဆိုခြင်းခံနေ ရပါသည်။

## ဇနီးသည်ဒေါ်ခေါ်နန်၏ပြောဆိုချက်

"ကျွန်မတို့မိသားစုတွေက ၂၀၀၆ခုနှစ်မှာ ရှမ်းပြည်နယ်ကောင်ရာကနေ ကချင်ပြည်နယ် အင်ပေါန်သို့ ပြောင်းရွှေ့နေထိုင်ခဲ့တယ်။ အိမ်ထောင်တည်ခါစဆိုတော့ ကလေးတွေလည်းတအား ငယ်သေးတယ် K.I.A စစ်သားလုပ်တယ်ဆိုတာလုံးဝမဟုတ်ပါဘူး။ သူဘဲနေ့စားသွားလိုက်၊ လယ်ထွန် စပါးစိုက်လိုက်နဲ့သူဘဲရုန်းကန်ပြီး မိသားစုကိုရှာဖွေ ကျွေးမွေးနေတာပါ။ ရွာကသူတွေလည်း ကျွန်မတို့မိသားစုတွေ တအားခက်ခဲတာကိုသိတဲ့အတွက် ဘာမှမခိုင်းကြပါဘူး။

လိုင်ဇာမသွားရင် K.I.A စစ်သားဆိုတာလည်း မတွေ့ဖူးပါဘူး။ မြစ်ကြီးနား၊ ရွှေစက် IDP camp ကို၂၄ရက်၊ ဇွန်လ၊ ၂၀၁၁ခုနှစ်မှာရောက်ခဲ့တယ်။ ကလေးသုံးယောက်နဲ့ အခက်အခဲတွေအများကြီးပါဘဲ။ အကြီးဆုံးက(၇)တန်း၊ အလတ်က မူကြိုတက်နေတယ်။ အငယ်ဆုံးက အခုထက်ထိ နို့စို့တုန်းဘဲရှိသေးတယ်။ ကလေးနို့စို့သေးတယ်ဆိုတော့ ကျွန်မလည်း နေ့စားသွားလို့မရတာနဲ့ ပိုက်ဆံတအားခက်ခဲပါတယ်။ ရုံးချိန်းတစ်ခါသွားရင် (၂) သောင်းလောက်ကုန်တယ်။ ကျွန်မပိုက်ဆံတစ်ကျပ်တောင်မရှိဘူး။ အခုဆိုရင် အကြွေးတွေဝိုင်းနေပြီ။

ရုံးချိန်းသွားရင်းနဲ့ သူ့ကိုပြောတယ် "နင် K.I.A စစ်သားတောင်မလုပ်ဖူးဘဲနဲ့ ဘာလို့စစ်သားလုပ်တယ်လို့ပြောလဲ" ဆိုပြီး သူ့ကိုမေးတော့ သူက "အဲဒီလိုမပြောရင် တာလောကြီးမှာတောင်အသက်ပျောက်နိုင်တယ်" ဆိုပြီး ကျွန်မကိုပြန်ပြီးပြောပြတယ်။ သူကျွန်မ ကိုပြန်ပြောပြတာတွေက သူ့တို့ကိုတအားနှိပ်စက်တဲ့အကြောင်း၊ သူတို့ကိုတအားနှိပ်စက်တဲ့အတွက်နားလည်းမကြားရတော့ဘူး။ သူပြောပြတာတွေက သူတို့ကိုတုတ်ချောင်းတွေနဲ့ခေါင်းမှာ ရိုက်ပေးတဲ့အတွက် ခေါင်းမှာသွေးခြောက်တွေနဲ့ ပြီးတော့သေနတ်ဒင်နဲ့ ရိုက်ပေးတယ်။"

"သူတို့ကို (၂)ရက်လောက် တိုက်ပိတ်ထားတယ်။ ထမင်းလာပို့တဲ့အချိန်မှာမှ ဓာတ်မီးနဲ့ ထိုးပြီးထမင်းလာပို့တယ်။ အလေးအပေါ့သွားမယ်ဆိုရင် မျက်စိကိုပိတ်စနဲ့ပိတ်ပြီး အတူခေါ်သွားတယ်။ သူတို့(၄)ယောက်ကို စစ်ဆေးမယ်ဆိုရင် ညသန်းခေါင်ရောက်မှ စစ်ဆေးတယ်။ စ.ရ.ဖ တွေဆီရောက်တော့ ပိုပြီးနှိပ်စက်ခံရတယ်။ စ.ရ.ဖ တွေက နှိပ်စက်ပြီးတော့ ဆေးကုသခွင့်မပေးကြဘူး။ သူတို့ဆေးကုသခွင့်မပေးတဲ့အတွက် အိမ်ကနေဆေးလာပေးရင်လည်း ကချင်ဆေးနဲ့ဗမာဆေးတွေဘဲပေးလို့ရတယ်။ အင်္ဂလိပ်ဆေးပေးမယ်ဆိုရင် သူ့ရဲ့လက်ထဲရောက်ဖို့ပိုက်ဆံ (၈၀၀၀) လောက်ကုန်တယ်။ ထောင်မှာအိပ်ဆောင်ဝယ်ရတယ်။ အိပ်ဆောင်ဝယ်တာက ပျဉ်းပြားနဲ့အိပ်ရတယ်။ ပျဉ်ပြားတစ်ချပ်ရဖို့ (၅၀၀၀၀)ကုန်တယ်။ အိမ်သာတစ်ခေါက်တတ်ဖို့အစောင့်ရဲတွေကို ကော်ဖီမစ်တစ်ထုပ်ပေးရတယ်။ အဲဒါတွေကြောင့် ကျွန်မတို့ပိုက်ဆံ အရမ်းကုန်တယ်။ အရမ်းစိတ်ညစ်တယ် ပြီးတော့ ဘယ်လိုလုပ်ရမလဲမသိဘူး။"

## ဘရန်ယုံး၏အမေဒေါ်ဖော်ယမ်လုပြောဆိုချက်

"ဘရန်ယုံက အသက်ငယ်ငယ်လေးကနေ အိမ်ထောင်ပြုသွားတယ်။ အသက်၁၇နှစ်တောင် မရှိသေးဘူး။ သူအိမ်ထောင်ကျတာ။ အဲဒါကြောင့်သူကမိဘအတွက် ဘာမှတောင် မလုပ်ပေးနိုင်ဘူး။ သူကနေ့စားသွားပြီးပိုက်ဆံရှာတယ်။ ကျောင်းပညာရေ(၆)တန်းထိဘဲတတ်တယ်။ K.I.A စစ်သားတော့ သူတစ်ခါမှမလုပ်ဖူးဘူး။ သူကအလုပ်ကို သဲကြီးမဲကြီးတစ်ခါမှမလုပ်ဖူးဘူး။ တနေ့တနေ့ နေ့စားဘဲသွားပြီး သူ့မိန်းမနဲ့ကလေးတွေကို ရှာကျွေးနေတာ။ မိသားစုတွေအရမ်းခက်ခဲကြတယ်။ အခုဆိုရင်သူ့အဖေလည်းနေမကောင်းဘူး။ သူ့ကိုသွားတွေ့ဖို့ဆိုရင် ပိုက်ဆံကလည်းလိုတယ် ပိုက်ဆံ မရှိတော့သွားမတွေ့နိုင်ဘူး။ သွားတွေ့ရတာက အပတ်တိုင်းဘဲ ပိုက်ဆံမရှိတော့အရမ်းခက်ခဲတယ်။

သူ့ရဲ့ညီမာနော်ရောဖားကန့်သွားပြီ။ သူ့ညီမလေးက အခုမှ(၃)တန်းဘဲရှိသေးတယ်။ ခံစားချက်တွေက ပြောမပြတတ်အောင်ပါဘဲ။ ဘရန်ယုံကိုတော့ ဘာကြောင့် ဖမ်းတယ်ဆိုတာ သူတို့ပြောပြလို့တော့သိရပါတယ်။ သူ့တို့ကတာလောကြီးကနေ တရုတ်ပြည်နယ်စပ်ဘက် နွားရောင်းဖို့ နွားပိုင်ရှင်တွေက သူ့ကိုပိုက်ဆံနဲ့ငှားပြီး နွားသွားပို့တဲ့လမ်းမှာ တပ်မတော်စစ်ကြောင်းနဲ့တွေ့ပြီး နွားတစ်ကောင်ကို ပိုက်ဆံတစ်သိန်းတောင်းတယ်။ အဲဒါကိုသူကနွားသွားပို့ပေးတာ ပိုက်ဆံအဲဒီလောက် မရှိတဲ့အကြောင်းပြောတဲ့အခါ သူ့ကိုဖမ်းသွားတယ်တဲ့။ စစ်ကြောင်းတွေ ဖမ်းသွားကတည်းကနေ သူ့ကိုနှိပ်စက်ကြောင်း သူပြောပြတယ်။ "နင်တို့က K.I.A စစ်သား ဟုတ်တယ်ဆို။" အမျိုးမျိုးပြောပြီး နှိပ်စက်တဲ့အကြောင်း သူပြောပြတယ်။ ပြီးတော့ သူတို့တအားနှိပ်စက်တော့ "သေနတ်လည်း တောမှာဖွက်ထားတယ် မဟုတ်လား" ဆိုပြီး တောမှာသူတို့နဲ့ သေနတ်လိုက်ရှာတယ်တဲ့။ သူကဘာသိမလဲ ပုံးဆိုတာတောင် မတွေ့ဖူးဘူး။

စစ်ကြောင်းတွေ တာလောကြီးမှာ (၂)ပတ် လောက်အရမ်းနှိပ်စက်ပြီးမှ မြစ်ကြီးနား စ.ရ.ဖ တွေဆီကိုပို့တယ်။ သူတို့တာလောကြီးမှာဖမ်းထားတုန်းက ထမင်းလည်းမကျွေး ဘယ်သူမှလည်းလာကျွေးလို့ မရဘူးတဲ့။ သူတို့ကိုဖမ်းပြီးတဲ့နောက်ရက်(၂၀) လောက်က ဘယ်နေရာမှာ ရှာလို့ရမှန်းကိုမသိဘူး။ ဇွေရှနေဦး****က စာတင်ဖို့ပြောလာတယ်။ ဇွေရှနေတွေ စ.ရ.ဖ ရုံးမှာ သူတို့ကိုသွားတွေ့တဲ့အခါ တွေ့ခွင့်မပေးဘဲ ဇွေရှနေ့ကိုမောင်းထုတ်လိုက်တယ်။ ပြီးတော့ဇွေရှနေကကျွန်မကိုပြောတာ သူကစစ်ဘက်ကဗိုလ်ကြီးတစ်ယောက်ကို အကူအညီတောင်းပြီး စုံစမ်းခိုင်းထားတယ်လို့ပြောတယ်။

ကျွန်မလည်းဘယ်မှာ စုံစမ်းရမလဲမသိတော့ ငေးငေးငိုင်ငိုင်နဲ့ ထိုင်နေတုန်း အိမ်နားကသူတွေက နင့်သားမြစ်ကြီးနား ရောက်လာပြီဆိုပြီး ပြောတယ်။ သူတို့အဲဒီလိုပြောပြတာနဲ့ ကျွန်မသားကိုသွားတွေ့ဖို့ ကပြာကရာနဲ့စ.ရ.ဖရုံးသွားတော့ မိုးချုပ်လို့မတွေ့ရတော့ဘူးဆိုပြီး ပြန်သွားခိုင်းတယ်။ နောက်နေ့မနက်မှ ကျွန်မသားနဲ့ထောင်မှာ တွေ့ခွင့်ရတယ်။ အရင်နေ့တုန်းကတော့ ကျွန်မမရှိတုန်း စ.ရ.ဖတွေလာပြီး ဘရန်ယုံးရဲ့အကြောင်းကျွန်မရဲ့ ဆွေမျိုးတွေဆီမှာလာ မေးတယ်တဲ့။ အဲလို့မေးတဲ့အခါ ကျွန်မဆွေမျိုးတွေက "ဟုတ်တယ်" လို့ဖြေလိုက်တယ်တဲ့။ (ငိုလျက်ပြော)

"နောက်နေ့မနက် ထောင်မှာသွားတွေ့တဲ့အခါမှာ ကျွန်မသားရဲ့ခေါင်းတစ်ခြမ်းကွဲနေ တယ်ပြီးတော့ တစ်ခြမ်းကနိမ့်ပြီး တစ်ခြမ်းကမြင့်နေတယ်။ မျက်နှာတွေရော ဖူးယောင်နေပြီး ညိုမဲနေတယ်။ နားရောမကြားတော့ဘူး။ ကျွန်မတို့စကားသွားပြောတာတောင် သူဘာမှ မကြားတော့ တအားအော်ပြောရတယ်။ သူဘာမှမကြားရဘူး။ ခေါင်းဘယ်ဘက်ခြမ်း လည်းကွဲနေတဲ့အတွက် ဖြစ်မယ်။ သူ့ကိုနှိပ်စက်တဲ့အခါ သေနတ်နဲ့နားကိုရိုက်ပေး တယ်တဲ့။ သူရောအိမ်သား တွေစိတ်မကောင်းဖြစ်မှာ စိုးလို့ထင်တယ် ဘာမှသေသေချာချာမပြောပြဘူး။ ကျွန်မချွေးမရောသူ့ကိုတအားအော်ပြောတယ်။ သူ့ကိုအိမ်သားတွေ လိုက်ရှာတဲ့အကြောင်း ဘယ်မှာရှာလည်းမတွေ့တဲ့အကြောင်းပြောတော့ သူက "ဘယ်တွေ့မလဲ ကျွန်တော်တို့ကို မြေအောက်မှာ အမှောင်တိုက် မှာဖမ်းထားတာ" ဆိုပြီးပြောပြတယ်။ သူတို့ကို ညကိုးနာရီလောက်မှာ စ.ရ.ဖတွေက အရက်တအားသောက် ထားပြီး နှိပ်စက်ကြောင်းသူပြောပြတယ်။ သူတို့ကနင်တို့က ကချင်အမျိုးတွေဘဲ ကချင်မနောကကကြ ဆိုပြီး ပြောတယ်တဲ့။ ကျွန်မသားကို အဝတ် အစားတွေအားလုံးချွတ်ပေးခိုင်းပြီး အမျိုးမျိုးနှိပ်စက်ကြတယ်တဲ့။ ဘယ်နှစ်ယောက်ရှိတယ်ဆိုတာတော့



အတိအကျမပြောပြဘူး။"

"စ.ရ.ဖတွေက ညရောက်ပြီဆိုတာနဲ့တော့ အရက်သောက်ပြီး နှိပ်စက်စစ်ဆေးမေးမြန်းတာတွေ စလုပ်လေ့ရှိတဲ့အကြောင်း "နင်တို့K.I.A စစ်သား ဟုတ်တယ်မလား။ နင်တို့ပုံးလိုက်ထောင်တယ်မလား" ဆိုပြီး အမျိုးမျိုး မေးပြီး နှိပ်စက်တဲ့အကြောင်း ပြောပြတယ်။ မဟုတ်ဘူးလို့ဖြေလေ သူတို့ကပိုပြီး နှိပ်စက်တဲ့အကြောင်း၊ သူတို့ကိုနှိပ်စက်တဲ့အချိန်က ကျွန်မတို့ လိုက်ရှာနေတဲ့ အတောအတွင်းဖြစ်ကြောင်း နှိပ်စက်မှုတွေပြုလုပ်ပြီး ထမင်းက(၁၀)နပ်လောက် မကျွေးတဲ့အကြောင်းပြောပြတယ်။ ပြီးတော့ ကျင်စက်တွေနဲ့တို့ပေးကြောင်း သူပြောပြတယ်။ မျက်နှာမှာကော သံပြားကိုမီးကင်ပေးပြီးကပ်ပေးတဲ့အကြောင်း။ ထောင်ထဲက ကျွန်မတို့ဆွေမျိုးတစ်ယောက်က ကျွန်မကိုပြောပြတယ်။

ဘရန်ယုံကိုတော့ သူတို့တအား နှိပ်စက်လိုက်ပြီလို့ပြောပြတယ်။ ဆေးများများ ထောင်ထဲ ပို့ပေးဖို့ပြောတယ်။ ကျွန်မတို့လည်းကချင်ဆေးတွေ အများကြီးထည့်ပေးတယ်။ သူ့အဝတ်အစားတွေ ကိုတောင်သူ့ဖာသာလျှော်လို့မရဘူးတဲ့။ သူများကို လျှော်ခိုင်းရတဲ့အကြောင်း သူပြောပြတယ်။ အခုတော့နားနည်းနည်း ကြားရပြီလို့ပြောတယ်။ တကိုယ်လုံး ညိုမဲနေတယ်။ သူ့ကိုသံချောင်းတွေနဲ့ ရိုက်တဲ့အကြောင်း သူပြောပြတယ်။ အခုတလော ရုံးချိန်း နှစ်ခါလောက်သွားတဲ့အခါဇွေရှနေ ကို ထမင်းစားလို့မရကြောင်းပြောပြတယ်။ ရုံးချိန်းတစ်ခါသွားရင် ပိုက်ဆံ တစ်ခါချေးငှားရတယ်။ ပိုက်ဆံရှာမယ့်သူ ဘယ်သူမှမရှိလို့လေ။ ဟိုတလောကတော့ နေ့စားတွေခေါ်လို့ ကျွန်မသွားတယ်။ အခုတော့ဘယ်သူမှမခေါ်ဘူး။ ပိုက်ဆံဝင်ငွေလည်းမရှိတော့ဘူး။ ကျွန်မသား အဲဒီလို ဖြစ်သွားတော့ သွေးတိုးခဏခဏတိုးတယ်။ အခုပိုက်ဆံအကြွေး ခုနစ်သောင်းလောက်ရှိပြီ။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : မဒိန်ဇော်ဘောက် |
| အဖအမည် | : မဒိန်ခမ်းဆိုင်း |
| မွေးသက္ကရာဇ် | : ၂၃ |
| မှတ်ပုံတင်အမှတ် | : |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၃တန်း |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်မရှိ |
| အမြဲနေရပ်လိပ်စာ | : တာလောကြီး၊မြစ်ကြီးနားမြို့နယ်၊ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | : ရွှေစက်(IDP) camp |
| ဆက်သွယ်ရမည့်သူ | : အင်ဘွေရွှယ်ဂရောင် |
| ဆက်သွယ်ရမည့်လိပ်စာ | : ရွှေစက်(IDP) camp |
| ချိုးဖောက်သူ | : ခလရ (၃၇) |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၅လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : |
| အင်တာဗျူးသည့်နေ့ | : ၁၇ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဇော်ဘောက်သည် ဝိုင်းမော်မြို့နယ်၊ တာလောကြီးကျေးရွာမှ စစ်ရှောင်တိမ်းရန် မြစ်ကြီးနားမြို့သို့ ရောက်ရှိလာပါသည်။ မိသားစု၏စားဝတ်နေရေးခက်ခဲမှုကြောင့် အခကြေးငွေယူကာ သူများ၏နွားကို တရုတ်ပြည်ဘက်သို့မောင်းလာစဉ် တာလောကြီးစစ်တပ် ခ.လ.ရ (၃၇) စစ်ကြောင်းမှ ဖမ်းဆီးခံခဲ့ရပါသည်။

ယခုအချိန် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ၁၉၀၈ မတရားအသင်းအက်ဥပဒေ ၁၇(၁)အရ တရားရင်ဆိုင်နေရပါသည်။

## အင်တာဗျူးဖြေဆိုသူ၏ပြောဆိုချက်

"သူကမဒိန် ကျမကလဘန်ဆိုတော့မိတ်ဆက်လိုက်ရင် တူလေးတော်တယ်လေ။ သူ့အဖေအမေတွေက ဆုံးသွားပြီ။ သူ့ညီမအကြီးနဲ့အငယ်ကိုတော့ သူများကိုပေးလိုက်ပြီ။ အစ်ကိုကတော့စစ်သားလုပ်ပြီး ဆုံးသွားတယ်။ ကျမရဲ့သားသမီးတွေက အရမ်းငယ်သေးတယ်ဆိုတော့ သူ့ကိုအစ်ကိုကြီးတစ်ယောက်လို ကျွေးမွေးစောင့်ရှောက်ထားတယ်။ သူလည်းကျမကိုအမေတစ်ယောက်လို ပြုစုစောင့်ရှောက်တယ်။ ကျမတို့က ရွှေစက်(I.D.P)ကိုမရောက်ခင် ဂျန်မိုင်ကောင့် (I.D.P) မှာသွားနေသေးတယ်။ သူကလယ်မလုပ်ပြီးသေးဘူး ဆိုတော့ ပြန်သွားလုပ်တာဟုတ်တယ်။ လယ်တွေစိုက်ပြီးတဲ့အချိန်မှာသူက ပြန်လာတာဟုတ်တယ်။ ကျမတို့မိသားစုဒီကိုပြန်ပြောင်းလာတော့သူလည်းလိုက်ပြောင်းလာတယ်။

ဒီကိုရောက်တော့ကလေးတွေကျောင်းသွားကျောင်းလာတဲ့ချိန်မှာ ပိုက်ဆံနည်းနည်းကိုင်ရတယ်လေ။ ဒီကကျွေးတာတော့ကျွေးတာပေါ့နော်။ ဒါပေမယ့်ကလေးတွေရဲ့ မုန့်ဖိုး လိုတာကြောင့် သူလည်းနွားမောင်းမဲ့အဖွဲ့မှာလိုက်သွားတာဟုတ်တယ်။ မေလမှာဘဲ နွားသွားမောင်းတာက (၂၃) ကြိမ်လောက်ရှိသွားတဲ့အချိန်မှာဖြစ်သွားတာဟုတ်တယ်။ မေလမှာဖမ်းမိသွားတာ ဟုတ်တယ်။သူကကျမတို့နဲ့အတူမနေတဲ့အချိန်မှာ တာလောကြီးကသူ့ဆွေမျိုးတွေမှာနေပြီး နောက်မှကျမတို့နဲ့လာနေတာဟုတ်တယ်။ အခုတော့သူ့အသက်က(၂၃)နှစ်ရှိပြီ။ ဒီနေ့အချိန်ထိ သူက (K.I.A)စစ်သား လည်းမလုပ်ဖူးဘူး။

သူတာလောမှာအဖမ်းခံရတုန်းကလည်း ရိုက်သတဲ့။ သူ့ကိုဟိုကလား လို့မေးပြီးရိုက်သတဲ့။ အဲချိန်မှာသူက ခေါင်းမူးပြီးသတိလစ်သွားတယ်လို့ပြောတယ်။ ဒီကိုရောက်တဲ့ အချိန် မှာတော့ သူတို့ကိုတိုက်ပိတ်ထားပြီး တစ်ယောက်ပြီးတစ်ယောက်ကို ထုတ်ပြီးရိုက်မေးတာတဲ့။ အဲဒါကြောင့် ကိုယ်တွေအကုန်နာကုန်ပြီး ကျမတို့ကိုဆေးမှာတယ်။ အခုလည်းသူက နားသိပ်မကြားဘူးလို့ပြောတယ်။ ခေါင်းမှာရိုက်ပေးတာက သူတို့ရဲ့သေနတ်ဒင်နဲ့ရိုက်ပေးတယ်တဲ့။ သူတို့ကိုကျတော့ ကျမတို့ကအပြင်ကဟင်းသီးဟင်းရွက်တွေဝယ်ပြီး ပို့ပေးရတယ်။ သူတို့လည်းထောင်ထဲမှာ ထမင်းချက်တွေကိုပေးပြီး ပြန်ချက်ခိုင်းသတဲ့။ ဟိုတစ်ခေါက်တုန်းက ကျမတို့သွားတွေ့တဲ့အချိန်မှာ သူကျမတို့ကိုတွေ့ တော့ငိုနေတယ်။ သူက ကျမတို့ဆီမှာနေတာ(၂)နှစ်လောက် ရှိပြီဆိုတော့ မိခင်တစ်ယောက်လိုဘဲ စိတ်ကပ်တယ်လေနော်။ သူလည်းကျမကို တွေ့တော့လိုအပ်တာတွေကိုမှာတယ်။

ဟိုတစ်ခါသူ့ကို ထောင်ဝင်စာသွားတွေ့တုန်းကဆို (၂၅,၀၀၀) လောက်ကုန်တဲ့ အချိန်လည်းရှိတယ်။ တစ်ခါတစ်လေကျတော့ (၁၅,၀၀၀) တစ်ခါတစ်လေကျတော့(၃၀,၀၀၀) လောက်ကုန်တယ်။ ရုံးထုတ်တဲ့နေ့တွေမှာဆို(၁၀,၀၀၀) လောက်ဘဲကုန်တယ်။ သူကကျမတို့ အိမ်ထောင်စု မှာလည်းမပါဘူး။ ဒါကြောင့်မို့သူ့ကိုသွားတွေ့ရတာ တော်တော်ခက်တယ်။ အဲဒါကြောင့်မို့ ကျမတို့က ကိုယ်တိုင်မသွားနိုင်တော့ သူများကိုပစ္စည်းတွေ ပါးလိုက်တဲ့အချိန်မှာသူကအကုန်မရတော့ဘူး။ ကျမတို့ကဒီကနေ အသား၁ပိဿာ ပေးလိုက်ရင်သူက ပိဿာဝက်တောင်မရဘူး။ ဒါကြောင့်မို့ သူက "ထောင်ဝင်စာလည်း လာမတွေ့နဲ့တော့ ရုံးထုတ်တဲ့နေ့ရောက်မှ ဟင်းတွေလာပို့တော့" လို့ပြောတယ်။

ဟိုမှာက ဝင်ရခက်တာကြောင့် မလာနဲ့လို့ပြောတာဟုတ်တယ်။ သူများတွေအတွက်ဘဲဖြစ်ဖြစ်သွားတယ်။ အစတုန်းကကျမတို့လည်းမသိဘူး (၂)ခေါက် (၃)ခေါက်လောက်မှ ကျမတို့ပို့ထားတဲ့ပစ္စည်းရသလားလို့မေးတဲ့ အချိန်ရောက်မှသိတာ။ အခုကုန်သွားတဲ့ပိုက်ဆံက(၂)၊ သိန်း(၃)သိန်းလောက်ရှိပြီ။ ကျမလည်းကောင်းကောင်း မမှတ်မိတော့ဘူး။ ဟိုတစ်ခေါက်တုန်းက သူဖျားတယ်ဆိုပြီး ပိုက်ဆံတောင်ပေးလိုက်သေးတယ်။ ဆေးထိုးရင်လည်း ပိုက်ဆံပေးရတယ်။ တစ်ခါထိုးရင် (၅၀၀၀) လောက်ပေးရတယ်။ အခုသူမရှိရင်တော့ အိမ်မှာခက်ခဲတာတွေလည်းအများကြီး ရှိတာပေါ့နော်။ အခုတော့ ကျမသားတွေကလည်းကျောင်းသွားရ ကလေးတွေကိုလည်းကြည့်ရတယ်ဆိုတော့ ပိုက်ဆံ လည်းရှာလို့မရတော့ဘူး။ အခုက သူ့ကိုလည်းထောင်ဝင်စာသွားတွေ့ရ



ကလေးတွေလည်းတစ်ခါတစ်လေဖျားရင် ဆေးဝါးတွေလည်းဝယ်ရမယ်ဆိုတော့ ပိုက်ဆံလိုတယ်။ ခက်ခဲတာတော့ အရမ်းကိုခက်ခဲနေတယ်။ ဆေးကတော့ ဟိုတစ်ခေါက်ယားနာဖြစ်တုန်းကတော့ ထည့်ထားပေးတယ်။ နောက်ပြီးကချင်ဆေးလည်းထည့်ထားပေးတယ်။ အင်္ဂလိပ်ဆေးထည့်ပေးချင်တယ်ဆိုရင်တော့ ဆရာဝန်ရဲ့လက်မှတ်လည်းလိုတယ်။ ဆေးက (၂၀၀၀) ဖိုးလောက်ဆိုရင် ဆရာဝန်ကိုပေးရတာက (၇၀၀၀) လောက်ပေးရတယ်။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဒရောင်တန်ဂွန်းနှင့် ကာဒူဂျာဒင့် |
| မွေးသက္ကရာဇ် | : ၅၃နှစ်၊ ၅၂ နှစ် |
| ကျား\မ | : ကျား၊ မ |
| အမြဲနေရပ်လိပ်စာ | : သီတာ၊မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | : တပ်ကုန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၁၃ ရက်. ၁၁ လ. ၂၀၁၁ ခုနှစ် |
| ဖမ်းဆီးသူ | : မိုးညှင်းရဲစခန်း |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : |
| အင်တာဗျူးသည့်နေ့ | :၂၆ ရက်. ၉ လ. ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဒရောင်တန်ဂွန်းသည် သူ၏နေအိမ်တွင် မိဘမဲ့ကလေး (၄၀) ကျော်နှင့်အတူ ရိုးရာတူရိယာနှင့်ဘင်ခရာကိုလိုက် လံတီးခတ်ပေးသော အဖွဲ့ဖြစ်ပါသည်။ ၁၃ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ်တွင် သူ၏နေအိမ်တွင်ပေါက်ကွဲမှုဖြစ်ပွားခဲ့ပါသည်။ ထိုအချိန်တွင် ဦးဒရောင်တန်ဂွန်းသည် အသင်းတော်မှ သင်းအုပ်ဆရာနှင့်အတူ နန့်စီးအောင်သို့ရောက်ရှိ နေချိန်လည်းဖြစ်ပါသည်။ နန့်စီးအောင်မှအပြန်တွင် မိုးညှင်းရဲစခန်းမှဖမ်းဆီးကာ မြစ်ကြီးနားသို့ပို့ဆောင်ခဲ့ပါသည်။သူ၏ဇနီးမှာလည်းပေါက်ကွဲမှုဖြစ်စဉ်တွင်ခြေဖနောက်ဒဏ်ရာရရှိခဲ့ပါသည်။

ထိုပေါက်ကွဲမှုတွင် ၎င်းတို့၏ သား(၂) ယောက်နှင့်အတူမိဘမဲ့ကလေး အပါအဝင်စုစုပေါင်း (၁၁) ယောက် သေဆုံးခဲ့ပါသည်။ ဆေးရုံရောက်သော်လည်း ဆေးကုသမှုမခံရဘဲ တစ်ညလုံး စ.ရ.ဖ များကစစ်ဆေးမေးမြန်းခဲ့ပါသည်။ ယခုအချိန်တွင်ဒရောင်တန်ဂွန်းတို့ဇနီး မောင်နှံသည် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် K.I.A နှင့်ဆက်သွယ်မှု၊ ပေါက်ကွဲမှု၊ ထိန်ချန်ထားမှု၊ မီးလောင်မှု၊ လူသေစေမှုနှင့် ထိခိုက်နာကျင်စေမှုတို့ဖြင့် ရုံးတင်စစ်ဆေးခြင်းကိုခံနေရသည်မှာ တစ်နှစ်ကျော်ရှိသွားပြီဖြစ်ပါသည်။

## ဒရောင်တန်ဂွန်းနှင့် ကာဒူဂျာဒင်တို့၏သမီးလုလုမိုင်ပြောဆိုချက်

ည ၈း၁၅ မှာပုံးပေါက်တာနဲ့ ကျွန်မကကလေးတွေနဲ့ ဆေးရုံကိုရောက်သွားပြီ၊ ကျွန်မတို့အိမ်မှာက မိဘမဲ့ကလေး တွေကိုခေါ်နေထားတယ်ဆိုတော့ ကလေးတွေကအများကြီးဘဲ။ အမေနဲ့တော့မတွေ့လိုက်ဘူး၊ ဒါပေမဲ့ဘာဖြစ်သွားလဲဆို တာတော့ကြားလိုက်တယ်။ အဖေက အဲဒီချိန်မှာ ခရီးထွက်နေတယ်။ နောက်တော့ အမေ၊ အမ၊ ဦးမောင်(အမ ယောကျာ်း)၊ လောဒ်အောင်(အမ၏သား) တွေနောက်ကလိုက်လာတယ်။ အမေ့ကိုတော့ ဆေးရုံရောက်တာနဲ့ ခြေထောက်ကျိုးသွားတယ်ဆိုတော့ ကျောက်ပတ်တီးစည်းပေးမလို့နဲ့ ရဲတွေက တခြားအခန်းကိုခေါ်သွားတယ်။ အမနဲ့ ဦးမောင်ကိုလည်းအခန်း သတ်သတ်ခွဲပေးလိုက်တယ်။ နောက်နေ့မနက်ကျတော့ ကျွန်မကိုပုံးပေါက်တဲ့နေရာကို ခေါ်သွားပြီး တစ်စစီဖြစ်နေတဲ့အလောင်းကိုကြည့်ပြီးဘယ်သူဖြစ်မလဲဆိုတာ ကြည့်ခိုင်းပြီးရွေးခိုင်းတယ်။ ကျွန်မဘဲ ဒဏ်ရာမရဘူးဆိုတော့ကျွန်မကို

ရွေးခိုင်းတယ်။

ကျွန်မက အဲဒီအလောင်းတွေကိုတွေ့တာနဲ့တစ်ခါထဲမေ့သွားတယ် (ငိုလျက်)။ ဆေးရုံကို တစ်ခါပြန်သွားရင်ခွဲရုံမှာဘဲ တစ်ခါပြန်သွားရွေးရတယ်။ ဆယ်ယောက်ကျော်သေသွားတယ်။ အစ်ကိုကြီးနဲ့ညီငယ်က ဗုံးပေါက်တဲ့နေရာမှာပါသွားတယ်။ ယောင်းမ(အစ်ကိုကြီးမိန်းမ)နဲ့ ဦးမောင်ကိုတော့ သီးသန့်ခန်းထဲမှာ တစ်ပတ်ထားထားတယ်။ ယောင်းမကိုတော့ ပြန်လွှတ်ပေးတယ်။ ဦးမောင်ကိုတော့ ပြန်မလွှတ်ပေးတော့ဘူး။ အမေ့ကိုလည်းဒီလိုဘဲ ခြေထောက်ကျိုး လျက်ခေါ်သွားတယ်။ ကျွန်မတို့လည်းအစတုန်းကတော့ ကျွန်မတို့ အသင်းတော် (လွတ်လပ်သောတိုင်းရင်းခရစ်ယာန်)က ပေးထားတဲ့ဟောခန်းမှာနေတယ်။ အစ်မကလည်းခါးရိုးကျိုးသွားတယ်ဆိုတော့ တစ်လကြာမှဘဲဆေးရုံက ဆင်းလာတယ်။ ကျွန်မတစ်ယောက်ထဲဘဲကျန်တယ်။

ကလေးဆယ်ယောက်ကျော်ကိုကြည့်ရတဲ့အခါမှာ တော့ရှူးမလိုလိုတောင်ခံစားရတယ်။ ကျွန်မတို့ကိုလည်းခဏခဏလာခေါ်စစ်တယ်။ အစဗုံးပေါက်တုန်းက ဆိုရင်ကျွန်မတို့က အမေ့ကိုဖမ်းသွားပြီဆိုတော့ အဖေစိတ်ပူနေလိမ့်မယ်ဆိုပြီး အကြောင်း တောင်မကြားဘူး။ ဒါပေမယ့်နောက်တော့အဖေ့ကိုလည်း ပြန်ဖမ်းသွားပြီဆိုပြီး သတင်းပြန်ကြားရတယ်။ တစ်လလောက် တောင်မတွေ့ရဘူး။ စစ်သားတွေကတော့ မင်းရဲ့အဖေဘာမှမဖြစ်ဘူးလို့တော့လာပြောတယ်။ သူတို့ကိုဖမ်း သွားတာ ကျွန်မတောင်မသိလိုက်ဘူး။ ကျွန်မကတော့ အစ်မရဲ့သားလောဒ်အောင်ကိုဘဲ ကြည့်နေရတယ်။ သူလည်း အဖေကမရှိ အဖွားလည်းမရှိ အမေကလည်းခါးရိုးပြန်ကျိုး သူတစ်ယောက်ထဲအဖေနဲ့အဖွားကို သတိရပြီးငိုဘဲငိုတော့တာဘဲ။ ကျွန်မကသူ့ကိုကြည့်ပြီး အရမ်းသနားတာဘဲ ပြောတောင် မပြောတတ်အောင်ဘဲ။ ဘယ်လိုခံစားရလဲဆိုတော့ ပြောတောင်မပြောတတ်တော့ဘူး။ အမေ့ကိုဘဲ ကျွန်မနံဘေးမှာ လာထားမယ်ဆိုရင်အရမ်းကောင်းမှာဘဲ။ အမေ့ကိုကျန်းမာနေတဲ့အချိန်လာဖမ်းတယ်ဆိုရင်အဲလောက်စိတ်ပူမှာမဟုတ်ဘူး။သားနှစ်ယောက်ဆုံးရှုံးနေရတဲ့အချိန်မှာ လာဖမ်းတယ်ဆိုတော့ သူ့အတွက်ရောအရမ်း စိတ်မကောင်းဘူး။

ရုံးချိန်းတစ်ခါသွားရင်တော့ ကျပ်လေးသောင်း (၄၀၀၀၀) ကျပ်ကုန်တယ်။ အဲတာကိုတော့ဘုရားကျောင်းကပေးတယ်။ အားလုံးပေါင်းရင်တော့ သိန်း(၃၀) ကျော်လောက်ရှိတော့မယ်ထင်တယ်။ သူတို့သည်အမှုမှာ ပါသွားတာကအားလုံး (၆)ယောက် ဟုတ်တာကြောင့်မို့ ပိုက်ဆံအရမ်းကုန်တယ်။ ရှေ့နေကတော့ ဒေါ်ဒွဲဘူဟုတ်တယ်။ အခုသူတို့ကိုတော့ ပေါက်ကွဲ-၃ လူသေစေမှု၊ မီးလောင်မှု၊ ထိခိုက်နစ်နာစေမှုဆိုတဲ့အမှု (၄)ခုနဲ့ တရားစွဲထားတယ်။ အဖေ့ကိုတော့ ညွှန်ကြားသူလို့ပြောတယ်။ ကျွန်မကအစကတော့ အိမ်ရှင်ဖြစ်လို့ ပြောတယ်ထင်နေတာ။ နောက်တော့ ဘာကြောင့်မှန်းကို မသိတော့ဘူး။ ၂၀၀၈-၂၀၀၉ လောက်တုန်းက အဖေကဘင်ခရာအဖွဲ့နဲ့ K.I.A တွေပွဲလုပပြီဆိုရင် သွားတီးပေးတယ်ဆိုတော့ သူတို့နဲ့တစ်ဖွဲ့ထဲလို့ ပြောထား တယ်။”

## ဒရောင်တန်ဂွန်းနှင့်ကာဒူထုရော်၏သမီးကြီးဒရောင်ခေါန်ဘူပြောဆိုချက်

“ကျွန်မကသမီးကြီးဟုတ်တယ်။ အဖေ့နာမည်ကဒရောင်တန်ဂွန်း အသက်က(၅၃)နှစ်၊ အမေ့နာမည်က ကာဒူထုရော် အသက်က(၅၂)။ ကျွန်မတို့ညီအစ်ကိုမောင်နှမ အားလုံး(၅ယောက် ရှိတယ်။ သားကြီးနဲ့သားငယ်က အဲဒီနေ့ဗုံးကွဲတဲ့နေ့မှာဘဲ ဗုံးထဲမှာပါသွားပြီ။ ဒုတိယသားကတော့ အခုမလေးရှားမှာ ရောက်နေတယ်။ သူလည်းအိမ်မှာ သည်လိုဖြစ် တယ်ဆိုတဲ့သတင်းကြားတာနဲ့ ရူးခါနီးတောင်ဖြစ်တယ်လို့ကြားတယ်။ အခုထောင်မှာတော့ အဖေ၊ အမေနဲ့ကျွန်မ ယောကျာ်း သန်းထိုက်အောင်တို့ရှိနေတယ်။ ကျွန်မတို့အိမ်မှာ စစ်ပြေးအနေနဲ့လာရောက် ခိုလှုံနေတဲ့ ဦးဘရန်ရာလည်းဟုတ်တယ်။ ၁၃ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် ညနေ ၈း၃၀ လောက်မှာဗုံးကွဲတာဟုတ်တယ်။

ခါတိုင်းညဆိုမီးမလာဘူးလေ။ အဲဒီညက မီးလာတယ်ဆိုတော့ ကျွန်မနဲ့အမေက TV ကြည့်နေတယ်။ အဲဒီချိန်မှာ အသံအကျယ်ကြီးထမြည်လာတယ်။ ကျွန်မစိတ်ထဲမှာတော့ ဆိုင်ကယ်ဘီးပေါက်လို့ မြည်းတဲ့အသံလို့ဘဲစိတ်ကထင်နေတာ။ နောက်ပြီးထလာ တဲ့အချိန်မှာ တော့ အပေါ်ကမျက်နာကျက်ကျလာပြီး ကျွန်မပြန်မေ့သွားတယ်။ ကျွန်မပြန်သတိရလာတဲ့အချိန်မှာတော့ အမေက မာခေါန်ထ၊ မာခေါန် ထထလို့ပြောပြီးလှုပ်နိုးနေတာကို ကြားရတယ်။ အမေကျွန်မကိုနိုးရင်လဲကျွန်မ ခါးက



တစ်အားနာလို့ထလို့မရဘူး။ ကျွန်မအိမ်အောက်ကိုကြည့်လိုက်တဲ့ အခါမှာတော့ ကျွန်မယောကျာ်းကို တွေ့လိုက်တော့ ကျွန်မလမ်းလျှောက်လို့မရတော့ဘူး။ ကျွန်မနဲ့ ကျွန်မအမေကိုလာခေါ်ပါအုံး လို့ပြောလိုက်တယ်။ အဲချိန်မှာသူက ကျွန်မသားကို အိမ်ရှေ့မှာ သွားချထားပြီ အမေကကျွန်မကို အိမ်ပေါ်ကချပေး သူကအောက်ကနေ ပြန်သယ်ယူပြီး အောက်ဆင်းလို့ရသွားတယ်။

အဲကနေပြီးသုံးဘီးနဲ့ ဆေးရုံကို သွားလိုက်တယ်။ ကျွန်မခါးကကျိုးသွားတယ်။ အဲကစပြီး အမေနဲ့ အိမ်သားတွေကို မတွေ့တော့ဘူး။ ကျွန်မပြန်ကြားတာက အဲဒီညမှာဘဲ အမေ့ကို စ.ရ.ဖ တွေလာခေါ်သွားတယ်လို့ကြားတယ်။ အမေကခြေမျက်စိမှာနာသွားတယ်။ အမေ့ကိုတော့အိပ်လည်းမအိပ်ခိုင်း ဘဲနဲ့ တစ်ညလုံးစစ်တယ်လို့ပြောတယ်။ ကျွန်မတို့ကအိမ်သားတွေ အဲဒီလိုသေသွားတယ်ဆိုတာလည်း မသိဘူးလေ။ သူတို့တွေအဲဒီ ပုံတွေပြတာကြောင့်မို့ကိုယ်လည်းနာတယ် စိတ်လည်းမကောင်းဘူး ငိုချည်းဘဲ ငိုနေတော့တယ်။

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဘရန်ရာ |
| အသက် | : ၄၅ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်ရှိ |
| ဇနီး၏အမည် | : ဒေါ်လုမိုင် |
| အမြဲနေရပ်လိပ်စာ | : ဂါရာယန်၊ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ် |
| လက်ရှိနေရပ်လိပ်စာ | : RC မိုင်းနား IDP Camp |
| အဖမ်းခံရသည့်နေ့ရက် | : ၁၃.၁၁.၂၀၁၁ |
| တရားရုံးအမည် | : မြစ်ကြီးနားနယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၃၀ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဘရန်ရာသည် ဂါးရာယန်တွင်နေထိုင်ပြီး KIA နှင့် တပ်မတော်တို့စစ်ဖြစ်ပွားမှုသည် ၎င်းနေထိုင်ရာ ရွာသို့ ရောက်ရှိလာခဲ့ပါသည်။ ထို့ကြောင့်စစ်ရှောင်တိမ်းရန် မိသားစုနှင့်တကွ မြစ်ကြီးနားသို့ ရောက်ရှိလာခဲ့ပါသည်။ သမီးကြီးကို ဒယောင်တန်ဂွန်း၏နေအိမ်တွင် အပ်နှံထားသည့်အတွက် သမီးကြီးနှင့်တွေ့ဆုံ ရန်ဒယောင်တန်ဂွန်း၏နေအိမ်သို့ မိသားစုနှင့်တကွ တစ်ပတ်ခန့်လာရောက်နေထိုင်ခဲ့ပါသည်။ ထိုသို့နေထိုင်နေစဉ် ဒယောင်တန်ဂွန်း၏ နေအိမ်သည် (၁၃ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ်) တွင် ပေါက်ကွဲမှုဖြစ်ပွားပြီးနောက် ဦးဘရန်ရာကိုလည်း ထိုပေါက်ကွဲမှုနှင့် ပတ်သတ်၍ စစ်ဘက် ဆိုင်ရာအထူးစုံစမ်းစစ်ဆေးရေးအဖွဲ့ စ.ရ.ဖ တပ်ဖွဲ့ဝင်နှစ်ဦးမှ နောက်နေ့နံနက်တွင် ဒဏ်ရာရရှိ၍ ဆေးကုသမှုခံယူရန် ဆေးရုံရောက်နေသော ဘရန်ရာအား ဖမ်းဆီးခေါ်ဆောင်သွားခဲ့ပါသည်။ ယခုအချိန်တွင် မြစ်ကြီးနားမြို့နယ် တရားရုံးတွင် အမှုရင်ဆိုင်နေရဆဲဖြစ်ပါသည်။

## ဦးဘရန်ရာ၏ဇနီးဒေါ်လုမိုင်ပြောဆိုချက်

ကျွန်မတို့ရွာဂါးရာယန်မှာ အစိုးရစစ်သားတွေနဲ့ KIA တွေစစ်ဖြစ်ကြတယ်။ အဲဒါကြောင့်ကျွန်မတို့ မိသားစုတွေအိမ်ကပစ္စည်းတွေဘာမှမပါဘဲ မြစ်ကြီးနားမှာစစ်ရှောင်ဖို့အတွက် နိုဝင်ဘာလမှာ ပြေးလာခဲ့တယ်။ ဒယောင်တန်ဂွန်း နေအိမ် မှာ ကျွန်မတို့သမီးကြီးကိုထားထားတဲ့အတွက် သူ့ကို

သွားတွေ့ရင်းနဲ့ ဒယောင်တန်ဂွန်းရဲ့အိမ်မှာ ခဏသွားနေဖြစ်တယ်။ ၁၃.၁၁.၂၀၁၁ ည ၈း၃၀ အချိန်မှာ အိမ်ပေါက်ကွဲသွားတယ်။ ခဏလေး"မိုက်ခနဲ"ဘဲခံစားလိုက်ရတယ်။ ကျွန်မဘာမှမသိတော့ဘူး။ ကျွန်မ သတိရလာတဲ့အချိန်မှာ ခါးအောက်ပိုင်းက လှုပ်ရှားလို့မရတော့ဘူး။ အဲဒီအချိန်မှာ မီးသတ်သမား၊ ရဲတွေ ပြီးတော့တခြားအရာရှိတွေအားလုံး ရောက်နေကြပြီ။ ဒဏ်ရာရတဲ့သူတွေကို သုံးဘီးပေါ်တင်ကြတယ်။

ကျွန်မလည်းသုံးဘီးပေါ် ကျွန်မသမီးအကြီးနဲ့အတူ ဆေးရုံကြီးရောက်သွားတယ်။ သမီးကြီးက ရင်ဘတ်မှာထိသွားတယ်။ ဒဏ်ရာသိပ်မပြင်းပေမဲ့သွေးအန်တယ်။ ကျွန်မကခါးရိုးကျိုးသွားတယ်။ သူရောဒဏ်ရာရသွားတယ်လို့ ကျွန်မကြားတယ်။ နောက်နေ့မနက်မှာဘဲသူ့ကို စ.ရ.ဖ (၂) ယောက်သူ့ကိုလက်တဖက်စီဆွဲပြီး ခေါ်သွားကြတယ်။ အဲဒီအချိန်ကနေ ကျွန်မတို့တွေလည်း နေအိမ်အကျယ်ချုပ်ကျသွားတယ်။ နေကောင်းပြီး ဆေးရုံကဆင်းပြီး သူ့အကြောင်းစုံစမ်းလို့လည်းမရဘူး။ ကျွန်မတို့တွေဘယ်နေရာမှသွားခွင့်မရှိပါဘူး။ နောက်ပိုင်းသူနဲ့တွေ့ရတာက သူ့ကိုဖမ်းခေါ်သွားပြီး(၁)လနဲ့(၁၅) ရက်ကြာမှ ကျွန်မတို့တေဖြစ်ကြတယ်။ သူကျွန်မကိုပြောပြတာကသူ့ကို ဖမ်းပြီးတာနဲ့ သီးသန့်ထောင်မှာ သူ့ကိုပြောင်းပြန်ချိတ်ဆွဲထားပြီး တုတ်နဲ့ရိုက်တယ်။ ကျောက်စရစ်ခဲတွေကို တန်းစီထားတဲ့နေရာမှာ ဒူးထောက်ခိုင်းတာတွေ အမျိုးမျိုးနှိပ်စက်မှုတွေပြုလုပ်တဲ့အကြောင်း ကျွန်မကိုပြောပြပါတယ်။ ကျွန်မလည်း ရှူးမတတ်ပါဘဲ။ ကျွန်မသမီးအငယ် (၅)နှစ် သူလည်းအဲဒီည ပွဲချင်းပြီးဆုံးသွားတယ်။ ကျွန်မယောကျ်ားကို လည်းဖမ်းသွားတယ်။ အခုသမီးကြီးက (၄)တန်းရောက်နေပြီ။

အိမ်ကလိုအပ်တာတွေအားလုံး ကျွန်မဘဲရှာရတယ်။ သူမရှိတော့ သူ့နေရာကို ကျွန်မဝင်ပြီးလုပ်နေရတယ်။ အိမ်ရဲ့ကိစ္စရော၊ သူရဲ့ရုံးချိန်း၊ ထောင်ဝင်စာတွေ့ဖို့လိုအပ်တဲ့ ပိုက်ဆံတွေကို ကျွန်မ နေ့စားအလုပ်လုပ်ပြီး သွားတယ်။ ကျွန်မရောခါးထိထားတယ်ဆိုတော့ အလုပ်သိပ်မလုပ်နိုင်ဘူး။ ကျွန်မလည်းပညာမတတ်ဘူးဆိုတော့ တရားရုံးကိစ္စလည်းဘာမှ နားမလည်းဘူးဆိုတော့ ဦးဇော်လွမ်း သူဘဲတာဝန်ယူဖြေရှင်းပေးနေတယ်။ ကျွန်မယောကျ်ားက K.I.A/K.I.O တွေနဲ့ရော ဘာအဆက်အသွယ် မှမရှိပါဘူး။ ရိုးရိုးသားသားနဲ့လယ်လုပ်ပြီး ကျွန်မတို့သားအမိတွေကို လုပ်ကျွေးနေတာပါ။ စစ်ဖြစ်လို့ရွာကနေ ထွက်ပြေးလာကြတာပါ။ သူကျန်းမာရေးလည်း သိပ်မကောင်းဘူး။ အဲဒါကြောင့်KIAရောမကြိုက်ဘူး။ ရွာမှာဘဲ မိသားစုနဲ့လယ်လုပ်ပြီး နေထိုင်နေတာပါ။ "ပုံးမပြောနဲ့ဆိုင်ကယ်တောင်မပြင်တတ်ဘူး"။ ရုံးချိန်းတစ်ခါသွားရင် အနည်းဆုံးသုံးသောင်း လောက်ကုန်တယ်။ အသွားအပြန်သုံးဘီးခ၊ သူမှာလိုက်တဲ့စားစရာတွေ ထောင်မှာကောက်တဲ့ပိုက်ဆံတွေအားလုံးပါတယ်။တစ်ခါတစ်ရံ(၅)သောင်းလောက်ကုန်တယ်။ထောင်ဝင်စာ တစ်ခါသွားရင် (၂)သောင်း လောက်ကုန်တယ်။ စုစုပေါင်းကျွန်မကုန်ကျတာက (၄၊ ၅)သိန်းလောက်ကုန်ပြီ။ အိမ်မှာအလုပ်လုပ်မဲ့သူ ဘယ်သူမှမရှိတော့ ကျွန်မဘဲ ကျန်းမာရေးမကောင်းလည်းလုပ်နေရတယ်။ အဓိကတော့သူ့အတွက်ပါ အိမ်ကသူတွေကတော့ ဘာစားစားကိစ္စမရှိပါဘူး။ သူကကျန်းမာရေးမကောင်း ဘူးဆိုတော့ဆေးဝယ်ပေးရတယ်။ သူ့အတွက်ဘဲစိုးရိမ်တယ်။ သူကဘာအပြစ်မှမရှိပါဘူး။

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဦးဒေါင်လွမ်း |
| အသက် | : ၄၀ကျော် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : စတားတည်းခိုခန်းမန်နေဂျာ |
| ဇနီးအမည် | : ဒေါ်နန်ရွှေနန်ဘဲ |
| အမြဲနေရပ်လိပ်စာ | : အမှတ်(၄၇) ကျွန်းပင်သာရပ်ကွက်မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၁၅ ရက်. ၁၁ လ. ၂၀၁၁ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၄.၉.၂၀၁၂ |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |



## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဒေါင်လွမ်းသည် ဒယောင်တန်ဂွန်းနေအိမ်အနီးရှိ စတားတည်းခိုခန်းမှ မန်နေဂျာတစ်ဦးဖြစ်ပါသည်။ ဒယောင်တန်ဂွန်း နေအိမ်(၁၃ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ်)ရက်နေ့တွင် ပေါက်ကွဲမှုဖြစ်ပွားခဲ့သည့်အတွက် ဦးဒေါင်လွမ်းသည်၎င်း၏တည်းခို ခန်းဧည့်စာရင်းတိုင် ပျက်ကွက်မှုကြောင့်ဟုစွပ်စွဲခံရကာ စ.ရ.ဖနှစ်ဦးမှ (၁၅ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ်)ရက်နေ့ နံနက် (၁၀)နာရီခန့်တွင် ဖမ်းဆီးခေါ်ဆောင်ခြင်းခံရပါသည်။ ယခုအချိန်၌မြစ်ကြီးနားမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင် နေချိန် မှာ တစ်နှစ်ခွဲခန့်ရှိပါသည်။

## ဦးဒေါင်လွမ်း၏ဇနီးဒေါ်နန်ရွှေနန်ဘဲပြောဆိုချက်

ဒယောင်တန်ဂွန်းရဲ့အိမ် ပေါက်ကွဲပြီးတဲ့နောက်နေ့မနက် (၁၀) နာရီမှာ စ.ရ.ဖက (၂)ယောက် လာခေါ်သွားတယ်။ ညနေ (၅)နာရီမှာ ပြန်လွှတ်ပေးပြီး ၁၅ရက်၊၁၁လ၊ ၂၀၁၁ခုနှစ် ရက်နေ့နံနက် (၁၀) နာရီမှာ စ.ရ.ဖ ကလူတွေ van ကားနဲ့လာဖမ်းသွားတယ်။ နောက်ပိုင်း သူနဲ့တွေ့လို့မရတော့ဘူး။ ကျွန်မလည်းကိုယ်ဝန်နဲ့ သူ့အကြောင်းစုံစမ်းဖို့အတွက် အမှတ် (၁) ရဲစခန်းမှူးဆီသွားပြီး ဒေါင်လွမ်းနဲ့ တွေ့ချင်တဲ့ အကြောင်းသွားပြောတဲ့အခါ ဘယ်သူနဲ့မှတွေ့ခွင့်မရှိကြောင်း ပြောပါတယ်။

ကျွန်မရောဝန်ထမ်းလုပ်ဖူးတယ်ဆိုတော့ လူကြီးတွေနဲ့နည်းနည်း စကားပြောတတ်တော့ သူတို့က ကျွန်မယောကျ်ားက K.I.A/K.I.O တွေနဲ့အဆက်အသွယ်မရှိကြောင်း ကျွန်မတို့မောင်နမတွေအားလုံး လည်း ဝန်ထမ်းတွေဘဲဖြစ်ကြောင်း စခန်းမှူးနဲ့တာဝန်ကျနေတဲ့ ရဲသားတစ်ယောက်ကိုပြောပြတယ်။ တာဝန်ကျရဲသားက စာရင်းစာအုပ်လှန် ကြည့်ပြီး "အင်း.....ဒေါင်လွမ်းကလုံးဝ clearဘဲ" ဆိုပြီး ကျွန်မကိုပြောတယ်။ ရဲစခန်းမှူးကလည်း "သူတို့ဝန်ထမ်းမိသားစု တွေဘဲ နှိပ်စက်တာတွေမလုပ်နဲ့နော်။ သူတို့ကလည်းငြိမ်ခံနေမှာ မဟုတ်ဘူး" ဆိုပြီး စ.ရ.ဖ တွေကို ပြောတယ်။

အဲဒါကြောင့် သူ့ကိုနှိပ်စက်တာတွေမလုပ်ဘူး။ သူ့ကိုသီးသန့်ထောင်မှာခဏဘဲ ချုပ်ပြီး အမှတ် (၁)ရဲစခန်းမှာပြန်ချုပ်ထားတယ်။ သူ့ကိုဖမ်းရတဲ့အကြောင်းရင်းကတော့ Star တည်းခိုခန်းမှာဧည့်စာရင်း တိုင်ပျက်ကွက်မှုလို့ပြောတယ်။ သူအဲဒီတည်းခိုခန်းမှာ အလုပ်လုပ်တာ (၄) လလောက်ဘဲရှိသေးတယ်။ အရင်တုန်းကတော့ ဖားကန့်သွားပြီး ကျောက် စိမ်းတူးတယ်။ ကျွန်မတို့သားအမိတွေစားဖို့ သောက်ဖို့တော့သူပိုက်ဆံလုံလောက်အောင် ပို့ပေးနိုင်ပါတယ်။ သူကတစ်ဦးတည်းသောသားဆိုတော့ သူ့အမေကလည်းကျန်းမာရေးမကောင်းတော့ သူဘယ်မှသွားလို့မရဘူး။ သူ့အမက အမေရိကမှာနေတယ် သူ့ကိုခေါ်တယ် ဒါပေမဲ့သူ့အမေကသွားခွင့်မပေးဘူး။ သူသေရင်သူ့ဘေးမှာဘဲနေခိုင်းစေချင်လို့လေ။

သူ့ရဲ့အမှုတွဲက ဒယောင်တန်ဂွန်းရဲ့ အမှုတွဲမှာလည်းမပါဘူး။ သူ့ကိုစစ်တဲ့အခါအပြစ်မရှိဘူး ဆိုတာ ရဲတွေလည်းသိနေတာဘဲ အဲဒါကိုရဲတွေ ကျွန်မကိုပြောတာက "အထက်အမိန့်နဲ့ဘဲပြည်ထဲရေးကနေ ဖမ်းဖို့အမိန့်ကျတာကျွန်တော်တို့လည်းမတတ်နိုင်ဘူး။ တရားရုံးရောက်ရင် အဆင်ပြေသွားမှာပါ"တဲ့။ သူ့ရဲ့ရှေ့နေက ဒေါ်သန်းသန်းဝင်း။ ဒါပေမဲ့ ကျွန်မတို့လိုပိုက်ဆံမရှိတဲ့လူတန်းစားတွေအတွက်ကတော့ တရားရုံးရောက်တာနဲ့ တော့ပိုက်ဆံကုန်ပြီလေ။

အိမ်ထောင်ဦးစီးကိုဖမ်းခေါ်သွားပြီး အဲဒီအိမ်ထောင်က တရားရုံးရောက်ရင်အဆင်ပြေမယ်ဆိုတဲ့ စကားနဲ့တော့ကျွန်မတို့သားအမိ တွေဘယ်လိုလုပ်ရမှာလဲ။ အပြစ်မရှိရင်တော့ မြန်မြန် လွှတ်ပေးရမှာပေါ့။ ကျွန်မတို့ကလေးတွေလည်း ကျောင်းတက်ဖို့ အချိန် ရောက်ပြီ ပိုက်ဆံမရှိတော့ ကျောင်းမထားနိုင်သေးဘူး။ သူရဲ့အမေလည်း သူ့သားရဲ့စိတ်နဲ့ နလုံးခဏခဏဖောက်တယ်။ ကျွန်မစိုးရိမ်တာက သူ့သားထောင်ကမလွှတ်လာခင် ဆုံးသွားမှာကိုသိပ်စိုးရိမ်တယ်။ သူ့ကိုဖမ်းသွားကတည်း ကနေအခက်အခဲတွေကအများကြီးပါ။ ကျွန်မတို့သားအမိတွေဘဲလေ။ ကျွန်မလည်းကိုယ်ဝန်(၄) လနဲ့ဆိုတော့ ဒီကလေးကိုဘယ်လိုမွေးရမလဲ? မီးဖွားစရိတ်ကိုဘယ်လိုရှာရမလဲ? ဆိုပြီး တစ်ယောက်တည်း စိတ်ညစ်နေတယ်။ သူရှိရင်တော့ဒီကိစ္စတွေကို သူဘဲဖြေရှင်းသွားမှာဘဲဆိုပြီး စိတ်အားငယ်လာတယ်။ သားအကြီးကို မူကြိုထားရတော့မယ် ပိုက်ဆံမရှိတော့မထားနိုင်ဘူး။ ကလေးတွေကိုရောထိခိုက်တယ်။ အမြဲတမ်းဖအေကိုမေးနေတော့ ကျွန်မလည်းဘာမှ မဖြေတတ်ဘူး။ သူတို့ဖအေရှိရာ ထောင်ကိုခေါ်သွားတော့

ကလေးကအရမ်းအံ့သြပြီး အဖေကိုတောင် စကားတစ်ခွန်း တောင်မပြောဘဲနဲ့ပြန်လာခဲ့တယ်။ နောက်ပိုင်း သူ့အဖေကိုဘယ်တော့မှမမေးတော့ဘူး။ သူတို့အဖေနဲ့ပတ်သတ်ပြီးစိတ် ထိခိုက်သွားမှာဘဲဆိုပြီး ကျွန်မ အရမ်းစိတ်မကောင်းဖြစ်သွားတယ်။ အပြစ်မရှိတဲ့သူကိုဖမ်းထားပြီး မိသားစုတွေရဲ့ အခက်အခဲတွေ၊ စိတ်ဒဏ်ရာတွေကိုအစိုးရတွေသိလား? "တရားရုံးရောက်ရင်အဆင်ပြေသွားမှာပါ" ဆိုတာနဲ့ပြီးသွားသလား? "ကျွန်မတို့ရဲ့ အခက်အခဲတွေ၊ စိတ်ဒဏ်ရာတွေကို ဘယ်သူတွေအလျော်ပေးနိုင်မှာလဲ?"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဘောက်လာ |
| အဖအမည် | : ဖော်ယမ်ဘောက်နော် |
| အသက် | : ၃၀ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : ကန်ပိုင်တီ မှာလက်သမားကြီးကြပ်ရေးမှူးလုပ်တယ်။ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်ရှိ |
| ဇနီး၏အမည် | : ဒေါ်လီးပိုးကြူ |
| နေရပ်လိပ်စာ | : လယ်ကုန်း၊ မြစ်ကြီးနားမြို့၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၁၅ ရက် . ၁၁ လ . ၂၀၁၁ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၄ ရက် . ၉ လ . ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း**

ဘောက်လာသည်၂၀၀၆ခုနှစ်၌ ဒယောင်တန်ဂွန်း၏ ဘင်ခရာတီးဝိုင်းအဖွဲ့ဝင်တစ်ဦး ဖြစ်ပါခဲ့ပါသည်။၂၀၀၇ ခုနှစ်မှစ၍ ကန်ပိုင်တီမှာဆောက်လုပ်ရေးလုပ်ငန်း လုံခြုံရေးတာဝန်ကို လခစားဝင် လုပ်ခဲ့ပါသည်။ ၂၀၁၁ခုနှစ် ရှစ်လပိုင်းမှာ ဇနီး နှင့်အတူ မြစ်ကြီးနားကိုမီးဖွားရန် ဆင်းလာခဲ့ပါသည်။ ဒယောင်တန်ဂွန်း၏သားကြီး ဆိုင်းခွမ်နှင့်အတူ ကျောက်စိမ်း အရောင်းအဝယ်အတူလုပ်ခဲ့ပါသည်။ ထိုအိမ်ပေါက်ကွဲမှုမဖြစ်ခင်အထိ အဝင်အထွက်ရှိတဲ့အတွက်ကြောင့် ရဲ(၂) ယောက်က သူ၏နေအိမ်မှ (၁၅ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ်)ရက်နေ့ဖမ်းခေါ်သွားခဲ့ပါသည်။ယခုလက်ရှိတွင်မြစ်ကြီးနားမြို့နယ်တရားရုံးတွင် အမှုရင်ဆိုင်လျက်ရှိပါသည်။

**ဒေါ်လီးပိုးကြူပြောဆိုချက်**

ဘောက်လာက ကန်ပိုင်တီမှာ အလုပ်လုပ်ရင်းနဲ့တွေ့တယ်။ တွေ့ပြီးနှစ်နှစ်သုံးနှစ်ကြာမှ ၅လပိုင်း ၂၀၁၁ခုနှစ် မှာမင်္ဂလာဆောင်တယ်။ မီးဖွားဖို့မြစ်ကြီးနားကို ၈လ၊၂၀၁၁ ခုနှစ်မှာဆင်းလာခဲ့တယ်။ ကျမယောကျာ်းကို ၁၅ ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် ညနေ (၅)နာရီခွဲမှာ ရဲတပ်ဖွဲ့ဝင်(၅)ယောက်လာခေါ်သွားတယ်။ ဘယ်မှာမှ ရှာလို့မတွေ့ဘူး။ ထိုသို့ခေါ်သွား ပြီးနောက်သူ့ကို စစ်ဆေးရေးမှာသွားမေးရင်လည်း မရှိဘူးလို့ဘဲပြောတယ်။ ခေါ်သွားတဲ့နောက်ပိုင်း(၁)လ နီးပါးကြာမှ ဦးရွှပ်ဇော်ခေါင်က ရဲစခန်းသို့ပြောပေးမှ ပြန်တွေ့တယ်။ ကျမယောကျာ်းကိုဖမ်းသွားပြီး (၈)ရက်ကြာမှာ ကျမကလေးမွေးတယ်။ ဒါကြောင့်ကျမတော့မတွေ့ဘူး။ အိမ်သားတွေနဲ့တော့တွေ့တယ်။ ကျမကသွေးနသားနနဲ့ဆိုတော့ မတွေ့နိုင်း ဘူး။ သူ့ကိုရိုက်ပြီးစစ်ဆေးသလားဆိုဒါကျမတော့ မမေးရဲလို့မမေးဘူး။ သူလည်းမပြောပြဘူး။ စစ်ဆေးတဲ့အခါမှာတော့ နင်ဝန်မခံ ဆိုင်းမထိုးရင် နင့်မိန်းမဗိုက်ကြီးကြီးကို ဖမ်းပြီးကန်ထည့်လိုက်မယ်။ နင့်မိသားစု အားလုံးကိုဖမ်းလိုက်မယ်လို့ ပြောတယ်တဲ့။ ဦးဒရောင်တန်ဂွန်းရဲ့သားနဲ့ဆက်သွယ်တယ်ဆိုပြီး ဖမ်းသွားတယ်။ ဒရောင်တန်ဂွန်းအိမ်ကိုသွားတယ် ဆိုဒါက ကျောက်ရောင်းဝယ်ရေး လုပ်ဖို့ပါ။



ရုံးချိန်းသွားဒါ အခေါက်(၁၀၀) လောက်ရှိပြီထင်တယ်။ တစ်ခါသွားရင် တစ်သောင်းကျော် နှစ်သောင်းလောက် ကုန်တယ်။ ရှေ့နေခကပေးစရာတော့မလိုဘူး။ ရှေ့နေဒွဲဘူလိုက်ပေးတယ်။ အခုသူထောင်ထဲမှာ တော့နာစေး၊ ချောင်း ဆိုး၊ ခေါင်းကိုက်ဖြစ်တယ်လို့ပြောတယ်။ ကျမရဲ့ ခံစားချက်ကတော့ ကျမယောကျာ်းက အရမ်းရိုးသားဒါကို သူတို့အဲ လိုကောင်းကောင်းလည်းမစုံစမ်းဘဲ ဖမ်းလိုက်လို့ ရဲတွေကိုအရမ်းမုန်းတယ်။ စဖမ်းသွားတဲ့ (၂)ည (၃)ညဆိုရင်လုံးဝ အိပ်လို့မရဘူး။ တစ်ညလုံးငိုပြီးထိုင်နေတယ်။ ကျမယောကျာ်းကို လက်ထိပ်ခတ်သွားဒါကိုဘဲ မြင်ယောင်နေတယ်။ အရမ်းကြောက်ပြီး စိတ်အရမ်းပူသွားတယ်။ မီးဖွားချိန်မှာလည်း စိတ်အားငယ်မိတယ်။

**ဘောက်လာရဲ့မိခင်ပြောဆိုချက်**

ကန်ပိုင်တီဘက်သူ့အစ်မဆီသွားပြီး အိမ်ဆောက်တဲ့နေရာမှာ အစောင့်လုပ်တယ်။ တစ်လကို ယွမ်၈၀၀ (ကျပ်တစ်သိန်း) ရတယ်။ ၂၀၀၇ ခုနှစ် လောက်ကစလုပ်တယ်။ မိန်းမရတော့ ကလေး မီးဖွားဖို့ဆိုပြီး ၈လ၊ ၂၀၁၁ခုနှစ် မှာဒီဘက်ကို ဆင်းလာခဲ့တယ်။ ဒီရောက်တော့ကျောက်စိမ်း နည်းနည်းပါးပါး ရောင်းဝယ်လုပ်တယ်။ ဦးဒရောင်တန်ဂွန်းရဲ့သားတွေနဲ့လုပ်တာ။ အဲဒီကျောက်စိမ်းပြဖို့ သွားတဲ့အတွက်ကြောင့် သူ့ကိုဖမ်းသွားထင်တယ်။

၁၅ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် ညနေ ၅-၆နာရီလောက်မှာ ရဲနှစ်ယောက် ရောက်လာတယ်။ မေးစရာရှိတယ် လို့ပြောပြီးခေါ်သွားတာ။ နောက်တော့လက်ကိုနောက်ပြန်ကြိုးတုတ်ပြီး ကားနောက်ဖုံးထဲ တွန်းထည့်လိုက်တယ်။ ဘယ်ကိုခေါ်သွားမှန်းလဲမသိဘူး။ ဒါကြောင့် ရဲစခန်းအမှတ်(၁)၊ (၂) တွေထဲလိုက်ရှာ တော့လည်းမရှိဘူးဆိုပြီးပြောတယ်။ နောက်မှ ပြည်နယ်အရံရဲတပ်ဖွဲ့ဆီကို ရောက်ပြီဆိုတဲ့သတင်းကြားပြီး သွားမေးတော့တာဝန်ရှိတဲ့ သူတစ်ယောက်ကရှိတယ်။ နောက်တစ်ယောက်က မရှိဘူးလို့ပြောတယ်။ ကျမကငို၊ ကျမချွေးမကလည်းမီးဖွားခါနီးနေပြီ။ နောက်ဆုံးမှရှိတယ်ဆိုပြီးပြောတယ်။ ကျမက(၅)ရက် လောက်ထမင်းလည်းမစားနိုင်ဘူး။ ရပ်ကွက်မှူးတွေနဲ့တက်ခဲ့ဆိုပြီး ခေါ်တက်ခဲ့ရင်လဲမတွေ့ခိုင်းဘူး။ (၆)ရက် မြောက်တဲ့နေ့ကျတော့(SB)တွေခေါ်သွားတယ်လို့ပြန်ပြောတယ်။(SB)တွေဆီသွားရင်လည်မခေါ်ထားဘူးလို့ ပြန်ပြောတယ်။ (၇)ရက်မြောက်တဲ့နေ့ကျမှ အမှတ်(၁)ရဲစခန်းကို ရောက်သွားပြီလို့ပြောလာတယ်။

ကျမက ဟုတ်မဟုတ်ဆိုဒါကို သူ့အဝတ်အစားကိုယူသွားပြီးလဲခိုင်းတယ်။ သူဝတ်သွားတဲ့အဝတ်ကို ပြန်ပေးလာတယ်။ အဲဒီအချိန်ကျမှကျမသားက အဲမှာရှိမှန်းသိသွားတယ်။ ကျမလည်းစိတ်နည်းနည်း သက်သာသွားတယ်။ တစ်ပတ်ကြာမှရမန်ယူတယ်။

၂၇ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် တတိယရမန်ယူချိန်မှာ ဦးယွပ်ဇော်ခေါင်ဆီအကူညီတောင်း ပြီးတွေ့ခွင့်တောင်းခိုင်းမှ ကျမတို့နဲ့တွေ့ရတယ်။ တွေ့တွေ့ချင်း ကျမကအရမ်းလန့်သွားလို့ငိုတယ်။ ကျမသားလေးလည်းငိုတယ်။ သံတိုင်ခြားထား ပြီးပြောတော့ သူကသိပ်မကြားရဘူးလို့ ပြောတယ်။ နားထင်မှာ ရိုက်ပေးလို့ နားသိပ်မကြားရဘူးလို့ ပြောတယ်။ ကျမပိုငိုတော့ သူကမငိုနဲ့ဘုရားသခင်ကူညီ ပါလိမ့်မယ်လို့ပြောတယ်။

ကျမသားက၂၀၀၆ခုနှစ် ရဲ့ရှေ့မှာက Jade Land Myanmar ရဲ့ရိုးရာတီးဝိုင်းမှာ လခစားပြီး အလုပ်လုပ်နေဒါပါ။ သူ့အဖေလဲ အဲဒီမှာဘဲအလုပ်လုပ်တယ်။ နွား၊ ကြက်တို့ကို ဆေးထိုးတဲ့ အလုပ်လည်း လုပ်တယ်။ အခုတော့ ရုံးချိန်း တစ်ခါသွားရင်အနည်းဆုံးတစ်သောင်းတော့ ကုန်တယ်။ တစ်ပါတ်မှာ တစ်ကြိမ်တော့ အနည်းဆုံးသွားရတယ်။ စဖမ်းကတည်းက ခုထိ ဆယ်သိန်းလောက်တော့ကုန်ပြီ။

သူစကားပြောမှားလို့ ခုလိုဖြစ်ဒါလို့ပြောတယ်။ ကျမပြန်မေးကြည့်တော့ ဝန်မခံလို့ မရဘူးလေ။ သုံးရက်လုံးလုံး နားထင်မှာရိုက်နေတော့ နားတောင်မကြားတော့ဘူးတဲ့။ ကျမသားကိုဖမ်းပြီးနောက်ပိုင်း ကျမက စိတ်ပူဆွေးလွန်းလို့ တစ်ပါတ်လောက်မစားနိုင်မအိပ်နိုင်ငိုဘဲငိုနေဒါ။ တစ်ခါမှမဖြစ်ဘူးတော့ ကျမသားကိုခေါ်သွားဒါ နံရိုးတစ်ချောင်း ထုတ်ယူသွားသလို ခံစားရတယ်။ ခုပြောနေရင်းတောင် ရင်တုန် တယ်။ခုထောင်မှာသွားတွေ့ရင်လည်း ရုံပုံငွေဆိုပြီး ကျပ်(၅၀၀) ပေးရတယ်။ ကျမကတစ်ခါပို့ပေးပြီး နောက်တစ်ခါပေးပြီးပြီလို့ပြောရင် မရဘူးဆိုပြီးကမ်းပေးတဲ့ ကျမချွေးမရဲ့လက်ကိုရိုက်လိုက်တယ်။ ကျမ စိတ်ဆိုးတော့ အဲဒီမှာဈေးရောင်းနေတဲ့ ဈေးသည်က သူ့အရက်မူးနေ လို့ဖြစ်မယ်လို့ပြောတယ်။ အရက်မူးပြီး

အလုပ်လုပ်ရမဲ့ နေရာမှမဟုတ်တာ။ တစ်ထောင်ပေးရင်တစ်ထောင်ယူလိုက်ကြတယ်။

ကျမကအသည်းနှလုံးကို ဆွဲနုတ်ယူခံလိုက်ရသလိုဘဲ။ အရိုးတွေတောင်ပိုပြီးဆွေးသွား သလို ခံစားရတယ်။ သူ့ကို စလာဖမ်းတော့ ဘယ်ရပ်ကွက်လူကြီးမှမပါဘူး ခဏမေးမယ်ဆိုတော့ ကျမလည်း အေးအေးဆေးဆေးဘဲလို့ တွေးလိုက်မိတယ်။ နောက်ကျမှတစ်ညလုံး မအိပ်ဘဲလိုက်ရှာလိုက်ရတယ်။ ကျမဘာမှားခဲ့မိလို့လဲလို့ ကိုယ့်ကိုကိုယ် ပြန်တွေးတယ်။ ရိုးရာအတီးအမုတ် သင်ပေးခဲ့မိဒါများ မှားသွားပြီလားလို့။ အဲဒီမှာထည့်ဒါလည်း အမျိုးရဲ့ရိုးရာကိုချစ်မြတ်နိုးလို့ သင်ပေးခဲ့ဒါပါ။ ဒါပေမယ့် ဒါက ဝန်ပေါင်ဖြစ်ရတဲ့ ဝတ်တရားဘဲလို့တွေးလိုက်မိပြီး အားတင်းထားတယ်။ ဒါက လူမျိုးကြီး၊ လူမျိုးငယ်ဆိုပြီး ခွဲခြားနေတရွေ့ကတော့ ဆက်ဖြစ်နေအုံးမှာပါ။ ကျမသားကိုလည်း အားမငယ်ဖို့ အားပေးထားတယ်။

| | |
|---|---|
| တရားခံအမည် | : ဇော်ဘန် |
| အဖအမည် | : အင်ခွန်ဇော်လ |
| အသက် | : ၂၁ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : မှန်ညှင်းခင်း၊ ပြောင်းဖူးခင်း |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : မလိဆွတ်ယန်၊ မြစ်ကြီးနားမြို့နယ်၊ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၇ ရက် . ၅ လ . ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၂ နှစ် |
| အင်တာဗျူးသည့်နေ့ | : ၅ ရက် . ၉ လ. ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဥ်အကျဉ်း**

ဇော်ဘန်သည် K.I.A စစ်သားတစ်ဦးဖြစ်သော်လည်း စစ်မှုမထမ်းခြင်သောကြောင့် ထွက်ပြေးတိမ်း ရှောင်နေသူ ဖြစ်သည်။ ယခုအချိန်တွင် မြစ်ကြီးနားမြို့နယ်တရားရုံးမှ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁) အရ ပြစ်ဒဏ်(၂) နှစ် ချမှတ် ခြင်းခံရပြီး နောက်ထပ်အမှုပေါင်း(၁၂) မှုဖြင့် ထပ်မံစွဲဆို ခံနေရသူဖြစ်ပါသည်။

ဇော်ဘန်၏အစ်ကို အင်ခွင်အောင်မိုင်ပြောဆိုချက်

ကျွန်တော့်ညီကနံပါတ်ရတဲ့ ကေအိုင်အေစစ်သားဟုတ်တယ်။ ဘယ်တုန်းကစလုပ်တယ် ဆိုဒါကတော့ မမှတ်မိတော့ဘူး။ စစ်သားမလုပ်ချင်လို့ ဖားကန့်ဘက်ကို ဆိုင်ကယ်တစ်စီးနဲ့ပြေးနေတာ။ အဲ့ဒီဆိုင်ကယ်ကို ရောင်းပြီး ယောက်ဖတွေဈေးရောင်းတဲ့နေရာမှာ တစ်သိန်းခွဲလောက်အရင်းနီးထည့် ထားတယ်တဲ့။ အဲဒီအရင်းကို ဘယ်လောက်ကြာရင်လည်း သူ့ယောက်ဖက ပြန်မပေးတော့ယောက်ဖရဲ့ ဆိုင်ကယ်ကိုခိုးယူပြီး ဆင်းခဲ့တယ်တဲ့။ မြစ်ကြီးနားအိမ်ရောက်တော့ အိမ်မှာ နေတဲ့ ဝဏဆိုတဲလူကဤ အိမ်မှာမနေနဲ့ဆိုပြီး ပေါ်တယ်မှာသွားနေခိုင်းတယ်။ အဲဒီညမှာဘဲ သူ့ကိုဖမ်းသွားတယ်တဲ့။

သူ့ရဲ့လွယ်အိတ် မှာပလာယာတစ်ခုနဲ့ တစ်လံလောက်ရှည်တဲ့ ကြေးနန်းကြိုးတစ်ခုတွေ့တယ်တဲ့။ အဲ့ဒါတွေရှိတယ်ဆိုဒါသူတောင်မသိဘူးတဲ့။ကျွန်တော်တို့အိမ်သားတွေအချင်းချင်းလုပ်ကြံသလိုဖြစ်နေတယ်။ ကျွန်တော့် ညီကို စစ်ဆေးတော့ သူ့သူငယ်ချင်းတွေအားလုံးကို ဖော်လိုက်တော့ အားလုံးဒုက္ခထဲဆွဲခေါ်သလို ဖြစ်သွားတယ်။ ဘယ်လိုလုပ် ရမှန်းတောင်မသိတော့ဘူး။ သူရုံးကနေ မှာတဲ့ပစ္စည်းတွေရှိရင်တောင်မှ ကျွန်တော်ကပိုက်ဆံ မရှိတော့မပို့ပေးနိုင်ဘူး။ သူ့အတွက်ရုံးလိုက်ဒါတို့လည်း မလုပ်နိုင်ဘူး။ လယ်၊ ယာဘဲ လုပ်တော့ငွေမရှိဘူး။ ဘယ်လိုလုပ်ရမယ်ဆိုဒါလည်း မသိဘူး။ ခုတော့အစိုးရဘက်က သူ့ကိုရှေ့နေ ငှါးပေးတယ်တဲ့။



| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဦးယိန်းဇုန်း |
| အသက် | : ၆၈ နှစ် |
| ကျား\မ | : ကျား |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်ရှိ |
| နေရပ်လိပ်စာ | : အထက်မော်ဖောင်း၊မြစ်ကြီးနားမြို့နယ်၊ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | : အထက်မော်ဖောင်း၊မြစ်ကြီးနားမြို့နယ် |
| ဆက်သွယ်ရမည့်သူ | : ဇုန်းခေါ် |
| ဆက်သွယ်ရမည့်လိပ်စာ | : အထက်မော်ဖောင်း၊မြစ်ကြီးနားမြို့နယ် |
| အဖမ်းခံရသည့်နေ့ရက် | : ၈ ရက်. ၅ လ. ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၅ ရက်. ၉ လ. ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဥ်အကျဉ်း**

ဦးယိန်းဇုန်းသည် အထက်မော်ဖောင်းတွင် နေထိုင်သူဖြစ်ပါသည်။ ၈ရက်၊ ၅လ၊ ၂၀၁၂ ခုနှစ်နံနက်(၇) နာရီခန့်အချိန် တွင် စ.ရ.ဖ မှကားနှစ်စီးဖြင့် သူ၏သားကိုလာရောက်စုံးစမ်းချိန်တွင် ဦးယိန်းဇုန်းက သူ၏သားမရှိကြောင်း လိမ်လည် ပြောဆိုသည်ဟုဆိုသောကြောင့် ဖမ်းဆီးခြင်းခံခဲ့ရပြီး ယခုအချိန်တွင် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ၁၉၀၈ မတရားအသင်းအက်ဥပဒေ ၁၇(၁) အရ တရားရင်ဆိုင်နေရပါသည်။

ဦးယိန်းဇုန်း၏သား ဇုန်းခေါ်ပြောစကား

ကျွန်တော့်ညီက ကချင်ဖြစ်ရတဲ့အကြွေး ကေအိုင်အေ စစ်သားဟုတ်တယ်။ မလိဆွတ်ယန်မှာ နေတဲ့အတွက်ကြောင့် ပြည်သူ့စစ်(ကေအိုင်အေ) လုပ်ရတယ်။ ကျွန်တော်တို့က ယောကျာ်းလေးများတော့ ဘယ်သူမှမလုပ်ရင် လူများပြောစရာဖြစ်နေတဲ့အတွက်ကြောင့် သူကလုပ်နေရတယ်။ နှစ်လ သင်တန်းတက်ပြီး နောက်ပိုင်းမှာ ရွာမှာဘဲနေတယ်။ မနှစ်တုန်းက စစ်စဖြစ်တဲ့ ဇွန်လမှာဘဲ သူ့ကိုပြန်ခေါ်သွားတယ်။ ဒါပေမယ့် သူကမြစ်ကြီးနားဘက်ဘဲတာဝန်ကျတယ်။ အိမ်မိုးစရာရှိလို့ဆိုပြီး အိမ်ခဏပြန်လာတဲ့ အခါဒီလို အဖေအဖမ်းခံရဒါ။ ကျနော် အခင်းကနေပြန်လာတော့ အဖေ အဖမ်းခံရတယ်ဆိုဒါဘဲ သိလိုက်ရတယ်။ ကျတော့်ညီကိုလာဖမ်းဒါ ကျနော့်အဖေကမရှိဘူးဖားကန့်တက်သွားတယ် သုံးလလောက်ကြာပြီလို့ ညာလိုက်လို့ဆိုပြီး အဖေ့ကိုဖမ်းသွားတယ်။

ရွှေစက်ကအမျိုးတွေက အမှုလိုက်ပေးတယ်။ ကျတော်တို့ကဘာမှမသိဘူး။ အစပိုင်းက ငွေငါးသိန်းကို ချေးပြီးပေးထားတယ်။ မလောက်ဘူးဆိုပြီး နောက်ထပ် ရှစ်သိန်းကို လှည်းဆွဲတဲ့နွားနှစ်ကောင် ကိုရောင်းပြီး အကြွေးမဆပ်ဘဲထပ်ပေးထားတယ်။ အခုချေးထားတဲ့ငွေက တစ်လကို အတိုးရှစ်ကျပ်နဲ့ နှစ်လရှိပြီ။ ကျွဲနှစ်ကောင်ရောင်းပြီး အကြွေး ဆပ်မလို့ဘဲ ဒါပေမယ့် ပိုက်ဆံဆယ့်နှစ်သိန်းကိုလည်း အမှုလိုက်ဒါ မလောက်လို့ ပြန်သွားပေးလိုက်ပြီး။ ခုတော့အခင်းတောင် သူများဆီကနွားကိုငှါးပြီး ထွန်နေရတယ်။ အဖေ့အတွက်ကုန်တဲ့ငွေက စုစုပေါင်း နှစ်ဆယ့်ခုနှစ်သိန်းလောက် ကုန်ပြီ။ ရဲ၊ တရားသူကြီး၊ ထောင်ထဲမှာ ဆေးစစ်တဲ့ဆရာဝန်တွေကိုပေးရတဲ့ ပိုက်ဆံတွေလို့ အမှုလိုက်ပေးတဲ့ အမျိုးက ပြောတယ်။

ကျွန်တော်လည်းမသွားရဲဘူး။ ရှေ့နေကပြောတယ်။ နင်လည်းသိပ်မလာနဲ့ နင့်ကိုလည်း ဖမ်းလာနိုင်တယ်တဲ့။ ဒါကြောင့် ထမင်းသွားပို့ရင်တောင် ကျွန်တော့် မိန်းမဘဲဝင်ပေးတယ်။ ကျွန်တော် အထဲဘယ်တော့မှမဝင်ဘူး။ ပိုက်ဆံလိုက် ရတဲ့အကြောင်းရင်းကလည်း ဒီလိုပါ။ အဖေ့ရဲ့ဗိုက်မှာ အကြိတ်ကြီး တစ်ခုရှိတယ်။ အကြိတ်က သူ့အချိန် ရောက်ရင် ပေါက်လာတယ်။ တစ်နှစ်မှာ နှစ်ကြိမ်ပေါက်တယ်။ ကင်ဆာ သဘောမျိုးဘဲ။ အဲဒီရောဂါနဲ့ ဆရာဝန်ဆီက ဆေးလက် မှတ်ယူပြီးများထွက်နိုင်မလား ဆိုပြီးလိုက်ခိုင်းဒါပါ။ သူကကေအိုင်အေစစ်သားလည်းမဟုတ်ဘူး။

အဖေ့ကိုဖမ်းပြီးနောက် တော်တော်ဒုက္ခရောက်တယ်။ သူ့အတွက် ရှေ့နေငှါးထားပေမယ့်

ရုံးချိန်းသွားသွားနေရတော့ ပိုက်ဆံကုန်တယ်။ ပိုက်ဆံလောက်မလားတော့မသိဘူး နှစ်သိန်းတော့ ထပ်ပေးထားပြီ။ပြောရမယ်ဆိုရင် အမေလည်းနှလုံးရောဂါရှိတော့ အဖေ့ကိုဖမ်းပြီးနောက် နေမကောင်း ဖြစ်သွားတယ်။ စစ်ကားတွေတိုင်းလန့်နေတယ်။ ကျွန်တော်က သဇင်က ဆေးစားနေတဲ့သူပါ။ စိတ်မကောင်းလို့ ထမင်းတောင်ကောင်းကောင်း မစားနိုင်တော့ဘူး။ အမေပြောတယ် အဖေ့ကိုဖမ်းချိန်မှာ ရပ်ကွက်မှူးတွေ ရာအိမ်မှူးတွေ ဘယ်သူမှမပါဘူးတဲ့။ ရွာ ဘေးနားမြင်းတပ်ကလူတွေလည်း ပြန်လာပြီး ဒီမှာ ကေအိုင်အေတွေ စစ်သားလာစုတယ်ဆိုဆိုပြီး တစ်ခါပြန်လာမေးတော့ တစ်နေ့လုံးအိမ်မှာ စစ်သားတွေ ပြည့်နေတော့ အမေကပိုကြောက်သွားတယ်။

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : တန်ဂွန်း |
| အသက် | : ၃၃ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : လက်သမား |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : နီလာဝင်း |
| နေရပ်လိပ်စာ | : ရှဒေါင်ကျေးရွာ၊ မြစ်ကြီးနားမြို့နယ်၊ ကချင်ပြည်နယ်။ |
| ဆက်သွယ်ရမည့်သူ | : တန်ဂွန် |
| အဖမ်းခံရသည့်နေ့ရက် | : ၈ ရက်. ၅ လ. ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၅ ရက် . ၉ လ . ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## **စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း**

တန်ဂွန်းသည်မြစ်ကြီးနားမြို့နယ် ရှဒေါင်ကျေးရွာတွင်နေထိုင်လျက် လက်သမားအလုပ်လုပ်ကာ အသက်မွေးဝမ်းကျောင်းပြုသူဖြစ်ပါသည်။ ၈ရက်၊ ၅လ၊ ၂၀၁၂ခုနှစ် နံနက်ပိုင်း (၆)နာရီခန့်တွင်ရေသွားခပ်ရန်ထွက်လာသောအခါ စ.ရ.ဖ များမှ မသင်္ကာမှုဖြင့် ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ အထူးဒုစရိုက်နှိမ်နင်းရေး အရံတပ်ဖွဲ့ရုံးတွင် (၁၁) ရက်ခန့် စစ်ဆေးမေးမြန်မှုများ ပြုလုပ်ပြီး ပြန်လည်လွှတ်မြောက်လာခဲ့ပါသည်။

## **တန်ဂွန်းပြောဆိုချက်**

ငယ်ငယ်ကတည်းက အောက်ပိုင်းမှာနေထိုင်ခဲ့ပါတယ်။ ကျွန်တော်ကကချင်ပြည်နယ်ကို အရမ်းလွမ်းတဲ့အတွက် ကချင်ပြည်နယ်ကို တက်လာခဲ့တယ်။ ကချင်ပြည်နယ်ရောက်တာ ၇၊၈ လလောက်ဘဲ ရှိသေးတယ်။ ၈. ၅. ၂၀၁၂ ရက်နေ့ နံနက်ပိုင်းမှာ ကျွန်တော့်အိမ်ရှေ့မှာ ရေခပ်ဖို့ ထွက်လာတဲ့အခါ အိမ်ရှေ့ကယောကျ်ားတစ်ယောက်ကို ဖမ်းဖို့စောင့်နေတာ ကျွန်တော်မသိလိုက်ဘူး။ အဲဒီအချိန်မှာ ရဲတစ်ယောက်က "ဘယ်သွားမလို့လဲ" ဆိုပြီးမေးတော့ ကျွန်တော်ကလည်း " ရေသွားလောင်းမယ်" လို့ဖြေလိုက်တယ်။သူတို့ကပြန်ပြောတယ်"နင်တအားစောပြီးရေလာခပ်တာကငါတို့ကိုလာထောက်လှမ်းတာ မဟုတ်လား" ဆိုပြောတော့ ကျွန်တော်က " မဟုတ်ဘူး......ကျွန်တော့်မိန်းမကိုယ်ဝန်နဲ့မို့ ရေမခပ်နိုင်လို့ သူ့ကိုရေစောစောခပ်ပေးပြီး ကျွန်တော်အလုပ်သွားရတယ်" လို့ပြောလည်းသူတို့က မယုံလို့ ကျွန်တော်ကို တစ်ခါတည်းကားပေါ်တင်ပြီးခေါ်သွားတယ်။

ထောင်ထဲရောက်တော့ တခြားနှိပ်စက်တာတွေမလုပ်ဘူး။ ကျွန်တော်ဘယ်နေရာမှာမွေးပြီး ဘယ်နေရာမှာကြီးပြင်း နေထိုင်ခဲ့တာတွေ၊ ယခုလက်ရှိနေထိုင်တဲ့ နေရာကိုဘယ်လိုရောက်ခဲ့တဲ့အကြောင်း အစအဆုံး မေးမြန်းတာတွေက လုပ်တယ်။ (၁၁)ရက်လောက် ကျွန်တော့်ကို ချုပ်ထားပြီးပြန်လွှတ်ပေးတယ်။



ဒါပေမဲ့ ကျွန်တော်အဲဒီလို ဖြစ်သွားတော့ အိမ်ကကျွန်တော့ဇနီးနဲ့ ကျွန်တော့်အစ်မတို့ ကျွန်တော့်အကြောင်း စုံစမ်းဖို့ပိုက်ဆံချေးပြီးလုပ်တာ အခုထိအကြွေးတွေနဲ့နလန်မထူနိုင်သေးဘူး။ ဟိုမှာနည်းနည်းပေးရ၊ ဒီမှာနည်းနည်းပေးရ အဲဒီလိုနဲ့ကုန်သွားတယ်။ နောက်ပိုင်းကျွန်တော့်မိန်းမကလေးမီးဖွားတယ် ဆိုတော့ပိုပြီး ခက်ခဲသွားတယ်။

ခံစားချက်ကတော့ ပြောမပြတတ်အောင်ပါဘဲ။ အိမ်သားတွေကတော့ ကျွန်တော့်ကြောင့် ပိုက်ဆံတော်တော်ကုန်သွားတယ်။ အကြွေးတွေနဲ့လေ။ ကျွန်တော့်ကိုဖမ်းသွားတာ အိမ်သားတွေဘယ်သူမှ မသိကြပါဘူး။ ကျွန်တော့်ကိုနံနက် ၆း၃၀ နာရီမှာ ဖမ်းသွားရင် ကျွန်တော့်မိန်းမက ၇:၀၀ နာရီလောက်မှ အိမ်ဘေးနားက မိန်းမတစ်ယောက် ကျွန်တော့်ကိုဖမ်းသွားတာတွေ့လို့ သူပြောပြမှသိရတယ်။ အဲဒါတောင်သူကမယုံတော့ သူရေသွားခပ်တာပါ ဆိုပြီး ပြန်ပြောတယ်။ ကျွန်တော့ကိုဖမ်းသွားတာ ရပ်ကွက်လူကြီးတွေဘယ်သူမှမသိဘူး ကျွန်တော်ပြန်လွှတ်လာမှ သူတို့အံ့သြနေကြတယ်။

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဒန်မိုင်အောင် |
| အဖအမည် | : ပေါင်ဆာနော်ဘောက် |
| အသက် | : ၂၆ နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၁၀တန်း |
| အလုပ်အကိုင် | : သုံးဘီးမောင်းဆရာ |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : အောက်မော်ဖောင်း၊ မြစ်ကြီးနားမြို့နယ်၊ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၈ ရက်. ၅ လ. ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး၊ ခရိုင်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၅ ရက် . ၉ လ . ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## **စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း**

မောင်ဒန်မိုင်အောင်သည် မြစ်ကြီးနားမှ မလိဇွပ်ယန်ကျေးရွာ သုံးဘီးမောင်းကာအသက်မွေးပါတယ်။ K.I.Aနှင့် တပ်မတော်တို့ စစ်ဖြစ်ပွားသည့်အချိန်မှစ၍ သုံးဘီးမမောင်းတော့ဘဲအိမ်တွင်သာ နေထိုင်နေခဲ့ပါသည်။ ၎င်း၏ သူငယ်ချင်း မောင်ဇော်ဘန်မှာ KIA စစ်သားတစ်ဦးဖြစ်ပြီး ပေါက်ကွဲမှုဖြင့် ဖမ်းဆီးခေါ်ဆောင်ခြင်း မခံရမှီ ဒန်မိုင်အောင်သည်လည်း သူ၏သူငယ်ချင်းမောင်ဇော်ဘန်အိမ်၌ နှစ်ညအတူခေါ်အိပ်ဖူးသည့်အတွက် ဒန်မိုင်အောင်ကိုလည်း မသင်္ကာမှုဖြင့် (၈ရက်၊ ၅လ၊ ၂၀၁၂ခုနှစ်)တွင် စ.ရ.ဖမှဖခင်နှင့်တကွ ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ ယခုအချိန်တွင် ဒန်မိုင်အောင် သည်မြစ်ကြီးနားမြို့နယ်တရားရုံးနှင့် ခရိုင်တရားရုံးတွင်ပြစ်မှုဆိုင်ရာ ဥပဒေပုဒ်မ ၆၉၊ ၇၀၊ ၇၁ အရအမှုရင်ဆိုင်လျက်ရှိပါ သည်။

## **ဒန်မိုင်အောင်၏ဖခင်ပေါင်ဆာနော်ဘောက်ပြောဆိုချက်**

ကျွန်တော့်သားကိုကျွန်တော်နဲ့အတူဖမ်းတာ။ ဖမ်းတဲ့အကြောင်းရင်းကဒီလိုရှိတယ်။ မလိဆွတ်ယန်က ကယန်းနူးနှင့် ဇော်ဘန်က ကျွန်တော့်သားနဲ့အတူ အောက်ရွာရှဒေါင်ကို ဆင်းတယ်တဲ့။ ကျွန်တော့်သားက အဖေညအိပ်ခရီး မထွက်ခိုင်းဘူးဆိုပြီးတော့ပြန်လာတယ်တဲ့။ သူကယန်းနူးရဲ့ဆိုင်ကယ်ကို ဇော်ဘန်နှင့်အတူစီးလာသတဲ့။ ဒီကိုပြန်ရောက်တော့ မိုးမချုပ်သေးတော့ကာရာအိုကေဆိုင် သွားပြီး အရက်သွားသောက်ကြတယ်တဲ့။ သောက်ပြီးတော့ ည(၉)နာရီ လောက်ဖြစ်နေတော့ ဇော်ဘန်ကို

ဆိုင်ကယ်ပေးလိုက်လို့မဖြစ်တော့ သူလည်းအိမ်မှာအိပ်မယ်ဆိုတော့ အိမ်ခေါ်အိပ်လိုက်တယ်။

ကျွန်တော်က အဲဒီညမှာ မလိဆွတ်ယန်ဘက်ကယ်ရီလိုက်ရင်း ရောက်နေတယ်။ နောက်မနက် သူတို့နှစ် ယောက်လုံး မြစ်ကြီးနားဘက်တက်ကြတယ်တဲ့။ ပြန်ဆင်းလာတော့ ကျွန်တော့်သားကိုထားခဲ့ပြီး သူတစ်ယောက်တည်း ဆိုင်ကယ်ယူသွားတယ်။ နှစ်ရက်လောက်ကြာတော့ အဲဒီဆိုင်ကယ်ကို ဇော်ဘန်ရောင်းစားလိုက် လို့ဆိုပြီး ကယန်းနူး ဒီအိမ်ကိုလိုက်လာတယ်။ ဝဏ္ဏ ဆိုတဲ့ ဇော်ဘန်ရဲ့အမျိုးက ပြန်ယူပေးတယ်။ ဇော်ဘန်ကသူ့အစ်မအိမ်က ဆိုင်ကယ်တွေလည်း ပေါင်တယ်ဆိုတဲ့သတင်းကြားတော့ကျွေတော့်သားကို မပေါင်းဖို့ ပြောထားတယ်။

ကျွန်တော်တို့အိမ်ဝန်းဝင်လာတဲ့လမ်းအချိုးထောင့်မှာ ဖုံးတွေ့တယ်။ တွေ့ပြီး၂ပါတ်နဲ့ နှစ်ရက်ဆိုရင် ကျွန်တော်တို့သား အဖ ကိုလာဖမ်းပြီ။ ကျတော်တို့နဲ့အတူဖမ်းထားတဲ့ ယိန်းဇုန်းကပြောတယ် ဒန်မိုင်အောင်ကိုစစ်တုန်း နှစ်ချက်လောက် ရိုက်သံ ကြားတယ်တဲ့။ ပြန်ပို့တဲ့အခါလည်း တံခါးကနေစောင့်ကန် ထည့်သံကြားတယ်တဲ့။ နောက်နေ့မနက်ကျွန်တော်သူ့ကိုတွေ့တော့ သူအရမ်းကိုကြောက်နေပြီ။ အဲဒီမှာရှိတဲ့ရဲတွေလည်း ခင်ဗျားသားကမဟုတ်ဘူးထင်တယ်လို့ပြောတယ်။ ကျွန်တော်လည်း အဲဒီလိုဘဲထင်တယ်။ ဟုတ်၊ မဟုတ်တော့ ကျွန်တော်မသိဘူး။

အခုရှေ့နေဦးမြသိန်းနဲ့ အမှုလိုက်နေတယ်။ ပုဒ်မ ၆၉၊ ၇၀၊ ၇၁နဲ့စွဲထားတယ်။ (၆၉) ကိုက ဒုခရိုင်ရုံးမှာ စစ်တယ်။ (၇၀) နှင့် (၇၁)ကို ခရိုင်ရုံးမှာစစ်တယ်။ တရားရုံး နှစ်နေရာဖြစ်တော့ ရှေ့နေကိုလည်း ရှေ့နေခ သုံးသိန်း ပေးရတယ်။ အစတုန်းကနှစ်သိန်းဘဲ။ ခုတော့တစ်ပတ်မှာရုံးချိန်း နှစ်ကြိမ်ပုံမှန်သွားရတယ်။ မသွားဘူးဆိုရင်လည်း အဲဒီနေ့သူစားစရာမရှိဘူး ဖြစ်နေလိမ့်မယ်ဆိုပြီး နေမကောင်းရင်လည်း ကြိုးစားပြီးသွားရတယ်။ ရုံးချိန်းနေ့ဆိုရင် မနက် ၈နာရီမှာ အစာစားပြီးတော့ တစ်နေ့လုံးဘာမှမစားရဘူး။ ဒါကြောင့်ရေဘဲဖြစ်ဖြစ်သွားဝယ်တိုက်ဖို့ တစ်ပတ် နှစ်ကြိမ်သွားရတယ်။ တစ်ခါသွားရင် တစ်သောင်းကျော်လောက်တော့ အနည်းဆုံးကုန်တယ်။ သူဖျားနာတဲ့အချိန်တွေဆိုရင် ဆေးဝယ်ပေးရတဲ့ အချိန်ဆိုရင် နှစ်သောင်းလောက်တော့ကုန်တယ်။

သူမရှိတော့သုံးဘီးလည်း ကျွန်တော်အဖိုးကြီးဘဲပြန်မောင်းရတယ်။ အိမ်ကလည်းချုံတွေမရှင်းနိုင်တော့ဘူး။ သူ့ရုံးချိန်းကြောင့် ကျတော်လည်း ခရီးဝေးမထွက်နိုင်တော့ဘူး။ ကျတော်က သူ့ကို အစကတည်းက စစ်သင်တန်းသွားတက်လို့ ပြောရင် သူကကြောက်ပြီးသွားမတက်ဘူး။ အိမ်မှာလည်း ဘာမှလည်းမလုပ် ဘူး။ ကချင်စစ်တပ်ထဲဝင်ပါဆိုရင်တောင် ကြောက်တဲ့ကောင်ဆိုတော့ စစ်စဖြစ်ကတည်းက မလိဆွတ်ယန်ဘက် သုံးဘီးလိုင်းတောင်မဆွဲတော့ဘူး။

| | |
|---|---|
| တရားခံအမည် | : အင်ခွင်ဘရန်ဆိုင်း |
| အဖအမည် | : ဦးဘရန်နန် |
| အသက် | : ၃၃ နှစ် |
| မှတ်ပုံတင်အမှတ် | : ၁/မကန(နိုင်)၁၆၅၆၈၉ |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တာလောကြီး ( ဂျိန်းဖော ရပ်ကွက်၊ ရပ်ကွက်မှူး) |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : မာခေါ်န် |
| နေရပ်လိပ်စာ | : ဂျိန်းဖောရပ်ကွက်၊တာလောကြီး |
| ဆက်သွယ်ရမည့်လိပ်စာ | : ရွှေစက် I.D.P camp |
| အဖမ်းခံရသည့်နေ့ရက် | : ၅ ရက် . ၁ လ . ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၁နှစ် |
| အင်တာဗျူးသည့်နေ့ | :၂၈ ရက် . ၈ လ . ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |



## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဘရန်ဆိုင်းသည် တာလောကြီးကျေးရွာ ကချင်ရပ်ကွက်နယ်မြေမှူးတစ်ဦးဖြစ်ပါသည်။ စစ်ရှောင်တိမ်းရန် ၂၀၁၁ခုနှစ် ဒီဇင်ဘာလတွင် မိသားစုနှင့်တကွရွှေစက် IDP Camp တွင် နေထိုင်စဉ်တာလောကြီးကျေးရွာ အုပ်ချုပ်ရေးမှူးမှ တာလောကြီးသို့ဆင်းလာရန် ပြောသောကြောင့် ဆင်းလာခဲ့ပါသည်။ ထိုသို့ဆင်းလာသော ဦးဘရန်ဆိုင်းအား (၅ရက်၊ ၁၁လ၊ ၂၀၁၂ခုနှစ်) တွင် ခလရ (၃၇) မှ စစ်ကြောင်းမှူးအောင်ကျော်ဦးမှ ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ ထိုသို့ဖမ်း ဆီးခေါ်ဆောင်သွားတော့ ဘရန်ဆိုင်း၏ဇနီးဒေါ်မာခေါ်န်သည် နေပြည်တော်ထိတိုင်သွားရောက်ပြီးနောက် ခင်ပွန်း၏ သတင်းကို သွားရောက်စုံစမ်းခဲ့သောကြောင့် ဦးဘရန်ဆိုင်းသည်မြစ်ကြီးနား အကျဉ်းထောင်သို့ ရောက်ရှိလာခဲ့ပါသည်။ ယခုအချိန်တွင် ဦးဘရန်ဆိုင်းသည်မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ၁၉၀၈၊မတရားအသင်းအက်ဥပဒေ ပုဒ်မ ၁၇(၁) အရ တရားစွဲဆိုခြင်းခံနေရသူတစ်ဦး ဖြစ်ပါသည်။

## ဦးဘရန်ဆိုင်းပြောဆိုချက်

စတုန်းကတော့ထောင်မှာ ခက်ခဲမှုတွေအများကြီးဘဲ။ အိမ်ကဆေးပို့ပေးရင်လည်း ဒီကိုမရောက်ဘူး။ ထောင်မှူးတွေယူလိုက်ဒါကများတယ်။ ထောင်ထဲမှာ ဆေးမရှိရင်ဝယ်စားရတယ်။ ပါရာစီတမော(၁)လုံးနှင့် ဒီကိုဂျင်(၁)လုံးကို (၅၀၀၀)လောက်ပေးပြီးဝယ်စားရတယ်။အခုထောင်ထဲမှာလည်းနေ့တိုင်းလူတွေသေဆုံးမှု တွေရှိနေတယ်။ ဘာကြောင့်လဲ ဆိုတော့ တချို့ကငွေမရှိတော့ ဆေးဝယ်မစားနိုင်ဘူး။ ဒီမှာလည်း အရမ်းပူတယ်။ ဒါကြောင့်ဒီမှာ တစ်နေ့ ၃၊ ၄ ယောက် သေနေဒါ။ ကျတော်တို့ကို စ.ရ.ဖ မှာစစ်ဆေးတုန်းက "မင်းတို့ကချင်တွေဘယ်က စဖြစ်သလဲဆိုတာသိလား။ ငါပြောပြမယ် ငါတို့ စစ်သားတွေရှေ့တန်းစစ်မြေပြင် မှာလုပ်ပြီးရခဲ့တာ" ဆိုပြီးပြောတယ်။

## ဦးဘရန်ဆိုင်း၏ဇနီး ဒေါ်မာခေါ်န် ပြောဆိုချက်

ကျမတို့မိသားစုတွေက ဒီဇင်ဘာလကတည်းက ရွှေစက် camp မှာရောက်နေတာ။ အုပ်ချုပ်ရေးမှူး ခေါ်တယ်ဆိုပြီးဘရန်ဆိုင်းက တာလောကြီးကိုပြန်ဆင်းသွားတယ်။ သူ့ကိုဖမ်းတဲ့စစ်တပ်က ခလရ (၃၇) က စစ်ကြောင်းမှူး အောင်ကျော်ဦးဆိုတဲ့အဖွဲ့ဘဲ။ အောင်ကျော်ဦးကသူ့ကိုခေါ်ပြီး (၄) ရက်နေ့မှာ အစည်းဝေးလုပ်သေးတယ်။ နောက်နေ့လည်း (၉)နာရီ မှာ အစည်းဝေးရှိသေးတယ်ဆိုပြီး ခေါ်ထားတယ်တဲ့။ ဒါပေမယ့် အဲဒီည (၁၁)နာရီလောက်မှာဘဲ သူ့ကိုဖမ်းသွားတယ် တဲ့။ သူ့ကိုလာခေါ်တဲ့ ညကအိမ်ရှေ့မှာ သေနတ်(၃၊၄) ကြိမ်ဖောက်တယ်တဲ့။ ပြီးတော့သူ့ကိုဖမ်းပြီး မျက်လုံးကိုပိတ်ပြီး (၂)ကြိမ်၊ (၃)ကြိမ်လှည့်ခိုင်းပြီး ခေါ်သွားတယ်။ စစ်သားတွေက "ဟေ့ကောင်ဆုတောင်းတော့ မင်းကိုသတ် တော့မယ်" ဆိုပြီးသေနတ်တွေကို မောင်းချိန်ပြတယ်တဲ့။ နောက်တစ်ယောက်က "ဟာကျည်ဆန်ရှုံးတယ် ဓါးနဲ့ဘဲသတ်ရအောင်" ဆိုပြီး ဓားထုတ်သံတွေကြားအောင်ခြောက်တယ်တဲ့။ နောက်တော့ ဘုန်းကြီးကျောင်းဘက်ကို ခေါ်သွားတယ်တဲ့။

ကျွန်မယောကျ်ားကိုဖမ်းသွားပြီဆိုတဲ့ သတင်းကြားပြီးနောက်တနေ့မှာ ကျမက တာလောကြီးကို ဆင်းသွားတယ်။ အုပ်ချုပ်ရေးမှူးဆီသွားပြီး သူ့ကိုဖမ်းတားတဲ့နေရာဆီကို အဝတ်အစားနဲ့ထမင်းဟင်းပို့ဖို့ ခွင့်သွားတောင်းတယ်။ ဒါပေမယ့် တွေ့ခွင့်မရဘူး။ နောက်မနက် ကျမကိုယ်တိုင် စစ်ကြောင်းမှူးဆီသွားပြီး ခွင့်သွားတောင်းတယ်။ ကျမက အစားအစာနဲ့ ဆောင်းရာသီဖြစ်လို့ အနွေးထည်နည်းနည်း ပေးချင်တယ်လို့ပြောတယ်။ သူတို့ကနင့်ယောကျာ်းကို သည်မှာမဖမ်းထားဘူး ရှိလည်းမရှိဘူး နောက်ဘယ်တော့မှသည်မှာလာမရှာနဲ့၊ တကယ်လို့ငါတို့ဖမ်းခဲ့ရင်တောင် ထမင်းငါတို့ကျွေးပေး မယ် လို့ဘဲပြန်ပြောတယ်။ ဘယ်နစ်ခေါက်သွားသွား မတွေ့ခိုင်းဘူး။ ဒါကြောင့်ကင်းစောင့်တဲ့ လူတွေကို ပိုက်ဆံပေးပြီး ကျမယောကျာ်းရဲ့အဝတ်စားတွေပေးပြီး မေးခိုင်းတယ်။ အဲဒီအချိန်ကျမှ ကျမရေးတဲ့စာကို ကျမယောကျ်ားအားပေးပြီး သူရေးတဲ့စာကို ကျမရတယ်။ ကင်းစောင့်ကို စာပို့ခိုင်းရင်တော့ ပိုပေးရတယ်။ တစ်ခါပို့ရင် ပိုက်ဆံ ၄၀၀၀၊ ၅၀၀၀ လောက်တော့ပေးရတယ်။ ပိုက်ဆံပို့ရင်တော့ မရောက်ဘူး။

ကျမယောကျ်ားမှာတဲ့ငွေ ၁၀၀၀၀ နဲ့ပစ္စည်းတချို့ပို့ပေးတယ်။ ပစ္စည်းတော့ရောက်တယ် ငွေတော့မရောက်ဘူး။

အုပ်ချုပ်ရေးမှူးကို တွေ့ခွင့်တောင်းခိုင်းဒါမရဘူး။ ရွာကရပ်မိရပ်ဖနှင့် ရှမ်းဂေါပကအဖွဲ့တွေကိုအကူညီတောင်းတော့လည်း စစ်ကြောင်းမှူးကိုကြောက်တယ်ဆိုပြီး မပြောပေးကြဘူး။ တာလောကြီး ရဲစခန်းမှူးကို ပိုက်ဆံနည်းနည်းပေးပြီး သွားမေးခိုင်းတယ်။ စစ်ကြောင်းမှူးကဘာရန်ဆိုင်းနဲ့ ပတ်သက်တာကိုဘေးဖယ်ထား တခြားအကြောင်းပြောရအောင်လို့ ပြောတယ်တဲ့။ အုပ်ချုပ်ရေးမှူး၊ ရပ်မိရပ်ဖ၊ စခန်းမှူး တွေကို အကူညီတောင်းရင်လည်းအဆင်မပြေတော့ မြစ်ကြီးနားဘက်ကိုပြန်တက်ခဲ့တယ်။ ရှေ့နေတွေနဲ့တွေ့ပြီးတော့ နေပြည်တော်ကို ကျမကလေး(၅)လနဲ့တက်ပြီး စာသွားတင်တယ်။ စာနစ်ခေါက်တင်မှကျမယောကျ်ားကို မြစ်ကြီးနားဘက်ကိုခေါ်လာခဲ့တယ်။ ဇန်နဝါရီလ (၂)ရက်နေ့မှာဖမ်းသွားတာ ဖေဖဝါရီ(၂)ရက်နေ့မှ မြစ်ကြီးနားဘက်ကို ရောက်တယ်။ တစ်လအတောတွင်းကျမနဲ့ တစ်ခါမှမတွေ့ရဘူး။

သူတို့ကိုမြစ်ကြီးနားဘက် ခေါ်တက်ခဲ့တဲ့အခါလည်း မနက်(၃)နာရီလောက်မှာ "ဟော့ကောင်တွေ ထွက်ခဲ့ကြ" ဆိုပြီး မြစ်ကြီးနားဘက်ကတက်ခဲ့တဲ့ အမြန်ယာဉ်ပေါ်မှာ အပေါ့ဘဲသွားခိုင်းပြီး ယာဉ်ခေါင်းခန်း ထဲထည့်ပြီးသော့ခတ်သွားတယ်တဲ့။ မနက်မိုးလင်းတဲ့ အချိန်အပေါ့တစ်ခါသွားရန် ထွက်ခိုင်းပြီး မထွက်ခိုင်းဘဲ မနက်(၉)နာရီလောက်မှ မြစ်ကြီးနားဘက်စတက်တယ်တဲ့။ ပြီးတော့တစ်နေ့လုံး အဲဒီအခန်းထဲမှာ ဘဲထည့်ထားပြီး ထမင်းလည်းမကျွေး၊ ရေလည်းမတိုက် ဘူးတဲ့။ ညနေပိုင်းမှာပမ္မတီးကို ရောက်ရောက်ခြင်း စ.ရ.ဖ ဘက်ကိုခေါ်သွားတယ်တဲ့။ ကျမက အုပ်ချုပ်ရေးမှူးနဲ့ စ.ရ.ဖ ကိုလိုက်သွားတော့ ရှိတော့ရှိတယ်။ ဒါပေမယ့် မတွေ့ခိုင်းဘူး။ စ.ရ.ဖ မှာရောက်တော့ရိုက်နက်ပြီးတော့ စစ်ဆေးတယ်တဲ့။ တာလောကြီးမှာတုန်းကလည်း ခေါင်းမှာပလပ်စတစ်စွပ်ပြီး ရိုက်စစ်တယ်တဲ့။ စစစ်တုန်းက(၃)ရက်လောက် ထမင်းလည်းမကျွေး၊ ရေလည်းမတိုက်ဘူးတဲ့။

ကျမနဲ့တွေ့တဲ့အချိန်တော့ အနာတွေမရှိတော့ဘူး။ ဒါပေမယ့် စ.ရ.ဖမှာ ရိုက်စစ်တယ်လို့ပြောတယ်။ စ.ရ.ဖ မှာက အဝတ်အကုန်ချွတ်ခိုင်းပြီး ကျောက်ခဲစီထားတဲ့နေရာမှာ ဒူးထောက်ခိုင်းတယ်တဲ့။ ပြီးတော့စက်နဲ့ လျှပ်စစ်ဓာတ်တို့ဒါတွေလည်းလုပ်တယ်တဲ့။ စ.ရ.ဖမှာ ရိုက်နက်စစ်ဆေးပြီးမှ အမှတ်(၁) ရဲစခန်းဘက်ကို ပို့တယ်တဲ့။ အဲမှာရောက်တော့ ငွေ(၂၀,၀၀၀)မှာတယ်။ ကျမကနေပြည်တော် ရောက်နေ တော့ ကေဘီစီကဆရာမတွေက ထည့်ပေးတယ်။ အမှတ်(၁)ရဲစခန်းမှာ(၅)ရက်ထားပြီး ထောင်ကြီးကို ပို့လိုက်တယ် တဲ့။ အဲမှာသူများတွေဒါတောင် သူလမ်းလျှောက်ဒါက ထောနဲ့ထောနဲ့ နဲ့လျှောက်ရတယ်တဲ့။ နားလည်းသိပ်မကြားရတော့ဘူး။ ထောင်ထဲရောက်တော့လည်း အိပ်ဖို့အိပ်ယာ(၁)ပေလောက်ရှိတဲ့ နေရာကို (၅၀,၀၀၀)နဲ့ဝယ်ရတယ်။ မဝယ်ရင် မစင်ပုံးနဲ့နီးတဲ့နေရာမှာ အိပ်ရတယ်တဲ့။

ခုတော့ရုံးချိန်းပုံမှန် တစ်ပါတ်တစ်ခါရှိတယ်။ တခါတလေနစ်ခေါက်ရှိတယ်။ (၂၊ ၃)လ ရှိရင်လည်းတစ်ယောက်ကို မှမစစ်တဲ့အချိန်လည်းရှိတယ်။ ခုချိန်ထိတော့ ရုံးချိန်းနဲ့ရင်ဆိုင်နေရတယ်။ သူနဲ့အတူဖမ်းထားတဲ့သူတွေက ဆမားဇော် ဆိုင်း နှင့် ရှမ်းတစ်ယောက် သူတို့သုံးယောက် ဟုတ်တယ်။ တစ်လမှာ ရုံးချိန်း(၆ ၊ ၇) ကြိမ်လောက်ရှိတယ်။ ကျမမှာ ကလေးနစ်ယောက်ရှိတယ်။ (၅)နှစ်အရွယ်နဲ့ (၂)နှစ်အရွယ်ကလေးရှိတယ်။ ကျမနဲ့မတွေ့ခင်တော့ ကေအိုင်အေစစ်သားလုပ်ဖူးတယ်တဲ့။ ဘယ်နနစ် လုပ်တယ်ဆိုဒါကမမေးကြည့်ဖူးဘူး။ ကျမနဲ့တွေ့ပြီးတော့ မလုပ်တော့ဘူး။ သူ ထွက်ပြီဆိုတာကတော့ သေချာတယ်။ အခုသူ့ကို ကေအိုင်အေတွေနဲ့ဖုန်းပြောတယ်၊ ရိက္ခာပို့ပေးတယ် စစ်သားစုဆောင်းပေးတယ် ဆိုပြီးတရားစွဲထားတယ်။

ထောင်မှာကလူကြပ်တော့ ယားနာဖြစ်တယ်။ ရုံးချိန်းသွားတိုင်းဆေးယူသွားရတယ်။ အစပိုင်းမှာတော့ ရိုက်ထားတဲ့ဒဏ်ရာတွေအတွက် ဒဏ်ကြေဆေးတွေလည်း ထည့်ပေးရတယ်။ ရုံးချိန်းသွားတာလည်း မောလာပြီ။ ကချင်ဖြစ်ရတဲ့ ဝဋ်ကြွေးဆပ်ရသလို ခံစားရတယ်။ ခုတော့စစ်ဖို့ လူတစ်ယောက်ဘဲကျန်တော့တယ်။ သူက စ.ရ.ဖ က လူ သူ့ကိုစောင့်တာတစ်လလောက်ရှိပြီ။ ဘယ်လောက် ခေါ်ခေါ်မလာဘူး။ တရားသူကြီးကို ပယ်လိုက်လို့မရဘူးလားလို့မေးတော့ မရဘူးတဲ့။ ခုပိုက်ဆံက သိန်း (၄၀) လောက်ကုန်ပြီ။ နေပြည်တော်လည်းနစ်ကြိမ်သွားပြီးပြီး ရုံးချိန်းလည်း ခဏခဏ သွားပြီးပြီ။ ဒီလိုတစ်ခါမှ မဖြစ်ဘူးတော့ အံ့သြနေတယ်။



| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဆမာဇော်ဆိုင်း |
| အဖအမည် | : ဆမာဇော်တန် |
| အသက် | : ၃၂ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်ရှိ |
| ဇနီး၏အမည် | : သင်းသင်းရွှေ |
| နေရပ်လိပ်စာ | : ကျွန်းပင်သာ၊တာလောကြီး၊ဝိုင်းမော်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၁ ရက် . ၁ လ . ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၆ ရက် . ၈ လ . ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဆမာဇော်ဆိုင်းသည် ကျွန်းပင်သာရပ်ကွက်၊ တာလောကြီးကျေးရွာ ဝိုင်းမော်မြို့နယ်တွင် လယ်လုပ်ပြီးနေထိုင်ပါသည်။ သူ၏ဖခင်မှာ K.I.A ပြည်သူ့စစ်တပ်မှ ခေါင်းဆောင်တစ်ဦးဖြစ်သောကြောင့် ခ.လ.ရ(၃၇) မှ K.I.A နှင့်အဆက်အသွယ် ရှိသည်ဟုယူဆကာ ၁ရက်၊ ၁လ၊ ၂၀၁၂ခုနှစ်ရက်နေ့ညနေ ပိုင်းတွင်ဖမ်းဆီး ခေါ်ဆောင်ခြင်းခံခဲ့ရပါသည်။ ယခုအချိန် တွင် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ၁၉၀၈ မတရားအသင်းအက်ဥပဒေ ၁၇(၁)အရ တရားရင်ဆိုင်နေရ ပါ သည်။

## ဇော်ဆိုင်းညီမပြောဆိုချက်

၁ရက်၊ ၁လ၊ ၂၀၁၁ခုနှစ် ညနေပိုင်းမှာ ရွာကဘုန်းကြီးကျောင်းမှာ လူကိုရိုက်နက်နေတဲ့အသံကြားရ တယ်လို့ အိမ်နီးနားချင်းကရှမ်းတွေကပြောပြတယ်။ တာလောကြီး ကျွန်းပင်သာမှာဘဲ ဖမ်းမိ တယ်လို့ပြန်ပြောတယ်။ ကျွန်မတော့သွားမကြည့်နိုင်ဘူး။ ယောက်မ (ဇော်ဆိုင်း၏ဇနီး) ကသွားကြည့်တဲ့ အချိန်မှာတော့ မျက်နှာအားလုံးဖူးယောင်နေတယ်။ မျက်ခုံးမှာလည်း ဓားနဲ့ထိုးထားပေးတဲ့ဒဏ်ရာနဲ့။ ပထမဆုံးရောက်တဲ့စစ်ကြောင်းတွေ ဖမ်းမိတာဟုတ်တယ်။ အဖေနဲ့ဆက် သွယ်တာကြောင့် ဖမ်းထားတယ်လို့ ပြောတယ်။ အဖေကတော့ ပြည်သူ့စစ်(K.I.A)ဟုတ်တယ်။ ကျွန်မတို့ရွာကခေါင်းဆောင် ဟုတ်တယ်။

အခုတော့ ကျွန်မတို့ အိမ်သူအိမ်သားတွေလည်း ကွဲကွာကုန်ပြီ။ ဇော်ဆိုင်းကိုတော့ ဖမ်းထားတာ တစ်လကြာပြီးတဲ့နောက်ပိုင်းမှ မြစ်ကြီးနားကိုရောက်လာတယ်။ အစတုန်းကတော့ အထက်ကဘုန်းကြီး ကျောင်းမှာထားပြီးနောက်တော့အောက်ဘုန်းကြီးကျောင်းကိုပြန်ပြောင်းပေးထားတယ်။ ဇော်ဆိုင်းကတော့စစ် သင်တန်းလည်းမတက်ဖူးဘူး။ အိမ်မှာဘဲနေတဲ့လူဟုတ်တယ်။ အခုသူ့မိန်းမလည်းကလေး ပြန်မွေးနေပြီ ဆိုတော့အမေဘဲကြည့်ပေးနေရတယ်။ အမေလည်းအသက်ကြီးလာပြီဆိုတော့ ပိုက်ဆံလည်း ကောင်းကောင်းမရှာနိုင်တော့ဘူး။

သူ့ဆီတစ်ခါ ရုံးချိန်းသွားပြီဆိုရင် (၂၀,၀၀၀) သို့မဟုတ် (၃၀,၀၀၀) လောက်တော့ပါရတယ်။ ထောင်ထဲရောက်သွာလို့အစားအစာသွားပေးမယ်ဆိုရင်လည်း သူ့ကိုဘဲသွားပေးလို့မဖြစ်။ အထဲမှာ ကတာလောကြီးက လူတွေအများကြီးရှိတယ်ဆိုတော့ အားလုံးပေါင်းစားကြသတဲ့။ အဲဒါကြောင့်မို့ သူ့ကိုဘဲသွားပေးမယ်ဆိုရင် သူကနည်းနည်းဘဲစားရတယ်။ ဒါကြောင့်တစ်ခါသွားပေးရင်သူ့သူငယ်ချင်းတွေ အတွက် ယူသွားပေးရတယ်။ အစတုန်းကတော့ တာလောကြီးက (၄) ယောက်ဘဲနောက် တော့အများကြီးဘဲ။

သူ့ရဲ့ကျန်းမာရေးနဲ့ပတ်သက်ပြီးတော့ကျောမှာတော့ ဒဏ်ရာတွေရှိသေးတယ်။ ဆေးတွေနဲ့ပတ်သက်ပြီးတော့ မြန်မာဆေးတွေဘဲပေးလို့ရတယ် အင်္ဂလိပ်ဆေးပေးမယ်ဆိုရင် ဆရာဝန်

လက်မှတ်ပါမှ ပေးလို့ရတာ။ အစထောင်ထဲဝင်တုန်းကဆိုရင် ဆယ့်နှစ်လက်မလောက်ဘဲရှိတဲ့ နေရာကိုအိပ်ယာလုပ်ဖို့အတွက် (၅၀,၀၀၀) နဲ့ဝယ်ရတယ်။ အခုတော့ ဆယ့်နှစ်လလောက်ရှိတဲ့အချိန်မှာ ရုံးချိန်းက (၃၂) ဟုတ်ပြီ။ တစ်ခါသွားမယ်ဆိုရင် (၂၅,၀၀၀) လောက်တော့ကုန်တယ်။

## ဇော်ဆိုင်းရဲ့ဇနီးပြောဆိုချက်

သူ့ကိုဖမ်းသွားတာ ဘယ်သူမှမပြောပြဘူး။ ကျွန်မက သူ့ကိုအိပ်ယာနဲ့ထမင်းသွားပို့မယ်ဆိုရင် တောင်အဲဒီကစစ်သားတွေကသူတို့မဖမ်းထားဘူး လို့ပြန်ပြောလိုက်တယ်။ နောက်တော့ကျွန်မ တအား တောင်းပန်ပြီးတော့ ပြောတယ်ဆိုတော့ သွားတွေ့တဲ့အချိန်မှာ မျက်လုံးရဲ့အပေါ်ဘက်မှာ ဓားနဲ့ထိုးထား ပေးတာကိုတွေ့လို့ကျွန်မတောင် သူ့ကိုမျက်စိမမြင်တော့ဘူးလို့တောင်ထင်နေတာ။ လည်ပင်းမှာလည်း လှီးထားပေးတယ်။ ကျွန်မက "မင်းတို့လှီးထားပေးတယ် " လို့ပြောရင်သူတို့က "မဟုတ်ဘူး အနာစိမ်း ပေါက်တယ်" လို့ပြန်ပြောတယ်။

တာလောကြီးမှာ တစ်လခွဲလောက်ထားပြီး ဘယ်သူမှမသိတဲ့အချိန် ဘာမှမပြောဘဲနဲ့မျက်စိ ကိုအဝတ်မဲနဲ့အုပ်ပြီး လက်လည်းချည်ပေးလိုက်ကာ အမြန်ရုပ်ပြေးယာဉ်နဲ့ မြစ်ကြီးနားကိုပို့လိုက်တယ်။ အဲချိန်မှာကျွန်မက ကိုယ်ဝန်ကြီးနဲ့ကျန်ခဲ့တယ်။ အိမ်ကမုန်ညှင်းခင်းလည်း ရိတ်ရ အုန်းမယ်။ ယောက္ခမရဲ့မုန်ညှင်းခင်းလည်း ရိတ်ရအုန်းမယ်ဆိုတော့ ဒုက္ခတော်တော်ရောက်နေတယ်။ ရုံးချိန်းလည်း အကြိမ် (၂၀) လောက်တော့လိုက်ပြီ။ ယောက္ခမလည်း ပိုက်ဆံကလည်းရှာရ ကလေးလည်းထိန်းရအုန်းမယ်ဆိုတော့ တော်တော်ဒုက္ခရောက်နေတယ်။ ၁၇(၁) နဲ့တရားစွဲထားတယ်လို့ ပြောတယ်။

သူကစစ်သင်တန်းလည်း မတက်ဖူးဘူး၊ တကယ်လို့များသူသာစစ်သားလုပ်မယ်ဆိုရင် ကျွန်မလည်းမယူဘူး။ ကျွန်မကောင်းကောင်းစုံစမ်းပြီးတော့ ယူတာဟုတ်တယ်။ သူကနဂိုကတည်းကနေ သိပ်မကောင်းလို့ အိမ်မှာအေးအေးဆေးဆေးဘဲနေတဲ့သူဟုတ်တယ်။ ရုံးချိန်းအရမ်းများလို့ တအား စိတ်ညစ်တယ်။ တစ်နေ့လုပ်တစ်နေ့စားဆိုတော့ ပိုက်ဆံလည်းလိုတယ်။ ဒါကြောင့်အခုတော့ အစ်ကိုတို့ အိမ်မှာနေနေတာဟုတ်တယ်။အပြစ်ရှိရင်လည်းထောင်ချလိုက် အပြစ်မရှိရင်လည်းမြန်မြန်လွှတ်ပေးလိုက်ရင် ကောင်းတယ်။ သူမရှိရင်လည်း အမှောင်ကမ္ဘာထဲမှာနေရသလိုဘဲ ခံစားရတယ်။ သူ့ကိုဖမ်းထားတာ(၈) လရှိပြီ။ သူလွှတ်ခဲ့မယ်ဆိုရင်တော့တအားကောင်းမှာ ပိုက်ဆံဘယ်လောက်ကုန်သွားလည်းဆိုတာတော့ ကျွန်မမသိဘူး။ ယောက္ခမနဲ့ ယောက်မဘဲပိုက်ဆံပေးတယ်ဆိုတော့ ပိုက်ဆံဘယ်လောက်ကုန်သွားလည်း မသိဘူး။

တရားခံအမည် : မောင်ဆိုင်
အဖအမည် : ဦးလှဦး
အသက် : ၃၅ နှစ်
ကျား\မ : ကျား
ပညာအရည်အချင်း : ၇တန်း
အလုပ်အကိုင် : လယ်ယာ
အိမ်ထောင်ရှိ\မရှိ : ရှိ
ဇနီး၏အမည် : ဒေါ်ခင်မြင့်
အမြဲနေရပ်လိပ်စာ : တာလောကြီး၊ဝိုင်းမော်မြို့နယ်၊ကချင်ပြည်နယ်။
လက်ရှိနေရပ်လိပ်စာ : တာလောကြီး၊ဝိုင်းမော်မြို့နယ်
ဆက်သွယ်ရမည့်သူ : ဒေါ်ဝင်းတင်
ဆက်သွယ်ရမည့်လိပ်စာ : တာလောကြီး၊ဝိုင်းမော်မြို့နယ်
အဖမ်းခံရသည့်နေ့ရက် : ၇ ရက် . ၁၂ လ . ၂၀၁၁ ခုနှစ်
တရားရုံးအမည် : မြစ်ကြီးနားနယ်



စွဲဆိုသည့်ဥပဒေပုဒ်မ : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁)
အင်တာဗျူးသည့်နေ့ : ၂၁ ရက် . ၁၁ လ . ၂၀၁၂ ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း : HI

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

မောင်ဆိုင်သည် နွားအရောင်းအဝယ်လုပ်ရန် ဦးထွေးအိမ်ကိုသွားခဲ့တယ်။ အဲဒီမှာ စ.ရ.ဖ တွေက K.I.A ဗိုလ်ကြီးတစ်ဦး၏လူယုံတော်ဟုစွပ်စွဲကာ တာလောကြီးဘုန်းကြီးကျောင်းသို့ ၇ရက်၊ ၁၂လ၊ ၂၀၁၂ခုနှစ်မှာ ဖမ်းဆီးခေါ်ဆောင် သွားတယ်။ စုစုပေါင်းဖမ်းဆီးခံရတာက (၁၁) ဟုတ်တယ်။ ဒါပေမယ့်ကျန်တဲ့ (၁၀)ယောက်ကိုတော့ အဲဒီညမှာဘဲလွှတ်ပေးတယ်။ မောင်ဆိုင်ကိုတော့ဆက်လက်ဖမ်းဆီးထားခဲ့တယ်။ ယခုလက်ရှိ ၁၇(၁) ပုဒ်မဖြင့် မြစ်ကြီးနားတရားရုံးတွင် အမှုရင်ဆိုင်လျက်ရှိသည်မှာ တစ်နှစ်ခန့်ကြာမြင့်နေပြီ ဖြစ်ပါသည်။

## မောင်ဆိုင်၏မိခင်ဒေါ်ဝင်းတင်ပြောဆိုချက်

တာလောကြီးမှာဘဲ လယ်လုပ်တယ်။ နွားအရောင်းအဝယ်လုပ်တယ်။ ၇ရက်၊ ၁၂လ၊ ၂၀၁၁ခုနှစ်မှာတော့ နွားအရောင်းအဝယ်ကိစ္စနဲ့ ဦးထွေးအောင်အိမ်ကိုသွားတယ်။ အဲဒီအိမ်မှာ စ.ရ.ဖ တွေလာပြီးမင်းက သောင်းကျန်းသူ ဗိုလ်ကြီးတစ်ယောက်ရဲ့ လူယုံတော်ဟုတ်တယ်ဟုပြောပြီး တာလောကြီး ဘုန်းကြီးကျောင်းကို စုစုပေါင်းသူနဲ့အတူ (၁၁)ယောက်ကို ဖမ်းသွားတယ်။ အဲဒီဘုန်းကြီးကျောင်းမှာ တစ်လလောက်နှိပ်စက်တယ်။ သူနဲ့အတူနှိပ်စက်ခံရတဲ့သူတွေက ဇော်ဆိုင်း၊ ဘရန်ဆိုင်း၊ ဆိုင်းလာ အောင်သိန်းထိုက် (၅) ယောက်ဟုတ်တယ်။ အိမ်ကလူတွေ ထမင်းချိုင့်သွားပို့တယ် တွေ့ခွင့်မရှိဘူး။ ဘယ်သူနဲ့မှမတွေ့ခိုင်းဘူး။ တစ်လလောက်နီးပါးဘဲ ကျွန်မစိတ်ထဲမှာတော့ အရမ်းသနားတယ်။ စိတ်လည်း မကောင်းဘူး။ အိပ်လို့တောင်မပျော်ဘူး။ လူသတ်မှုဖြစ်တာလည်းမဟုတ် ဒီလောက်ထိ နှိပ်စက်စရာအကြောင်း မရှိဘူးလို့ထင်တယ်။

အဲဒီနောက်ပိုင်းကျွန်မသမီးဆီကို မောင်ဆိုင် မြစ်ကြီးနားထောင်ရောက်နေတယ် ဆိုပြီး ခတ်ချိုရွာ ကရုံးချိန်းသွားတွေ့တဲ့လူဆီက သိရတယ်။ အဲဒီနောက်ပိုင်းမှသူမြစ်ကြီးနားထောင်ရောက်မှန်း သိရတယ်။ ကျွန်မကတာလော ကြီးမှာ ဖမ်းထားတယ်လို့ဘဲထင်နေတာ။ ရုံးချိန်းမှာသွားတွေ့မှဘဲ သူနဲ့တွေ့ဖြစ်တယ်။ သူပြောပြတာတွေက သူတို့ကိုနံနက်စောစော မျက်လုံးကိုအဝတ်နဲ့စည်းပေးပြီး အလုံကားနဲ့ ခေါ်သွားတဲ့အကြောင်း၊ မြစ်ကြီးနား စ.ရ.ဖ ရုံးရောက်တဲ့ အခါတော့မနှိပ်စက်တော့တဲ့အကြောင်း ပြောပြတယ်။ သူတို့ကမသ်ကာလို့ ဖမ်းသွားတာဖြစ်တယ်လို့ ပြောပြတယ်။ သူရဲ့ရုံးချိန်း၊ ထောင်ဝင်စာသွားတွေ့တာပေါင်း သိန်း(၂၀)လောက်ကုန်ပြီ။

စွပ်စွဲခံရသူအမည် : လထော်ဘရန်ရှောင်
အသက် : ၂၆ နှစ်
ကျား\မ : ကျား
ပညာအရည်အချင်း : ၄တန်း
အလုပ်အကိုင် : တောင်သူ
အိမ်ထောင်ရှိ\မရှိ : ရှိ
ဇနီး၏အမည် : ဇယ်ညွယ်
အမြဲနေရပ်လိပ်စာ : အင်ပေါင်၊ဝိုင်းမော်မြို့နယ်၊ကချင်ပြည်နယ်။
လက်ရှိနေရပ်လိပ်စာ : ဂျန်မိုင်ကောင့်(IDP)၊မြစ်ကြီးနားမြို့
ဆက်သွယ်ရမည့်သူ : ဇယ်ညွယ်
ဆက်သွယ်ရမည့်လိပ်စာ : ဂျန်မိုင်ကောင့်(IDP)၊မြစ်ကြီးနားမြို့

| | |
|---|---|
| အဖမ်းခံရသည့်နေ့ရက် | : ၁၇ ရက် . ၆ လ . ၂၀၁၂ ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၃ ရက် . ၈ လ . ၂၀၁၂ ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဘရန်ရှောင်သည် စစ်ရှောင်တိမ်းရန်အတွက် အင်ပေါန်မှမြစ်ကြီးနား၊ ဂျန်မိုင်ကောင်းစစ်ရှောင်စခန်းသို့ (၂၉ရက်၊ ၇လ၊ ၂၁၁၁ခုနှစ်)တွင် မိသားစုနှင့်တကွရောက်ရှိလာခဲ့ပါသည်။ အဆောင်(၁)၊ အဆောင်မှူးလုပ်ကာ နေထိုင်နေစဉ် တွင် (၁၇ရက်၊ ၆လ၊ ၂၀၁၂ခုနှစ်)ရက်နေ့တွင် စ.ရ.ဖ မှဗိုလ်ကြီးကျော်စွာလင်းနှင့် ရပ်ကွက်အုပ်ချုပ်မှူးတို့နှင့်တကွ စုစုပေါင်း (၁၀) ယောက်ကျော် လာရောက်ဖမ်းဆီးခဲ့ပါသည်။ စ.ရ.ဖ ရုံးတွင် ညှင်းပန်းနှိပ်စက်မှုများပြုလုပ်ခြင်းခံခဲ့ရပါသည်။ ယခုအချိန်တွင် ၁၉၀၈ မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)အရ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ရုံးတင်စစ်ဆေးမှုခံယူလျက်ရှိနေပါသည်။

## လထော်ဘရန်ရှောင်ဇနီး ဇယ်ညွယ်ပြောဆိုချက်

ကျွန်မနာမည်က ဇယ်ညွယ်ဟုတ်ပါတယ်။ ကျွန်မယောကျာ်းနာမည်က လထော်ဘရန်ရှောင်ပါ။ သူ့ကိုဖမ်းသွားတာက၆လ၊၁၇ရက်၊၂၀၁၂ခုနှစ်ည(၉)နာရီမှာဟုတ်တယ်။campအထဲကလာဖမ်းခေါ်သွားတာဟုတ်တယ်။ ဒီဂျန်မိုင် ကောင် camp စဖွင့်ကတည်းကနေ ကျွန်မတို့မိသားစု လာနေတာဟုတ်တယ်။ သူ့ကိုတနင်္ဂနွေနေ့ လာဖမ်းတယ်ဆိုရင် ကျွန်မကသောကြာနေ့မှ ဆေးရုံကဆင်းလာတာ။ ကျွန်မတောင်အားမရှိလို့ လမ်းကောင်းကောင်းမလျှောက်နိုင်သေးခင်မှာ သူ့ကိုလာဖမ်းသွားတယ်။ ကျွန်မတို့မိသားစုက ၂၉ရက်၊ ၇လ၊ ၂၀၁၁ခုနှစ် ကနေစပြီးဒီနေရာမှာလာနေတာဟုတ်တယ်။ ရောက်ကတည်းကနေ ဘယ်မှမသွားဘဲ camp မှာဘဲနေနေတယ်။

သူတို့ဒီနေရာမှာ လာဖမ်းတုန်းက ဖောက်ခွဲသုံးဆိုပြီးလာဖမ်းတယ်။ ဘာအထောက် အထားလည်းမပါဝရမ်းလည်းမပါဘဲနဲ့လာဖမ်းသွားတာ။ (၁၀)ယောက်ကျော်လောက် လာဖမ်းတယ်။ (၄) ယောက်ကတော့ camp ထဲကိုဝင်ပြီးလာဖမ်းတယ်။ ဖောက်ခွဲသုံးနဲ့စစ်ဆေးမေးမြန်စရာရှိတယ်လို့ ပြောပြီးလာဖမ်းသွားတာ။ campက တာဝန်ခံဆရာအောင်မြတ်လည်းလိုက်သွားတယ်။ ဟိုမှာရောက်တဲ့ အခါကျတော့ ဧည့်ခန်းမှာထိုင်ထားခိုင်းပြီးနောက်မှဘရန်ရှောင်ကို အခန်းထဲခေါ်သွားတယ်။ "မင်းကို ဘာတွေအရင်မေးသလဲ" လို့ကျွန်မကယောကျာ်ကိုမေးတဲ့အခါမှာ သူက "အခန်းထဲဝင်တာနဲ့ မင်းကိုငါမြင်ဖူးတယ်။ မင်းက KIA ဗိုလ်ကြီးဘဲ" လို့ပြောတယ်။ အဲချိန်မှာသူက "ကျွန်တော် K.I.A ဗိုလ်ကြီးမဟုတ်ဘူး။ ကျွန်တော်ကရိုးရိုးသားသားလုပ်ကိုင်စားသောက်ပြီးနေတာပါ" လို့ပြန်ပြောတယ်။ အဲချိန်ကစပြီးလက်ပြန်ကြိုးတုတ်ကာ နှိပ်စက်တယ်တဲ့။ ခေါင်းမှာတော့ အမြဲတမ်းတုတ်နဲ့ရိုက်ပေးလို့ နာခေါင်းကသွေးတွေအများကြီးဘဲ ထွက်သွားတယ်။

အခုသူ့ဦးနှောက်ကပုံမှန်မဟုတ်တော့ဘူးဆိုတော့ ကျွန်မတို့ကိုတော့ သတိရတစ်ချက်မရတစ်ချက်ဖြစ်ပြီး ကျွန်မစကားသွားပြောရင်တောင် ဗမာစကားဘဲပြောလာတော့တယ်။ အခုသွားတွေ့ရင်လည်း သူက " ကျွန်တော့ ဦးနှောက်ပုံမှန်မဟုတ်တော့ဘူး" လို့ဘဲ ပြောနေတော့တယ်။ သူပြောတာတော့ စ.ရ.ဖ မှာ (၃) ရက်လောက် ရိုက်နှက်တယ်လို့တော့ပြောတယ်။ ဒါပေမဲ့လည်း ဆရာအောင်မြတ်က သူသတိလစ်သွားလို့ထင်တယ် တကယ်တမ်းကျတော့(၅) ရက်လောက်ရိုက်နှက်ပြီးတော့ စစ်မေးတယ်လို့ ပြန်ပြောပြတယ်။ သူကရိုက်နှက်တဲ့အချိန်မှာ သတိလစ်သွားလို့ (၃) ရက်ဘဲမှတ်မိတော့တာဟုတ်တယ်။ နောက်ပြီး (၃)ရက်စလုံး ထမင်းလည်းမကျွေးဘူး။ ဒီလိုနောက်ပြန်ကြိုးဘဲ ချည်းထားပြီးတော့ထားထားတယ်။

အခုတော့ သူ့ရဲ့ဘယ်ဘက်နားက လုံးဝမကြားရတော့ဘူး။ ညာဘက်ကျတော့ နည်းနည်းလေးတော့ကြားသေးတယ်။ တစ်ခါတလေကျွန်မနဲ့တွေ့ရင် ကျွန်မပြောတာကတစ်မျိုး သူကြားတာက



တစ်မျိုးနဲ့တော်တော် ဒုက္ခရောက်တယ်။ သူ့နဲ့စကား ပြောရင်ရီလိုက် ဗမာစကားပြောလိုက်နဲ့ တစ်ခါတစ်လေမဖြစ်ပေမဲ့လည်း တစ်ခါတစ်လေတော့ဖြစ်နေတယ်။ အခုသူ့ မှာ ပိုပြီးဆိုးဝါးနေတာက နားမကြားတာရယ် ချောင်းဆိုးလိုက်ရင်သွေးထွက်လာတာရယ်ရင်ဘတ်မှာလည်းဘာဖြစ်လည်းမသိဘူး။အသက်လည်းကောင်းကောင်းရှူလို့မရဘူး။ စကားအများကြီးလည်းပြောလို့မရဘူးလို့ ပြောတယ်။

ဆရာအောင်မြတ်နဲ့အစတွေ့တုန်းကတော့ လည်းပင်းညစ်ပေးထားတယ်ထင်တယ် တံတွေးမြိုချရင်လည်း တော်တော်နာ တယ်လို့ပြောတယ်။ မီးတို့ပေးတာကလည်း အန္တရယ်အကြီးဆုံးဖြစ်တဲ့ ချက်မှာတို့ပေးတယ်။ ကျွန်မကိုတော့မပြောပြဘူး ဒါပေမယ့်ဆရာအောင်မြတ် ပြောပြလို့သိတာ။ ကျွန်မကိုတော့ သူ့ရဲ့မျက်နှာကမြင်နိုင်တဲ့ အရာတွေကိုဘဲပြောပြတယ်။ မျက်နှာပြင်က (၂) လက်မလောက်ရှိတဲ့ မီးတို့ပေးထားတဲ့အရာကိုဘဲပြတယ်။ မျက်ခုံးမွှေးအပေါ်မှာတော့ ဆေးလိပ်မီးနဲ့တို့ထားပေးတယ်။ အဲဒီအမာရွတ်ကတော့ တစ်သက်လုံးပါသွားမယ်ထင်တယ်။ တစ်ခြားမမြင်ရတဲ့နေရာကတော့ ပေါင်တစ်ဖက်မှာ ဓားမြောင်နဲ့ထိုးပြီးတော့ မွှေပေးတယ်။ တစ်ဖက်ကို(၆)ခေါက်စီထိုးပေးပြီးခြေသလုံးကို သူတို့အုတ်ခုံပေါ်တင်ထား ဝါးလုံးနဲ့(၂)ယောက် တက်နင်းကာလိမ့်ပေးတယ်။ အခုတောင်သူ့ရဲ့ခြေသလုံးမှာ အမာရွတ်ရှိနေသေးတယ်။ သူပြောတာက "ကျွန်တော်လမ်းလျှောက်ရင် ကျွန်တော်ခြေထောက်က အပြင်ဘက်ရောက်သလိုခံစားရတယ်" လို့ ပြန်ပြောပြတယ်။ သူ့ကိုနှိပ်စက်တဲ့ပုံက အဲလို ဟုတ်တယ်လို့ပြောပြတယ်။

သူက အရက်ဆေးလိပ်မူးယစ်ဆေးဝါးတွေနဲ့ ပတ်သက်ပြီးမသုံးဘူး။ သူက (၄)တန်းတော့ တက်ပေမဲ့ဦးနှောက်သိပ်မပြေးဘူး။ စာလည်းသိပ်မတတ်ဘူး။ သူစာတွေရေးချင်ရင်တောင်မှ ကျွန်မကိုစာရေးချင်တယ် ဘယ်လိုရေးရမလဲလို့ မေးမေးနေတတ်တယ်။ ကျွန်မပြောပြရင်တောင် သူကမရေးတတ်ဘူး။ ကျွန်မအကြမ်းရေးပေးမှ သူကပြန်ပြန်ရေးယူရတယ်။ သူ့နာမည် ဘရန်ရှောင်ဆိုတဲ့ နာမည်ရေးရင်တောင် ကျွန်မမပါရင်မမှန်တော့ဘူး။ စာလုံးပေါင်းတွေချန်ချန်ခဲ့တာ ဗမာလိုရေးရင်လည်း သူကကောင်းကောင်းမတတ်ဘူး။ သူ့မှာရှိတဲ့အရည်အချင်းက လိမ္မာတယ်၊ အလုပ်ကြိုးစားတယ်။ အဲဒါက ဒီ camp မှာရှိတဲ့ လူတွေအားလုံးထောက်ခံတယ်။ သူက camp (၂) ရဲ့အဆောင်မှူးလည်း ဟုတ်တယ်။ ဒီ camp မှာအလုပ်တစ်ခုခိုင်းလိုက်ပြီဆိုတာနဲ့အောက်ခြေသိမ်းကအစ သူအားလုံးသိမ်းကျုံးပြီး လုပ်တယ်။

ရုံးချိန်းက အခုချိန်ထိဆိုရင်(၉)ကြိမ် ဖြစ်သွားပြီ။ ရုံးချိန်းတစ်ခါသွားမယ်ဆိုရင် ပိုက်ဆံက(၈၀၀၀)ကနေ(၁၀၀၀၀) လောက်ကုန်တယ်။ တစ်ခါတလေသူဖျားပြီဆိုရင် ဆေးကိုလည်းတစ်ခါစားနစ်ခါစားဘဲ ပေးလို့ရတယ်။ အဲဒါကြောင့် မို့ကျွန်မက သူ့ကိုအထဲက ဆရာဝန်ရဲ့လက်မှတ်ကိုရအောင်ယူခဲ့ပါ အဲဒါမှဆေးများများထည့်ပေးလို့ ရတယ်လို့ ပြောပြရတယ်။ အို.......... ခက်တာကတော့ပြောမနေနဲ့တော့ သူကကျွန်မကို ထောင်ဝင်စာလာတွေ့ခိုင်းချင်နေတယ်။ ဒါပေမယ့် ကျွန်မမှာကလေးထိန်ပေးမယ့်လူမရှိဘူး ညီမလာမှဘဲလာတွေ့မယ်လို့ ပြန်ပြောထားရတယ်။ ထောင်ဝင်စာ တစ်ခါသွားတွေ့မယ်ဆိုရင် အနည်းဆုံးတော့(၁၅၀၀၀)လောက် ကုန်တယ်လေနော်။ ထောင်ကိုသွားရင်လည်း ထောင်ဝ မှာ ငွေ(၁၀၀၀)ပေးရတယ်။ နောက်ပြီးသူ့အတွက် အစားအသောက်တွေပြန်ယူသွားပေးမယ် ဆိုရင် (၁၅၀၀၀) လောက်ကုန်တယ်လေ။ သူ့ကိုတော့ပိုက်ဆံမရှိဘူးလို့လည်း မပြောရဲဘူး။ ကလေးလည်း အစတုန်းကတော့ တော်တော်လေးဝတယ်။ သူ့အဖေကိုဖမ်းသွားပြီးနောက်ပိုင်း သွားခေါ်တွေ့တဲ့အချိန်မှာ လန့်ပြီးဖျားသွားတာအခုဆိုရင်တအားပိန်သွားပြီ။

သူ့ကိုတော့(၁၇)ရက်နေ့ဖမ်းသွားတယ်ဆိုရင်(၂၀)ရက်နေ့နေ့လယ်မှာcampကိုပြန်ခေါ်လာတယ်။ မျက်နှာမှာတော့ ရစရာမရှိအောင် ရိုက်နှက်ထားပြီး ခေါ်လာတာကြောင့် ကျွန်မတောင်ကောင်းကောင်း မကြည့်တတ်တော့ဘူး။ ကလေးဆန်မှုန့်သွားယူပြီး ပြန်လာတဲ့အခါမှာ ကျွန်မတို့အခန်းမှာ စစ်သားတွေ စောင့်နေတယ်။ အဲနောက်မှာမှဘရန်ရှောင်ကိုခေါ်လာတဲ့ကားက ပြန်ဝင်လာတယ်။ အဲဒီအခန်းမှာ ကားကလာရပ်ပြီး ကျွန်မက ဘရန်ရှောင်မပါဘူးလို့ကြည့်နေတာ နောက်ဖုန်းကနေပြီးနောက်ပြန်ကြိုးတုတ်ပြီး တွန်းထုတ်လိုက်တယ်။ တွန်းထုတ်လိုက်တာနဲ့ ကျွန်မပြန်ကြည့် လိုက်တဲ့အချိန်မှာ ကျွန်မယောကျာ်းနဲ့လည်းမတူတော့ဘူး။

ကျွန်မယောကျာ်းသန့်သန့်ပြန့်ပြန့်ကို ရုပ်ပျက်ဆင်းပျက်ဖြစ်အောင် လုပ်ပေးပြီးတော့ မျက်နှာမှာလည်းမျက်မှန်တပ်ထားသလို နှတ်ခမ်းကလည်းထော်နေပြီး ကျွန်မ (၅) မိနစ် လောက်သေချာကြည့်ပြီးမှဆံပင်နဲ့

ခြေထောက်ကိုကောင်းကောင်းကြည့်ပြီးမှ ကျွန်မကငိုပြီကော။ သူတို့ကတစ်ခါထဲအိမ်ထဲကိုခေါ်သွားပြီး အိမ်ထဲမှာဓာတ်ပုံလာရိုက်ယူတယ်။ အဲလိုရိုက်ယူပြီး ပြန်ခေါ်ထွက်သွားတယ်။ နောက်ပြီးကျွန်မကမူးမေ့သွားတယ်ဆိုတော့ သူငယ်ချင်းတွေကနှိပ်နယ်ပေးပြီး ဆေးခန်းကိုခေါ်သွားတယ်။ ကျွန်မလည်းအဲကစပြီး ကျွန်မယောကျာ်းကို တွေ့ပြီးလန့်သွားတယ်။ အခုအချိန်ထိ ကျွန်မယောကျာ်းရဲ့ မျက်လုံးအောက်မှာ သွေးခြေဥ အဖတ် လိုက်အဖတ်လိုက် ရှိနေ သေး တယ်။

နောက်နေ့လည်း တစ်ခါခေါ်လာသေးတယ်။ ဒါပေမယ့်အဲဒီနေ့က အထဲကိုမခေါ်လာတော့ဘူး။ အဲဒီတံခါးနားမှာဘဲလာရပ်ပြီး အဲဒီနေ့ဖမ်းမိတဲ့ပုံစံနဲ့ ဓါတ်ပုံလာရိုက်ယူသွားတယ်။ ကျွန်မကိုတော့ ရဲဗိုလ်တစ်ယောက်ကခေါ်ပြီး ထမင်းစားခန်းထဲကိုသွား ညီအစ်ကိုမောင်နှမဘယ်နှယောက် ရှိသလဲ လို့မေးတယ်။ အရင်နေ့ကလိုလိုက်ငိုမယ် ထင်လို့အဲလိုလုပ်တာထင်တယ်။ အဲနေ့ကနေစပြီး ဆရာအောင်မြတ်က သူ့ရဲ့ပုဆိုးမှာ သွေးထွက်နေတာကိုတွေ့တယ်။ ဒါပေမယ့် ကျွန်မကတအားငိုလို့ မတွေ့လိုက်ဘူး။ အဲနေ့က ပုဆိုးကိုလည်း ခပ်ရှည်ရှည်လေး ဝတ်ခိုင်းထားတယ်။ ခါတိုင်းဆို သူကပုဆိုးကိုဘယ်တော့မှအဲလိုမဝတ်ဘူး။ သူ့ရဲဖမ်းဆီးအရာရှိက ဗိုလ်ကြီးကျော်စွာလင်းဟုတ်တယ်။ သူကနှိပ်စက်တော့မနှိပ်စက်ဘူး။ ဒါပေမယ့်ရမာန်ယူတဲ့ရက်မှာ အသံဖမ်းစက်ထည့်ပေးလိုက်တာသူဘဲ။ သူ့ရဲ့(၂)ခေါက်မြောက်ရုံးချိန်းမှာတော့ ဗိုလ်ကြီးကျော်စွာလင်းကို မေးတာဟုတ်တယ်။

အဲနေ့ကျွန်မတို့ရဲ့ရှေ့နေက ကျွန်မယောကျာ်းကို "မင်းကိုအသံ ဖမ်းစက်တပ်ပေးလိုက်တာသူလား" လို့မေးရင် သူက "ဟုတ်တယ်" လို့ပြန်ဖြေတယ်။ သူတို့လာဖမ်းတဲ့အချိန်မှာ သူ့ရဲ့မျက်နှာမှာဘာမှမကပ်ပေမဲ့လည်း အဲဒီရုံးချိန်းရက်မှာတော့ သူတို့(စ.ရ.ဖ)ထွက်ဆိုတာက သူတို့မဖမ်းခင်(၂)ရက် လောက်မှာဆိုင်ကယ်မှောက်လို့ မျက်နှာမှာရော ခြေထောက်မှာတွေရော ဒဏ်ရာရထားတယ်လို့ သူတို့ကထွက်ဆိုထားတယ်။ သူက(ဘရန်ရှောင်)ဒီမှာနေတယ်ဆိုရင် နေ့စားခေါ်တယ်ဆိုရင်နေ့စားသွားတယ်။ ကျွန်မကအသက်ကြီးမှ ကလေးရတယ်ဆိုတော့ နို့ကမထွက်လို့ ကလေးကို တစ်ခြားကျွေးရတာကြောင့် ကလေးအတွက် ဘဲပိုက်ဆံရှာတာ ဟုတ်တယ်။ အခုဆိုရင်သူကပြန်မရှိ နေ့စားလည်းသွားလို့မရ ရုံးချိန်းကပြန်သွားရဆိုတော့ ခေါင်းတောင်မူးလာတယ်။

ကျွန်မကလည်းအဲကတည်းက စိတ်ညစ်သွားပြီး ကျွန်မရဲ့လက်မှတ်ကိုထိုးရင်တောင်မှ (၇၊ ၈) ခါလောက်ထိုးမှမှန်တော့တယ်။ ကျွန်မသူငယ်ချင်းနန်းရှင်ဆိုရင် သူ့ကိုလာဖမ်းလိုက်ပြန်လာပြလိုက်လုပ်တဲ့အချိန်မှာ စိတ်ဖောက်သွားပြီး စိတ္တဇ ဆေးရုံတောင်ပို့ပြီး တစ်ပါတ်လောက်ဆေးကုသမှု ခံယူလိုက်ရတယ်။ အဲက camp ကအသက်ကြီးတဲ့ လူတွေဆိုရင်တအားလန့်သွားပြီး ဆရာကိုတောင် camp ပြောင်းတော့မယ်လို့ လာပြောကြသတဲ့။ သူတို့လာဖမ်းတဲ့အချိန်မှာ ဘရန်ရှောင်ကို K.I.A သုံးပွင့်ဗိုလ် ပညာအရေအချင်း ကော်လိပ်လို့ပြောပြီးလာဖမ်းတယ်။ အခု ထပ်စစ်ထပ်စစ်ဆိုတော့ ဖောက်ခွဲမှုလည်းမပါတော့ဘူး။ သုံးပွင့်ဗိုလ်လည်း မဟုတ်တော့ဘူး။

သူ့ကို ၂၀၀၄ တုန်းက K.I.A စစ်သားလုပ်တယ် (၃) ရစ်ကပ်တယ်လို့ ဝန်ခံခိုင်းနေတယ်။ သူအဲလိုဝန်ခံလိုက်မှ ရိုက်နှက်တာတွေ နှိပ်စက်တာတွေပေါ့သွားတော့တယ်။ သူ့ကို ကျင်းတစ်ကျင်းလည်းပြသတဲ့ စ.ရ.ဖ ရုံးမှာ ကျင်းတစ်ကျင်းတူးထားတယ်။ သူ့ကိုအဲဒီကျင်းနားမှာ ရပ်ခိုင်းထားပြီး မင်းကိုသတ်လိုက်မယ်လို့ပြောတယ်။ သူက ကျွန်မတို့ မိသားစုကို အရမ်းငဲ့ညာလို့ တကယ်လို့များ သူမရှိရင် ဘာမှမစားမှာစိုးလို့ သူရှိရင်လည်း ကျွန်မကဖျားဘဲဖျားနေတယ်ဆိုတော့ အဝတ်အစားတွေဆို သူဘဲလျှော်ပေးတာ။ ကျွန်မတို့မိသားစုကို အရမ်းချစ်လို့ သူမသေဝံ့တာကြောင့်မို့လို့သူဝန်ခံလိုက်တာ။ ကျွန်မတို့ camp ကလူတွေ နဲ့ K.B.C ကလူတွေ မလိုက်ဘူးဆိုရင် သူသေတောင်သေနိုင်တယ်။ သူ့ကိုတစ်ခါသွားတွေ့ပြီး နောက်ပိုင်း (၃) ရက် လောက် ကျွန်မကထမင်းလည်းမစားနိုင် အိပ်လည်း မအိပ်နိုင်အောင်ဖြစ်သွားတယ်။

| | |
|---|---|
| တရားခံအမည် | : နော်ထွဲ |
| အဖအမည် | : မရစ်နော်ဂျာ |
| အသက် | : ၁၉ နှစ် |
| ကျား\မ | : ကျား |



| | |
|---|---|
| ပညာအရည်အချင်း | : ၆ တန်း |
| အလုပ်အကိုင် | : လယ်ယာ |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : အောင်မြေ(၁)၊ ဗိုင်းမော်မြို့နယ်၊ကချင်ပြည်နယ်။ |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ လပိုင်း၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၂နှစ် |
| အင်တာဗျူးသည့်နေ့ | : ၂၅ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**အမှုဖြစ်စဉ်**

မောင်နော်ထွဲသည် မိသားစုစားဝတ်နေရေးခက်ခဲသောကြောင့် ကန်ပိုင်တီဘက်ကိုသွားပြီး စီးပွားရှာရာတွင် K.I.A နှင့် တွေ့ကာ ပေါ်တာဆွဲခြင်းခံခဲ့ရပါသည်။ K.I.A စစ်တပ်အတွင်းတောက်တိုမယ်ရအလုပ်များ လုပ်ရပြီး ထိုမှထွက်ပြေး လာခဲ့ရာ လမ်းခရီးတွင်တပ်မတော်စစ်ကြောင်း ခ.လ.ရ(၃၂၁)နှင့်တွေ့ကာ K.I.A စစ်သားဟုယူဆသော ကြောင့်ဖမ်း ဆီးနှိပ်စက်မှုပြုလုပ်ပြီး မြစ်ကြီးနား စ.ရ.ဖ ရုံးသို့လွှဲပြောင်းခြင်း ခံခဲ့ရပါသည်။ ယခုအချိန်တွင်မြစ်ကြီးနားမြို့နယ်တရား ရုံးတွင် ၁၉၀၈ မတရားအသင်းအက်ဥပဒေ ၁၇(၁) အရ တရားရင်ဆိုင်နေရပါသည်။

**နော်ထွဲ၏ဖခင်မရစ်နော်ဂျာပြောဆိုချက်**

"ကျွန်တော်ရဲ့သားကကန်ပိုင်တီမှာ ပိုက်ဆံသွားရှာမယ်ဆိုပြီး တရုတ်မတစ်ယောက်ကအာမခံပြီး လာခေါ်သွားတယ်။ ဒါပေမယ့်သိပ်မကြာပါဘူး K.I.A တွေဖမ်းသွားတယ်ဆိုပြီး သတင်းကြားရတော့တာပါဘဲ။ K.I.A စစ်တပ်စခန်းမှာ ခြံရှင်းခိုင်းတယ်။ တစ်ခြားတော့ဘာမှမလုပ်ခိုင်းဘဲ(၁)လလောက်နေခဲ့တယ်တဲ့။ အဲဒီမှာကကျွန်တော့်သား နဲ့သူ့သူငယ်ချင်းတရုတ်လေးတစ်ယောက်နဲ့ အတူစခန်းကနေပြီးထွက်ပြေးလာခဲ့တယ်။ အဲဒီထွက်ပြေးလာတဲ့အချိန်မှာ အစိုးရစစ်ကြောင်း(၃၂၁)နဲ့တိုးပြီး ဒီဇင်ဘာလလောက်မှာ အဖမ်းခံလိုက်ရတယ်။ ကျွန်တော်တို့က စစ်ကြောင်းဖမ်းသွားပြီဆိုတော့ ကျွန်တော်ရဲ့သားကို လိုက်လံပြီးတော့စုံစမ်းကြည့်ခဲ့တယ်။ ဒါပေမယ့် ဘယ်ရောက်သွားမှန်းမသိတော့ဘူး။

ကျွန်တော်တို့က သူ့ကိုသေပြီလို့တောင်ထင်ထားတာ။ သူ့ကိုဖမ်းသွားပြီး တစ်လအကြာဇန်နဝါရီလမှ သူ့ကို ပြန်တွေ့တယ်။ သူပြောပြတာက အဲဒီတစ်လအတွင်းမှာ သူ့ကိုရိုက်နှက်စစ်ဆေးမှုတွေများလွန်းလို့ အခုဆိုရင်သွေးတွေတောင် အန်တဲ့အထိခံစားနေရတယ်လို့ပြန်ပြောပြတယ်။ အဲဒီမှာတစ်လလောက်ဖမ်းထားပြီးတဲ့နောက်မှာတော့ စ.ရ.ဖ ကိုပြန်ပြီးပို့လိုက်တယ်။ စ.ရ.ဖ မှာတော့ စစ်ဆေးမေးမြန်းမှုတွေတော့ရှိပေမဲ့ (၃၂၁) လောက်မှာတော့ ရိုက်နှက်မှုသိပ်မရှိတော့ဘူးလို့ပြောတယ်။ ၂၀၁၂ ဧပြီလလောက်မှာတော့ ကျွန်တော်ရဲ့သားကိုမြစ်ကြီးနားပို့ပြီး တရားရုံးရောက်တော့တာဘဲ။ သူတရားစပြီးတော့ ရင်ဆိုင်ရကတည်းကနေ အမိန့်ချပြီးချိန်ထိ ငွေပေါင်း ၁၀ သိန်းလောက်ရှိပြီ။ အိမ်မှာဆိုရင်တောင်ယာဘဲလုပ်စားတာဆိုတော့ ပိုက်ဆံကမရှိ၊ တောင်ယာလုပ်ရင်လည်းလူပြန်ခေါ်နေရတယ်ဆိုတော့ ပိုက်ဆံကပိုကုန်နေပြီ။

သူ့အမေလည်းသူ့ကိုဖမ်းထားတယ်ဆို တော့ အိမ်မှာငိုချည်းဘဲငိုနေပြီး ဘာမှပြောလို့မရ တော့ဘူး။ ကလေးကငယ်သေးတယ်ဆိုတော့ အမေကစိတ်ပူ တယ်လေ။ အခုကျွန်တော့်သားကထောင်ထဲမှာ ကျန်းမာရေးအခြေနေကတော့ကောင်းပါတယ်။ ဒါပေမယ့် အခုတလောကတော့ ယားနာအကြီးကြီး တွေပေါက်နေတယ်လို့တော့ပြောတယ်။ နောကပြီး သူ့ကိုရိုက်နှက်ထားတဲ့အနာဟောင်းက ပြန်ပြန်ထလာတယ်ဆိုတော့ အဲဒါလည်းဆေး စားနေရတယ်။ သူ ပြောတာတော့ချောင်းဆိုးရင်သွေးထွက်တယ်လို့ပြောတယ်။ သူ့ကိုတရားရင်ဆိုင်တုန်းကဆိုရင် တရားရုံး တစ်ခါသွားရင် အနည်းဆုံးသုံးသောင်း(၃၀၀၀၀)လောက်ကုန်တယ်။ အခုတော့ ကျွန်တော့်သားက ထောင် ဒဏ် ၂ နှစ် ကျသွားပြီဆိုတော့ အယူခံလည်းဝင်ရမှာ

အခုထိတောင်မဝင်ရသေးဘူး။ ပိုက်ဆံမရှိဘူးဆိုတော့ ဘယ်လိုလုပ်ရမယ် မှန်းလည်းမသိတော့ဘူး။”

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : အင်ရနော်ဆန့် |
| အသက် | : ၃၀ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : K.I.Aစစ်သား |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ဂျာခူလု |
| နေရပ်လိပ်စာ | : နောင်နန်း၊မြစ်ကြီးနားမြို့နယ် |
| လက်ရှိနေရပ်လိပ်စာ | : ဒူကထောင်၊မြစ်ကြီးနားမြို့ |
| အဖမ်းခံရသည့်နေ့ရက် | : ၂၉ရက်၊ ၆လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၂) |
| အင်တာဗျူးသည့်နေ့ | : ၁၃ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**အမှုဖြစ်စဉ်**

အင်ရနော်ဆန့်သည် ယခင်က K.I.A စစ်သားအဖြစ်စစ်မှုထမ်းပြီးနောက် လဆန်အောင်ဝါစစ်သားအဖြစ် အမှုထမ်းခဲ့ပါသည်။ ထို့နောက်တပ်မတော်နှင့် K.I.A တို့ စစ်ပြန်လည်ဖြစ်ပွားချိန်မှစ၍ K.I.A စစ်သားအဖြစ် ပြန်လည်အမှုထမ်းခဲ့ပါသည်။ ထိုသို့စစ်မှုထမ်းနေစဉ် ၂၉.၆.၂၀၁၂တွင် မြစ်ကြီးနားမြို့နယ်၊ အူဗျစ်ကျေးရွာတွင် အထူးမူးယစ်တပ်ဖွဲ့မှ ဖမ်းဆီးခြင်းခံခဲ့ရပါသည်။ ယခုအချိန်တွင် ၎င်းသည် မူးယစ်မှု၊ သေနတ်ကိုင်ဆောင်မှု၊ ပြန်လည်ပတ်ခတ်မှု၊ သူပုန်သောင်းကျန်သူစသည့်ပြစ်မှုများဖြင့် မြစ်ကြီးနားမြို့နယ်တရားရုံးတွင် တရားရင်ဆိုင်လျက်ရှိပါသည်။

**အင်ရနော်ဆန့်ညီလဘာန်လဆိုင်းပြောဆိုချက်**

“သူ့ကိုတော့ ၂၉.၆.၂၀၁၂ ရက်နေ့မှာဖမ်းမိတာဟုတ်တယ်။ သူ့ကိုဖမ်းတာက မူးယစ်နဲ့ ပတ်သက်တဲ့ ပုလိပ်တွေဖမ်းတာဟုတ်တယ်။ အဲချိန်မှာသူ့မှာလည်းသေနတ်ပါတယ်ဆိုတော့ သေနတ်နဲ့ပြန်ရှယ်ခဲ့တယ်။ နော်ဆန့်က အရင်တုန်းကဆိုရင် K.I.A တပ်ရင်း(၃)ကသင်တန်းဆရာတစ်ယောက်လုပ်ခဲ့ပြီး အဲမှာပြဿနာတကတော့ လဆန်အောင်ဝါ စစ်သားပြန်သွားလုပ်တာဟုတ်တယ်။ အဲကနေပြီး နိုင်ငံရေး အခြေအနေသိပ်မကောင်းတာကြောင့် K.I.A စစ်သားပြန် လုပ်တာဟုတ်တယ်။ အခုတော့ K.I.A တပ်ရင်း(၆)ကစုံထောက်ဟုတ်တယ်။ သူ့ကိုဖမ်းမိတဲ့နောက်တစ်နေ့မှာ သူ့ကို ခေါ်ပြီးသူ့မိန်းမ အိမ်ကိုမွှေနှောက်ရှာဖွေသော်လည်း ဘာမှမတွေ့ဘူး။ သူပြောတာကတော့ အစဖမ်းတုန်းကတော့ သူ့ကို နေ့ညရိုက်နက်ပြီးစစ်မေးတယ်လို့ပြောပြတယ်။

သူ့မိန်းမအိမ်ကို ခေါ်လာတုန်းကလည်း မျက်နှာမှာဖူးယောင်နေတယ်လို့ပြန်ပြောတယ်။ သူ့ကို အစဖမ်းတုန်းကဆိုရင် ရေလည်းမတိုက်ဘူး။ ထမင်းလည်းမကျွေးဘူးလို့ပြန်ပြောပြတယ်။ နော်ဆန့်ကိုတော့ မူးယစ်၊ သေနတ်ကိုင်ဆောင်မှု၊ ပြန်လည်ပစ်ခတ်မှု၊ သူပုန်သောင်း ကျန်းသူဆိုပြီးစွဲချက် တင်ထားတယ်။ သူ့ကိုတော့နေ့စဉ်ထုတ်သတင်းစာမှာ ဓာတ်ပုံနှင့် တကွဖော်ပြထားပါတယ်။ ဒါကြောင့်မို့သူ့ကိုတော့ဘယ်သူမှလိုက်ပေးလို့မရဘူး လို့ပြောနေတယ်။ ကျွန်တော်ညီတစ်ယောက်အနေနဲ့ ခံစားရတာကတော့ ကျွန်တော်လည်းအိမ်ထောင်နဲ့ ဆိုတော့ ပိုက်ဆံရှာနေရတယ်ဆိုတော့ သူ့ရဲ့ရုံးချိန်းကိုလည်း တစ်ခါဘဲ သွားတွေ့သေးတာဟုတ်တယ်။ကျွန်တော့်အမျိုးသမီးလည်းကိုယ်ဝန်နဲ့ဆိုတော့တော်တော်ဒုက္ခရောက်တယ်။ သူတို့နှစ်ယောက်ရဲ့အိမ်ဆောက်ပြီးတာတောင် တစ်ပတ်မပြည့်သေးခင်မှာ သူကအဖမ်းခံရတာဟုတ်တယ်။”



**အင်ရနော်ဆန့်၏ဇနီးဂျာခူလုပြောဆိုချက်**

“အခုကသူ K.I.A တပ်ရင်း (၆) ကလွှတ်ထားတဲ့ စုံထောက်တစ်ယောက်ဟုတ်မယ်ထင်တယ်။ သူ့ကို “မင်းဘာအလုပ်လုပ်သလဲ” လို့မေးရင်လည်းသူက “မင်းတို့မသိဘာဘူး” လို့ဘဲပြန်ပြောတယ်။ ဒါကြောင့်ကျွန်မတို့က သူဘာအလုပ်လုပ်သလဲဆိုတာကို ကောင်းကောင်းမသိဘူး။ သူ့ကို ဒီနေ့လိုမျိုး လာဖမ်းတယ်ဆိုရင် နောက်နေ့တော့ ကျွန်မနေတဲ့ ဒူကထောင်ကအမေအိမ်ကိုလာပြီး စစ်သား (၆)ယောက်နဲ့အမေ့အိမ်ကို မွှေနှောက်ရှာဖွေသော်လည်းဘာမှမတွေ့ဘူး။ သူတို့ကျွန်မတို့အိမ်ကိုလာတဲ့အခါမှာ ကျွန်မယောကျာ်းရဲ့မျက်နှာက ဖူးရောင်နေပြီး၊ လည်ပင်းကလည်း ဖောင်းနေတာ ကိုတွေ့ရတယ်။

အိမ်ကိုခေါ်လာပြီးနောက်ပိုင်း အမှတ်(၁) ရဲစခန်းမှာပြန်ထားထားတယ်။ အမှတ်(၁) မှာတော့ ၁၃ ရက်လောက်ထားထားတယ်။ အဲမှာထားတဲ့အချိန်မှာတော့ ထမင်းတွေပို့ပေးလို့ရတယ်။ ရုံးချိန်ကတော့ ၁၀ ကြိမ် လောက်ရှိပြီ။ အစားအစာလည်းသွားပို့ပေးရတယ်။ ရုံးချိန်းလည်းသွားဆိုရင်တော့ နှစ်သောင်း(၂၀၀၀၀) လောက်ကုန်တယ်။ အခုချိန်ထိဆိုရင် ပိုက်ဆံကအားလုံး(၁၀)သိန်းကျော်လောက် ကုန်ပြီ။ အခုဆိုရင်သူကထောင်ထဲမှာ ချောင်းဆိုး၊ ယားနာတွေတော့ဖြစ်တယ်။ အင်္ဂလိပ်ဆေးကတော့ ထောင်ထဲကိုထည့်ပေးလို့မရဘူး။

နော်ဆန့်ကိုတော့ မူးယစ်၊ သေနတ်ကိုင်ဆောင်မှု၊ ပြန်လည်ပစ်ခတ်မှု၊ သူပုန်သောင်းကျန်းသူဆိုပြီး စွဲချက်တင်ထားတယ်။ သူ့ကိုတော့သတင်းစာမှာဓာတ်ပုံနဲ့တကွ ဖော်ပြထားတယ်။ အစတုန်းကတော့ ရှေ့နေနွယ်နွယ်ထွန်းကို ငှားတာဟုတ်တယ်။ ပိုက်ဆံတစ်သိန်းငါးသောင်း (၁၅၀၀၀၀) ဘဲပေးရသေးတဲ့ အချိန်မှာ ငါးသိန်း(၅၀၀၀၀၀) ပြန်တောင်း လို့မပေးနိုင်တော့လို့ ပြန်မငှားတော့ဘူး။ သူ့ကိုတော့ တစ်သိန်းခွဲ(၁၅၀၀၀၀)ပေးထားပြီးပြီ။ ခက်ခဲတာတော့အများကြီးရှိတယ်။ အခုတောင်ကိုယ်ဝင်က(၈)လရှိပြီ။ ကလေးလည်းမွေးခါနီး ရှေ့နေခလည်း ပေးရအုန်းမှာမို့ တအားစိတ်ညစ် တာဘဲ။ နောင်နန်းအိမ်မှာသွားနေမယ်ဆိုတော့လည်း တစ်ယောက်ထဲမို့လို့ မနေရဲဘူး။ စိတ်လည်းတအားငယ်တယ်။”

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : မနမ်တူး(ပတ်တူး) |
| အဖအမည် | : မနမ်နော် |
| အသက် | : ၃၀ နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၄ တန်း |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ/မရှိ | : ရှိ |
| ဇနီး၏အမည် | : လဖိုင်ရှယ်ဘူ |
| နေရပ်လိပ်စာ | : ဂိုန်းဖောရပ်ကွက်(၅) တာလောကြီး၊ဝိုင်းမော်၊ကချင်ပြည်နယ်။ |
| လက်ရှိနေရပ်လိပ်စာ | : ဂျန်မိုင်ကောင့်(RC) IDP Camp။ |
| အဖမ်းခံရသည့်နေ့ရက် | : ၃၀ရက်၊ ၅လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၆ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း**

**မနမ်တူး၏ဇနီးလဖိုင်ရှယ်ဘူပြောဆိုချက်**

“နို့စို့အရွယ်ကလေးရှိတော့ အလုပ်မလုပ်နိုင်သေးတော့ ငွေကြေးအခက်ခဲရှိတယ်။

camp အတွင်းနဲ့ အပြင်က လူတွေကူညီတဲ့ငွေတစ်သိန်းခွဲလောက်ရတယ်။ ကိုယ့်ယောကျာ်းက ရန်သူရဲ့လက်ထဲရောက်သွားတာ ဘယ်သူမှကောင်းကောင်းမထားမှာမှန်းသိနေတယ်။ ရှေ့နေငှားဖို့နဲ့ ဒီဂရီချရင် ရဲဘက်ကိုသွားစရာမလိုဖို့က အရေးကြီးတယ်။

စစ်စဖြစ်တုန်းကတော့ ကျမတို့ကတောထဲမှာဘဲ ရှောင်နေတယ်။ လယ်တောကို ခြံခတ်ရမယ်ဆိုပြီး နေနေတာ။ နောက်တော့ ခြင်များလာတော့ ကလေးတွေအတွက် ငှက်ဖျားကြောက်ရတော့ ဒီဇင်ဘာလမှာ camp ကိုဝင်လာတယ်။ လယ်ကို ပုဒ်ပြတ်နဲ့ဘဲသိမ်းယူတယ်။ သူက မေ ၁၆မှ camp ထဲဝင်လာတယ်။ ၁၄ရက်လောက်ကြာတော့ ရဲတင်ထွန်းအောင်ဦးဆောင်ပြီး လာဖမ်းတယ်။ ပြည်သူ့စစ်(ကေအိုင်အေ) လို့ဆိုပြီးဖမ်းသွားတယ်။ စရဖမှာ ၁၀ရက်နေတယ်။ သုံးရက်မြောက်နေ့မှ ထမင်းကျွေးတယ်တဲ့။ ပြီးတော့ အမှတ်(၁)ရဲစခန်းမှာ ၁၅ရက်ပြန်ထားတယ်။ ညှင်းပန်းနှိပ်စက်မှုတွေများတော့ ထမင်းတောင်ကောင်း ကောင်းမစားနိုင်တော့ဘူး။ ခက်ခဲမှုကတော့ ပြောတောင်မပြောချင်တော့ဘူး။ ကိုယ့်ယောကျာ်းရှိတုန်းကတော့ သူရှာတဲ့ပိုက်ဆံရှိတယ်လေ။ သူမရှိတော့ ခက်ခဲသွားဒါပေါ့။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဦးဘောမ်ဖုန်း |
| အဖအမည် | : ဦးခေါ်ဘောမ် |
| အသက် | : ၆၀ နှစ် |
| မှတ်ပုံတင်အမှတ် | : ၁/မကန(နိုင်)၀၂၇၀၅၅ |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၄တန်း |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ဒေါ်ထုဆိုင်း |
| နေရပ်လိပ်စာ | : ဂါးရာယန်ကျေးရွာ၊ဝိုင်းမော်မြို့နယ် |
| လက်ရှိနေရပ်လိပ်စာ | : အမှတ်(၁၈၇)ထွယ်ဆန်နယ်မြေ ၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| ဆက်သွယ်ရမည့်လိပ်စာ | : အမှတ်(၁၈၇)ထွယ်ဆန်နယ်မြေ ၊ တပ်ကုန်းရပ်ကွက်၊ မြစ်ကြီးနားမြို့ |
| အဖမ်းခံရသည့်နေ့ရက် | : ၇ရက်၊ ၅လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| အင်တာဗျူးသည့်နေ့ | : ၁၇ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

ဦးဘောမ်ဖုန်းသည် KIAနှင့် တပ်မတော်တို့စစ်ဖြစ်နေချိန်အတွင်း ဂါးရာယန်တွင် KIAမှ ပေါ်တာဆွဲခြင်းခံရပြီး စစ်လက်နက်သယ်ဆောင်ဖူးသူတစ်ဦးဖြစ်ပါသည်။ ထိုသို့ဖြစ်ပျက်ပြီးနောက် ၎င်းမိသားစုတို့သည်စစ်ရှောင်တိမ်းရန် ထွယ်ဆန်နယ်မြေ၊ တပ်ကုန်းရပ်ကွက် အိမ်အမှတ်(၁၈၇)၊ မြစ်ကြီးနားသို့ရောက်ရှိလာပါသည်။ ထိုသို့ နေထိုင်လျက်ရှိစဉ် ၎င်းတို့မိသားစုနေထိုင်ရာအိမ်သို့ (၇.၅.၂၀၁၂) နေ့လည်ပိုင်းတွင် ရဲအုပ်တင်ထွန်းအောင်ဦး ဆောင်သည့် ဒုစရိုက်နှိမ်နင်းရေးအဖွဲ့မှ "စစ်ဆေးမေးမြန်းစရာရှိတယ်" ဟုပြောဆိုကာ ဖမ်းဆီးခေါ်ဆောင်သွား ခြင်းခံရပါသည်။ သို့ရာတွင် (၆.၈.၂၀၁၂) တွင် မြစ်ကြီးနားမြို့နယ်တရားသူကြီးမှ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁)အရ စွဲချက် တင်ရန်အကြောင်းအခိုင်လုံသဖြင့် စွဲချက်မတင်မီ တရားရှင်လွှတ်မြောက်ခဲ့သူဖြစ်ပါသည်။



## ဘောမ်ဖုန်း၏ဇနီးဒေါ်ထုဆိုင်းပြောဆိုချက်

"ဂါးရာယန်ရပ်ကွက်(၁)ကဟုတ်ပါတယ်။ မြစ်ကြီးနားကိုရောက်တာက ဇွန်လ ၂၀၁၁ မှာရောက်တာ ဖြစ်ပါတယ်။ အစတုန်းကတော့ စံပြကတ်သလစ်ဘုရားကျောင်းက ဆန်ရယ် ဆီရယ် ထုတ်ပေးတာဟုတ်တယ်။ အခုတော့ ဂါလိလဲဘုရားကျောင်းကပြန်ထုတ်ယူနေတယ်။ ဗမာစကားမပြောတတ်လို့ ရုံးသွားရင်လည်း သူတို့ပြောတာဘဲနားထောင်ပြီးပြန်ခဲ့တယ်။ ဆိုင်ကယ်လည်းမစီးတတ်ဘူးဆိုတော့ အိမ်မှာရှိတဲ့ အမျိုးတွေဘဲရုံးကို လိုက်ပို့ပေးတယ်။ ထောင်ထဲမှာနေတုန်းကတော့ သူ့ကိုပေးတဲ့ပိုက်ဆံက ခြောက်သောင်း (၆၀၀၀၀)ကျော်သွားပြီ။ ကျမတို့ရုံးချိန်းတစ်ခါသွားမယ်ဆိုရင်တော့ နှစ်သောင်း(၂၀၀၀၀)ကျော်လောက် ကုန်တယ်။ (၁၀)ခေါက်ကျော် သွားတွေ့ပြီဟုတ်တယ်။ အခုကထောင်ကထွက်ခဲ့တယ်ဆိုပေမယ့်လည်း ကြောက်ရသေးတယ်ဆိုတော့ ထွက်ပြေးနေရသေးတယ်။"

| | |
|---|---|
| တရားခံအမည် | : ဂေါ့ယုံတိန့်ယိန်း |
| အဖအမည် | : ဂေါ့ယုံယိန်းတိန့် |
| အသက် | : ၂၅နှစ် |
| မှတ်ပုံတင်အမှတ် | : ၁/ဝမန(နိုင်)၀၈၆၇၉၆ |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : လယ်ယာ |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : မဒိန်၊ဝိုင်းမော်မြို့နယ် |
| အဖမ်းခံရသည့်နေ့ရက် | : ၁၇ရက်၊ ၁၁လ၊ ၂၀၁၁ခုနှစ် |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ် |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၁ရက်၊ ၁၁လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

တိန့်ယိန်းသည် K.I.Aနှင့်တပ်မတော်တို့စစ်ဖြစ်ပွားသည့်အတွက် ကန်ပိုင်တီမှ မိမိ၏နေအိမ် မဒိန်ကျေးရွာ၊ ဝိုင်းမော်မြို့သို့ဆင်းလာသောအချိန်တွင် မဒိန်ကျေးရွာဘောလုံးကွင်းအရောက် ရပ်ကွက်လူကြီးသုံးဦးနှင့်အတူ ခ.လ.ရ (၅၈)မှဦးစိုင်းလိုင်တို့က "မင်းအကြောင်းအားလုံး စုံစမ်းပြီးပြီ။ ငြင်းဖို့မကြိုးစားနဲ့" ဟုပြောဆိုကာ ရပ်ကွက်ရုံးသို့ဖမ်းဆီးခေါ်ဆောင်သွားပါသည်။ မြစ်ကြီးနားမြို့နယ်တရားရုံးတွင် ၇ လနီးပါး တရားရင်ဆိုင်ပြီး ပြစ်မှုကျူးလွန်ကြောင်း သက်သေအခိုင်အလုံ မရှိသောကြောင့် ၂၄.၈.၂၀၁၂ မှာပြန်လည် လွှတ်မြောက်လာခဲ့သူဖြစ်ပါသည်။

## တိန့်ယိန်းပြောဆိုချက်

"ကျွန်တော်ကမောင်နှမတွေထဲမှာ အကြီးဆုံးဆိုတော့ အိမ်ရဲ့စီးပွားရေးအားလုံးလုပ်ရတယ်။ ကျွန်တော် ကန်ပိုင်တီဘက်မှာအလုပ်သွားလုပ်တယ်။ ဒါပေမယ့်စစ်ဖြစ်တော့ ကျွန်တော်အိမ်ပြန်လာတယ်။ အိမ်မရောက်ခင် မဒိန်ဘောလုံးကွင်းနားမှာဘဲရောက်သေးတယ် ရပ်ကွက်လူကြီးသုံးယောက်နဲ့ ခ.လ.ရ(၅၈) ကဦးစိုင်းလိုင်တို့က ကျွန်တော့်ကိုအုပ်ချုပ်ရေးရုံးကိုခေါ်သွားတယ်။ နောက်နေ့မနက်မှာဘဲ ခ.လ.ရ(၅၈) ကိုခေါ်သွားတယ်။ ဒါပေမယ့်အဲမှာ ကျွန်တော့်ကိုသိပ်မနှိပ်စက်ဘူး။ နောက်နေ့မှာတော့ မြစ်ကြီးနားခရိုင် စ.ရ.ဖ စစ်ကြောရေးစခန်းရောက်သွားတယ်။ စစ်ကြောရေးစခန်းမှာ ကျွန်တော့်ကိုပုံစံအမျိုးမျိုးနဲ့အရမ်းနှိပ် စက်တယ်။ ပါးရိုက်တယ်။ တစ်ကိုယ်လုံးကိုလည်း တုတ်နဲ့ရိုက်တယ်။ ကန်တယ် ထိုးတယ်။ အစကတော့

ကျွန်တော်ကခံနိုင်ရည် နည်းနည်းရှိတယ်။ ဒါပေမဲ့နောက်ပိုင်း တော့ စစ်မဖြစ်ခင် ကျွန်တော်K.I.Aစစ်တပ်မှာ (၃)နှစ်စစ်မှုထမ်းကြောင်း ဝန်ခံခဲ့တယ်။

ယခုလက်ရှိမှာတော့ စစ်သားမလုပ်ကြောင်း ကျွန်တော်ပြောခဲ့တယ်။ အဲဒီနောက်ပိုင်းကျွန်တော့်ကို ၁၇(၁)ပုဒ်မနဲ့အမှုဂုလခန့်ရင်ဆိုင်ခဲ့ရတယ်။ နောက်ပြီးပြစ်မှုကျူးလွန်ကြောင်း သက်သေအထောက်အထား မရှိတဲ့အတွက်ကြောင့် ကျွန်တော်ပြန်လွတ်လာခဲ့တယ်။ ထောင်မှာတော့ အခက်အခဲတွေအများကြီးပါဘဲ။ ထောင်ကထမင်းဟင်းကို လုံးဝမစားနိုင်ဘူး။ အိမ်ကလူတွေဟင်းလာ ပို့တော့အဆင်ပြေတယ်။ ထောင်မှာလူကများတော့အစိုးရလည်း ကောင်းကောင်းမကျွေးနိုင်ဘူးလို့ထင်တယ်။ ကန်စွန်း ရွက်ဟင်းရည်နဲ့ ငါးပိဘဲကျွေးတယ်။ ထမင်းကလည်းနီရဲနေတာဘဲ။ ကျောက်ခဲတွေတောင်ပါတယ်။ ကျန်းမာရေးအခြေအနေကတော့ အခုတော့ကောင်းနေတယ်။ နောက်နောင် အသက်ကြီးလာရင် သူတို့နှိပ်စက်တဲ့ဒဏ်ကိုခံစားရမှာ သေချာတယ်။"

### တိန့်ယိန်း၏မိခင်ဒေါ်ဘန့်လီလွမ်းနော့ပြောဆိုချက်

သူ့အဖေလည်းဆုံးသွားပြီ သူကသားအကြီးဆိုတော့ အိမ်ရဲ့စားဝတ်နေရေးအတွက် သူဘဲရှာကျွေးတာပါ။ သူ့ကိုဖမ်းသွားတော့ ဘယ်မှာသွားပြီးစုံးစမ်းရမလဲမသိဘူး။ သူ့ကိုသေသွားပြီလို့ဘဲစိတ်ထဲမှာ ခံယူမိတယ်။ ရပ်ကွက် လူကြီးတွေလည်းကျွန်မတို့မိသားစု ကိုသနားပြီးအစစအရာရာ ကူညီပေးကြတယ်။ ရှေ့နေခ ၁၀ သိန်း တောင်းတယ်။ ကျွန်မတို့ကမပေးနိုင်တော့ ရှေ့နေရောဘဲကျွန်မတို့သားအမိကို သနားပြီးတော့တအားကူညီခဲ့တယ်။ ရုံးချိန်းကအခေါက် ၅၀လောက်သွားရတယ်။ သူ့ကိုထောင်ဝင်စာ တွေ့တာနဲ့ ရုံးချိန်းသွားတာနဲ့ဆိုရင်၉လအတွင်းပိုက်ဆံ ၅ သိန်း ကုန်တယ်။ အားလုံးကကျွန်မတို့သားအမိကို ကူညီကြပါတယ်။ သူတို့ကိုလည်း စိတ်ထဲကနေတအားကျေးဇူးတင်တယ်။

တရားခံအမည် : ထောဖောင်း
အဖအမည် : လွမ်းထော
အသက် : ၂၄နှစ်
ကျား\မ : ကျား
ပညာအရည်အချင်း : အလယ်တန်း
အလုပ်အကိုင် : မရှိ
အိမ်ထောင်ရှိ/မရှိ : မရှိ
နေရပ်လိပ်စာ : မိုင်းနားး၊ဝိုင်းမော်မြို့နယ်၊ကချင်ပြည်နယ်။
အဖမ်းခံရသည့်နေ့ရက် : ဂုလပိုင်း၊ ၂၀၁၁ခုနှစ်
တရားရုံးအမည် : မြစ်ကြီးနား
စွဲဆိုသည့်ဥပဒေပုဒ်မ : ၁၉၀၈၊မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)
ပြစ်ဒဏ် : ၂နှစ်
အင်တာဗျူးနေ့ : ၁၉ရက်၊ ၁၁လ၊ ၂၀၁၂ခုနှစ်
မှတ်တမ်းကောက်သည့်အဖွဲ့အစည်း : HI

### စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

မောင်ထောဖောင်း သည်တပ်မတော်နှင့်KIAတို့စစ်ဖြစ်ပွားသည့် ဇူလိုင်လပိုင်း၂၀၁၁ခုနှစ်တွင် သူနေထိုင်ရာ မိုင်းနား နေအိမ်တွင် သေနတ်ဖောက်သည့်အတွက် ဝိုင်းမော်အခြေစိုက်ဗမာတပ်မတော် တပ်မ(၈၈)မှ ဖမ်းဆီးခေါ် ဆောင်သွားပါသည်။



### မိခင်လစဲခေါင်နော်ပြောဆိုချက်

"ကျွန်မသားကစစ်မဖြစ်ခင်တုန်းက K.I.Aစစ်သားလုပ်ဖူးတယ်။ သူကအလုပ်ကိုဘယ်တော့မှ တစိုက်မတ်မတ်မလုပ်ဘူး။ K.I.A မှာလည်းအလုပ်ကောင်းကောင်းမလုပ်ဘဲထွက်ခဲ့တယ်။ ၂၀၁၁၊ ဇူလိုင်လပိုင်းမှာ K.I.Aနှင့်တပ်မတော်တို့စစ်ဖြစ်တော့K.I.A ကနေပြန်ခေါ်တယ်။ သူ့ကိုရောသေနတ်ပေးလိုက်တယ်ထင်တယ်။ အဲဒီအဖြစ်အပျက်ဖြစ်ပွားတဲ့အချိန်မှာ ကျွန်မမရှိဘူး။ သူကအရက်မူးပြီးရွာပြန်လာတယ်ထင်တယ်။ သူ့အစ်ကိုနဲ့မရီးမှာ ပိုက်ဆံလာတောင်းတယ်။ သူ့အစ်ကိုလည်းပိုက်ဆံမရှိလို့ မပေးဘူးထင်တယ်။ အဲဒါကိုသူကစိတ်ဆိုးပြီး သူ့သေနတ်နဲ့တစ်ချက်ဖောက်လိုက် တယ်ထင်တယ်။ အဲဒီအသံကို ဝိုင်းမော်အခြေစိုက်တပ်မ(၈၈)ကြားပြီး နောက်နေ့မနက်မှာလာခေါ်သွားတယ်တဲ့။ ကျွန်မလည်းဘာမှမသိဘူး။ သူ့ကိုဖမ်းသွားမှန်း တောင်မသိဘူး။ ဖမ်းသွားတာကိုရပ်ကွက်အုပ်ချုပ်ရေးရုံးကစာရေးမ ပြောပြမှသိတယ်။ ဘယ်မှာစုံစမ်းလို့စုံစမ်းရမလဲမသိဘူး။

အဲဒီနောက်ပိုင်းမှ မြစ်ကြီးနားထောင်မှာတွေ့ရတယ်။ ရက်တွေရောမမှတ်မိတော့ဘူး။ ပိုက်ဆံမရှိလို့ ရှေ့နေလည်းမငှားနိုင်ဘူး။ ရုံးချိန်းလည်းမသွားဘူး။ ‌ရှေ့နေဆိုတာဘယ်လိုမျိုးလဲတောင်မသိဘူး။ အခုကျွန်မသားကထောင်(၂)နှစ် ကျသွားပြီလို့ပြောတယ်။ ၂၀၁၃၊ ၅လ ပိုင်းဆိုရင် ထောင်ကထွက်လို့ရပြီလို့ပြောပြတယ်။ ကျွန်မသားကအရင်တုန်းကလည်း ဘာအလုပ်မှမလုပ်ဘူး။ ကျွန်မက အမေဆိုတော့ သားဆိုးတာဘဲဖြစ်ဖြစ်၊ လိမ္မာတာဘဲဖြစ်ဖြစ် ကိုယ့်ရဲ့ အသွေးအသားထဲ ကနေမွေးဖွား လာတယ်ဆိုတော သိပ်ကိုခံစားရတာပေါ့။

ကျွန်မရဲ့ခံစားချက်ကို တောင်ပြောမပြတတ်အောင်ပါဘဲ။ အိမ်ကအတွက်ရော ကျွန်မရှာရတယ်။ သူ့ရဲ့ထောင်ဝင်စာအတွက် ရောရှာရတော့ သိပ်ကိုပင်ပန်းတယ်။ အခုကျွန်မသားရဲ့ကျန်းမာရေးအခြေအနေ သိပ်မကောင်းဘူး။ သွေးအန်တယ်လို့ပြောတယ်။ အရင်တုန်းကတော့ ကျန်းမာရေးကောင်းတယ်။ ကျွန်မထင်တယ် သူ့ကိုအရမ်းနှိပ်စက်လိုက်လို့ထင်တယ်။ ကျွန်မသူ့ကိုမေးကြည့်တယ် "နင့်ကိုရိုက်လား၊ နှိပ်စက်လား"လို့မေးတော့ သူက "တအားရိုက်တယ်၊ နှိပ်စက်တယ်" လို့ပြောပြတယ်။ အခုသူထောင်ဆေးခန်းမှာ ဆေးကုနေတယ်လို့ ကျွန်မကိုပြောပြတယ်။"

### ထောဖောင်း၏ပြောဆိုချက်

"ကျတော့်ကိုဝိုင်းမော် စစ်တပ် ခ.လ.ရ (၅၈)မှ ၂ရက် ၂ညတိတိ သေနတ်ဒင်တွေနဲ့ရိုက်နှက်ပါတယ်။ အခုတော့ ထောင်(၂) နှစ်ကျပါတယ်။ ထောင်ထဲမှာ အခုခံစားနေရတာက TV အဆုပ်ရောဂါဖြစ်နေတယ်။ နောက်ပြီးသွေးလည်းအန်တယ်။ စစ်တပ်ကတော်တော်နှိပ်စက်လိုက်လို့ အခုဆိုရင်ချောင်းဆိုးတဲ့အခါမှာ သွေးတောင်ပါလာပါတယ်။ နောက်ပြီး ယားနာအရမ်းပေါက်တယ်။ အခုတောင်ဘယ်လိုကုရမလဲ မသိတော့ဘူး။ အစားအစာကတော့ ထမင်းဘဲကျွေးတယ်။ ဟင်းကတော့ မုန်ညင်းဟင်းရည်တစ်မျိုးထဲပါဘဲ။ တစ်နေ့ကို(၂)နပ်ကျွေးပါတယ်။ ရုံးချိန်းကတော့(၇)လလောက်ကြာတယ်။ ကျတော်ကရှေ့နေလည်းမငှားဘူး။ ကိုယ်တိုင်ဘဲအမှုရင်ဆိုင်ပါတယ်။"

စွပ်စွဲခံရသူအမည် : ကျောင်ကျီဘရန်ရှောင်
အသက် : ၄၅နှစ်
ကျား\မ : ကျား
အလုပ်အကိုင် : လယ်သမား
အိမ်ထောင်ရှိ/မရှိ : ရှိ
ဇနီး၏အမည် : ထွယ်ဆန်ရွယ်ဂျာ
အမြဲနေရပ်လိပ်စာ : တာလောကြီး
လက်ရှိနေရပ်လိပ်စာ : ရွှေညောင်ပင်ကျေးရွာ၊ဝိုင်းမော်မြို့နယ်၊ကချင်ပြည်နယ်။
ဆက်သွယ်ရမည့်သူ : ထွယ်ဆန်ရွယ်ဂျာ

| | |
|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | : ဖုန်လွမ်ယန် စစ်ရှောင်စခန်း၊လိုင်ဇာ |
| အဖမ်းခံရသည့်နေ့ရက် | : ဖေဖ၀ါရီ ၆၊ ၂၀၁၂ |
| တရားရုံးအမည် | : မြစ်ကြီးနားမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၉ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း**

တာလောကြီးမှာလယ်လုပ်ပြီးအပြန် သူ့ညီအိမ်မှာထမင်းစားဖို့စောင့်နေတဲ့အခါ ခလရ(၃၇) စစ်ကြောင်းက ဖမ်းဆီးခေါ် ဆောင်သွားခဲ့ပြီး ညှင်းပန်းနှိပ်စက်မှုများဖြင့်စစ်ဆေးမေးမြန်းခြင်းခံခဲ့ရပါသည်။ ထို့နောက်မြစ်ကြီးနားမြို့နယ် တရားရုံး သို့ရောက်လာကာ ၁၉၀၈၊မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇(၁)ဖြင့် ရုံးတင်စစ်ဆေးလျက်ရှိပါသည်။

**ကျောင်ကျီဘရန်ရှောင်၏ဇနီးထွယ်ဆန်ရှယ်ဂျားပြောဆိုချက်**

“ဘရန်ရှောင်က တာလောကြီးမှာလယ်လုပ်ရင်း ကျန်နေတာ။ အိမ်မှာတောင်မနေဘူး။ သူ့ညီအိမ်မှာ ဘဲနေတယ်။ ကျမနဲ့ကလေးတွေက လိုင်ဇာဘက်ကိုစစ်ရှောင်ရင်း နေနေတယ်။ ၆၊၂၊၂၀၁၂ ညနေ(၃) နာရီလောက်မှာ ပြည်သူ့စစ်လုပ်တယ်ဆိုပြီး လာဖမ်းသွားတယ်တဲ့။ ကျမတော့ လိုင်ဇာရောက်နေလို့ မတွေ့လိုက်ဘူး။ သူ့ညီမ ခေါ်န်ရာကတော့တွေ့လိုက်တယ်တဲ့။ တာလောကြီးမှာ နှစ်ရက်ဖမ်းထားပြီး မြစ်ကြီးနားဘက်ကိုခေါ်သွားတယ်တဲ့။ ကျမနဲ့တွေ့တဲ့ အချိန်မှာတော့ မျက်နှာတစ်ခုလုံးယောင်နေတယ်။ ဘယ်ဘက်နားလည်းမကြားတော့ဘူး။ ခြေထောက်ကိုလည်း ညှပ်ပေးလို့ ခြေတစ်ဝက်ကကျင်သွားလို့ ဘာလုပ်လုပ်မခံစားရတော့ဘူးတဲ့။

သူ့ကိုစစ်တဲ့အခါ “နင့်ကိုရှာနေတာကြာနေပြီ” လို့ပြောတယ်တဲ့။ သူက ”ကျွန်တော်မဟုတ်ဘူးထင်တယ်။ ကျွန်တော်ဘာမှမလုပ်ဘူး” လို့ပြောရင် ပိုရိုက်တယ်တဲ့။ ဘရန်ရှောင်ကို ခေါင်းမှာ ပလပ်စတိတ်အုပ်ပြီးရိုက်တော့ သေတော့မလိုလိုပျော့ခွေလာတော့ သူတို့စွပ်စွဲတာ ကိုလက်ခံလိုက်ရတယ်တဲ့။ ခံယူပြီးနောက်မှ ရိုက်တာရပ်သွားတယ်တဲ့။ စဖမ်းသည့်နှစ်ရက်က အရမ်းကို ရိုက်နက်တယ်တဲ့။ ထမင်းနဲ့ရေတော့ပေးတယ်။ ဒါပေမယ့် ဒဏ်ရာကြောင့်မစားနိုင် မသောက်နိုင်ဘူးတဲ့။

ဘရန်ရှောင်ကစစ်သားလုပ်ဖို့မပြောနဲ့ ဒုလာဖြစ်နေတယ်။ လယ်လုပ်ရင်း ရေစိမ်တာများရင် ခြေထောက်တွေရောင်လာတယ်။ ဘယ်လုံးလည်းကြီးလာတယ်။ အိမ်အလုပ်တောင် ကောင်းကောင်း မလုပ်နိုင်ဘူး။ ဘရန်ရှောင်မပြောတဲ့စကားတွေ (ကေအိုင်အေတွေကို ကျည်ဆံပို့ပေးတာတို့၊ စစ်သားနံပါတ်) တို့ကို သူတို့ကရေးပြီး လက်မှတ်ထိုးခိုင်းတယ်တဲ့။ လက်မှတ်မထိုးရင်လည်း ဆက် နှိပ်စက်မှာစိုးလို့ထိုးလိုက် ရတယ်တဲ့။

ခုထောင်ထဲမှာတော့ ချောင်းဆိုး၊ယားနာလောက်ဘဲဖြစ်တယ်တဲ့။ ဆေးထည့်ရင်လည်း မသက်သာဘူး။ ပိုက်ဆံ ခုနှစ်သိန်း လောက်တော့ကုန်ပြီ။ ရှေ့နေကိုလည်းတစ်သိန်းတော့ပေးပြီ။ ရုံးချိန်းတော့ တစ်လမှာ တစ်ခေါက်ဘဲလာနိုင်တယ်။ လိုင်ဇာ၊ ဖုန်လုံယန် IDP Camp ကနေလာရတော့ ပိုက်ဆံ ကုန်လို့အပတ်တိုင်းမလာနိုင်ဘူး။ သူ့ဆီလာဖို့ နေ့စားသွားပြီး ပိုက်ဆံစုပြီးလာရတယ်။ ကျွဲတစ်ကောင်လည်း ရောင်းလိုက်ရတယ်။ အခက်ခဲကတော့ ပြောတောင်မပြောချင်ဘူး။ ထောင်ကိုစရောက်တုန်းကလည်း ငွေငါးသောင်းထည့်ပေးရတယ်။ မထည့်ခင်တော့ထောင်ထဲမှာရေတွေခပ်ရတယ်တဲ့။ ပိုက်ဆံထည့်ပြီးရင်တော့ ရေခပ်စရာမလိုတော့ဘူးတဲ့။ ရုံးချိန်းလည်း အကြိမ်ရေ မနည်းတော့ဘူး။ ဒါပေမယ့် ၆ခေါက်ဘဲ စစ်သေးတယ်။ ခံစားချက်ကတော့ တစ်ယောက်တည်းအထီးကျန်ပြီး ပြောမပြတတ်လောက်အောင်ခံစားရတယ်။ ဗမာစစ်သားဆိုရင် မျက်နှာတောင်မကြည့်ချင်ဘူး။ ဘာအပြစ်မှမရှိဘဲ ဒီလိုရိုက်နက် စစ်ဆေးတာကို သည်းခံ နိုင်ရည်တောင်မရှိတော့အောင် စိတ်ထဲခံစားရတယ်။”





## ၁၉၀၈ခုနှစ်၊မတရားအသင်းအက်ဥပဒေပုဒ်မ ၁၇ (၁) နှင့်ဖမ်းဆီးထိန်းသိမ်းခံရသူများ

| | |
|---|---|
| တရားခံအမည် | : ယော်ဇုန်း၊ယော်ဆောင်၊လမိုင်အောင်မိုင် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| အမြဲနေရပ်လိပ်စာ | : နောင်ဂျန်ကုန်း၊နမ့်ခမ်းမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| လက်ရှိနေရပ်လိပ်စာ | : နောင်ဂျန်ကုန်း၊နမ့်ခမ်းမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| ဆက်သွယ်ရမည့်သူ | : ဂျီဂရောင် |
| ဆက်သွယ်ရမည့်လိပ်စာ | : နောင်ဂျန်ကုန်း၊နမ့်ခမ်းမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၁၇ရက်၊ ၁၁လ၊ ၂၀၁၂ခုနှစ်(မနက် တစ်နာရီ) |
| တရားရုံးအမည် | : မူဆယ်မြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၃နှစ် |
| အင်တာဗျူးသည့်နေ့ | : ၁၁ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

**အမှုဖြစ်စဉ်**

ယော်ဇုန်း၊ ယော်ဆောင်၊ လမိုင်အောင်မိုင်၊ ယော်တိန့်၊ ယော်ထုန်၊ အင်ခွန်လမိုင်၊ ကွန်ဖန်၊ လမောင်ဒတ်၊ ဆရာမောင် တန်တို့ကိုဖမ်းဆီးပြီး စစ်ဆေးမေးမြန်းမှုကို ပြုလုပ်သည်။ ယော်ဇုန်း၊ ယော်ဆောင်၊ လမိုင်အောင်မိုင် တို့ကတော့ ယခု အချိန်တွင် ထောင်တွင်ရောက်ရှိနေပြီဖြစ်သည်။ ၎င်းတို့သည်ခြံဝန်းတစ်ခုထဲတွင် အတူနေထိုင်ပြီး၁၇.၁၁.၂၀၁၁ ည တစ်နာရီတွင် နမ့်ခမ်း မြို့ နောင်ဂျန်းကုန်းတွင် လာရောက်ဖမ်းဆီးခြင်းဖြစ်ပါသည်။ နောက်နေ့တွင် ၎င်းရွာတွင်ရှိသော လူများကိုလည်း လာရောက်ဖမ်းဆီးကြပါသည်။ နောင်ဂျန်းကုန်းတွင် K.I.A စစ်သား ၁၇ ယောက် ရှိသည်ဆိုသော ကောလဟလကြောင့် လာရောက်ဖမ်းဆီးကြခြင်းဖြစ်ပါသည်။ နောင်ဂျန်း ကုန်းတွင် လူများမနေနိုင်အောင်ဖြစ်လာသည်အထိ လာရောက်ဖမ်းဆီးကြပါသည်။ ထို့ကြောင့် ၎င်းကုန်းတွင်နေသော သူများသည် ထွက်ပြေးတိမ်းရှောင်နေကြရပါသည်။ ယော်ဇုန်း၊ ယော်ဆောင်၊ လမိုင် အောင်မိုင်တို့သည် စစ်တပ်၏ညှင်းပန်း နှိပ်စက်မှုများကိုဆိုးရွားစွာခံစားကြရပါသည်။

**ဂျီဂရောင်ပြောဆိုချက်**

ယော်ဇုန်း၊ ယော်ဆောင်၊ လမိုင်အောင်မိုင်၊ ယော်တိန့်၊ ယော်ထုန်၊ လမောင်ဒတ် တို့သည် ယောက်ဖတော်သူများဖြစ်ကြပါသည်။ သူတို့သည် ခြံဝန်းတစ်ဝန်းထဲတွင် အတူနေထိုင်ကြသော သူများဖြစ်ကြပါသည်။ အဲဒီညတွင် သူတို့မောင်နှမများအားလုံး နောင်ဂျန်းကုန်းတွင် စုံနေကြပါသည်။ သူတို့ကိုစစ်သားလုပ်တယ်ဆိုပြီး မသင်္ကာမှုဖြင့် ဖမ်းသွားခြင်းဖြစ်သည်။ အိမ်မှာရှိ တဲ့ယောက္ခမတွေနဲ့ အိမ်မှာရှိသမျှလူအားလုံးကိုလာဖမ်းသွားပါသည်။ယော်ဆော်၏မိန်းမ(ယောင်းမ)နန့်ကွယ်ကိုကျွန်မအိမ်တွင် ကလေးများကိုကြည့်ဖို့ရန်အတွက်ကလေးအများကြီးနှင့် အိမ်တွင်ချန်ထားခဲ့ပါသည်။ ကျန်သည့်လူဆယ် ယောက်ကျော်(ယောကျာ်း၊ မိန်းမ) အားလုံး ကိုဖမ်းသွားကြသည်။ ညတွင်ယောကျာ်း လေးများကိုခေါ်သွားပြီး နောက်တစ်နေ့ မနက်တွင် အမျိုးသမီးများကို လာခေါ်သွားသည်။ ကျွန်မ၏ယောက္ခမလည်း ပါသွားသည်။

သူတို့ကို ”ဒီကောင်တွေ(K.I.A)စစ်သားလုပ်တယ်” ဆိုပြီးဖမ်းခေါ်သွားပါသည်။

သူတို့သည်K.I.Aစစ်သား လည်းမလုပ်ပါ။ အိမ်တွင်ညှင်းပန်းနှိပ်စက်ခြင်းမလုပ်ပါ။ သို့သော် ပန်ဆယ် တရုတ်ပြည်သူ့စစ်(နဝရတ်) စစ်တပ်တွင် လျှပ်စစ်ဓာတ်ဖြင့်တို့သည်ဟုပြောသည်။“တစ်ကိုယ်လုံးထုံသွားတယ်” ဟုပြောသည်။ ယော်တိန့်ကပြန်လွတ်လာသည်။ သေလုနီးပါးရိုက်ခြင်းခံလိုက်ရသည်။ ထို့ကြောင့်သူကမခံနိုင်တော့သ ဖြင့် ”(K.I.A)စစ်သားလုပ်ပါတယ်။ သေနတ်လည်း တောမှာဝှက်ထားပါတယ်၊လိုက်ပြပါ့မယ်” ဟုပြောပြီး ဆိုင်ကယ်ဖြင့်စစ်သားတွေကို ခေါ်ကာလမ်းမှာ ထွက်ပြေးလွတ်မြောက်သွားသည်။ ထိုအချိန်တွင်နောင် ဂျောင်ရွာကုန်းတွင်ရှိသော လူတွေအားလုံးထွက်ပြေးကုန်သည်။

နောင်ဂျောင်ရွာမှ ပလောင်လူမျိုးတွေကိုသာသနာပြုနေသည့် ဆရာဦးမောင်သန့်ကိုလည်း ဖမ်းခေါ်သွားသည်။ သူ၏အသက်မှာ(၇၂)နှစ်ရှိပြီ သူ့ကိုရိုက်နက်မှုတွေတော့မပြုလုပ်ပါ။ သို့သော် ရေချိုးခန်းတွင် တစ်ညအိပ်ခိုင်းထားသည် ဟု ပြောသည်။ (၁၈.၁၁.၂၀၁၁) ရက်နေ့တွင် ဆရာဦးမောင်သန့်၊ ယော်ဝမ်း၊ အောင်မိုင် ၏မိန်းမတို့ကို ပြန်လွတ်ပေး သည်။ (၁၉.၁၁.၂၀၁၁) ရက်နေ့နံနက်ပိုင်းတွက် လနူး၊ ကွမ်ဖန်၊ ယောက္ခမ၊ ယော်ထုန်နှင့် ယော်ဇုန်း၏သားတွေကို ပြန်လွတ် ပေးသည်။ ကျွန်မတို့ထမင်းစားပြီးနောက် ရေချွေးကြမ်းသောက်နေသည့်အချိန်တွင် ရပ်ကွက် လူကြီးတွေနှင့်လာပြီး ကျွန်မယောက္ခမကို“လိုက်ခဲ့ပါ။ မင်းလက်မှတ်လိုက်ထိုးပေးရင်မင်းရဲ့ ကလေးတွေကို လွှတ်ပေးမယ်” ဟုလာပြောသည်။ သူ့ကိုပြန်ခေါ်သွားသော စစ်သားများသည် ပန်ဆယ်စစ်သားများဖြစ်ပါသည်။ ယောက္ခမ(ဒွဲ့ရှီရွယ်ဂျီး)ကို ၄ရက် ၅ရက် လောက်ပြန်ချုပ်ထားသည်။

ရပ်ကွက်လူကြီးသည် ကျွန်မနှင့်ပြန်တွေ့သောအချိန်တွင် “မင်းကိုဘယ်လိုပြောပြရမလဲမသိဘူး။ ငါ့ကိုခေါ်ခိုင်းတာက ရဲစခန်းကလူတွေခေါ်ခိုင်းလိုက်တာဟုတ်တယ်။ အဲဒီမှာရောက်တဲ့အခါ ကျတော့ ပန်ဆယ်တပ်ကလူတွေလာပြီး ပြန် ခေါ်သွားတာ”ဟုသူကကျွန်မကိုပြန်ပြောပြသည်။ သူတို့သည်ယောက္ခမ၏ ရင်ဘတ်ကိုလည်းကိုင်ပေးသည်။ ထို့နောက်သေနတ်ဖွက် ထား သည်ဟုဆိုကာ သေနတ်ဒင်ဖြင့်ရိုက်ပေးသည်ဟုဆိုသည်။ ထို့ကြောင့်သူပြန်လွတ်လာသည့် အချိန်တွင် သူ၏သွားများသည်လှုပ်နေတုန်းဖြစ်သည်။ သူ့အားထောင်တွင်ထည့်ပြီး ခေါင်းရိုက်ပေး သောကြောင့် တော် တော်ကြာအောင်မေ့သွားသည်ဟုပြောသည်။

လမောင်ဒွတ်သည် ထိုနေ့တွင်အလွန်နှိပ်စက်ခံရသောကြောင့် ထိုနေရာတွင်သေဆုံးသွားသည်။ စစ်တပ်မှလူများသည် နမ့်ခမ်းဆေးရုံတွင် အလောင်းကိုလာထားပေးသည်။ လည်ပင်းတွင်လည်း ရှရာထင်သည်။ တပ်မတော်စစ်တပ်မှ နေပြီး “သူ့ဘာသာသူသတ်သေတယ်”ဟုပြောသည်။ ညနေ (၅) နာရီတွင်အလောင်းကောက်ယူပြီးဘန်လုန် ရွာတွင် မြေမြှုပ် လိုက်သည်။ အခုအချိန်တွင် ယော်ဇုန်း၊ ယော်ဆောင်၊ လမိုင်အောင်မိုင်တို့သည် အချုပ်ခန်းတွင်ရှိနေတုန်းဖြစ်သည်။ သူတို့သည်အမှန်တကယ်စစ်သားများမဟုတ်ကြပါ။

(၁)ဒွဲ့ရှီရွယ်ဂျီး(မိခင်၊ ၅၈နှစ်) ဖမ်း
(၂)ဇခုန် ယော်ဘောမ်
(၃) ဇခုန်ယော်ဇုန်း(ဖမ်း)
(၄) ဇခုန်ယော်တိန့် (ဖမ်း)
(၅) ဇခုန်ယော်ဆောင်+ အင်ခွန်နန်ကွယ်(ဖမ်း)
(၆) ဇခုန်ဇော်လတ်+ အင်ဘရန်ဘောက်မိုင်(ဖမ်း)
(၇) ဇခုန်ဆိုင်းခေါ်န်+လမောင်ဒွတ်(ဖမ်း) (သေဆုံး)
(၈) ဇခုန်ယော်ဝမ်+ လမိုင်အောင်မိုင်(ဖမ်း)

| | |
|---|---|
| တရားခံအမည် | : နော်ဘောက်နှင့် လရိန် |
| အဖအမည် | : လဖိုင်ကောင်နော် |
| အသက် | : ၂၇ နှစ် နှင့် ၂၄ နှစ် |
| ကျား\မ | : ကျား |



| | |
|---|---|
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : နားမွန်ကျေးရွာ၊နမ့်တူမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၂၁ရက်၊ ၈လ၊ ၂၀၁၁ခုနှစ် |
| အမှုဖြစ်အကြောင်းအရင်း | : မတရားအသင်းနှင့်ဆက်သွယ်မှု |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၃ နှစ် |
| အင်တာဗျူးသည့်နေ့ | : ၂၈ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

နော်ဘောက်နဲ့လရိန်တို့သည် ညီအစ်ကိုများဖြစ်ကြသည်။ မိဘအမည်မှာ အဖဦးလဖိုင်ကောင်နော်နှင့် အမိလဘန်လု တို့ဖြစ်ကြပါသည်။ သူတို့ညီအစ်ကိုနှစ်ယောက်ကိုအိမ်တွင် လာရောက်ဖမ်းဆီးသွားခြင်းဖြစ်သည်။ အိမ်တွင်မိဘများ မရှိသည့်အချိန်၌ဖမ်းသွားခြင်းဖြစ်သည်။ မိခင်ဖြစ်သူစပါးသွားစိုက်ချိန် နော်ဘောက်သည် နေသိပ်မကောင်းသဖြင့် အိမ်အတွက်နေနေခြင်းဖြစ်သည်။ လရိန်သည်ဝါးမြစ်ခုတ်သွားဖို့ဆိုပြီး အိမ်တွင်နေသည့်အချိန်၌ အဖမ်းခံရခြင်းဖြစ်သည်။ လရိန်သည် စစ်သားမဟုတ်ပါ။ သူတို့ညီအစ်ကိုနှစ်ယောက်ကို ခမရ(၃၄၂)မှ အိမ်တွင်လာရောက် ဖမ်းဆီးသွား ခြင်းဖြစ်ပါသည်။ အစအဖမ်းခံရတုန်းအချိန်တွင် ပေါ်တာအနေဖြင့်ဖမ်းခြင်းဖြစ်ပြီး လမ်းပြဖို့အတွက်သာဖြစ်သည်။ နမ်စင်းချောင်းအရောက်တွင် ဒီဘက်ကမ်းမှကားပေါ်တွင် အဖမ်းခံထားရသော ဂမ်ရှောင်နှင့်အတူကြိုးတုပ်ပြီးရိုက်သည်။ နော်ဘောက်ကို အလွန်နှိပ်စက်သော်လည်း လရိန်ကိုတော့ရိုက်နက်ခြင်း မရှိပါ။ နောက်ပိုင်းတွင် လားရှိုးထောင်၌ ထည့်ထားသည်ဟုကြား၍ သူတို့မိဘတွေလန့်ကြသည်ဟုဆိုသည်။ ထိုသတင်းကြားသည်နှင့်အိမ်တွင်ရှိသော ရှိရှိသမျှကျွဲ၊ နွား တွေကိုရောင်းပြီးလားရှိုးထောင်ကိုလိုက်လာကြသည်။

## နော်ဘောက်နှင့်လရိန်တို့၏မိခင်ပြောဆိုချက်

“ကလေးတွေကအိမ်မှာနေနေတာပါ။ လရိန်ကိုတော့အိမ်မှာ ဝါးမြစ်ခုတ်ဖို့အတွက် နေနေတာကနေအဖမ်းခံရတာပါ။ နော်ဘောက်ကတော့ နေသိပ်မကောင်းဘူးဆိုပြီး အိမ်မှာအိပ်နေခဲ့တယ်။ သူတို့ညီအစ်ကိုနှစ်ယောက်စလုံးကို အိမ် ပေါ် မှာလာဖမ်းသွားတာဖြစ်တယ်။ အစတုန်းကတော့ ပေါ်တာဆွဲပြီးလမ်းပြမလားဆိုပြီးခေါ်သွား လိုက်တာဟုတ်တယ်။ နမ့်တူ ချောင်းတစ်နေရာအရောက်မှာတော့ ကမ်းတဖက်မှာ ရိုက်တယ်ဆိုပြီးပြောပြတယ်။ နော်ဘောက်နဲ့လရိန်ကိုတော့ ကားပေါ်မှာချည်ထားပြီးရိုက်သတဲ့။ သူတို့စစ်တပ်ကိုပြန်ရောက်တဲ့အချိန်ရောက်မှ ကျွန်မကသူတို့သတင်းကိုကောင်းကောင်းရတယ်။ သူတို့နှစ်ယောက်စလုံးက K.I.A စစ်တပ်မှာအမှုထမ်းဆောင်ခြင်းလည်းမရှိဘူး။ သူတို့နှစ်ယောက်ရဲ့ အစ်ကိုကြီးကတော့ အရင်ကK.D.Aစစ်သား လုပ်ဖူးတယ်။ အခုတော့ ဘယ်သူမှမလုပ်ဘူး။ အစ်ကိုကြီးကတော့ တပ်ထဲမှာပြဿနာဖြစ်လို့ ထွက်ပြေးကတည်းက မလုပ်တော့ဘူး။ နော်ဘောက်နဲ့လရိန် ကိုလာဖမ်းတဲ့အချိန်မှာ ကျွန်မကအိမ်မှာ မရှိဘူး။ လရိန်ကိုတော့ ဝါးမြစ်သွားယူခိုင်းပြီး ကျွန်မကတောင်ယာကို သွားလိုက်တာ။ အခုတော့အိမ်မှာဆို သူ့တို့အဖေလည်းဖိုက်နာလို့ အလုပ်လည်းမလုပ်နိုင်ဘူး။ ကျွန်မတစ်ယောက်ထဲ သူတို့နှစ်ယောက်ရဲ့ညီကလည်းငယ်သေးတယ်။ အဲဒါကြောင့်မို့ကျွန်မ တစ်ယောက်ထဲပိုက်ဆံရှာနေရတယ်။ ကလေးတွေမရှိဘူးဆိုတော့အလုပ်လည်း ကောင်းကောင်းလည်းလုပ်လို့မရ။ ကျွန်မကတော့တအားစိတ်မကောင်းဘူး။ ဘာမှလည်း လုပ်လို့မရဘူး။ ဒီလိုအဖမ်းခံရတာကိုလည်းစိတ်မကောင်းဘူး။ အိမ်မှာအလုပ်လုပ်မဲ့သူတွေလည်းမရှိဘူး။ ပိုက်ဆံလည်းဘယ်လိုရှာရမှာလည်းမသိတော့ဘူး။ ရှိသမျှ ကျွဲ၊ နွားတွေကိုရောင်းပြီးလိုက်တော့လိုက်ပါတယ်။ ပိုက်ဆံနှစ်သိန်းခွဲ

လောက်တော့ ကုန်သွားပြီ။”

| | |
|---|---|
| တရားခံအမည် | : ဦးမာဂမ် |
| အသက် | : ၃၀ |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : မိတုန်ရွယ် |
| နေရပ်လိပ်စာ | : တုန်ဆွေ၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| လက်ရှိနေရပ်လိပ်စာ | : တုန်ဆွေ၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၂၀ရက်၊ ၈လ၊ ၂၀၁၁ခုနှစ် |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၃ နှစ် |
| အင်တာဗျူးသည့်နေ့ | : ၂၈ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

### အမှုဖြစ်စဉ်

ဦးမာဂမ်သည် မိတုန်ရွယ်၏ ခင်ပွန်းဖြစ်ပါသည်။ သားသမီးသုံးယောက်ရှိပြီး အငယ်ဆုံးသားမှာ ဖခင်အဖမ်းခံရပြီး နောက်ပိုင်းမှမွေးဖွားပါသည်။ ဦးမာဂမ်ကို(၂၀.၈.၂၀၁၁)ရက်နေ့တွင် ဖမ်းသွားခြင်းဖြစ်ပါသည်။ သူသည်အရင်တုန်းက K.I.Aစစ်သားလုပ်ပြီး နောက်ပိုင်းအနားယူနေသူဖြစ်ပါသည်။ လိုအပ်သောနေရာတွင် K.I.Aကိုကူညီနေသူဖြစ်ပါသည်။ သူ့ရွာတွင်နေနေစဉ် ဦးလဇဉ်ကလာရောက်ပြီး သူ့အားလာရောက်အကူအညီတောင်းပါသည်။ ဦးလဇဉ်သည် K.I.Aရွာ အုပ်တစ်ယောက်ဖြစ်ပါသည်။ သူတို့နှစ်ယောက်နှင့်အတူဂျန်ဒ၊မောင်ကျော်၊အိုက်စံ၊ ဒွဲလာတို့ အတူ ပါလာ ပါ သည်။

သူတို့သည် ကေအိုင်အေစစ်တပ်ကိုသွားပြီး စစ်သားလုပ်ရန်အတွက်သွားသော သူများဖြစ်ပါသည်။ လမ်းခုလပ် အရောက်ကုလားအိမ်တွင်နားနေစဉ် လာရောက်ဖမ်းဆီးခြင်း ဖြစ်ပါသည်။ ထိုညတွင်ဖမ်းထားပြီး သူတို့ကိုကြိုးဖြင့် ချည်ထားသည့်အချိန်တွင် ဦးလဇဉ်သည် ထွက်ပြေးလွတ်မြောက်သွားသည်။ ထိုအချိန်မှစပြီးဦးမာဂမ်ကို ၎င်းတို့၏ခေါင်း ဆောင်ဆိုပြီး နှိက်စက်မှုပြုလုပ်သည်။ သူတို့ကိုဖမ်းခေါ်သွားသော စစ်တပ်မှာ ခမရ (၃၄၂) နမ္မတူစစ်တပ် ဖြစ်ပါသည်။ ဦးမာဂမ်ကိုတော့ သေနတ်ကသူ့သေနတ်ဟုယူဆကာမ တရားညှင်းပန်း နှိပ်စက်မှုများ ခံလိုက်ရပါသည်။

### ဦးမာဂမ်၏မိခင်ပြောဆိုချက်

“သူက(ဦးမာဂမ်) ဒီရွာမှာခဏတဖြုတ်KIAကို ကူညီတဲ့သူတစ်ယောက်ဟုတ်ပါတယ်။ အဲဒါကြောင့်မို့ လူကြီးတစ်ယောက်ကသူ့ကိုခေါ်သွားတဲ့လမ်းမှာ အဖမ်းခံရတာဖြစ်တယ်။ ဦးလဇဉ်က သူတို့ဖမ်းထားတဲ့ညအချိန်မှာ ထွက်ပြေးလွတ်မြောက်သွားတယ်။ အဲဒါဆိုကျွန်မသားက အဲဒီမှာ တာဝန်ခံပြန်ဖြစ်သွားတယ်။ သူတို့ထောင်ထဲရောက်တဲ့အခါမှာတော့သူ့ကို KIA တပ်ကြပ်ကြီးလို့ရေးထားတယ်။ ကျွန်မသားကတော့ သူတို့ကိုလိုက်လံကူညီတဲ့သူဖြစ်တယ်။ သူတို့သွားပါဆိုရင်သွားတဲ့သူလည်းဖြစ်တယ်။ အဲဒီစစ်သား(ဦးလဇဉ်)ဆိုသူက စစ်တပ်ကိုသွားရအောင်ဆိုပြီး အကူအညီလာတောင်းတဲ့အခါမှာတော့ သူကပြန်လိုက်သွားပေးတဲ့အချိန်မှာ အဖမ်းခံရတာဟုတ်တယ်။

ဦးလဇဉ်ဆိုသူကတော့ ရွာမှာနေတဲ့K.I.A လူကြီးဟုတ်တယ်။ သူကတော့ရွာမှာနေတဲ့ ရွာစောင့်လူကြီးဖြစ်ပါတယ်။ သူကခရီးတွေထွက် ရမယ်ဆိုတော့ သေနတ်တော့ကိုင်တာပေါ့နော်။ အဲဒီဦး



လဇဉ်ကထွက်ပြေးသွားတဲ့အချိန်မှာ ပါလာတဲ့သေနတ်ကိုတော့ ကျွန်မသားရဲ့သေနတ်လို့ထင်သွားတာ။ ကျွန်မရဲ့သားမာဂမ်မှာတော့ ကလေး၅ယောက်ရှိတယ်။ ဒါပေမယ့်အခုတော့ (၃)ယောက်ဘဲရှိတော့တယ်။ သူ့ကိုဖမ်းသွားတာကြောင့် ကလေးတွေတော်တော်လေး ဒုက္ခ ရောက်နေတယ်။ သူ့မိန်း မနာမည်တော့ မိတုန်ရွယ်ဟုတ်တယ်။ ကလေးအငယ်ဆုံး တစ် ယောက်ကတော့ သူအဖမ်းခံသွား ရပြီးတဲ့ နောက်ပိုင်း မွေးတာ ဟုတ်တယ်။

အခုတော့မိန်းကလေးတစ်ယောက် ယောကျာ်းလေးနှစ်ယောက်ရှိတယ်။ တောင်ယာလုပ်စားကြတာဟုတ်တယ်။ သူမရှိတဲ့အခါကျတော့ တောင်ယာလည်းလုပ်စားလို့မရ။ သူအဖမ်းခံ သွားပြီးတဲ့နောက်ပိုင်း သူ့မိန်းမလည်းကလေးမွေးဆိုတော့ ဘာမှလည်းလုပ်လို့မရတော့ဘူး။ တောင်ပေါ်မှာနေတဲ့သူတွေက အများအားဖြင့် ယောကျာ်းတွေဘဲတောင်ယာခုတ်တယ်။ ရပ်ရွာကလည်း ဘာကူညီတာမှမရှိဘူး။ K.I.Aကလည်း တစ်ပြားတစ်ချပ်မှ မကူညီဘူး။ ဘာမှလည်းမကူညီဘူး။ ကူညီမဲ့သူလည်းမရှိဘူး။”

သူ့ကိုတော့ နမ္မတူစစ်တပ် ခမရ (၃၄၂) ကဖမ်းခေါ်သွားတယ်။ ဖမ်းခေါ်သွားတဲ့အချိန်မှာ ရိုက်နက်တာတော့ရစရာကိုမရှိတော့ဘူး။ သံလုံးနဲ့လည်းရိုက်ထားသတဲ့။ လားရှိုးရောက်တဲ့အခါမှာတော့ အသက်မသေရုံ အသက်ငွေ့ငွေ့ဘဲကျန်တော့တယ်။ ဘာမှလည်းရစရာမရှိတော့ဘူး။ ဟိုတစ်ခါသွားတွေ့မှ သူကပြန်ပြောပြတာ။ ကျွန်မတို့သူ့အကြောင်း မကြားတာ (၅)လ (၆)လ လောက်ကြာတယ်။ တအားရိုက်နက်လိုက်လို့ထောင်ရောက်ရင်လည်း ထမင်း ကလည်း စားလို့မရ၊ ဆေးတိုက်ရင်လည်း ဆေးကမတိုးတော့ဘူး။ အခုတော့သူကထောင်ကျသွားပြီတဲ့။ ဘယ်ဘက်ကိုကျသွားသလဲဆိုတာမသိဘူး။ အဆက်အသွယ်လည်း မရှိဘူး။

အရင်ဇူလိုင်လတုန်း ကျွန်မမောင်သွားတွေ့တဲ့အချိန်မှာ တော့ဒီမှာမရှိတော့ဘူးတဲ့။ ထောင်ကျသွားပြီတဲ့။ ကျွန်မသားနဲ့အတူ နားမွန်ရွာကနော်ဘောက်၊ လရိန်တို့ကတော့ ကျွန်မသားနဲ့ အတူတူဟုတ်တယ်။ သူတို့ကို ဖမ်းတဲ့နေရာက လွယ်ကန်ကကုလားအိမ်မှာဟုတ်တယ်။ အခုသူတို့ အားလုံးကိုလည်း ၁၇(၁) နဲ့ဘဲဖမ်းထားသတဲ့။ အခုတော့အားလုံးထောင်ကျကုန်ပြီ။ ဘယ်တွေရောက်ကုန်မှန်းလည်းမသိဘူး။ ကျွန်မရဲ့သားကို သူတို့ကအရမ်းနှိပ်စက်ထားပြီဆိုတော့ ထောင်ကျရင်လည်း ဝေးဝေးမရောက်သွားအောင် သွားပြောမလို့ပါဆိုမှ ကျွန်မလည်းပြန်ဖျားနေတယ်ဆိုတော့သွားမပြောဖြစ်တော့ဘူး။”

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဂမ်မွန်း(သို့)အောင်လီ |
| အသက် | : ၄၅ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : လရှီးခေါန်ရှောင် |
| နေရပ်လိပ်စာ | : ဟူလောင် ၊မန်တုံမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၂၀ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၄ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

### အမှုဖြစ်စဉ်

ဦးဂမ်မွန်း(သို့)အောင်လီသည် အသက်(၄၅)နှစ်ဖြစ်ပြီး သူ၏ဇနီးသည် ဒေါ်လရှီးခေါန်ရှောင် ဖြစ်ပါသည်။ သားသမီး(၇) ယောက်ရှိပြီး လယ်ယာမြေ ထွန်ယက်စိုက်ပျိုးကာ အသက်မွေးဝမ်းကျောင်းပြုပြီး ဟူလောင်ကျေးရွာတွင်နေထိုင်ပါသည်။ သူ့ကို၂၀.၇.၂၀၁၂လောက်တွင်(မတိကျ) အဖမ်းခံရသည်ဟု သိရပါသည်။ သူသည်K.I.A စစ်သားဖြစ်ပါသည်။ သူ့ကိုတော့သတင်းကြားသောကြောင့်

လာရောက်ဖမ်းဆီးခြင်းဖြစ်ပါသည်။ သူ့ကိုလာရောက်ဖမ်းဆီးသည့်အချိန်တွင် အလွန်နှိပ်စက်လိုက်ပြီဟုပြောပါသည်။ သူ့ကိုဖမ်းဆီးပြီး လမ်းတွင်ဆံပင်ဆောင့်ဆွဲကာ သစ်ပင်တွင် ခေါင်းဆောင့်ပေးသည်။ စကားပြောစက်၊ စာရင်းစာရွက်၊ သေနတ်နှင့် K.I.A စစ်ဝတ်စုံတွေကို ဖမ်းမိခြင်းဖြစ်သည်။ သူ့ကိုယခုအချိန်ထိ နမ္မတူစစ်တပ်တွင် ဖမ်းထားသည်ဟုသိရသည်။ သူ့၏စာရင်းတွင် မန်တုံမှလူအယောက်(၃၀) ကျော်လောက်၏ အမည်စာရင်းပါပါသည်။ ထို့ကြောင့်ဗမာစစ်သားတွေသည် K.I.A တပ်သားအယောက်(၃၀)ကျော်ဖမ်းရမယ်ဟုကြားသည်။

## ဦးဂမ်မွန်း၏ခယ်မပြောဆိုချက်

"ကျွန်မခဲအိုကိုတော့ သတင်းရလို့လာဖမ်းတယ်လို့ပြောတယ်။ သူအိမ်မှာရှိတဲ့အချိန်မှာ စစ်သားတွေ တော်တော်လာလည်ကြတယ်။ သူ့ကိုတော့တပ်သားအသစ်တွေ လာဖမ်းတယ်ထင်တယ်။ ဆံပင်တွေဆွဲပြီး သစ်ပင်နဲ့ဆောင့်တွန်းပေးတယ်လို့ပြောတယ်။ ကျွန်မခဲအိုကိုတော့ တော်တော်နှိပ်စက်တယ်။ တစ်ကိုယ်လုံးလည်းချည်ထားတယ်။ အိမ်ကို စစ်သားတွေလာမွှေနှောက်တဲ့အခါမှာတော့ တစ်အိမ်လုံးမှာရှိတဲ့ အဝတ်အစားတွေနဲ့ တစ်ရွာလုံး ကအဝတ်အစားတွေကို သူတို့ယူသွားပေးတယ်။ ဝက်တစ်ကောင်လည်း ယူသွားသေးတယ်လို့ပြောတယ်။ ကျွန်မအစ်မ လရှီးခေါ်န်ရောင်က အစတုန်းကဆို ငိုချည်းဘဲငိုနေတယ်။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : လရှီးလဂျာ |
| အသက် | : ၄၉ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : အိမ်ထောင်ရှိ |
| ဇနီး၏အမည် | : တန်ဘောင်ကိုင်ထန် |
| နေရပ်လိပ်စာ | : မန်ဖန်၊ မန်တုံမြို့နယ်၊ ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၂၁ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : လာရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၄ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

လရှီးလဂျာသည် တန်ဘောက်ကိုင်ထန်၏အမျိုးသားဖြစ်ပြီး မန်ဖန်ကျေးရွာတွင်နေထိုင်ပါသည်။ လရှီးလဂျာတွင် အရင်ကတည်းက(K.I.A)စစ်တပ်မှပေးထားသော စကားပြောစက်တစ်လုံး ရှိပါသည်။ အဲဒီစကားပြောစက်သည် ဓာတ်ခဲ မဝယ်နိုင်သဖြင့် မဝယ်ထည့်ဘဲသိမ်းထားသောစက် ဖြစ်ပါသည်။ မန်တုံမြို့နယ်တွင် စကားပြောစက်မသုံးရဟု အမိန့်ထုတ်ထားပြီးဖြစ်ပါသည်။ သူ့ကိုဦးဂမ်မွန်း၏ အမည်စာရင်းတွင် ပါရှိသည်ဟုဆိုကာ ဝင်ရောက်ရှာဖွေရာ ကနေစကားပြောစက် ဖမ်းမိခြင်းဖြစ်ပါသည်။ သူ့ကိုမန်တုံစစ်တပ်(၁၃၀)မှလာဖမ်းသွားခြင်းဖြစ်ပါသည်။

## ဦးလရှီးလဂျာ၏ဇနီးပြောဆိုချက်

"ကျွန်မယောကျာ်းက တပ်မတော်စစ်တပ်နဲ့ရင်းရင်းနှီးနှီးနေတဲ့ သူတစ်ယောက်ဖြစ်ပါတယ်။ ရက်တော့ ကောင်းကောင်းမမှတ်မိတော့ဘူး။ (ခန့်မှန်း ၂၁.၇.၂၀၁၂) အဲချိန်မှာစစ်သား(၆)ယောက် လောက်လာပြီး "ဦးလဂျာရှိလား" လို့လာမေးတယ်။ ကျွန်မလည်းဘာမှမသိတာကြောင့် "ရှိတယ်"



လို့ရိုးရိုးလေးဘဲဖြေလိုက်တယ်။ အဲချိန်မှာသူတို့ကလည်း"ဆင်းခဲ့ပါ။ ရေနွေးကြမ်းသောက်ရအောင်" လို့ပြောပြီးခေါ်တယ်။ ကျွန်မယောကျာ်းလည်း "ဗိုလ်လေးရေအပေါ်တက်ခဲ့ပါ။ အပေါ်မှာ ရေနွေးကြမ်းသောက်ရအောင်"လို့ပြန်ခေါ်လိုက်တယ်။ အဲချိန်မှာစစ်သားတွေကလည်း "အောက် ကိုဆင်းခဲ့ပါ။ အောက်မှာဘဲသောက်ရအောင်" လို့ပြန်ခေါ်လိုက်တယ်။ ကျွန်မယောကျာ်းလည်း သူတို့ ပြောတာကြောင့် ရေနွေးခွက်ခရားတွေကိုကိုင်ပြီး အောက်ဆင်းခဲ့တယ်။

အဲချိန်မှာ ကျွန်မက မီးဖိုးချောင်မှာနေတဲ့အချိန်။ စစ်သားတစ်ယောက်က ခြင်းတောင်းချည်တဲ့ကြိုးကို လာဖြုတ် နေတယ်။ ကျွန်မက "ဝက်ချည်မှာလား" လို့မေးလိုက်တယ်။ သူကလည်း"အဲဒါလည်းလိုမယ်" လို့ပြန်ဖြေတယ်။ ကျွန်မလည်း စိတ်ချလက်ချနဲ့ရေသွားခပ်တဲ့အချိန်မှာ စစ်သားတွေက ကျွန်မယောကျာ်းကို ဘယ်ညာကိုင်ထားပြီး ကျွန်မကိုတော့သူတို့က "ဘာမှမစိုးရိမ်နဲ့နော် ကျွန်တော် တို့တပ်ရင်းမှူးက မေးစရာရှိလို့ခဏခေါ်ခိုင်းလိုက်တာ။ ခဏနေကြရင် ပြန်လွှတ်ပေးလိုက်မယ်" လို့ပြောပြီး ခေါ်သွားတာ။ သူတို့ကကျွန်မယောကျာ်းကို ချည်ဖို့ကြိုးရှာတဲ့အချိန်မှာ အရင်က K.I.A တွေပေးထားတဲ့ စကားပြောစက် အဟောင်းတစ်လုံးကိုရှာတွေ့တယ်။

အဲဒါလည်း ကျွန်မယောကျ်ားက ပိုက်ဆံမရှိလို့ ဓာတ်ခဲမဝယ်ထည့်နိုင်လို့ သိမ်းထားတဲ့ဟာပါ။ တကယ်ဆိုရင် ကျွန်မယောကျာ်းက K.I.Aတွေ ကို သတင်းပေးတဲ့လူတစ်ယောက်ဟုတ်တယ်။ ကျွန်မလည်းအဲညမှာဘဲ ကျွန်မယောကျာ်း အတွက် မုန့်(၁၅၀၀)ဖိုး သွားဝယ်ပေးတယ်။ သူ့ကို ဘယ်မှာထားမှန်းလည်းမသိဘူး။ သူ့ကိုဖမ်းသွား က တည်းကနေ တစ်ခါမှမတွေ့တော့ဘူး။ အခုတော့နမ္မတူမှာ လိုလိုတော့ကြားတယ်။ သူ့ကိုတော့ မန် တုံစစ်တပ်(၁၃၀)ကလာဖမ်းတာပါ။ လာဖမ်းတဲ့အချိန်မှာတော့ စစ်သား(၅)ယောက် သေနတ် ကိုယ်စီနဲ့ လာဖမ်းသွားတယ်။ ကျွန်မကလာဖမ်းတဲ့သူတွေရဲ့နာမည်ကို ကောင်းကောင်းတော့မသိ ဘူး။ ဒါပေမယ့် ကျွန်မယောကျာ်းက သိမယ်ထင်တယ်။ ကျွန်မတို့လယ်ဧက (၁) ဧကဘဲ လုပ်ပါတယ်။ ကလေးသုံးယောက်ရှိတယ်။ အကြီးကကျောင်းမတက်တော့ဘူး။ အငယ်နှစ်ယောက်ဘဲ တက် တယ်။ အခုတော့ ကျွန်မယောကျာ်းအဖမ်းခံရတာ (၁)လပြည့်တော့မယ်။ ကျွန်မတို့လည်း သူမရှိဘူးဆိုတော့ အစစအရာရာအဆင်မပြေဘူး။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : လဘန်ရှုရွယ် |
| အဖအမည် | : လဖောင် ဟောင်ဇယ် |
| အသက် | : ၃၇ နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၅ တန်း |
| အလုပ်အကိုင် | : တောင်ယာ၊လက်ဖက်ခြံ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ဂျာဘောက် |
| နေရပ်လိပ်စာ | : ဒတ်လတ်၊ မန်တုံမြို့နယ်၊ ရှမ်းပြည်မြောက်ပိုင်း |
| ဆက်သွယ်ရမည့်လိပ်စာ | : ဒတ်လတ်၊မန်တုံမြို့နယ်၊ရှမ်းပြည်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| အမှုဖြစ်အကြောင်းအရင်း | : စကားပြောစက်လက်ဝယ်ထားရှိမှု |
| အင်တာဗျူးသည့်နေ့ | : ၂၄ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

လဘန်ရှုရွယ်သည် မန်တုံမြို့နယ် ဒတ်လက်ကျေးရွာတွင် နေထိုင်ပါသည်။ သူ၏ဇနီး ဒေါ်ဂျာဘောက် (အသက်၃၇နှစ်)နှင့်အတူ ကလေး(၂)ယောက်ရှိပါသည်။ (၁၂.၈.၂၀၁၂)ရက်နေ့ နေ့ ညနေပိုင်းတွင် လာဖမ်းသွားသည်။ မန်တုံစစ်တပ် တပ်ရင်း(၁၃၀)မှ လာရောက်ဖမ်းဆီးခဲ့သည်။ သူ့ကိုရေသွားခပ်

သည့်လမ်းတွင်ဖမ်းပြီး ညှင်းပန်းနှိပ်စက်မှုတွေ ဆိုးဆိုးဝါးဝါးခံလိုက်ရတယ်။ ရွာသူ ရွာသားများကိုခေါ်ယူပြီး ရွာလူကြီးစကားပြောစက် သွားယူပေးသည့်အချိန်ကစပြီး နှိပ် စက် ခြင်း ဖြစ်သည်။ သူ့ကိုဖမ်းသွားသည့်ညတွင် သူ့မိခင်ဆုံးသွားသောကြောင့် သူ့ကိုပြန် လွှတ်ပေး လိုက် ခြင်း ဖြစ်သည်။ သို့သော်နှိပ်စက်သည့်ဒဏ်တွေကြောင့် သူ၏လက်သည်ယခုအချိန်ထိ ကောင်း ကောင်းမလှုပ်ရှားနိုင်သေးပါ။

## ဦးလဘာန့်ရှုရှယ်ပြောဆိုချက်

“ကျွန်တော်ကဒီရွာကပေးထားတဲ့စကားပြောစက်ကိုကိုင်ထားတဲ့သူတစ်ယောက် ဖြစ်ပါတယ်။ ကျွန်တော့် သူငယ်ချင်းအုပ်ချုပ်ရေးမှူးကလည်း စကားပြောစက်အသုံးပြုခွင့်မရှိကြောင်း စာထုတ်ပြန်တာတွေလည်းမရှိသေးဘူး။ ကျွန်တော်လည်းကိုင်လို့ရသေးတယ်ထင်လို့ ဆက်ပြီးအသုံးပြုနေတာ။ ကျွန်တော့်အမေနေမကောင်းဖြစ်တာ(၂)လလောက်ရှိပြီ။ ကျွန်တော်လည်းသူငယ်ချင်း (အုပ်ချုပ်ရေးမှူး)ကိုသွားမတွေ့ရသေးလို့ဒီစကားပြောစက်ကိုကိုင်နေတာဟုတ်တယ်။ အဲလိုကိုင်နေတဲ့အချိန်မှာ စစ်တပ် ခလရ (၁၃၀) ကရောက်လာပြီး လာရောက်စစ်ဆေးမေးမြန်းမှုတွေလာလုပ်တယ်။

ရွာသူရွာသားတွေကိုစုခိုင်းထားပြီးနှိပ်စက်တာတွေ ပြုလာတဲ့အခါမှာတော့ကျွန်တော်ကစကားပြောစက်ဘဲလာယူတယ်ထင်လို့ ကျွန်တော်ကစက်ဘဲသွားယူပေးလိုက်တာ။ ကျွန်တော်က“(ရယက) ဝန်ထမ်းပါ။ မယုံရင်ရုံးကိုသွားပြီးကြည့်ပါ။ ကျွန်တော့်နာမည်လည်းရှိတယ်။ ကျွန်တော့်လက်မှတ် လည်းရှိတယ်” လို့ပြောတယ်။ တကယ်တော့ကျွန်တော်က ဘယ်သူ့ဘက်မှာမှလည်း အမှုထမ်းဖို့အတွက်မရဲဘူးလို့ပြောတယ်။ လစာလည်းမရ အခုကျွန်တော့် လည်ပင်းလည်းနာနေတယ်လို့ ပြောပြ တယ်။ အဲကနေစပြီး ကျွန်တော့်ကိုသူတို့ခေါ်သွားတော့ဒါဘဲ။ လမ်းတစ်လျှောက်လုံးရိုက်တော့ဒါဘဲ။ ကြွက်တက်တဲ့အထိရိုက်ကြတော့ဒါဘဲ။

ဓားနဲ့လည်းချိန်ရွယ်တယ်။ ကျည်ဆံကိုထုတ်ပြီးတော့လည်းနဖူး မှာထောက်ထားတယ်။ အရမ်းနာအောင်ထောက်ထားပေးတယ်။ လက်ချောင်းတွေမှာလည်းကျည်ဆံနဲ့ညှပ်ပေးပြီးနှိပ်ကြပါတယ်။ လမ်းတစ်လျှောက်လုံးနားလိုက်နှိပ်စက်လိုက်နဲ့ကျွန်တော့်ကိုခေါ်သွားပါတယ်။ ကျွန်တော်က ဘာမှမသိဘူးလို့ပြောပေမယ့်လည်း ရပ်လိုက် နှိပ်စက်လိုက်နဲ့တစ်ချိန်လုံး အဲလိုနဲ့ ဘဲခေါ်သွားတယ်။ သေနတ်နဲ့လည်းရိုက်ပေးတယ်။ ကျွန်တော့်ကိုလာဖမ်းတာကဗိုလ်မှူးသက်ထွေးကိုယ်တိုင် လာရောက်ဖမ်းခေါ်တာဖြစ်ပါတယ်။ သူကအိမ်တစ်အိမ်ကိုဝင်တဲ့အချိန်မှာ ခလုတ်တိုက်မိလို့နာသွားတော့ ရှက်ရှက်နဲ့ “အဲဒါမင်းကိုဖမ်းလို့ဖြစ်တာ” လို့ပြောပြီး ပိုပြီးရိုက်တော့ဒါဘဲ။ စစ်သားတွေက အားလုံး(၁၀) ယောက် သေနတ်ကိုယ်စီနဲ့ဟုတ်တယ်။

တကယ်ဆိုရင်သူတို့ကကျွန်တော့်ကို လာဖမ်းတာ တော့မဟုတ်ပါဘူး။ ကျွန်တော့်အိမ်အောက်ကလူတစ်ယောက်ကိုလာဖမ်းတာဟုတ်တယ်။ ကျွန်တော့်ကိုကျတော့ ကျွန်တော့်အမေဆုံးသွားပြီဆိုပြီး ရွာလူကြီးတွေလာတောင်းပန်လို့ ပြန်လွှတ်ပေးတာဖြစ်တယ်။ ကျွန်တော့်အမေက ကျွန်တော့်ကိုလာဖမ်းတဲ့နေ့မှာဘဲဆုံးသွားတာဟုတ်တယ်။ ကျွန်တော့်ကိုတော့သူတို့က “မင်းကိုနောက်တစ်ခေါက်လမ်းမှာတွေ့ရင်ဖမ်းတဲ့အခါ ဘာမှမ ပြောနဲ့နော်” လို့ကျွန်တော့်ကိုမှာလိုက်တယ်။ ဇော်ဖန်ကိုတော့လမ်းမှာတွေ့တာကြောင့် သူ့ကိုလည်း တစ်ခါပါးရိုက်တယ်။ နောက်ပြီး “ဒီရွာမှာ စကားပြောစက်ကိုင်တဲ့လူ ဘယ်သူရှိလည်း” လို့မေးတဲ့အချိန်မှာ သူက “မရှိဘူး” လို့ပြန်ပြောတဲ့အချိန်မှာ ကျည်တစ်တောင့်ထုတ်ယူပြီး “အေ...... ဒီရွာမှာတိုက်ပွဲဖြစ်ရင် မင်းကိုအရင် ပေါဒီကျည်ဆံနဲ့သတ်ပစ်မယ်” လို့သူ့ကိုရွယ်ပြီးပြောတယ်။”

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : လရှီးမာတူး |
| အသက် | : ၄၀ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ပလောင် |
| နေရပ်လိပ်စာ | : လောင်ကျင်း၊မန်တုံမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |



| | |
|---|---|
| ဆက်သွယ်ရမည့်လိပ်စာ | : လောင်ကျင်း၊မန်တုံမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၂၁ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| အမှုဖြစ်အကြောင်းအရင်း | : စကားပြောစက် |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၄ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## စတင်ဖမ်းဆီးခေါ်ဆောင်သွားပုံဖြစ်စဉ်အကျဉ်း

လရှီးမာတူးသည် ကလောင်ကျင်းရွာတွင်နေထိုင်သူတစ်ဦးဖြစ်သည်။ သူ့ကို၂၁.၈.၂၀၁၂ရက်နေ့ ညနေပိုင်း (၇) နာရီလောက်တွင် မန်တုံစစ်တပ်ခ.လ.ရ(၁၃၀)တို့မှ လာရောက်ဖမ်းဆီးသွားခြင်း ဖြစ်ပါသည်။ အိမ်သူအိမ်သားများသည် တောင်ယာလုပ်ငန်းလုပ်ကိုင်စားသောက်ကြပါသည်။ သူ့ကို လည်းဦးဂမ်မွန်း၏ အမည်စာရင်းတွင်ပါသောကြောင့် လာရောက်ရှာဖွေခြင်းဖြစ်ပါသည်။ သူ့အိမ်၌ စကားပြောစက် တစ်လုံးရှာဖွေမိသည်။ သူ့ကိုတခြားနှိပ်စက်မှုများ ပြုလုပ်ခြင်းမရှိပါ။

## အင်ခွမ်လှအောင်ပြောဆိုချက်

လရှီးတူးအောင်သည် လောင်ကျင်းရွာသားဖြစ်ပါသည်။ သူ့ကိုလည်းကျွန်မခဲအို၏အမည်စာရင်းတွင်ပါသောကြောင့် လာရောက်ဖမ်းဆီးခြင်းဖြစ်ပါတယ်။ ကျွန်မခဲအိုကိုဖမ်းပြီးနောက်နေ့တွင်လာရောက်ဖမ်းဆီးခြင်းဖြစ်တယ်။ သူ့ကိုရိုက်နှက်ခြင်းမပြုလုပဘူး။ စကားပြောစက်ကိုလရှီး တူးအောင်၏နေအိမ်မှဖမ်းမိခြင်းဖြစ်သည်။ သူတို့သည် လမ်းနံဘေးတွင်နေထိုင်သောကြောင့် K.I.A တို့ပေးထားခြင်းဖြစ်သည်ဟု ထင်ရသည်။ သတင်းပေးရန်ပေးထားခြင်းဖြစ်သည်ဟုထင်ရသည်။ မုန်တုံစစ်တပ်ခလရ(၁၃၀)မှလာရောက်ဖမ်းသွားခြင်းဖြစ်သည်။ အခုချိန်အထိထိုနေရာတွင်ရှိနေသေးသည်ဟုထင်ရသည်။ ဘယ်နေရာတွင်ရှိနေခြင်းကိုမူ အတိအကျမသိရပါ။ သူ့မိန်းမသည်ဘာမှမ လုပ်တတ်သဖြင့် အိမ်တွင်ငိုပြီးနေနေသည်။ ကလေးက (၄) ယောက် ရှိပါသည်။

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : လွမ်အောင် |
| အသက် | : ၄၁ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : မြတ်အုန်း |
| နေရပ်လိပ်စာ | : ဒတ်လတ်၊မန်တုံမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| ဆက်သွယ်ရမည့်လိပ်စာ | : ဒတ်လတ်၊မန်တုံမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၂၁ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၂၄ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

လွှမ်အောင်သည် ဒတ်လတ်ကျေးရွာ၏လူကြီးတစ်ဦးဖြစ်ပါသည်။ သူသည်စာမတတ်သောကြောင့် ရွာမှပေးထားသည့် စကားပြောစက်အားတာဝန်ယူထားခြင်းဖြစ်သည်။ သူ့ကို ရပ်ကွက်အုပ်ချုပ်ရေးမှူးဦးတူးလွှမ်အပါအဝင် စစ်သား(၆) ယောက်လာဖမ်းခြင်းဖြစ်ပါသည်။ တခြားရိုက်နှက်ခြင်းတွေတော့မရှိပါ။ သူကို "ဒီညဘဲနော်" ဟုပြောကာ ဖမ်းခေါ်သွားခြင်းဖြစ်သည်။ သူ့ကိုလည်း ဂမ်မွန်း၏ အမည်စာရင်းတွင်ပါသောကြောင့် ဖမ်းသွားခြင်းဖြစ်ပါသည်။

## လွှမ်အောင်၏ဇနီးအော်မြတ်ဒုန်းပြောဆိုချက်

"ကျမဈေးကပြန်လာတာနဲ့ အိမ်မှာစစ်သားတွေကရောက်နေပြီ။ ကျမကိုတွေ့တာနဲ့မင်းယောကျာ်းရဲ့ စကားပြောစက်ဘယ်မှာထားလည်းလို့မေးတယ်။ ကျမလဲ ကျမယောကျာ်းစကားပြောစက်ကိုင်တာလည်းမသိဘူး။ တောင်ယာဘဲလုပ်စားတယ်။ စကားပြောစက်ကိုင်တာလည်းမမြင်ဖူးဘူး လို့ပြန်ပြောလိုက်တယ်။ ကလေးကိုကျွေးမွေးစောင့်ရှောက်ရမှာကြောင့် တောင်ယာဘဲလုပ်စားတယ်လို့ ပြောလိုက်တဲ့အချိန်မှာကျမကို "မင်းမလိမ်နဲ့"လို့ပြောတယ်။ ကျမလည်း "မင်းတို့မယုံရင် ရှာကြည့်ပါလား" လို့ပြောတဲ့အချိန်မှာမှသူတို့ကအိမ်ထဲဝင်ရှာကြည့်တယ်။ အိမ်မှာမတွေ့မှ အပြင်ကိုထွက်ပြီးခြံဝင်းထဲမှာ ပြန်ရှာတယ်။

အဲချိန်မှာစစ်သားတစ်ယောက်က "ဆရာကြီး တွေ့ပြီ တွေ့ပြီ" လို့အော်ပြောပြီး စကားပြောစက်တစ်လုံးကိုင်ပြီးတော့ ထွက်ခဲ့တယ်။ သစ်ပင်တစ်ပင်အောက်ကယူခဲ့တယ်။ ကျမကလည်း "ကျမယောကျာ်း ဘယ်နေရာမှာ ဘာထားသလဲဆိုတာမသိဘူး" လို့ပြန်ပြောတယ်။ နောက်ပြီး "ကျမယောကျာ်း ဘယ်အချိန်မှာပြန်လွှတ်လာမလဲ" လို့မေးတဲ့အချိန်မှာ "မမေးနဲ့" လို့ပြန်ပြောတယ်။ ကျမလည်း "သူ့ရဲ့ကလေးတွေငယ်သေးတယ်။ တောင်ယာကလည်းလုပ်စားရအုန်းမယ်" လို့ပြောတယ်။ "ဒီနှစ်လုပ်တဲ့တောင်ယာကမှားပါပြီ"လို့ပြောမှသူတို့ကလည်း"ဘာမှမပူပါနဲ့မကြာခင်ပြန်လွှတ်ပေးပါ့မယ်"လို့ပြန်ပြောတယ်။ ကျမလည်း "ခင်ဗျားတို့မလိမ်ပါနဲ့နော်" လို့ပြောမှ တပ်ကြပ်ဝင်းကြိုင်က "ဘာမှမစိုးရိမ်ပါနဲ့" လို့ပြောတယ်။ အခုချိန်ထိတော့ပြန်မလာသေးဘူး။ သူ့ကိုတော့ အခုချိန်ထိရိုက်နှက်တာတွေတော့မရှိသေးဘူး။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : မုန်ဖောက်လွှမ်းဒေါင် |
| အသက် | : ၂၉နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၃တန်း |
| အလုပ်အကိုင် | : တောင်ယာလက်ဖက်ခြံ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ပေါင်ဆ ဘောက်တောင် |
| နေရပ်လိပ်စာ | : အူမောင်၊မန်တုံမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| အင်တာဗျူးသည့်နေ့ | : ၂၅ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

မုန်ဖောက်လွှမ်းဒေါင်သည် ပေါင်ဆဘောက်တောင်၏ ခင်းပွန်းဖြစ်ပါသည်။ ကလေးတစ်ယောက် ရှိပါသည်။ အူမောင်ကျေးရွာမှအုပ်ချုပ်ရေးမှူးသည် ၎င်း၏စကားပြောစက်ကို ဆိုင်တစ်ဆိုင်တွင်မေ့



ကျန်ခဲ့ပါသည်။ ထိုအချိန်တွင် မုန်ဖောက်လွှမ်းဒေါင်သည်ထိုဆိုင်၏နဘေးတွင်ရှိသော ကုလားအိမ်တွင်ရှိနေပါသည်။ ထိုအချိန်တွင်သူ့ကိုအူမောင်ရွာကဖြစ်သည်ဟုဆိုကာ စစ်ဆေးမေးမြန်းခဲ့သည်။ ထိုစကားပြောစက်ကြောင့် သူသည်အလွန် နှိပ်စက်ခြင်းခံလိုက်ရပါသည်။ လက်တွင်ဓားဖြင့်လှီးပေးခြင်း၊ နား၊ လည်ပင်းများတွင်ဓားဖြင့်လှီးပေးသည်။ သူ့ကိုတော့ရပ်ကွက်လူကြီးနှင့်ဆွေမျိုးများ ပြန်တောင်းပန်သောကြောင့်လွှတ်ခဲ့ခြင်းဖြစ်သည်။ သူ့ကိုစစ်သားဟုထင်ကာနှိပ်စက်ခြင်းဖြစ်ပါသည်။

## မုန်ဖောက်လွှမ်းဒေါင်ပြောဆိုချက်

"ကျွန်တော်က ဟိုကုလားအိမ်မှာနေနေတာဟုတ်တယ်။ အဲဒီကျွန်တော် နေနေတဲ့အိမ်နားမှာတော့ ဆိုင်တစ်ဆိုင်ရှိတယ်။ အဲဒီဆိုင်က အသင်းတော်လူကြီးဦးနော်ရဲ့ဆိုင်ပါ။ အူမောင်ရွာ အုပ်ချုပ် ရေးမှူးကသူ့စကားပြောစက်ကို အဲဒီဆိုင်မှာ မေ့ချန်ထားခဲ့တယ်။ ကျွန်တော်ကကုလားအိမ်မှာ နေနေတဲ့အချိန်မှာ ကျွန်တော့်ကို အူမောင်ရွာကဟုတ်တယ်ဆိုပြီး စရိုက်တော့တာဘဲ။ အဲကနေစ ပြီးကျွန်တော့်ကို လက်မှာရောခြေထောက်မှာရောဘယ်တစ်ဖက်ညာတစ်ဖက်ကိုင်ပြီး စစ်သားတွေစတင်ရိုက်နှက်တယ်။ အူမောင်ရွာ လက်ပန်တောင် ဆိုတဲ့နေရာမှာဟုတ်တယ်။ ကျွန်တော်ရဲ့ လက်မှာကြိုးနဲ့ချည်းပြီး လည်ပင်း၊နား၊လက်တွေမှာဓားနဲ့လှီးပေးတယ်။ တုတ်နဲ့လည်း ကိုယ်ပေါ်မှာရိုက်ပေးတယ်။ ခြေထောက်နဲ့လည်းကန်တယ်။ တနင်္ဂနွေနေ့မှာ ဖမ်းသွားပြီး နောက်နေ့တနင်္လာနေ့မနက်အထိ နှိပ်စက်တယ်။ ကျွန်တော့်ကိုအူမောင်လမ်းကတောင်မခေါ်သွားတော့ဘူး။ လမ်းမှာတွေရော နားတဲ့နေရာမှာရော ရိုက်တယ်။ အဲဒီက ကုလားတွေတောင်တွေ့လိုက်သေးတယ်။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဇယ်ဂျိုး |
| အသက် | : ၄၉ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : ကြက်ရောင်းဝယ်ရေး |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ခေါန်ဒင့် |
| နေရပ်လိပ်စာ | : ဗီနိုင်း၊လားရှိုးမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၉ရက်၊ ၆လ၊ ၂၀၁၂ခုနှစ် |
| အမှုဖြစ်အကြောင်းအရင်း | : K.I.A နှင့်ဆက်သွယ်မှု |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၆ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

ဇယ်ဂျိုး နှင့်ခေါန်ဒင့်တို့သည် မုန်းရီးနှင့်ဗီနိုင်းကြားတွင် ကြက်ရောင်းဝယ်ရေးလုပ်ကြသော မိသားစု ဖြစ်သည်။ ခေါင်လွှမ်းနှင့်အောင်ခမ်းတို့နှစ်ယောက်၎င်းတို့အိမ်တွင်ရောက်လာပြီး IDP camp တွင် နေထိုင်သူဖြစ်ကြောင်း ၎င်းတို့ KIA တပ်ထဲသို့ဝင်ချင်တယ်ဆိုပြီးလာပြောသည်။ ထိုအခါဇယ်ဂျိုးက ဈေးနေ့တွင်မေးပေးမည်ဟုပြန်ပြောခဲ့သည်။ ထိုကဲ့သို့ပြောပြီး နောက်နေ့တွင် စ.ရ.ဖ မှ တပ်ကြပ် ဌေးအောင်နှင့် စစ်သားတစ်ယောက်ရောက်လာပြီးဇဂျိုး ကိုဖမ်းသွားခဲ့ခြင်းဖြစ်သည်။

## ဇဂျူး၏မိန်းမလရှီးဒေါ်နံ့ဒင့်ပြောဆိုချက်

"အခုကျွန်မယောကျ်ား အဖမ်းခံရတဲ့ကိစ္စကသည်လိုပါ။ မဖမ်းခံရခင် ညကခေါင်လွမ်းနှင့်အောင်ခမ်းတို့နှစ်ယောက်လာပြီးသူတို့နှစ်ယောက်က စစ်ပြေးဟုတ်တယ်။ အခု KIA စစ်တပ်ထဲဝင်ချင်တယ် ဆက်သွယ်ပေးပါလားလို့လာပြောတယ်လေ။ အဲဒါနဲ့ကျွန်မယောကျ်ားကလည်း "အဲဒါဆိုရင် ဈေးနေ့မှာ မေးကြည့်ပေးမယ်" လို့သူတို့ကိုပြောလိုက်တယ်။ နောက်နေ့ကျတော့ ကျွန်မကရွာလည် ပြီး ပြန်အလာမှာ ကျွန်မယောကျ်ားနဲ့ထိုင်နေတုန်းစ.ရ.ဖကတပ်ကြပ်ဌေးအောင်ဆို သူနှင့်စစ်သား တစ်ယောက် လာပြီး"မင်းအိမ်ရှင်ဟုတ်လား" လို့မေးတယ်။ ကျွန်မတို့နှစ်ယောက်ကလည်း "ဟုတ်ပါတယ်" လို့ ပြန်ပြောလိုက်တယ်။ "အဲဒါဆိုရင်အပြင်သွားရအောင်" လို့ပြောပြီးကျွန်မ ယောကျ်ားရဲ့ဘယ်၊ ညာလက် ကို ကိုင်လိုက်တယ်။

အဲဒီချိန်မှာကျွန်မလည်းအပြင်ကိုကြည့်လိုက်တော့ စစ်သားတွေ ပတ်ပတ်လည်ဝိုင်းနေတာကို တွေ့တယ်။ ကျွန်မတို့ကလည်းမသိဘူးလေ။ ခြံစည်းရိုး ပတ်ပတ်လည်မှာတော့စစ်သားတွေကြီးဘဲ။ ကျွန်မကလည်း လျှောက်လည်ပြီး ပြန်လာတယ်ဆိုတော့ ဓာတ်မီးနဲ့ထိုးကြည့်တော့မြင်နေရတယ်။ လမ်းဘက်မှာကျတော့ စစ်ကားလားဘာလားမသိဘူး။ ကားမဲမဲတစ်စီးထိုးထားတယ်။ အဲဒီကနေစပြီးတော့ စစ်တပ်ကိုခေါ်သွားတော့ဒါဘဲ။ ညဘယ်နှစ်နာရီမှာ လာခေါ်သွားသလဲဆိုတာလည်းမမှတ်မိတော့ဘူး။ နည်းနည်းတော့စောအုန်း မယ်ထင်တယ်။ အဲဒီကနေခေါ်သွား ပြီးတဲ့နောက်ပိုင်း စစ်တပ်ကိုရောက်တာနဲ့ စစ်မေး၊ ရိုက်နှက် ပြီးတော့မေးတော့ဒါပါဘဲ။

ကျွန်မယောကျ်ားကလည်း မဟုတ်တာကိုတော့မခံဘူးလို့ပြောပြီး ဘယ်လောက်ရိုက်စစ်စစ် မဟုတ်ဘူးလို့ဘဲပြောတယ်တဲ့။ မင်းတို့သတ်ရင်လည်းမဟုတ်တာကိုမခံဘူးလို့ သူကလည်းပြန်ပြောတယ်တဲ့။ အဲကစပြီးသူ့ကို ပြောင်းပြန်ချည်ပြီးတော့ နှိပ်စက်တယ်တဲ့။ အဲဒီည ၁၀ နာရီကနေ နောက်နေ့မနက် ၆ နာရီထိ ချည်ထားတယ်လို့ပြောတယ်။ အခုတောင် ချည်ထားတဲ့အထက်ပိုင်းနာတယ်လို့ပြောတယ်။ အခုထောင်သွားရင်လည်း တစ်ခါသွားရင်တော့ အနည်းဆုံး တစ်သောင်း(၁၀၀၀၀) လောက်ကုန်တယ်။ ကျွန်မကလည်း သည်မုန်းရှူးနဲ့ ဗီးနိုင်းကြားမှာဘဲ ကြက်ရောင်းစားတယ်ဆိုတော့ ပိုက်ဆံကလည်း မရှိ။

ဒါပေမယ့်လည်း ပိုက်ဆံကုန်ပြီးထွက်လာမယ်ဆိုရင်တော့ အမြန်ဆုံးထွက်လာအောင်ဆိုပြီးတော့ ရှေ့နေဌားပြီးအမှုလိုက်နေတာပါ။ ပိုက်ဆံကတော့ ထောင်မှာပေးတာရော ရှေ့နေကိုပေးတာရောဆိုရင် စုစုပေါင်း နှစ်သိန်းကျော်(၂၅၀၀၀၀) ကုန်နေပြီ။ ဒါတောင်ထောင်မှာခိုးပြီးပေးရတာမပါသေးဘူး။ အဲဒီမှာသွားဖို့အတွက် အသွားအပြန်ကားခမပါသေးဘူး။ အခုကျွန်မယောကျ်ားမရှိဘူးဆိုတော့ အိမ်မှာကလည်းခက်။ အရင်ကလည်းခက်ပါတယ်။ ဒါပေမယ့်အခုကပိုပြီးတော့ခက်နေပြီ။ ဘယ်လိုလုပ်ရမလဲ မသိဘူး။ သည်လိုမျိုးက တစ်ခါမှလည်း မကြုံဖူးဘူးဆိုတော့ ဘယ်လိုလုပ်ရမလဲမသိတော့ဘူး။ စိတ်တော့ တအားညစ်တယ်။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ဇောင်းခေါင် |
| အသက် | : ၅၂ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ကော့မိုင် |
| နေရပ်လိပ်စာ | : ဗီးနိုင်းရွာ၊လားရှိုးမြို့နယ် ၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၁၂ရက်၊ ၆လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၆ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |



## အမှုဖြစ်စဉ်

ဇောင်းခေါင် အသက်(၅၂)နှစ်သည် သားသမီးက(၄)ယောက်၏ဖခင်ဖြစ်ပြီး ဒေါ်ကော့မိုင်၏ခင်ပွန်း ဖြစ်သည်။ ဇောင်းခေါင်ကိုရွာသူကြီးများသည် ဇဂျူးကိုဖမ်းသွားသောကြောင့်သူ့ကိုလည်း အချိန်မီပုန်းလို့ ရအောင် လာပြောသွားသည်။ သို့သော်လည်းသူသည်မိန်းမနေမကောင်းသောကြောင့် ဝေးဝေးသို့မပြေးဘဲ ရွာနှင့်နီးသောနေရာတွင် နေမကောင်းသောမိန်းမကို လာ ကြည့်လို့ရ အောင် တောမှာဘဲနေနေသည်။ ထိုညညနေစောင်းလာသည့်အချိန်တွင် သူ့အိပ်ယာခင်းကိုယူပြီး အိမ်ခဏပြန်သည့်လမ်းတွင်ဖမ်းယူခြင်းဖြစ်သည်။ သူ့ကို ရိုက်နှက်ခြင်းတွေမရှိပါ။ သူ့မိန်းမနှင့် ခေါန်ဒင့်တို့သည် ရှေ့နေအတူတူဌားကြသည်။ တရားရုံးအသွားအပြန်လမ်းစရိတ်များစွာကုန်သည်။ ပိုက်ဆံနှစ်သိန်းကျော်ကုန်ပြီ အခုအချိန်တွင် အိမ်၌အလုပ်လုပ်မည့်သူမရှိသောကြောင့်အလွန်ခက်ခဲနေသည်။

## ဇောင်းခေါင်၏ဇနီးကော့မိုင်ပြောဆိုချက်

"အဲချိန်မှာမိုးချုပ်ပြီဖြစ်လို့ ကျွန်မနဲ့ကလေးတွေက ထမင်းစားနေကြတယ်။ ကျွန်မလည်းနေသိပ်မကောင်းဘူး။ အဲဒါကြောင့်ထရံကိုဘဲမှီပြီးထမင်းစားနေတဲ့အချိန်မှာ ဦးလရှမ်နော်(ဈေးကုန်းလူကြီး) နဲ့အတူရဲတစ်ယောက်လာမေးတယ်။ "မင်းယောကျ်ားရှိလား" လို့လာမေးတယ်။ ကျွန်မက "မရှိဘူး" လို့ပြန်ဖြေလိုက်တယ်။ အဲဒီမှာ "သူတို့ကသွားရှာပေးပါ။ မေးစရာနည်းနည်းရှိလို့။ မေးပြီးရင်ပြန်လွှတ်ပေးမယ်"လို့လာပြောတယ်။ "ဘာမှမလုပ်ပေးပါဘူး" လို့လည်းလာပြောတယ်။ ကျွန်မကလည်း "မသိဘူး" လို့ဘဲပြောတယ်။

သူတို့ကကျွန်မယောကျ်ားကိုဖမ်းပြီး နောက်ပိုင်းမှ ကျွန်မကိုလာမေးတာဟုတ်တယ်။ အဲဒီ သူတို့လာမေးတဲ့အချိန် ကျွန်မကမသိဘူးလို့ပြောလိုက်လို့ သူတို့လည်းကျွန်မကိုအများကြီးဘဲမေးသွားတယ်။ ကျွန်မလည်းနေမကောင်းဘူးဆိုတော့ သတိရတစ်ချက်မရတစ်ချက်နဲ့ အများကြီးဖြေလိုက်ပြီ။ ဘာတွေမေးမှန်းကို မသိတော့ဘူး။ အဲဒီကနေပြီးသူတို့ပြန်သွားပြီ။ နောက်တော့ ဦးလဘန်နော်က "မင်းယောကျ်ားကို လာခေါ်သွားကြပြီ" လို့လာပြောတယ်။ ဒါပေမဲ့ကျွန်မက "မခေါ်ပါဘူး။ ကျွန်မယောကျ်ား ဟိုချုံပုတ်ထဲမှာအိပ်နေတယ်" လို့ပြန်ပြောလိုက်တယ်။ အဲသလိုပြောပြီးကျွန်မကဓါတ်မီးကိုင်ပြီးလိုက်ရှာကြည့်တယ်။ သူတို့က ကျွန်မယောကျ်ားကို အိမ်နားကပ်ပြီးတော့တောင်ဖမ်းခေါ်သွားကြသတဲ့။

သူတို့ကျွန်မ ယောကျ်ားကိုဖမ်းပြီးမှ ကျွန်မကို လာမေးတာဟုတ်တယ်။ ကျွန်မယောကျ်ားက ကျွန်မကိုလာကြည့်မယ်ဆိုပြီးလာတဲ့အချိန်မှာဖမ်းမိတာဟုတ်တယ်။ ကျွန်မယောကျ်ားကိုလာဖမ်းတဲ့အချိန်မှာ စစ်သားတွေအများကြီးဘဲ လာဝိုင်းကြတယ်လို့ အိမ်ဘေးကလူတွေပြန်ပြောပြလို့သိတယ်။ ကျွန်မကအဲချိန်မှာ ဘာမှမသိဘူးလေ။ အခုကြတော့ပိုက်ဆံအများကြီးကုန်ပြီ။ အိမ်မှာလည်းတောင်ယာဘဲလုပ်စားတယ် ဆိုတော့ အခုသူမရှိတော့ဘူးဆိုတော့ အလုပ်လုပ်မယ့်လူလည်းမရှိတော့ဘူး။ အဲဒါကြောင့်မို့အခုအိမ်မှာ အရမ်းခက်ခဲနေပါတယ်။ ကျွန်မအမျိုးသားကိုတော့ တခြားရိုက်နှက်တာတွေတော့မရှိဘူးတဲ့။"

| | |
|---|---|
| တရားခံအမည် | : ရော်လီ(မာဒီး) |
| အဖအမည် | : မရမ်ဂမ် |
| အသက် | : ၂၉ နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၅ တန်း |
| အလုပ်အကိုင် | : တောင်သူ |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : ကုန်းကယား၊နမ္မတူးမြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၃ရက်၊ ၆လ၊ ၂၀၁၂ခုနှစ် |
| တရားရုံးအမည် | : လာရှိုးမြို့နယ်တရားရုံး |

| | |
|---|---|
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၃နှစ် |
| အင်တာဗျူးသည့်နေ့ | : ၂၈ရက်၊ ၇လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

မာဒီး(သို့)ရော်လီသည် မရမ်ဂမ်နှင့်လဖိုင်ကိုင်နူးတို့၏သားကြီးဖြစ်ပါသည်။ နမ္မတူကနေပြီး (၆) မိုင်ဝေးသော ပေါင်အောင်ဆိုသည့်ရွာတွင်နေပါသည်။ရော်လီတွင်ညီမငယ်တစ်ဦးရှိပြီး တရုတ်ပြည်တွင်အလုပ်လုပ်နေပါသည်။ သူ၏ဖခင်သည်အစာအိမ်ရောဂါရှိသောကြောင့် အလုပ်မလုပ်နိုင်ဘဲ အိမ်တွင်နေထိုင်နေပါသည်။ ရော်လီသည်အိမ်ထောင်မပြုသေးဘဲ မိသားစုနှင့်တောင်ယာလုပ်စားကာအသက်မွေးဝမ်းကျောင်းပြု နေရသူဖြစ်ပါသည်။ အဖမ်းမခံရခင် တစ်ရက်အလို ၂.၆.၂၀၁၂ ရက်နေ့ ညနေပိုင်းတွင် K.I.A စစ်သားဇော်လွမ်သည် သူတို့မိသားစုတွင် လာရောက်တည်း ခိုသောကြောင့် သူတို့မိသားစုလည်းကောင်းကောင်းမွန်မွန်လက်ခံပြုစုခဲ့ပါသည်။

နောက်တစ်နေ့ တနင်္ဂနွေနေ့တွင်ရော်လီသည် ဘုရားကျောင်း သွားရန်ပြင်ဆင်နေချိန်ပွဲတော်နေ့လည်းဖြစ်သောကြောင့် တစ်ဆုပ်ဆန်တစ်ပြည်ကျော်နှင့် လက်ဖက်ခြောက်နစ်ပြည်ကျော်ကို ကိုင်ပြီး သွားမည့်အချိန်တွင် ဇော်လွမ်ကသူလည်းလိုက်မည်ဟုပြောသည်။ ထို့ကြောင့်သူလည်း နမ္မတူ မရောက်ဘူးတော့သူ့ကိုခေါ်လာခဲ့သည်။ ဘုရားကျောင်းအသွားလမ်းမကုန်းတွင် ကယားစစ်တပ်(၃၄၂)မှ ရပ်ခိုင်းပြီးစစ်ဆေးပါသည်။ ၎င်းတို့က ဆန်နှင့်လက်ဖက်ခြောက်ကို တွေ့သောကြောင့် "နင်တို့စစ်သားတွေကို ရိက္ခာသွားပို့မှာ မဟုတ်လား" လို့မေးသည့်အချိန်တွင် ရော်လီက "မဟုတ်ပါဘူး။ ဘုရားကျောင်းမှာသွားထည့်မယ့်အလှူပါ" ဟုဖြေသည်။ သို့သော် ဇော်လွမ်က "ဟုတ်တယ်" ဟုပြန်ပြောလိုက်တယ်။ အဲဒီကစပြီး သူတို့နှစ်ယောက်ကို အတူတူဖမ်းခေါ်သွားတော့သည်။ ရိုက်နှက်တာတွေ စစ်ဆေးတာတွေတော့ အများကြီးဘဲလုပ်ပါသည်။

## ရော်လီ၏မိခင်လဖိုင်ကိုင်နူးပြောဆိုချက်

"မာဒီးကအိမ်ထောင်နဲ့တော့မဟုတ်ပါဘူး။ အသက်ကတော့(၂၉)နှစ်ရှိပါပြီ။ အဲဒီည ကျမတို့အိမ်မှာ ဇော်လွမ်ဆိုသောသူကလာအိပ်တယ်။ ၃. ၆. ၂၀၁၂ ပွဲတော်နေ့မှာ ကျမသားကပွဲတော်သွားဖို့ရန် အတွက်လုပ်နေသောအချိန်တွင် ဇော်လွမ်ဆိုတဲ့သူကလိုက်လာခဲ့တယ်။ ဇော်လွမ်ဆိုသောသူက စစ်သားဟုတ်တယ်။ အဲဒီလူနဲ့အတူသွားလိုက်တဲ့အချိန်မှာ ခါတိုင်းက အဲဒီနေရာမှာ ဘာမှမရှာဖွေဘူး။ အမြဲတမ်းအဲဒီလမ်းလိုဘဲဖြတ်တယ်။ အဲဒီနေ့မှာတော့ ဘာစိတ်ကူးပေါက်လည်း မသိဘူး။ စစ်သားတွေက ဝန်းကာထားတဲ့တိုင်တွေကိုလာကြည့်တာဟုတ်တယ်။ စစ်သားနှစ်ယောက်အဲမှာလာရပ်နေတယ်။ သူတို့နှစ်ယောက်က အတူတူဆင်းလာတာ။
အဲဒီကလေးဇော်လွမ် ကောင်းကောင်းပြောရင်တောင်ဘာမှမဖြစ်လောက်ဘူး။ သူကဟိုတစ်မျိုး၊ ဒီတစ်မျိုး လျှောက်ပြောနေတယ်။ အဲဒီချိန်မှ ကျမသားက "ပွဲတော်သွားမလို့ပါ။ ဆန်တစ်ပြည်နဲ့ လက်ဖက်ခြောက်နစ်ပိဿာကို ဘုရားကျောင်းမှာသွားပေးမလို့" လို့ပြောတယ်။ အဲချိန်မှာ စစ်တပ်ကလူတွေ လည်း "မင်းတို့ K.I.A သူငယ်ချင်းတွေကိုသွားပေးမလို့မဟုတ်လား" လို့ပြန်မေးတယ်။ ဒါပေမယ့် ကျမသားက "မဟုတ်ပါဘူး" လို့ကောင်းကောင်းပြောပေမယ့် ဇော်လွမ်က "ဟုတ်တယ်" လို့ပြန် ပြောတယ်။ အဲချိန်မှာ သူတို့ကကျမသားကို "မင်းပြောတာမမှန်ဘူး" လို့ဆိုပြီး ဝိုင်းနိုက် စက်ကြတယ်လို့ အဲနားက ပလောင်တွေပြောပြတယ်။

နောက်ပြီး လီးဆူးတစ်ယောက်က "ဟိုမှာမင်းရဲ့သားကို ရိုက်နှက်နေကြပြီ" လို့ပြန်ပြောပြတယ်။ သူကဘဲ "အဖွားရယ်သူများပြောတာ မျက်စိနှစ်လုံးတောင်ဖောက်လိုက်ပြီတဲ့" လို့ပြောပြတယ်။ အဲသတင်းကြားတာနဲ့ ကျမလည်းသားလေးကိုရှာဘဲရှာနေတာ (၅)ရက်လောက်ကြာသွားပေမယ့်လည်း



မတွေ့ဘူး။ အဲဒီစစ်တပ်မှာ တစ်ခါသွားမေးရင်လည်း လူကြီးရှိလို့မဝင်ရဘူးလို့ပြောတယ်။ နောက်တစ်ခေါက်သွားတဲ့ အချိန် မှာတော့ "ခင်ဗျာသားကိုလွှတ်ပေးလိုက်ပြီ" လို့ကျမကိုပြန်ပြောတယ်။ ကျမလည်း "မင်းတို့လွှတ်ပေးရင် အိမ်ပြန်လာမှာပေါ့" လို့ပြန်ပြောတယ်။ ကျမကရဲစခန်းကိုသွားပြီး "ကျမသားကဘာမှမလုပ်ဘူး။ ဘာဆိုရင်ဘာမှမလုပ်ဘူး။ မင်းတို့လွှတ်ပေးရင်ကပြန်လာမှာပေါ့"လို့ ပြောတယ်။

နောက်ပြီးစိတ်ဆိုးပြီးတော့ "ငါတို့ဘုရားက ကချင်ဘုရားဟုတ်တယ်။ သေသွားရင် လည်းသူ့ရဲ့ရုပ်ကလပ်ကို ဘုရားကိုပြန်အပ်ရတယ်။ ဒါကြောင့် သေသွားရင်လည်းရုပ်ကလပ်ကို တော့ကျမကိုပြပါ" လို့ပြန်သွားပြောတဲ့အချိန်ကြမှ "ဒီစခန်းမှာသွားမေးကြည့်။ မရရင်မိုင်းစင် စခန်းမှာသွားမေးကြည့်" လို့ကျမကိုပြန်ပြောလိုက်တယ်။ ဒါကြောင့်မို့ကျမလည်း သူတို့ပေးလိုက်တဲ့ လိပ်စာအတိုင်း စစ်တပ်ကိုသွားမေးကြည့်တဲ့အခါမှ အဲဒီကလူကြီးက "လားရှိုးကိုပို့လိုက်ပြီ" လို့ပြောတယ်။ အခုချိန်ထိတရားရုံးမှာ ဘာမတရားမစီရင်ရသေးဘူးလို့ပြောတယ်။ ကျမတို့က ၅ ကြိမ်လောက်သွားတွေ့ပြီးပြီ။ ရုံးချိန်းဆိုပြီးတော့လေ။ အဲဒါကြောင့်မို့ကျမတို့လည်း တရားလွှတ် တော်ရှေ့နေ ဦးဘရန်ဒီးကို စုံစမ်းထားပေးဖို့ အကူအညီတောင်းထားတယ်။"

| | |
|---|---|
| တရားခံအမည် | : လဂန်အောင်မိုင် |
| အဖအမည် | : လဂန်လောင်ခေါင် |
| အသက် | : ၂၄နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ဘွဲ့ရ |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| နေရပ်လိပ်စာ | : ကွတ်ခိုင်၊ရှမ်းပြည်မြောက်ပိုင်း |
| အဖမ်းခံရသည့်နေ့ရက် | : ၁၀ရက်၊ ၉လ၊ ၂၀၁၁ခုနှစ် |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| ပြစ်ဒဏ် | : ၃နှစ် |
| အင်တာဗျူးသည့်နေ့ | : ၁၁ရက်၊ ၉လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

အောင်မိုင်သည်လဂန်လောင်ခေါင်နှင့် ခါးရာတို့၏သားဖြစ်သည်။ ဖခင်သည်အစိုးရဝန်ထမ်းဖြစ်ပြီး မိခင်သည်ဆေးဆရာမကြီးဖြစ်ပါသည်။ သူတို့မောင်နမ(၆)ယောက်ရှိပါသည်။ အသက်(၂၄)နှစ် ရှိပြီး ဘွဲ့ရပညာတတ်တစ်ဦးဖြစ်ပါသည်။ သူသည်လူငယ်အဖွဲ့အစည်းတစ်ခုမှဖြစ်သည်။ ကွတ်ခိုင်တောင် သုံးဆယ်တောင်ကို ဓာတ်ပုံရိုက်ယူတဲ့အချိန်မှာ သူ့ကိုဖမ်းဆီးမိခြင်းဖြစ်ပါသည်။ မည်သည့်စစ်တပ်ကဖမ်းဆီးသည်ဆိုတာကိုလည်းကောင်းစွာမသိပါ။ ခြေတစ်လုံးကို သံလုံးနှင့်ကြိတ်ပြီး နှိပ်စက်တာတွေပြုလုပ်ခြင်းခံခဲ့ရပါသည်။ အခုချိန်မှာတော့ အကျဉ်းထောင်မှာပြစ်ဒဏ်ခံနေရပါသည်။

## လဂန်အောင်မိုင်၏ဖခင်လဂန်လောင်ခေါင်ပြောဆိုချက်

"ကျွန်တော်ကအဖေဖြစ်ပေမယ့်လည်း ဒီကိစ္စနဲ့ပတ်သက်ပြီး ကောင်းကောင်းမသိဘူး။ သူ့ကိုပိုက်ဆံရှာထွက်နေတယ်လို့ထင်ထားတာ။ ဒါပေမယ့်လည်းကင်မရာကိုင်ပြီး ဓာတ်ပုံလိုက်ရိုက်လို့ ဖမ်းထားတယ်လို့ သူများဆီကပြန်ကြားတယ်။ သူ့ကင်မရာမှာက သူ K.I.A ဝတ်စုံဝတ်ပြီး ရိုက်ထားတဲ့ဓာတ်ပုံရောပါသတဲ့။ တပ်မ(၄)(K.I.A)တပ်မှာလုပ်တဲ့ ဘိန်းနဲ့ဆိုင်တဲ့အစည်းအဝေး ဆိုလား။ ဘာဆိုလား မသိဘူး။ လုပ်တဲ့အချိန်မှာ

ရိုက်ထားတဲ့ဓာတ်ပုံတွေရောပါသတဲ့။ အဲဒါကြောင့် မို့သူ့ကို ၁၇(၁) နဲ့ဖမ်းထားတယ်လို့ပြောတယ်။ ကွတ်ခိုင်တောင် သုံးဆယ်အနီးပတ်ဝန်းကျင်မှာဖမ်း မိတယ်လို့ပြောတယ်။ သူ့ကိုကျွန်တော်တို့က ကျောင်းပြီးတဲ့အချိန်မှာ အစိုးရဝန်ထမ်း လုပ်ပါလို့ ပြောကြည့်သေးတယ်။ ဒါပေမယ့်သူကစိတ်မဝင်စားဘူးတဲ့။ ကျွန်တော်တို့အလုပ်ရှာပေးတဲ့အချိန်မှာတော့ သူက(လ.ဝ.က)မှာအလုပ်ရတယ်။

ဒါပေမယ့်သူမလုပ်ချင်ဘူးဆိုပြီးတော့ တစ်ခြားအလုပ် လျှောက်လုပ်တယ်။ သူကလားရှိုးကို သွားသွားလာလာ ရှိတယ်ဆိုတော့ ကျွန်တော်တို့က သူ့ကို ရုံးအလုပ်လုပ်နေတယ်လို့ထင်တာ။ သူလည်း အလုပ်နှစ်ခုကိုလုပ်တာထင်တယ်။ သူ့ကို ဘယ်စစ်တပ်ကခေါ်သွားမှန်းလည်းမသိဘူး။ ကျွန်တော် လည်းကောင်းကောင်းမမေးကြည့်မိဘူးလေ။ ကျွန်တော်လည်းအဲချိန်တုန်းက နောင်နန်း(မြစ်ကြီးနားမြို့) မှာရောက်နေတယ်လေ။ သူကအဲဒီတစ်ပိုက်မှာ ဓာတ်ပုံလိုက်ရိုက်နေတဲ့အချိန်မှာ လူကြီးကားတွေ ဖြတ်လာတာနဲ့ကြုံပြီးကားမှာ ပါလာတဲ့လူက "ဟိုမှာဘယ်သူဓာတ်ပုံရိုက်နေလဲ။ သွားကြည့်" လို့ပြောတဲ့ အချိန်မှာ ရဲဘော်တွေကလည်းသွားကြည့်ပြီး စစ်ဆေးမေးမြန်းတဲ့ချိန်မှာ သူ့ကင်မရာကိုကြည့်တော့ သူဟိုမှာရိုက်ထားတဲ့ ဓာတ်ပုံကိုမြင်တာနဲ့တစ်ခါထဲဖမ်းခေါ်သွားတော့ဒါဘဲ။ ကျွန်တော်လည်းကောင်း ကောင်းမသိဘူးလေ။ အဲဒါကြောင့်မို့ ကျွန်တော်လည်း သူဘာတွေလျှောက်လုပ်နေမှန်း ကိုမသိတာ။"

| | |
|---|---|
| စွပ်စွဲခရံသူအမည် | : ဘရန်နန် |
| အဖအမည် | : ဂမ်အောင် |
| အသက် | : ၂၉ နှစ် |
| ကျား\မ | : ကျား |
| အလုပ်အကိုင် | : စစ်ဗိုလ် |
| အိမ်ထောင်ရှိ\မရှိ | : မရှိ |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၅ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

ဘရန်နန်ဟာ စစ်ဗိုလ်တစ်ယောက်ဟုတ်တယ် သူဟာ ဇော်ဂွန်ဆိုတဲ့စစ်သား ငယ်တစ်ယောက် နဲ့အတူ တပ်ကပေး အပ်တဲ့တာဝန်ကို ထမ်းဆောင်ရင် ဘန်လော ဆို သောရွာတွင် အဖမ်းခံခဲ့ရတာ ဖြစ်တယ်။သူကတော့စစ်သား ဖြစ်ကြောင်းဝန်ခံ ပြီး ဇော်ဂွန် ကိုတော့ ကျောင်းသား ဖြစ်ကြောင်းဖြောင့်ချက်ပေးခဲ့တယ်။သူတို့နှစ်ယောက်မှာ ဖမ်းမိသောပစ္စည်းတွေက တော့စကား ပြော စက်တစ်လုံး ကွန်ပျူတာတစ်လုံး ဖြစ်ကြောင်း သူတို့နှစ်ယောက်ကိုဖမ်း တဲ့တပ်ရင်းက တော့နမ္မတူ တပ်ရင်းဖြစ်တဲ့ ခ.လ.ရ ၃၄၂ ဖြစ်ကြောင်း ဘရန်နန် ကိုကျတော့ အချုပ်ခန်း တွင်ပြင်းထန်စွာ ရိုက်နှက် ပြီး နေပြည်တော်ဌာနချုပ်ထိ တိုင်ခေါ်ယူစစ်ဆေးခဲ့ကြောင်း သိရသည်။

## ဘရန်နန် ပြောဆိုချက်

"နေပြည်တော်မှာနိပ်စက်တဲ့အကြောင်းမပြောချင်တော့ဘူး။ ငါနဲ့ဇော်ဂွန်က မုန်ရှူးကနေနမ်ဆူ၊ နမ်ဆူကနေ ဘန်လောင်ကိုတက်သွားတာဟုတ်တယ်။ကျွန်တော်ကလည်းဇော်ဂွန်ကို "မြန်မြန်မောင်းဘာ" လို့တော့ပြောတာဘဲ။ ဒါပေမယ့်ကျွန်တော်ကလည်းသူငယ်ချင်းတွေနဲ့နီးပြီ ဆိုပြီးတော့ကျွန်တော်ကစိတ်ချလိုက်တာ။ အဲဒီမှာဘဲ စစ်ကြောင်းကြီးတစ်ခုနဲ့တိုးပြီး အဖမ်းခံရတာ။ ကျွန်တော်တို့ကိုဖမ်းတဲ့စစ်တပ်က နမ္မတူစစ်တပ်(၃၄၂)ဖြစ်တယ်။ စစ်သားအယောက် (၂၀၀) လောက်ရှိမယ်ထင်တယ်။ တော်တော်များတယ်။ အဲဒီမှာကျွန်တော်တို့ကိုဖမ်းမိတော့ စကားပြောစက်နဲ့လက်တော့ပ်ပါသွားတယ်။ ကျွန်တော်ကစစ်သား ဖြစ်ကြောင်းဝန်ခံပြီး ဇော်ဂွန်ကိုတော့ ကျွန်တော်တို့တပ်က ထောက်ပံ့တဲ့ကျောင်းသားဖြစ်ကြောင်း ပြောပြတယ်။ ကျွန်တော်စစ်သား ဖြစ်ကြောင်းဝန်ခံလိုက်တာနဲ့တစ်ခါထဲ ကျွန်တော့်ကိုစစ်သားချည်သလို ချည်ပြီး ခေါင်းကိုလည်းအုပ် ပေးလိုက်ပြီးတော့ နေပြည်တော်ကို တစ်ခါတည်း ခေါ်သွားတော့ဒါဘဲ။ အဲဒီမှာဘဲ ခေါ်သွားပြီး တော့စစ်တော့ဒါဘဲ။ ဟိုမှာဘယ်လောက်ထိ နှိပ်စက်သလဲဆိုတာကတော့ မပြောချင်တော့ဘူး။ ဟိုမှာရောက်တော့ ကျွန်တော့်ကို မြေကြီးထောင်မှာဘဲထည့်ထားတယ်။"

| | |
|---|---|
| စွပ်စွဲခံရသူအမည် | : ထောင်ဟောင်း |
| အဖအမည် | : လွမ်းထောင် |
| အသက် | : ၂၅နှစ် |
| ကျား\မ | : ကျား |
| ပညာအရည်အချင်း | : ၆တန်း |
| အလုပ်အကိုင် | : တောင်ယာ |
| အိမ်ထောင်ရှိ\မရှိ | : ရှိ |
| ဇနီး၏အမည် | : ခေါင်ဇယ် |
| နေရပ်လိပ်စာ | : ဂလောင်ရွာ၊ကွတ်ခိုင်မြို့နယ်၊ရှမ်းပြည်နယ်မြောက်ပိုင်း |
| တရားရုံးအမည် | : လားရှိုးမြို့နယ်တရားရုံး |
| စွဲဆိုသည့်ဥပဒေပုဒ်မ | : ၁၉၀၈ခုနှစ်၊ မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁) |
| အင်တာဗျူးသည့်နေ့ | : ၁၃ရက်၊ ၈လ၊ ၂၀၁၂ခုနှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | : HI |

## အမှုဖြစ်စဉ်

ဦးထောင်ဟောင်းသည် ကွတ်ခိုင်ပြည်သူ့စစ်မှစစ်သားတစ်ဦးဖြစ်ပါသည်။ ၎င်းသည်စစ်တပ်မှခွင့်ယူပြီးအိမ်တွင်လာနေခိုက် ဗိုလ်ဂျုံးဆိုသူကလာရောက်ပြီးခေါ်သွားသောကြောင့် K.I.A စစ်သားပြန်လုပ်သောသူဖြစ်ပါသည်။ ထောင်ဟောင်းကို ၎င်း၏ကွတ်ခိုင်ပြည်သူ့စစ်သူငယ်ချင်းများက ပြန်လည်ဖမ်းဆီးပြီး ကွတ်ခိုင်ရဲစခန်းတွင်လာရောက်အပ်နှံခဲ့ပါသည်။ ထို့ကြောင့် သူသည်ယခုအချိန်တွင် လားရှိုးမြို့နယ်တရားရုံးတွင် ၁၉၀၈၊မတရားအသင်းအက်ဥပဒေ ပုဒ်မ၁၇(၁)အရ အမှုရင်ဆိုင် နေရပါသည်။

## ထောင်ဟောင်း၏ဖခင်ဦးလွမ်းထောင်ပြောဆိုချက်

"သူကအရင်တုန်းက ဆိုကွတ်ခိုင်ပြည်သူ့စစ်ကဟုတ်တယ်။ ဒုတပ်ကြပ်လည်းဟုတ်တယ်။ ကျွန်တော့်သားကအဲဒီကနေပြီးခွင့်တောင်းကာ အိမ်မှာပြန်လာနေခိုက် ဗိုလ်ဂျုံးကအိမ်ကိုလာပြီး အခုချိန်ကအမျိုး အတွက်အလုပ်လုပ်ရတော့မယ့်အချိန်ရောက်ပြီ။ အဲဒါကြောင့်မို့တစ်မျိုးသားလုံး ပါဝင်ရအောင် လို့လာပြောတဲ့အချိန်မှာ ကျွန်တော့်သားကလည်းစိတ်တတ်ကြွပြီး အဲဒီကိုသွားလိုက်တာပါ။ ကျွန်တော်ကအဲဒီချိန်မှာ "မင်းဘယ်မှာဘဲလုပ်လုပ် အမျိုးသားအတွက်လုပ်တာဘဲ။ အဲဒါကြောင့် ဘယ်နေရာမှာဘဲလုပ်လုပ် ကောင်းကောင်းလုပ်ပါ။" လို့တော့ အမြဲတမ်းပြောတယ်။ သူလည်းစိတ်အရမ်းစိတ်တတ်ကြွသောကြောင့် ဝင်သွားတာလည်းဟုတ်ပါတယ်။ သူ့မှာမိန်းမလည်းရှိတယ်။ သူ့မိန်းမနာမည်ကတော့ခေါင်ဇယ်လို့ခေါ်တယ်။ သူတို့နှစ်ယောက်မှာ ကလေးတစ် ယောက်လည်းရှိပြီ။

ဂလောင်ဈေးနေ့တစ်နေ့မှာဟုတ်တယ် ကျွန်တော်က "အဲမှာလျှောက်သွားမနေပါနဲ့" လို့သူ့ကိုပြောတယ်။ ဒါပေမယ့်သူက "ဘာမှမဖြစ်ပါဘူး" လို့ပြန်ပြောပြီးဈေးကိုသွားတယ်။ အဲဒီဈေးထဲရောက်တဲ့အခါမှာတော့ အရင်ကသူ့ရဲ့ကွတ်ခိုင်ပြည်သူ့စစ်တပ်က သူငယ်ချင်းတွေပြန်လာဖမ်းပြီကော။ အဲဒါလည်းဘယ်သူမှမဟုတ်ပါဘူး။ လဗျအောင်ဂမ်နဲ့ဂမ်ရှောင်တို့နှစ်ယောက်ကဖမ်းပြီး ရဲစခန်း သွားဖမ်းထည့်လိုက်တာဟုတ်တယ်။ ကျွန်တော်လည်းအဲဒီသတင်းကိုကြားတာနဲ့ တအားစိတ်ညစ်သွားပြီး

ရှိသမျှပဲတွေကိုရောင်းကာ ကျွန်တော့်သားရဲ့အမှုကိုလိုက်တယ်။ အခုတော့ သူ့ရဲ့မိန်းမနဲ့ကလေးလည်း သူတို့မိဘတွေဆီမှာပြန်သွားနေပြီ။ သူ့ညီတွေကကျောင်းတက်နေတာ။ ဒါပေမယ့်ပိုက်ဆံမရှိလို့ အခုတော့အလုပ်ဘဲလုပ်နိုင်းတော့မလို့။”

## မံစီမြို့နယ်လူ့အခွင့်အရေးချိုးဖောက်မှုမှတ်တမ်း

**လူ့အခွင့်အရေးချိုးဖောက်မှု – မတရားအသင်းနှင့်ဆက်သွယ်မှုပုဒ်မ ၁၇(၁)**

| | |
|---|---|
| သရေခံအမည် | - လဆိုန်ခါးလီ |
| ကျား၊မ | - ကျား |
| အသက် | - ၃၂ နှစ် |
| လူမျိုး | - ကချင် |
| ကိုးကွယ်သည့်ဘာသာ | - ခရစ်ယာန် |
| အလုပ်အကိုင် | - တောင်သူ |
| အိမ်ထောင်ရှိ/ မရှိ | - ရှိ |
| ဇနီး/ ခင်ပွန်းသည်အမည် | - ဒေါ်မခေါ်ခေါန်ဆန့် |
| နေရပ်လိပ်စာ | - ကွမ်ဘာ ကျေးရွာ မိုးမောက်မြို့နယ်၊ ကချင်ပြည်နယ်။ |
| အခင်းဖြစ်ပွားသည့်နေ့ | - ၁၇ ရက်. ၅ လ. ၂၀၁၂ ခုနှစ် (နံနက် ၁၁ နာရီခွဲ) |
| ချိုးဖောက်သူ | - ဒုတပ်ရင်းမှူး သန်းဇော်စိုး ခမရ (၄၃၇) |
| အမှုဖြစ်စဉ်ပြန်လည်ပြောပြသူအမည် | - မခေါ်ခေါန်ဆန့် |
| နေရပ်လိပ်စာ | - ကွမ်ဘာ ကျေးရွာ မိုးမောက်မြို့နယ် |
| တရားစွဲဆိုသည့်ပုဒ်မ | - ၁၇(၁) |
| အမိန့်ချသည့်နေ့ | - ၈ ရက်. ၇ လ. ၂၀၁၃ ခုနှစ် |
| ပြစ်ဒဏ် | - ၂ နှစ် |
| မှတ်တမ်းကောက်သည့်အဖွဲ့အစည်း | - HI |

### လဆန့်ခါးလီ၏ဇနီးမခေါ်ခေါန်ဆန့်ပြောဆိုချက်

ကျွန်မရဲ့ယောကျာ်းက စပါးရိတ်ချိန်နီးလာ လို့ ရိက္ခာပြန်ယူတဲ့အချိန်မှာ ဖမ်းမိတာဟုတ်တယ်။ သူသယ်သွားတာက ဘီယာတွေရော၊ အာလူးက နှစ်ပိသာ၊ ဆန်ကတော့ နှစ်ပြည်၊ ဒါးလီး ဘီယာက နှစ်ဖာ၊ ခရမ်းချည်သီးရော သူများမှာတဲ့ ဆေးလိပ်ရော နှစ်စီး ပါသွားတယ်။ သူက K.I.A စစ်သားလည်း မလုပ်ဘူး စစ်သင်တန်းလည်း မတက်ဘူး၊ သူများတွေတော့ လုပ်တယ် သူကတော့ အရက်မသောက် ဆေးလိပ်မသောက် ဆိုတော့ ကျွန်မတို့ရွာကလည်း သင်းထောက်ဆရာလုပ်နိုင်းဖို့အတွက် သူ့ကို ရည်ရွယ်ထားတာဟုတ်တယ်။

ကျွန်မယောကျာ်းကို ဖမ်းတဲ့အချိန်မှာ တအားနှိပ်စက်လိုက်ပြီး သူနဲ့အတူဖမ်းမိတဲ့ လူတွေကိုတော့ မနှိပ်စက်ဘူး။ ဒါကြောင့်မို့ထောင်ထဲမှာနေရင်လည်း သူတို့က ကိုယ်တွေသိပ်မယောင်ဘူး။ ကျွန်မယောကျာ်းကတော့ တစ်ကိုယ်လုံးယောင်ကိုင်းနေတာဘဲ။ တမန်တလင်းမှာအိပ်တာဆိုတော့ ပိုဆိုးသွားတာပေါ့။ ကျွန်မတို့လည်း ဆေးက ပို့ပေးလို့မရဘူး။ သူ့ကိုတော့ ဓားနဲ့လည်း လှီးပေးတယ်တဲ့ သူများတွေမှာလိုက်တဲ့ ဓားလည်း သူ့ဆီမှာ ပါသွားတယ်ဆိုတော့ အဲဒီဓားနဲ့လှီးပေးတယ်တဲ့။ ကိုယ်တွေမှာရော လည်ပင်းတွေမှာရောလှီးပေးတယ် ကျွန်မတို့ အစသွားတွေ့ချိန်မှာတော့ သွေးတွေချည်းဘဲ။ အခုတော့ အရာသိပ်မထင်တော့ဘူး။ သူ့ကိုဖမ်းတဲ့တပ်ရင်းက ခမရ (၄၃၇)။ နှိပ်စက်တာကတော့ ဒုတပ်ရင်းမှူးသန်းဇော်စိုး ဟုတ်တယ်။

ကျွန်မယောကျာ်းကို ခမရ (၄၃၇) တွေဖမ်းသွားပေမယ့်လည်း တပ်မ (၉၉) တွေရဲ့



လက်ထဲကိုဘဲအပ်လိုက်တယ်တဲ့။ ကျွန်မယောကျာ်းကို ခြံစည်းရိုးမှာ ခတ်ထားတဲ့ ဝါးတုတ်နဲ့လည်း တအားရိုက်တယ်တဲ့ သူနဲ့ အတူအဖမ်းခံရတဲ့ သူတွေကပြန်ပြောပြတယ်။ ကျွန်မထင် တယ် တပ်ရင်း ၄၃၇ ကစစ်သားတွေလည်း K.I.A စစ်သားဖမ်းမိတယ်ဆိုပြီး မျက်နှာလုပ်ချင်လို့ထင်တယ်။ ကျွန်မယောကျာ်းလည်း အစကတော့ K.I.A စစ်သားမဟုတ်ဘူးလို့ငြင်းတယ်တဲ့။ သူတို့လည်း မင်း K.I.A စစ်သားဟုတ်တယ်လို့ခံယူပါ။ တကယ်လို့များခံယူရင်မနှိပ်စက်တော့ဘူးလို့ပြောတယ်တဲ့ မဝန်ခံမခြင်းတော့ နှိပ်ဘဲ နှိပ်စက်တယ်ဆိုတော့ မင်းမဝန်ခံမချင်းနှိပ်စက်မယ် သတ်လည်းသတ်လိုက်မယ် ဝန်ခံရင်တော့ မသတ်ဘူး လို့ပြောတယ်တဲ့။

ကျွန်မယောကျာ်းလည်း တကယ်လို့များ မဝန်ခံရင် မိန်းမနဲ့ကလေးတွေကို တွေ့ရဖို့အတွက်ခဲပြီ ဝန်ခံလိုက်ရင်တော့ ထောင်ကျပြီးတစ်နေ့ထောင်ကလွတ်လာမှာဘဲဆိုတဲ့ စိတ်နဲ့ဝန်ခံလိုက်တယ်တဲ့။ ဝန်ခံပြီးတာနဲ့တော့ သေနတ်ဘယ်နှစ်လက်ရှိတယ်ဆိုတာကို မြန်မြန်ပြောလို့ပြန်ပြောခိုင်းတယ်တဲ့။ သူလည်းမသိတော့မပြောဘူး။ ဒါကြောင့်ပြန်ရိုက်နှိပ်စက်တယ်တဲ့။ သူလည်း ဘယ်လိုမှမတတ်နိုင်တာနဲ့ တကော်ရွာမှာနာမည်မရှိတဲ့ဟာတွေကို လိမ်ညာပြီးတော့ပြန်ပြောတယ်တဲ့။ တကော်ရွာကို ပြန်ရောက်တော့ မင်းပြောတဲ့နာမည်ရှိတဲ့အိမ်ကိုလိုက်ပြပါလို့ပြောတော့ သူလည်းလိမ်ထားတယ်ဆိုတော့ ဘယ်လိုမှမပြောပြတတ်တော့ဘူးတဲ့။ အဲမှာဘဲသူ့ကို တအားရိုက်နှိပ်စက်လိုက်တယ်တဲ့။

သူ့ကို ရဲတွေရဲ့လက်ထဲပြန်အပ်တဲ့အချိန်မှာတောင်တစ်ကိုယ်လုံးဖူးယောင်နေတယ်။ ပေါင်မှာရော ဓားနဲ့ထိုးထားတာကျွန်မကိုယ်တိုင်မြင်တယ်။ သူ့ကိုနှိပ်စက်တာကတော့ တကော်ရွာမှာဟုတ်တယ်။ နှိပ်စက်တာကတော့ ခမရ (၄၃၇) တပ်ရင်းက တပ်မ(၉၉) တွေနဲ့မပူးပေါင်းခင်မှာဟုတ်တယ်။ သူ့ကိုဖမ်းသွားပြီးနောက်တစ်နေ့ ၁၈ မေ ၂၀၁၂ မှာတော့ ကျွန်မယောကျာ်းကိုတွေ့လိုက်တယ်။ ဒါပေမယ့် စကားပြောခွင့်တော့ မရလိုက်ဘူး။ အဲဒီနေ့ကဗိုလ်မှူးသန်းဇော်စိုးတို့ စစ်ကြောင်းကမပြန်လာခင်မှာ သုံးရစ်ဆရာနဲ့သွားတွေ့ပြီးကျွန်မယောကျာ်းရဲ့အကြောင်းကို ရွာသူကြီးတစ်ယောက်နဲ့သွားပြောတယ်။ ကျွန်မပြောတာက သူကသူများတွေနဲ့မတူဘူး။ စကားလည်း သိပ်မပြောဘူး။ သူပြောမှာဆိုမှား ရှိရင်လည်း ခွင့်လွှတ်ပေးပါ။ သူ K.I.A စစ်သားမဟုတ်ဘူးဆိုတာကို ကျွန်မရဲရဲကြီးအာမခံပါတယ်လို့သွားပြောတယ်။

သူ့ကိုသူများတွေက သင်းထောက်လုပ်ဖို့အတွက် ရည်ရွယ်ထားတဲ့သူဖြစ်တယ် သူ့ဆီမှာပါသွားတဲ့ဆေးလိပ်ဘီယာတို့ကလည်း သူများတွေမှာတာဟုတ်တယ် လို့ပြောပြတယ်။ သုံးရစ်ဆရာလည်း ကျွန်မကို ဘာမှစိတ်မပူနဲ့ သူ့မှာစစ်သားနဲ့ ပတ်သက်တဲ့တစ်စုံတစ်ရာ မတွေ့ဘူးဆိုရင်လွှတ်မှာပါလို့ ပြန်ပြောတယ်။ နောက်ပြီးသုံးရစ်ဆရာက မင်းတို့နေတဲ့ ရွာမှာဆိုရင် ရွာသူကြီး ဖြစ်ဖြစ် စစ်ရှောင်စခန်းကဆိုရင် ခေါင်းဆောင်ဖြစ်ဖြစ် တစ်ဦးဦးရဲ့ထောက်ခံစာယူလာခဲ့ပါ လို့ပြန်ပြောတယ်။ အဲဒါနဲ့ကျွန်မလည်း ရွာသူကြီးတွေဆီကိုသွားပြီး ထောက်ခံစာရေးပေးဖို့သွားပြောတယ်။ ရွာကသူတွေလည်း ဘာမှမစိုးရိမ်နဲ့ သွားပြောပေးမယ်လို့ပြောရင်လည်း ဟိုကိုရောက်သွားတော့ ကျွန်မယောကျာ်းရဲ့ သီးသန့် ထောက်ခံစာက ပြန်မပါလာဘူး။

ဒါကြောင့်သူတို့လည်း မလွှတ်ပေးလိုက်ဘူး။ တစ်ချို့လူတွေကိုတော့ လွှတ်ပေးလိုက်ပြီလေ ကျွန်မလည်း ကိုယ်တိုင်သွားပြီး ဗိုလ်ကြီး ရေကျွန်မယောကျာ်းစစ်သားလည်း မဟုတ်ဘူး ကျွန်မကိုယ်တိုင်အာမခံပါတယ်လို့သွားပြောတယ်။ အဲချိန်မှာဗိုလ်ကြီးကလည်း အရက်နည်းနည်းမူးနေတယ်။ ကျွန်မအမေက ဗိုလ်ကြီးနားကိုသွားပြီးတော့သွားတောင်းပန်တဲ့အခါမှာ ဘာမှမပြောနဲ့နားညီတယ်လို့ပြောပြီး လက်ဖယ်ပေးလိုက်တယ်။ နောက်ပြီးသူတို့အရက်ပြန်ဝိုင်းသောက်နေကြတယ်။ သားအမိနှစ်ယောက်စလုံးကို ကြိုးနဲ့တုတ်လိုက်မယ်နော်လို့ပြောတယ်။ အဲချိန်မှာ သုံးရစ်ဆရာကြီးက ဒေါ်**** မင်းတို့ကိုယူခိုင်းတဲ့ ထောက်ခံစာက ဘယ်မှာလဲ အခုယူခဲ့တဲ့ ထောက်ခံစာနဲ့သူ့ကို လွှတ်ပေးလို့မရဘူးလို့ပြန်ပြောတယ်။ ကျွန်မတို့အကူအညီတောင်းတဲ့ ရွာသူကြီးကလည်းမဝင့်မရဲနဲ့သွားပြောတယ်ထင်တယ်။ ဒါကြောင့်သူ့ကိုလည်း ကျွန်မတို့ရောက်တဲ့အချိန်မှာတော့သစ်ပင်မှာကြိုးနဲ့တုတ်ထားတယ်။ နောက်ပိုင်းကျွန်မသူနဲ့ ထောင်မှာသွားတွေ့တဲ့အချိန်မှာ မင်းကစစ်သားဟုတ်တယ်လို့ဝန်ခံတယ်ဆိုလို့သွားမေးတော့ သူကအေးဟုတ်တယ်။ မဝန်ခံရင်တော့ ငါ့ကိုသေအောင်သတ်လိုက်မယ်ဆိုပြီးပြောလို့ ငါဝန်ခံလိုက်တယ်လို့ပြန်ပြောတယ်။ အေးဒါဆိုရင်တရားရုံးမှာတော့ နည်းနည်းတောင်မှမဝန်ခံနဲ့နော်လို့ပြန်ပြောလိုက်သေးတယ်။

ရုံးချိန်းသွားတာကတော့ ဘယ်နှစ်ကြိမ်သွားပြီလဲဆိုတာတောင်မမှတ်မိတော့ဘူး။ ဒီကလရိန်တို့နဲ့ကတော့အတူတူဘဲ။ ကျွန်မယောကျာ်းကိုဖမ်းတဲ့နေ့တုန်းကတော့ Asia World companyက

လူတွေ ၈ ယောက်ကိုလည်း ဖမ်းခေါ်သွားတယ်။ ဒါပေမယ့်သူတို့ကိုတော့ ပိုက်ဆံ ၈ သိန်းပေးပြီး လာရွေးထုတ်သွားတယ်တဲ့။ သူတို့ကိုတော့ ပေါ်တာအနေနဲ့ခေါ်သွားပြီး ကျွန်မယောကျာ်းကိုတော့ လည်ပင်းမှာလည်းကြိုးနဲ့ချည်တယ်။ နောက်ပြီး နောက်ပြန်ကြိုးတုတ်လို့ခေါ်သွားတယ်တဲ့။ သူ့ကိုဖမ်းသွားပြီးနောက်နေ့မနက် ၁၉ ရက်နေ့မှာ ကျွန်မစစ်စခန်းကိုရောက်သေးတယ်။ ဒါပေမယ့်သူတို့က မိုးမောက်ရဲစခန်းကိုပို့လိုက်ပြီလို့ပြန်ပြောတယ်။ သူတို့ပြောတာကတော့ ဟိုကိုပို့လိုက်ပြီလို့ဘဲပြောတယ်။

ကျွန်မယောကျာ်းကစစ်သားဟုတ်တယ်ဆိုပြီဝန်ခံထားလို့ဒီ၃၊၄ရက်တော့လာမတွေ့နဲ့စစ်စရာရှိတယ် ဆိုပြီးပြောလိုက်တယ်။ နောက်နေ့ရောက်တော့ ရွာလူကြီးက မင်းတို့ယောကျာ်းတွေကို အဝတ်အစားသွား ပေးပါဆိုပြီးပြန်လာပြောတယ်။ အခုတော့ ထောင်မှာဆေးသွားပေးရင်လည်း ဆရာဝန်ရဲ့ထောက်ခံစာမပါဘူး ဆိုပြီးတော့ ပြန်ဖမ်းပေးလိုက်တယ်။ အင်္ဂလိပ်ဆေးတွေ ယူသွားပေးလိုက်ရင်လည်း ပြန်ဖမ်းပေးလိုက်တယ်။ ထောင်ထဲမှာတော့ ဆေးတစ်ထောင့် (ပါရာစီတာမော်) ကို ၁၀၀ ပေးဝယ်ရတယ်တဲ့ ကျွန်မတို့လည်း ဆေးမသွင်းပေးနိုင်တော့ ထောင်ထဲမှာဘဲသူတို့ဝယ်စားကြတယ်။ ကျွန်မတို့ဆီမှာရှိတဲ့နွားတွေရော သူရှာထား တဲ့ပိုက်ဆံတွေရောအားလုံးပြောင်ပြီ။ ပြီးတော့ အမျိုးတွေဆီမှာလည်း အားလုံးကို ပိုက်ဆံ လိုက်ချေးပြီးပြီ။ အဲလောက်တောင် ပိုက်ဆံကုန်သွားပြီ။ နွားကတော့ ၃ကောင်ကုန်ပြီ။ ကျွန်မက ကျွန်မယောကျာ်းအမှုနဲ့ပတ် သက်ပြီးတော့ မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်တွေဆီမှာလည်း စာရေးအကြောင်းကြားပြီးပြီ။ သူတို့ပြန်ပြောတာက မိုးမောက်ရဲစခန်းမှာ သူကစစ်သားဟုတ်တယ်လို့ဝန်ခံတယ်ဆိုပြီး ဗန်းမော်ဘက်ကို ပြန်ပို့လိုက်တယ်လို့ပြောတယ်။ ဒါပေမယ့် အဲဒါကတော့မမှန်ဘူး ဘာကြောင့်လည်းဆိုတော့ အဲတုန်းက မိုးမောက်ရဲစခန်းမှာလည်း စစ်ဆေးမေးမြန်းတာတွေမရှိဘူး။

ကျွန်မတို့အကူအညီတောင်းချင်တာကတော့ ကျွန်မယောကျာ်းလည်းထောင်မှာ နေရထိုင်ရတာ အဆင်လည်းမပြေကျန်းမာရေးလည်းမကောင်းဘူးဆိုတော့ ထောင်ကမြန်မြန်ထွက်လို့ရအောင် လုပ်ပေးကြပါလို့ဘဲ ပြောချင်ပါတယ်။ ကျွန်မတို့ရှေ့နေကတော့ဦးမျိုးတင့်ဟုတ်တယ်။ သူ့ကိုလည်း ကျွန်မတို့ ယောကျာ်းတွေထောင်ကျသွားပြီဆိုတော့ ပိုက်ဆံလည်းကောင်းကောင်းမပေးလိုက်ဘူး။ ကျွန်မတို့က ရှေ့နေကိုသုံးယောက်အတွက် ပိုက်ဆံ ၂၅၀၀၀၀ ကျပ်တော့ပေးပြီးပြီ။ ထောင်ထဲမှာတော့ ကျွန်မ ယောကျာ်း ရယ်သူ့ရဲ့သူငယ်ချင်း၂ယောက် ၃ယောက်ရယ်နောက်ပြီးနောက်ပိုင်းဖမ်းထဲ့ထားတဲ့ ၁၇(၁) တစ်ချို့ လူတွေ ရှိတယ်လို့တော့ ကျွန်မယောကျာ်းပြောတယ်။



UNITED RIGHTS GROUP (URG)